အညာဝါဒနိဂ္ဂဟကျမ်းပြုစုသူ
ကြက်သရေဆောင် ရွှေစလွယ်ရမင်း နှင့် အမှုထမ်းကောင်းတံဆိပ်ရမင်း
အငြိမ်းစားဝန်ထောက်-မင်းတိုင်ပင်အမတ်ကြီး
ဦးဘော—ရေးသားသော


သမထ-ဝိပဿနာ-ဘာဝနာ-ယောဂီအဘိဓါန်နိဗ္ဗာန်လမ်းပြ

# ဗုဒ္ဓဘာသာသခင်ပကျမ်း

# ဝိပဿနာ မှတ်ကျောက်

ကိုယ်တွေ့

## သမထဝိပဿနာဘာဝနာ

ဒသမအကြိမ် အကြီးချဲ့ထွင်ပြင်ဆင်ပုံနှိပ်ခြင်း။

စာမျက်နှာနံပါတ်-၃၂၀-ကျော်

☆


ဒေါက်တာမောင်မောင် မမြအင်ဆန်းစာပုံနှိပ်တိုက်၊ ၃၃-ဘုန်ဘိုင်တန်း—မန္တလေး။

# ဇာတိ ဒုက္ခံ အဇာတိ သုခံ။

ဇာတိ–ဘဝသစ်၌ဖြစ်ရခြင်းသည်၊ဒုက္ခံ ဇရာဗျာဓိ မရဏာတို့ ဖြစ်ပျက်သောကြောင့် ဆင်းရဲ၏၊ အဇာတိ–ပဋိသန္ဓေမနေရခြင်းသည်၊ ဝါဇာတိ ချုပ်ငြိမ်းခြင်းသည်၊ သုခံ – ပျက်မှုမရှိသောကြောင့်ချမ်းသာ၏၊(အဓိပ္ပါယ်မှာ)ဖြစ်မှုရှိလျှင် ပျက်၏၊ ဒုက္ခရှိ၏၊ ဖြစ်မှုမရှိလျှင်ပျက်စရာ ဝဋ္ဋုပင်မရှိသောကြောင့်၊ ပျက်မှုဒုက္ခမရှိထို့ကြောင့် နိဗ္ဗာန်ချမ်းသာမည်ကုန်၏၊ ဤသို့ပုတီးစိတ်ခြင်း၊ စိတ်ဖြင့် နှလုံးသွင်းခြင်းကိုပြုလျှင်၊ ဖြစ်ခြင်းရှိသမျှပျက်၏ဟု အနိစ္စ စသောအဖြစ်ကို မြင်သဖြင့်ချုပ်ခြင်းကို နှစ်သက်လတံ့၊ ဤသို့နှစ်သက်ခြင်းပင်လျှင်၊ နိဗ္ဗာန်ကိုနှစ်သက်သည်မည်၏၊ ဘဝတဏှာကိုပယ်သည်မည်၏၊ တဝတဏှာမှ နိဗ္ဗာန်ဟူသောထွက်ပေါက်သို့ ထွက်လိုက်သည်မည်၏ ဟုသိကြမှတ်ကြရှုကြစေလိုပါသတည်း။

၃၁၉၈

ပိဋကတ်သုံးပုံ။ အဋ္ဌကထာ။ ဋီကာစသော ကျမ်းဂန်တို့ကို

သင်ကြားခွင့်မရနိုင်ကြကုန်သောသူတို့အဘို့

ဗုဒ္ဓဘာသာတရားအလုံးစုံကို

ကောင်းစွာနားလည်နိုင်ကြရန်မြန်မာဘာသာစကားပြေသက်သက်ဖြင့်

တစောင်တအုပ်တည်းနှင့်

အပြီးပြည့်စုံအောင်ကျမ်းအစောင်စောင်တို့မှအကျဉ်းထုတ်နှုတ်ပြီးလျှင်

အညဝါဒနိဂ္ဂဟကျမ်းပြုစုသူ၊ကြက်သရေဆောင်ရွှေလွယ်ရမင်း

အမှုထမ်းကောင်းတံဆိပ်ရမင်း၊ အငြိမ်းစားဝန်ထောက်

မင်းတိုင်ပင်အမတ်ကြီး-ဦးဘေ-ရေးသားစီရင်အပ်သော

# ဗုဒ္ဓဘာသာသင်္ခေပကျမ်း

ဒသမအကြိမ်အကြီးချဲ့ထွင်ပြင်ဆင်ပုံနှိပ်ခြင်း။

# EPITOME OF BUDDHISM

BY

THE HONBLE U HPAY, K.S.M., A.T.M.,
Author of Annyavada Niggaha Kyan.

10th REVISED & ENLARGED EDITION

☆

ဒေါက်တာ မောင်မောင်-မမြအင်ဆန်း စာပုံနှိပ်တိုက်
၃၃-လမ်း၊ ဘုန်ဘိုင်တန်း၊ မန္တလေးမြို့။

# ဤကျမ်းအမည် ၆ မျိုးရအကြောင်း။

လွန်ခဲ့သောနှစ်ပေါင်း ၄၅ နှစ်ကျော်က ဤကျမ်းကိုပြုစုသူ အမတ်ကြီးဦးဘေသည်၊ ဗုဒ္ဓဘာသာ သင်္ခေပကျမ်းဟူ၍သာ ထုံးခေတ်ထိုအခါကာလနှင့် လိုက်လျောအောင်အမည်ပေးထား ခဲ့ပါသည်၊ယခုသော်ကျမ်းမူပိုင်ရှင်ကျွန်တော်နှင့်တကွဤကျမ်း ဘတ်ရှုသူများသည်မှ ဓမ္မဓိဘ်ချေအပေါင်းကိုအား ဝိပဿနာလိုက် စား လာကြသော ဤခေတ်ဤအခါတွင် ပါရှိသောစာသားများ နှင့် ကျမ်း၏အမည်မှာ မလိုက်လျောနေသဖြင့်၊သတင်းစာကြီး အစောင်စောင် တို့သို့ ဝေဘန်ကြရန်တင်ပြကြည့်ရာ၊ ဝေဘန် သောက်ခံမှုမကာ၊ကျမ်းအမည်သစ် (၁) နိဗ္ဗာန်လမ်းပြဗုဒ္ဓဘာသာ သင်္ခေပကျမ်း။ (၂) ဝိပဿနာမှတ်ကျောက်ရှင်းတမ်း။ (၃) ပိဋကတ်သုံးပုံ တရားစုံကျမ်း၊ (၄) တရားတော်အဖြေမှန်ကျမ်း။ (၅) ယောဂီလက်စွဲအဘိ ဓါန်ကျမ်း၊ (၆) ကမ္ဘာ့မင်္ဂလာဗုဒ္ဓဝါဒနိယာမတရားတော်ဟူ၍ ခြောက်မျိုး သောအမည်ပေးကြ၍ (၇) မည်ရ ကျမ်းဖြစ်ပါကြောင်း၊ (ပဌမပိုင်းမှာ) ဗုဒ္ဓရှင်တော်ဘုရား၏တရားစကားများလိုလေသေးမရှိအောင် တတ်မြောက်နိုင်သော လောကီရတရားများ၊(ဒုတိယပိုင်းမှာ) မူကား၊ သမထ ဝိပဿနာကမ္မဋ္ဌာန်း သတိပဋ္ဌာန်မှစ၍ တရား အားထုတ်လိုသူတိုင်း အလွယ်နှင့်နားလည်နိုင်ရန်လောကုတ္တ ရာတရားဝုံ ပါသည့်အပြင်၊ စာမျက်နှာ( ၃၂၀ )အဆုံးအထိ၊ ခေါ်မှီသော၊ သမထ-ဝိပဿနာ- ဘာဝနာ-ကမ္မဋ္ဌာန်းကျမ်း များ၄ ကောက်နုတ်ရဆောင်း ရေးထားသဖြင့်၊ ဝိပဿနာမှတ် ကျောက်အဖြစ်၊ ကျမ်းပေါင်း(၅၀)ကျော်ကြည့်ရှုရသလို ဖြစ်ကြပါစေသတည်း၊

# နိဒါန်း

၁၂၄၈ →⇒→⇒→⇒⇐←⇐←⇐←

ယခုအခါ မြန်မာနိုင်ငံတော်အလုံးကို၊ သိမ်းကျုံးအုပ်ချုပ်စီရင်တော်မူသော၊ အသျှင်အင်္ဂလိပ်အစိုးရမင်းသည်၊ များလှစွာသောလူအမျိုးမျိုးတို့ကို၊ စိုးအုပ်တော်မူရသည်ဖြစ်၍၊ မွန်မြန်မာ လူမျိုးတို့သည်၊ မြန်မာနိုင်ငံတော် အတွင်း၊ မှီတင်းနေထိုင်ကြကုန်သော၊ တရုပ်၊ ကုလားစသော လူမျိုးခြားတို့နှင့်၊ တုပယှဉ်ပြိုင်၊ စီးပွားရှာကြံ ကြိုးပန်းလုပ်ဆောင်ကြရသောကြောင့်၊ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာကုန်သောသူတို့မှာ၊ မိမိတို့၏ သားငယ်သမီးငယ်များအား၊ မြန်မာဘာသာစာကို ရေးဘတ်နိုင်ရုံမျှသာ၊ သင်အံလေ့ကျက်စေ၍၊ အင်္ဂလိပ်ဘာသာစာကိုသာ ကောင်းစွာ တတ်မြောက်အောင် သင်ကြားစေပြီးလျှင်၊ အသျှင်အစိုးရမင်း၏ အမှုတော်ကို ထမ်းရွက်လုပ်ကိုင်စေကြသည်၊ ဓနဥစ္စာမဲ့ကုန်သောသူတို့၏ သားသမီးများမှာ၊ တရုံတခုသောဘာသာစာကိုမျှတတ်မြောက်အောင်သင်ကြားခွင့်မရ အသက်ငယ်ရွယ်စဉ်အခါကပင်၊ ဈေးနှာအရောင်းအဝယ် လယ်ယာ အလုပ်အကိုင်များ၌၊ ကြိုးပန်း အားထုတ် လုပ်ကိုင်ကြရသည်၊ ။ ထိုအကြောင်းများကြောင့်၊ မင်းစိုးရာဇာ၊ သူဌေး သူကြွယ်တို့၏ သားသမီးများသည်ရင်း၊ ဆင်းရဲ နွမ်းပါးသောသူတို့၏ သားသမီးများသည်ရင်း၊ ရှေးရှေးသောအခါ၌ကဲ့သို့၊ ပိဋကတ်သုံးပုံ၊ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ လက်သန်း၊ ဂဏ္ဌိ၊ ဂံဏ္ဍဏ္ဍရ၊ ယောဇနာတို့ကိုသင်အံလေ့ကျက်ခွင့်မရကြကုန်၊ အယုတ်သဖြင့်၊ အဘိဓမ္မတ္ထသင်္ဂဟာမည်သော သင်္ဂြိုဟ်ကျမ်းတစောင်ကိုမျှမသင်ကြားကြရသဖြင့်၊ ပိဋကတ္တယဆေက၊ ပိဋကတ္တယဝိသာရဒ၊ အာသဘ မြောက်တော် မူကြကုန်သော၊ မဟာထေရ်အရှင်မြတ်တို့ ရေးသားပြုစုတော်မူအပ်ကုန်သောကျမ်းစာများကို သင်အံလေ့ကျက်ကြည့်ရှုဘတ်နာ

# နိဒါန်း

ကြပါကုန်ငြားသော်လည်း ကောင်းမွန်စွာ နားမလည်နိုင်ကြကုန်။ ။ယင်းမှတပါး၊ထိုအရှင်မြတ်တို့သည်ဒါယကာတဦးဦး၏တောင်းပန်ချက်ကိုအကြောင်းပြု၍၊ ဒါနဘေဒကကျမ်း၊ သရဏဂိုဏကကျမ်း၊ သီလဝိနိစ္ဆယကျမ်း၊ဝိပဿနာရာသီကျမ်းအစရှိသဖြင့်၊ ကျမ်းတခုတခုသော ပြုစုရေးသား စီရင်တော်မူကြကုန်သည်ဖြစ်၍၊ ဗုဒ္ဓဘာသာဒွိ၊ခရစ်ယာန်၊မိုဟာမက်ဘာသာတို့၌ကဲ့သို့တစောင်တည်းဖြစ်သောကျမ်းမရှိရကား သဗ္ဗညုမြတ်စွာဘုရား၏ ဝါဒတရားဓမ္မတော်ဘည်း၊ မည်ကဲ့သို့သော အယူဝါဒဖြစ်ကြောင်းကို၊ ခပ်သိမ်းဥဿုံ၊ မသိနိုင်ကြကုန်။ ။ယင်းသို့သောအကြောင်းများကြောင့်၊ ရန်ကုန်မြို့ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း၊ ရန်ကုန်မြို့၊ ကောလိပ်ကျောင်းကြီး ဗုဒ္ဓဘာသာအသင်းတို့၏ တောင်းပန်ချက်အရ၊ ခရစ်ယာန်၊မိုဟာမက်၊ဟိန္ဒူ၊အယူဝါဒတို့နှင့်ပြိုင်ယှဉ်၍၊ ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်သည်၊ စင်စစ်ဟုတ်မှန်ကြောင်းကိုပြဆိုရာပြဆိုကြောင်းဖြစ်သော၊ အညဝါဒနိဂ္ဂဟ အမည်ရှိသောကျမ်းကိုပြုစုစီရင်ရေးသားသူ ကြက်သရေဆောင် ရွှေလှုယ်ရမင်း၊ အမှုထမ်းကောင်း - တံဆိပ်ရမင်း-ဟူသောဘွဲ့မည်နှစ်ထပ်အသနားတော်မြတ်ခံရသော၊ အငြိမ်းစားဝန်ထောက်၊ မင်းတိုင်ပင် အမတ်-ဦးဘေ-သည်၊ ကောင်းမြတ်သောနေဝါပက်ငိဖြင့်၊ သုတ်ဝိနည်း၊ အဘိဓမ္မာ၊ အဋ္ဌကထာဋီကာတို့ကိုလေ့ကျက်သင်ကြားခွင့်မရနိုင်ကြကုန်သော်သူတို့၏အကျိုးကို၊ မြော်ကိုးထောက်ရှု၍၊ ကျမ်းအစောင်စောင်တို့မှအကျဉ်းနုတ်နုတ်ပြီးလျှင်၊ ဗုဒ္ဓဘာသာကျမ်းတစောင်တည်းဖြစ်သော၊ ဤဗုဒ္ဓဘာသာသင်္ခေပအမည်ရှိသောကျမ်းကို မြန်မာဘာသာစကားပြေသက်သက် စီရင်ရေးသားအပ်သ

တည်း၊ ကျမ်းဝင်များကိုသင်ကြားခွင့်မရနိုင်သူတို့သည်၊ မှတ်သားလေ့ကျက်ဆောင်ရွက်ကြည့်ရှုတော်မူကြပါကုန်၊

တစောင်တဘွဲ့တည်း စီရင်ရေးသား အပ်သော ဗုဒ္ဓဘာသာ ကျမ်းဦးဖြစ်သည်နှင့်၊ အချို့သောအချက်များ၌ အနက်အဓိပ္ပါယ် မရှင်းလင်း၊ ကျမ်း၏အစီအစဉ်မသန့်ရှင်း၊ သိသင့်သိထိုက်သောတရားဓမ္မမပြည့်စုံ၊ လစ်လပ်ခြင်းရှိမည်မှာ မုချဖြစ်သောကြောင့်၊ ဤကျမ်းထက်သာလွန်၍၊ သိသာလွယ်ကူ၊ အစီအစဉ်သန့်ရှင်းကောင်းမွန်ပြည့်စုံရအောင်၊ ပညာရှိ တဦးဦးက ပြုစုရေးသား စီရင်တော်မူရန် ထောင့်တ မြှော်ခေါ် အပ်သတည်း၊

ထိုမှတပါး ဤကျမ်းစာသည်၊ ကျမ်းဝင်မထတ်သူတို့အဘို့ မြန်မာစကားပြင်သက်သက် ရေးသားအပ်သောကျမ်းဖြစ်၍၊ စကားအသုံးအစွဲ မခံ့မလှ၊ သိမ်ဖျင်းသေးနုပ်သော စကားများကို တွေ့ရှိခဲ့ပါလျှင်၊ ပြစ်တင်ကဲ့ရဲ့ခြင်းမပြု၊ လျစ်လျူရှုတော်မူကြရန်တောင်းပန်အပ်သတည်း၊

အင်းစိန်မြို့၊ *Maung Hpay*
၁၂၇၆-ခု၊တော်သလင်းလွှန်း(၈)ရက်နေ့၊
၁၉၁၄ခု၊-ဩဂုတ်လ(၂၇)ရက်နေ့။

---

ဤကျမ်းအပြီးတွင်။အမတ်ကြီးဦးဘောရေးသည့် ( အညဝါဒနိဂ္ဂဟကျမ်း ) ပဌမ-မှ-အဋ္ဌမခန်း-နံပါတ်စဉ်၁-မှ-၁၇အထိမိုဟာမက်အယူဝါဒအကြောင်း ဟိန္ဒူ၊အယူဝါဒအကြောင်း။ခရစ်ယာန်အယူဝါဒအကြောင်း။များကိုချန်လှပ်၍ နံပါတ်စဉ် ၁၉။ (နဝမခန်း)စာမျက်နှာ ၁၄၃-မှ-၂၁၅အထိ။(ဗုဒ္ဓမြတ်စွာ ဘုရားတရားတော်အကြောင်း)မှာ။ ဤဗုဒ္ဓဘာသာသင်္ခေပကျမ်း (ဝိပဿနာ မှတ်ချက်) နှင့်တဆက်တည်းတပါတည်း ဆက်လက်၍ဘတ်ရှုနိုင်ကြပါရန် အ ဟုးသင်တော်သည်ဟုအများယူဆသောကြောင့်။ ပူးတွဲတိုးချဲ့ပုံနှိပ်ပါမည်။
၂၁-၂-၅၆ မန္တလေးမြို့၊ *Dr. Maung Maung.*

ဤဝိသုဒ္ဓိမဂ္ဂဘာသာဋီကာကျမ်းကို ပုံနှိပ်ပြီးနောက်
စီရင်ရေးသားချီး၍ပြီးစီးကျမ်းပြုထားသော

# ကျမ်းများ စာရင်း။

မြို့မြင်ကြီးဆရာတော်ဘုရားရေးသားပြုစုတော်မူသော

၁။ ပဋိစ္စသမုပ္ပါဒနယဒီပနီကျမ်း။

၂။ ဒိဋ္ဌိဘေဒပကာသနီကျမ်း။

မောင်းထောင်ဆရာတော်ဘုရားစီရင်ရေးသားတော်မူသော၊

၃။ တမ္ဗဝိနိစ္ဆယကျမ်း။

လယ်တီဆရာတော်ဘုရားရေးသားတော်မူသော၊

၄။ အနတ္တဒီပနီကျမ်း။

၅။ ကမ္မဋ္ဌာနဒီပနီကျမ်း။

၆။ နိဗ္ဗာနဒီပနီကျမ်း။

၇။ အာဟာရဒီပနီကျမ်း။

၈။ ပဋိစ္စသမုပ္ပါဒဒီပနီကျမ်း။

၉။ ဗောဓိပက္ခိယဒီပနီကျမ်း။

၁၀။ သောမနဿုပေက္ခာဒီပနီကျမ်း။

၁၁။ ရူပဒီပနီကျမ်း။

၁၂။ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း။

၁၃။ ဘာဝနာဒီပနီကျမ်း။

၁၄။ ဒါနာဒိဒီပနီကျမ်း။

၁၅။ ဥတ္တမပုရိသဒီပနီကျမ်း။

၁၆။ မဂ္ဂင်ဒီပနီကျမ်း

ကင်းဝန်မင်းကြီးဆရာ-ဦးပညာသီဟရေးသား
စီရင်တော်မူသော၊

၁၇။ ပဋ္ဌာန်ဒီပကကျမ်း။

၁၈။ သရဏာဒီပကကျမ်း။

ဦးဥာဏ်ဖို့ဒ္ဓစီရင်ရေးသားတော်မူသော၊

၁၉၊ သိလသံယမဒီနီရှုယ၊
ဦးဥက္ကံသာဘိဝံသရေးသားတော်မူသော၊
၂၀၊ ကမ္မဋ္ဌာနသံခိပ်ကျမ်း၊
ကန်ရှည်ဂိုဏ်းအုပ် ဆရာတော်ဘုရား ရေးသားတော်မူသော
၂၁၊ ပဋ္ဌာနဗန္ဓဂဏာပကာသနီကျမ်း၊
ဦးကေသရရေးသားတော်မူသော၊
၂၂၊ ဝိပဿနာချုံးသီကျမ်း၊
မြစ်ကွေးဆရာတော်ဘုရားရေးသားတော်မူသော၊
၂၃၊ ရဟန်းတော်ဘွင့်အကျယ်၊

ရှေးအခါက၊မသိသူဘဦးတယောက်မှရေး
သားခြင်း မရှိဘူးသေးသော၊ ဤဗုဒ္ဓဘာသာ
သခင်ပ-ကျမ်းသုံးကျမ်းမြက်ကို၊ ရေးသားပြုစု
တော်မူသော ၊မင်းကိုင်ပင်အခက်ကြီး၊ ဦးတော
သည်၊အရေးပိုင်မင်းဘိုးဒေဝပိုင်၏သောက်ခံပြော
ဆိုခြင်းဖြင့်၊ ကျိုက်သဝ်မြို့၊ မဟာရာဇာကန္တိက
ဝတ်အသင်းသား၊ ဘိုးရ အင်္ဂလိပ်ကျောင်း
ဆရာကြီးဘိုးမောင်မောင်အား ၁၉၁၅-ခုနှစ်တွင်
ဤစာအုပ်ကိုရိုက်နှိပ်ပေးသနားတော် မူသရကား
ကျမ်းရေးသူ၏ အပိုဘနဲ့အကိုင်း ထိုနှစ်မှာပင်
စက်ကင်ရိုက်နှိပ်ပြီးစီး၏ ၁၀၆၂-ခုနှစ် အက်ဥပ
ဒေ ၂၅-အရ ဤကျမ်းစာအုပ်ကို မူပိုင်ရိုက်ခွင့်ကြီ
ပြုလုပ်ထားပါသည်၊ဒေါက်တာဘိုးမောင်မောင်၊

# မာတိကာခေါင်းစဉ်။

(အက္ခရာစဉ်မာတိကာကိုအလိုရှိမူ၊ စာအုပ်အဆုံးတွင်ရှုပါ)

## ပဌမပိုင်း။

၁။ အကုသိုလ်မကောင်းမှု၊ကုသိုလ်ကောင်းမှု၊
၂။ ဒုစ္စရိုက်ဆယ်ပါး၊
၃။ ပါဏာတိပါတကံ၏အင်္ဂါငါးပါး၊
၄။ အဒိန္နာဒါနကံ၏အင်္ဂါငါးပါး၊
၅။ ကာမေသုမိစ္ဆာစာရကံ၏အင်္ဂါလေးပါး၊
၆။ သုရာမေရယကံ၏အင်္ဂါလေးပါး၊
၇။ မုသာဝါဒကံ၏အင်္ဂါငါးပါး၊
၈။ ပိသုဏာဝါစာကံ၏အင်္ဂါငါးပါး၊
၉။ ဖရုသဝါစာကံ၏အင်္ဂါသုံးပါး
၁၀။ သမ္ဖပ္ပလာပဝါစာကံ၏အင်္ဂါသုံးပါး၊
၁၁။ အဘိဇ္ဈာ၊
၁၂။ ဗျာပါဒ၊
၁၃။ မိစ္ဆာဒိဋ္ဌိ၊
၁၄။ သုစရိုက်ဆယ်ပါး၊
၁၅။ ပုညကိရိယာဝတ္ထုဆယ်ပါး၊
၁၆။ အလှူဒါန၏အပြား၊
၁၇။ အလှူခံပုဂ္ဂိုလ်ဆယ့်လေးယောက်၊
၁၈။ စေတနာသုံးပါး၊
၁၉။ ဝေလာမသုတ်၌ဟောတော်မူသောဒါနအပြားဆယ့်
လေးပါး၊
၂၀။ [illegible]မုဏာဂံသုံးပါး။

၂၁၊ သရဏဂုံသုံးပါးသည်ရတနာမည်ခြင်းအကြောင်း၊
၂၂၊ ရတနာသုံးပါး၏သရဏဂုံမည်သောအဖြစ်၊
၂၃၊ သရဏဂမန၏အဓိပ္ပါယ်ဂစ္ဆာမိ၏အဓိပ္ပါယ်၊
၂၄၊ သရဏဂုံနှစ်ပါးပြားကြောင်း၊
၂၅၊ သရဏဂုံတည်၊ ဥပါသကာ၏အဖြစ်၊ မြင့်မြတ်ကြောင်း
၂၆၊ သရဏဂုံသုံးပါးကိုဆောက်တည်ခြင်း၏အကျိုး၊
၂၇၊ သီလ၏အဓိပ္ပါယ်၊
၂၈၊ သီလ၏အပြား၊
၂၉၊ နိစ္စသီလ၊ အနိစ္စသီလ၊
၃၀၊ ငါးပါးသီလ၊
၃၁၊ ရှစ်ပါးသီလ၊
၃၂၊ အဗြဟ္မစရိယသိက္ခာပုဒ်၏အင်္ဂါလေးပါး၊
၃၃၊ ဝိကာလဘောဇနာသိက္ခာပုဒ်အင်္ဂါ၄ပါး၊
၃၄၊ နစ္စဂီတသိက္ခာပုဒ်၏အင်္ဂါနှစ်ပါး၊
၃၅၊ ဥစ္စာသယနမဟာသယနသိက္ခာပုဒ်၏အင်္ဂါနှစ်ပါး၊
၃၆၊ ဆယ်ပါးသီလ၊
၃၇၊ ဇာတရူပရဇတသိက္ခာပုဒ်၏အင်္ဂါသုံးပါး၊
၃၈၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့ကိုတ ပေါင်းတည်းသော်ရင်း၊ အသီးသီးသော်ရင်း၊ ဆောက်တည်အပ်ကြောင်း၊
၃၉၊ အပါယ် ပဋိသန္ဓေပေးသော သိက္ခာပုဒ်၊ မပေးသော သိက္ခာပုဒ်၊
၄၀၊ အာဇီဝဋ္ဌမကသီလ၊
၄၁၊ ရတင်အပြား၊

၄၂။ ကောသနိက်ရတင်ဆောက်တည်သောပုဂ္ဂိုလ်၏အပြား
၄၃။ ပဏ္ဍုပိုင်ရတင်ဆောက်တည်သူ၏အပြား။
၄၄။ ကောသနိက်ဝတင်၏အကျိုး။
၄၅။ ပဏ္ဍုပိုင်ရတင်၏အကျိုး။
၄၆။ အာဇီဝဋ္ဌမကသီလခံယူဆောက်တည်ပုံ။
၄၇။ ကောသနိက်ရတင်ဆောက်တည်ပုံ။
၄၈။ ပဏ္ဍုပိုင်ရတင်ဆောက်တည်ပုံ။
၄၉။ ဘာဝနာ၏အပြား၊ ကမ္မဋ္ဌာန်း၏အဓိပ္ပါယ်။
၅၀။ သမထကမ္မဋ္ဌာန်း၏အပြား။
၅၁။ သမထဘာဝနာပွားဟန်။
၅၂။ ပုညကိရိယာ ဝတ္ထုဆယ်ပါးတို့တွင်၊ ဘာဝနာသည် အမြတ်ဆုံးဖြစ်ကြောင်း။
၅၃။ သုံးဆယ့်ဘုံဖြစ်ခြင်းအကြောင်း။
၅၄။ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ၊
၅၅။ ကာမာဝစရကုသိုလ်၊ မဟဂ္ဂုတ်ကုသိုလ်၊ လောကုတ္တရာကုသိုလ်၊
၅၆။ ကံ၏အနက်အဓိပ္ပါယ်၊
၅၇။ ကံတို့၏အပြား။
၅၈။ ဇနကကံ။
၅၉။ ဥပတ္ထမ္ဘကကံ။
၆၀။ ဥပပီဠကကံ
၆၁။ ဥပဃာတကကံ။
၆၂။ ဂရုကကံ။

၆၃၊ အသေစိမ္မကာ၊
၆၄၊ တန္တုကံ၊
၆၅၊ ဂမ္ဘကံ အစရှိသော ကံလေးပါးတို့၏ ဖြစ်ရာဘဝ ကာလနှင့်တကွအကျိုးပေးစဉ်ကိုပြခြင်း၊
၆၆၊ ဒိဋ္ဌဓမ္မဝေဒနီယကံ၊
၆၇၊ ဥပပဇ္ဇဝေဒနီယကံ
၆၈၊ အပရာပရိယဝေဒနီယကံ၊
၆၉၊ အဟောသိကံ၊
၇၀၊ ကံ၏ အကြောင်းကြောင့် သတ္တဝါတို့ ထူးပြားကြကြောင်း၊
၇၁၊ သေရခြင်းအပြား–၄ပါး၊
၇၂၊ ကံအကျိုးပေးပုံ၊
၇၃၊ ကံ၊ဉာဏ်၊ဝီရိယ၊

# ဒုတိယပိုင်း။

၁၊ သံသရာဝဋ်ဆင်းရဲအကြောင်း၊
၂၊ ဝဋ်သုံးပါး၊ဝိနိပါတဘေးဒွိသုံးမျိုး၊
၃၊ လောကီဒါန၊ သီလ၊ ဘာဝနာတို့များသည်၊ သင်္ခါရ ဒုက္ခချည်းဖြစ်ကြောင်း၊
၄၊ ပဋိစ္စသမုပ္ပါဒ်တရားတော်၊
၅၊ အဝိဇ္ဇာ၊
၆၊ သင်္ခါရ၊
၇ အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်ပုံ၊
၈၊ ဝိညာဉ်၊

၉။ နာမ်ရုပ်။
၁၀။ ဝိညာဏ်ကြောင့်နာမ်ရုပ်ဖြစ်ပျက်ပုံ။
၁၁။ သဠာယတန။
၁၂။ ဝိညာဏ်ကြောင့်သဠာယတနဖြစ်ပုံ။
၁၃။ ဖဿ။
၁၄။ ဝေဒနာ။
၁၅။ တဏှာ။
၁၆။ ဥပါဒါန်။
၁၇။ ဘဝ။
၁၈။ ဥပါဒါန်ကြောင့်ဘဝဖြစ်ပုံ။
၁၉။ ဇာတိ။
၂၀။ ကမ္မဘဝကြောင့်ဇာတိဖြစ်ပုံ (ဘဝသစ်တည်ထောင်ပုံ)
၂၁။ ဝဋ်မြစ်မူလနှစ်ပါး။
၂၂။ ဝဋ်သုံးပါး။
၂၃။ အစပ်သုံးပါး။
၂၄။ သင်္ဂဟလေးပါး။
၂၅။ အခြင်းအရာနှစ်ဆယ်။
၂၆။ ပဋိစ္စသမုပ္ပါဒ်အကျဉ်းပါဠိတော်။
၂၇။ ဗောဓိပက္ခိယတရားသုံးဆယ့်ခုနှစ်ပါး။
၂၈။ သတိပဋ္ဌာန်လေးပါး။
၂၉။ သမ္မပ္ပဓာန်လေးပါး။
၃၀။ ဣဒ္ဓိပါဒ်လေးပါး။
၃၁။ ဣန္ဒြေငါးပါး။
၃၂။ ဗိုလ်ငါးပါး။

၃၃၊ ဗောဓိရှင်၏အဓိပ္ပါယ်၊
၃၄၊ မဂ္ဂင်ရှစ်ပါး၊
၃၅၊ သစ္စာလေးပါး၊
၃၆၊ ဝိသုဒ္ဓိခုနစ်ပါး၊
၃၇၊ ဘာဝနာလေးဆယ်၊
၃၈၊ ခန္ဓာငါးပါး၊
၃၉၊ ဘာဝနာလေးဆယ်တို့ကို၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊လက္ခဏာရေးသုံးပါးတို့ဖြင့် ခွဲခြားပြခြင်း၊
၄၀၊ ဝိပဿနာဉာဏ်(၁၀)ပါး၊
၄၁၊ မင်္ဂပုဂ္ဂိုလ်လေးယောက်၊ဖိုလ်ပုဂ္ဂိုလ်လေးယောက်၊
၄၂၊ နိရောဓသမာပတ်ချမ်းသာ၊
၄၃၊ နိဗ္ဗာန်တရား၊
၄၄၊ သာသနာတော်တွင်း၌ရှိသောပုဂ္ဂိုလ်လေးမျိုး၊
၄၅၊ သီလ၊သမာဓိ၊ပညာ၊
၄၆၊ ပဒပရမပုဂ္ဂိုလ်၊နေယျပုဂ္ဂိုလ်နှစ်ပါးအကြောင်း၊
၄၇၊ စရိုက်မျိုး၊ဝိဇ္ဇာမျိုး၊
၄၈၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ နှစ်ပါးတို့တွင်၊ ဝိပဿနာဘာဝနာသည်သာသနာတွင်း၌သာရှိကြောင်း။

ဤကျမ်း၏နောက်ဆက်တွဲအဆုံးတွင်
**အက္ခရာစဉ်မာတိကာ–ရှိပါသည်။**

၂၄၇၄၂

## (၁၂) သဗ္ဗဇေယျမင်္ဂလာအထူးလာဘ်ရှင်ဂါထာ
## မန္တန်တော်ကြီး၏ပါဠိအနက်။

ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိံ မာဘာတိ စန္ဒိမာ။
သန္နဒ္ဓော ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟော ရတ္တိံ၊
ဗုဒ္ဓော တပတိ တေဇသာ။

အာဒိစ္စော၊ နေမင်းသည်၊ ဒိဝါ၊နေ့အခါ၌သာလျှင်၊ တပတိ ထွန်းသင်းတောက်ပနိုင်ပေ၏၊ စန္ဒိမာ၊လ မင်းသည်၊ ရတ္တိံ၊ ညည့်အခါ၌သာလျှင်၊ အာဘာတိ၊ ထွန်းသင်းတောက်ပနိုင်ပေ၏၊ ခတ္တိယော၊ ရေ,မြေ,တို့ကို အပိုးရသောမင်းသည်၊ သန္နဒ္ဓော၊ချပ်ဝတ်တန်ဆာဆင်ယင်သည်ရှိသော်၊ဝါ၊ချပ်ဝတ်တန်ဆာဆင်ယင်သော အခါ၌ သာလျှင်၊ တပတိ၊ ထွန်းသင်းတောက်ပနိုင်ပေ၏၊ ဗြာဟ္မဏော၊ မကောင်းမှုကိုအပပြုပြီးသော ရဟန္တာပုဂ္ဂိုလ်သည်၊ ဈာယီ၊ ဈာန်ဝင်စားသည်ရှိသော်၊ ဝါ ဈာန်ဝင်စားသောအခါ၌ သာလျှင်၊ တပတိ၊ထွန်းသင်းတောက်ပနိုင်ပေ၏၊ အထ၊ ထိုမှတပါး၊ ဝါ၊ နေမင်းလမင်းအစရှိသည်တို့ထက်၊ဗုဒ္ဓော၊မြတ်စွာဘုရားသည်၊သဗ္ဗံ၊အလုံးစုံ ကုန်သော အဟောရတ္တိံ၊ နေ့ညဉ့်ပတ်လုံး၊ တေဇသာ၊ ပါရမီတော်ကြောင့်ဖြစ်သော တန်ခိုးတော်ကြောင့်၊ တပတိ၊ ထွန်းသင်းတောက်ပတော်မူပါပေ၏။ ။

☞ ရှင်းအနက်အချိုး စာမျက်နှာ ၁၃ တွင်ကြည့်ရှုပါ။—

အာဒိစ္စော၊ ရောင်ခြည်တထောင် ထွန်းပြောင် ထိန်လင်း ရှင်နေမင်းသည်၊ ဒိဝါ၊ နေ့အခါ၌သာလျှင်၊ တပတိ၊ ထွန်းလင်းကြက်သရေ တင့်တယ်လေကုန်၏၊ စန္ဒိမာ၊ ယုန်ဖြူ လနန်း သော်တာစန်းသည်၊ ရတ္တိံ၊ ညဉ့်အခါ၌ သာလျှင် အာဘာတိ၊ ထွန်းလင်းကြက်သရေ တင့်တယ်လေကုန်၏၊ ခတ္တိယော၊ ရေမြေသေဋ္ဌနင်း ပြည့်ရှင်မင်းသည်၊ သန္နဒ္ဓေါ၊ ရတနာ စိန်ကျောက် ထိန်ထိန်တောက်သည့် မင်းမြောက် တန်ဆာ ဆင်ယင်မှသာလျှင်၊ တပတိ၊ ထွန်းလင်းကြက်သရေ တင့်တယ်လေကုန်၏၊ ဗြဟ္မဏော၊ ကိလေသာကုန်ခမ်း ရဟန္တာပုဂ္ဂိုလ်သည်၊ ဈာယီ၊ အဘိညာဉ်ဝင်စား ဈာန်က စားမှသာလျှင်၊ တပတိ၊ ထွန်းလင်းကြက်သရေ တင့်တယ် လေကုန်၏၊ အထ၊ စင်စစ်သော်ကား၊ ဗုဒ္ဓေါ၊ သုံးလောက ထွဋ်ထား ရှင်တော်ဘုရားသည်သာလျှင်၊ တေဇသာ၊ ကြက် သရေတန်ခိုး တင့်တယ်ခြင်းအမျိုးမျိုးဖြင့်၊ သဗ္ဗမဟောရတ္တိံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမဆိုင်း အချိန်တိုင်းပင်လျှင်၊ တပတိ၊ ထွန်းလင်းကြက်သရေ တင့်တယ်တော်မူပါပေ၏။ ။

ဤဂါထာ၏ ပါဠိအနက်၊ မပျက်မချော်။ အိပ်ရာဝင်-အိပ်ရာထ၊ မျက်နှာ ခံတွင်း၊ သန့်ရှင်း ဆေးကြောပြီးကာလ၊ ရွတ်ဘတ်သရဇ္ဈာယ်ကြပါ။ ထို့ပြင် ခပ်သိမ်းကုန်သောမင်္ဂလာ အခန်းအနားတို့၌လည်း အသုံးပြုကြရပါသည်၊ စီးပွါးဥစ္စာ ရတနာ ရွှေငွေအိမ်မြေလယ်ယာ မင်္ဂလာအဖြာဖြာကိုရနိုင်၏။

ဒိဋ္ဌဓမ္မကောင်းကျိုးချမ်းသာမင်္ဂလာအပေါင်းနှင့်ပြည့်စုံနိုင် ကြစေရန်၊ရည်သန်မြော်လင့်၍မေတ္တာလက်ဆောင်အဖြစ်ဖြင့် အထူး ရေးထည့်လိုက်ရပါသည်။

ဝိပဿနာမှတ်ကျောက်နိဗ္ဗာန်လမ်းပြ

# ဗုဒ္ဓဘာသာသင်္ခေပကျမ်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

ပဏာမ

ဇိနံနတွာနန္တဉာဏံ၊ ဓမ္မံမောဟန္ဓနာသကံ၊ သံဃံသံတိပုည ကဒ်ါဟံ၊ ။အဟံ၊ အကျွန်ုပ်သည်။ အနန္တဉာဏံ၊ ဉာဏ်ရှေ့ ဉာဏ်မှုရှိ၏ဟု, တိုင်းဆပြီးပြေအောင်၊ ရေတွက်ခြင်းငှာမပွမ်းနိုင်အောင်၊ အလွန်များပြောင်သော အနန္တ အပရိမာဏဖြစ်သောဉာဏ်ရှိတော်မူထသော၊ ဇိနံ၊ မြတ်စွာဘုရားကို၊ နတွာ နမဿိတွာ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍၊ မောဟန္ဓနာသကံ၊ ခပ်သိမ်းသောတရားတို့၏ ဟုတ်မှန်တိုင်းသောသဘောကို။ မသိမမြင်,မထင်နိုင်အောင် လွန်စွာဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်ထိုက်ကို ထိုက်သည်အားလျော်စွာ ပယ်ဖျက်ကင်းစေတတ်သော၊ ဓမ္မံ၊ တရားတော်ကို၊ နတွာ နမဿိ ရှိခိုးပါ၏၊ နတွာ၊ ရှိခိုးပြီး၍။ သံတိပုညကံ၊ အရိယာမဂ်ဖြင့် အကြွင်းမဲ့ပယ်ဖျက်အပ်သည်ဖြစ်၍၊ ကောင်းစွာလွန်မြောက်ပြီးသော ယုံမှားခြင်းသံသယရှိသော၊သံဃံ၊ သံဃာတော်ကို၊ နတွာ–နမဿိ ရှိခိုးပါ၏၊

ဘုရားရှင် ဟောကြားတော်မူအင်သော ပိဋကတ်တော်သုံးပုံကို သင်္ခေပအကျဉ်းအားဖြင့်၊ လောကီယတရား၊ လောကုတ္တရာတရားဟူ၍ နှစ်ဌာနပိုင်းခြားအပ်၏၊ လောကီယတရားဟူသည်ကား–သံသရာ ဝဋ်ဆင်းရဲ၌ ကျင်လည်မျှောပါးစေတတ်သော တရားဖြစ်၏၊ လောကုတ္တရာ တရားဟူသည်ကား သံသရာ ဝဋ်ဆင်းရဲမှထွက်မြောက်စေတတ်သောတရားဖြစ်၏၊ ယခုအခါလောကီယတရားကိုပြဆိုပေအံ့၊

## ပဥ္စမပိုင်း၊

## လောကီယတရားအကြောင်း၊

### မကောင်း၊မှု၊ကောင်းမှု၊

၁၊ သတ္တဝါတို့ပြုအပ်သော အမှုသည်၊ အကုသိုလ်ဟု ခေါ်ဝေါ်အပ်သော မကောင်းမှု၊ ကုသိုလ်ဟု ခေါ်ဝေါ်အပ် သော ကောင်းမှုဟူ၍နှစ်ပါးရှိ၏၊ ၊အကုသိုလ်မကောင်းမှု ကို ဒုစရိုက်၊ ကုသိုလ်ကောင်းမှုကို သုစရိုက် ဟူ၍လည်း ခေါ်ဝေါ်၏၊

### ဒုစရိုက်အကြောင်း၊

#### ဒုစရိုက်ဆယ်ပါး။

၂၊ ဒုစရိုက်ကား ဆယ်ပါးအပြားရှိ၏၊ ဆယ်ပါးဟူ သော်ကား၊

(၁) သတ္တဝါ၏အသက်ကိုသတ်ခြင်း၊(ပါဏာတိပါတာ )
(၂) သူ့သပါး၏ဥစ္စာကိုခိုးယူခြင်း၊(အဒိန္နာဒါနာ)
(၃) သူတပါး၏သားမယားကို လွန်ကျူးကာမစပ်ရှက် ခြင်း၊(ကာမေသုမိစ္ဆာစာရာ)
(၄) မဟုတ် မမှန်သော စကားကို ပြော ဆိုခြင်း၊ (မုသာဝါဒါ)
(၅) ကုန်းချောစကားကို ပြောဆိုခြင်း၊ (ပိသုဏာဝါစာ)
(၆) ကြမ်းကြုတ်ဆဲရေးသောစကားကို ပြောဆိုခြင်း၊ (ဖရုသဝါစာ)
(၇) အကျိုးမရှိ ပြိန်ဖျင်းသော စကားကိုပြောဆိုခြင်း၊ (သမ္ဖပ္ပလာပဝါစာ၊)

(၈) သူတပါး၏စည်းစိမ်ဥစ္စာကို ငါ၏စည်းစိမ် ဖြစ်ပါ စေဟုတောင့်တခြင်း၊(အဘိဇ္ဈာ၊)

(၉) သူတပါး သေကြေပျက်စီးခြင်းကို တောင့်တခြင်း၊ (ဗျာပါဒ)

(၁၀) မှားသောအယူကိုယူခြင်း၊(မိစ္ဆာဒိဋ္ဌိ၊)

အထက်ပါ ၁-၂-၃-ဒုစရိုက်များကို၊ ကိုယ်ဖြင့်ပြုအပ် သော ကာယကံ သုံးပါးဟုခေါ်၏၊ ၄-၅-၆-၇ ဒုစရိုက် များကို၊ နှုတ်ဖြင့်လွန်ကျူးအပ်သော ဝစီကံလေးပါးဟုခေါ် ၏၊ ၈-၉-၁၀-ဒုစရိုက်များကို၊ စိတ်ဖြင့် လွန်ကျူးအပ် သောမနောကံ သုံးပါးဟုခေါ်၏၊ ၊ဤဒုစရိုက်ဆယ်ပါးတို့ ကို၊အကုသလကမ္မပထဟူ၍လည်းခေါ်၏၊

ပါဏာတိပါတကံ၏အင်္ဂါငါးပါး၊

၃၊ အောက်ပါအင်္ဂါငါးပါးနှင့် ပြည့်စုံမှသာလျှင်၊သတ္တ ဝါ၏အသက်ကိုသတ်ခြင်း( ပါဏာတိပါတ)ကံမြောက်သည်၊ ကံမြောက်သည်ဆိုသည်ကား အပါယ်ပဋိသန္ဓေ ပေးသည် ကိုဆိုလိုသည်၊

(၁) အသက်ရှိသောသတ္တဝါလည်းဖြစ်စေ၊

(၂) အသက်ရှိသောသတ္တဝါဟုအမှတ်သည်းရှိစေ၊

(၃) သေအောင်သတ်လိုသောစိတ်လည်းရှိစေ၊

(၄) သေအောင်လုံ့လလည်းပြုစေ၊

(၅) ထိုလုံ့လကြောင့်သေလည်းသေစေ၊

မှတ်ချက်အသူ့မှာ၊ မိမိကိုယ်တိုင်သတ်သည်ဖြစ်စေ၊ သူတ ပါးကိုစေ၍ သတ်သည်ဖြစ်စေ၊သတ္တဝါ၏အသက်ကို သတ်

ခြင်း(ပါဏာတိပါတ)ကံမြောက်၏၊ ။သတ္တဝါ ဆိုသည်မှာ တိရစ္ဆာန်လည်းပါဝင်၏။

### အဒိန္နာဒါနကံ၏အင်္ဂါငါးပါး

၄။ သူတပါး၏ ဥစ္စာကိုခိုးယူခြင်း (အဒိန္နာဒါန) ကံမြောက်ရာသောအင်္ဂါလည်းငါးပါးရှိ၏၊ငါးပါးဟူသော်ကား

(၁) သူတပါးသိမ်းဆည်းသောဥစ္စာလည်းဖြစ်စေ၊

(၂) သူတပါး သိမ်းဆည်းသော ဥစ္စာ ဟူသော အမှတ်လည်းရှိစေ၊

(၃) ခိုးယူလိုသောစိတ်လည်းရှိစေ၊

(၄) ခိုးယူရန်နတ်ဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ၊ လုံ့လလည်းပြုစေ၊

(၅) ထိုလုံ့လဖြင့်ဥစ္စာကိုရသည်လည်းဖြစ်စေ၊

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံမှသာလျှင်ကံမြောက်၏၊

### ကာမေသုမိစ္ဆာစာရကံ၏အင်္ဂါလေးပါး

၅။ သူတပါး၏သားမယားကို လွန်ကျူး ကာမစပ်ရှက်ခြင်း (ကာမေသုမိစ္ဆာစာရ) ကံမြောက်ရာသောအင်္ဂါလေးပါးရှိ၏၊ လေးပါးဟူသော်ကား၊

(၁) မသွားလာ မလွန်ကျူးအပ်သော မိန်းမလည်းဖြစ်စေ၊ ✻

✻အဋ္ဌကထာဆရာမြတ်တို့၏အလို၊ မသွားလာအပ်သောမိန်းမ (၂၀) အပြားရှိ၏၊ အကျယ်ကိုသိလိုသော် နောက်ဆက်တွဲအစဉ်နံပါတ် (၂၅) မှာကြည့်၊

(၂) မှိုင်ပေါင်းဘက် ကာမစပ်ရှက်လိုသော စိတ်လည်းရှိစေ၊

(၃) ကာမစပ်ရှက်ရန်လုံ့လလည်းပြုစေ၊

(၄) ကာမစပ်ရှက်သာယာသည်လည်းဖြစ်စေ၊

ဤအင်္ဂါလေးပါးနှင့်ပြည့်စုံမှသာလျှင်ကံမြောက်၏၊

မှတ်ရန်အထူးမှာ၊ ကာမပိုင်လင်ရှိသောမိန်းမသည်၊ မိမိလင်အခွင့်မပြုဘဲ၊ တပါးသောယောကျ်ားနှင့် ကာမစပ်ရှက်လျှင် ကာမေသုမိစ္ဆာစာရကံထိုက်၏၊

သုရာမေရယကံ၏အင်္ဂါလေးပါး။

၆၊ ထိုမှတပါး မှတ်ရန်အထူးမှာ၊ အရက်သေသောက်ခြင်း (သုရာမေရယ) လည်း၊ သူတပါး၏သားမယားကို သွားလာလွန်ကျူးခြင်း (ကာမေသုမိစ္ဆာစာရ) ၌အကျုံးဝင်သည်ဟု၊ အဋ္ဌကထာ ဆရာမြတ်တို့ ဆုံးဖြတ်တော်မူကြကုန်၏၊ ဤအရက်သေသောက်ခြင်း (သုရာမေရယ) ကံမြောက်ရသော အင်္ဂါလေးပါးရှိသည်၊ လေးပါးဟူသော်ကား၊

(၁) ယစ်မျိုးလည်းဖြစ်စေ၊

(၂) သောက်လိုသောစိတ်လည်းရှိစေ၊

(၃) သောက်ရန်လုံ့လလည်းပြုစေ၊

(၄) သောက်၍ လည်ချောင်းသို့ ဝင်သည်လည်း ဖြစ်စေ၊

ဤအင်္ဂါလေးပါးနှင့်ပြည့်စုံမှသာလျှင်ကံမြောက်၏၊

မုသာဝါဒကံ၏အင်္ဂါငါးပါး။

၇၊ မဟုတ်မမှန်သောစကားကိုပြောဆိုခြင်း (မုသာဝါဒ) ကံမြောက်ရသော အင်္ဂါလည်း ငါးပါးရှိ၏၊ ငါးပါးဟူသော်ကား၊

(၁) မဟုတ်မမှန်သောအရာလည်းဖြစ်စေ၊

(၂) ချွတ်ယွင်းစေလိုသောစိတ်လည်းရှိစေ၊
(၃) ထိုစိတ်ဖြစ်သောနှုတ်ဖြင့်ဆိုခြင်း၊ လက်ဖြင့် အရိပ်အမှတ်ပြခြင်း၊အက္ခရာရေးခြင်းစသော လုံ့လလည်းရှိစေ၊
(၄) ၎င်းအဓိပ္ပါယ်ကို သူတပါးအား သိစေသည်လည်းဖြစ်စေ၊
(၅) သူတပါး၏ အကျိုးစီးပွား ပျက်စီးသည်လည်းဖြစ်စေ၊

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံမှသာလျှင်ကံမြောက်သည်၊

(နံပါတ်-၁-၂-၃-၄-တို့မှာ၊ သိက္ခာပုဒ် ပျက်သောအင်္ဂါတို့သာဖြစ်သည်၊ ငါးပါးလုံးပြည့်စုံမှကံမြောက်၏၊)

ဖိသုနဝါစာကံ၏အင်္ဂါငါးပါး။

၈၊ ကုန်းချောစကား ပြောဆိုခြင်း(ပိသုဏဝါစာ) ကံမြောက်ရသော အင်္ဂါလည်းငါးပါးရှိသည်၊ ငါးပါးဟူသော်ကား၊

(၁) ကွဲပြားစေအပ်သောသူတပါးလည်းရှိစေ၊
(၂) သူနှစ်ဦးတို့ကွဲပြားစေလိုသောစိတ်လည်းရှိစေ၊
(၃) ထိုစိတ်အားလျော်စွာ လုံ့လ ပြုသည်လည်းဖြစ်စေ၊
(၄) ထိုသူတပါးက ထိုကုန်းချောသော စကား၏အဓိပ္ပါယ်ကို သိသည်လည်းဖြစ်စေ၊
(၅) ထိုသူနှစ်ဦးတို့ ကွဲပြားကြသည်လည်းဖြစ်စေ၊

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံမှသာလျှင်ကံမြောက်၏။ နံပါတ် ၁၊၂၊၃၊၄၊ တို့မှာသိက္ခာပုဒ်ပျက်သောအင်္ဂါတို့သာဖြစ်သည်

ဖရုသဝါစာကံ၏အင်္ဂါသုံးပါး၊

၉၊ ကြမ်းကြုတ်ဆဲရေးသော စကားကို ပြောဆိုခြင်း၊ (ဖရုသဝါစာ)သည်၊ သုံးပါးသောအင်္ဂါနှင့် ပြည့်စုံချေသော် ကံမြောက်၏၊ အင်္ဂါသုံးပါးဟူသော်ကား၊

(၁) ဆဲရေးအပ်သောတပါးသောသူလည်းရှိစေ၊
(၂) အမျက်ဒေါသနှင့် ယှဉ်သော စိတ်နှလုံးလည်း ရှိစေ၊
(၃) နှုတ်ထွက်၍ဆဲရေးသည်လည်းဖြစ်စေ၊

ဤအင်္ဂါသုံးပါးတည်း၊

သမ္ပပ္ပလာပဝါစာကံ၏အင်္ဂါသုံးပါး၊

၁၀၊ အကျိုးမရှိ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း (သမ္ပပ္ပလာပဝါစာ) ကံမြောက်ရာသောအင်္ဂါ သုံးပါးရှိ၏၊ သုံးပါးဟူသော်ကား၊

(၁) ရာမ–မယ်သီတာ၊ မယ်ထွေး၁ ဘတ် အစရှိသော အကျိုးမရှိသောစကားကို ရှေ့ရှုဆောင်သည် လည်းဖြစ်စေ၊
(၂) ထိုရှေ့ရှုသည်အား လျော်စွာသော စကားကို နှုတ်ဖြင့်ဆိုသည်၊ စာဖြင့်ရေးသားသည်လည်း ဖြစ်စေ၊
(၃) ထိုရာမဇာတ်စသော ထိုးဇာတ် ဝတ္ထုများကို၊ အဟုတ် အမှန်ဟူ၍ သူတပါး မှတ်ယူသည် လည်းဖြစ်စေ၊

ဤသုံးပါးဘည်း၊ (နံပါတ်–၁–၂–တို့မှာ သိကျွာပုန် ပျက်သောအင်္ဂါတို့သာဖြစ်သည်၊)

အဘိဇ္ဈာ။

၁၁။ သူတပါး၏စည်းစိမ်ဥစ္စာကိုငါ၏ စည်းစိမ်ဖြစ်ပါဘိ ဟု အဘန်တလဲလဲ တောင့်တခြင်း (အဘိဇ္ဈာ) တရားကို ကောင်းစွာနားလည်စေခြင်းငှါ၊ ဥပမာများဖြင့်ပြဦးအံ့။ ။

ဥယျာဉ်, လယ်ယာ, မိုးမြေ, အစရှိသည်တို့ကို၊ ပိုင်နေ သူတို့ကို မပိုင်စေလိုသောစိတ်ရှိသည်ဖြစ်၍၊ မိမိရလိုသော စိတ်ရှိသဖြင့်၊ ဤသူ၏အရပ်တွင်ရှိသော်၊ ငါမရသာချေ၊ အ ရပ်တပါးသို့သွားလေအောင် အကြံပြု၍ယူသောစိတ်၊ ဤသူ သေလေမှ၊ ဤသူပိုင်သည့်ဥစ္စာကို ငါရမည်ဟုသေအောင်ပြု ၍ယူလိုသောအဘိဇ္ဈာစိတ်၊ ။သူ့ဥစ္စာသည်အဘိုးများ စွာထိုက်ပေ၏၊ ထိုက်သောအဖြစ်ကိုသိလျက်၊ အထွေထွေ သောပရိယာယ်ဖြင့် လှည့်ပတ်ပြီးလျှင်၊ အဘိုးနည်းပေး၍ ယူသောအဘိဇ္ဈာစိတ်၊ သူ့ဥစ္စာစည်းစိမ်ပစ္စည်းကို၊ အနိုင်အ ထက် ထောင်းတုပုတ်ခပ်၍ယူသောအဘိဇ္ဈာစိတ်၊ သူ့စည်း စိမ်ဥစ္စာပစ္စည်းများကိုမြင်လျှင်၊ တပ်မက်မောသောလောဘ စိတ်ဖြင့်၊ လှည့်ပတ်လျပ်စား၍ယူခြင်း၊ ဥစ္စာရှင်သေအောင် ကြံခြင်း၊ မင်းစိုးရာဇာကိုအပ်၍ နှိပ်စက်ကလူပြု၍ယူခြင်း၊ အတတ်ပညာဖြင့်လှည့်ပတ်၍ယူခြင်း၊ ။အဇာတသတ်မင်း သည်၊ ဇောတိကသူဋ္ဌေး၏ ဘုံနန်းရွှေအိုးပဒေသာကိုမြင်၍၊ လိုချင်သောလောဘဇောဖြင့်၊စစ်ထိုး၍ယူမည်ကြံခြင်း၊ ။

သောရေယျသူဋ္ဌေးသည်၊ အရှင်မဟာကစ္စည်းထေရ်၏၊ အဆင်း လှပတင့်တယ်သည်ကိုမြင်၍ တတ်သော စိတ်ဖြင့် ဤအရှင်သည် ငါ၏မယားဖြစ်ပါဘိမူကား၊ အလွန်ကောင်း လေစွ့တကားဟုကြံစည်ဆဲတွင်၊ ယောကျ်ားအသွင်ပျောက်



၃၂၄၈

၍၊ မိန်းမအသွင်ဖြစ်လေ၏။ ဤသို့အစရှိသော အဘိဇ္ဈာစိတ်တို့သည်၊ အလွန်ဝန်လေးသော အပြစ်ရှိလေသော လောဘ ရမွက်စိတ်တည်း၊

ဗျာပါဒ။

၁၂၊ သူတပါးသေကြေပျက်စီးခြင်းကို တောင့်တခြင်း (ဗျာပါဒ) ဟူသည်ကား၊ အချက်ဒေါသထွက်၍၊ သူတပါး၏ စည်းစိမ်ချမ်းသာကို၊ ပျောက်ပျက်ပြုန်းတီးလေအောင် ကြံသည်၊ အနိုင်အထက်လုၡယူသော ဗျာပါဒစိတ်၊ ၊အမျက်ထွက်သောအားဖြင့်၊ သေကြေပျက်စီးအောင် သတ်လိုသော စိတ်၊ ၊သူတပါးစည်းစိမ်ဥစ္စာ၊ရွှေငွေပစ္စည်းပါး၊ကျွဲနွားဆင်မြင်းသွေးမယားသားနှင့်ပြည့်စုံသည်ကိုမြင်လျှင်၊နှလုံးမသာဗျာပါဒ စိတ်ဖြင့်၊ တမှန်မှန်တအောက်အောက် ပျောက်ပျက်ပြုန်းတီး သေကြေစေချင်သောစိတ်၊ ၊သူတပါးအနည်းငယ်အပြစ်ရှိ သည်ကို၊ ပျက်စီးစေအောင် အမျက်ပြု၍၊ အဘန်တလဲလဲ ပြောဆိုခြင်းစသည်တို့သည်၊ နှလုံးဖြင့်ပြစ်မှားသော ဗျာပါဒ စိတ်ဖြစ်သတည်း၊

မိစ္ဆာဒိဋ္ဌိ

၁၃၊ မှားသောအယူကို ယူခြင်း (မိစ္ဆာဒိဋ္ဌိ) ဟူသည် ကား၊ နိယတမိစ္ဆာဒိဋ္ဌိကြီး(၃)ပါး၊ သက္ကာယဒိဋ္ဌိ(၂၀)* ထိုမှတပါးသောမိစ္ဆာဒိဋ္ဌိ ၆၂ ပါး *၊ ဤသို့လျှင်ကျမ်းဂန် တွင်လာရှိသော မိစ္ဆာဒိဋ္ဌိပေါင်း(၈၅)ပါးရှိ၏၊ ထို(၈၅)ပါး အနက်၊ နိယတ မိစ္ဆာဒိဋ္ဌိကြီး (၃) ပါးတို့ဖြင့်သာလျှင် ကံ မြောက်၏၊ အပါယ်ပင့်သနွေပေး၏၊ နိယတမိစ္ဆာဒိဋ္ဌိကြီး သုံး

---

* အကျယ်ကိုလိုချင်ေ နောက်ဆက်တွဲအစဉ်နံပါတ် (၁၄) မှာကြည့်၊

ပါးပဲသည်ကား၊ အကိရိယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ နတ္ထိက ဒိဋ္ဌိ။ ဤသုံးပါးတည်း၊ သူ့၏အသက်ကိုသတ်ခြင်း။ သတ်စေ ခြင်း။ သူ့ဥစ္စာကိုခိုးယူခြင်း။ သူ့မယားကို လွန်ကျူးခြင်း။ မုသားဆိုခြင်းစသည်ကိုပြုသောသူအား။ တစုံတခုသော မ ကောင်းမှုမရှိ၊ သူ့အသက်ကိုသတ်ခြင်းစသောအလုံးရုံးသော မကောင်းမှုကိုပြုသော်လည်း မကောင်းမှုကို ပြုသည်မမည်၊ သတ္တဝါတို့သည်မကောင်းသောအမှုကို ငါပြု၏ဟု မှတ်ထင် ရုံမျှသာ။ မကောင်းမှုအကုသိုလ်ပဲ့ချဲ့ပင်မရှိ။ အလှူပေးခြင်း။ ဥပုသ်ကျင့်သုံးခြင်း စသည်ကိုပြုသော သူအား၊ တစုံတခု သောကောင်းမှုကုသိုလ်မရှိမဖြစ်၊ သတ္တဝါတို့သည်ကောင်း သောအမှုကို ငါပြု၏ဟုမှတ်ထင်ရုံမျှသာ၊ ကောင်းမှုကုသိုလ် ပဲ့ချဲ့ပင်မရှိပဲ့ချဲ့ ယူသောအယူသည် အကိရိယဒိဋ္ဌိမည်၏၊

ပေးလှူအပ်သောအလှူ၏အကျိုးမရှိ၊ ကုသိုလ်အကုသိုလ် တို့၏အကျိုးမရှိ၊ အမိအဘတို့၌ပြုအပ်သော လုပ်ကျွေး မွေး မြူ ပူဇော်ခြင်းစသောကောင်းမှု၊ ပြစ်မှားကျူးလွန်ခြင်း စ သော မကောင်းမှု၏အကျိုးမရှိ၊ သတ္တဝါသေသည်ရှိသော် ပြတ်၏ပျောက်၏၊ တဘန်ပဋိသန္ဓေမနေပြီပဲ့ချဲ့ ယူသော အ ယူသည်၊ အဟေတုကဒိဋ္ဌိမည်၏၊ ၊သတ္တဝါတို့အား ညစ် ညိုးခြင်း ဖြူစင်ခြင်း၏အကြောင်းမရှိ၊ အကြောင်း မရှိဘဲ သာလျှင် ညစ်ညိုးကုန် ဖြူစင်ကုန်၏၊ ခပ်သိမ်းသောသတ္တ ဝါတို့သည်၊ ကမ္ဘာကြီး ၈၄၀၀၀၀၀ ပတ်လုံးကျင်လည်၍၊ ကမ္ဘာကြီး ၈၄၀၀၀၀၀ ကုန်သည် ရှိသော်၊ သံသရာ ဆင်းရဲ၏အဆုံး နိဗ္ဗာန်သို့ ရောက်ကုန်၏၊ ပညာရှိသောသူ ပဲ့ချဲ့သည်။ ကမ္ဘာကြီး-၈၄၀၀၀၀၀- အတွင်း၌ ဖြူစင်

ခြင်း၌ါ မစွမ်းနိုင်၊ ရိက်သောသူ ဟူ၍လည်း ကမ္ဘာ ၈၄၀၀၀၀၀-ကို မလွန်နိုင်ပြီဟူ၍ ယူသော အယူသည်၊ နဿိကဒိဋ္ဌိမည်၏၊ ။ဤဒိဋ္ဌိသုံးပါးတို့သည် ဘောက်ပြန်၍ ယူသောခဏ၌ပင် ကံမြောက်သော်လည်း ထိုယူသောဘဝ တွင်သာသည်တိုင်အောင် ၎င်းအယူကို မစွန့်မှသာလျှင်၊ငရဲ ၌ဖြစ်ခြင်းဟူသော အကျိုးပေးခြင်းမြဲသည်၊ ထိုဘဝ၌၎င်းအ ယူကိုစွန့်လျှင်၊ ၎င်းအကျိုးပေးခြင်းမမြဲ၊ စွန့်လွှတ်သောခဏ ကာလ၌ပင်မဂ်ဖိုလ်ကိုရကောင်း၊ ရနိုင်၏၊

ဒုစရိုက်အကြောင်းပြီး၏၊

သုစရိုက်အကြောင်း၊

သုစရိုက်ဆယ်ပါး၊

၁၄၊ သုစရိုက်ကားဆယ်ပါးအပြားရှိ၏ (ကုသလကမ္မ ပထဟူ၍လည်းခေါ်သည်၊) ဆယ်ပါးဟူသော်ကား၊

(၁) သူတပါး၏အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ် ခြင်း (ပါဏာတိပါတာဝေရမဏီ၊)

(၂) သူတပါး၏ဥစ္စာကို ခိုးယူခြင်းမှရှောင်ကြဉ်ခြင်း (အဒိန္နာဒါနာဝေရမဏီ၊)

(၃) သူတပါး၏ သားမယားကို သွားလာကျူးလွန် ခြင်းမှ ရှောင်ကြဉ်ခြင်း (ကာမေသုမိစ္ဆာစာရာ ဝေရမဏီ၊)

(၄) မမှန်သောစကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ် ခြင်း(မုသာဝါဒါဝေရမဏီ၊)

(၅) ကုန်းချောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်

ခြင်း(ပိသုနဝါစာ ဝေရမဏီ၊)
(၆) ကြမ်းကြုတ် ဆဲရေးသောစကားကို ပြောဆို ခြင်းမှရှောင်ကြဉ်ခြင်း(ဖရုသဝါစာဝေရမဏီ)
(၇) အကျိုးမရှိပြိန်ဖျင်းသောစကားကို ပြောဆိုခြင်း မှရှောင်ကြဉ်ခြင်း(သမ္ဖပ္ပလာပဝါစာဝေရမဏီ)
(၈) သူတပါး၏စည်းစိမ်ဥစ္စာကို ငါ၏ဥစ္စာ ဖြစ်ပါ ဘိဟု တောင့်တခြင်းမရှိခြင်း(အနဘိဇ္ဈာ၊)
(၉) သူတပါး သေကြေပျက်စီးခြင်းကို တောင့်တ ခြင်းမရှိခြင်း၊(အဗျာပါဒ၊)
(၁၀) မဖောက် မပြန် ဖြောင့်မှန်သော အားဖြင့် မြင်ခြင်း၊(သမ္မာဒိဋ္ဌိ၊)

ဤဆယ်ပါးတည်း၊ ၊ထိုဆယ်ပါးတို့၏အနက်အဓိပ္ပါယ် ကို သိလွယ်ပြီးဖြစ်၍၊ အကျယ်မရေးသတည်း၊

ပုညကိရိယာဝတ္ထုဆယ်ပါး။

၁၅၊ ဤသုစရိုက် ဆယ်ပါးသည်၊ ပုညကိရိယာဝတ္ထု ဆယ်ပါးတွင် သိလဍ္ဍအကျုံးဝင်၏၊

ပုညကိရိယာ ဝတ္ထုဆယ်ပါးဟူသည်ကား၊
(၁) လှူဒါန်းပူဇော်ချီးမြှင့်ခြင်း(ဒါန)
(၂) သီလစောင့်ထိန်းခြင်း(သီလ)
(၃) ဘာဝနာပွားခြင်း(ဘာဝနာ)
(၄) ရတနာသုံးပါး ဆရာမိဘစသော သူတို့အား အရိုအသေပြုခြင်း(ပစာယန)
(၅) ရတနာသုံးပါးဆရာမိဘစသော သူတို့၏ အမှု ကြီးငယ်ကိုရွက်ဆောင်ခြင်း (ဝေယျာဝစ္စ)

(၆) မိမိပြုသောကုသိုလ်ကောင်းမှုတို့ကို၊ သူတပါး
တို့အားပေးဝေခြင်း(ပတ္တိဒါန)
(၇) သူတပါးပြုသော ကုသိုလ်ကောင်းမှုအဘို့ကို၊
ဝမ်းမြောက်ခြင်း(ပတ္တာနုမောဒန)
(၈) တရားဓမ္မနာခြင်း (ဓမ္မဿဝန)
(၉) တရားဓမ္မဟောပြောခြင်း(ဓမ္မဒေသနာ)
(၁၀) အလှူ၏အကျိုးသည်ရှိ၏၊ ပူဇော်ခြင်း အကျိုး
သည်ရှိ၏ဟု – ဤသို့စသည်ဖြင့်အယူကိုဖြောင့်
စွာပြုခြင်း (ဒိဋ္ဌိဇုကမ္မ)

### အလှူဒါန၏အပြား။

၁၆၊ စွန့်ကြဲပေးကမ်းလှူဒါန်းပူဇော်ချီးမြှင့်ခြင်း (ဒါန) ကား၊ ပစ္စည်းဝတ္ထုကိုပေးလှူသောအာမိသဒါန၊ မိမိသိသော တရား ကျမ်းဂန်ကို သူတပါးတို့အား ဖြန့်ဖြူးသောဓမ္မဒါန၊ မြတ်သောသူကို ပူဇော်မှုနှင့် လှူဒါန်းသော ပူဇာဒါန၊ ယုတ်ညံ့သောသူကို ချီးမြှင့်မှုဖြင့်လှူဒါန်းသောအနုဂ္ဂဟဒါန၊ ယုတ်ညံ့သောဟီနဒါန၊ အလယ်အလတ်ဖြစ်သော မဇ္ဈိမဒါန၊ အထွဋ်အမြတ်ဖြစ်သောပဏီတဒါန၊အစရှိသည်ဖြင့်၊ဒါနအပြားများစွာရှိ၏၊ အကျယ်ကိုသိလိုမူ၊ ရဟန်းတော် အရှင်မြတ်တို့ ရေးသားစီရင်တော်မူအပ်သော၊ ဒါနဘေဒဒီပနီကျမ်း၊ ဒါနာဒိ ဒီပနီကျမ်းအစရှိသောကျမ်းများတွင်ရှုပါလေ၊ ။ မှတ်ရန် အထူးမှာ၊မဂ်ဖိုလ် နိဗ္ဗာန်တို့ကို တောင့်တရည်ရွယ်၍ ပြုသော ဝိဝဋ္ဋနိဿိတဒါန ဖြစ်မှသာလျှင်၊ နိဗ္ဗာန်သို့ရောက်ကြောင်း အထောက်အပံ့ဖြစ်စေနိုင်သည်၊ လူနတ် စည်းစိမ် မျှကိုသာ

တောင့်တရည်ရော်၍ ပြုအပ်သော ဝဋ္ဋနိဿိတ ဒါနဖြစ်လျှင် လူနတ်စည်းစိမ် မျှကိုသာပေးနိုင်ဖြစ်စေနိုင်သည်၊ ၊အကျော် စေရကိုလိုသောစိတ်ဖြင့် ပြုအပ်သောဒါနသည်လူ့ဘဝ နတ်ဘဝဟူသော ဘဝသမ္ပတ္တိ ဓနဥစ္စာဖြင့် ပြည့်စုံခြင်းဟူသော ဘောဂသမ္ပတ္တိကိုမျှ ဖွာသ္မပေးနိုင်သောကုသိုလ်မျိုးမဟုတ်၊ ဒါနပါရမီမဖြစ်၊ ၊ကုသိုလ်၏အကျိုးကိုလိုလား ငဲ့ကွက်သော စိတ်ဖြင့်ပြုအပ်သောဒါနသည် ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိအကျိုးကိုပေးနိုင်၏၊ ဒါနပါရမီ မမြောက် ကုသိုလ် အကျိုးကို တောင့်တခြင်းမရှိ၊ ဤလှူဒါန်းပေးကမ်းစွန့်ကြဲသော အမှုကား အရိယာနှယ် သူတော်ကောင်းတို့၏ အစဉ်ထုံးတမ်းသွားမြဲ လမ်းပေတည်း၊ ငါသည်လည်း အရိယာလောင်း သူတော် ကောင်းတို့လမ်းကို လိုက်ထိုက်သည်၊ မိမိပိုင်ထိုက်သော ပစ္စည်းဥစ္စာ သူတပါးသို့စွန့်ကြဲ ပေးကမ်းခြင်း မပြုသောအမှု သည်၊ သူတော်ကောင်းမဟုတ်သော အန္ဓဗာလပုထုဇဉ်တို့ အစဉ်ထုံးတမ်းသွားမြဲလမ်းပေတည်း၊ ငါသည် ထိုဗာလပုထု ဇဉ်တို့ လမ်းကိုလိုက်ခြင်းငှါ မထိုက်၊ ဤသို့နှလုံးထား၍စွန့် ကြဲပေးကမ်းသောဒါနကုသိုလ်သည်၊ ဒါနပါရမီ ဖြစ်၏၊ ၊ ထိုမှတပါး၊ အထူးမှတ်ရန်မှာ၊ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ အကျိုးငှါ ပြုအပ်သော ဒါနသည် ယုတ်ညံ့သောဒါနတည်း၊ ဝဋ္ဋဒုက္ခဖြစ်သောဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတို့မှလွတ်ခြင်း ငှါ ပြုအပ်သော ဒါနသည်၊ အလယ်အလတ်ဖြစ်သော ဒါန တည်း၊ ခပ်သိမ်းသော သတ္တဝါတို့ကို၊ ဘဝသမ္ပတ္တိ ဘောဂ သမ္ပတ္တိတို့မှလွတ်စေခြင်းငှါ၊ ဗောဓိသတ္တဘုရားလောင်းတို့ ပြုလေ့ရှိသောဒါနသည်၊ အမြတ်ဆုံးဖြစ်သောဒါနတည်း၊

အလှူခံပုဂ္ဂိုလ်၁၄-ယောက်။

၁၇။ အလှူခံပုဂ္ဂိုလ်-၁၄-ယောက်ရှိ၏။ ၁၄-ယောက် ဟူသော်ကား။

(၁) တိရစ္ဆာန်၊
(၂) ရှုဆိုးတငါစသော သူတော်ကောင်း မဟုတ်သော လူဒုဿီလ။
(၃) သရဏဂုံမရှိသော သာသနာပ သူတော်ကောင်းဖြစ်သော လူသီလဝန္တ၊
(၄) သာသနာပဈာန်ရ-ရသေ့၊
(၅) သရဏဂုံသီလရှိသောလူ ကိုရင်သာမဏေတို့ မှစ၍သောတာပတ္တိမင်ပုဂ္ဂိုလ်၊
(၆) သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊
(၇) သကဒါဂါမိမင်ပုဂ္ဂိုလ်
(၈) ၎င်း ဖိုလ်ပုဂ္ဂိုလ်
(၉) အနာဂါမိမင်ပုဂ္ဂိုလ်၊
(၁၀) ၎င်း ဖိုလ်ပုဂ္ဂိုလ်။
(၁၁) အရဟတ္တမင်ပုဂ္ဂိုလ်၊
(၁၂) ၎င်း ဖိုလ်ပုဂ္ဂိုလ်၊
(၁၃) ပစ္စေကဗုဒ္ဓါ၊
(၁၄) မြတ်စွာဘုရား၊

ဤတကျိပ်လေးယောက်တည်း၊ ။ထိုတကျိပ် လေး ယောက်တို့တွင်တိရစ္ဆာန်သတ္တဝါတို့အား တနပ်စာဝအောင် ကျွေးမွေးသော အလှူသည်၊ ဘဝတရာတိုင်အောင် ကောင်းကျိုး ပေးနိုင်၏၊ လူဒုဿီလအား တနပ်စာဝအောင် ပေးလှူလျှင်၊

ဘဝတထောင်၊ သရဏဂုံမရှိသော သာသနာပ လူသီလဝန္တ တို့အား တနပ်စာလှူလျှင်၊ဘဝကုဋေတသိန်း၊ သရဏဂုံ သီလရှိသော လူ–သာမဏေမှစ၍ သောတာပတ္တိ မဂ်ပုဂ္ဂိုလ် တိုင်ပေးလှူလျှင် ဘဝအသင်္ချေ၊ သည်ကအထက် ဘဝ အသင်္ချေချည်း၊ အသင်္ချေများကိုသာ အဆင့်ဆင့်ကြီးလေ၊ ၊

အထူးမှတ်ရန်မှာ၊ ရဟန်းဒုဿီလသည် လူ ဒုဿီလ ထက်၊ ဆယ်ပါးသောအကြောင်းတို့ဖြင့်ဆယ်ဆသာကြောင်း၊ အရှင်နာဂသိန်ဟောတော်မူသည်၊ (မိလိန္ဒပဉှာတွင်ရှု)၊

❋❋❋❋

ရတနာသုံးပါး၊

၁၀၊ ဝွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၌၊ စိတ်စေတနာ သုံး ပါးအပြားရှိ၏၊ သုံးပါးဟူသော်ကား၊

(၁) မလှူမီရှေးအဘို့၌ဖြစ်သောပုဗ္ဗစေတနာ၊

(၂) လှူဆဲ၌ဖြစ်သောမုဉ္စစေတနာ၊

(၃) လှူပြီးနောက်ဖြစ်သောအပရစေတနာ၊

ထိုစေတနာသုံးပါးတို့တွင် တွန့်တိုခြင်း နဂ္ဂဟိတစေတ နာ မတွန့်တိုခြင်း အနုဂ္ဂဟိတစေတနာ ဟူ၍နှစ်ပါး ကွဲပြား ပြန်၏၊ ထိုနှစ်ပါးတို့တွင်၊ ပုဗ္ဗစေတနာ၌သော်၎င်း၊ မုဉ္စစေ တနာ၌သော်၎င်း၊ အပရစေတနာ၌သော်၎င်း၊ တွန့်တိုသော စေတနာနှင့် လှူသော အလှူ၏အကျိုးကြောင့်၊ ကြီးစွာသော စည်းစိမ်ကိုပင်ရသော်လည်း၊ မစားရက်၊ မသောက်ရက်၊ မလှူရက်၊ မပေးရက်ဖြစ်၍၊ ဥစ္စာစောင့်ကဲ့သို့သာ ဖြစ်သေ ကုန်၏၊ မတွန့်တိုသောစေတနာသုံးတန်လုံးညီညွတ်မှ အကျိုး ပေးထက်သန်၏၊ ဤသို့လျှင်၊ အလှူဒါနအရာ၌၊ လှူသော

သူ၏စေတနာနှင့်၊ အလှူခံပုဂ္ဂိုလ် အယုတ်အလတ် အမြတ်ကိုအကြောင်းပြု၍ အကျိုးပေးအယုတ်အလတ် အမြတ်ဖြစ်၏၊ မတွန့်တိုသောစေတနာသုံးတန်လုံးညီညွတ်၍၊အလှူခံပုဂ္ဂိုလ် ၁၄–ယောက်အနက် မြတ်စွာဘုရားကို လှူသော အလှူသည်၊ အထွဋ်မြတ်ဆုံးဖြစ်သော ပုဂ္ဂလိကဒါနဖြစ်၏၊ ထိုမှတပါး အထူးမှတ်ရန်မှာ၊ ပုဂ္ဂိုလ်တဦးတယောက်ကို ရည်ညွှန်းလှူသော ပုဂ္ဂလိက အလှူထက် ပုဂ္ဂိုလ် အပေါင်းကို ရည်ညွှန်းလှူဒါန်းသော သင်္ဃိက အလှူသည် သာ၍ အကျိုးပေးထက်သန်၏။

ဝေလာမသုတ်၌ဟောတော်မူသော ဒါနအပြား (၁၄)ပါး။

၁။ ဝေလာမသုတ်၌ ဟောတော်မူအပ်သော အလှူဒါနကား–၁၄-ပါးအပြားရှိ၏–၁၄–ပါသော်ကား၊

(၁) အလောင်းတော်ဝေလာမပုဏ္ဏားအလှူ၊
(၂) သောတာပန်တပါးအလှူ၊
(၃) ၎င်း တရာအလှူ၊
(၄) သကဒါဂါမိတပါးအလှူ၊
(၅) ၎င်း တရာအလှူ၊
(၆) အနာဂါမိတပါးအလှူ၊
(၇) ၎င်း တရာအလှူ၊
(၈) ရဟန္တာတပါးအလှူ၊
(၉) ၎င်း တရာအလှူ၊
(၁၀) အရှင်ပစ္စေကဗုဒ္ဓတပါးအလှူ၊
(၁၁) ၎င်း တရာအလှူ၊

(၁၂) မြတ်စွာဘုရားတပါးအလှူ၊
(၁၃) ဘုရားအမှူးရှိသောသင်္ဃာကဆွမ်းအလှူ၊
(၁၄) စတုဒိသာသင်္ဃာကကျောင်းအလှူ၊

ဤ-၁၄-ပါးတို့တည်း၊ ယို-၁၄-ပါးတို့တွင်နံပါတ်-၁-အလှူထက်၊ နံပါတ်-၂-အလှူသည်အကျိုးကြီး၏၊ နံပါတ်-၂-အလှူထက်နံပါတ်-၃-အလှူသည် အကျိုးကြီး၏၊ ဤသို့အစရှိသည်ဖြင့် အဆင့်ဆင့်တက်သော် နံပါတ်-၁၄-စတုဒိသာသင်္ဃာကကျောင်းအလှူသည်အကျိုးအကြီးဆုံးဖြစ်၏၊

သရဏဂုံသုံးပါး။

၂၀၊ ပုညကိရိယာ ဝတ္ထု ဆယ်ပါးတွင်၊ ဒုတိယဖြစ်သော သီလအကြောင်းကိုမရေးမှီ၊ သရဏဂုံ အကြောင်းကို ရှေဦးစွာရေးသားအပ်၏၊ ၊သရဏဂုံကား သုံးပါးအပြားရှိ၏၊သုံးပါးဟူသော်ကား၊

(၁) မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ဆည်းကပ်ပါ၏ဟူသော-ဗုဒ္ဓံသရဏံဂစ္ဆာမိ၊
(၂) တရားတော် မြတ်ကို ကိုးကွယ်ရာ ဟူ၍ဆည်းကပ်ပါ၏ဟူသော-ဓမ္မံသရဏံဂစ္ဆာမိ၊
(၃) သံဃာတော် မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ဟူသော-သံဃံသရဏံဂစ္ဆာမိ၊

ဤသုံးပါးတည်း၊

သရဏဂုံသုံးပါးသည်ရတနာမည်ခြင်းအကြောင်း၊

၂၁၊ သရဏဂုံသုံးပါးကို၊ ရတနာသုံးပါးဟူ၍လည်းခေါ်၏၊ရတနာဟူသည်ကား၊ အရိုအသေပြုအပ်၊ ပူဇော်အပ်သောသဘောရှိ၏၊ အဘိုးများစွာထိုက်သောသဘောရှိ၏၊ တုဘက်

ကင်းသောသဘောရှိ၏၊ဖူးမြင်ရခဲခြင်းသဘောရှိ၏၊မယုတ်မာ
သောသတ္တဝါတို့၏၊ သုံးဆောင်ရာဖြစ်သော အနက်သဘောရှိ
၏၊ ထိုငါးပါးတို့ဘွင် လောက၌ ပူဇော်အပ်သော အနက်သ
ဘောကြောင့်၊ ရတနာမည်သော ဝတ္ထုသည် ရှိ၏၊ ထိုဝတ္ထု
သည်အဘယ်နည်းဟူမူကား၊ စကြာမင်း၏ စကြာရတနာ
ပတ္တမြားရတနာတို့တည်း၊ ထိုစကြာရတနာ ပတ္တမြားရတနာ
ကို စကြာမင်းရအပ်သည့်ရှိသော်၊ များစွာသော လူအပေါင်း
တို့သည်၊ အခြားသောဌာန၌ရိုသေပူဇော်ခြင်းကို မပြုကြကုန်၊
ထိုစကြာရတနာပတ္တမြားရတနာတို့ကိုသာ အရိုအသေပြုခြင်း
ပူဇော်ခြင်းကို ပြု၍၊ မိမိတို့ လိုအပ်သော ခဲဘွယ် စားဘွယ်
အဝတ်ပုဆိုးထည့်မျိုးအုပ်မျိုး အသုံးအဆောင်ကိုငင်း။ ရွှေ
ငွေကျောက်မျက်ရွဲ ပုလဲပတ္တမြားစသော အမျက်ရတနာကို
ငင်း၊ တောင့်တကြ၏၊ထိုတောင့်တတိုင်းသော အရာကို ရကြ
၏၊ ထိုသို့ပူဇော်အပ်သော အလို ခပ်သိမ်းကို ပြည့်စုံ နိုင်သော
စကြာရတနာ ပတ္တမြားရတနာတို့သည်လည်း၊ ဘုရားရတနာ
နှင့်။ တူသောအဖြစ်မရှိ၊ အရိုအသေပူဇော်အပ်သော အနက်
သဘောကြောင့်၊ ရတနာအကယ်၍မည်သည်ဖြစ်အံ့၊ ဘုရား
ရတနာသာလျှင်အလွန်အကဲအားဖြင့်ရတနာမည်၏၊ အဘယ်
ကြောင့်ဆိုသော်၊ လူတို့သာ အရိုအသေ ပူဇော်ကြသည် မ
ဟုတ်၊ လူတို့ထက်သာလွန်၍တန်ခိုးကြီးသော နတ်ဗြဟ္မာတို့
လည်း၊ အထူးရိုသေစွာ ပူဇော်ကြကုန်၏၊ လောက သုံးပါး၏
ပူဇော်ရာကြီးဖြစ်၏၊ ၊အဘိုးများစွာ ထိုက်သော သဘော
အားဖြင့်၊ရတနာမည်သော အကြင်ဝတ္ထုသည်ရှိ၏၊ ထိုဝတ္ထု
သည်အဘယ်နည်း ဟူမူကား၊ ရှေးအခါ၌ ကာသိတိုင်း၌ ဖြစ်

သောအဝတ်ပုဆိုးထည်၊ ထိုအဝတ်ပုဆိုးသည် ဟောင်းနွမ်း
သော်လည်း အဆင်းနှင့်ပြည့်စုံသည်သာဖြစ်၏၊ ကောင်းသော
အခွေ့ရှိ၏၊ အဘိုးများစွာလည်းထိုက်၏၊ ထိုကာသိတိုင်းဖြစ်
ပုဆိုးသည်သည်း ဘုရားရတနာနှင့်တူသော အဖြစ်မရှိ၊အ
ဘိုးများစွာထိုက်သောကြောင့်၊ အကယ်၍ရတနာမည်သည်
ဖြစ်အံ့ မြတ်စွာဘုရားသည်သာလျှင် အလွန်အကဲ အားဖြင့်
ရတနာမည်တော်မူ၏၊ အဘတ်ကြောင့်ဆိုသော်၊ မြတ်စွာဘု
ရားအား၊ အနည်းငယ်ပန်းတပွင့်မျှသူ့ဒါန်းပူဇော်ရကုန်သော
သူတို့အား၊ ကမ္ဘာများစွာအပါယ်သို့ မလားမရောက်မူ၍၊လူ
မင်းနတ်မင်းတို့၏ စည်းစိမ်ချမ်းသာကို ကြိမ်ဘန်များစွာ ခံ
စား သုံးဆောင်ရခြင်းစသော အဘိုးအတိုင်းမသိ ထိုက်သ
သောအကျိုးကိုဖြစ်စေတော်မူတတ်သောကြောင့်တည်း၊ ၊
တဘက်ကင်းသော သဘောအားဖြင့် ရတနာမည်သော အ
ကြင်ဝတ္ထုသည် လောက၌ရှိ၏၊ ထိုဝတ္ထုသည် အဘယ်နည်း
ဟူမူ၊ စကြာဝတေး မင်းအားဖြစ်သော စကြာရတနာတည်း၊
ထိုစကြာရတနာသည်၊ နီလာ ပတ္တမြားဖြင့်ပြီးသော ပု
တောင်းအချက်၊ ရတနာ ခုနစ်ပါးဖြင့် ပြီးသော တထောင်
သောအကန့်အကွက်၊ သန္တာဖြင့်ပြီးသောအကွပ်ရှိ၏၊ ရှားမီး
ခဲသို့ရဲရဲနီသော ရွှေစင်ဖြင့်ပြီးသော အဆက်အစပ်ရှိ၏၊ ၎င်း
စကြာရတနာ၏ ဆယ်ခုဆယ်ခုသော အကန့်တို့ အထက်၌
တခုတခုစီပြွန်ငယ်အားဖြင့် တခုသောပြွန်ငယ်တို့သည်၊ လေ
ကိုယူခြင်းငှာဖြစ်ကုန်၏၊ ထိုပြွန်ငယ်တို့ ပြုအပ်သော အသံ
သည်၊ အလွန်လိမ္မာသောသူတို့ ညှိအပ်သော တူရိယာမျိုးငါး
ပါးအသံကဲ့သို့၊ ငြိမ့်လေးသာယာစွာမြည်၏၊ထိုအကန့်ဆယ်ခု

ဆယ်ချဉ်၊ တစင်းတစင်းစီဖြစ်၍၊ တရာသော ထိပ်ဖူးတို့ဖြင့်၎င်း၊ ထိပ်ဖူးတစင်းတစင်း၌၊ နှစ်သွယ် နှစ်သွယ်စီ ဖြစ်၍၊ နှစ်ရာသောပုလဲသွယ်ဖြင့်၎င်း လွှန်စွာတင့်တယ်၏၊ ပုံတောင်း၏ နှစ်ဘက်သောအဝတို့၌ ရတနာဖြင့်ပြီးသော ခြသေ့်ခံ တွင်း နှစ်ခုတို့သည် ရှိကုန်၏ အတွင်း၌ကား၊ လှည်း ပုံတောင်း၏ အတွင်းကဲ့သို့ ချောမွေ့စွာသော အခေါင်းရှိ၏၊ ထိုစကြာရတနာကို ပြုတတ် ပြုစေတတ်သော သူသည်မရှိ၊ စကြာမင်း၏အကြောင်းရင်း ကံတော်သာလျှင် အကြောင်းရင်းရှိသော ဥတုကြောင့်ဖြစ်၏၊ ထိုစကြာရတနာ၏ အဘိုးကို ပိုင်းခြားခြင်းငှာမတတ်ကောင်း၊ တဘက်ကင်းသော ရတနာမြတ်ဖြစ်၏၊ တဘက်ကင်းသော သဘောအားဖြင့် အကယ်၍ ရတနာမည်သည်ဖြစ်အံ့၊ မြတ်စွာဘုရား သည်သာလျှင်စင်စစ်ရတနာမည်တော်မူ၏၊ မြတ်စွာဘုရားသည် သီလဂုဏ်တော် အားဖြင့်၎င်း၊ သမာဓိဂုဏ်တော်၊ ပညာဂုဏ်တော်စသည့်တို့တွင်၊ တပါးပါးအားဖြင့်၎င်း၊ ဤမြွေ့ညီမျှရှိ၏၊ ဤသူနှင့်တူ၏၊ ဤသူနှင့်မျှ၏ဟု လောကသုံးပါးတွင် တစုံ တယောက်သောသူသည်၊ ပိုင်းခြားခြင်းငှာ မတတ်ကောင်း သည်သာ ဖြစ်တော်မူ၏၊ တဘက်ကင်းသော တယောက် ထည်းသော အတုလပုဂ္ဂိုလ် ဖြစ်တော်မူ၏၊ ၊ဖူးမြင်ရခဲခြင်းသဘောကြောင့် ရတနာမည်သော အကြင်ဝတ္ထုသည် ရှိ၏၊ ထိုဝတ္ထုသည်အဘယ်နည်းဟူမူ၊ ရခဲသော ထင်ရှားဖြစ်ခြင်း သဘောရှိသော စကြာဝတေးမင်းသည်၎င်း၊ ထိုမင်း၏ စကြာရတနာရှိသော ရတနာတို့သည်၎င်း၊ ဖြစ်သ

တည်း၊ ထိုအလုံးစုံသည်လည်း၊ ဘုရားရတနာကဲ့သို့ ရခဲသောအဖြစ်မရှိ၊ ဖူးမြင်ရခဲခြင်းသဘောကြောင့်၊ အကယ်၍ ရတနာမည်သည်ဖြစ်အံ့၊ မြတ်စွာဘုရားသည်သာလျှင် ရတနာမည်ထော်မူရာ၏၊ ထိုစကြာမင်းအစရှိသည်တို့သည် တခုသောကပ်၌သာလျှင် တပါးမကများစွာဖြစ်ကုန်၏၊ မြတ်စွာဘုရားတို့သည်ကား၊ အသင်္ချေဖြစ်သော ကပ်၌လည်း ပွင့်တော်မမူကုန်သည်ဖြစ်၍၊ဘုရားမပွင့်သော သုညကမ္ဘာသာလျှင်များသတည်း၊ ပွင့်တော်မူသောကမ္ဘာ၌လည်း၊ တဆူသောဘုရား၊ နှစ်ဆူသောဘုရား၊ သုံးဆူသောဘုရား၊ လေးဆူသောဘုရား၊ ငါးဆူသောဘုရားတို့သာလျှင် ပွင့်တော်မူကုန်၏၊ ဘုရားပွင့်တော်မူသော ကာလထက်၊ မပွင့်တော် မူသောကာလသည် အလွန်များလေသည်ဖြစ်၍၊ ပွင့်တော်မူသောကာလသည်၊ မိုးတိမ်အုပ်သော ညဉ့်အခါ၌ လျှပ်စစ်ပြက်သောအခါကဲ့သို့ဖြစ်သတည်း ဤသို့လျှင်ဖူးမြင်ရခဲခြင်း အနက်သဘောအားဖြင့်လည်း၊ ဘုရားရတနာနှင့်တူသောရတနာသည် လောကသုံးပါး၌မရှိသည်သာတည်း၊ ၊မယုတ်မာသောသတ္တဝါတို့၏ သုံးဆောင်ရာဖြစ်သော အနက်သဘောအားဖြင့် ရတနာမည်သောအကြောင်းဝတ္ထုသည်ရှိ၏ ထိုဝတ္ထုသည်အဘယ်နည်းဟူမူ၊ စကြာဝတေးမင်း၏ စကြာရတနာအစရှိသောခုနစ်ပါးသောရတနာတို့ပင်တည်း၊ ထိုစကြာ ရတနာအစရှိသည်တို့ကို၊ နိမ့်သောအမျိုး၌ ဖြစ်ကုန်သောသူယုတ်မာတို့အားအိပ်မက်၌ လည်းသုံးဆောင်ခြင်းအကျိုးငှာမဖြစ်လေ၊စကြာဝတေးမင်း၏သုံးဆောင်ခြင်းအကျိုးငှာဖြစ်ခြင်းကြောင့်၊မယုတ်မာသောသူတို့၏ သုံးဆောင်ရာသာလျှင်ဖြစ်

သတည်း။ မယုတ်မာသောသတ္တဝါတို့၏ သုံးဆောင်ရာဖြစ်သောအနက်သဘောအားဖြင့်၊ အကယ်၍ရတနာမည်သည့်ဖြစ်အံ့၊ မြတ်စွာဘုရားသည့်သာလျှင် ရတနာမည်တော်မူ၏၊ မြတ်စွာဘုရားသည်၊ လောက၌ယုတ်မာသောသူဟု သမုတ်အပ်ကုန်သော အရပဏ္ဍဒိုလ်၏အကြောင်း ပစ္စည်းမှကင်းကုန်သော၊ ပုရာဏကဿပ၊ မက္ခလိဂေါသာလ အစရှိကုန်သော ခြောက်ယောက်သော ဆရာတို့အားရင်း၊ ဤသို့သဘောရှိသောအခြားသူတို့အားရင်း၊ အရပဏ္ဍိုလ်၏ချမ်းသာကိုဖြင့်မက်၍လည်းသုံးဆောင်ရခြင်းဖြစ်လေ၊ ဘုရားပစ္စေကဗုဒ္ဓါသာဝကပုဂ္ဂိုလ်တို့၏ သုံးဆောင်ရာမျှင်ဖြစ်သတည်း၊ ဤသို့လျှင်မယုတ်မာသောသတ္တဝါတို့၏ သုံးဆောင်အပ်သော သဘောအားဖြင့်လည်း၊ မြတ်စွာဘုရားနှင့်တူသော ရတနာမည်သည်လောကသုံးပါး၌မရှိ၊ ဤသို့လျှင်အဖိုးအလေမူဖော်အပ်သောသဘော၊ အတိုးများစွာထိုက်သောသဘော၊ တုဘက်ကင်းသောသဘော၊ ဖူးမြင်ရခဲခြင်းရှိသောသဘော၊ မယုတ်မာသောသတ္တဝါတို့၏ သုံးဆောင်အပ်သောသဘော။ ဤသဘောငါးပါးကြောင့်၊ ရတနာမည်သည်ဖြစ်၍၊ မြတ်စွာဘုရားသည်သာလျှင် အမြတ်ဆုံးရတနာအစစ်ဖြစ်တော်မူ၏။ ။ဤဘုရားရတနာ၏ ရတနာမည်သောအဖြစ်ကိုပြသဖြင့်၊ တရားရတနာ၊ သံဃာရတနာတို့၏ ရတနာမည်သောအဖြစ်လည်းငြိသတည်း၊ အဘယ်ကြောင့်နည်းဟူမူ၊ တရားရတနာ၊ သံဃာရတနာတို့၏ တပါး အခြားမဟုတ်သည်၏ အဖြစ်ကြောင့်ရင်း၊ ဘုရားရတနာလျှင် အကြောင်းမူလဖြစ်သည်၏ အဖြစ်ကြောင့်ရင်းဖြစ်သတည်း။

ရတနာသုံးပါး၏ သရဏမည်သောအဖြစ်။

၂၂။ ရတနာသုံးပါး၏ သရဏမည်သော အဖြစ်ကား။ ဆင်းရဲကို ဖျက်ဆီးတတ်၊ ညှင်းဆဲတတ်သောကြောင့်၎င်း၊ ချမ်းသာကို ဖြစ်စေတတ်သောကြောင့်၎င်း. ရတနာသုံးပါး သည် သရဏ မည်တော်မူ၏။ ။တနည်းကား၊ ။မြတ်စွာ ဘုရားသည်၊ လောကီလောကုတ္တရာ အစီးအပွားကိုဖြစ်စေ တော်မူခြင်းဖြင့်၎င်း၊ သဥဘာဝ နောက်ဘဝတို့၌ အစီးအပွား မဲ့ကို နှစ်စေတော်မူခြင်းဖြင့်၎င်း၊ ကိုးကွယ်ကုန်သော သတ္တ ဝါတို့၏ ကြောက်အပ်သောဘေးကို ညှင်းဆဲဖျက်ဆီးတော် မူတတ်၏၊ တရားတော်သည် ဘေးအပြည့်ရှိသောသံသရာ ဝဋ်ဆင်းရဲဘဝခရီးခဲမှ၊ နိဗ္ဗာန်တည်းဟူသော ဘေးမရှိသော အရပ်သို့ ရောက်အောင် ထုတ်ဆောင်တော် မူခြင်းဖြင့်၎င်း၊ သက်သာချက်ကို ပေးတော်မူခြင်းဖြင့်၎င်း၊ ကိုးကွယ်ဆည်း ကပ်ကုန်သောသတ္တဝါတို့၏ ကြောက်အပ်သောသံသရာဘေး ကို ညှင်းဆဲ ဖျက်ဆီးတော်မူတတ်၏၊ သံဃာတော်သည်အ နည်းငယ်မျှမိမိအားကျေးဇူးပြုကုန်သော သူတို့အား၊ ပြန်ပြော သောအကျိုးကို ရခြင်းကို ပြုတော်မူသဖြင့်၊ ကိုးကွယ်ကုန် သောသူတို့၏၊ ကြောက်အပ်သော သံသရာဘေးကိုညှင်းဆဲ ဖျက်ဆီးတော်မူတတ်၏၊ ထို့ကြောင့် ရတနာသုံးပါးသည် သရဏမည်တော်မူ၏၊ ရန်သူတို့၏ အလယ်၌ ရောက်သည် ဖြစ်၍၊ အသက်-သားမယား-စီးပွားဥစ္စာတို့၏ အန္တရာယ် ဘေးနှင့်တွေ့ကြုံခြင်းကြောင့်၊ အလွန်ကြောက်ရွံ့ ထိတ်လန့် တုန်လှုပ်သောသူအား၊ တန်ခိုးကြီးသောမင်းစသောသူသည် ထိုရန်သူတို့ကို ညှင်းဆဲဖျက်ဆီးလျှက်၊ အသက်၏ချမ်းသာ

ခြင်း၊ သားမယားတို့၏ချမ်းသာခြင်း၊စီးပွားဥစ္စာ၏ချမ်းသာခြင်းတို့ကို ဖြစ်စေတတ်သည် ရှိသော်၊ ထိုမင်းစသော သူသည်ကြီးမွားသော အကျိုးမဲ့ကိုနစ်စေလျက်၊ ကြီးမွားသော အကျိုးကို ဖြစ်စေ တတ်သောကြောင့်၊ ထိုသူ၏ ကိုးကွယ်ရာဟု လောက၌ဆိုအပ်သကဲ့သို့၊ ပဋိသန္ဓေ နေရခြင်း၊ နာရခြင်း၊ အိုရခြင်း၊ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းရခြင်း၊ သေရခြင်း စသော သံသရာဘေးတို့နှင့်၊ အဘန်ဘန်တွေ့ကြုံရခြင်းကြောင့် ကြီးမွားသော ကြောက်ခြင်း ထိတ်လန့်တုန်လှုပ်ခြင်းတို့ရောက်ရကုန်သော၊လူ-နတ်-ဗြဟ္မာသတ္တဝါတို့အား၊ရတနာသုံးပါးသည် ထိုဘေးအပေါင်းတို့ကို ညှင်းဆဲဖျက်ဆီးတော်မူလျက်၊ ယခုဘဝ၌ဖြစ်သောစီးပွားချမ်းသာ၊ နောက်ဘဝတို့၌ဖြစ်သော စီးပွားချမ်းသာ၊မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ချမ်းသာတို့ကိုဖြစ်စေတော် မူတတ်သည် ရှိသော်၊ ထိုရတနာ မြတ်သုံးပါးသည်သံသရာဝဋ်ဆင်းရဲကို နစ်စေတော်မူလျက်၊ အဆုံးမရှိသော နိဗ္ဗာန်ချမ်းသာကို ဖြစ်စေတော်မူတတ်သောကြောင့်၊ ထိုလူ-နတ်-ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာသရဏဟူ၍ဆိုအပ်သတည်း။

### သရဏဂမန၏အဓိပ္ပါယ်။ ဂစ္ဆာမိ၏အဓိပ္ပါယ်။

၂၃၊ သရဏဂမနဟူသော သရဏဂုံသည်ကား၊ ရတနာသုံးပါးတို့၌ကြည်ညိုခြင်း၊ အလေးပြုခြင်းရှိသော အဖြစ်တို့ဖြင့် ကိလေသာကိုပယ်ဖျက်အပ်သည်ဖြစ်၍၊ ထိုရတနာသုံးပါးလျှင် ကိုးကွယ်ရာရှိသည်ဟူ၍၊ ဖြစ်သောစိတ်သည်၊ သရဏဂမနသရဏဂုံမည်၏။

ဂန္ဓာဒိပဗ္ဗသည်ကား ထိုသို့ဖြစ်သော စိတ်ဖြင့်၊ ရတနာသုံးပါးသည်၊ အကျွန်ုပ်၏ဆင်းရဲအပေါင်းကို ပျောက်လျှက်၊ ချမ်းသာအပေါင်းသို့ ရောက်စေတော် မူတတ်သော ကိုးကွယ်ရာတည်း၊ ဤရတနာသုံးပါးသည်၊ အကျွန်ုပ်၏လည်း လျောင်းရာတည်း၊ ဤသို့ဆည်းကပ်တတ်၏၊ဤကား ဂန္ဓာဒိ၏ အနက်အဓိပ္ပါယ်တည်း။

သရဏဂုံနှစ်ပါးပြားကြောင်း။

၂၄၊ ထိုသရဏဂုံသည်၊လောကုတ္တရာသရဏဂုံ၊ လောကီ သရဏဂုံအားဖြင့် နှစ်ပါးအပြားရှိကုန်၏၊ ထိုနှစ်ပါးတို့တွင်၊သစ္စာလေးပါးကို မြင်ပြီးကုန်သော အရိယာ ပုဂ္ဂိုလ်တို့အား၊မဂ်ခဏ၌၊သရဏဂုံကိလေသာ၏အညစ်အကြေးဖြစ်ကုန်သော ကိလေသာတို့ကို၊ အမြစ်အရင်းနှင့်တကွ၊ နုတ်ဖြတ်သောအားဖြင့်၊နိဗ္ဗာန်ကိုအာရုံပြု၍၊ လောကုတ္တရာသရဏဂုံသည်ဖြစ်၏၊ လောကီသရဏဂုံကဲ့သို့၊ဘုရား၊တရား၊ သံဃာ၌၊ အသီးအသီး အစဉ်အတိုင်းမခံယူရပြီ။ မဂ်ကိုမရသေးသောပုဂ္ဂိုလ်တို့အား သရဏဂုံ၏ညစ်ညူးကြောင်းဖြစ်ကုန်သောကိလေသာတို့ကို၊ ခဏမျှခွါလျှက်၊ ရတနာသုံးပါး၏ ဂုဏ်တော်ကို အာရုံပြု၍၊ အသီးအသီး ခံယူသောအားဖြင့် လောကီသရဏဂုံသည်ဖြစ်၏၊

သရဏဂုံတည်ဥပါသကာ၏အဖြစ်မြင့်မြတ်ကြောင်း။

၂၅၊ သောကသမုတိနတ်ဟု သမုတ်အပ်သော ဘုရင်မင်းမြတ်၏ သားကြီးရတနာသည်၊ အဘိသိက်သွန်းလောင်းသည်နှင့်တပြိုင်နက် မင်း၏အဖြစ်သို့ ရောက်သကဲ့သို့ရင်း၊ ပြဲဘူးသော ကောင်းမှုထူးရှိသော သာမဏေလောင်းသည်၊

ဆံရိတ်ခြင်း၊ သင်္ကန်းကို ဝတ်ခြင်းတို့၏အဆုံး၌၊ မိမိဆရာ့ထံ သရဏဂုံသုံးပါးကို ခံယူဆောက်တည်သည်နှင့် တပြိုင်နက်၊ လူ၏အဖြစ်ကိုစွန့်၍၊ မြတ်စွာဘုရားသားတော် သာမဏေ၏ အဖြစ်သို့ရောက်သကဲ့သို့၎င်း၊ ပဉ္စင်းလောင်းသည်၊ သိမ်အပြင်၌၊ ကမ္မဝါစာ အာဏာတော်မြတ်ကို၊ မိမိ၏ဆရာ ကောင်းစွာဘတ်ရွတ် ပြီးဆုံးသည်နှင့် တပြိုင်နက်၊ လူမင်း နတ်မင်း ပြဟ္မာမင်းတို့၏ အဖြစ်ထက် မြင့်မြတ်လှစွာသော ရဟန်း၏အဖြစ်သို့ ကောင်းစွာရောက်သကဲ့သို့၎င်း၊ ထို့အတူ ပြုဘူးသောကောင်းမှုသုံး ရှိသည်ဖြစ်၍၊ ကြုံမိကြိုက်ခဲလှစွာသော သာသနာတော်မြတ်၌ကြုံမိကြိုက်ရသော ပုဂ္ဂိုလ်သည်၊ သရဏဂုံသုံးပါးကို သုံးကြိမ်မြောက် ခံယူဆောက်တည်သည်နှင့် တပြိုင်နက်၊ သာမညလူ၏ အဖြစ်ကို လွန်၍၊ မြတ်စွာဘုရား သာသနာတော်တွင်း၌၊ မြတ်သောသရဏဂုံတည်ဥပါသကာ၏အဖြစ်သို့ရောက်လေသတည်း၊

### သရဏဂုံသုံးပါးကို ဆောက်တည်ခြင်း၏အကျိုး။

၂၆၊ သရဏဂုံသုံးပါးကို ခံယူဆောက်တည်ခြင်း၏ အကျိုးကား ရှစ်ပါးရှိ၏၊ ရှစ်ပါးဟူသည်ကား။

(၁) အရပ်ရှစ်မျက်နှာ၌၊ သူခပ်သိမ်းတို့၏ အပူဇော်ကိုခံရခြင်း၊

(၂) ထက်မြတ်သောပညာရှိခြင်း၊

(၃) အလုံးစုံသောနတ်တို့ မိမိအလိုသို့လိုက်ရခြင်း၊

(၄) မနှိုင်းယှဉ်နိုင်သော စည်းစိမ်ချမ်းသာနှင့်ပြည့်စုံခြင်း၊

(၅) အဆင်းလှခြင်း၊

(၆) ခပ်သိမ်းသောသူတို့ချစ်မြတ်နိုးခြင်း၊
(၇) ဖြစ်ဖွဲ့သောအဆွေခင်ပွန်းတို့မပျက်စီးခြင်း၊
(၈) များမြတ်သောအခြံအရံရှိခြင်း၊

ဤသို့အားဖြင့် ရှစ်ပါးသော အကျိုးတရားတို့ကို၊ ဘဝတိုင်း၌ရ၏။ ၊ရတနာသုံးပါး၌ ကိုးကွယ်သော သရဏဂုံကုသိုလ်ဖြင့်၊ နတ်ပြည်သို့ရောက်သောသူသည်၊ အခြားကုသိုလ်ကံဖြင့်၍နတ်ပြည်သို့ရောက်သော နတ်တို့ထက်ကဲလွန်၏၊ အဘယ်ကြောင့် ကဲလွန်သနည်းဟူမူ၊ ရတနာသုံးပါးသည်၊ သုံးပါးသောလောက၌၎င်း၊ အနန္တစကြဝဠာ၌၎င်း၊ အတုမရှိလွန်ကဲထူးမြတ်သော အထွဋ်အထိပ်သို့ ရောက်သောရတနာအစစ်ဖြစ်တော်မူသည်ဖြစ်၍၊ထိုရတနာသုံးပါး၌ ယုံကြည်လေးမြတ် ဆည်းကပ်ကိုးကွယ်သော သရဏဂုံ ကုသိုလ်သည်လည်း၊ သာသနာပဖြစ်သော အလုံးစုံသော ကုသိုလ်အပေါင်းတို့၏ အထွဋ်အထိပ် ဖြစ်ခြင်းကြောင့်၎င်း၊ သာသနာတော်တွင်ဖြစ်သော၊ အလုံးစုံသော ကုသိုလ်အပေါင်းတို့၏ အကြောင်းရင်းစစ်တည်ရာမူလ ဖြစ်ခြင်းကြောင့်၎င်း၊ ဤသရဏဂုံကုသိုလ်သည်၊ အလွန်အကြူး ထူးကဲလွန်မြတ်သောကုသိုလ်အစစ်ဖြစ်၍၊ အခြားသောကုသိုလ်တို့ဖြင့်နတ်အဖြစ်သို့ ရောက်ကုန်သော တပါးသော နတ်တို့ထက်လွန်ကဲထူးမြတ်လေသတည်း။ ၊သာသနာပ အခါ၌၊ သီလသမာဓိနှင့်ပြည့်စုံသည်ဖြစ်၍၊ သမာပတ်ရှစ်ပါး၊✳ အဘိညာဉ်ငါးပါး✳ တို့ကို ရသဖြင့်၊ ကောင်းကင်ပျံခြင်း၊ မြေလျှိုးခြင်းစ

✳နောက်ဆက်တွဲအစဉ်နံပါတ်( ၃၈ )မှာကြည့်။
✳နောက်ဆက်တွဲအစဉ်နံပါတ်( ၁ )မှာကြည့်။

သောတန်ခိုးရှုဒ္ဓိနှင့် ပြည့်စုံသော၊ သာသနာ့ပ ဈာန်ရ ရသေ ၏ပွားသော ဘာဝနာထက်လည်း၊ သာသနာတော် တွင်း၌ သရဏဂုံကို ပွားများဆောက်တည်သော လူဥပါသကာ၏ သရဏဂုံသည် လွန်ကဲထူးမြတ်လေသတည်း၊

သီလ၏အဓိပ္ပါယ်။

၂၇။ သီလဟူသည် အဘယ်နည်းဟူမူကား၊ သင်္ခေပ အကျဉ်းအားဖြင့် ဆိုသော်၊ ကာယကံဒွါရ အစရှိသည် တို့ကိုဖရိုဖရဲမရှိစေမူ၍၊ မိမိသန္တာန်၌ ကောင်းစွာ ထားခြင်း ကောင်းစွာကျင့်ဆောင်ခြင်းတည်း၊

သီလ၏အပြား။

၂၈၊ သီလသည်၊ ဂါရိတ္တသီလ၊ စာရိတ္တသီလ၊ နိဿိတ သီလ၊ အနိဿိတသီလ၊ နိစ္စသီလ၊ အနိစ္စသီလ၊ အစရှိသ ဖြင့်သီလ၏ အပြားများစွာရှိ၏၊ ။ဝါရိတ္တသီလ ဟူသည် ကား၊ ကာယဒွါရ်သုံးပါး ဝစီဒွါရ လေးပါး တို့ကို မကျူးလွန်ရအောင် စောင့်ထိန်းမှုတည်း။ ဘုရား၊ တရား၊ သံဃာ၊ ဆရာမိဘ၊ ဂုဏ်ကြီးသောသူ၊ အသက်ကြီးသော သူတို့၌ အရိုအသေပြုထိုက်သော အခွင့်တို့ကိုသိ၍၊ အရိုအ သေပြုခြင်း အမှုသည်၎င်း။ တွေ့မြင်သမျှသော သူတို့၌၊ ကု သိုလ်ဖြစ်ထိုက်သော ဝေယျာဝစ္စ အခွင့်ကိုမြင်လျှင်၊ ကိုယ် အမှုကဲ့သို့ အကျိုးလိုလား၍၊ ကြိုးစား အားထုတ်ခြင်းအမှု သည်၊ စာရိတ္တသီလမည်၏၊ လူ၏စည်းစိမ်၊ နတ်၏စည်းစိမ် တို့ကို တောင့်တ၍ ဆောက်တည် အပ်သော သီလသည် နိဿိတသီလမည်၏။ သံသရာဝဋ်ကင်းရာ နိဗ္ဗာန်ကို ရည်

ရေ၌ဘောင်တသဖြင့် ဆောက်တည်အပ်သော သီလသည်၊ အနိဿိတသီလမည်၏၊ ၊လူတို့နေ့စဉ်မပြတ် အမြဲစောင့် ထိန်းအပ်သောသီလသည်၊ နိစ္စသီလမည်၏၊ ရံခါရံခါစောင့် ထိန်းအပ်သောသီလသည် အနိစ္စသီလမည်၏၊

နိစ္စသီလ၊အနိစ္စသီလ၊

၂၉ ငါးပါးသီလ၊ ဆယ်ပါးသီလ၊ အာဇီဝဋ္ဌမကသီလ၊ဤသီသုံးပါးသည် လူတို့၏နိစ္စသီလမည်၏၊ ၊ဥပေါသထဟူသောရှစ်ပါးသီလသည် လူတို့၏ အနိစ္စသီလမည်၏၊ငါးပါးသီလသည်၊ သဘာဝအားဖြစ် နိစ္စမျိုးသာဖြစ်၏၊ပုဂ္ဂိုလ်ကွဲသောအားဖြင့်မူကား၊ အနိစ္စလည်းဖြစ်၏ အဘယ်သို့ခြားနားသနည်းဟူမူကား၊ သူ၏ အသက်ကို သတ်ခြင်းအစရှိသော ငါးပါးသော အမှုသည် ဘယ်အခါမှ ပြုထိုက်သော အမှုမျိုး မဟုတ်၍၊အခါခပ်သိမ်းအစဉ်ထာဝရမြဲထိုက်သော သဘောရှိ၏၊ ထို့ကြောင့် နိစ္စသီလဖြစ်၏၊ ထိုငါးပါးကိုအမြဲမစောင့်ထိန်းနိုင်သောသူသည်၊ ရံခါရံဘန်ခံယူ၍ စောင့်ထိန်းလိုသျှင် စောင့်ထိန်းရ၏၊ ထိုကြောင့် အနိစ္စသီလလည်းဖြစ်၏၊ သို့ရာတွင်ပုဂ္ဂိုလ်ကွဲခြင်းသည်ကား၊လိုရင်းမဟုတ်၊ သဘာဝသည်သာလိုရင်းဖြစ်၍၊ အဋ္ဌကထာ ဆရာမြတ်တို့သည် ငါးပါးသီလကို နိစ္စအသို့၌သာ ပြဆိုကြပေကုန်၏၊ ဆယ်ပါးသီလ သည်လည်း၊ သဘာဝအားဖြင့် နိစ္စမျိုးသာ တည်း၊ ပုဂ္ဂိုလ်ကွဲသောအားဖြင့်အနိစ္စမျိုးလည် ဖြစ်၏၊ ပန် ရည်ဆိုးသော အဝတ်ကိုဝတ်သောလူသူတော်ဘို့အား။ ထို အဝတ်အသွင်နှင့် တည်နေသမျှကာလပတ်လုံး အစဉ်ထာဝ ရ မြဲထိုက်သောသဘောရှိ၏၊ ထိုကြောင့်ထိုသူတို့မှာ ဆယ်

ပါးသီလသည် နိစ္စမျိုးဖြစ်၏။ ပကတိလူသာမန်တို့အား ထိုဆယ်ပါးသည် သဘာဝနိစ္စဖြစ်ခြင်းငှာ မထိုက်၊ ထိုလူသာမန်တို့သည်ဆယ်ပါးသီလကို နေ့ရက်အပိုင်းအခြားနှင့် ခံယူစောင့်ထိန်းလိုလျှင် စောင့်ထိန်းရ၏၊ အမြဲစောင့်ထိန်းလိုလျှင်လည်းစောင့်ထိန်းရ၏။ ထိုကြောင့် ထိုသူတို့မှာ ဆယ်ပါးသီလသည် အနိစ္စသီလဖြစ်၏၊ သို့ရာတွင် အထက်က ပြဆိုခဲ့သည့်အတိုင်း၊ သဘာဝသည်သာလိုရင်း ဖြစ်သောကြောင့်၊ အဋ္ဌကထာတို့၌ဆယ်ပါးသီလကို နိစ္စအတို့၌သာပြဆိုတော်မူကြ ပေကုန်သတည်း၊

မှတ်ရန်အထူးမှာ၊ နိစ္စသီလပင်ဖြစ်သော်လည်း၊ နိစ္စအမြဲ မစောင့်ထိန်းနိုင်လျှင်၊ ရံခါရံဘန်လည်း စောင့်ထိန်းရ၏၊ အနိစ္စသီလပင် ဖြစ်သော်လည်း၊ အသက် ထက်ဆုံး အမြဲစောင့်ထိန်းနိုင်လျှင် အကျိုးကြီးမြတ်သည်သာလျှင်ကတည်း၊

သီလကို ကောင်းစွာစောင့်ထိန်းရာ၏၊ လွန်ကျူးမိလျှင်၊ ဤအမှုကို နောင်ရှောင်ကြဉ်အံ့ဟု ဆောက်တည်ပြန်သော်၊ ခဏခြင်း တည်ပြန်၏၊ နောင်လွန်ကျူးမိပြန်လျှင်လည်း ထိုနည်းတူဆေးကြောလျှင် စင်မြဲစင်ပြန်၏၊ ဆေးကြော၍ စင်ပြန်လျှင်၊ သီလနှင့်ပြည့်စုံသောလူသီလဝန္တ ဖြစ်ပြန်၏၊ သိက္ခာပုဒ်အလုံးစုံကို မစောင့်ထိန်း နိုင်သောသူသည်၊ တပါးသောသိက္ခာပုဒ်၊ နှစ်ပါးသောသိက္ခာပုဒ် အစရှိသဖြင့် မိမိတတ်စွမ်းနိုင်သရွေ့ စောင့်ထိန်းအပ်၏၊ သိက္ခာပုဒ် တပါးနှစ်ပါးမျှကို ဆောက်တည်သဖြင့်၊ ငါ့အားအဘယ်မူ စအံ့နည်းဟုမထေမဲ့မပြုရာ၊ တခဏမျှစောင့်ထိန်း၍ အဘယ်အကျိုးရှိအံ့နည်းဟူ၍လည်း မမှတ်ယူရာ၊ သိက္ခာပုဒ် တပါး နှစ်ပါး၌

တခဏမျှဘည့်သဖြင့် များမြတ်သော အကျိုး ရသည့်သာ မှတ်ရာ၏။

ငါးပါးသီလ။

၃၀။ ငါးပါးသီလဟူသည်ကား။

(၁) ပါဏာတိပါတာဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ (သူ၏အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ် အပ်သောသိက္ခာပုဒ်ကိုစောင့်ထိန်းပါ၏။)

(၂) အဒိန္နာဒါနာဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ (သူတပါး၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်အပ်သောသိက္ခာပုဒ်ကိုစောင့်ထိန်းပါ၏။)

(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ (သူတပါး၏ သားမယားကိုသွားလာလွန်ကျူးခြင်းမှရှောင်ကြဉ်အပ်သောသိက္ခာပုဒ်ကိုစောင့်ထိန်းပါ၏။)

(၄) မုသာဝါဒါဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ (မဟုတ်မမှန်သော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်အပ်သော သိက္ခာပုဒ်ကိုစောင့်ထိန်းပါ၏။)

(၅) သုရာမေရယမဇ္ဇပမာဒဋ္ဌာနာဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ (သေအရက်ကိုသောက်ခြင်းမှရှောင်ကြဉ်အပ်သောသိက္ခာပုဒ်ကိုစောင့်ထိန်းပါ၏။)

ဤငါးပါးတည်း။ (ကံမြောက်သော အင်္ဂါများကို ဒုစရိုက်အခန်း၌ပြဆိုပြီးဖြစ်၏။)

## ရှစ်ပါးသီလ။

၃၁။ ရှစ်ပါးသီလဟူသည်ကား။

(၁) အထက်၌ပြဆိုပြီးငါးပါးသီလနှင့်ထပ်တူဖြစ်၏။

(၂) ၎င်း

(၃) အဗြဟ္မစရိယာဝေရမဏီသိက္ခာပဒံသမာဒိယာမိ။ (မမြတ်သော အကျင့်ဖြစ်သော မေထုန်မှီဝဲကာမ စပ်ယှက်ခြင်းမှ ကြဉ်ရှောင် အပ်သော သိက္ခာပုဒ်ကိုစောင့်ထိန်းပါ၏။)

(၄) အထက်၌ပြဆိုပြီးငါးပါးသီလနှင့်ထပ်တူဖြစ်၏။

(၅) ၎င်း

(၆) ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံသမာဒိယာမိ။ (နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ် အပ်သောသိက္ခာပုဒ်ကို စောင့်ထိန်းပါ၏။)

(၇) နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူကဒဿန၊ မာလာ၊ ဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ (ကခြင်း၊ သီချင်းသီဆိုခြင်း၊ တူရိယာငါးပါးကို တီးမှုတ်ခြင်း၊ ကစားခြင်း၊ ကခြင်း၊ သီချင်းသီဆိုခြင်း အစရှိသည်တို့ကို ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ဆင်ခြင်း၊ သနပ်ခါး အစရှိသော အမွှေးအကြိုင်တို့ဖြင့် လိမ်းကျံခြင်း၊ နားပေါက်၊ ရောင်ဆံထုံး အစရှိသည်တို့၌ ပန်းပန်ဆင်ခြင်း၊ သနပ်ခါး အစရှိသော အမှုန့်တို့ဖြင့်၊ နိမ့်ရှိုင်းရာ နေ

ရာဇ္ဇကိုသိပ်ခြင်း၊ သနပ်ခါးအစရှိသော အမွှေး
အထုံတို့ကိုသာသွယ်ခြင်း၊အတင့်အတယ်ပြုခြင်း
အနံ့ လိုင်ပျံ အောင် ပြုခြင်း၊ နံ့ သာအမွှေးမျိုးမှ
တပါး အခြားသော အမွှေးအထုံတို့ဖြင့် လိမ်း
ကျံခြင်း၊ အရေ အသား တပ်စွန်းငြိအောင်ပြု
သော အမွှေးအတုံတို့ဖြင့် သာယာခြင်း တို့မှ
ရှောင်ကြဉ်အပ်သောသိက္ခာပုဒ်ကို စောင့်ထိန်း
ပါ၏၊)

(၈) ဥစ္စာသယနမဟာသယနာဝေရမဏီသိက္ခာပဒံ
သမာဒိယာမိ၊ (မြင့်သောနေရာ မြတ်သောနေ
ရာ၌ ထိုင်ခြင်း အိပ်ခြင်းမှ ရှောင်ကြဉ်အပ်သော
သိက္ခာပုဒ်ကိုစောင့်ထိန်းပါ၏၊)ဤရှစ်ပါးတည်း၊

နံပါတ်-၁-၂-၃-၄-၅-သိက္ခာပုဒ်တို့၌ အင်္ဂါများကိုဒုစရိုက်အခန်း၌ ပြဆိုပြီးဖြစ်၍၊ကြွင်းသောသိက္ခာပုဒ်တို့၌အင်္ဂါများကိုသာပြဆိုပေအံ့၊

အဗြဟ္မစရိယာသိက္ခာပုဒ်၏ အင်္ဂါလေးပါး၊

၃၂၊ အဗြဟ္မစရိယာသိက္ခာပုဒ်၌ အင်္ဂါကား လေးပါးတည်း၊ လေးပါးဟူသော်ကား၊

(၁) လွန်ကျူး၍ကျင့်အပ်သော မဂ်အပေါက်သုံးပါးတွင် တပါးပါးသောမဂ်လည်းဖြစ်စေ၊
(၂) မှီဝဲသွားသာလိုသောစိတ်လည်းရှိစေ၊
(၃) မှီဝဲခြင်းသုံ့လသည်းရှိစေ၊
(၄) သာယာသည်လည်းဖြစ်စေ၊
ဤလေးပါးတည်း၊

ဝိကာလဘောဇနာ သိက္ခာပုဒ်၏ အင်္ဂါလေးပါး။

၃၃၊ ဝိကာလဘောဇနသိက္ခာပုဒ်၌အင်္ဂါကား လေးပါးအပြားရှိ၏၊လေးပါးဟူသော်ကား၊

(၁) နေလွဲသည်လည်းဖြစ်စေ၊

(၂) ဘောဇဉ်ခဲဘွယ်သည်းဖြစ်စေ၊

(၃) မျိုလည်းမျိုစေ၊

(၄) အရှုးအသွတ်မဟုတ်သည်လည်းဖြစ်စေ၊

ဤလေးပါးတည်း၊ ဒုတိယအင်္ဂါကိုအကျယ်ချဲ၍ဆိုဦးအံ့၊ ဘောဇဉ်သည် ငါးပါးရှိ၏၊ ငါးပါးဟူသော်ကား၊ဆမင်း၊လူးဆပ်၊ ပျောင်း အစရှိသော ဩဒနလည်းတပါး စပါးမျိုးတို့ကို လှော်အပ်သော မုန့်၊ မုန့်မှုန့်၊ ဆန်မှုန့်၊ ထပ်ထပ်ရှိ ရုံမျှလှော်အပ်သော ဆန်မုန့်ဟုဆိုအပ်သော သတ္တုလည်းတပါး၊ ဓုယောစပါးမှဖြစ်သော မုန့်ဟုဆိုအပ်သော ကုမ္မာသလည်းတပါး၊ ရေသတ္တဝါဟုဆိုအပ်သော မစ္ဆလည်းတပါး၊ နွားကျွဲအစရှိသော သတ္တဝါတို့၏ အသားဟု ဆိုအပ်သော မံသလည်းတပါး၊ ဤငါးပါးသည် ဘောဇဉ်ငါးပါးတည်း၊ အမြစ်၊ အဖု၊ အဉ၊အညွှာက်၊ ပင်စည်၊ အခေါက်၊ အရွက်၊ အပွင့်၊ အစေ့၊ အမှုန့်၊ အစေး၊ဤကားခဲဘွယ်-၁၂ပါးတည်း၊ ထန်းသီး၊ အုန်းသီး၊ ပိန်းနှဲသီး၊ တောင်ပိန်းနှဲသီး၊ ဗူးသီး၊ဖရုံသီး၊ သခွားသေစ်သီး၊ သခွားပြေုတ်သီး၊ သခွားကြောင်သီး၊ ဤကား သီးကြီးကိုးပါးတည်း၊ ထိုမှတပါး မြို့ရွာဒေသအသီးသီးတို့၌၊ အာဟာရကိစ္စကိုပြီးစေတတ်သော စားအပ်သုံးဆောင်အပ်သော ဝတ္ထုတို့ကိုလည်း၊ဘောဇဉ်၌ သွင်းအပ်၏၊ ထိုဘောဇဉ်ခဲဘွယ် သီးကြီးတို့ကို ယာဝကာလိကခေါ်

၏၊ အနေ့ာ်ကို ယာမကာလိကခေါ်၏၊ ထောပတ်၊ဆီဥ၊ပျား တင်လဲဘို့ကား၊သတ္တဟာကာလိကမည့်၏၊ ကွမ်းဆေး အစရှိ သည်ကား၊ယာဝဇီဝကမည့်၏၊ ဤသို့လျှင်ကာလိက လေး ပါးဖြစ်သတည်း၊ အချို့သောဆရာတို့က ယာဝကာလိကကို သုံးဆောင်သော်သာလျှင် သိလပျက်သည်၊ ကြွင်းသောကာ လိက သုံးပါးကိုစားသောက်ခြင်းကြောင့် သိလမပျက် ညှိုး နွမ်းရုံမျှသာဟု ဆိုကြကုန်၏၊ ※ ၎င်းဆရာတို့စကားကို အ နှစ်သာရမရှိဟု အချို့ဆရာတို့ပယ်၍၊အကြောင်းမရှိဘဲ ကြွင်း သော ကာလိကသုံးပါးကို စားသောက်လျှင်သိလပျက်သည် ဟု ဆိုကြကုန်၏၊သပြေသရက်၊ခုဒရက်၊ဖက်သက်၊တရော် အမ်ငှက်ပျော၊ဘောငှက်ပျော၊ ကြာစွယ်၊ဤမူလအဖျော်ရှစ် ပါးနှင့်တကွ၊ ချောက်၊ သင်္ဘောရား၊တည်သီး၊ ကြံမ်သီး၊ သီးသီး ကြို့သီး၊ခံသီး၊ မန်ကျည်းသီး၊ဆီးသီး၊အစရှိကုန်သောအသီး ငယ်တို့၏ အဖျော်ဘို့သည်၊ ယာမကာလိက မည့်၏၊ ဤအ ဖျော်ဘို့ကိုကား၊ မီးဖြင့်ပြုတ်ဖြော၍ ပြုတ်သော်လည်း မသုံး ဆောင်အပ်၊ ရေအေးဖြင့်၎င်း၊နေပူဖြင့်၎င်း၊ပြုသော်သာလျှင် သုံးဆောင်အပ်သည်၊ ဤကား၊ယာမကာလိက၏အကျဉ်းမှတ် ဘွယ်၊ သတ္တာဟကာလိကကား၊ ထောပတ်၊ဆီဥ၊ ပျား၊ တင် လဲ၊ ဤဆေးလေးပါးသည်၊သတ္တာဟကာလိကမည့်၏၊ထန်း ရည်၊ကြံရည်၊ဓနိရည်တို့ကိုတင်လဲ၌ ပါဝင်သည်ဟု ဆိုအပ် ၏၊ ဤကားသတ္တာဟ ကာလိကအကျဉ်းမှတ်ဘွယ်၊ ယာဝ ဇီဝကကား၊ နံနွင်း၊ချင်း၊ဆိပ် ဖူး၊ ကြက်သွန်ဖြူ၊ လင်းလေး ပန်းရင်း၊ နွားမြေရင်း၊ ဓိဂုတ်၊ကုလားဆောင်းမေးကား၊ဤ

※ လယ်တီဆရာတော်ဘုရားကြီးသည်၊၊ဤကဲ့သို့ဆုံးဖြတ်တော်မူ၏။

သို့အစရှိသောအမြစ်တို့သည်၎င်း၊ အိပ်မွှေ့သီး၊ ပြုပ်ကောင်း၊ သမင်စာသီး၊ ကနုဒို၊ကြက်ဆူ အစရှိသော အသီးမျိုးသည်၎င်း၊ ကွမ်းဆေး အစရှိသော အရွက်အမျိုးတို့သည်၎င်း၊ ဆား၊ သံ၊ကြေး၊ကျောက်၊ကြိုစေးကို၎င်း၊ အစေးနှင့် တကွသော ကြိုခွန်ကို၎င်းထား၍၊ အလုံးစုံသောအစေးအခွံ များ ရေမဘတ် သက်သက်သော ဘယောင်းမှောင်မီးဖြင့် အကျွမ်းဖုတ်ပြီးသော အလုံးစုံသောဝတ္ထု ဤအလုံးစုံသည်၎င်း၊ ယာဝကာလိကန္တ ဆိုခဲ့ပြီးသောနည်းဖြင့် ပကတိ အာဟာရကိစ္စကို မပြီးစေနိုင်သော အမြစ်အခု အစရှိသည်တို့သည်၎င်း၊ ဤအလုံးစုံသည် ယာဝဇီဝကမည်၏၊ ဤကားယာဝဇီဝကန္တ အကျဉ်းမှတ်ဘွယ်တည်း။

နစ္စဂီတသိက္ခာပုဒ်၏အင်္ဂါနှစ်ပါး။

၃၄၊ နစ္စဂီတသိက္ခာပုဒ်၌ အင်္ဂါကား နှစ်ပါးတည်း၊နှစ်ပါးဟူသော်ကား၊

(၁) ကခြင်းစသည်တို့တွင် တပါးပါးလည်းဖြစ်စေ၊

(၂) မိမိကိုယ်တိုင်ကခြင်း၊ သူတပါးကို ကစေခြင်း၊ ကြည့်ရှုခြင်း စသည်တို့တွင် တပါးပါးလည်း ဖြစ်စေ၊

ဤနှစ်ပါးတည်း၊ ၊ဝါဒိတန္တကား၊တူရိယာ* ငါးပါးကို၎င်း တူရိယာငါးပါးနှင့်လျော်သော၊ တယော၊ မိကျောင်း။

* တူရိယာငါးပါးဟူသည်ကား၊ အာတတ လည်းတပါး၊ ဝိတတ လည်းတပါး၊ အာတတ ဝိတတလည်းတပါး၊ ဃနလည်းတပါး၊ သုသိရ လည်းတပါး၊ ဤငါးပါးတည်း၊ ထိုငါးပါးတို့တွင်၊ တဘက် သားရေဖိတ်

သော စည်သည် အာတတမည်၏။ နှစ်ဘက်သားရေပိတ်သော စည်သည် ဝိတတမည်၏။ ထက်ဝန်းကျင် သားရေပိတ်သော စည်သည် အာတတ ဝိတတမည်၏၊ တခဲနက် အသံကိုဖြစ်စေတတ်သော ခွက်ခွင်းကြေးနင်းအစ ရှိသော တူရိယာသည် ဃနမည်၏။ အခေါင်းကိုစွဲ၍ဖြစ်သော။ ပြွေ။ နှဲ။ ခရာ။ စသောတူရိယာသည်သုသိရမည်၏။ ကြွင်းသော ကြေးစည် မုရိုး။တံပိုး ပတိုး။ ခေါင်းလောင်း အစရှိသည်တို့သည် ထိုက်သည်အားလျော်စွာ သွင်း၍၊ အာတတ တအဖြစ်၊ဝိတတအဖြစ်၊ အာတတ ဝိတတအဖြစ်၊ ဃနအဖြစ်၊ သုသိရအဖြစ်တို့ကိုသိအပ်၏၊ (စာမျက်နှာ ၅၀၏*အဆက်ငြိးပြီ)

---

စောင်း အစရှိသည်တို့ကိုရင်း၊ မိမိလည်း မတီးမမှုတ်အပ်၊ သူတပါးကိုလည်း မတီးမမှုတ်စေအပ်၊ ဝိသုက ဒဿနန္တ၊ ဝိသုကမည်သည်ကား၊ ကိလေသာပွားခြင်း၏အကြောင်း၊ကု သိုလ်ကို ဆုတ်နစ်ပျက်စီးခြင်း၏အကြောင်း၊သာသနာတော် ၏ ဆူးငြောင့်သဘွယ်ဖြစ်သော ဖဲရိုက်၊အန်ခတ်၊ ကျားထိုး ဆင်တိုက်၊မြင်းဘိုက်၊ ကြွဲဘိုက်၊နွားတိုက်၊ လက်ဝှေ့၊လက် ပန်း၊ မီးပျံ၊ မီးပန်း အစရှိသောအမှုသည် ဝိသုကမည်၏၊ ထိုအသုံးစုံကို မိမိလည်းမပြုအပ်၊ သူတပါးကိုလည်းမပြုစေ အပ်၊ သူတပါးပြုသည်ကိုလည်း မကြည့်ရှုအပ်၊ မာလာပဒူ သည်ကား။ ကုံးသီသော ပန်းသော်ရင်း၊ မကုံးသီသော ပန်းသော်ရင်း၊ ဥပုသ်အတွင်း မဆင်ယဉ်အပ်၊ အခိုးအထုံ အနံ့ နံ့သာမျိုး အမွှေးမျိုးသည်ဂန္ဓမည်၏၊ အရည်အဆင်းတပ် စွန်းခြင်း ဖြူးခြင်းငှာ ကြိတ်သွေးစ်သွေး၍ ဖြူးအပ်သော အ လိမ်းအကျံနံ့သာမျိုး အမွှေးမျိုးသည် ဝိလေပနမည်၏၊ နား ပေါက်၊ဦးပေါင်း၊ ရောင်၊ ဆံထုံးစသည်တို့၌ ပန်ဆင်ခြင်း သည် မာရဏမည်၏၊ နံ့သာသနပ်ခါးအစရှိသော အမှုန့်တို့

ဖြင့်၊နှမ့်ရှိုင်းရာနေရာကို တို့သိပ်ခြင်းသည် မဏ္ဍနမည်၏၊ နံ့သာပြောင်း အမွှေးအထုံ တို့ကို သာယာခြင်း၊ အတင့်အတယ် ပြုခြင်း၊ အနံ့လှိုင်ပျံ့အောင်ပြုခြင်းသည် ဝိဘူသနမည်၏၊ နံ့သာ အမွှေးမျိုးတို့ဖြင့်လိမ်းကျံခြင်းတို့မှ တပါးသောအမွှေးအထုံ ဖြင့် လိမ်းကျံခြင်းသည် ဝိလေပနမည်၏၊ အရေအသားတပ် စွန်းညိအောင်ပြုသော နံ့သာပြောင်း၊ အမွှေးအထုံတို့ဖြင့်သာ ယာခြင်းသည် ဝိဘူသနမည်၏။ ၊အထူးမှတ်ရန်မှာ၊ 'ရတ နာသုံးပါးတို့အား ပူဇော်ခြင်း ရှေးရှုဆောင်ခြင်း၊ နံ့သာမျိုး၊ အမွှေးမျိုး အနံ့ကို သာယာအပ်၏ဟု၊ အဋ္ဌကထာဆရာမြတ် မိန့်ဆိုတော်မူသည်၊

ဥစ္စာသယနမဟာသယနသိက္ခာပုဒ်၏အင်္ဂါနှစ်ပါး။

၃၅။ ဥစ္စာသယန မဟာသယန သိက္ခာပုဒ်၌ အင်္ဂါကား နှစ်ပါးတည်း၊ နှစ်ပါးဟူသော်ကား၊

(၁) မြင့်သောနေရာ မြတ်သောနေရာလည်းဖြစ်စေ၊

(၂) ထိုနေရာ၌ ထိုင်သည် အိပ်သည်လည်းဖြစ်စေ။

ဤနှစ်ပါးတည်း၊ ၊ဥစ္စာသယန ဟူသည်ကား။ ပကတိ လူဟာတောင်တွာ ပမာဏထက် လွန်သော ညောင် စောင်း အင်းပျဉ်အစရှိသည်တို့သည်၊ ဥစ္စာသယန မည်၏၊ မှတ်ရန် အထူးမှာ၊ လေးထောင့်သက်သက် ကုလားထိုင်ကဲ့သို့ပြုအပ် သောနေရာသည် အာသန္ဒိကမည်၏၊ ထိုအာသန္ဒိက နေရာ၌ ပမာဏထက် လွန်သော်လည်း အပ်၏ဟု ဟောတော်မူ၏၊ မဟာသယန ဟူသည်ကား၊ အခြေ၌ သားရဲရုပ် ထုသော၊ ပလ္လင်လည်းတပါး၊ လေးသစ်ထက်ရှည်သော အမွှေးရှိသော ကော်ဇောလည်း တပါး၊ ရတနာတို့ဖြင့် ဆန်းကြယ် သော

သားမွေးဖြင့်ပြီးသော ပဋိကမည်သော၊ ဖြူသောအခင်းလည်း
တပါး၊ခြသေ့်ရုပ်၊ ကျားရုပ်၊ အစရှိသောအရုပ် တို့ဖြင့်ဆန်း
ကြယ်သော သားမွေးဖြင့်ပြီးသော၊ ဝိကတိကာ မည်သော
အခင်းလည်းတပါး။ ပန်းပွင့်တဘက်သတ် တက်သော သား
မွေးဖြင့်ပြီးသော၊ ဥဒ္ဒလောမိမည်သော အခင်းလည်း တပါး
ပန်းပွင့် နှစ်ဘက်သတ် တက်သော သားမွေးဖြင့် ပြီးသော
ဧကန္တလောမိ မည်သော အခင်းလည်းတပါး၊ ရတနာဖြင့်
ချုပ်အပ်သော၊ သျှောင်ချည်ဖြင့်ပြီးသော ကဋ္ဋိဿမည်သော
အခင်းလည်းတပါး၊ ပိုးချည်အဘွင်း ရွှေချည်သွင်း၍ ရက်
အပ်သောကောသေယျ မည်သော အခင်းလည်းတပါး၊ ၁၆
ယောက်သော ကချေသည်ဘို့သည်ရပ်၍ကအပ်သော သား
မွေးဖြင့်ပြီးသောကုဋ္ဋကမည်သော အခင်းလည်းတပါး။ ဆင်
ကုန်းနှီး မြင်းကုန်းနှီး၊ ရထားအခင်း၊ သစ်ရေတို့ဖြင့် ညှောင်
စောင်းနှင့်အမျှပြု၍ ချုပ်အပ်သော အဇိနပဝေဏီမည်သော
အခင်းလည်းတပါး၊ ပုဆိုးဖြူ၏အပေါ်ဝယ်ပိုင်ရေဖြင့်ပြု၍ချုပ်
အပ်သော ကဒလိမိဂပဝရ ပစ္စတ္ထရဏ မည်သော အခင်း
လည်းတပါး၊ အထက်၌ ဗိတာန်နီကြက်ခင်း အပ်သော အ
ခင်းလည်းတပါး၊ခေါင်းအုံး၊ခြေအုံး နှစ်ဘက်ရှိသောအိပ်ရာ
လည်းတပါး၊ သားမြီးတို့ဖြင့် ဆန်းကြယ်သော သားမွေးဖြင့်
ပြီးသော၊စိတ္တကအခင်း၊ သားမွေးဖြင့်ပြီးသောဖြူစင်သောပဋိ
ကအခင်း၊ တခဲနက်ပန်းပွင့်ရှိသော သားမွေးဖြင့်ပြီးသော ပဋ
လိကအခင်း၊ လဲသုံးပါးတွင် တပါးပါးဖြင့်ပြည့်သော တူလိ
ကအခင်း၊ ဤသည်တို့သည်မဟာသယနမည်၏၊

### ဆယ်ပါးသီလ။

၃၆၊ ဆယ်ပါးသီလ၌၊ ရှစ်ပါးသီလတွင်၊ နစ္စ၊ ဂီတ ဝါဒိတ၊ ဝိသုက၊ ဒဿနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာ မိ၊ မာလာဂန္ဓ၊ ဝိလေပန၊ ဓါရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာဝေရ မဏီသိက္ခာပဒံ သမာဒိယာမိဟု နှစ်ပါးပြုပြီးလျှင်၊ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီသိက္ခာပဒံသမာဒိယာမိ ဟူ သောသိက္ခာပုဒ်ကိုထည့်၍ဆယ်ပါးဖြစ်သတည်း၊

### ဇာတရူပရဇတသိက္ခာပုဒ်၏ အင်္ဂါသုံးပါး။

၃၇၊ ဇာတရူပရဇတသိက္ခာပုဒ်၌ အင်္ဂါကားသုံးပါးအ ပြားရှိ၏ သုံးပါးဟူသောကား၊

(၁) ရွှေငွေလည်းဖြစ်စေ၊
(၂) မိမိကိုရည်ညွှန်းအပ်သည်လည်းဖြစ်စေ၊
(၃) ကိုင်ခြင်း၊ ခံယူခြင်း၊ သာယာခြင်းတို့တွင် တပါး ပါးလည်းဖြစ်စေ၊

ဤသုံးပါးတည်း၊ ရွှေသည် ဇာတရူပမည်၏၊ ငွေသည်ရ ဇတမည်၏၊ ထိုမှတပါးသော၊ အသပြာ၊ ကြေး၊ ခဲ၊ ယခုအခါ သုံးစွဲသော ငွေစက္ကူတို့သည် ရဇတအနက်သို့ဝင်၏၊ ပုလဲ ပတ္တမြား၊ ကျောက်မျက်ရွဲ၊ ကျောက်သလင်း၊ ခရုသင်း၊ မ သာရဂလ် စသောရတနာတို့ကိုရင်း၊ စပါးတို့ကိုရင်း၊ မသုံး သင်၊ မသာယာမခံယူအပ်ဟု၊ အဋ္ဌကထာဆရာမြတ်တို့ဆုံး ဖြတ်တော်မူကုန်၏၊

ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလတို့ကို၊ တပေါင်းတည်းရှင်း၊
အသီးသီးသော်ရှင်း၊ ဆောက်တည်အပ်ကြောင်း။

၃၀၊ ငါးပါးသီလ၊ ရှစ်ပါးသီလ ဆယ်ပါးသီလ တို့ကို ဆောက်တည်လိုသောသူသည်၊ တပေါင်းတည်းသော်ရှင်း၊ အသီးအသီးသော်ရှင်း၊ ဆောက်တည်အပ်၏၊ အသီး အသီး ဆောက်တည်အပ်သောသိက္ခာပုဒ်တို့တွင် တခုသောသိက္ခာပုဒ်ပျက်သည်ရှိသော်၊ တခုသောသိက္ခာပုဒ်သာလျှင်ပျက်၏၊ တပေါင်းတည်း ဆောက်တည်အပ်သော သိက္ခာပုဒ်တို့တွင် တခုသော သိက္ခာပုဒ်ပျက်သည်ရှိသော် အလုံးစုံပျက်၏၊ အဘယ်ကြောင့်နည်းဟူမူကား။ ဆောက်တည်ခြင်းမပြားသောကြောင့်တည်း၊ ကံမူကား လွန်ကျူးသော သိက္ခာပုဒ်သာလျှင် အကုသိုလ်ကံရှင့်စင်၏၊

အပါယ်ပဋိသန္ဓေပေးသောသိက္ခာပုဒ်၊ မပေးသောသိက္ခာပုဒ်။

၃၉၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့၌၊ ပါဏာတိပါတ သိက္ခာပုဒ်၊ အဒိန္နာဒါနသိက္ခာပုဒ်၊ မုသာဝါဒသိက္ခာပုဒ်၊ သုရာမေရယ သိက္ခာပုဒ်ပျက်သော် အပါယ်ပဋိသန္ဓေ ပေး၏၊ ကြွင်းသောသိက္ခာပုဒ်တို့ပျက်သော် အပါယ်ပဋိသန္ဓေမပေး စောင့်ထိန်းသောသီလသာလျှင်ပျက်၏၊

အာဇီဝဋ္ဌမကသီလ။

၄၀။ အာဇီဝဋ္ဌမကသီလဆိုသည်ကား၊ အထက်၌ပြဆိုခဲ့ပြီးသော သုစရိုက်ဆယ်ပါးတွင် မနောသုစရိုက် သုံးပါးကို ချန်လှပ်သော်၊ ကာယသုစရိုက်သုံးပါး၊ ဝစီသုစရိုက် လေးပါးဟူ၍ခုနစ်ပါးရ၏၊ ထိုခုနစ်ပါးတွင် သမ္မာအာဇီဝကို ထည့်၍ အာဇီဝဋ္ဌမက သီလခေါ်၏၊ မိစ္ဆာအာဇီဝဆိုသည်

မှာ၊ အသက်မွေးမှုအတွက်နှင့်ပြုသော၊ပါဏာတိပါတစသည် ကိုပင်ဆိုသတည်း။ ထိုပါဏာတိပါတစသောဒုစရိုက်မှုတို့နှင့် အသက်မွေးမှုကို ငါမပြုပါပြီဟုဆိုလိုသည်၊ အာဇီဝဋ္ဌမက သီလဟူသောဝေါဟာရသည် အခေါ်အပြော နည်းပါးကြ၏၊ ထိုကြောင့် သီလအမည်ထူး အမျိုးထူးဟု ထင်မှတ်ကြ၏၊ စကြာဝဠာအနန္တတို့၌ပင်လျှင်၊ ကမ္ဘာဦးအခါမှစ၍ ကမ္ဘာ မြေပေါ်မှာ၊ အာဇီဝဋ္ဌမကသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီ လ၊ဤသီလသုံးပါးဘို့သည်ဖြစ်ထွန်းတည်ရှိ၏၊အာဇီဝဋ္ဌမက သီလသည်၊ မြတ်စွာဘုရားသာသနာတော်၌ အခြေခံ တ ရားဖြစ်၍၊အာဒိဗြဟ္မစရိယကသီလမည်၏၊ထိုသီလ၌ကောင်း စွာတည်သောသူသည်၊ လူသီလဝန္တအစစ်ဖြစ်၏၊ဤလူသီလ ဝန္တ အဖြစ်၌တည်၍ ပြုအပ်သောလှူဒါန်းမှု ဥပုသ်သီတင်း ဆောက်တည်မှုတို့သည်၊ အလွန်ကြီးကျယ်သော အကျိုးတို့ ကိုပေးနိုင်၏၊ ထိုသီလ၌ မတည်သောသူတို့သည် လှူဒါန်းမှု ဥပုသ်သီတင်းဆောက်တည်မှုတို့ကို ပြုကြပါကုန်ငြားသော် လည်း ထိုသီလ၌တည်သောသူတို့ရအပ်သောအကျိုးကိုမမှီ နိုင်ကုန် မဂ်ဖိုလ်ကိုရကြကုန်သော အရိယာ ပုဂ္ဂိုလ်တို့ သည်အာဇီဝဋ္ဌမကသီလနှင့်ကင်း၍ မဂ်ဖိုလ်ကို ရသူရောက် သူဟူ၍တစုံတယောက်မျှမရှိ၊ အာဇီဝဋ္ဌမကသီလ၏ အခွင့် သည့် သောတာပတ္တိမဂ်သို့ရောက်မှ ကိစ္စပြီးစီး၏၊ ခပ်သိမ်း သော စကြာဝဠာအနန္တ ကမ္ဘာအနန္တတို့၌ သူတော်ကောင်း တို့၏အရိုးအစဉ်ဖြစ်သော ကမ္ဘာစောင့်တရားကား၊ အာဇီ ဝဋ္ဌမကသီလတပါး၊ဗြဟ္မစိုရ်တရားတပါး၊ ဤနှစ်ပါးတည်း၊ အဘယ်ကြောင့် ကမ္ဘာစောင့်တရားမည်သနည်း ဟူမူကား၊

သိုတရားနှစ်ပါးနှင့် အများညီညာ ပြည့်ရုံကြသောအခါတို့၌၊ ဤလူ့ပြည်သည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ကဲ့သို့ ကြည်လင်ချင်းခပ်သိမ်းနှင့်ပြည့်ရုံ၏၊ ထိုတရားနှစ်ပါးတို့ ဆုတ်ယုတ်၍သွားသောအခါ၊ လူ့ပြည်၌ ဆုတ်ကပ်ပာူ၍ဖြစ်ရ၏၊ လုံးလုံးကွယ်ပျောက်သောအခါ၊ ဆယ်နှစ်တန်း၌ ကပ်ကြီး သုံးပါး၊ အကြီးအကျယ်ဖြစ်၏၊ ထိုတရားတို့ဘိုးတက်ပြန်သော အခါ လူ့ပြည်မှာ တက်ကပ် ဖြစ်ပြန်၏၊ ဤသို့သော အကြောင်းကြောင့် ကမ္ဘာစောင့်တရားနှစ်ပါးဆိုသတည်း၊ ထိုအာဇီဝဋ္ဌမကသီလသည်၊ အရိယမဂ်တည်းဟူသော မြတ်သောအကျင့်၏ အစအဖြစ်သို့ရောက်သောကြောင့်၊ အာဒိဗြဟ္မစရိယကသီလမည်၏၊ ထိုကြောင့် သမထဝိပဿနာကိုအားထုတ်သောပုဂ္ဂိုလ်သည်၊ သမထဝိပဿနာကို အားမထုတ်မှီ ထိုအာဇီဝဋ္ဌမကသီလကို ဆောက်တည်အပ်၏ဟု၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာမြတ်ဖိုနိ့ဆိုတော်မူ၏၊

ဓုတင်၏အပြား။

၄၁၊ ဆိုအပ်ခဲ့ပြီးသော သီလများမှတပါး၊ ဓုတင်-၁၃ ပါး ✳ ကိုမြတ်စွာဘုရား ခွင့်ပြုတော်မူ၏၊ ထို-၁၃-ပါးတို့တွင် ဧကာသနိက်ဓုတင်၊ ပတ္တပိုင်ဓုတင်၊ ဤဓုတင်နှစ်ပါးတို့ကို လူတို့ဆောက်တည်အပ်ကုန်၏၊ အထူးထူးသောနေရာ၌ စားခြင်းကိုပယ်ခြင်း၊ တထိုင်တည်းသာစားခြင်းသည်၊ ဧကာသနိက်ဓုတင်မည်၏၊ နှစ်ခွက်မြောက်စားခြင်းကို ပယ်ခြင်း၊ တခုတည်းသောခွက်၌ စားခြင်းသည် ပတ္တပိုင်ဓုတင်မည်၏။

---

✳ နောက်ဆက်တွဲအစဉ်နံပါတ် (၁၇) မှာကြည့်။

ကောသနိက်ဓုတင်ဆောက်တည်သောပုဂ္ဂိုလ်၏အပြား။

၄၂။ ကောသနိက် ဓုတင်၌။ အမြတ်ဖြစ်သော ဥက္ကဋ္ဌ ပုဂ္ဂိုလ်၊ အလယ်အလတ်ဖြစ်သော မဇ္ဈိမပုဂ္ဂိုလ်၊ နုသောသူ ဖြစ်သော မုဒုပုဂ္ဂိုလ်ဟူ၍သုံးယောက်ပြား၏၊ ထိုသုံးယောက် တို့တွင်၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည် နည်းသည်မှုလည်းဖြစ်စေ၊ များ သည်မှုလည်းဖြစ်စေ၊ အကြွင်းဘောဇဉ်၌ လက်ကိုချ၏။ ထို လက်ချသောအခါမှ တပါးသော ဘောဇဉ်ကို မယူအပ်၊ အကယ်၍လူတို့သည်၊ ထိုပုဂ္ဂိုလ်သည် တစုံတခုကိုမစားဟူ ၍၊ ထောပတ်အစရှိသည်တို့ကို ဆောင်ကုန်အံ့၊ ဆေးအလို့ ငှာသာ စားအပ်၏။ အာဟာရအလို့ငှာ မစားအပ်၊ မဇ္ဈိမ ပုဂ္ဂိုလ်သည်၊ အကြွင်းမျှသောက်ခွက်၌ ဘောဇဉ်မကုန်သေး ထိုမျှလောက်တပါးသော ဘောဇဉ်ကို ယူအပ်၏၊ (မိမိစား လျက်ရှိသောခွက်၌ ထမင်းမကုန်မချင်း စားအင်၏ ဟူလို သည်၊) မုဒုပုဂ္ဂိုလ်သည် မိမိစားသောက်သုံးဆောင်လျက် ရှိသော-နေရာမှမထမခြင်းစားသောက်အပ်၏၊

ပတ္တပိုင်ဓုတင်ဆောက်တည်သူ၏အပြား။

၄၃။ ပတ္တပိုင်ဓုတင်၌လည်း။ ဥက္ကဋ္ဌ ပုဂ္ဂိုလ်၊ မဇ္ဈိမ ပုဂ္ဂိုလ်၊ မုဒုပုဂ္ဂိုလ်ဟူ၍ သုံးယောက်တည်း၊ ထိုသုံးယောက် တို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည်။ ကြံစားသောအခါကို ကြည့်၍ ငါးရိုး အမဲရိုး စသောအမှိုက်တို့ကိုထည့်စရာပစ်စရာခွက် တခု၌မစွန့်အပ်၊ ထမင်းခဲ၊ ငါး၊ အမဲ၊ မုန့်တို့ကိုအစုအစုပြု၍၊ အတန်ငယ် အတန်ငယ်ခွဲ၍မစားအပ်၊ ၊မဇ္ဈိမပုဂ္ဂိုလ်သည် လက်တဘက်ဖြင့်သာ အတန်ငယ်ခွဲယူ၍ စားအပ်၏၊ ၊မုဒု

ခုံလုံလ်မှာ၊ ခွက်တခွက်ထည်းတွင် စားလိုသရွေ့စားအပ်၏၊ ဘခွက်ထက်ပိုရ၍ သုံးမစားအပ်။

ကောသနိက်ဓုတင်၏အကျိုး။

၄၄။ ကောသနိက်ဓုတင်၏အကျိုးကား၊
(၁) အနာနည်းသောအဖြစ်လည်းတပါး၊
(၂) ကြောင့်ကြနည်းသောအဖြစ်လည်းတပါး၊
(၃) ပေါ့ပါးသောထကြွခြင်းလည်းတပါး။
(၄) အားရှိသောအဖြစ်လည်းတပါး၊
(၅) ချမ်းသာစွာနေရခြင်းလည်းတပါး၊
(၆) ရသတဏှာကိုဖျောက်ရခြင်းလည်းတပါး၊
သူ့ဘို့၍ ဤခြောက်ပါးတည်း၊

ပတ္တပိုင်ဓုတင်၏အကျိုး။

၄၅။ ပတ္တပိုင်ဓုတင်၏အကျိုးကား၊
(၁) အထူးထူးသော ဘောဇဉ်၌ တပ်သောတဏှာကိုပယ်ဖျောက်ရခြင်း။
(၂) အလွန်အလိုရှိသောစားခြင်းကို ပယ်ရခြင်း၊
(၃) အာဟာရ၌အတိုင်းအရှည်ကိုရှုခြင်း၊
(၄) ခွက်အစရှိသောအများကိုဆောင်ရခြင်းကြောင့် ပင်ပန်းခြင်း၏မဖြစ်ခြင်း၊
(၅) မပျံ့လွင့်သောစားခြင်းရှိသည်၏အဖြစ်၊
(၆) အလိုနည်းခြင်း အစရှိသောတရားတို့အားလျော်စွာဖြစ်ခြင်း၊
ဤခြောက်ပါးတည်း။

### အာဇီဝဋ္ဌမကသီလခံယူဆောက်တည်ပုံ။

၄၆၊ ငါးပါးသီလ၊ ရှစ်ပါး သီလ၊ ဆယ်ပါး သီလတို့ကို ဆောက်တည်နည်းများကို အများပင် သိကြပြီး ဖြစ်သော ကြောင့်ကျယ်လွန်းအံ့ပိုး၍၊ ဤကျမ်း၌မပြဆိုပြီ၊ အာဇီဝဋ္ဌမက သီလ၊ ဧကာသနိက်ရတင်၊ ပတ္တပိုင်ရတင် ဆောက်တည်နည်း များကိုသာပြဆိုပေအံ့၊

### အာဇီဝဋ္ဌမကသီလခံယူဆောက်တည်ပုံကား၊

အဟံဘန္တေ အဇ္ဇတဂ္ဂေပါဏုပေတံ၊ ပါဏာတိပါတာဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ ဟူ၍သော်၎င်း၊ ပါဏာတိပါတာ ဝိရမာမိ * ဟူ၍သော်၎င်း စသည်ဖြင့် မိမိ၏ အာဇီဝဘိုင်အောင် ဆိုလေ၊ အာမဘန္တေ စသည်ဆိုဘွယ်မရှိပြီ၊ မိမိ၌ နေရာမှာ မိမိအ လိုအလျောက်လည်း ဆောက်တည်နိုင်ပါ၏၊ ထိုသို့ နှုတ်မြွက်၍ မဆောက်မတည်ဘဲလည်း၊ စိတ်ထဲ၌သာ ဤရှစ်ပါးကိုအသက် ထက်ဆုံးသုံးခြိုးစွာ ငါစောင့်ထိန်းမည်ဟု အဓိဋ္ဌာန်ပြု၍ စောင့် ထိန်းရပါ၏။ သုံးခြိုးစွာ စောင့်ထိန်းနိုင် သည်သာ လိုရင်းတည်း၊

### ဧကာသနိက်ရတင်ဆောက်တည်ပုံ။

၄၇၊ ဧကာသနိက်ရတင် ဆောက်တည်ပုံကား၊ နာနာ သနဘောဇနံ ပဋိက္ခိပါမိ၊ ဧကာသနိကင်္ဂံ သမာဒိယာမိ ဟူ သော ဤနှစ်ပုဒ်တို့တွင်၊ တပုဒ်ပုဒ်ဖြင့်ဆောက်တည်အပ်၏၊ နာနာသနဘောဇနံ၊ အထူးထူးသော နေရာ၌ စားခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏၊ ဧကာသနိကင်္ဂံ၊ တထိုင်တည်းသာစား ခြင်းဟူသော ရတင်အင်္ဂါကို၊ သမာဒိယာမိ၊ ဆောက်တည် ပါ၏၊ ။ ဤကား အနက်၊

---

* ဝိရမာမိ၊ ရှောင်ကြဉ်ပါ၏ဟု အဓိပ္ပါယ်ရသည်။

ကဒ္ဓဋ္ဌာန ခေါ်ဝေါ်ခြင်းသည်ဖြစ်၏၊ ။သမထဘာဝနာ၊ ဝိပဿနာဘာဝနာနှစ်ပါးတို့တွင်၊ ဝိပဿနာဘာဝနာသည်၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်သော မဂ်ဖိုလ်တို့ကိုရနိုင်သော တရားဖြစ်သောကြောင့်၊ လောကုတ္တရာ တရားနှင့်ဆိုင်ရာ၊ ဒုတိယပိုင်း၌ပြဆိုသတည်း။ သမထဘာဝနာဖြင့်ရအပ်သော သမာဓိကိုအခြေပြု၍၊ ဝိပဿနာ ဘာဝနာကို အားထုတ်မှသာလျှင်၊ မဂ်တရားကိုရနိုင်၏။

သမထကမ္မဋ္ဌာန်း၏အပြား။

၅၀။ ယခုအခါ သမထကမ္မဋ္ဌာန်းကို ပြဆိုပေအံ့၊ သမထကမ္မဋ္ဌာန်းသည် လေးဆယ်အပြားရှိ၏၊ လေးဆယ်ဟူသော်ကား၊

| | | | |
|---|---|---|---|
| ကသိုဏ်း | ၁၀-ပါး၊ | အသုဘ | ၁၀-ပါး၊ |
| အနုဿတိ | ၁၀-ပါး၊ | ဗြဟ္မဝိဟာရ | ၄-ပါး၊ |
| အာရုပ္ပ | ၄-ပါး၊ | ဧကသညာ | ၁-ပါး၊ |
| ဧကဝဝတ္ထာန် | ၁-ပါး၊ | ပေါင်း | ၄၀-ဖြစ်သည်၊ * |

သမထဘာဝနာပွားဟန်။

၅၁။ သမထဘာဝနာပွားဟန် အကျဉ်း အားဖြင့်ကား ဤသို့တည်း၊ ကသိုဏ်းဆယ်ပါးတို့တွင်၊ ပထဝီကသိုဏ်းကို ပွားများ အားထုတ်လိုသောသူသည်၊ ညို-ဝါ-နီ-ဖြူ-ဤ အရောင်လေးမျိုးတို့နှင့် မရောမရှက် စေခြင်းငှာလည်း၊ လွန်စွာ စိတ်ပျော်မွေ့ စေခြင်းငှာလည်း၊ နေအရုဏ်ရောင် အဆင်းရှိသော၊ မဝါလွန်း မနီလွန်းသောမြေနီနုံးမြေစေးကို အမှိုက်

* အကျယ်ကိုသိလိုမူ၊နောက်ဆက်တွဲအစဉ်နံပါတ် (၃၆) မှာကြည့်

မပါရအောင် ညှက်စွာဆင့်ပြီးလျှင်၊ ရေနှင့်ဖျော်လျက် ညှက်စွာနယ်၍၊ တလွှာခန့်အလျားအနံ့ကျယ်စွာ၊ ဟင်းဘီးငယ်ကဲ့သို့ အဝိုင်းမြေချပ် ပြုလုပ်ပြီးလျှင်၊ ကြည့်ရှုမည့်ဘက်က ချောမှ စွာပြုလုပ်၍ကာလနာ:ဌယပ်ဝန်းအနားပတ်ကဲ့သို့၊ တမူ တပြားခန့် အဖြူသော်၎င်း၊ အစိမ်းသော်၎င်း၊ ဆေးမင် အနားပတ်သုတ်လိမ်းအပ်၏၊ ဤကဲ့သို့ကသိုဏ်းဝန်း ပြုလုပ်ပြီးလျှင်၊ ဆိတ်ငြိမ်သောအရပ်၌၊ ထိုကသိုဏ်းဝန်း မြေကြီးကို ကြည့်ရှုအပ်၏၊ ထိုကသိုဏ်းဝန်းကိုမျက်စေ့နှင့်မြင်သောအတိုင်း။ စိတ်ထဲ၌စွဲကပ်ထင်မြင်၍ နေအောင်၊ သတိပညာနှင့်ခိုင်ခိုင်မြဲမြဲမှတ်၍အကုန်လုံးအနှံ့စေ့စေ့ကြည့်ရှုအပ်၏၊ * စိတ်ထဲ၌စွဲလောက်ချိန်တန်လျှင် မျက်စေ့ကိုမှိတ်၍စမ်းလေ၊ မျက်စေ့မှိတ်သောအခါမှာလည်း၊ ဘွင့်၍ကြည့်နေသည့်အခါ၌ကဲ့သို့၊ မြေကြီးဝန်းကိုထင်မြင်၍နေလျှင်၊ ဥဂ္ဂဟနိမိတ်ကိုရပြီဟုဆို၏၊ မိမိကြည့်ရှုနေသောမြေကြီးကသိုဏ်းဝန်းကို ပရိကမ္မနိမိတ်ဟုခေါ်သည်၊ ဥဂ္ဂဟနိမိတ်ကိုရသောအခါ၌ စိတ်သည် မြေကြီးဥဂ္ဂဟနိမိတ်၌သာ မြဲစွာတည်၏၊ မျက်စေ့ကို မှိတ်သောအခါ၎င်း၊ ဘွင့်သောအခါ၎င်း။ ဤမြေကြီး ကသိုဏ်းဝန်းကိုမြင်၍နေသည်၊ အိပ်ရာမှနိုးလျှင်လည်း၊ မြေချပ် ကသိုဏ်းဝန်းကြီးကိုပင်ထင်မြင်၍နိုးလာ၏၊ မျက်နှာရှေ့ကမြေချပ်ကသိုဏ်းဝန်းကြီး ဆီးလျက်သာနေ၏၊ ဤကဲ့သို့ ဥဂ္ဂဟနိမိတ်ကိုရသောအခါ၊ မြေချပ်ကသိုဏ်းဝန်းကို ဖယ်ရှားပြီးလျှင်၊ စိတ်ထဲ၌ပါရသောမြေကြီးဥဂ္ဂဟနိမိတ်ကိုသာအမြဲအစွဲ

---

* ဤကဲ့သို့အကြွင်းအကျန်မရှိအကုန်အလုံးအနှံ့ ကြည့်ရှုခြင်းကြောင့် ကသိဏ၊ ကသိုဏ်းဟူ၍ခေါ်သည်။

ကြည့်ရှုရာ၏၊ ဤအခါရရှိသောသမာဓိသည်၊ ပရိကမ္မ ဘာဝနာသမာဓိမည်၏၊ ထိုသို့အမြဲအစွဲအားထုတ် ကြည့်ရှုဖန်များသောအခါ ဤဥဂ္ဂဟနိမိတ်သည်၊ တဖြည်းဖြည်းသိမ်မွေ့၍ သိမ်မွေ့လာသဖြင့်၊ ရသစ်စဥဂ္ဂဟနိမိတ်ထက် အဆအရာမက အလွန်သိမ်မွေ့လာ၏၊ အလွန်စိတ်နှစ်သက် ပျော်ဘွယ်ကောင်းသော အဖြစ်သို့ ရောက်၍လာ၏၊ ထိုကဲ့သို့ ဖြစ်လာသောနိမိတ်ကို၊ ပဋိဘာဂ နိမိတ်ဟုခေါ်သည်၊ ထိုပဋိဘာဂနိမိတ်ကိုရသောအခါ၊ နီဝရဏငါးပါး ✻ တို့သည်ကင်းကွာကုန်၏ ကိလေသာတို့သည်ဆုတ်နစ်ကုန်၏။ ဤအခါရသောသမာဓိသည်၊ ဥပစာရသမာဓိမည်၏၊ ထိုပဋိဘာဂနိမိတ်ကိုအာရုံပြု၍၊ ဥပစာရသမာဓိ ဖြစ်ပွားသဖြင့်၊ နီဝရဏတို့၏ကင်းကွာခြင်း၊ ကိလေသာတို့၏ဆုတ်နစ်ခြင်း။ စိတ်၏တည်ကြည်ခြင်းရှိသော ပုဂ္ဂိုလ်အား ဈာန်အင်္ဂါငါးပါး ⍋ တို့၏ထင်ရှားဖြစ်သဖြင့်၊ ရူပါဝစရ ပဌမဈာန် ပါသော အပ္ပနာသမာဓိသည်ဖြစ်၏၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ နှစ်ပါးတို့၏ ခြားနားပုံကား။ ရပ်လျက်သွားအံ့သော သူငယ်သည်၊ အားနည်းသောကြောင့်၊ အဖန်ဖန်မြေ၌လဲသကဲ့သို့ ဥပစာရသမာဓိအခါ၌၊ ဈာန်အင်္ဂါငါးပါးတို့ အားနည်းခြင်းကြောင့်၊ စိတ်ကို ပဋိဘာဂနိမိတ်အာရုံ စွဲမြဲစေသော်လည်း။ ၎င်းအာရုံ၌တာရှည်စွာမစွဲမြဲနိုင်၊ အားရှိသောယောက်ျားသည် တနေ့ပတ်လုံး ရပ်၍နေနိုင်သကဲ့သို့၊ အပ္ပနာသမာဓိအခါ၌ ဈာန်အင်္ဂါတို့၏အားရှိခြင်းကြောင့်၊ ၎င်းသမာဓိနှင့်ယှဉ်သော

---

✻ နောက်ဆက်တွဲအစဉ်ပါတ် (၁၉) မှာကြည့်။

⍋ နောက်ဆက်တွဲအစဉ်နံပါယ် (၁၉) မှာကြည့်။

ဈာန်စိတ်သည်၊ တနေ့ပတ်လုံး သော်၎င်း၊ တညဥ့် ပတ်လုံး သော်၎င်း၊ ပဋိဘာဂနိမိတ်အာရုံ၌တည်၏။ ။ထိုပဋိဘာဂနိမိတ်ကို ရနိုင်လျှင်၊ ထိုပုဂ္ဂိုလ်သည် တိဟိတ် ပုဂ္ဂိုလ်ဖြစ်ကြောင်းထင်ရှား၏။ တိဟိတ်ပုဂ္ဂိုလ်မဟုတ်လျှင်၊ ပဋိဘာဂနိမိတ်ကိုမရနိုင်။ ။ထိုပုဂ္ဂိုလ်၌ ဖြစ်သောစိတ်သည်၊ ဈာန်အင်္ဂါငါးပါးနှင့်ပြည့်စုံသော ပဌမဈာန်စိတ်မည်၏၊ ထိုကြောင့် ထိုပုဂ္ဂိုလ်သည်ဈာန်ရပုဂ္ဂိုလ်မည်၏၊ ထိုဈာန်စိတ်မပျက် မလျှော့ဘဲသေသော်၊ လူ့ပြည်၊ နတ်ပြည်ကိုလွန်၍၊ ဗြဟ္မာ့ဘုံ၌အကျိုးပေး၏ ဤကဲ့သို့ပဌမဈာန်ကိုရပြီး၍ခိုင်မြဲအား ကောင်းအောင်ဝသီဘော်ငါးပါး * တို့ဖြင့် အထက်ဒုတိယ ဈာန်ကိုရစေခြင်းငှာ အားထုတ်လိုသော ပုဂ္ဂိုလ်သည်၊ ဤ ယခုငါရသောပဌမဈာန်စိတ်သည်၊ နီဝရဏဟူသောရန်သူနှင့်နီး သေး၏ ဝိတက်ပါခြင်းကြောင့်၊ အလွန်လျှင်ရှားနှုန့်ရင်းကြမ်း ထမ်းသေး၏၊ ဝိတက်မပါလျှင်၊ သည့်ထက်သိမ်မွေ့ငြိမ်သက် ရာ၏ဟု ပဌမဈာန်၌ တပ်ခြင်းတဏှာကိုကုန်စေ၍၊ ပထဝီ ပဋိဘာဂနိမိတ်ကိုပင်လျှင်၊ မြေ မြေဟုစိတ်ထဲကမှတ်လျက်၊ အဘန်ဘန်ကြည့်ရှုသောအခါ၊ စိတ်ထဲ၌ဝိတက်သည် တဖြည်း ဖြည်းသိမ်မွေ့၍ သိမ်မွေ့၍သွားသဖြင့် ဝိတက်ပျောက်၍၊ ကြွင်းသောဈာန်အင်္ဂါလေးပါးနှင့် ပြည့်စုံသောဒုတိယဈာန်ကို ရ၏၊ ဤဈာန်ကိုလည်းရှေးနည်းအတူခိုင်မြဲအောင် ဝသီဘော် တို့ဖြင့်ပြုအပ်၏။

ဤကဲ့သို့ ဒုတိယဈာန်ကိုရပြီးနောက်၊ ခိုင်မြဲအောင်ဝသီ ဘော်တို့ဖြင့် နိုင်အောင်ပြုပြီး၍၊ အထက် တတိယ ဈာန်ကို

* နောက်ဆက်တွဲအစဉ်နံပါတ် (၁၅) မှာကြည့်။

ရခြင်းငှါ အားထုတ်သို့သော ပုဂ္ဂိုလ်သည်၊ ဤဒုတိယဈာန် စိတ်သည် ဝိတက် ဟူသောရန်သူနီးသေး၏၊ ဝိစာရပါရှိခြင်း ကြောင့်၊ ရုန့်ရင်း ကြမ်းတမ်းသေး၏၊ ဤဝိစာရမပါလျှင်၊ သည့်ထက်သိမ်မွေ့ငြိမ်သက်ရာ၏၊ ဆင်ခြင်၍ ဒုတိယဈာန် ၌ တပ်သောတဏှာကို ကုန်စေပြီးလျှင်၊ ထိုပထဝီပဋိဘာဂ နိမိတ်ကို၊ မြေ၊ မြေဟုစိတ်ထဲကမှတ်၍၊ အဖန်ဖန်ကြည့် ရှုသောအခါ၊ ဝိစာရ တဖြည်းဖြည်းသိမ်မွေ့၍၊ သိမ်မွေ့၍ သွားသဖြင့် ဝိစာရ ပျောက်ကင်း၍၊ ကြွင်းသော ဈာန်အင်္ဂါ သုံးပါးနှင့် ပြည့်စုံသော တတိယဈာန်ကိုရ၏၊ ဤဈာန်ကို လည်း ဒိဋ္ဌိအားကောင်းအောင် ဝသီဘော်တို့ဖြင့် ပြုအပ်၏၊

တတိယဈာန်ကိုရပြီး၍၊ အထက် စတုတ္ထဈာန်ကိုရခြင်း ငှါ အားထုတ်သို့သောပုဂ္ဂိုလ်သည် ဤတတိယ ဈာန်စိတ် သည် ပီတိဟူသော ရန်သူနီးသေး၏၊ ဤပီတိသည် နှစ် သက်ခြင်းသဘောဖြစ်၍၊ ကာမဘုံဟူသော လူစည်းစိမ်နတ် စည်းစိမ်နှင့်နီးသေး၏ ဤပီတိပါရှိခြင်းကြောင့်၊ ရုန့်ရင်းကြမ်း တမ်းသေး၏၊ ဤပီတိမပါလျှင်၊ သည့်ထက်သိမ်မွေ့ငြိမ် သက်ရာ၏ဟု ဆင်ခြင်၍ တတိယဈာန်၌ တပ်သောတဏှာ ကိုကုန်စေပြီး၍၊ ထိုပဋိဘာဂ နိမိတ်ကို၊ မြေ၊ မြေဟု စိတ်ထဲကမှတ်လျက်၊ အဖန်ဖန်ကြည့်ရှုသောအခါ၊ ပီတိ တ ဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍သွားသဖြင့်၊ ပီတိသည် ပျောက်ကင်း၍ ကြွင်းသောဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော စတုတ္ထဈာန်ကိုရ၏၊

ဤကဲ့သို့ ဈာန်ကိုရပြီး၍ အထက်ပဉ္စမဈာန်ကို တက် ဒို

ရလိုခြင်းငှာ အားထုတ်လိုသောပုဂ္ဂိုလ်သည် ဤစတုတ္ထဈာန် စိတ်သည် ပီတိဟူသောရန်သူနီးသေး၏၊ ဤသုခသည်။ ကာမသုခနှင့် နီးစပ်သောသဘောရှိ၏။ ဤသုခ ပါရှိခြင်းကြောင့် စိတ်သည်ပေါ်လွင်၏။ စိတ်ထဲ၌အာရုံကို ကောင်းသည်ဟု ခံစားသော ဤသုခမဟုတ်ဘဲ၊ အာရုံကိုကောင်းသည်ဟူ၍ရင်း မကောင်းဟူ၍ရင်း မခံစားဘဲ၊ အလယ် အလတ်ခံစားခြင်း ဥပေက္ခာ သဘောနှင့်နေလျှင်။ သည့်ထက်သိမ်မွေ့ငြိမ်သက်ရာ၏ဟူဆင်ခြင်၍၊ ဥပေက္ခာကိုတောင့်တ ပြီးလျှင်၊ ထိုပထဝီပဋိဘာဂနိမိတ်ကို၊ မြေ၊ မြေဟု စိတ်ထဲကမှတ်၍၊ အဘန်ဘန်ကြည့်ရှုသောအခါ၊ သုခသည်တဖြည်းဖြည်း သိမ်မွေ့၍သိမ်မွေ့၍သွားလျက်၊ ကောင်းသည်ဟု ခံစားခြင်း သဘော မဟုတ်ဘဲ၊ မကောင်းဘူးဟုခံစားခြင်းသဘောလည်း မဟုတ်ဘဲ၊ ကောင်းမှုမကောင်းမှု နှစ်ဘက်သို့မကျဘဲ၊ အလယ်အလတ်ခံစားခြင်း၊ ဥပေက္ခာဝေဒနာ ဖြစ်လာ၍၊ ကြွင်းသော ဧကဂ္ဂတာဈာန်အင်္ဂါတပါးတည်းရှိသောပဉ္စမဈာန်ကိုရ၏။

ဤကဲ့သို့ ဈာန်ကိုရအောင် အားထုတ်ရာ၌ အချို့သော ပုဂ္ဂိုလ်တို့မှာ အထက်၌ပြဆိုခဲ့သည့်အတိုင်း ဈာန်ငါးဆင့် ရှိ၏၊ ဤနည်းကိုပဉ္စကနည်းဟုခေါ်သည်၊ အချို့သောပုဂ္ဂိုလ်တို့မှာကား၊ ဈာန်အင်္ဂါဝိတက်နှင့်ဝိစာရကို တပေါင်းတည်း တကြိမ်တည်း ပယ်ခဲ့၍ဈာန်လေးဆင့်သာရှိသည်၊ ထိုနည်းကို စတုက္ကနည်းဟုခေါ်သည်။ ထိုစတုက္ကနည်း၌၊ တတိယဈာန်သည် ဒုတိယဈာန်ဖြစ်၏၊ စတုတ္ထဈာန်သည်၊ တတိယဈာန်ဖြစ်၏၊ ပဉ္စမဈာန်သည်၊ စတုတ္ထဈာန်ဖြစ်၏။

ဤသို့ပထဝီ(မြေကြီး)ကသိုဏ်းကိုကြည့်ရှု၍ရသောဈာန်

တို့သည်၊ မြေဝန်းပထဝီကသိုဏ်းကို ကြည့်ရှုချိရသော ဈာန်ဖြစ်ခြင်းကြောင့် ပထဝီကသိဏမည်ကုန်၏၊ ယခုကဲ့သို့ပထဝီကသိဏဈာန်ကို ရအောင်၊ ပထဝီကသိုဏ်း နိမိတ်ကိုကြည့်ရှုရာမှာ၊ ရှေးအတိတ်နီးသောဘဝကပထဝီကသိုဏ်း နိမိတ်ကိုရခဲ့ဘူးသော အထုံရှိသောသူတို့မှာသာသျှင်၊ ဤကဲ့သို့ မြေကြီးကသိုဏ်းဝန်းကို အသေအချာ လုပ်၍ရှုမှပင် နိမိတ်ရနိုင်သည်၊ ဈာန်ရနိုင်သည်၊ ရှေးအထုံပါရမီရှိသောသူတို့မှာမူကား မပြုမပြင်ဘဲ၊ ပကတိမြေပြင်ကိုပင် မြေ၊ မြေဟုနှလုံးသွင်း၍ အားဆုတ် ကြည့်ရှုလျှင်ပင် ပထဝီ ကသိုဏ်းနိမိတ်ရနိုင်သည်၊ ဈာန်တို့ကိုဖြစ်စေနိုင်၏။

ဤကဲ့သို့ပထဝီကသိဏ ဘာဝနာ ပွားဟန်ကိုပြဆိုပြီး၍၊ ကြွင်းသော သထမကမ္မဋ္ဌာန်း–၃၉–ပါးတို့ ပွားဟန်တို့ကိုလည်းရှဲဖဲခွဲနှိုင်းရှိသောကြောင့်၊ ကျယ်အံ့ဒုံး၍၊ ကမ္မဋ္ဌာန်းတခုတခုစီ ပွားဟန်ကို၊ ဤသနာပကျမ်း၌မပြမဆိုသတည်း။

(ပုညကိရိယာဝတ္ထုဆယ်ပါးတို့တွင်လည်း၊ ဒါန၊ သီလ ဘာဝနာတို့ကိုသာ အကျယ်ပြဆိုအပ်၏၊ ကြွင်းသော ခုနစ်ပါးတို့မှာ သိလွယ်သော တရားများ ဖြစ်သောကြောင့်၊ ဤကျမ်း၌အကျယ်မပြမဆိုသတည်း။)

ပုညကိရိယာဝတ္ထုဆယ်ပါးတို့တွင် ဘာဝနာသည် အမြတ်ဆုံးဖြစ်ကြောင်း။

၅၂၊ ပုညကိရိယာဝတ္ထု ဆယ်ပါးတို့တွင်၊ ဘာဝနာသည် အမြတ်ဆုံးဖြစ်၏၊ (မြတ်သောတရား ဆိုသည်မှာ၊ နိဗ္ဗာန်တရားကို ရလွယ်သော နိဗ္ဗာန်နှင့် နီးသောတရားကို မြတ်သောတရားဟုခေါ်၏၊) ဝေလာမသုတ်၌ မြတ်စွာဘုရားဟောတော်မူသည်မှာ၊ ဘုရားအလောင်းဖြစ်သော ဝေလာမ

ပုဏ္ဏားသည်၊ အလွန်ထူးမြတ်သော သတိသံဝေဂဘရား နှင့် ပြည့်စုံတော်မူ၍၊ ဂင်္ဂါမြစ်အနီး၌ --၁၂--ယူဇနာရှိသောခုံစင်တို့ကို ဆောက်လုပ်စေပြီးလျှင်၊ ဇမ္ဗူဒိပ် ကျွန်းသူတို့အား ထိတ်ကြားတော်မူ၍၊ ခုနစ်နှစ်ခုနစ်လ ခုနစ်ရက်လုံး၊ မြိန်မြတ်သောခဲဘွယ်စားဘွယ်တို့ကိုကျွေးမွေးလှူဒါန်းတော်မူ၍၊ အပြီးအဆုံး၌ အထူးထူးသော ငွေအသုံးအဆောင်တို့ဖြင့် ပြည့်စုံသော၊ ကြေးခွက်ပေါင်း--၈၄၀၀၀--ရွှေအသုံးအဆောင်တို့ဖြင့်ပြည့်သော ငွေခွက်ပေါင်း--၈၄၀၀၀၊ ရတနာ ခုနစ်ပါးတို့ဖြင့် ပြည့်သော ရွှေခွက်ပေါင်း--၈၄၀၀၀၊ (ထိုသုံးခုသော ခွက်တို့သည် ငယ်သောခွက်မဟုတ်ကုန်၊ သုံးခုသောခွက်တို့ကို ရလျှက်မှောက်ထားသည်ရှိသော်၊ လယ်ဘပယ်ပြည့်၏၊ ထိုခွက်တို့သည် ပါးသောခွက်လည်းမဟုတ်ကုန်၊ ထိုခွက်တို့၏ အနာရေးသည်၊ မြင်းနှစ်ကောင် ကသောရထားဖြင့် လှည့်လည်သောက်သော ပမာဏရှိ၏။) ရွှေဖြင့်ပြီးသော အဆင်းတန်ဆာရှိကုန်သော၊ ရွှေဘုံခွန်၊ ရွှေအသံ၊ ရိုက်ဆောက်ကုန်သော ရွှေကွန်ရက်ဖြင့်ကောင်းစွာ ဖုံးလွှမ်း အပ်ကုန်သော ဆင်ရတနာ--၈၄၀၀၀၊ ခြင်္သေ့ရေ၊ ကျားရေ၊ ကမ္ဗလာနီတို့ဖြင့် ခြယ်လှယ်ချုပ်လုပ်အပ်ကုန်သော၊ ရွှေဖြင့်ပြီးသော အဆင်းတန်ဆာတို့ဖြင့် တန်ဆာ ဆင်အပ်ကုန်သော၊ ကောင်းစွာစိုက်ဆောက်အပ်သော ရွှေဘုံခွန်ရှိကုန်သော ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သောရထား--၈၄၀၀၀၊ ဦးချိုခွါသေးဘက်တို့၌ ရွှေပြာဖြင့်ပွပ်အပ်ကုန်သော၊ အဘိုးများစွာထိုက်သောကမ္ဗလာဖြင့် ကျောက်ကုန်း၌ ရုံအပ်ကုန်သော၊ အဘိုးများစွာထိုက်သော နို့ရည်ခံရွှေဖျဉ်းနှင့်တကွဖြစ်ကုန်

သော၊နို့ညှစ်နွားမ-၁၄၀၀၀၊ ပတ္တမြားနားဒေါင်း ဝတ်ဆင်ကျန်လျက်၊အထူးထူးသောတန်ဆာတို့ဖြင့် ဘန်ဆာဆင်အပ်ကုန်သော ကညာသတို့သမီး-၁၄၀၀၀၊ အမွေး လက်လေးသစ်ရှည်သော သားမွေးဖြင့်ပြီးသော ဂေါဏကမည်သောအခင်း၊ ဝံပိုင်ရေ၏ အထက်၌ ဖြူသောအဝတ်ကိုကြက်၍ပြုအပ်သော မြတ်သောအခင်း၊ ဤအခင်းတို့ဖြင့်ခင်းအပ်ကုန်သော၊အထက်၌ နီသောဖ်တာနဲ့ဖြင့်ကြက်အပ်ကုန်သော၊ နှစ်ဘက်သောခြေအုံးခေါင်းအုံးရှိကုန်သော၊ သားရဲရုပ်တပ်သောအခြေရှိကုန်သော ပလ္လင်-၁၄၀၀၀၊ ခေါမတိုင်း၌ဖြစ်သောပုဆိုး၊ ပိုးချည်ပုဆိုးတို့၏ ဆယ်ထည် တလိပ်၊သိပ်အပ်သောပုဆိုးလိပ်ပေါင်း-၁၄၀၀၀၊ ဤအလုံးစုံသော ဝတ္ထုတို့ကို ဇမ္ဗူဒိပ်ကျွန်းသူ အလှူခံပုဂ္ဂိုလ်တို့အား လှူတော်မူ၏၊ ထိုဘုရားအလောင်းတော် ဝေလာမပုဏ္ဏား၏ကြီးစွာသော ဤအလှူထက်သာသနာတော်၌ မဂ်ဉာဏ်အမြင်ရှိသော သောတာပန် ပုဂ္ဂိုလ်တပါးအား၊ တကြိမ်ကျွေးအပ်သော ဒါနသည်အလွန်အကျိုးရှိ၏။ ထိုသောတာပန်ပုဂ္ဂိုလ်တပါးအားလှူသောဒါနထက်သောတာပန်ပုဂ္ဂိုလ်တရာတို့အား လှူအပ်သော ဒါနသည် အကျိုးကြီးမြတ်၏၊ သောတာပန်တရာအား လှူသောဒါနထက်၊ သကဒါဂါမ်ပုဂ္ဂိုလ်တပါးအားလှူသောဒါန၊ သကဒါဂါမ်ပုဂ္ဂိုလ်တပါးအား လှူသောဒါနထက်၊ အနာဂါမ်ပုဂ္ဂိုလ်တပါးအား လှူသောဒါန၊ အနာဂါမ်ပုဂ္ဂိုလ်တပါးအား လှူသောဒါနထက်၊ အနာဂါမ်ပုဂ္ဂိုလ်တရာအားလှူသောဒါန၊ အနာဂါမ်ပုဂ္ဂိုလ်

တရားလှူသောဒါနထက်၊ ရဟန္တာ တပါးအား သှူသောဒါန၊ ရဟန္တာတပါးအားလှူသောဒါနထက်၊ ရဟန္တာပုဂ္ဂိုလ်တရာအားလှူသောဒါန၊ ရဟန္တာပုဂ္ဂိုလ်တရာအားလှူသောဒါနထက်၊ အရှင်ပစ္စေကဗုဒ္ဓါတပါးအား လှူသောဒါန၊ အရှင်ပစ္စေကဗုဒ္ဓါတပါးအား လှူသောဒါနထက်၊ မြတ်စွာဘုရားတပါးအားလှူသောဒါန၊ မြတ်စွာဘုရားတပါးအား လှူသောဒါနထက်၊ဘုရားအမှူးရှိသောသင်္ဃာတော်အားဆွမ်းလှူသောဒါနသည်၊ အကျိုးကြီးမြတ်၏၊ထိုဘုရားအမှူးရှိသော သင်္ဃာတော်အား ဆွမ်းလှူသောဒါနထက်၊ စတုဒ္ဒိသာ သင်္ဃာကိုရည်၍ ကျောင်းဆောက်လုပ် လှူဒါန်းရသောဒါနသည် အကျိုးကြီးမြတ်၏၊ထိုစတုဒ္ဒိသာ ကျောင်းအလှူထက်၊သရဏဂုံကုသိုလ်အကျိုးကြီး၏၊သရဏဂုံကုသိုလ်ထက်၊ သရဏဂုံကုသိုလ်နှင့်တကွ ဆောက်တည်အပ်သော ငါးပါးသီလကုသိုလ်၊ ထိုထက်၊ မေတ္တာဘာဝနာကုသိုလ်၊ ထိုထက် အနိစ္စသညာ**ဝိပဿနာ**ကုသိုလ်လွန်မြတ်ကြောင်းကို သဗ္ဗညုမြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူသတည်း၊ ထိုကြောင့် ပညာကိရိယာဝတ္ထုဆယ်ပါးတို့တွင် ဘာဝနာ ကုသိုလ်သည်အမြတ်ဆုံးဖြစ်ကြောင်းကိုသိအပ်၏၊

သုံးဆယ်တဘုံဖြစ်ခြင်းအကြောင်း။

၅၃၊ မကောင်းမှုအကုသိုလ် ဒုစရိုက်ကိုပြုမိသော သူသည်၊ အပါယ်လေးဘုံ၌ ဖြစ်ရ၏၊ အပါယ် လေးဘုံဟူသည်ကား၊

(၁) ငရဲ၊ (၂) တိရစ္ဆာန်၊
(၃) ပြိတ္တာ၊ (၄) အသုရကာယ်၊

ဤလေးဘုံတည်း။ ။ကောင်းမှုကုသိုလ်သုစရိုက်ကို ပြုသောသူသည် လူဘုံ၊နတ်ဘုံ တို့၌ဖြစ်၏။ နတ်ပြည်ကား ခြောက်ဘုံရှိ၏။ ခြောက်ဘုံဟူသော်ကား။

(၁) စတုမဟာရာဇ်၊ (၂) တာဝတိံသာ၊
(၃) ယာမာ၊ (၄) တုသိတာ၊
(၅) နိမ္မာနရတိ၊ (၆) ပရနိမ္မိတဝသဝတ္တီ၊

ဤခြောက်ဘုံတည်း၊ အပါယ်လေးဘုံ၊လူ့ဘုံ။ နတ်ပြည် ခြောက်ဘုံ၊ ဤဆယ့်တဘုံသည် ကာမဆယ့်တဘုံမည်၏၊ လူ့ဘုံနှင့်နတ်ခြောက်ဘုံကို ကာမသုဂတိ-၇-ဘုံဟုခေါ်၏။ သုစရိုက်ဆယ်ပါးတို့တွင် ဘာဝနာ နှစ်ပါးအနက်၊ သမထ ဘာဝနာကမ္မဋ္ဌာန်းကို အားထုတ်သဖြင့်၊ ဈာန်တပါးပါးကိုရ သောသူသည်၊ မိမိရရှိသောဈာန်မချုပ်မလျှောမှီ သေသော် ထိုဈာန်အားလျော်စွာ၊ ဗြဟ္မာဘုံနှစ်ဆယ်တို့တွင် တဘုံဘုံ ၌ဖြစ်၏၊ ဗြဟ္မာနှစ်ဆယ်ဟူသော်ကား။

(၁) ဗြဟ္မပါရိသဇ္ဇာ။
(၂) ဗြဟ္မပုရောဟိတာ၊ )
(၃) မဟာဗြဟ္မာ၊
ပဌမဈာန်သုံးဘုံခေါ်၏၊
(၄) ပရိတ္တာဘာ၊
(၅) အပ္ပမာဏာဘာ၊
(၆) အာဘဿရာ၊
ဒုတိယဈာန်သုံးဘုံခေါ်၏၊
(၇) ပရိတ္တသုဘာ၊
(၈) အပ္ပမာဏသုဘာ၊
(၉) သုဘကိဏှာ၊
တတိယဈာန်သုံးဘုံခေါ်၏
(၁၀) ဝေဟပ္ဖိုလ်၊
(၁၁) အသညသတ်၊
(၁၂) အဝိဟာ၊
(၁၃) အတပ္ပါ၊
(၁၄) သုဒဿာ၊
(၁၅) သုဒဿီ၊

(၁၆) အကနိဋ္ဌ၊ ၊စတုတ္ထဈာန်ခုနှစ်ဘုံ ခေါ်၏၊
ပဉ္စမဈာန်ဘုံ လည်းမည်၏၊

ဤတဆယ့်ခြောက်ဘုံသည် ရူပဗြဟ္မာဘုံမည်၏။ နံပါတ် ၁၂-က-၁၆--ထိဘုံတို့ကို သုဒ္ဓါဝါသငါးဘုံ ဟုခေါ်၏၊

(၁၇) အာကာသာနဉ္စာယတန၊

(၁၈) ဝိညာဏဉ္စာယတန။

(၁၉) အာကိဉ္စညာယတန၊

(၂၀) နေဝသညာနာသညာယတန၊

ဤလေးဘုံသည် အရူပဗြဟ္မာဘုံမည်၏၊ အရူပဗြဟ္မာ၏ အဖြစ်သည် မမြဲသောကြောင့်သံသရာဝဋ်ဆင်းရဲမှ မထွက်မြောက်သေးသော အဖြစ်ကို မသိသဖြင့်၊ ဤအရူပဗြဟ္မာ၏ အဖြစ်ကိုပင် မြဲ၏ဟုယူဆခြင်းအစရှိသော ဖောက်ပြန်ခြင်းဖြင့်၊ အရူပါဝစရဈာန်ကိုရအောင် အာရုပသမထကမ္မဋ္ဌာန်း လေးပါးတွင် တပါးပါးကိုအားထုတ်၍၊ ထိုဈာန်ကိုရသော သူတို့သည်၊ မိမိတို့ရရှိသောဈာန်မပျက်မလျော့မှီသေသော် ထိုဈာန်အားလျော်စွာ၊ အရူပ ဗြဟ္မာလေးဘုံတွင်တဘုံဘုံ၌ ဖြစ်၏၊ နာမ်ငြိမ်းနေခြင်းကြောင့်ဖြစ်သောဘုံကား၊ အသညသတ်ဘုံတည်း၊ ဤသို့လျှင်ဗြဟ္မာဘုံနှစ်ဆယ်ဖြစ်သတည်း၊ ဤဗြဟ္မာဘုံ -၂၀-တွင်၊ ကာမဆယ့်တဘုံကို ထည့်သော် ၃၁ဘုံဖြစ်၏၊

ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ။ အာနဉ္စာဘိသင်္ခါရ၊

၅၄။ ကုသိုလ်သုစရိုက်သည်၊ ပုညာဘိသင်္ခါရမည့်၏၊ အကုသိုလ်ဒုစရိုက်သည် အပုညာဘိသင်္ခါရမည်၏။ အရူပါဝစရဈာန်သည်၊ အာနဉ္စာဘိသင်္ခါရမည်၏၊ သဘာဝတို့ကို၊

ဤသင်္ဂြိုဟ်ဒုက္ခသုံးပါးတို့ဖြင့် အမြန်နိပ်စက်၏၊ နိပ်စက်ပုံကို လောကုတ္တရာနှင့်ဆိုင်သောဒုတိယပိုင်း၌အကျယ်ပြဆိုလတ္တံ့။

ကာမာဝစရကုသိုလ်၊ မဟဂ္ဂုတ်ကုသိုလ်၊ လောကုတ္တရာကုသိုလ်။

၅၅၊ သုဂတိ၊ ခုနစ်ဘုံ၌ ဖြစ်စေတတ်သော ကောင်းမှုကုသိုလ်ကို ကာမာဝစရကုသိုလ်ဟုခေါ်၏၊ ဗြဟ္မာဘုံနှစ်ဆယ်၌ဖြစ်စေတတ်သော ကောင်းမှုကုသိုလ်ကိုမဟဂ္ဂုတ်ကုသိုလ်ဟုခေါ်၏၊ မဂ်ဖိုလ်တရားတို့ကို ရစေတတ်သော ကုသိုလ်ကို လောကုတ္တရာ ကုသိုလ်ဟုခေါ်၏၊ ဤသို့လျှင်ကောင်းမှုကုသိုလ်သုံးမျိုးရှိသတည်း။

ကံ၏အနက်အဓိပ္ပါယ်။

၅၆၊ အထက်ကပြဆိုသည့်အတိုင်း၊ မကောင်းမှု အကုသိုလ်ကိုပြုလျှင် အပါယ်လေးဘုံ၌ ဖြစ်ရ၏၊ ကောင်းမှုကုသိုလ်ကိုပြုလျှင်၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့၌ဖြစ်ရ၏၊ ထိုသို့ပြုအပ်သောအမှုကိုကံ (ပါဠိဘာသာကမ္မ) ဟုခေါ်၏၊ ကံ၏မကျဉ်းမကျယ်အဓိပ္ပါယ်ကား၊ စေ့ဆော်စီရင်တတ်သော စိတ်စေတနာဖြင့်။ စေ့ဆော်စီရင်၍၊ ၎င်းစေတနာနှင့်တကွ ကိုယ်နှုတ်တို့ဖြင့် လှုပ်ရှားပြောဆိုခြင်း အမှုတို့ကိုပြုသည်၊ စိတ်ဖြင့် အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ အမှုတို့ကိုပြုသည်၊ ထိုကိုယ်အမှု၊ နှုတ်အမှု၊ စိတ်အမှုတို့ကို ပြုတတ်သောစိတ်စေတနာကိုကံဟူ၍ခေါ်သည်၊

ကံတို့၏အပြား။

၅၇၊ ကံတို့၏အပြားကား ကိစ္စ၏အားဖြင့် လေးပါးရှိ၏၊ လေးပါးဟူသော်ကား၊

(၁) ဇနကကံ၊ (၂) ဥပတ္ထမ္ဘကကံ၊
(၃) ဥပပီဠကကံ၊ (၄) ဥပဃာတကကံ၊

ဤကားလေးပါးတည်း၊ အကျိုးပေးသော အစဉ်အသျှည့် အားဖြင့်လည်း လေးပါးအပြားရှိ၏၊ လေးပါးဟူသော်ကား၊

(၁) ဂရုကကံ၊ (၂) အာသန္နကံ၊
(၃) အာစိဏ္ဏကံ၊ (၄) ကဋတ္တာကံ၊

ဤလေးပါးတည်း၊အကျိုးပေးရာ ကာလ၏ အစွမ်းအားဖြင့် လည်း လေးပါးအပြားရှိ၏၊လေးပါးဟူသော်ကား။

(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ၊ (၂) ဥပပဇ္ဇဝေဒနီယကံ၊
(၃) အပရာပရိယဝေဒနီယကံ၊ (၄) အဟောသိကံ၊

ဤလေးပါးတည်း၊ အကျိုးပေးရာဌာန၏ အစွမ်းအားဖြင့် လည်း လေးပါးရှိ၏၊လေးပါးဟူသော်ကား၊

(၁) အကုသိုလ်ကံ၊ (၂) ကာမာဝစရကုသိုလ်ကံ၊
(၃) ရူပါဝစရ ကုသိုလ်ကံ၊(၄) အရူပါဝစရကုသိုလ်ကံ၊

ဤလေးပါးတည်း၊ ဤသို့လျှင် ကံတို့၏အပြား အစုစု ပေါင်း-၁၆-ပါးရှိကုန်၏၊

ဇနကကံ။

၅၈၊ ကိစ္စအားဖြင့် လေးပါးရှိသောကံတို့တွင်၊ ဇနကကံဟူသည်ကား၊ပဋိသန္ဓေကို ဖြစ်စေတတ်သောကံတည်း။ ထိုကံသည် ပဋိသန္ဓေကိုဖြစ်စေ၍ ပဋိသန္ဓေဖြစ်ပြီးနောက် တစုံတခုသောအကျိုးကိုမဖြစ်စေနိုင်၊အဓိပ္ပါယ်မှာ၊မူလရင်း ပဋိသန္ဓေကဖြစ်သော မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ကိုယ်၊ ယောကျာ်း၏အင်္ဂါဇာတ်၊မိန်းမ၏အင်္ဂါဇာတ်၊ အသက်ဇီဝိတ တို့ကို တဘန်မဖြစ်စေပြီ၊ ထိုမူလရင်းပဋိသန္ဓေကဖြစ်သော

ရုပ်နာမ်တို့ကို ကာလရှည်စွာ တည်လေအောင်သော်၎င်း၊ စည်းစိမ်ချမ်းသာဖြစ်ပွားလေအောင်သော်၎င်း၊ တပါးတခြားသော ကုသိုလ်ကံက ထောက်ပံ့၏ဟူလိုသတည်း။

ဥပတ္ထမ္ဘကကံ။

၅၉။ ဥပတ္ထမ္ဘကကံ ဟူသည်ကား၊ ဇနက ကံ၏ အကြောင်းကြောင့်ဖြစ်သော ရုပ်နာမ်တို့ကိုထောက်ပံ့ တတ်သော ကုသိုလ်ကံ အကုသိုလ်ကံတည်း၊ တနည်းကား၊ ဇနကကံကဖြစ်စေသော ပဋိသန္ဓေ၌ရုပ်နာမ်တို့ကို ဖြစ်စေအပ်သည်ရှိသော်၊ ကုသိုလ်အကုသိုလ်ကံကြောင့် ဖြစ်သော ချမ်းသာဆင်းရဲကို ထောက်ပံ့တတ်၏၊ အဓွန့်ရှည်စွာဖြစ်စေတတ်၏၊ ဇနကကံသည် အမိနှင့်တူ၏၊ ဥပတ္ထမ္ဘကကံသည် အထိန်းနှင့်တူ၏၊

ဥပပီဠကကံ။

၆၀။ ဥပပီဠကကံ ဟူသည်ကား၊ အကျဉ်းအားဖြင့် ဇနကံ၏ အကျိုးမဖွံ့ဖြိုးစေရ၊ မှေးတိမ် သိမ်ဖျင်းအောင် ညှဉ်းဆဲနှိပ်စက်တတ်သော ကုသိုလ် အကုသိုလ်ကံတည်း၊ မကျဉ်းမကျယ် အဓိပ္ပါယ်မှာ၊ ဇနကကံဖြစ်စေသော ပဋိသန္ဓေ၌၊ ကုသိုလ်အကုသိုလ်ကံကြောင့်ဖြစ်သော ချမ်းသာဆင်းရဲကိုကပ်၍ နှိပ်စက်တတ်၏၊ တားမြစ်တတ်၏၊ အဓွန့်ရှည်စွာဖြစ်ခြင်းငှါ အခွင့်မပေး၊ ကုသိုလ်ကံ အကျိုးပေး၍ ချမ်းသာခြင်းရှိသောသူအား၊ ရောဂါအစရှိသော အန္တရာယ်၏ အကြောင်းကိုဖြစ်စေသဖြင့်၊ ချမ်းသာအစဉ်ကို ဖြတ်၍ နှိပ်စက်တတ်၏၊ အကုသိုလ်ကံအကျိုးပေးခိုက်ဖြစ်၍ရောဂါ အစရှိသော အန္တရာယ်ကြောင့် ဆင်းရဲခြင်းရှိသောသူအား၊

ဆေးအစရှိသော ချမ်းသာသုခ၏ အကြောင်းကို ဖြစ်စေသဖြင့်၊ ဆင်းရဲအစဉ်ကိုဖြတ်၍ နှိပ်စက်တတ်၏၊ ဖျက်ဆီးတတ်၏၊ ကုသိုလ်ကံ အကျိုးပေးသည်ရှိသော်၊ အကုသိုလ်ကံသည် နှိပ်စက်သည်ဖြစ်၏၊ ထိုကုသိုလ်ကံ၏အကျိုး ဖြစ်ခွင့်သော ဥါအခွင့်မပေး၊ အကုသိုလ်ကံအကျိုးပေးသည်ရှိသော်၊ ကုသိုလ်ကံသည်နှိပ်စက်သည်ဖြစ်၍၊ ထိုအကုသိုလ်ကံ၏ အကျိုးပေးခွင့်သောဥါ အခွင့်မပေး၊ ဥပမာအားဖြင့် ဆိုသော် ကြီးပွားဆဲ ဖြစ်သော သစ်ပင်ချုံနွယ်ကို တစုံတယောက်သောသူသည် တုတ်တားတို့ဖြင့် ရိုက်နှက်ချတ်ဖြတ်ဖျက်ဆီးခဲ့လျှင်ထိုသစ်ပင် ချုံနွယ်သည်မြင့်ရှည်စွာ ကြီးပွားခြင်းဥါ မတတ်နိုင်သကဲ့သို့တည်း၊

ဥပဃာတကကံ။

၆၁၊ ဥပဃာတကကံ ဟူသည်ကား၊ အကျဉ်းအားဖြင့်အားနည်းသော ဇနကကံ၏အကျိုးကိုတားမြစ်၍၊ မိမိ၏အကျိုးကို ဖြစ်စေတတ်သော ကုသိုလ်အကုသိုလ်ကံသည် ဥပဃာတကကံတည်း၊ မကျဉ်းမကျယ် အဓိပ္ပါယ်မှာ၊ ကုသိုလ်ကံအကျိုးပေးသောအခါ၌၊ တခုသော အကုသိုလ်ကံ လာပြီးလျှင်၊ ထိုကုသိုလ်ကံကိုဖြတ်၍ အကျိုးပေး၏ အကုသိုလ်ကံအကျိုးပေးသောအခါ၌ တခုသောကုသိုလ်ကံလာပြီးလျှင်၊ ထိုအကုသိုလ်ကံကိုဖြတ်၍။ အကျိုးပေး၏၊ထိုဖြတ်၍အကျိုးပေးသောကံကို ဥပဃာတကကံဟုခေါ်၏။ ၎င်းကံကိုဥပစ္ဆေဒကဟူ၍လည်းခေါ်၏၊

ဂရုကကံ။

၆၂၊ ဂရုကကံဟူသည်ကား၊ ကြီးသောအပြစ်ရှိသော

ကြီးသော ဟာန်ခိုးရှိသောကံတည်း၊ တပါးတခြားသောကံသည် တားမြစ်ခြင်းငှါ မဘတ်ကောင်းသောကံတည်း၊ အမိကို သတ်သော မာတုဃာတကကံ၊ အဘကို သတ်သော ပိတုဃာတကကံ၊ ရဟန္တာကိုသတ်သော အရဟန္တ ဃာတကကံ၊ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုမိသော လောဟိတုပ္ပါဒကကံ၊ ရဟန်းအသင်းကွဲပြားအောင် ပြုလုပ်သော သံဃဘေဒကကံ ငါးပါးတို့သည် အကုသိုလ်ဂရုကကံဖြစ်၏၊ မဟဂ္ဂုတ်ကံသည် ကုသိုလ်ဂရုကကံဖြစ်၏၊ အကုသိုလ်ဂရုကကံ ပြုမိသောသူ သေကာလ ငရဲပြည်၌ ပဋိသန္ဓေမဖြစ်ရအောင် မည်သည့်ကုသိုလ်ကံမျှ မထောက်ပံ့နိုင်၊ ပဋ္ဌမဈာန်အစရှိသော မဟဂ္ဂုတ်ကုသိုလ် ရှိသောသူ သေကာလ ဗြဟ္မာပြည်၌ ပဋိသန္ဓေမဖြစ်ရအောင်မည်သည့် အကုသိုလ်ကံမျှ မတားနိုင်ချေ၊ အကုသိုလ် ဂရုကကံကို အနန္တရိယကံငါးပါးဟူ၍ခေါ်၏၊ ထိုကံငါးပါးတို့တွင်၊သံဃဘေဒကကံသည်အပြစ်အကြီးဆုံးဖြစ်၏၊

အာစိဏ္ဏကံ။

၆၃၊ အာစိဏ္ဏကံ ဟူသည်ကား အမြဲမပြတ်ပြုအပ်သောကုသိုလ်အကုသိုလ်ကံ၊ တကြိမ်ပြုပြီးနေသော်၊ အဘန်ဘန်အထပ်ထပ် အောက်မေ့အပ်သော ကုသိုလ်အကုသိုလ်ကံတည်း၊

ကဋတ္တာကံ။

၆၄၊ ကဋတ္တာကံ ဟူသည်ကား။ ဂရုကကံ၊အာသန္နကံ၊ အာစိဏ္ဏကံအဖြစ်သို့ မရောက်သော ပြုကာမျှသာလျှင်

လည်းဖြစ်သောရှေးဘဝ၌ပြုအပ်ပြီးသောကံတည်း၊

ဂရုကံစသောကံ ၄ ပါး၊တို့၏ဖြစ်ရာဘဝကာလနှင့်တကွ
အကျိုးပေးစဉ်ကိုပြခြင်း။

၆၅၊ ဂရုကကံ၊အာသန္နကံ၊အာစိဏ္ဏကံ၊ ကဋတ္တာကံ၊ ဤကံလေးပါးတို့တွင်၊ ရှေးကံသုံးပါးထို့သည့် ယခုဘဝ၌သာဖြစ်သော ဥပပဇ္ဇဝေဒနီယကံမည်၏၊ ကဋတ္တာကံသည်ကား ရှေးရှေးသောဘဝ၌ ပြုအပ်ပြီးသော အပရာပရိယဝေဒနီယကံမည်၏၊

ဒိဋ္ဌဓမ္မဝေဒနီယကံ။

၆၆၊ ကုသိုလ်အကုသိုလ်မှုကို ပြုသောယခုမျက်မှောက်ဘဝတွင် အကျိုးပေးသောကံသည် ကုသိုလ် အကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏၊ အလှူဒါနအရာ၌၊

(၁) အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်း တည်းဟူသော ခေတ္တ၊

(၂) စေတနာ၏ ပြည့်စုံခြင်း တည်းဟူသော အဇ္ဈာသယ၊

(၃) ပစ္စည်း၏ ပြည့်စုံခြင်း တည်းဟူသော၊ ပစ္စယသမ္ပဒါ၊

(၄) အလှူခံပုဂ္ဂိုလ်၏ လွန်ကဲသော ဂုဏ်နှင့်ပြည့်စုံခြင်း၊ဂုဏာတိရေကသမ္ပဒါ၊

ဤလေးပါးနှင့် ပြည့်စုံပါမှ၊ အားကြီးသော အဖြစ်သို့ ရောက်သည်၊ ယခုမျက်မှောက် ဘဝ၌ အကျိုးပေးတတ်သော သဘောနှင့်ပြည့်စုံသည်၊ အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်း ခေတ္တဟူသည်မှာ၊အနာဂါမ်ရဟန္တာပုဂ္ဂိုလ်တည်း၊ပုဗ္ဗ မဋ္ဌ

ပရဟာဆိုအပ်သောစေတနာသုံးပါးလုံး၌ ဉာဏ်နှင့်ယှဉ်ခြင်း ဝမ်းမြောက်ဝမ်းသာရှိခြင်းတို့နှင့် ပြည့်စုံခြင်းသည် အဇ္ဈာသယမည်၏၊ တရားသဖြင့်ဖြစ်သောပစ္စည်းသည် ပစ္စယသမ္ပဒါမည်၏၊အသျှင်ပုဂ္ဂိုလ်၏ နိရောဓသမာပတ်မှထသော အဖြစ်သည် ဂုဏာတိရေကသမ္ပဒါမည်၏၊ ဘုရားရှင်ကိုပြစ်မှား၍ သံဃာကိုသင်းခွဲခြင်းကြောင့် ဒေဝဒတ်ကိုမြေမျိုခြင်း ဘုရားရှင်ကိုပြစ်မှား၍ ဝရဲ့တော် သုပ္ပဗုဒ္ဓမင်းကိုမြေမျိုခြင်း အရှင်သာရိပုတ္တရာ၏ ဦးခေါင်းတော်ကို ရိုက်နှက်ပြစ်မှား၍ နန္ဒဘီလူးကိုမြေမျိုခြင်း၊ အရှင်မဥပ္ပလဝဏ်ကို မုဒိမ်းပြုကျင့်ပြစ်မှား၍ ဦးရဲ့သားနန္ဒလုလင်ကို မြေမျိုခြင်း၊ ဘုရားရှင်ကို လင်ဟုစွပ်စွဲပြစ်မှား၍ စိဉ္စမာဏဝိကာ မိန်းမယုတ်ကို မြေမျိုခြင်း စသည်တို့ကား၊ အကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးတည်း၊

ဥပပဇ္ဇဝေဒနီယကံ၊

၇၊ ကုသိုလ် အကုသိုလ်မှုကို ပြုသောဘဝနောက် ဒုတိယဘဝ၌ ခံစားအပ်သောအကျိုးရှိသော ကုသိုလ်အကုသိုလ်သည်၊ဥပပဇ္ဇဝေဒနီယကံမည်၏၊

အပရာပရိယဝေဒနီယကံ။

၈၊ ကုကုလ် အကုသိုလ်မှုကိုပြုသော ဘဝနောက်၊ တတိယဘဝမှစ၍ နိဗ္ဗာန်ရသည်တိုင်အောင်၊ အခွင့်ရသည့် ရှိသော် အကျိုးပေးသောကုသိုလ်အကုသိုလ်သည် အပရာပရိယဝေဒနီယကံမည်၏၊

အဟောသိကံ။

၉၊ အကျိုးပေးရာကာလကို လွန်သော၊ ဒိဋ္ဌဓမ္မဝေဒနီ

ယက်၊ ဥပပဇ္ဇဝေဒနီယကံ နှစ်ခုသည် အဟောသိကံမည်၏၊အပရာပရိယဝေဒနီယကံသည်လည်း သံသရာ၏ဖြစ်ခြင်းပြတ်သည်ရှိသော်(အရဟတ္တမဂ်ကိုရသည်ရှိသော်, အဟောသိကံမည်၏၊

ကံ၏အကြောင်းကြောင့်သတ္တဝါတို့ထူးပြားကြခြင်း။

၇၀။ လောက၌ကံ၏ အသီးအသင်းကွဲပြားသည်ကို ပြတတ်သောကြောင့်သာလျှင်၊ ခြေမရှိသောသတ္တဝါ၊ ခြေနှစ်ချောင်းရှိသော သတ္တဝါ၊ ခြေလေးချောင်းရှိသော သတ္တဝါ၊ ခြေအများရှိသော သတ္တဝါ၊ ရုပ်ရှိသော သတ္တဝါ၊ ရုပ်မရှိသောသတ္တဝါ၊ အမှတ်သညာရှိသောသတ္တဝါ၊ အမှတ်သညာမရှိသောသတ္တဝါ၊ အမှတ်သညာ ရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ်သောသတ္တဝါတို့သည်ဖြစ်ကုန်၏၊ထိုမှတပါး ကံ၏အကြောင်းကြောင့်သာလျှင် သတ္တဝါတို့အား ထူးပြားကြကုန်လျက် အသက်တိုခြင်း၊အသက်ရှည်ခြင်း၊ အနာရောဂါများခြင်း၊ အနာရောဂါနည်းခြင်း၊ အဆင်း လှခြင်း၊ အဆင်းမလှခြင်း၊ အခြံအရံနည်းခြင်း၊ အခြံအရံများခြင်း၊ စည်းစိမ် ဥစ္စာ နည်းပါးခြင်း၊ စည်းစိမ်ဥစ္စာ ပေါများခြင်း၊ အမျိုးယုတ်ခြင်း၊ အမျိုးမြတ်ခြင်း၊ ပညာမဲ့ဖြင်း၊ပညာရှိခြင်းတို့သည်ဖြစ်ကုန်၏၊

သေရခြင်းအပြားလေးပါး။

၇၁၊ သေရခြင်းအပြား လေးပါးရှိ၏၊ လေးပါး ဟူသော်ကား၊

(၁) ကံအားပင်ရှိသေးသော်လည်း၊ အသက်တမ်းသို့လိုက်၍သေရခြင်း၊ (အာယုက္ခယမရဏ၊)

(၂) သက်တမ်းပင်မစေ့သေးသော်လည်း ကံအား ကုန်၍သေရခြင်း၊ (ကမ္မက္ခယမရဏ၊)
(၃) သက်တမ်းလည်းစေ့၊ကံလည်းအားကုန်၊ နှစ်ပါးဆုံ၍သေရခြင်း၊ (ဥဘယက္ခယမရဏ၊)
(၄) သက်တန်းလည်း ရှိသေးလျက်၊ ကံအားလည်း တောင့်တင်းပါသေးလျက်၊ ဥပစ္ဆေဒကကံ တပါးသည်အတင်းဖြတ်၍သေရခြင်း၊(ဥပစ္ဆေဒက မရဏ။)

ဤလေးပါးတည်း၊ (၁) အချက်၊ အာယုက္ခယ မရဏ မှာဖြစ်မြဲတိုင်းသော ရုပ်ကိုပြုပြင်သောကိုယ်တွင်း၌ ရှိသော ခေတ်သစ်ခေတ်မီးတို့သည် အသက်တရာပြည့်သော ကာလ လွန်ရွာ ရုပ်လျော့ခန်းသွေ့သဖြင့် သေရသော သူတို့ကိုဆို သတည်း၊ (၂)အချက်၊ ကမ္မက္ခယမရဏမှာ၊ အသက်တမ်း ပြေည့်မှီ ကံကုန်မည်ရှိသော်လည်း၊ စောစောကတင်ရင်၍ အပစာယနစသော သုစရိုက်မှုများကို ကောင်းကောင်းကြီး ပြုနိုင်ပါလျှင်၊ နည်းသောကံသည် အားရှိ၍သာသဖြင့်၊ အ ရှည်တည်နိုင်ရာသေး၏၊ (၃)အချက်၊ ဥဘယက္ခယမရဏ မှာသိလွယ်ပြီ၊ (၄) အချက်၊ ဥပစ္ဆေဒက မရဏမှာ၊ ဥ ပစ္ဆေဒကကံသည်မိမိ၏ဇနကကံထက်အားရှိသော ဥပစ္ဆေ ဒကကံ၊ ဇနကကံနှင့်အားတူသော ဥပစ္ဆေဒကကံ၊ဇနက ကံအောက်အားယုတ်သော ဥပစ္ဆေဒကကံ ဟူ၍ သုံးပါး၊ အားရှိသော ဥပစ္ဆေဒကကံသည်လည်း၊ သင့်ရုံအားရှိသော ဥပစ္ဆေဒက၊ ငလွန်အားကြီးသော ဥပစ္ဆေဒက၊အလွန်ထက်

အလွန်အားရှိသော ဥပစ္ဆေဒကဟူ၍ သုံးပါးရှိ၏။ အလွန်ထက်အလွန်အားကြီးသော ဥပစ္ဆေဒကကံဖြစ်လျှင် ရှောင်၍ လွတ်ရာသော အခွင့်မရှိ၊ မြတ်စွာဘုရားမှ သော်လည်း မကယ်နိုင်ချေ။ အသင့်အားရှိသောဥပစ္ဆေဒကကံ၊ အလွန်အားရှိသောဥပစ္ဆေဒကကံတို့ကို အကျိုးစီးပွါး၌လိမ္မာခြင်းဟူသောပယောဂ သမ္ပတ္တိအားကောင်းလှလျှင် ကာဆီးနိုင်ရာ၏။

ကံအကျိုးပေးပုံ။

၇၂။ ရှေးရှေးသောဘဝ၌ ပြုကျင့်ခဲ့သော အကုသိုလ်ကံသည်၊ ယခုမိမိတွင်တင်ရှားနေပါသော်လည်း၊ သမ္ပတ္တိလေးပါး * တွင် တပါးပါးလက်ရှိဖြစ်နေသောကြောင့်၊ အကျိုးမပေးရ၊ သမ္ပတ္တိလက်လွတ်၍၊ဝိပ္ပတ္တိလေးပါး * တွင်တပါးပါး တွေ့ကြုံခိုက်မှအကျိုးမပေးနိုင်သည်၊ရှေးရှေးသော ဘဝကာလ၌ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုကံသည် ယခုမိမိတွင်ထင်ရှားရှိနေပါသော်လည်း၊ ဝိပတ္တိလေးပါးတွင် တပါးပါးတွေ့ကြုံခိုက်ဖြစ်၍ အကျိုးပေးခွင့်မရ၊ ဝိပ္ပတ္တိလက်လွတ်၍၊သမ္ပတ္တိလေးပါးတွင် တပါးပါးလက်ရှိ တွေ့ကြုံမှသာလျှင် အကျိုးပေးနိုင်သည်၊ အကျိုးပေးဆဲဖြစ်သော အကုသိုလ်ကံဟောင်းကို အားကြီးသောပယောဂသမ္ပတ္တိနှင့် လုပ်ကြံလျှင် လွတ်ငြိမ်းရာ၏၊ အကျိုးပေးဆဲဖြစ်သော ကုသိုလ်ကံဟောင်းသည်။ အားကြီးသောပယောဂဝိပ္ပတ္တိကို ပြုမိလိုက်စားမိလျှင် ဆုတ်ယုတ် ကွယ်ပျောက်တတ်၏၊ဟု မှတ်အပ်သတည်း၊

---

* နောက်ဆက်တွဲအစဉ်နံပါတ် (၃၇) မှာကြည့်၊
* နောက်ဆက်တွဲအစဉ်နံပါတ် (၃၄) မှာကြည့်၊

ကံဥာဏ်ဝီရိယ၊

၇၃၊ ဇနကကံနှင့်အားအင်တူမျှသော ဥပစ္ဆေဒကကံ၊ ဇနကကံအောက် အားနည်းသော ဥပစ္ဆေဒက ကံတို့မှာ အခွင့်ရမှပေးနိုင်၏၊ အခွင့်မရလျှင်မပေးနိုင်၊ မသင့်လျော် မနှလျောက်ပတ်သောဥတု၊ ကာလအရပ်ဒေသ၊ လုံ့လ၊ အာဟာရစသည်ကိုမှီငြိလျှင်အခွင့်ရ၏၊မမှီငြိလျှင်မရမလျောက်ပတ်သည်ကို မှီငြိကြသည်မှာလည်း လောဘကြောင့်လည်း ရှိသည်၊ ဒေါသကြောင့်လည်းရှိသည်၊ မကောင်းသောအမှု၌ လုံ့လကြောင့်လည်း ရှိသည်။ ကောင်းသောအမှု၌ လုံ့လကြောင့်လည်းရှိသည်၊ သဒ္ဓါပညာ တို့ကြောင့်လည်းရှိသည်၊ သဒ္ဓါပညာထက်သန်လှ၍ အလွန်ပြင်းထန်စွာအားထုတ်သော စာပေသင်ကြားခြင်း ပရိယတ္တိအလုပ်၊တရားကျင့်ခြင်း အားထုတ်ခြင်း ပဋိပတ္တိ အလုပ်များသည်လည်း ဥပပီဠကကံ၊ ဥပစ္ဆေဒကကံဟောင်းတို့အကျိုးပေးခွင့်ရသော အကြောင်းပင်ဖြစ်သတည်း၊ ထိုကြောင့်အသက်ရှည်မှု၊ မာကျန်းမှုတို့မှာ ကောင်းစွာလိမ္မာ၍နေရေးကျ အားထုတ်နိုင်သော ဥာဏ် ဝီရိယသည် လိုရင်းဖြစ်ပေသတည်း၊ အချို့သော သူတို့က ကံသာလျှင်လိုရင်းအကြောင်းဖြစ်သည်ပဋိသန္ဓေ နေစကပင် သေမည့်နေ့ရက်၊သေမည့်အရပ်ဒေသ သေချာပြီးဖြစ်သည်၊ ထိုကြောင့် အသွားမှား၍သေသည်၊ အနေမှား၍သေသည်၊ မတော်သည့်အစာကို စားမိ၍သေသည်၊ မတော်သည့်ဆေးကို မှီဝဲ၍ သေသည်စသဖြင့် ပြောကြသမျှသည်အမှားသာဖြစ်သည်ဟုယူမှားကြကုန်၏၊ ကံစီမံတိုက်တွန်းခြင်းရှိမှသာလျှင်ဥာဏ်ဖြစ်လာ၏၊ ဝီရိယဖြစ်လာ၏ဟု ယူမှားကြကုန်၏

နာခြင်း၏အကြောင်း သေခြင်း၏အကြောင်း ရှစ်ပါးရှိ၏။ ရှစ်ပါးဟူသော်ကား။

(၁) လေခေါင်ပျက်၍နာခြင်း၊သေခြင်း၊
(၂) သည်းခြေပျက်၍နာခြင်း၊သေခြင်း၊
(၃) သလိပ်ပျက်၍နာခြင်း၊သေခြင်း၊
(၄) သလိပ်၊ သည်းခြေ၊ လေ၊ သုံးပါးစုံပျက်၍ နာခြင်း၊သေခြင်း၊
(၅) ဥတုဘောက်ပြန်ပြောင်းလဲ၍ နာခြင်း၊သေခြင်း၊
(၆) မိမိကိုယ်ကို မသင့်တင့်စွာ ပြုလုပ်ဆောင်ရွက် ခြင်းကြောင့်ဖြစ်သောနာခြင်း၊သေခြင်း၊
(၇) မိမိလုံ့လ ဖြင့်သော်၎င်း၊ သူတပါးလုံ့လဖြင့် သော်၎င်း၊ တမင်အားထုတ်၍နာခြင်း၊သေခြင်း၊
(၈) ဥပစ္ဆေဒကကံ၊ ဥပပီဠကကံတို့ အတင်းနှိပ် စက်၍နာခြင်း၊သေခြင်း၊

ဤရှစ်ပါးတည်း၊ နံပါတ်(၇) တွင် ပြဆိုသည့်၊ နာခြင်း သေခြင်းသည် အချို့ရှေးကံကြောင့်ဖြစ်သည်၊အချို့ရှေးကံ ကြောင့်မဟုတ်၊ ယခုအမှုသစ်ပင်ဖြစ်သည်၊ နံပါတ်(၈)တွင် ပြဆိုသည့်၊ နာခြင်း၊ သေခြင်းမှာမူကား၊ ရှေးကံကြောင့် ဖြစ်သည်သက်သက်ပေတည်း။ ကြွင်းသော ခြောက်ပါးတို့ ကား၊ ရှေးကံကြောင့်ဖြစ်ရသည် မဟုတ်၊ ယခုဘဝ အမှု သက်သက်ပေတည်း၊ ထိုသို့ရှေးကံ၏ အကြောင်းကြောင့် မဟုတ်ဘဲ-နာခြင်း သေခြင်းတို့သာ များပါကုန်လျက်၊ နာ ခြင်း။ သေခြင်းဟူသမျှသည် ရှေးကံ၏အကြောင်းကြောင့် သာလျှင်ဖြစ်ကုန်၏ဟူ၍ မလိမ္မာသောဗာလ ပုဂ္ဂိုလ်တို့သည်

ဆိုကြကုန်၏ဟု ရဟန္တာဖြစ်သောအရှင်နာဂသိန် မိန့်တော်မူ၏၊ လောက၌ အလုံးစုံသော ဆင်းရဲချမ်းသာဟူသမျှတို့သည် ရှေးကံကြောင့်သာ ဖြစ်နိုင်သည်ဟု ယူသောသူတို့သည်၊ သဗ္ဗံ ပုဗ္ဗေကတဟေတုဒိဋ္ဌိမည်ကုန်၏ဟု အင်္ဂုတ္တိုရပါဠိတော်၊ သံယုတ်ပါဠိတော်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ အဘိဓမ္မဝိဘင်းပါဠိတော်တို့၌လည်း မြတ်စွာဘုရား ဟောတော်မူသည်၊ သံယုတ်ပါဠိတော်၌ ဟောတော်မူသောပါဠိ၏ အဓိပ္ပါယ်အကျဉ်းကား၊ ဤလောက၌ ဝေဒနာတို့သည် ဤရှစ်ပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။ ထိုသို့ဖြစ်သည်ကို ငါဘုရားလည်း ကိုယ်တိုင် ခံစားရဘူးသေးပြီ၊ လောက၌ ပညာရှိအပေါင်းသည်း အကြောင်းရှစ်ပါးကြောင့် ဖြစ်သည်ဟူသော စကားကို အမှန်သမုတ်ကြပေ၏၊ ထိုသို့ဖြစ်ပါလျက်၊ အချို့သောသူတို့သည်၊ ဝေဒနာဟူသမျှသည် ရှေးကံကြောင့်သာ ဖြစ်သည်ဟု ယူကြကုန်၏၊ ထိုသူတို့သည်ငါဘုရား၏ ဉာဏ်ကိုလည်း ကျူးလွန်ကုန်သည်၊ အမှန်ဟူ၍ သမုတ်အပ်သော၊ လောကသမုတိကိုလည်း ကျူးလွန်ကုန်သည်၊ ထိုကြောင့် ထိုသူတို့အယူစကားကို အမှားဖြစ်သည်ဟု ငါဘုရားဟောပေသည်ဟူလိုသည်၊

နတ်ပြည် ခြောက်ထပ်၊ ဗြဟ္မာပြည် နှစ်ဆယ်။ အပါယ်လေးဘုံ။ ဤဘုံသုံးဆယ်တို့၌ကား၊ ပဋိသန္ဓေအခါ၌ရုပ်နာမ်ဖြစ်ရန်အမှု၊ ပဋိသန္ဓေဖြစ်ပြီးနောက်အခါကာလ၌ ချမ်းသာဆင်းရဲမှုများမှာ၊ ကံသည်သာပြဓာန်းသည်၊ ဉာဏ်ဝီရိယမပြဓာန်း။ ဉာဏ်ဝီရိယကူသို့လျှင်၊ ကံသစ်ပြု၍ကူရမည်၊ လူ့

ဘုံ၌ကား၊ ပဋိသန္ဓေအခါ၊ အယုတ်၊ အလတ်၊ အမြတ်ပြာ်ကြသည်မှာ ရှေးကံအကြောင်းသာတည်း- ရှေးကံကောင်းလျှင် မြင့်မြတ်ချမ်းသာသော အမျိုးမှာ ဖြစ်ရသည်၊ ရှေးကံမကောင်းလျှင် ယုတ်ညံ့ဆင်းရဲသော အမျိုးမှာ ဖြစ်ရသည်၊ ရှေးကံချ၍ ပဋိသန္ဓေဖြစ်ရပြီးနောက် ရရှိသောစည်းစိမ်ချမ်းသာဥစ္စာစီးပွားစသည်တို့ကို စောင့်ရှောက်မှုတိုးပွားစေမှု၊ မရသေးသော စည်းစိမ်ချမ်းသာစီးပွားဥစ္စာတို့ကို ရအောင်ပြုမှု၊ အသက်ရှည်ဘို့ **သိ**မ္မာရသောအမှု၊ အနာကင်းဘို့လိမ္မာရသော အမှုများမှာမူကား၊ ဉာဏ်ဝီရိယသာ လိုရင်းပဓာနပေတည်း၊

အမြော်အမြင် အဆင်အခြင် ကင်းသဖြင့်၊ မလိုက်တန်သောလမ်း၊ မသွားတန်သောအရပ်ဒေသ၊ အခါကာလ၊ မပြုတန်သောအမှု၊ မစားတန်သောအစာ၊ အစရှိသည်များကို စိတ်ထင်တိုင်းပြုလုပ် စားသောက်၍ ဖျားခြင်း၊ နာခြင်း၊ သေဆုံးခြင်းစသော အရာများသည်လည်း၊ ရှေးကံဟောင်းကောင်းပါလျက်၊ လူမလိမ္မာသောကြောင့် ဆုတ်ယုတ် ဆုံးပါးရလေသည်၊ ထိုစကားမှန်၏၊ မှန်ကြောင်းကား။ သတ္တဝါ၏ကိုယ်မှာ ကံကြောင့်ဖြစ်သောရုပ်၊ စိတ်ကြောင့်ဖြစ်သောရုပ်၊ ဥတုကြောင့်ဖြစ်သောရုပ်၊ အာဟာရကြောင့်ဖြစ်သောရုပ်ဟူ၍ရုပ်လေးမျိုးရှိ၏၊ ထိုလေးမျိုးတွင်၊ ရှေးကံကြောင့်ဖြစ်သောရုပ်သည် တရုပ်မျှသာပါသည်၊ စိတ်၊ ဥတု၊ အာဟာရတို့ကြောင့်ဖြစ်သော ရုပ်တို့သာများကုန်သည်၊ ကံကြောင့်ဖြစ်သောရုပ်သည် ကိုယ်ကိုမှီတွယ်၍၊ ထိုစိတ်၊ ဥတု၊ အာဟာရရုပ်တို့နှင့်၊ ဖြစ်အတူ ပျက်အတူ ဖြစ်ရကုန်သည်၊ တို့

ကြောင့်စိတ်၊ ဥတု၊ အာဟာရတို့ ဖောက်ပြန်၍၊ ၎င်းတို့၏ ရုပ်များပျက်ပြားခဲ့လျှင်၊ ကံသည်လည်း အကျိုးပေးရန်ညီ ညွတ်သော မွေ့နမှာ၍၊ ယုတ်သိမ်းကွယ်ပ ရလေတော့ သည်၊ ဤသို့သျှင်မိဒိ၏ကံဟောင်းသည်မကုန်သိသေးသော် လည်း၊မိမိသည်ဥာဏ်ဝီရိယတို့ကို အသုံးမပြုသဖြင့်၊ စိတ်၊ ဥတု၊အာဟာရတို့ ဖောက်ပြန်ခြင်း အကြောင်းကြောင့်ကုန် ရှာရသေးသတည်း၊

လောက၌ ကံသာအမွန်အချုပ်မဟုတ်ပါလောပဟူမူ၊ သုံး ဆယ်တတု တွင် ပရိသန္တေအားဖြင့် အယုတ်၊ အလတ်၊အာ မြတ်ဖြစ်ကြရာ၌၊ ကံသာအမွန် ကံသာအချုပ်ဖြစ်သည်၊လူ့ ဘုံမှာပါးဘုံ သုံးဆယ်တို့၌ ပရိသန္တေအခါ၌ရင်း၊ ပဋိသန္တေ တည်ပြီးနောက်မသေမီကာလအတွင်း၌ရင်း၊ များသောအား ဖြင့်၊ကံသာအမွန်အချုပ်ဖြစ်သည်၊လူ့ဘုံသည်ကား၊ကံဘုံ၊ ဥာဏ်ဘုံ၊ဝီရိယဘုံဖြစ်ပေသည်၊သုစရိုက်မှုဒုစရိုက်မှု အ လွန်ထွန်းကားသောဘုံဖြစ်ပေသတည်း၊

ယခုမျက်မှောက်ဘဝ၌၊ ဒုက္ခအမျိုးမျိုးဖြစ်ရခြင်း၊ သေ ဆုံးရခြင်းတို့သည်၊ မိမိရှေးကပြုခဲ့ဘူးသော ကံအကြောင်း ကြောင့်သာလျှင်ဖြစ်၏၊ ကံစီမံခြင်းရှိမှသာလျှင် ဥာဏ်ဖြစ် လာ၏၊ ဝီရိယဖြစ်လာ၏ဟု ယူကြသောသူ၊ ယခုအခါများ စွာရှိကြသည်ဖြစ်၍၊ကံဥာဏ်ဝီရိယအကြောင်းကိုမကျဉ်းမ ကျယ်အသင့်အလျော်ရေးသားပြဆိုလိုက်သတည်း၊

ပဌမပိုင်းပြီး၏၊

# ဒုတိယပိုင်း။

## လောကုတ္တရာတရားအကြောင်း။

## သံသရာဝဋ်ဆင်းရဲအကြောင်း။

၁။ လောကုတ္တရာ တရားသည်၊ လောကီယတရားနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဖက်၊ အထက်ကပြဆိုခဲ့သည့်အတိုင်း၊ အောက်ဆုံးအပါယ်လေးဘုံကစ၍။ အထက်ဆုံးအရူပလေးဘုံတိုင်အောင် အကျိုးပေးအပ်သောတရားသည်၊ လောကီယတရားမည်၏။ ။သုဂတိခုနစ်ဘုံ၊ ရူပဗြဟ္မာ ၁၆ ဘုံ၊ အရူပဗြဟ္မာလေးဘုံ၊ ဤ ၂၇ ဘုံသားတို့ချမ်းသာသည်ဟု သမုတ် အပ်သော သုခသည်။ အလွန်ကြောက်လန့်ဘွယ်ကောင်းသော ဒုက္ခကြီးတည်း၊ သစ္စာဝါဒ်ရှိသည်၊ ထိုဒုက္ခကြီးကို သုခထင်မှတ်မှား၍ လောကီကုသိုလ်တည်းဟူသော ကာမာဝစရကုသိုလ်၊ မဟဂ္ဂုတ်ကုသိုလ်တို့ကို အားထုတ်ကြသဖြင့်၊ ဒုက္ခအတိဖြစ်သောသံသရာတည်းဟူသော ဝဲဩဃကြီး၌ ကျင်လည်မျောပါနေကြကုန်သည်၊ လောကုတ္တရာတရားကို အားထုတ်မှသာလျှင်၊ သံသရာ တည်းဟူသော သုံးဆယ့်တဘုံမှထွက်မြောက်၍၊ ဒုက္ခနှင့်မရောသော သုခစစ်ရှိရာ နိဗ္ဗာန်သို့ရောက်ကြ၊ နိဗ္ဗာန်တရားကို ရကြကုန်ရာသည်ဟု ဟောတော်မူသည်၊ ။လောကီသုခသည်၊ မြဲသော သုခစစ်မဟုတ်၊ စင်စစ်အားဖြင့် ကြောက်လန့်ဘွယ်ကောင်းလှသောဒုက္ခကြီးဖြစ်ကြောင်းကား၊

## ဝဋ်သုံးပါး၊ ဝိနိပါတဘေး၊ ဒိဋ္ဌိသုံးမျိုး။

၂။ ပုထုဇ္ဇန် သတ္တဝါတို့၌၊ အလွန်ဝန်လေး လှစွာသော ဝဋ်သုံးပါးရှိ၏၊ ဝဋ်သုံးပါးဟူသည်ကား၊ ဖြစ်ခွင့်ဆိုက်သည် ရှိသော်။ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ အစရှိသောကိလေသာ အညစ်အကြေးတို့၏၊ ဘယ်အခါမဆိုဖြစ်ပေါ်မှုသည်၊ ကိလေသာဝဋ်မည်၏၊ ကိလေသာဖြစ်မှုရှိပြန်က၊ ဒုစရိုက်ကံတို့၏ ဘယ်အခါမဆို ဖြစ်နိုင်သောအမှုသည်၊ ကမ္မဝဋ်မည်၏၊ ဖြစ်ခွင့်ဆိုက်သည်ရှိသော်၊ ကိုယ်ခန္ဓာ၌ အနာရောဂါ ဘေးဖြစ်မှု၊ ဘယ်အခါမဆိုသေခဲ့လျှင် အပါယ်ပဋိသန္ဓေ စသည်ဖြစ်မှုသည်။ ဝိပါကဝဋ်မည်၏၊ ဤဝဋ်သုံးပါးတည်း။ ။

ဤဝဋ်သုံးပါးရှိနေသည်အတွက်၊ ဝိနိပါတဘေးကြီးသည် ဖြစ်၏၊ ဝိနိပါတဘေးကြီးဟူသည်ကား၊ ပုထုဇ္ဇန်သတ္တဝါတို့သည်သေကြသောကာလ ဘယ်ဘုံ၌ ဖြစ်မည်ဟုမိမိတို့ဖြစ်လိုရာဘုံ၌ ဖြစ်နိုင်ကြကုန်သည်မဟုတ်၊ ကံပစ်ချရာဖြစ်ရကုန်၏၊ ထန်းပင်ပေါ်၌ရှိသောထန်းသီးခိုင်များကို ခုတ်ချိုင်သောအခါ။ အခိုင်အညှာပြတ်သည်နှင့်တပြိုင်နက် ထန်းသီးခိုင်တို့သည် ဘယ်နေရာသို့ကျမည်ဟု ရွေးချယ်၍ကျနိုင်ကြသည်မဟုတ်၊ ဘယမ်းဘတာ ကျကြလေကုန်သကဲ့သို့၊ ထိုအတူ၊ လူ့ပြည်မှသေလျှင်လည်း ပေါက်လွှတ်ကျကြကုန်၏၊ နတ်ပြည်မှသေလျှင်လည်း ပေါက်လွှတ် ကျကြကုန်၏၊ ဗြဟ္မာ့ပြည်မှသေလျှင်လည်းပေါက်လွှတ်ကျကြရကုန်၏၊ ကံပစ်ချရာကျရောက်ကြကုန်၏၊ ဤသို့သေသည့်နောက်၌၊ ကမ္မသကာ၊ ကျချင်ရာရာ ပေါက်လွှတ်ကျရောက်ကြရသော ဓမ္မ

ထားမှုကြီးသည်၊ ဝိနိပါတ ဘေးကြီးမည်၏၊ ၊ထိုမှတပါး
လည်း၊ ပုထုဇ္ဇနသတ္တဝါတို့၏ အဟုတ်အမှန်ကိုမမြင်မသိခြင်း
တည်းဟူသော၊ဒိဋ္ဌိကြမ်း၊ ဒိဋ္ဌိလတ်၊ဒိဋ္ဌိနု၊ဟူ၍ဒိဋ္ဌိသုံးမျိုး
ရှိ၏၊ ဒိဋ္ဌိကြမ်းဟူသည်ကားအကုသိုလ်ကာယကံကိစ္စ၊ ဝစီ
ကံကိစ္စနှင့် ထကြွသောင်းကြမ်းသောဒိဋ္ဌိတည်း၊ ၎င်းဒိဋ္ဌိကို
ဝီတိက္ကမဒိဋ္ဌိကြမ်းဟုခေါ်၏။ စိတ်မနောဒွါရ ပွက်ပွက်ဆူ
ထကြွသောဒိဋ္ဌိသည်၊ဒိဋ္ဌိလတ်မည်၏၊၎င်းဒိဋ္ဌိကို ပရိယုဋ္ဌာ
န ဒိဋ္ဌိဟုခေါ်၏၊ ဒိဋ္ဌိနုဟူသည်ကား၊ ကာယကံ၊ ဝစီကံ၊
မနောကံဟု ကံသုံးပါးအနေနှင့် လှုပ်ရှားထကြွခြင်းမရှိမူ၍၊
မရေတွက်နိုင်သောသံသရာခန္ဓာအစဉ်၌။အမြဲထာဝရ ကိန်း
ဝပ်တည်ထောင်၍နေသော ဒိဋ္ဌိတည်း၊ ထိုဒိဋ္ဌိကို အနုသယ
ဒိဋ္ဌိနုဟုခေါ်၏၊ ထိုဒိဋ္ဌိသုံးပါးကို၊ဥပမာအားဖြင့်ပြသော်၊ မီး
ခြစ်မှဖြစ်သောမီး၌။ အခိုက်အတန့် သုံးပါးရှိ၏၊ မီးခြစ်တံ
တချောင်းမှာကိန်းဝပ်၍နေသောမီးဓါတ်တမျိုး၊မီးခြစ်ခြစ်ကာလ
မီးခြစ်မှာတောက်၍နေသောမီးတမျိုး၊ ထိုတောက်၍ နေသော
မီးမှ အခြားပစ္စည်းတခုခုသို့ ကူး၍တောက်လောင်သော မီး
တမျိုး၊ ဤဝတ္ထုတပါးသို့ကူး၍ တောက်လောင်သော မီးနှင့်
ဝီတိက္ကမ ဒိဋ္ဌိကြမ်းသည်တူ၏၊ မီးခြစ်တံမှာ တောက်၍နေ
သောမီးနှင့်လှုပ်ရှားထကြွရန် အာရုံအကြောင်းဆိုက်တိုက်မိ
တိုင်း၊စိတ်မနောမှထကြွသော၊ ပရိယုဋ္ဌာနဒိဋ္ဌိလတ်သည်တူ
၏၊မီးခြစ်တံတချောင်းမှာကိန်းဝပ်၍နေသော မီးဓါတ်နှင့်၊အနုသ
ယဒိဋ္ဌိနုသည်တူ၏၊ ထိုမီးဓါတ်သည်၊မီးခြစ်မခြစ်သေးသမျှ
ကာလပတ်လုံးထကြွခြင်းမရှိ၊ ယမ်းပုံထဲမှာ ထားသော်လည်း
ဥပဒ်မရှိ၊ ထို့အတူ-အနုသယဒိဋ္ဌိသည်၊မကောင်းသောအာ

ငုံ၊ မကောင်းသောအကြောင်းတို့နှင့် မတွေ့မဆုံသေးသမျှကာ
သပတ်လုံးစိတ်မနေ့၌ ထကြွခြင်းမရှိ၊ ကိန်းဝပ်မြဲအတိုင်း
သဲတည်နေ၏၊ မကောင်းသောအာရုံ မကောင်းသော အ
ကြောင်းတို့သည်၊ ခြောက်ဒွါရ၌ ✻ တိုက်ခိုက်လာသည်ရှိ
သော်၊အနုသယဘုံမှခဏချင်းထကြွလာသဖြင့်၊ မနောဒွါရ၌၊
ပရိယုဋ္ဌာနဘုံသို့ ထကြွဆူပွက်၍လာ၏၊ထိုအခါတွင်သူတော်
ကောင်းတရားနှင့်နှိပ်ကွပ်နိုင်ခဲ့ပါမူ၊ ထိုပရိယုဋ္ဌာနဘုံမှချုပ်
ကွယ်၍၊ အနုသယဘုံ၌ကိန်းဝပ်မြဲကိန်းဝပ်ပြန်၏၊ မနှိပ်ကွပ်
နိုင်ခဲ့ပါမူ မနောဒွါရ၌တဘွားဘွား ပွားစီး၍နေတတ်၏၊ ထို့
ထက် လွန့်သော်မူအားကြီးပြန်လျှင်၊ ပရိယုဋ္ဌာနဘုံမှ ခဏ
ချင်းထကြွ၍၊ ဝစီဒွါရ၌၊ ဝီတိက္ကမဘုံမှ၊ ဒုစရိုက်စကားတ
ဘွားဘွားနှင့်နေ၏၊ ကာယဒွါရ၌လည်း၊ ဝီတိက္ကမဘုံမှာ၊
ဒုစရိုက် အမှုအရာတို့နှင့် သောင်းကြမ်း၍နေ၏၊ လောက၌
ကား၊ဝီတိက္ကမဘုံ၊ပရိယုဋ္ဌာနဘုံလုံခြုံ၍၊ ကာယကံ၊ဝစီကံ
မနောကံပ္ပာသောကံသုံးပါးဖြူစင်ပေလျှင်၊ သူတော်ကောင်း
ဟုခေါ်ကြရကုန်၏၊ အနုသယဘုံကိုမူကား၊ မသိနိုင်ကြကုန်
အနုသယဘုံမပျက်စီးလျှင်၊ပရိယုဋ္ဌာနဘုံ။ ဝီတိက္ကမဘုံလုံခြုံ
သည် ဆိုသော်လည်း၊ တဒင်္ဂဘာခဏသာ လုံခြုံနိုင်၏၊ သူ
တော်ကောင်းတရား အားကောင်းမှလျှင်၊ မသေမှီကာလ
တဘဝသာ လုံခြုံနိုင်၏၊ နောက်ဘဝတို့၌မူကား၊ သောင်း
ကြမ်း၍ ထလေကုန်အံ့သတည်း၊ ထိုအနုသယဒိဋ္ဌိနုဘုံ၏ အ
သိုက်အအုံကြီးကိုဖြိုဖျက်မှုကား၊ အလွန်ခဲယဉ်း၏၊ အနတ္တ
ဘာဝနာဖြင့်သာ ဖြိုဖျက်နိုင်၏၊ သာသနာတော်တွင်း၌သာ

✻ နောက်ဆက်တွဲအစဉ်နံပါတ် (၁၅) မှာကြည့်

လျှင်ဖြိုဖျက်ခြင်းငှါစွမ်းနိုင်၏။

ဆိုအပ်ခဲ့ပြီးသော ဝဋ်သုံးပါးဘေး၊ ဝိနိပါတဘေး၊ဒိဋ္ဌိသုံးမျိုးရှိနေကြကုန်သည့်ရှိသော်၊ စကြာမင်းတို့သည့်လည်း၊ ငရဲမီးများ ရှေ့နောက်တခွင်လုံး ညှပ်နေဘိသကဲ့သို့၊ အကုသိုလ်တို့လှောင်၍ ညှပ်၍နေကုန်၏။ အပူကောင်ကြီး သဘာသက်တို့သာတည်း၊ နတ်မင်း၊သိကြားမင်း။ ရူပ၊အရူပဗြဟ္မာမင်းတို့သည်သည်း၊ ထိုအတူ အပူကောင်ကြီးတို့သာတည်း၊ ငရဲကြီး၊ ငရဲလွန်တင်းလင်းနှင့်၊ အကျဉ်းအကျပ် ခံနေရသောသူတို့သာတည်း၊ သံသရာဝဲသြသကြီး၌ နစ်မွန်းမြနစ်မွန်းကျက်ရှိကြကုန်သတည်း၊ ၊

ဤသို့လျှင်ပုထုဇ္ဇန်သတ္တဝါတို့၏စိတ်နှလုံးတွင်၊ ငရဲဓာတ်အမြဲမကွာထက်ကြပ်ပါရှိ၍နေ၏၊ လူဖြစ်လျှင်လည်း တခဏသာ၊နတ်ဖြစ်လျှင်လည်း တခဏဘာ၊ ဗြဟ္မာဖြစ်လျှင်လည်း တခဏသာ၊ငရဲပြည်၌ ဘဝဘဝေါင်ခံရပြီးမှ။ နတ်ပြည်မှာ တဘဝ၊ ငရဲပြည်မှာ ဘဝတသောင်းတသိန်းခံရပြီးမှ၊ ဗြဟ္မာပြည့်မှာတဘဝဖြစ်ရ၏၊ မိန္တာဒိဋ္ဌိဘဝနှင့် ဒုစရိုက်ဘဝသာများပြား၏၊ တနေ့တနေ့မှာဖြစ်သော အကုသိုလ်သည်၊ အပါယ်၌ဘဝတရာ၊ဘဝတထောင်ကျလောက်အောင် ဖြစ်နိုင်၏ သတ္တဝါတယောက်၏စိတ်နှလုံးထဲမှာအပါယ်ကျရန်၊ ရှေးရှေးသောဘဝများကပြုခဲ့ဘူးသော အပရာပရိယ အကုသိုလ်ကံပေါင်း အကုဋေမကပါ ရှိလျက်နေကြကုန်၏၊ နတ်ပြည်ခြောက်ထပ်နတ်မှာလည်း ပါရှိလျက်ပင်၊ သုဒ္ဓါဝါသမှတပါးသော ရူပ၊ အရူပ ပုထုဇ္ဇန်ဗြဟ္မာမှာလည်း ပါရှိလျက်ပင် ဖြစ်၏

ထို့ကြောင့်။ ပုထုဇ္ဇန်သတ္တဝါသည်၊ လူဖြစ်သော်လည်း၊ လူ အေးမဟုတ်၊ နတ်ဖြစ်သော်လည်း၊ နတ်အေးမဟုတ်၊ ဗြဟ္မာ ဖြစ်သော်လည်း၊ ဗြဟ္မာအေးမဟုတ်၊ လူပူ၊ နတ်ပူ၊ ဗြဟ္မာပူတို့ သာတည်း။

လောကီဒါန၊ သီလ၊ ဘာဝနာမှုများသည် သင်္ခါရဒုက္ခချည်းဖြစ်ကြောင်း။

၃၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရန်အားထုတ်အပ် သော ဒါနမှု၊ သီလမှု၊ ဘာဝနာမှု။ ဈာန်သမာပတ်မှုတို့မှတပါး ကာမာဝစရစည်းစိမ်၊ မဟဂ္ဂုတ်စည်းစိမ်တို့ကို တောင့်တ၍ ပြုကျင့်အပ်သော၊ ဒါန၊ သီလ၊ ဘာဝနာ၊ ဈာန်သမာပတ် အလုပ်တို့သည်၊ သင်္ခါရဒုက္ခမျှချည်းသာတည်း။ ။

သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်နိုင်သော၊ ဒါန၊ သီလ၊ ဘာဝနာမှုတို့ကို၊ များသောအားဖြင့်၊ သာသနာတော်တွင်း၌၊ သာသနာတော်ကို ယုံကြည်လေးမြတ်သူတို့သာ ပြုလုပ်နိုင်၏၊ မြတ်စွာဘုရားပွင့်တော်မူသောကမ္ဘာကနည်း၍၊ ပွင့်တော်မ မူသောကမ္ဘာကအလွန်များ၏၊ မြေကြီးကိုကောက်ယူတော် မူ၍ လက်မတော်၌ တင်ပြီးလျှင်၊ ထိုလက်မတော်၌ တင်ရှိ သောမြေမှုန့်သည်၊ ဘုရားပွင့်တော်မူသောကမ္ဘာအရေ အ တွက်ဖြစ်သည်ဟု ဥပမာပြတော်မူသည်။ ။

ပုထုဇ္ဇန်သတ္တဝါတို့မည်သည်၊ မရေတွက်နိုင်သော သံသ ရာ၌ ကိုးကွယ်ရာဌာန မြဲသည်ဟုမရှိကြ၊ သည့်ဘဝ၌တမျိုး နောက်ဘဝ၌တမျိုး၊ အဖုံဖုံ ပြောင်းကြမြဲဖြစ်၏၊ မြတ်စွာဘုရား ကိုကိုးကွယ်ရသောဘဝကား၊ အလွန်နည်းပါး၏၊ ရံခါ ဗြဟ္မာ ကိုဘုရားဟုကိုးကွယ်ကြရသည်၊ ရံခါနတ်ကို၊ ရံခါနေကို၊ ရံခါ

သစ်ပင်ကြီးအစရှိသည်တို့ကို ကိုးကွယ်ကြရသည်း ထိုသူတို့ ပြုအပ်သော ကုသိုလ်ကောင်းမှုတို့သည်၊ ငရဲပြည်သို့ မျက်စောင်းထိုးလျက်ရှိနေသော၊လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည် တို့၌အကျိုးပေးနိုင်၏။ သာသနာတော်တွင်း အခါ သာသနာတော်ကို ကိုးကွယ်သောသူတို့ပြုအပ်သော။ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း၊ မဟုတ်သော၊ သုစရိုက်မှုတို့သည် လည်း၊ထိုကဲ့သို့ပင် အကျိုးပေး၏၊ ထိုသူတို့ရအပ်သောသုခ သည်၊ မြဲသောစိတ်ချရသောသုခစစ်မဟုတ်၊ ငင်စစ်အားဖြင့် ကြောက်လန့်ဘွယ် ကောင်းလှသော ဒုက္ခကြီးဖြစ်သည်ဟု မှတ်အပ်၏၊

ပဋိစ္စသမုပ္ပါဒ်တရားဘော်၊

၄၊ ဒုက္ခအတ်ဖြစ်သော သံသရာစက် ဖြစ်ပုံကို သိသို သော် ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ကောင်းစွာနားလည်ရ အောင် အားထုတ်အပ်၏၊ ထိုပဋိစ္စသမုပ္ပါဒ် တရားတော်ကို ကောင်းစွာနားမလည်လျှင်၊ သံသရာစက်ဖြစ်ပုံကို သိမြင်း၌ါ မစွမ်းနိုင်သတည်း၊ ၊ပဋိစ္စသမုပ္ပါဒ် ပဟူသည့်ကား-အ ကြောင်းတရားတို့၏ညီညွတ်ခြင်းကိုစွဲ၍၊ အကျိုးတရားတို့ဖြစ် ခြင်းကြောင့်၊ပဋိစ္စသမုပ္ပါဒ်မည်၏၊ ၊ပဋိစ္စသမုပ္ပါဒ်၏ အင်္ဂါ တဆယ့်နှစ်ပါးရှိ၏၊တဆယ့်နှစ်ပါးပဟူသော်ကား၊

| အကြောင်းတရား၊ | | အကျိုးတရား၊ | |
|---|---|---|---|
| (၁) အဝိဇ္ဇာ | ကြောင့် | သင်္ခါရ | ဖြစ်၏၊ |
| (၂) သင်္ခါရ | ၊ | ဝိညာဏ်(ဝိညဉ်) | ၊ |
| (၃) ဝိညာဏ်(ဝိညဉ်)၊ | | နာမ်ရုပ် | ၊ |
| (၄) နာမ်ရုပ် | ၊ | သဠာယတနဲ့ | ၊ |

| အကြောင်းတရား၊ | | အကျိုးတရား၊ | |
|---|---|---|---|
| (၅) သဠာယတနဲ့ | ကြောင့် | ဖဿ | ဖြစ်၏။ |
| (၆) ဖဿ | ။ | ဝေဒနာ | ။ |
| (၇) ဝေဒနာ | ။ | တဏှာ | ။ |
| (၈) တဏှာ | ။ | ဥပါဒါန် | ။ |
| (၉) ဥပါဒါန် | ။ | ဘဝ | ။ |
| (၁၀) ဘဝ | ။ | ဇာတိ | ။ |
| (၁၁) ဇာတိ | ။ | (၁၂) ဇရာ၊မရဏ၊ သောက၊ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿ၊ ဥပါယာသတို့သည်ဖြစ်ကုန်၏။ | |

(သောက၊ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ဥပါယာသ၊ငါးပါးတို့ကိုဇာတိ၏၊ ရချအကျိုးရင်းမဟုတ်၊ အကျိုးဆက်မျှသာဖြစ်သောကြောင့်၊ဇရာမရဏာ၌သွင်း၍ယူအပ်၏။)

အဝိဇ္ဇာ

၅။ အဝိဇ္ဇာ ဟူသည်ကား၊ ဟုတ်မှန်သည့်အတိုင်းကိုမ သိခြင်းတည်း၊ ဟုတ်မှန်သည့်အတိုင်းကို သိခြင်းဆိုသည်မှာ သစ္စာလေးပါးတရား * မဂ္ဂင်ရှစ်ပါး ※တရားတို့ကို သိခြင်း တည်း၊သို့ဖြစ်၍ထိုတရားတို့ကို မသိခြင်းသည်၊အဝိဇ္ဇာမည်သ တည်း၊(ဝိဇ္ဇာသိခြင်းအနက်၊ အဝိဇ္ဇာမသိခြင်းအနက်ပေး၏။)

အထူးဘက်စမ်းပါ။ ⟶ သင်္ခါရ၊ ⟵ အထူးမှတ်စမ်းပါ။

၆။ သင်္ခါရ ဟူသည်ကား၊ လောကီကုသိုလ် အကု သိုလ်စေတနာတည်း။ ။ကာမာဝစရကုသိုလ်၊ ရူပဗြဟ္မာဖြစ်

* ဒုတိယပိုင်းပုဒ်မ (၃၅) မှာကြည့်။
※ ဒုတိယပိုင်းပုဒ်မ (၃၄) မှာကြည့်။

စေတတ်သော၊ရူပါဝစရကုသိုလ်စေတနာသည်၊ ပုညာဘိ
သင်္ခါရမည်၏၊ဒုစရိုက်အကုသိုလ်စေတနာသည် အပုညာဘိ
သင်္ခါရမည်၏၊အရူပဗြဟ္မာဖြစ်စေတတ်သော အရူပကုသိုလ်
စေတနာသည်၊အာနေဉ္ဇာဘိသင်္ခါရမည်၏၊ ထိုမှတပါးလည်း၊
ကာမာဝစရ ကုသိုလ်စေတနာသည် ကိုယ်ဖြင့်ပြုအပ်သော
ကာယဒုစရိုက်မှရှောင်ကြဉ်၍ဖြစ်သောအခါ ကာယသင်္ခါရ၊
နှုတ်ဖြင့်ပြုအပ်သော ဝစီဒုစရိုက်မှ ရှောင်ကြဉ်၍ဖြစ်သောအ
ခါ၊ ဝစီသင်္ခါရ၊စိတ်ဖြင့်ပြုအပ်သောမနောဒုစရိုက်မှ ရှောင်
ကြဉ်၍ဖြစ်သောအခါ၊ စိတ္တသင်္ခါရမည်၏၊ အကုသိုလ်စေ
တနာကာမာဝစရ ကုသိုလ်စေတနာတို့ကို၊ ကာယသင်္ခါရ၊
ဝစီသင်္ခါရ၊ စိတ္တသင်္ခါရဟူ၍ ဝေဘန်ရမည်၊ ရူပကုသိုလ်
စေတနာ အရူပကုသိုလ်စေတနာတို့ကိုစိတ္တသင်္ခါရတပါးသာ
ဝေဘန်လေ၊ ☛ ( ယခုအခါအများ ပြောလေ့ရှိကြသည်
မှာ၊ခပ်သိမ်းသောသင်္ခါရတို့သည် သင်္ခါရဘဲ၊တနေ့နေ့သေ
ကြရမည်ချည်းဘဲဟူ၍ပြောလေ့ရှိကြသည်၊ →သင်္ခါရ ဟူ
သောပါဠိဘာသာသည်၊ မြန်မာဘာသာပြန်သော်၊ ပြုပြုအ
င်ပြယ်ရသည်ဟုမှတ်၍၊ သည်ကဲ့သို့ပြောဆိုလေ့ရှိကြသည်
→ သော ကုသိုလ်အကုသိုလ် စေတနာကသည် သင်္ခါ
ရမည်ကြောင်းကို မသိကြ၊ထိုကြောင့် အဝိဇ္ဇာကြောင့်သင်္ခါ
ရဖြစ်၏ဟူ ဟောတော်မူသောတရားကို နားလည်နိုင်အောင်
ရှိကြသည်၊ များစွာအဓိပ္ပါယ်အယူမှားနေ၍သတိပြုပါ၊) ☚

အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်ပုံ၊

၁။ အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်ဟန်ကား၊ သစ္စာလေးပါး
တရား၊ မဂ္ဂင်ရှစ်ပါးတရားတို့ကို မသိမမြင်သော အဝိဇ္ဇာ

ဧှောင်ကြီး၅ါသော ပုဂ္ဂိုလ်သည်သဏ္ဍာဝါတ္တို ဓမ္မတာအတိုင်း၊ ချမ်းသာသုခကိုအလိုရှိ၍ လောကီကုသိုလ် အကျိုးဟူသော ဆင်းရဲဒုက္ခကို ချမ်းသာသုခထင်မှတ်များသဖြင့်၊ ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်မှုကိုပြု၏၊ထိုအခါ ကုသိုလ်ကံစေတနာပဟူသော ပုညာဘိသင်္ခါရသည် အဝိဇ္ဇာကြောင့်ဖြစ်သည်မည်၏၊ ၊သဏ္ဍာဝါတ္တိုဓမ္မတာအတိုင်း၊ ယခုမျက်မှောက်ဘဝ၌ပင် ကာမဂုဏ်စည်းစိမ် ချမ်းသာ ဥစ္စာပစ္စည်းတို့ကို အလိုရှိ၍၊ လောဘတိုက်တွန်းသောကြောင့်၊ အကုသိုလ်မှုကိုပြု၏၊ ဒေါသအမျက်တိုက်တွန်းသောကြောင့် တပါးသောသဏ္ဍာဝါကို နှိပ်စက်ကလူပြု၏၊ အဝိဇ္ဇာမောဟတိုက်တွန်းသောကြောင့်၊ မှန်သောတရားကို သိမမြင်၍၊ အကိရိယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိအယူကိုယူမိ၏၊ ထိုအခါအကုသိုလ် စေတနာကံပဟူသော၊ အပုညာဘိသင်္ခါရသည် အဝိဇ္ဇာကြောင့်ဖြစ်သည်မည်၏၊ ၊

အရူပပြဟ္မာ၏အဖြစ်သည်၊ မြဲသောကြောင့်၊ အပါယ်လေးပါးနှင့်နီးသသောကြောင့်၊ ဒုက္ခပင် ဖြစ်သည်ကိုမသိ၊ မြဲသောသုခစစ်ဟုထင်မှတ်များ၍၊ အာနေဉ္စကမ္မဋ္ဌာန်းကိုအားထုတ်၏၊ ထိုအခါအရူပါဝစရကုသိုလ်ကံစေတနာဟူသော၊ အာနေဉ္စာဘိသင်္ခါရသည်၊ အဝိဇ္ဇာကြောင့်ဖြစ်သည်မည်၏၊

အဝိဇ္ဇာမရှိလျှင်ဆိုအပ်ခဲ့ပြီးသော သင်္ခါရတို့သည် မဖြစ်နိုင်၊ ထိုကြောင့် အဝိဇ္ဇာကြောင့် သင်္ခါရဟူသောကုသိုလ်အကုသိုလ်စေတနာကံသည်ဖြစ်၏ဟုမှတ်အပ်သတည်း၊

ဝိညာဏ်။

၈။ ဝိညာဏ် (ဝိညာဉ်) ဟူသည်ကား၊ အကျဉ်းအားဖြင့်စိတ်တည်း။ ဝိညာဏ်သည်ပဋိသန္ဓေဝိညာဏ်၊ ပဝတ္တိဝိညာဏ်ဟူ၍ နှစ်ပါးပြား၏။ ပဋိသန္ဓေဝိညာဏ်ကား၊ ပဋိသန္ဓေတည်သည့်အခါ ဖြစ်သော ဝိညာဏ်တည်း။ ပဝတ္တိဝိညာဏ်ကား၊ ပဋိသန္ဓေ တည်ပြီးနောက်၊ သေသည့်တိုင်အောင်ရှိနေသော ဝိညာဏ်တည်း၊ ဤနှစ်ပါးတွင်၊ သင်္ခါရ၏ အကျိုးဖြစ်သော ဝိညာဏ်အရာ၌၊ ပဋိသန္ဓေ ဝိညာဏ်သာလျှင် လိုရင်းပဓာနဖြစ်သတည်း၊ ။သင်္ခါရမည်သောလောကီကုသိုလ်၊အကုသိုလ်ကံစေတနာကိုပြုသောသူသည် သေသောအခါ၌၊ အကုသိုလ်ကံစေတနာဟူသော အပုညာဘိသင်္ခါရကြောင့်၊ အပါယ်လေးဘုံ၌၊ပဋိသန္ဓေ ဝိညာဏ်ဖြစ်လေ၏။ ကာမာဝစရကုသိုလ်ကံစေတနာ။ရူပါဝစရကုသိုလ်ကံစေတနာဟူသောပုညာဘိသင်္ခါရကြောင့်၊လူ့ဘုံ၊နတ်ဘုံ၊ ဗြဟ္မာ့ဘုံ၌၊ ပဋိသန္ဓေဝိညာဏ်ဖြစ်လေ၏၊ အရူပါဝစရကုသိုလ်ကံစေတနာဟူသော၊ အာနေဥ္ဇာဘိသင်္ခါရကြောင့်အရူပဗြဟ္မာ့ဘုံ၌၊ ပဋိသန္ဓေဝိညာဏ်ဖြစ်၏။ (ဝိညာဏ်နှင့်--စိတ်၊ အဓိပ္ပါယ်အတူတူဖြစ်ကြောင်းကိုအမြဲသတိပြုပါလေ၊)

၉။ နာမ်ဟူသည်ကား၊စိတ်နှင့်အတူတူဖြစ်ခြင်း၊ စိတ်နှင့်အတူတူချုပ်ခြင်း၊ စိတ်နှင့်အတူတူအာရုံရှိခြင်း၊ စိတ်နှင့်အတူတူမှီနေရှိခြင်း၊ ဤလေးပါးသော လက္ခဏာတို့ဖြင့်စိတ်၌ယှဉ်တတ်သောတရားသည်၊စေတသိက်မည်၏၊ ပီတိ၊ ဆန္ဒ၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ရှက်ခြင်း၊ ကြောက်ခြင်း၊ သဒ္ဓါ၊ ဇီဝိတိန္ဒြေ၊ ကရုဏာ၊ မုဒိတာ၊အစရှိသဖြင့် စေတသိက်

၅၂ ✳ ပါးရှိ၏။ ထို ၅၂ပါးတွင်၊စိတ်ကိုထည့်သွင်း၍၊ ၅၃ ပါးသောဘာရားဘို့သည်၊ နာမ်တရားမည်၏။ ။စိတ်နှင့် ဝိညာဏ်သည်အတူတူဖြစ်ပါလျက်၊ နာမ်အရကို၊ စိတ်စေ တသိတ်နှစ်ပါးသုံးကို မကောက်ယူဘဲ၊အဘယ့်ကြောင့် စေ တသိတ်ကိုသာယူရသနည်းဟူမူကား။စိတ်နှင့်တကွ ကောက် ယူသည်ရှိသော်၊ အကျိုးဝိညာဏ် အကြောင်းဝိညာဏ် နှစ် ပါးတို့ အတူဘက္ကဖြစ်ခြင်းဖြစ်ရာ ရောက်သည်။ထိုကြောင့်၊ အကြောင်းဝိညာဏ်အရာ၌၊နာမ်အရကို၊ စေတသိတ်ကိုသာ ကောက်ယူရသတည်း။ ရုပ်ဟူသည်ကား၊ အချမ်းကြောင့် ရင်း။ အပူကြောင့်ရင်း၊ ဖောက်ပြန်တတ်သောတရားသည် ရုပ်မည်၏၊ မြေဓာတ်၊ရေဓာတ်၊မီးဓာတ်၊လေဓာတ်၊ မျက်စိ၊ နား၊နှာခေါင်း၊ လျှာ၊ကိုယ်၊ဇီဝိတ၊ အာဟာရ၊ အစရှိသဖြင့်၊ ရုပ်(၂၈) ✳✳ပါးရှိ၏။

ဝိညာဏ်ကြောင့်နာမ်ရုပ်ဖြစ်ပုံ။

၁၀၊ ဝိညာဏ်ကြောင့်၊နာမ်ရုပ်ဖြစ်ဟန်ကား၊ ဝိညာဏ် သည်၊တန်ခိုးအကြီးဆုံးဖြစ်သော ပဓာန ဓာတ်ကြီးမည်၏၊ ထိုဓာတ်ကြီးဖြစ်ပေါ်သည်ရှိသော်၊ ဆိုအပ်ခဲ့ပြီးသော နာမ် ရုပ်တို့သည်ဖြစ်ပေါ်ကြကုန်၏။ ။ရုပ် (၂၈)ပါးတွင် အချို့ သောရုပ်ကား၊ ပဋိသန္ဓေတည်ပြီးနောက် ကာလသို့ရောက်မှ ပေါ်သည်၊ ။ထိုရုပ်( ၂၈ )ပါးတွင်၊ အခြေခံရုပ်ကား၊ မြေ ရေ။ လေ၊ မီးဟူသော ဓာတ်ကြီးလေးပါးပေတည်း၊ ကြွင်း

---

✳ နောက်ဆက်တွဲအစဉ်နံပါတ် (၈) မှာကြည့်။

✳✳ နောက်ဆက်တွဲအစဉ်နံပါတ် (၂၉) မှာကြည့်။

သောရုပ်တို့ကား၊ ထိုခေါင်ကြီးလေးပါးမှာ မှီတွယ်၍သာရ
သောရုပ်ငယ်ရသာတည်း၊ ၊နာမ်ကို၊နာမကာယခေါ်၏၊ရုပ်
ကို၊ ရူပကာယခေါ်၏၊ ၊ထိုနာမကာယ၊ ရူပကာယနှစ်ပါး
တွင်၊ အရူပလေးဘုံ၌ကား၊ ဝိညာဏ်နှင့်အတူဖြစ်ကြ၊ နာမ
ကာယဖြစ်ပေါ်သည်၊ ရူပကာယမပေါ်ပြီ၊ အသညသတ်ဘုံ၌
ကား၊ ပုညာဘိသင်္ခါရဟုဆိုအပ်သော၊ပဥ္စမဈာန် ကုသိုလ်
စေတနာကြောင့်၊ ရူပကာယ သက်သက်သာ ပေါ်သည်၊
ဝိညာဏ်၊ နာမကာယနှစ်ပါးမပေါ်ပြီ၊ ကြွင်းသောဗြဟ္မာ-၁၅
ဘုံ၊ နတ်ခြောက်ဘုံ၊လူ့ဘုံ၊ အပါယ်လေးဘုံ၊၌-၂၆ဘုံ
တို့၌ကား ဝိညာဏ်ဖြစ်ပေါ်လျှင်၊ဝိညာဏ်နှင့်တကွ၊ နာမကာ
ယ၊ ရူပကာယနှစ်ပါးဟာပြိုင်နက်ဖြစ်ပေါ်၏၊ ၊ထိုသို့ဖြစ်
ပေါ်ရာ၌လည်း၊ ရူပကာယဖြစ်ပေါ်ကြပုံအမျိုးမျိုးရှိ၏၊ ၊
ဥပပတ်ပဋိသန္ဓေ၊ သံသေဒဇပဋိသန္ဓေ၊ အဏ္ဍဇပဋိသန္ဓေ၊
ဇလာဗုဇပဋိသန္ဓေဟူ၍လေးမျိုးရှိ၏၊ ၊ပဋိသန္ဓေဝိညာဏ်
ပေါ်သည်နှင့်တပြိုင်နက်၊ လုံးရပ်သဏ္ဌာန်ပြည့်စုံပြီး၊ ရူပကာ
ယခန္ဓာဖြစ်ပေါ်သည်ကား၊ ဥပပတ်ပဋိသန္ဓေတည်း၊ နတ်
ပြည်၊ဗြဟ္မာပြည်၊ ငရဲပြည်တို့၌ဖြစ်၏၊ ၊ဥပပတ်ပုဂ္ဂိုလ်
ကဲ့သို့၊ အပြီးအစီး ကြီးကြီးမားမားမဖြစ်မူ၍၊ မျက်စိနှားစ
သောအင်္ဂါရုပ်လင်ကာမျှနှင့်၊ သစ်ခေါင်း၊ ရွံ့၊ ရေစသည်တို့၌
ပဋိသန္ဓေဝိညာဏ်နှင့်၊ တကွဖြစ်ပေါ်သော ရူပကာယသည်၊
သံသေဒဇ ပဋိသန္ဓေမည်၏၊ အစ၌ သတ္တဝါကောင်မှန်း သိ
သာရုံပေါ်ပေါက်၍၊ နောက်မှသတ္တဝါမျိုးအားလျော်စွာ တ
နေ့တခြား ကြီးပွားသည်၊ ၊ကြက်ငှက်စသောအဥ၌ဖြစ်
သောပဋိသန္ဓေသည်၊ အဏ္ဍဇပဋိသန္ဓေမည်၏၊လူ၊နွား၊ကျွဲ၊

ထင်၊ မြင်းစေသော၊ သားအိမ်၌ ပဋိသန္ဓေသည်၊ ဇလာဗုဇ * မည်၏၊ ဤပဋိသန္ဓေနှစ်ပါးကား၊ အစ၌ပကတိမျက်စိဖြင့် မမြင်နိုင်သေး။ အလွန်သေးငယ်သော ကလလရေကြည်တည်ပြီးမှတနေ့တခြားကြီးပွါးရ၏၊ တဘန်ကြီးပွါးပြီးမှ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာတို့ဖြစ်ပေါ်ကုန်၏၊ ၊စိတ်ဝိညာဉ်သော်မှ၊ စေတသိက် နာမ်ခန္ဓာတို့သည်၊ ပေါက်ဘွားကြကုန်သည်ဖြစ်၍၊ ဝိညာဉ်သည်အမိနှင့်တူ၏၊ စေတသိက်နာမ်ခန္ဓာတို့သည်၊ အမိ၌ပေါက်ဘွားသော သားကောင်း သားဆိုးတို့နှင့် တူကုန်၏၊ ၊ဝိညာဉ်ချုပ်သော်၊ ထိုဝိညာဉ်နှင့်အတူ၊ နာမ်ရုပ်တို့သည်လည်းချုပ်ကြကုန်၏၊ ။မှတ်ရန်အထူးမှာ၊ ထိုပဋိသန္ဓေဝိညာဉ်သည်၊ လွန်ခဲ့သည့်ဘဝမှ၊ ဤယခုဘဝသို့ပြောင်းရွှေ့၍ဖြစ်လာသည်မဟုတ်၊ လွန်ခဲ့သောဘဝက အကြောင်းနှင့်ကင်း၍ ဖြစ်သည်လည်းမဟုတ်၊ ဥပမာအဘယ်ကဲ့သို့နည်းဟူမူကား၊ တောင်တောင်စသည်တို့၌ပဲ့တင်သံသည်ပကတိအသံလာ၍ ဖြစ်သည်လည်းမဟုတ်၊ ထိုပကတိအသံနှင့်ကင်း၍ဖြစ်သည်လည်းမဟုတ်သကဲ့သို့တည်း။

### သဠာယတန။

၁၁၊ သဠာယတန ဟူသည်ကား၊ စက္ခာယတနမည်သောမျက်စိအကြည်ဓါတ်၊ သောတာယတနမည်သော၊ နားအကြည်ဓါတ်၊ ဃာနာယတနမည်သော၊ နှာခေါင်းအကြည်ဓါတ်၊ ဇိဝှာယတနမည်သော၊ လျှာအကြည်ဓါတ်၊ ကာယာယတနမည်သော ကိုယ်ကာယအကြည်ဓါတ်၊ မနာယတန

---

* ဂဗ္ဘသေယျ ပဋိသန္ဓေလည်းခေါ်သည်၊

မည်သော၊ စိတ်ဝိညာဏ်အကြည်ဓါတ်၊ ဤအကြည်ဓါတ် ခြောက်ပါးသည်၊ သဠာယတနမည်၏။

ဝိညာဏ်ကြောင့်၊ သဠာယတနဖြစ်ပုံ၊

၁၂၊ ဝိညာဏ်ကြောင့် သဠာယတနဖြစ်ဟန်ကား။ ။

ရူပကာယကြောင့် မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်ကာယအကြည်၊ ဤရုပ်အကြည်ငါးပါးတို့သည်ဖြစ်ပေါ်ကုန်၏၊ နာမကာယကြောင့် မနောပဓာနသောစိတ်ဝိညာဏ်အကြည်သည်ဖြစ်ပေါ်လာ၏။

ရူပကာယကြောင့် ရုပ်အကြည်ငါးပါးဖြစ်ပေါ်ရာ၌၊ ဥပမာကား၊ ထန်းသီး အုန်းသီးတို့မှာ အတော်ကြီးကြီးလျှင်၊ အစေ့အိမ်၊အဆံအိမ် ပေါ်ပေါက်၍လာသကဲ့သို့၊ ထို့အတူ၊ အဏ္ဍဇသတ္တဝါ၊ ဇလာဗုဇသတ္တဝါတို့မှာ၊ ပဋိသန္ဓေတည်နေပြီးနောက်ကာလ၌၊ မျက်စိ၊နား၊ နှာခေါင်း၊ လျှာပဓာနသော ရုပ်အကြည်လေးပါးတို့ ဖြစ်ပေါ်ချိန် ကျသောအခါ။ မျက်စိအိမ်၊နားအိမ်၊နှာခေါင်းအိမ်၊လျှာအိမ်တို့နှင့်တကွ၊ပသာဒမည်သောဓါတ်ကြည်တို့သည်၊ ဖြစ်ပေါ်၍လာကုန်၏၊ ကိုယ်ကာယအကြည်မူကား၊ ပဋိသန္ဓေဝိညာဏ်နှင့် အတူတကွတည်လာ၏၊ ။ဥပပတ်ပုဂ္ဂိုလ်၊ သံသေဒဇပုဂ္ဂိုလ်တို့၌ကား၊ရုပ်အကြည်ငါးပါးတို့သည်၊ ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်ကုန်၏၊ ။ဗြဟ္မာတို့၌ကား၊နှာခေါင်းအိမ်၊လျှာအိမ်၊ ကိုယ်ကာယအိမ်တို့မှာ၊ အိမ်သက်သက်သာရှိကြကုန်၏၊ ပသာဒဓါတ်ကြည် မရှိကြကုန်၊ ။နာမကာယကြောင့်သာ၊ မနာယတန ပဓာနသောဝိညာဏ် ဖြစ်ရသည်မဟုတ်၊ မျက်စိအိမ်၊ နားအိမ်၊နှာခေါင်းအိမ်၊ လျှာအိမ်၊ ကိုယ်ကာယအိမ်၊ ဟဒယ

ဝတ္ထုရုပ်မည်သော နှလုံးအိမ်၊ ဤခြောက်ပါးသော ဝတ္ထုရုပ်ကြောင့်လည်း ဝိညာဏ်ဖြစ်ပေါ်ရ၏၊ မျက်စိအိမ် ရှိသောကြောင့်၊ စက္ခုဝိညာဏ်ဖြစ်ပေါ်ရ၏။ နားအိမ်ရှိသောကြောင့် သောတဝိညာဏ်ဖြစ်ပေါ်ရ၏၊ နှာခေါင်းအိမ်ရှိသောကြောင့် ဃာနဝိညာဏ်ဖြစ်ပေါ်ရ၏၊ လျှာဝတ္ထုရုပ် ရှိခြင်းကြောင့်၊ ဇိဝှါဝိညာဏ်ဖြစ်ပေါ်ရ၏၊ ကာယဝတ္ထုရုပ်ရှိခြင်းကြောင့်၊ ကာယဝိညာဏ်ဖြစ်ပေါ်ရ၏၊ ဟဒယဝတ္ထုရုပ်ရှိခြင်းကြောင့်၊ ကြွင်းသောဝိညာဏ်များ၊ ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်ရ၏၊ ။ထိုအကြည်ခြောက်ပါးသည်၊ ခန္ဓာကိုယ်၌ ဒွါရ ( အပေါက် )ခြောက်ပါးမည်၏။ အရည်အရောင်ကဲ့သို့၊ ရွှန်းရွှန်းစက်စက်၊ ဖိတ်ဖိတ်လည်သော အကြည်ဓာတ်မျိုးဖြစ်၏၊ ဒွါရဆိုသော်လည်း၊ အပေါက်ဟောင်းလောင်းမဟုတ်၊ မှန်တံခါးများကဲ့သို့ ဖိတ်ဖိတ်လည်သော အကြည်တံခါးမျိုးသာတည်း၊

ကိုယ်ကာယအကြည်ကား၊ တကိုယ်လုံးမှာ အတွင်းအပြင် အနှံ့အပြားပေါ်၏၊ ။မနောအကြည်ကားဝိညာဏ်ဟုဆိုအပ်သော၊ လျှမ်းလျှမ်းတောက်သော နာမ်အကြည်ပေတည်း၊ ။နေဝန်းသဏ္ဌာန်စသော အဆင်းသဏ္ဌာန်အထည်ဝတ္ထုပဒုသမှုသည်၊ စက္ခုအကြည်၊ မနောအကြည်။ ဤအကြည်နှစ်ချဉ်တပြိုင်နက်၊ အရိပ်အသွင်ထင်ပြဆိုက်ဆိုက် ရသည်၊ ဤအခါ ဤကားနေဝန်းတည်း၊ဤကားလဝန်းတည်း၊ ဤသို့စသဖြင့် မြင်ကြာကြရသည်၊ အသံမျိုးပဒုသမှုသည်၊ သောတအကြည်၊ မနောအကြည်၊ ဤအကြည်-၂-ချမှာ ပုံသဏ္ဌာန် အရိပ်အသွင်ထင်ပြဆိုက်ဆိုက်ရသည်၊ ကြွင်းသောအကြည်လေးချတို့မှာလည်း၊ ဤကဲ့သို့ပင်ဖြစ်သတည်း၊ ။

## မှတ်ရန်အထူးများ။

၁။ စက္ခု(မျက်စိ)အကြည်၊
၂။ ရူပါရုံ(အဆင်း) — ဓါတ်ဘက်- ၃--ခု။
၃။ စက္ခုဝိညာဏ်

၁။ သောတ(နား)အကြည်
၂။ သဒ္ဒါရုံ(အသံ) — ဓါတ်ဘက်--၃--ခု။
၃။ သောတဝိညာဏ်

၁။ ဃာန(နှာခေါင်း)အကြည်
၂။ ဂန္ဓာရုံ(အနံ့) — ဓါတ်ဘက်--၃--ခု။
၃။ ဃာနဝိညာဏ်

၁။ ဇိဝှာ(လျှာ)အကြည်
၂။ အရသာအာရုံ — ဓါတ်ဘက်--၃--ခု။
၃။ ဇိဝှာဝိညာဏ်

၁။ (ကိုယ်)ကာယအကြည်
၂။ အတွေ့အာရုံ — ဓါတ်ဘက်--၃--ခု။
၃။ ကာယဝိညာဏ်

၁။ ဘဝင်ခေါ်သောမနောအကြည်
၂။ အာရုံ(၆)ပါးတွင်တပါးပါး — ဓါတ်ဘက် ၃ခု။
၃။ မနောဝိညာဏ်။

ဤဓါတ်ဘက်တို့ကိုလည်းမှတ်အပ်၏။

ဖဿ။

၁၃၊ ဖဿဟူသည်ကား၊ အကျဉ်းအားဖြင့်၊ အထက်က ပြဆိုခဲ့သော အတွင်းအကြည်ဓါတ် ခြောက်ပါးနှင့် မိမိတို့၏ဆိုင်ရာ ဓါတ်သက်ဖြစ်သော အပြင်ဓါတ်ဝတ္ထု တခုခုနှင့် တိုက်ဆိုင်တွေ့ထိခြင်းဘည်း။ ၊စက္ခု ( မျက်စိ ) အကြည်မှာ လူရိပ်စသည်ထင်၍ ထိခိုက်သည့်နှင့် တပြိုင်နက်၊ စက္ခုဝိညာဏ်လည်းဖြစ်ပေါ်၏၊ စက္ခုသမ္ဖဿလည်း ဖြစ်ပေါ်၏၊ ထို့အတူ။ သောတ(နား)အကြည်၊ သဒ္ဒ(အသံ)အာရုံ၊ သောတဝိညာဏ်၊ ဤသုံးပါး ပေါင်းဆုံမိသည်နှင့် တပြိုင်နက် သောတသမ္ဖဿဖြစ်ပေါ်၏။ ဃာန(နှာခေါင်း) အကြည်၊ ဂန္ဓာ၊ (အနံ့) အာရုံ။ ဃာနဝိညာဏ်၊ ဤသုံးပါး ပေါင်းဆုံမိသည်နှင့် တပြိုင်နက်၊ ဃာနသမ္ဖဿဖြစ်၏၊ ဇိဝှာ ( လျှာ ) အကြည်၊ ရသာအာရုံ၊ ဇိဝှာဝိညာဏ်၊ ဤသုံးပါးပေါင်းဆုံမိသည်နှင့် တပြိုင်နက်၊ ဇိဝှာသမ္ဖဿဖြစ်ပေါ်၏၊ ( ကိုယ် ) ကာယအကြည်၊ ဖောဋ္ဌဗ္ဗာရုံ ( အတွေ့ ) ကာယဝိညာဏ်၊ ဤသုံးပါးပေါင်းဆုံမိသည်နှင့် တပြိုင်နက်၊ ကာယသမ္ဖဿဖြစ်ပေါ်၏၊ ဘဝင်မနောအကြည်၊ အာရုံခြောက်ပါးတွင်တပါးပါး၊ မနောဝိညာဏ်၊ ဤသုံးပါး ပေါင်းဆုံမိသည်နှင့် တပြိုင်နက်၊ မနောသမ္ဖဿဖြစ်ပေါ်၏၊ ၊စက္ခုအကြည်သည် မိမိရှေ့သင်သာသော အဆင်းကို လက္ခံရုံမျှသာစွမ်းနိုင်သည်၊ ထိုအဆင်းကိုအာရုံ မပြုနိုင်၊ စက္ခုဝိညာဏ်သည်၊ ထိုအဆင်းကို အာရုံပြုရုံမျှသာပြုနိုင်သည်၊ ကောင်းသောအဆင်းဖြစ်သည် မကောင်းသောအဆင်းဖြစ်သည်ကို ထင်ရှားလာအောင် မပြုတတ်မပြု

နိုင်၊ ဖဿသည်ခါတ်သည်သာလျှင် အာရုံကောင်းလျှင်ကောင်း သလောက် မကောင်းလျှင်မကောင်းသလောက်၊ ကောင်းမ မကောင်းကို အကုန်ထွက်ပေါ်ထင်ရှား၍လာအောင် ပြုနိုင် သည်၊ ၊ကြွင်းသောအာရုံငါးပါး၊ ဖဿငါးပါးတို့၌လည်း၊ ဤစက္ခုသမ္ဖဿနည်းတူဥပမာနှင့်တကွသိလေ၊ ၊ဤမျက်စိ အတွေ့၊ နားအတွေ့အစရှိသော ဖဿမည်သည်၊ ခံစား၊စံ စားသောအရာ၌ဖြင်း၊ သာယာသောအရာ၌ဖြင်း၊ စက် ဆုတ်မှု ကြောက်သန့်မှု၌ဖြင်း၊ ဖဿသည် အချုပ်အချာ ဖြစ်၏၊

ဝေဒနာ။

၁၄၊ ဝေဒနာဟူသည်ကား၊ အကျဉ်းအားဖြင့် ကောင်း သောရသ၊ မကောင်းသောရသကို ခံစားစံစားခြင်းတည်း၊ (ရသဆိုသည်မှာ၊ ဥပမာအဆင်း၌ လှပတင့်တယ်နှစ်သက် ဘွယ်သောဂုဏ်ကို ကောင်းသောရသဆိုသည်၊မလှမပနှစ် သက်ဘွယ်မရှိသည်ကို၊မကောင်းသောရသဆိုသည်မှတ်လေ) အထက်၌ပြဆိုခဲ့သည်အတိုင်း၊မျက်စိနှင့် အဆင်းသဏ္ဌာန်ကို မြင်ကြသောအခါ၊ စက္ခုဝိညာဏ်သည်၊ အဆင်း သဏ္ဌာန် မှန်းသိရုံမျှသာတည်း။ ကောင်းသောရသ၊မကောင်းသော ရ သကို၊ ထင်ရှားပေါ်ထွက်အောင်မတတ်နိုင်၊ ဖဿသည်သာ လျှင်တတ်နိုင်သည်၊ ထိုသို့ဖဿကြောင့်၊ ကောင်းသောရသ ပေါ်လာသောအခါ၊ ထိုရသကိုသာယာရွှင်လန်းသဖြင့် စံစား ၏၊ ထိုအခါသုခသောမနဿဝေဒယိတခါတ် ဖြစ်ပေါ်လာ ၍ စံစားသည်မည်၏၊မကောင်းသောရသ ပေါ်လာသောအ ခါ၊ ထိုရသကိုဆင်းရဲငြိုငြင်စွာခံစားရ၏၊ ထိုအခါ၊ဒုက္ခဒေါ

မနသာဝေဒယိတဓါတ်ဖြစ်ပေါ်သော၍ခံစားရသည်မည်၏။ ။ဖဿအားသန်လျှင်၊ ဝေဒနာအားသန်၏။ ဖဿပြော့လျှင်၊ ဝေဒနာပြော့၏။ ။ဤဝေဒနာဟူသော ဝေဒယိတ ဓါတ်ကြီးကား၊ သုံးဆဲ့တဘုံ၌၊အလွန်ကျော်စော ထင်ရှားသော ဓါတ်ကြီးပေတည်း။ သုခသောမနဿ ဝေဒယိတ ဓါတ်ကြီးနှင့် အနေရများသောသူကိုလူချမ်းသာခေါ်သည်၊ ဒုက္ခဒေါမနဿဝေဒယိတဓါတ်ကြီးနှင့် အနေရများသောသူကို လူဆင်းရဲခေါ်သည်။ ။ထိုဝေဒယိတဓါတ်သည်၊ စက္ခု (မျက်စိ)အတွေ့မှဖြစ်ပေါ်သော စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတ(နား) အတွေ့မှဖြစ်ပေါ်သော၊ သောတသမ္ဖဿဇာဝေဒနာ၊ ဃာန(နှာခေါင်း)အတွေ့မှဖြစ်ပေါ်သော၊ ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှာ(လျှာ) အတွေ့မှဖြစ်ပေါ်သော၊ ဇိဝှာသမ္ဖဿ ဇာဝေဒနာ၊(ကိုယ်) ကာယမှ ဖြစ်ပေါ်သော ကာယသမ္ဖဿဇာဝေဒနာ၊ ဘဝင်မနော အတွေ့မှဖြစ်ပေါ်သော၊မနောသမ္ဖဿဇာဝေဒနာဟူ၍ ခြောက်ပါးအပြားရှိ၏၊ သုခ၊ဒုက္ခ၊ဥပေက္ခာ ✳ ဟူ၍ သုံးပါးပြားပြန်၏၊

အဆင်း သဏ္ဍာန်ကို မြင်၍ မျက်စိအတွေ့နှင့် ကြိုကြိုက်ရာ၊ မျက်နှာရွှင်ရွှင်လန်းလန်းပြုမူ၊ထိုသူမှာ သုခဝေဒနာဖြစ်ပေါ်၍နေသည်ကိုသိရ၏၊မျက်နှာ ညှိုးညှိုး နွမ်းနွမ်းပြုမူ ဒုက္ခ

---

✳ ဥပေက္ခာ ဝေဒနာဟူသည်ကား။ စိတ် ရွှင်လောက်သောအာရုံမျိုးလည်းမဟုတ် စိတ်ညှိုးနွမ်းလောက်သော အာရုံမျိုးလည်းမဟုတ်သောဝေဒနာမျိုးတည်း၊ ဥပမာ။သစ်ပင်ခြုံမြက်စသည်တို့ကို။ မပြတ်မြင်နေကြရာ၊ မြို့ကြီး၌ လူသံ၊ ရထားသံ၊ မော်တော်ကားသံ အစရှိသောအသံတို့ကိုးမပြတ်ကြားနေကြရာ စသည်တို့၌။ဥပေက္ခာဝေဒနာ၏အဓိပ္ပါယ်ကိုသိရာ၏။

ဝေဒနာဖြစ်ပေါ်နေသည်ကိုသိရ၏၊ ၊ထိုဝေဒနာ ခြောက်ပါးတို့သည်၊ ခင်သိမ်းကုန်သော သတ္တဝါတို့၌၊ အလှည့်အလည်အားဖြင့်ပြတ်ဖြစ်ပေါ်၍နေသတည်း၊

တဏှာ။

၁၅၊ တဏှာပဟူသည်ကား၊ အဆင်းအသံအနံ့စသည်တို့၌၊ သာယာစုံမက်တပ်နှစ်သက်ခြင်းတည်း။ ၊ဥပမာကား၊ အလွန်လှပတင့်တယ် ချစ်စဖွယ်သော မိန်းမကိုမြင်သော ယောကျာ်း၌၊ သုခဝေဒနာသည် ဖြစ်ပေါ်လာ၏၊ ထိုဝေဒနာသည် စက္ခုအရသာ၊ စက္ခုမြိန်ယှက်မှုမည်၏၊ ထိုစက္ခုအရသာကိုမလွှတ်ချင်။ မခွါချင်တိုး၍သာ ထိုမိန်းမ၏မျက်နှာကို မြင်ချင်သေးစိတ်သည်ဖြစ်၏။ ထိုသို့တပ်နှစ်သက်သော စိတ်ဖြစ်လာသောအခါ၊ တဏှာဖြစ်ပေါ်လာသည် မည်၏၊ ဤတဏှာသည်၊စက္ခုသမ္ဖဿဇာဝေဒနာကြောင့်ဖြစ်၏၊ ၊

ကြွင်းသောဝေဒနာကြောင့်ဖြစ်သော တဏှာတို့၌လည်း၊ ဤစက္ခုသမ္ဖဿဇာဝေဒနာကြောင့် ဖြစ်သောတဏှာနည်းတူ ဥပမာနှင့်တကွသိလေ၊ ၊အဆင်းသဏ္ဍာန်၌ တပ်နှစ်သက်သောရူပတဏှာ၊ အသံ(သဒ္ဒါရုံ)၌ တပ်နှစ်သက်သော သဒ္ဒတဏှာ၊ အနံ့(ဂန္ဓာရုံ)၌တပ်နှစ်သက်သော ဂန္ဓတဏှာ၊ အရသာ(ရသာရုံ)၌တပ်နှစ်သက်သောရသတဏှာ၊ အတွေ့(ဖောဋ္ဌဗ္ဗာ)ရုံ၌တပ်နှစ်သက်သော ဖောဋ္ဌဗ္ဗတဏှာ၊ (ဓမ္မာရုံ)၌ တပ်နှစ်သက်သော၊ ဓမ္မတဏှာပဟူ၍ခြောက်ပါးပြား၏၊ ၊ဓမ္မာရုံမည်သည်ကား၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဤအာရုံငါးပါးကိုချန်လှပ်၍ ကြွင်းသမျှအလုံးစုံသည်ဓမ္မာရုံမည်၏၊ ထိုကြောင့်လောဘပွါးသောအမှုကိုပြု

ပြီးနောက်၊ ထိုသောဘာအမှုကိုပင်၊ပြုံ မှုပုံနှင့်တကွအမှတ် ရတိုင်းသာယာသော၊ နောက်ဖြစ်သော တရားသည်၊ ရှေးဖြစ်သော လောဘစေ့သျှင်အာရုံရှိသောကြောင့်၊ ဝမ္မတရား မည်၏၊ ထို့အဘူ၊ဒေါသ၊မာန၊ဒိဋ္ဌိ၊သဒ္ဓါ၊ပညာ၊ဒါန၊ သီလ၊ ဘာဝနာစသောအမှုဘို့ကိုပြုပြီးနောက် ပြုပုံမှုပုံအမှုအရာနှင့် တကွအမှတ်ရ၍၊ ထိုဒေါသ၊မာနအစရှိသည်ဘို့ကို သာယာ သောနောက်တရားသည်၊ဝမ္မတရားမည်၏။ဝမ္မတရားနယ် အလွန်ကျယ်ဝန်းများပြား၏၊

ပြင်ချက်-စာမျက်နှာ(၁၀၅-၁၀၀)အတွင်းပုဒ်မ(၁၃-၁၅)အထိ။သမ္မာ စသည့်အမှန်ကို-သမ္မာစသောအမှားများတွေလျှင်-ပြင်၍ဘတ်ကြပါ၊

ဥပါဒါန်။

၁၆။ ဥပါဒါန်မည်သည်ကား၊ အကျဉ်းအားဖြင့်၊အစွဲအလမ်းအားကြီးသောတရားသည် ဥပါဒါန်မည်၏။ ကြွက်ကို ကြောင်ခဲသကဲ့သို့၊ ဘားကိုမြွေခဲသကဲ့သို့၊မြဲမြဲစွဲစွဲဘဲသော တရားသည် ဥပါဒါန်မည်၏၊ ။တရားကား၊ အသိနည်း ခြင်း၏ဆန့်ကျင်ဘက်၊ ဥပါဒါန်ကား၊ ရောင့်ရဲတင်းတိမ်ခြင်း ၏ဆန့်ကျင်ဘက်၊ ဤသို့နှစ်ပါးအသွားကိုလည်းသိအပ်၏၊ ။ ဥပါဒါန်ကား၊ လေးပါးအပြားရှိ၏၊ လေးပါးဟူသော်ကား၊ ကာမုပါဒါန်၊ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊အတ္တဝါဒုပါဒါန်၊ ဤလေးပါးတည်း၊ ။ထိုလေးပါးဘို့တွင်၊ ကာမုပါဒါန်ဆို သည်ကား၊ အထက်၌ ပြဆိုခဲ့ပြီးသော တရားခြောက်ပါး သည်ပင်လျှင်၊ အစွဲအလမ်းအားကြီးသောအခါ၊ကာမုပါဒါန် မည်၏၊ ။ဒိဋ္ဌုပါဒါန်ဆိုသည်ကား သုံးပါးသော နိယတ မိစ္ဆာဒိဋ္ဌိကြီး-၆၂-ပါးသောမိစ္ဆာဒိဋ္ဌိအစရှိသောအစွဲအလမ်း အလွန်ပြင်းသော မိစ္ဆာဒိဋ္ဌိကိုပင်ဆိုသတည်း၊ ။သီလဗ္ဗတု

ပါဒါနိပဟုသည်ကား။ မြတ်စွာဘုရားလက်ထက်တော်၌၊ ဂေါဝတိကတက္ကဒ္ဒိန်း။ ကုက္ကုရဝတိကတက္ကဒ္ဒိန်း * ထိုကဲ့သို့။ နွားတို့၏အလေ့အကျင့်၊ ခွေးတို့၏အလေ့အကျင့်ကို၊ ဝဋ်ဒုက္ခမှ ကျွတ်လွတ်စေတတ်သောအလေ့အကျင့်ဟု စွဲလမ်းမှုသည်၊ သီလဗ္ဗတုပါဒါန်မည်၏။ ။အတ္တဝါဒုပါဒါန် ဆိုသည်ကား၊ငါ၊ငါ့ပစ္စည်း၊ငါ့ဥစ္စာအစရှိသဖြင့် ပြောဆိုကြစွဲလမ်းကြသော သက္ကာယ ဒိဋ္ဌိပင်တည်း။ ။ထိုလေးပါးသောဒိဋ္ဌိတို့တွင်၊မြတ်စွာဘုရားသာသနာတော်ကိုကိုးကွယ်ယုံကြည်သောသူတို့၌၊ ကာမုပါဒါန်၊အတ္တဝါဒုပါဒါန်နှစ်ပါးသာရှိ၏။ ဘုရားသာသနာရှိသောလူမျိုးတို့၌လည်း၊ သီလဗ္ဗတုပါဒါန်မှာ၊ဂေါသီလ၊ ဂေါဝတအယူအတိုင်း ကျင့်သောသူတို့၌သာရှိ၏။ ဒိဋ္ဌုပါဒါန်မှာ၊ သာသနာတော်ကိုယုံကြည်သောသူတိုင်း၌ရှိ၏။ ။သဠာယတနဖြစ်လျှင်-ဖဿမဖြစ်ဘဲမနေနိုင်၊ ဖဿဖြစ်လျှင်၊ ဝေဒနာမဖြစ်ဘဲမနေနိုင်။ဝေဒနာဖြစ်လျှင်၊ တဏှာမဖြစ်ဘဲမနေနိုင်။တဏှာဖြစ်လျှင်၊ဥပါဒါန်၊မဖြစ်ဘဲမနေနိုင်။ ရေသည်နိမ့်ရာသို့မစီးဘဲ မနေနိုင်သကဲ့သို့တည်း။ ။ဆင်း အသံအနံ့စသည်တို့ကို တပ်မက်သောလောဘကား၊တဏှာ။ ထိုတဏှာဖြစ်ပေါ်သာသဖြင့်၊ မြဲစွဲစွာစွဲလမ်းတတ်သော၊ နောက်နောက်လောဘကား၊ ဥပါဒါန်ဤသို့ထူးသည်ကိုလည်းမှတ်လေ။

## ဘဝ။

၁၇၊ ဘဝဟူသည်ကား။ အကျဉ်းအားဖြင့်၊ ဖြစ်ခြင်း

---

* ထိုတက္ကဒ္ဒိန်း၏အလေ့ အကျင့်ကိုသိလိုမူ၊ နောက်ဆက်တွဲ အစဉ်နံပါတ် (၆) နှင့် (၇) မှာကြည့်။

ပွားခြင်းတည်း။ ။ကမ္မဘဝ၊ ဥပပတ္တိဘဝဟူ၍ နှစ်ပါးအပြားရှိ၏၊ ကမ္မဘဝဆိုသည်ကား ကုသိုလ်ဖြစ်သည်၊ အကုသိုလ်ဖြစ်သည်၊ ကုသိုလ်ပွားသည်၊ အကုသိုလ်ပွားသည်ဟူလိုသတည်း။ ။ကာမဂုဏ်ချမ်းသာကိုစံစားအံ့ဟုနှလုံးပြု၍၊ ဒုစရိုက်မှုကိုပြုကျင့်လျှင် အပါယ်ဘုံ၌ဖြစ်အံ့၊ ။အပါယ်ဘုံသို့ရောက်ကြောင်းဖြစ်သော၊ အကုသိုလ်ကံသည်၊ ကမ္မဘဝမည်၏၊ ကံကြောင့်ဖြစ်သောခန္ဓာသည်၊ဥပပတ္တိ ဘဝမည်၏၊ လူ့ပြည်၊နတ်ပြည်၊ ဗြဟ္မာ့ပြည်၌ဖြစ်သော စည်းစိမ်ချမ်းသာကို စံစားအံ့ဟုနှလုံးပြု၍၊ သုစရိုက်ကိုပြုကျင့်အံ့၊ လူ့ပြည်၊နတ်ပြည်၊ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းဖြစ်သော ကုသိုလ်ကံသည် ကမ္မ ဘဝမည်၏။ ကံကြောင့်ဖြစ်သော ခန္ဓာသည်၊ဥပပတ္တိဘဝမည်၏၊ဥပပတ္တိဘဝသည်၊ကာမဘဝ၊ ရူပဘဝ၊အရူပဘဝဟူ၍သုံးပါး၊ သညီဘဝ၊အသညီဘဝ၊နေဝသညီနာသညီဘဝဟူ၍သုံးပါး၊ ဧကဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ပဉ္စဝေါကာရဘဝဟူ၍သုံးပါး၊ ဤသို့ ကိုးပါးပြား၏၊ ထိုကိုးပါးတို့တွင်၊ကာမဆယ့်တဘုံ၌ ပဋိသန္ဓေတည်နေခြင်းသည်၊ကာမဘဝမည်၏၊ ရူပဗြဟ္မာဘုံ၌ ပဋိသန္ဓေတည်နေခြင်းသည် ရူပဘဝမည်၏။ အရူပဗြဟ္မာဘုံ၌ပဋိသန္ဓေတည်နေခြင်းသည်၊အရူပဘဝမည်၏၊ အသညသတ်ဗြဟ္မာဘုံ၊ နေဝသညာနာသညာ ဗြဟ္မာဘုံမှတပါး၊ ကြွင်းသော-၂၉-ဘုံ၌ ပဋိသန္ဓေတည်နေခြင်းသည်၊ သညီဘဝမည်၏၊အသညသတ်ဘုံ၌ ပဋိသန္ဓေတည်နေခြင်းသည် အသညီဘဝမည်၏၊ နေဝသညာနာသညာဘုံ၌ ပဋိသန္ဓေတည်နေခြင်းသည်၊ နေဝသညီနာသညီဘဝမည်၏၊အသည

သတ်ဘုံ၌၊ ပဋိသန္ဓေ တည်နေခြင်းသည်၊ ဧကဝေါကာယ ဘဝမည်၏၊ အရူပဗြဟ္မာလေးဘုံ၌၊ ပဋိသန္ဓေတည်နေခြင်း သည်၊ စတုဝေါကာယဘဝမည်၏၊ ကြွင်းသော-၂၆-ဘုံ၌ ပဋိသန္ဓေတည်နေခြင်းသည်၊ပဉ္စဝေါကာယဘဝမည်၏။

ဥပါဒါန်ကြောင့်ဘဝဖြစ်မှု၊

၁၈၊ ဥပါဒါန်ကြောင့်ဘဝဖြစ်ဟန်ကား၊ ယခုဘဝကာ မဝဋ္ဋုတို့၌ တွယ်တာသော ကာမုပါဒါန် ရှိနေကုန်သော သူတို့အား နောင်ဘဝ အဆက်ဆက်တို့ကို လှမ်းမြော်၍ တွယ်တာတောင့်တသော ကာမုပါဒါန်တရားသည် ထင်ရှား ရှိနေ၏၊ ယခုဘဝ၌မည်သည့်အလှူကို လှူကြလျှင်၊ ဘယ်မျှ သောက်ကြီးကျယ်သောလူ့စည်းစိမ်၊ နတ်စည်းစိမ်ကို ရနိုင် သည်ဟူ၍ သောကိချမ်းသာနှင့်စပ်သော အလှူဒါနကုသိုလ် အကျိုးကိုကြားနာကြရသောအခါ။ ကာမုပါဒါန် လှုံ့ဆော် သောကြောင့်၊ ထိုအလှူကို လှူဒါန်းလိုသောသဒ္ဓါဆန္ဒဖြစ်ကြ သဖြင့်လှူဒါန်းကြကုန်၏၊ သဒ္ဓါဆန္ဒအလွန်အားကြီးသော သူ တို့မှာ မိမိတို့ပိုင်ပစ္စည်းအလုံးကိုပင် စွန့်ကြ၍လှူဒါန်းကြကုန် ၏၊ ငါးပါးသီလအကျိုး၊ ရှစ်ပါးသီလအကျိုး၊ ဆယ်ပါးသီလ အကျိုးများကို ကြားနာရ၍ ကာမုပါဒါန် လှုံ့ဆော်သော ကြောင့်သီလဆောက်တည်ကြကုန်၏၊ အချို့သောသူတို့မှာ မိမိတို့၏ဥစ္စာကို ယူသောအတွက်ကြောင့်၎င်း၊ သူတပါးတို့ ၏ဥစ္စာကိုရလိုယူလိုသောကြောင့်၎င်း၊ကာမုပါဒါန်လှုံ့ဆော် သဖြင့်၊ အကုသိုလ်ဒုစရိုက်မှုတို့ကိုပြုကျင့်ကြကုန်၏၊ဤကား ကာမုပါဒါန်ကြောင့် ကာမာဝစရ ဒါနကုသိုလ်မှု၊ သီလကု သိုလ်မှု၊ ဥပေါသထ ကုသိုလ်မှုဟုဆိုအပ်သော၊ ကုသိုလ်

ကမ္မဘဝဖြစ်ပုံ အကုသိုလ် ကမ္မဘဝဖြစ်ပုံတည်း။ ။ဒါန ကုသိုလ် သီလကုသိုလ် ပြုမှသာလျှင် နောက်နောက်သော ဘဝတို့၌ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ကြီးခြင်း ဟူသောကောင်းကျိုးတရား ငါးပါးနှင့်ပြည့်စုံသော လူ့အဖြစ်၊ နတ်အဖြစ်ကို ရသည်ဟု ကြားနာကြရသောအခါ အဝိဇ္ဇာဝါဒုပါဒါန်လှုံ့ဆော်သောကြောင့်၊ ထိုကဲ့သို့သောအကျိုးကိုရခြင်းငှါ၊ ဒါနကုသိုလ်၊ သီလကုသိုလ်တို့ကိုပြုကြကုန်၏၊ ။ဘာဝနာများကို ပွားများကြလျှင်၊ ကာမာဝစရကုသိုလ်အနေမျှ ပွါးများနိုင်ကြမူ၊ လူ့ပြည်နတ်ပြည်၌ မည်သို့ထူးမြတ်သော လူ့အဖြစ်၊ နတ်အဖြစ်ကိုရသည်ဟူ၍၎င်း၊ ရူပါဝစရဈာန်ထအောင် ပွါးများနိုင်ကြမူ၊ ရူပဗြဟ္မာအဖြစ်ကိုရသည်ဟူ၍၎င်း၊ အရူပါဝစရဈာန် ရအောင် ပွါးများနိုင်ကြမူအလွန် အသက်ရှည်သော အရူပဗြဟ္မာအဖြစ်ကို ရသည်ဟူ၍၎င်း၊ကြားနာကြရသောအခါအဝိဇ္ဇာဝါဒုပါဒါန် လှုံ့ဆော်သောကြောင့်ထိုအဖြစ်တို့ကိုရကြလို၍၊ ထိုဘာဝနာတရားတို့ကို အားထုတ်ကြကုန်၏၊ ရသေ့ရဟန်းပြုကြကုန်၏၊ ဤကား အဝိဇ္ဇာဝါဒုပါဒါန်ကြောင့်၊ဒါနသီလဘာဝနာဟူသောကုသိုလ် ကမ္မဘဝဖြစ်ပွါးပုံတည်း၊ ကာမုပါဒါန်ကြောင့် စည်းစိမ်ဥစ္စာနှင့်ပြည့်စုံခြင်းတည်းဟူသော ဘောဂသမ္ပတ္တိကိုအလိုရှိကြကုန်၏၊အဝိဇ္ဇာဝါဒုပါဒါန်ကြောင့် ကောင်းမြတ်သောဘဝကိုရခြင်း၊ ကောင်းမြတ်သောဘဝနှင့် ပြည့်စုံခြင်းဟူသောဘဝသမ္ပတ္တိကို အလိုရှိကြကုန်၏၊ကာမုပါဒါန်၊အဝိဇ္ဇာဝါဒုပါဒါန်ကြောင့်၊ကမ္မဘဝ

ဖြစ်ခဲ့ကိုသိသာသဖြင့်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်အစွမ်းအားဖြင့် ကမ္မဘဝဖြစ်ပုံကိုလည်း သိလွယ်စရာရှိပြီဖြစ်၍ အကျယ်မရေးပြီ၊

သင်္ခါရပစ္စယာဝိညာဏံ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်ဆိုရာ၌၊ သင်္ခါရအရကား၊ ကုသိုလ် အကုသိုလ်မှုကိုဟောသည်၊ဘဝပစ္စယာဇာတိ၊ ဘဝကြောင့်ဇာတိဖြစ်သည်ဆိုရာ၌၊ကမ္မဘဝအရကား ကုသိုလ်အကုသိုလ်မှုကိုပင်ဟောသည်၊ ဤသို့အတူတူဖြစ်ပါလျက်၊ အဘယ့်ကြောင့်တဖန်ဟောပြန်သနည်းဟု မေးဘွယ်ရှိ၏၊ အတူတူမဟုတ်၊ ထူးခြားကွဲပြားပါသည်၊အဘယ်သို့ ကွဲပြားသနည်းဟူမူ၊သင်္ခါရပစ္စယာ၌ သင်္ခါရအရကား၊ ယခုမျက်မှောက်ဘဝ ပဋိသန္ဓေ၏ အကြောင်းဖြစ်သော၊ ရှေးဘဝကံ၊ ဤဘဝပစ္စယာဇာတိ၌ကမ္မဘဝအရကား၊ နောင်ဘဝပဋိသန္ဓေ၏ အကြောင်းဖြစ်သော မျက်မှောက်ဘဝကံ၊ဤသို့ထူးခြားကွဲပြား၏၊

ဇာတိ။

၁၉၊ ။ဇာတိဟူသည်ကား။ ရှေးဘဝ၌ ပြုခဲ့သောကံတည်းဟူသော အကြောင်းကြောင့်၊ နောက်နောက်ဘဝမှာပဋိသန္ဓေကိစ္စအားဖြင့်၊ ရှေးဦးအစ ဘဝသစ် ခန္ဓာဖြစ်ဆဲသည် ဇာတိမည်၏၊ နောက်ရင့်ခြင်းကာလသည် ဇရာမည်၏၊ ခန္ဓာပျက်စီးသေဆုံးခြင်းသည် မရဏမည်၏၊ဇာတိ၏အကြောင်းဖြစ်သော ဘဝဟူသည်ကား၊ ကမ္မဘဝတပါးသာတည်း၊ ထိုကမ္မဘဝဟူသော ကုသိုလ်ဖြစ်မှု အကုသိုလ်ဖြစ်မှုသည်လည်း၊ နောင်ပဋိသန္ဓေ အကျိုးပေးနိုင်လောက်အောင်၊ အောင်မြင်သော အမှုလည်းရှိသည်၊ မအောင်မြင်

သောအမှုလည်းရှိသည်၊ ဒုစရိုက်ဆယ်ပါးသည် အောင်မြင်သော အကုသိုလ်မှုဘည်း၊ သုစရိုက်ဆယ်ပါး၊ ပုညကိရိယာ ဝတ္ထုဆယ်ပါးတို့သည် အောင်မြင်သော ကုသိုလ်မှုတည်း၊ ဥပါဒါနပစ္စယာ ဘဝေါပဟူသောပုဒ်၌၊ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည် ဖြစ်စေ ကုသိုလ်မှုအကုသိုလ်မှုအလုံးစုံကိုပင် လိုအပ်၏၊ ဘဝပစ္စယာ ဇာတိဟူသောနောက်ပုဒ်၌ကား၊ အောင်မြင်သောကုသိုလ်မှု အကုသိုလ်မှုကိုသာ လျှင်အလိုရှိအပ်၏၊

ကမ္မဘဝကြောင့်၊ဇာတိဖြစ်ပုံ(ဘဝသစ်တည်ထောင်ပုံ။)

၂၀၊ ကမ္မဘဝ ပဟူသော ကုသိုလ်က် အကုသိုလ်က် ကြောင့်၊ ဇာတိဟူသောပဋိသန္ဓေ ဘဝသစ်ထူထောင်ဟန်ကား၊စိတ်နှင့်တကွစိတ်နှင့်ယှဉ်သော တရားစုတို့ကို ရပ်တည်မရ၊ ထိုထိုဝတ္ထုအာရုံသို့ တပြေးဘည်းပြေး၍ နေရဆောင်မပြတ်မပဲဆော်လျက် ဆွလျက်နေသောတရားကား၊ ကုသိုလ်မှု အကုသိုလ်မှုက စေဘနာတည်း၊ ထိုသို့ဆော်မှု၊ဆွမှု၊စေဆော်မှုသည်၊ တဘဝတဘဝတွင် သတ္တဝါမှတသေဆုံးရာမှာပင် ရပ်တန့်သည်ဟူ၍မရှိပြီ၊ သတ္တဝါ သေဆုံးသည်နောက် ဘဝသစ်ဖြစ်ပေါ်အောင်၊ တသွန်တည်း တဆက်တည်း အတွင်နှင်လေတော့သည်၊ တဏှာကုန်၍၊ နိဗ္ဗာန်သို့ရောက်မှ ရပ်တန့်ကွယ်ဆုံးလေတော့သည်၊ ယခုဘဝက စေတနာသည်၊သတ္တဝါသေဆုံးကာလ၊မျက်စိအကြည် (စက္ခုပသာဒ) နားအကြည် (သောတပသာဒ) နှာခေါင်းအကြည် (ဃာနပသာဒ) လျှာအကြည်၊ (ဇိဝှါပသာဒ) ကိုယ်ကာယ အကြည် (ကာယပသာဒ) မိန်းမ အင်္ဂါဇာတ် (ဣတ္ထိဘော)

ယောက်ျားအင်္ဂါဇာတ် (ပုဒ္ဓော) ဇီဝိတဟဒယရုပ်ဟူသော နှလုံး၊ဤကိုးခုသောရုပ်တို့ကိုဖြစ်စေ၍၊ ဇာတိဟူသော ဘဝသစ်ထူထောင်၏၊ ဤရုပ်ကိုးခုသည် ကမ္မဇရုပ်ကိုးခုမည်၏၊ ကမ္မဇရုပ်ဆိုသည်မှာ၊ ကံကြောင့်ဖြစ်သောရုပ်ဟူလိုသည်၊ မျက်စိအကြည်၊နားအကြည်၊နှာခေါင်းအကြည်။ လျှာအကြည် ကိုယ်ကာယအကြည်၊ ဟဒယဝတ္ထု နှလုံးအကြည်၊ ဤအကြည်ခြောက်ခုတို့သည်၊မိမိတို့ဆိုင်ရာဆိုင်ရာ ဝိညာဏ်နှင့်တကွဖြစ်ပေါ်လာ၏၊ အကြည်ခြောက်ခုသည် ရုပ်မည်၏။ ဝိညာဏ်သည်နာမ်မည်၏၊ အထက်ကပြဆိုခဲ့သည်အတိုင်း၊ရူပကာယ၊နာမကာယဟူ၍ သတ္တဝါတယောက်တွင် ကိုယ်ကာယနှစ်ခုရှိ၏၊ ဝိညာဏ်ကြောင့်နာမ်ရုပ်ဖြစ်ဟန် အခန်းနှင့်ဆက်၍ကြည့်လေ၊ ဘဝသစ်ဖြစ်ပုံ ထူထောင်ပုံထင်ရှားလတံ့၊ဇီဝိတရုပ်ဟူသည်ကား၊ကမ္မဇရုပ်တို့ကိုထူထောင်သောကံသည်ထိုရုပ်တို့နှင့်အတူထက်ကြပ်မရှိပြီး၊ဇီဝိတသာလျှင်ထက်ကြပ်ရှိ၏၊ထိုသို့ကမ္မဇရုပ်တို့ကို သတ္တဝါသေသည်တိုင်အောင် စောင့်ရှောက်သည်ပိုး၍သွားပေသောဓါတ်ဝိသေသအထူးတခုကို ဇီဝိတရုပ်ဆိုသည်မှတ်အပ်၏၊ ကမ္မဇရုပ်ကိုးခုတို့သည် ထူထောင်သည်မှစ၍၊ သတ္တဝါသေသည်တိုင်အောင်၊ ဇီဝိတ၏အစွမ်းအားဖြင့်အစဉ်အမြဲ ဖြစ်ပွား၍နေနိုင်ကြ၏၊ စိတ်၊ဥတု၊အာဟာရတို့ကြောင့် ဖြစ်သောရုပ်တို့သည် ကွယ်ချည်ပျောက်ချည်နေကြသကဲ့သို့။ ထိုကမ္မဇရုပ်ကိုးခုတို့သည် ကွယ်ချည်ပျောက်ချည် နေကြသည်ဟူ၍မရှိကြကုန်။ ထိုဇီဝိတသည် လူအများတို့သရုပ်ကြံဆင်မှတ်ကြသော အမသက်ဟုတ်၊ထူးသောဓါတ်တမျိုးပေတည်း၊ ထိုဇီဝိတသည်

ဝိညာဏ်လည်းမဟုတ်၊ ဇီဝိတသည်ရုပ်တရား၊ဝိညာဏ်သည် နာမ်တရားဖြစ်၍၊ ဟဒယဝတ္ထုရုပ်၌ဖြစ်သောမနော (စိတ်) အကြည်သည် ဓါတ်ရင်း၊ဓါတ်မင်းဖြစ်သော ဝိညာဏ်ပင် တည်း၊ အထက်ကဆိုခဲ့သည့်အတိုင်း ဝိညာဏ်သည် အမိ နှင့်တူသည်၊နာမ်ရုပ်ဟူသော သားသမီးကောင်းနှင့်တူသည်မှန် လျှင်၊ဘဝသစ်သူဆောင်ရာ၌၊ သားသမီးတို့မှအမိပေါက်ပွား ပြန့်သည်ဟုဆိုရာမရောက်ပြီသောဟုမေးရန်ရှိ၏၊ အဖြေကား၊ 'သစ်စေ့မှသစ်ပင်ဖြစ်၏၊သစ်ပင်မှသစ်စေ့ဖြစ်၏၊ဤသို့ဖြစ်ရာ ၌၊ ပဌမသစ်စေ့ကားတခြား၊ ဒုတိယသစ်စေ့ကားတခြား ဖြစ်သတည်း၊ ထို့အတူ၊ပဌမဓါတ်မင်းဖြစ်သောဝိညာဏ်က တခြား၊ ထိုဝိညာဏ်မှပေါက်ပွားသော နာမ်ရုပ်မှဆက်သွယ် ၍ ဖြစ်ပေါ်လာသော၊ဒုတိယဓါတ်မင်းဝိညာဏ်ကားတခြား ဖြစ်သတည်း၊ ပဌမဓါတ်မင်းဝိညာဏ်သည်ကား၊ နာမ်ရုပ် တို့ကို သူဆောင်ပြီးနောက်ချုပ်ပျယ်သလေ၏၊ ပဌမသစ်စေ့ ပုပ်ဆွေးသွားသကဲ့သို့တည်း၊ ။ပဋိသန္ဓေဝိညာဏ်သည်၊ စေတနာကံဟောင်းစီမံရာ၊ညွှန်ပြရာတိုက်တွန်းရာဖြစ်၏၊ ။

စေတနာကံဟောင်းသည် လယ်မြေနှင့်တူ၏၊ ပဋိသန္ဓေ ဝိညာဏ်သည် စပါးမျိုးစေ့နှင့်တူ၏၊တဏှာသည်၊ မျိုးစေ့ ၏အတွင်း၌ပါရှိသော အဆီအစေးနှင့် တူ၏ဟူ၍ ဥပမာပြ တော်မူ၏။ ။ဝိညာဏ်နှင့်စိတ်သည်၊ အထက်ကပြဆို ခဲ့သည့်အတိုင်း၊အနက်အဓိပ္ပါယ်သဘောအတူတူဖြစ်၏၊ ။ စိတ်ဝိညာဏ်သည် သတ္တဝါ၏အတ္တသာရမဟုတ်၊ မဟုတ် ကြောင်းကား၊ သတ္တဝါတို့သည်၊ ပကတိအသိအားဖြင့်ကား

အစဉ်ထာဝရကောင်းမြတ်ချမ်းသာသည်ကိုသာ အလိုရှိကြ၏၊ စိတ်၏ပကတိအလိုကား မကောင်းရာသို့သာ အစဉ်ထာဝရဆောင်ခြင်းသဘောရှိ၏၊ သတ္တဝါတို့၏ ပကတိအလိုနှင့် စိတ်၏ပကတိအလိုသည်၊ဆန့်ကျင်ဘက်ဖြစ်နေကြ၏၊ ထိုကြောင့် စိတ်ဝိညာဏ်သည် သတ္တဝါတို့၏ ပိုင်ရာနိုင်ရာ မဟုတ် ထို့ကြောင့်၊ စိတ်ဝိညာဏ်သည်သတ္တဝါ၏ အတ္တသာရမဟုတ်ကြောင်းကိုသိအပ်၏၊

(သောကါ၊ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿ၊ဥပါယာသတို့သည်၊ သိလွယ်သောတရားများဖြစ်သောကြောင့်အကျယ်မရေးပြီ)

ဝဋ်မြစ်မူလနှစ်ပါး။

၂၁၊ ဝဋ်မြစ်မူလ နှစ်ပါးရှိ၏၊ နှစ်ပါးဟူသည်ကား အဝိဇ္ဇာနှင့် တဏှာဖြစ်သတည်း၊ ၊ဤပဋိစ္စသမုပ္ပါဒ်သည်။ ရှေ့အတိုက်ကို ဟောတော်မူလိုသောအားဖြင့်၊ အဝိဇ္ဇာလျှင်အရင်းမူလရှိသော၊ အလုံးစုံသောပဋိစ္စသမုပ္ပါဒ်၊ နောက်အတိုက်ကို ဟောတော်မူလိုသောအားဖြင့်၊ တဏှာလျှင်အရင်းမူလ၊ ဇရာမရဏအဆုံးရှိသော ပဋိစ္စသမုပ္ပါဒ်ဟူ၍နှစ်ပါးရှိ၏။ထိုနှစ်ပါးတို့တွင် ဒိဋ္ဌိစရိုက်ပွါးများသောသူတို့အား၊ အဝိဇ္ဇာသည် သံသရာသို့ဆောင်တတ်၊ သံသရာ၏ အကြီးအကဲဖြစ်သောကြောင့်၊အဝိဇ္ဇာမူလရင်းရှိသော ပဋိစ္စသမုပ္ပါဒ်ကိုဟောတော်မူ၏၊ တဏှာစရိုက်ပွါးများသော သူတို့အား၊ တဏှာသည်၊ သံသရာကိုဆောင်တတ်၊ သံသရာ၌အကြီးအကဲဖြစ်သောကြောင့်၊ နောက်ဖြစ်သောတဏှာမူလရင်းရှိသော ပဋိစ္စသမုပ္ပါဒ်ကိုဟောတော်မူ၏၊

ဝဋ်သုံးပါး။

၂၂။ ဝဋ်သုံးပါးသည်အဘယ်နည်းဟူမူကား။

(၁) သင်္ခါရ၊ ဘဝ၊ ဤနှစ်ပါးသည်ကမ္မဝဋ်၊

(၂) တဏှာ ဥပါဒါန်၊ ဤနှစ်ပါးသည်ကိလေသဝဋ်၊

(၃) ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတနဲ၊ ဖဿ၊ ဝေဒနာ၊ ဤငါးပါးသည်ဝိပါကဝဋ်၊

ဤသို့သုံးပါးတည်း။

အစပ်သုံးပါး။

၂၃။ အစပ်သုံးပါးဟူသည်ကား။

(၁) ရှေးအတိတ်အကြောင်း ပစ္စုပ္ပန် မျက်မှောက်အကျိုး ဖြစ်သော သင်္ခါရနှင့်ဝိညာဏ်၏အကြား၊ အစပ်(သင်္ခါရသည် ရှေးအကြောင်း၊ဝိညာဏ်သည်၊မျက်မှောက်ဘဝအကျိုး)၊

(၂) ပစ္စုပ္ပန်မျက်မှောက်ဘဝအကျိုး၊ပစ္စုပ္ပန်မျက်မှောက်ဘဝ အကြောင်းဖြစ်သော၊ ဝေဒနာနှင့် တဏှာ၏အကြား၊ အစပ်(ဝေဒနာသည်မျက်မှောက်ဘဝအကျိုး၊ တဏှာသည်မျက်မှောက်ဘဝအကြောင်း)၊

(၃) ပစ္စုပ္ပန်အကြောင်း၊ နောက်ဘဝ အနာဂတ် အကျိုးဖြစ်သော၊ ဘဝနှင့်ဇာတိ၏ အကြား၊ အစပ်(ဘဝသည်မျက်မှောက် ဘဝအကြောင်း၊ ဇာတိသည်နောက်ဘဝအကျိုး)၊

ဤသို့သုံးပါးတည်း၊

### သင်္ဂဟလေးပါး။

၂၄။ အကျဉ်းချုံး၍၊ ယူခြင်းဟူသော သင်္ဂဟလေးပါး မည်သည်ကား၊

အဝိဇ္ဇာ၊ သင်္ခါရ၊

ပဌမသင်္ဂဟ၊

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊

ဒုတိယသင်္ဂဟ၊

တဏှာ၊ ဥပါဒါန်၊ ဘဝ။

တတိယသင်္ဂဟ၊

ဇာတိ၊ ဇရာ၊ မရဏ၊

စတုတ္ထသင်္ဂဟ၊

ဤသို့လေးပါးတည်း။

### အခြင်းအရာအနှစ်ဆယ်။

၂၅။ အခြင်းအရာနှစ်ဆယ်ဟူသည်ကား၊

(၁) အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ရှေးအတိတ်အကြောင်းငါးပါး၊

(၂) ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊

မျက်မှောက်ဘဝ–ပစ္စုပ္ပန်အကျိုးငါးပါး၊

(၃) အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ မျက်မှောက်ဘဝအကြောင်းငါးပါး၊

(၄) ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

နောက်ဘဝအနာဂတ်အကျိုးငါးပါး။

ဤသို့အခြင်းအရာ နှစ်ဆယ် ဖြစ်သတည်း။ ။နံပါတ်−၁ နှင့် ၂။နံပါတ်၃−နှင့်−−၄ကိုငပ်၍ကြည့်၊ ။နံပါတ်၁တွင်ပါရှိသော အတိတ်အကြောင်း ငါးပါးကြောင့်၊ နံပါတ် ၂ တွင်ပါရှိသောပစ္စုပ္ပန်အကျိုး ငါးပါးဖြစ်၏၊....။နံပါတ် ၃ တွင်ပါရှိသောအပစ္စုပ္ပန်အကြောင်းငါးပါးကြောင့်။ နံပါတ် ၄ တွင်ပါရှိသော အနာဂတ် အကျိုးငါးပါးဖြစ်၏၊....။ဤသို့မှတ်လေ၊

ပဋိစ္စသမုပ္ပါဒ်အကျဉ်းပါဠိတော်၊

၂၆၊ ပဋိစ္စသမုပ္ပါဒ် အကျဉ်းပါဠိတော်ကို၊ နှုတ်ငုံအရကျက်၍ဆောင်ထားအပ်၏၊ပါဠိတော်ကား၊

အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ၊ ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပပစ္စယာသဠာယတနံ၊ သဠာယတနပစ္စယာဖဿော။ ဖဿပစ္စယာဝေဒနာ။ ဝေဒနာပစ္စယာတဏှာ။ တဏှာပစ္စယာဥပါဒါနံ၊ဥပါဒါနပစ္စယာဘဝေါ၊ ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာဇရာမရဏံ၊ သောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာသမ္ဘဝန္တိ၊ ဧဝမေတဿကေဝလဿဒုက္ခက္ခန္ဓဿသမုဒယောဟောတိ၊

( ပဋိစ္စသမုပ္ပါဒ် တရားတော်သည်၊ အလွန်နက်နဲသိမ်မွေ့ ခဲခက်သောကြောင့် တကြောင်း။ ထိုတရားတော်ကို ကောင်းစွာနားမလည်လျှင်၊ သံသရာစက်လည်ပုံကို သိခြင်းငှာ မစွမ်းနိုင်သောကြောင့်တကြောင်း၊ သံသရာစက်လည်ပုံကိုမသိလျှင်၊ သံသရာဝဋ်ဆင်းရဲကိုမသိ၊ သံသရာဝဋ်ဆင်းရဲကိုမသိလျှင်၊ ထိုဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း တရားကိုနားလည် နိုင်မည်မဟုတ်သောကြောင့် တကြောင်း၊

ပဋိစ္စသမုပ္ပါဒ်တရားတော်ကိုသိချင်၊ ဗုဒ္ဓဘာသာတရားကို အသင့်အလျော် နားလည်သောပုဂ္ဂိုလ် အဖြစ်သို့ရောက်အံ့ ဖြစ်သောကြောင့်တကြောင်း၊ ထိုအကြောင်းများကြောင့်။ မကျဥ်းလွန်း မကျယ်လွန်း အသင့်အလျော် ရေးသားလိုက်ပါသည်၊ အကြိမ်ကြိမ်ဖတ်ကာ နှံ့သင်အံလေ့ကျက်ကြပါကုန်)။

ဗောဓိပက္ခိယတရား ၃၇ ပါး။

၂၇၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း တရားကား။ ဗောဓိပက္ခိယတရားသည်း၊ ၊မဂ်ဉာဏ်၏အပင်းအသင်းတွင် ပါဝင်သောတရားရဖြစ်၍။ ဗောဓိပက္ခိယမည်ကုန်၏။ ၊ထိုဗောဓိပက္ခိယတရားရကား။သုံးဆယ့်ခုနစ်ပါးအပြားရှိ၏၊ သုံးဆယ့်ခုနစ်ပါ ပဟူသော်ကား၊

| | | | |
|---|---|---|---|
| သတိပဋ္ဌာန် | ၄-ပါး၊ | ဣန္ဒြေ | ၅-ပါး၊ |
| သမ္မပ္ပဓာန် | ၄-ပါး၊ | ဗောဇ္ဈင် | ၇-ပါး၊ |
| ဣဒ္ဓိပါဒ် | ၄-ပါး၊ | မဂ္ဂင် | ၈-ပါး၊ |
| ဗိုလ် | ၅-ပါး၊ | ပေါင်း ၃၇-ပါးတည်း၊ | |

သတိပဋ္ဌာန်လေးပါး။

၂၈။ သတိပဋ္ဌာန် မည်သည်ကား၊ လွန်စွာခိုင်မြဲစွာတည်သောသတိဟုလိုသည်၊ ၊ထိုသတိပဋ္ဌာန်လေးပါးဟူသည်ကား၊

(၁) ထွက်သက် ဝင်သက်အစရှိသော ရူပကာယ၌ ခိုင်မြဲစွာတည်သော သတိဟူသော၊ ကာယာနုပဿနာသတိပဋ္ဌာန်။

(၂) ဝေဒနာတရားတို့၌ ခိုင်မြဲစွာတည်သော သတိဟူသော၊ဝေဒနာနုပဿနာသတိပဋ္ဌာန်၊

(၃) ရာဂနှင့် တကွသောစိတ်၊ ရာဂကင်းသောစိတ် အစရှိသော စိတ်အပြား၌ ပိုင်းခြားသိအောင်သော သတိပဋ္ဌာန်းသော၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊

(၄) နီဝရဏအစရှိသောဓမ္မာနုပဿနာသတိပဋ္ဌာန်၊ ဤသို့လေးပါးဘည်း။...၊ ထိုလေးပါးတို့တွင်၊ ထွက်သက်၊ ဝင်သက်ဟူသော အဿာသ ပဿာသ ကာယ၌၊ ခိုင်မြဲစွာတည်လျှင်ပင်။ အသုံးရုံ၌ တည်သည်ပင်မည်၏၊ အဘယ့်ကြောင့်နည်းဆိုသော်၊ မိမိစိတ်ထားသို့ရာဝတ္ထု အာရုံတခုခု၌ တည်နိုင်သောအခွမ်းရှိသောကြောင့်တည်း။ ၊ ရေမည်သည် အလွတ်ထားခဲ့လျှင်၊ နိမ့်ရာသို့ စီးမြဲဓမ္မတာဖြစ်သကဲ့သို့၊ သတ္တဝါတို့၏ စိတ်မည်သည်၊ လွှတ်၍ထားခဲ့လျှင်၊ မကောင်းရာသို့သာ တွင်တွင်သွားမြဲ ဓမ္မတာဖြစ်၍၊ မကောင်းရာ၌သာ မွေ့လျော်တတ်သောကြောင့်၊ ထိုစိတ်ကိုနိုင်အောင်၊ မိမိထားလိုရာ အာရုံတခုခု၌ တည်ရအောင်၊ ကာယဂတာသတိပဋ္ဌာန် ဘာဝနာမှုကို၊ ရှေးဦးစွာ အားထုတ်ရသည်၊ ၊လောက၌၊ စိတ်ကိုအစိုးမရသောသူကို ဥမ္မတ္တကအရူးဟုခေါ်ကြသည်။ စိတ်ကိုအစိုးရသော ပကတိလူကောင်း ဖြစ်သူတို့သည်၊ လောက၌ အရူးမဟုတ်သော်လည်း၊ ဘာဝနာကမ္မဋ္ဌာန်းအရာတို့၌ စိတ်ကိုအစိုးမရသောသူရူးတို့သာ ဖြစ်ကြကုန်၏၊ လောက၌သူရူးသည်၊ ထမင်းစားမည်ဟု ထမင်းပွဲသို့ရောက်ပါလျက်၊ မိမိစိတ်ကိုအစိုးမရသည်အတွက်၊ ထမင်းစားမှုပြီးစီးအောင် ငြိမ်ငြိမ်နေခွင့်မရဘဲ ၄-၅-၆ လုပ်စားမိလျှင်။ ထမင်းပွဲကိုသွန်မှောက်၍ ထသွားသကဲ့သို့၊ ဤလူကောင်း သူကောင်းတို့သည်၊ ဘုရား

ဂုဏ်တော်ကို ကြည်ညိုသောအလုပ်ကို ငါလုပ်မည်ဟု။ ကြိုးစားပါသော်လည်း၊ စိတ်ကို အဖုမရကြသည် အတွက်၊ ဘုရားဂုဏ်တော်၌ စိတ်ကိုတည်ငြိမ်စွာနေအောင် အမိုးမရကြ။ ဘုရားအာရုံကိုလွှတ်၍၊ အခြားအာရုံ တခုခုသို့ အခါများစွာ ထွက်သွားလွင့်ပါးလျက်ရှိနေကြကုန်၏၊ ထိုကြောင့် ကာယဂတာသတိပဋ္ဌာန် ဘာဝနာမှုကို၊ ရှေးဦးစွာ မတည်ထောင်မူ၍။ သမထဝိပဿနာမှုတို့ကို ပြုလုပ်သော သူတို့သည်၊ အထိန်းဖြစ်သော ကြိုးမရှိသေးသည့်နွားရိုင်းကို ထွန်တွင်း လှည်းတွင်းသို့သွင်း၍ အသုံးပြုကြသည်နှင့်တူ၏။ ထိုနွားကို ယိုရာစခန်းသို့၊ ဖြောင့်ဖြောင့်တန်းတန်း သွားအောင် မတတ်နိုင်သကဲ့သို့၊ မိမိတို့၏စိတ်ကို ထားလိုရာအာရုံတခုခု၌၊ နိုင်မြဲစွာတည်အောင် မတတ်နိုင်ကြလတ်ံ့။ ။သမထလမ်းကိုမလိုက်လို၍၊ ဈာန်မရသောရဟန္တာပုဂ္ဂိုလ်၏လမ်းဖြစ်သော၊ ဝိပဿနာမှု သက်သက်ကို အားထုတ်လိုလျှင်၊ ကာယဂတာသတိ ထမြောက်ပြီးမှ၊ ဝိပဿနာသို့တက်ကြရသည်။....။ကာယဂတာသတိ ကမ္မဋ္ဌာန်းကို၊ အခင်းအခြား မလုပ်လိုပြီ၊ ဣရိယာကိုသာ ထက်သန်စွာအားထုတ်၍၊ ဝိပဿနာ ဘာဝနာမှာပင်၊ ကာယဂတာသတိလည်းအပြီးပါအောင် အားထုတ်မည်ဆိုလျှင်၊ ဥာဏ်ဝိရိယ အထူးရှိသူဖြစ်ပါလျှင် ပြီးစီးပါ၏၊

( သတိပဋ္ဌာန်လေးပါးလုံး၏အကျယ်ကိုသိလိုမူ၊ မဟာသတိပဋ္ဌာနသုတ်မှာရှုပါလေ )။

သမ္မပ္ပဓါန်။

၂၉၊ သမ္မပ္ပဓါန်ဟူသည်ကား၊ ထွန့်တိုခြင်း၊ နောက်

သို့သုတ်သုတ်ခြင်းမရှိသော ဝီရိယတည်း။ အားသုတ်မှု အာရုံ၊ လွန်ပွားအပင်အပန်းခံနိုင်သောဝီရိယဟူ၍၊ ၊သမ္မပ္ပဓါန်ဖြစ်အင်္ဂါလေးပါးရှိ၏၊ လေးပါးဟူသော်ကား၊အရေကြွင်းစေအင်္ဂါတပါး၊ အကြောကြွင်းစေအင်္ဂါတပါး၊ အရိုးကြွင်းစေအင်္ဂါတပါး၊ အသား အသွေး အကုန်ခံမ်းခြောက်လေစေအင်္ဂါတပါး၊ ဤလေးပါးတည်း၊ ဝီရိယကိုအားသုတ်နိုင်လျှင်၊ ရအပ်သောတရားမျိုးသာမှန်ပါစေ၊ မရသမျှငါမနေ၊ မပေါက်သမျှ ငါမနေ၊ မရောက်သမျှ ငါမနေ၊ ဝီရိယကိုမလျှော့ပြီဟု၊ အလွန်အားသုတ်ခြင်းဟူလိုသည်၊ ၊သမ္မပ္ပဓါန်လေးပါးဟူသည်ကား၊

(၁) ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါလုံ့လပြုသောဝီရိယ၊
(၂) မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စိမ့်သောငှါလုံ့လပြုသောဝီရိယ၊
(၃) မဖြစ်သေးသော ကုသိုလ်တရားတို့ကို၊ ဖြစ်စိမ့်သောငှါ၊လုံ့လပြုသောဝီရိယ၊
(၄) ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို၊ ပွါးများစေခြင်းငှါ၊လုံ့လပြုသောဝီရိယ၊

ဤလေးပါးတည်း။ ၊ထိုလေးပါးတို့တွင်၊ အကုသိုလ်ဟောင်းရှိကို အကုန်ပယ်မှုဟူသည်ကား၊ ဘုရားသာသနာနှင့်ကြုံကြိုက်ဆဲအခါ၌သာ ဖြစ်နိုင်သောအမှုပေတည်း။ နောင်ဘဝအဆက်ဆက်ဖြစ်လတံ့သော အကုသိုလ်သစ်များကို မဖြစ်လာရအောင် ပြုမှုဟူသည်လည်း၊ ဘုရားသာသနာနှင့်

ကြံမိကြံဖိုက်ဆဲအခါ၌သာလျှင်ဖြစ်နိုင်သောအမှုပေတည်း။ ။ထိုအကုသိုလ်နှစ်မျိုးတို့ကို ပယ်သတ်မှု ဆိုသည်ကား၊ အထက်ကပြဆိုခဲ့ပြီးလော၊ သက္ကာယဒိဋ္ဌိ၏ အနုသယအသိုက်အအုကြီးကို အကုန်အစင်ဖြိုဖျက်မှုတည်း။ ထိုအသိုက်အအုကြီးကို ဖြိုဖျက်မှုသည်လည်း အနုပဿနာဝဿနာ၏လုပ်ပေတည်း၊ အနုပဿနာဝဿနာအလုပ်မည်သည်လည်း၊ ဘုရားသာသနာတွင်း၌သာရှိ၏။ ဘုရားသာသနာမရှိခိုက်အခါ၌။ အနုပ္ပဿနာဟူသောအသံမျှပင်၊ လောက၌မရှိ၊ အနုပ္ပ အသံဆိုသည်ကား၊ ရုပ်နာမ်၊ ခန္ဓာ၊ အာယတန ※ဓါတ် ❧ ပဋိစ္စသမုပ္ပါဒ်အသံတို့တည်း၊ ကာယဂတာသတိကို တည်ထောင်ပြီးလျှင်၊ အမိုးမရသောမိမိစိတ်ကို အမိုးရအောင်ငြိမ်သက်အောင် ပြုပြီးမှ၊ သမထ ဝိပဿနာအလုပ်တို့ကို အားထုတ်ခြင်းသည် အနုပဿနာဝဿနာအလုပ်မည်သတည်း၊ အနုပဿနာဝဿနာကောင်းစွာထမြောက်သဖြင့်၊ သက္ကာယဒိဋ္ဌိ၏ အနုသယဘုံကြီး အကုန်ပျက်စီးမှ၊ ခပ်သိမ်းသောအကုသိုလ်တို့သည် ချုပ်ငြိမ်းကုန်၏၊ ။မဖြစ်သေးသောကုသိုလ်တရားကို၊ ဖြစ်ရအောင်အားထုတ်ခြင်း၊ ဖြစ်ပြီးသော ကုသိုလ်တရားကို ပွားများအောင်အားထုတ်ခြင်းဆိုသည်လည်း၊ ထိုကာယဂတာသတိကို တည်ထောင်မှုမှစ၍၊ အနုပဿနာဝဿနာကိစ္စ ထမြောက်အောင် အားထုတ်ခြင်းကိုပင်ဆိုသတည်း၊ ။မြတ်စွာဘုရားသာသနာတော်တွင်း၌ ကြုံကြိုက်ကြရကုန်သော သူတော်ကောင်းအပေါင်းတို့သည်၊ ဒိဋ္ဌိ၏၊ အနုသယနိုင်ကြီးကို ဖြို

※ နောက်ဆက်တွဲအစဉ်နံပါတ်( ၂ ) မှာကြည့်။

❧ နောက်ဆက်တွဲအစဉ်နံပါတ် (၁၀) မှာကြည့်။

ဖျက်ကြရန်၊ သတိပဋ္ဌာန်တရားတို့ကို၊ သမ္မပ္ပဓါန်ဟူသော ဆုတ်မနစ်သောလုံ့လဖြင့်အားထုတ်ကြကုန်ရာ၏။

ဣဒ္ဓိပါဒ်လေးပါး၊

၃၀၊ ဣဒ္ဓိပါဒ် ဟူသည်ကား၊ ပြီးစီး ပေါက်ရောက် ထမြောက်အောင်မြင်ခြင်းအမျိုးမျိုး၏အခြေအမြစ်တည်း၊ ၊ ထိုဣဒ္ဓိပါဒ်သည် လေးပါးအပြားရှိ၏၊ ၊ လေးပါးဟူသော်ကား၊

(၁) ဆန္ဒဟူသော၊ဆန္ဒိဒ္ဓိပါဒ်၊

(၂) ဝီရိယဟူသော၊ဝီရိယိဒ္ဓိပါဒ်၊

(၃) စိတ်ဟူသော၊စိတ္တိဒ္ဓိပါဒ်၊

(၄) ပညာဟူသော၊ဝီမံသိဒ္ဓိပါဒ်။

ဤလေးပါးတည်း၊ ၊ဆန္ဒဆိုသည်ကား၊ လိုချင်ခြင်း၊ ရချင်ခြင်း၊ ပေါက်ရောက်ချင်ခြင်း၊ ပြည့်စုံချင်ခြင်း၊ ပြီးစီးချင်ခြင်း၊ တည်း၊ ၊အလွန်အကြူးထက်သန်သောဆန္ဒကိုဆိုလိုသည်၊ ထိုဣဒ္ဓိကို ယခုဘဝတွင် မရလျှင်မနေနိုင်။ မရလျှင် သေရသည့်ကကောင်းသေး၏ဟု၊ မရဘဲနေရသည်ထက်၊ အသေကို အမြတ်ထားနိုင်သောဆန္ဒဟူလိုသည်၊ တေမိမင်း၏ဆန္ဒ၊ ဘုရားလက်ထက်တော်၌၊ ထီးနန်းစည်းစိမ်၊ သူဌေးစည်းစိမ်၊ သူကြွယ်စည်းစိမ် တို့ကိုစွန့်ပြစ်၍ ရဟန်းပြုလုပ်ကြသောသူတို့၏ ဆန္ဒကဲ့သို့တည်း၊ ၊ဝီရိယဆိုသည်ကား အထက်ကပြဆိုအပ်ခဲ့ပြီးသော၊ အင်္ဂါလေးပါးနှင့်ပြည့်စုံသော သမ္မပ္ပဓါန် ဝီရိယကိုဆိုသည်၊ ထိုကဲ့သို့ဝီရိယနှင့်ပြည့်စုံသော သူသည်၊ ဝီရိယစိုက်ထုတ်နိုင်လျှင်ရ၏ဟူသော တရားဘော်ကို ကြားနာရလျှင်၊ ဇောက်ငါရတော့မည်ဟုထင်၏၊ နေ့ညဉ့်

မပြတ် ဘယ်မျှလောက်အပင်ပန်းခံမည်ဆိုသော်လည်း စိတ် မတွန့်၊ အပန်းခံရသော်လည်းစိတ်မတွန့်၊ ကြာမြင့်စွာအား ထုတ်၍နေရသော်လည်းစိတ်မတွန့်မကွက်၊ ဤကဲ့သို့သောဝီရိ ယကိုဆိုသတည်း။ ၊စိတ်ဆိုသည်ကား၊ သာသနာတော်ကို တွေ့ကြုံ၍၊တရားတော်ကိုကြားနာရသောအခါမှစ၍၊ ထိုဣဒ္ဓိ တို့၌ စွဲလမ်းမှုတည်း။ အလွန်အကြူး၊ထက်သန်နိုင်မလေသော စိတ်စွဲလမ်းခြင်းတည်း။ အခြားသောအမှုတို့၌စိတ်မပေါ၊ ဣဒ္ဓိမှု တို့၌သာ၊ စိတ်သွား၍နေ၏၊ အင်္ဂါယာအလုပ်ကို၊ အတုံ ဝါသ နာ စွဲသူကဲ့သို့၊အစွဲသန်လှသောစိတ်မျိုးကိုဆိုသည်။ ၊

ဝီမံသ ပညာဆိုသည်ကား၊ သံသရာပင့်ဆင်းရဲ၊ကြီးကျယ် ပုံကို ကောင်းစွာမြင်နိုင်သောပညာ၊ ဣဒ္ဓိတို့၏ အကျိုးအာနိ သင်ကို ကောင်းစွာမြင်နိုင်သောပညာ ခဲခက်နက်နဲသော တ ရားဓမ္မ သဘာဝတို့၌ဖြန့်ဖြူးစွာ ကျက်စားနိုင်သောပညာကို ဆိုသတည်း၊ ထိုပညာနှင့် ပြည့်စုံသောသူသည်၊ ဣဒ္ဓိအစီး အပွားတို့မှတပါး၊အလုံးစုံသော လောကီတရား ချမ်းသာစီး ပွားမှုတို့၌စိတ်မရှိ။နက်နဲသော ဣဒ္ဓိအစီးအပွားကြီးတို့သာ စိတ်ရှိနိုင်တော့သည်၊ ။ကာယဂတာသတိကို စွဲမြဲခြင်း သည်ပင်လျှင် စိတ်ကို ထူထောင်မှုမည်၏၊ ရတင် ပဋိပတ် စသည်တို့ကို အားထုတ်ခြင်းသည်၊ ဝီရိယကိုထူထောင်မှု မည်၏။ ဓါတ်ကြီးလေးပါးစသော နက်နဲသော ဓမ္မသဘာဝ (တရားသဘော)တို့ကို ကြံဖန်သော့ကျက်မှုသည်။ ဝီမံသကို ထူထောင်မှုမည်သတည်း။

ဣန္ဒြေငါးပါး၊

၃၁၊ ဣန္ဒြေဟူသည်ကား၊ အစိုးရမင်း၏ အစိုးရမှုသည်

ရာခန္ဓမည်၏။ ။ဤအရာကား၊စိတ်ကိုအမိုးရခြင်းသည် လို ရင်းတည်း။ ။ရူခန္ဓသည် ငါးပါးအပြားရှိ၏။ ငါးပါးဟူ သော်ကား၊

(၁) သဒ္ဒါဟူသော၊သဒ္ဓိန္ဒြေ၊
(၂) ဝိရိယဟူသော၊ဝိရိယိန္ဒြေ၊
(၃) သတိဟူသော၊သတိန္ဒြေ၊
(၄) သမာဓိဟူသော၊သမာဓိန္ဒြေ၊
(၅) ပညာဟူသော၊ပညိန္ဒြေ၊

ဤငါးပါးတည်း၊ ။ထွက်သက်ဝင်သက် ကမ္မဋ္ဌာန်း အလုပ်စသော ဘာဝနာအလုပ်ဖြင့်၊ တနင်္ခိုးချိန်အားတိုးတက် ပွားစီးလေအောင်၊ မျိုးထောင်ပြုပြင်၍ထားအပ်သော သဒ္ဒါ သည်၊ ဘာဝနာသဒ္ဒါမည်၏၊ ဤဘာဝနာသဒ္ဒါကို သဒ္ဓိန္ဒြေ ဆိုသည်၊ ။ယခုအခါလူအများတို့မှာ၊ဒါနပြုခြင်း၊ သီလ ဆောက်တည်ခြင်း၊ အတုအပဘာဝနာမှုပြုခြင်းတို့ကို တိုက် တွန်းသောသဒ္ဒါသည်၊ ပကတိသဒ္ဒါမည်၏၊ ထိုပကတိသဒ္ဒါ သည်၊ စိတ်ကိုအမိုးရသည် ဆိုသော်လည်း၊ အထက်ကပြ ဆိုခဲ့ပြီးသော သူရူးဥပမာအတိုင်း၊ ပကတိလူတို့၏ စိတ်ရူး စိတ်နှောက်ကို ပျောက်ငြိမ်းအောင်အုပ်ချုပ်နိုင်သည်မဟုတ် ဆိုအပ်ခဲ့ပြီးသော ဒါနစသောလောကီ ကုသိုလ်မှုတို့သည်၊ ပကတိသဒ္ဒါ၏ အမိုးရမှုနှင့်ဖြစ်နိုင်သော ကုသိုလ်မျိုးတည်း၊ ကမ္မဋ္ဌာန်းဘာဝနာအလုပ်နှင့်တွေ့လျှင်၊ ထိုပကတိသဒ္ဒါသည် စိတ်ကိုအမိုးမရ၊ စိတ်သည်လွယ်ရာဘပေါ်းသို့ ထွက်သွား၏။ ။ ကာယဂတာသတိကို အားထုတ်မှုသည် ဘာဝနာသဒ္ဒါကို

ဖျူးထောင်မှုတည်း။ ၊ဝိရိယသည်၊ ပကတိဝိရိယ၊ ဘာဝနာဝိရိယဟူ၍နှစ်ပါးပြား၏၊ ကာယိကဝိရိယ၊စေတသိက ဝိရိယဟူ၍လည်းနှစ်ပါးရှိ၏၊ ပကတိဝိရိယမှာ သိသာပြီ၊ လောကမှုတို့၌ ပကတိဝိရိယလွန်ကဲသောသူတို့မှာ၊ ဘာဝနာဝိရိယထမြောက်လွယ်၏၊ပိဋကပါဠိတ်ခုတင် အစရှိသောခုတင်ကြီးချားသည်။ကာယိကဝိရိယဘာဝနာမှုတို့ပင်တည်း။(ကာယိကဝိရိယဆိုသည်မှာ၊ ကိုယ်ဖြင့်လုံ့လထုတ်ခြင်းတည်း)၊ စေတသိကဝိရိယဘာဝနာကို ထူထောင်မိ၍၊ အအိပ်အနေနည်းပါးသဖြင့်၊ ထကြွလုံ့လဝိရိယနှင့် ပြည့်စုံပါသော်လည်း စေတသိကဝိရိယမရှိသော်၊ ကမ္မဋ္ဌာန်းအာရုံသည်။ ထင်မြင်စွဲမြဲခြင်းသို့မရောက်နိုင်၊ ၊ကမ္မဋ္ဌာန်းဘာဝနာအလုပ်မည်သည်။ ကာယိကဝိရိယ၊ စေတသိကဝိရိယ နှစ်ပါးနှင့်ပြည့်စုံသောသူမှသာလျှင် အမြန်ထမြောက်နိုင်၏၊ ၊ကာယဂတာသတိ ထူထောင် မိသည်မှစ၍၊ တနေ့တခြား တိုးပွားလာသော ဘာဝနာဝိရိယကို၊ ဝိရိယိန္ဒြေဆိုသတည်း၊ ၊သတိန္ဒြေဆိုသည်ကား၊ ကောင်းစွာတည်ထောင်မိသောကာယဂတာသတိမှစ၍၊ လောကုတ္တရာသမ္မာသတိမဂ္ဂင်တိုင်အောင် ကြီးပွား၍သွားသော သတိပဋ္ဌာန်ခေါ်သော ဘာဝနာသတိကိုဆိုသတည်း။ (သမ္မာသတိမဂ္ဂင်အကြောင်းကို၊ မဂ္ဂင်ရှစ်ပါးအခန်းတွင်ကြည့်)၊ ၊သမာဓိန္ဒြေ၊ ပညိန္ဒြေတို့ကိုလည်း၊ ထိုနည်းတူပင်သိအပ်၏။

ဗိုလ်ငါးပါး၊

၃၂၊ ဗိုလ်ဟူသည်ကား။ ဆန့်ကျင်ဘက် တရားတို့ကို အားတိုက်ဘင်စီးဘတ်ခြင်း၊ ဆန့်ကျင်ဘက်ဖြစ်သော ရန်သူ

နှင့်တွေ့ကြုံလျှင်။ မတုန်လှုပ်ဘဲ၊ အခြေမြဲခြင်းအနက်ကြောင့် ဗိုလ်မည်၏။ ။ဗိုလ်ငါးပါးဟူသည်ကား၊

(၁) သဒ္ဓါဗိုလ်၊ (၂)ဝီရိယဗိုလ်၊ (၃) သတိဗိုလ်၊ (၄) သမာဓိဗိုလ်၊ (၅)ပညာဗိုလ်၊

ဟူ၍ဣန္ဒြေအတိုင်း ငါးပါးရှိ၏။ ။သက္ကာယဒိဋ္ဌိနှင်းကြီးကိုတိုက်ဖျက်ရန်၊ဗိုလ်မှူးကြီး ငါးယောက်ဆိုလိုသည်။ ။ သဒ္ဓိန္ဒြေတွင် ပြဆိုခဲ့ပြီးသောအတိုင်း သဒ္ဓါသည်၊ ပကတိသဒ္ဓါ၊ ဘာဝနာသဒ္ဓါ နှစ်ပါးတို့တွင်၊ ပကတိသဒ္ဓါသည်၊ တဏှာနှင့်အလိုက်သင့်ပေါင်း၍၊ လှူဒါန်းမှု၊ သီတင်း သီလဆောက်တည်မှုစသော လောကီကုသိုလ်တို့ကိုသာဖြစ်ပွားစေနိုင်၏။ တဏှာကိုရခံတိုက်ခိုက်မတွန်းမလှန်နိုင်၊ တဏှာကသာ ထိုသဒ္ဓါကိုပွါးများခြင်း မရှိရအောင်တွန်းလှဲ နင်းချိုး၍ထား၏။ ဘာဝနာသဒ္ဓါသာလျှင် တဏှာကို တိုက်ခိုက်တွန်းလှန်နိုင်သည်။ ။ ပကတိဝီရိယ၊ဘာဝနာဝီရိယနှစ်ပါးတို့တွင်၊ပကတိဝီရိယသည်၊ကောသဇ္ဇအကုသိုလ်ကိုအလိုက်သင့်ပေါင်း၍၊ ဒါနမှု၊သီလမှုစသော လောကီ ကုသိုလ်တို့ကိုသာဖြစ်ပွားစေနိုင်၏။ ကောသဇ္ဇအကုသိုလ်ကိုမတွန်းလှန်နိုင်၊ ကောသဇ္ဇအကုသိုလ်ကသာ။ ထိုဝီရိယကို ပွားများခြင်းမရှိရအောင်၊ တွန်းလှဲနင်းချိုး၍ထား၏။ ။သတိ၏ ဆန့်ကျင်ဘက်ကား၊ မုဋ္ဌသစ္စအကုသိုလ် အသင်းကြီးတည်း၊ ထိုအသင်းကြီးကို သာမညဖြစ်သော ပကတိသတိသည် မတွန်းလှန်နိုင်၊ပွားများသောဘာဝနာသတိမှသာတွန်းလှန်နိုင်၏။ ။ သမာဓိ၏ဆန့်ကျင်ဘက်ကား၊ ဝိက္ခေပ အကုသိုလ်အသင်းကြီးတည်း၊ ထိုအသင်းကြီးကို၊ သာမညဖြစ်သော ပကတိ

သမာဓိသည် မတွန်းလှန်နိုင်၊ ဘာဝနာသမာဓိသာလျှင်တွန်း
လှန်နိုင်၏။ ။ပညာ၏ဆန့်ကျင်ဘက်ကား သမ္မောဟအကု
သိုလ် အသင်းကြီးတည်း။ ထိုအသင်းကြီးကို ပကတိသော
ဉာဏ်ပညာ၊ ပိဋကတ်သုံးပုံကိုဘတ်သော ပရိယတ်ဉာဏ်
ပညာသည် မတွန်းလှန်နိုင်။ ကာယဂတာသတိ ထူထောင်မိ
သော ဘာဝနာဉာဏ်ပညာမှသာလျှင်၊ တခါတည်း အသင်းရ
အောင်တွန်းလှန်နိုင်လေသတည်း။ ။ဤကားဆန့်ကျင်ဘက်
ဖြစ်သော အသင်းကြီးငါးပါးနှင့်၊ ဗိုလ်ငါးပါးတို့ကို တွဲဘက်
၍ပြဆိုချက်တည်း။ ။ဘဏ္ဍာအသင်းကြီးကို သိလွယ်ပြီ။
ကောသဇ္ဇအသင်းကြီးဟူသည်ကား၊ ပျင်းရိခြင်း၊ ကိုယ်အ
နွမ်းအပါးမခံနိုင်ခြင်း။ ပဋိပတ် အကျင့်အရာ၌၊ စိတ်ကျွတ်
ကျွတ်လွှတ်လွှတ်မရှိခြင်းတည်း။ ။ဥဒ္ဓစ္စအကုသိုလ် အ
သင်းကြီးဟူသည်ကား၊ သမထဝိပဿနာ ဘာဝနာအမှုကိစ္စ၌၊
စိတ်အစွဲကြီးမစွဲနိုင်၊ အမြဲကြီး မမြဲနိုင်ခြင်း၊ စိတ်ကိုမထိန်း
နိုင်၍၊ အာရုံတပါးပါးသို့မကြာမကြာထွက်ပြေးခြင်းတည်း။ ။
ဝိစိကိစ္ဆာအကုသိုလ်အသင်းကြီး ဟူသည်ကား။ ဘာဝနာအာ
ရုံ၌မိမိတို့စိတ်ကိုတင်၍မနိုင်နိုင်ခြင်းတည်း။ ။သမ္မောဟ အ
ကုသိုလ်အသင်းကြီးဟူသည်ကား၊ လွန်စွာတွေဝေခြင်းဖြစ်၍
အကြည်အလင် မသိမြင်ဘဲ စိတ်မှောင်ကြီးကျ၍ နေခြင်း
တည်း။

ငါးပါးသောဗိုလ်မှူးကြီးတို့တွင်၊ တခုခုသောဗိုလ်အား
သေးသည့်အတွက်။ ဆိုအပ်ခဲ့ပြီးသော ဆန့်ကျင်ဘက် ပဋိ
ပက္ခ အသင်းကြီးတခု၊ ဘင်ခြေမပျက်ရှိနေခဲ့လျှင်၊ သမထဘာ
ဝနာမှု တွင်ကျယ်စွာ မဖြစ်ထွန်းနိုင်၊ ။ထို့ကြောင့်အချို့

သောပုဂ္ဂိုလ်တို့သည်၊ သဒ္ဓါဗိုလ်အားကောင်း၍ တဏှာအာသင်းကြီးကို တွန်းလှန်နိုင်ကြကုန်၏။ သို့ရာတွင် ကြွင်းသောဗိုလ်လေးပါးတို့အားသေး၍၊ အထက်သို့ မတက်နိုင်ကြလေကုန်၊ ။အချို့အချို့သောပုဂ္ဂိုလ်မှာ၊သဒ္ဓါဗိုလ် ဝီရိယဗိုလ်နှစ်ပါး အားကောင်းကြ၍၊ တဏှာအသင်း ကောသဇ္ဇအသင်းတို့ကို တွန်းလှန်နိုင်ကြကုန်၏၊ ကြွင်းသော ဗိုလ်သုံးပါးအားသေးသောကြောင့်၊ သမထဝိပဿနာဘာဝနာအလုပ်ကြီးများသို့ မတက်နိုင်ကြကုန်၊ ။အချို့သောပုဂ္ဂိုလ်တို့မှာရှေးဗိုလ်သုံးပါး အားကောင်းသည်အတွက်၊ ကာယဂတာသတိအလုပ်တိုင်အောင် ရောက်နိုင် ပေါက်နိုင် ကြကုန်၏၊ သမာဓိဗိုလ် ပညာဗိုလ် နှစ်ပါးအားသေးသောကြောင့်၊ ဈာန်ဝိပဿနာသို့မတက်နိုင်ကြကုန်၊ အချို့သော ပုဂ္ဂိုလ်တို့မှာ၊ ပညာဗိုလ်အလွန်အားကောင်း၍၊ ကျမ်းဂန်ဘတ်ကြကုန်၏။ ပရမတ္ထဉာဏ်ကြီးကြကုန်၏၊ ကြွင်းသောဗိုလ်လေးပါး ညံ့သည့်အတွက်၊ တဏှာအသင်း၊ကောသဇ္ဇအသင်း၊မုဋ္ဌသစ္စအသင်း၊ ဝိက္ခေပအသင်း၊ သမ္မောဟအသင်းတို့ကို မတွန်းလှန်မပြိုပျက်နိုင်ကြကုန်၊ ထိုဗိုလ်ငါးပါးတို့တွင်လည်း၊ ဝီရိယဗိုလ်၊ ပညာဗိုလ် နှစ်ပါးတို့သည်၊ ဓုရပါဒ်မျိုး ဖြစ်သောကြောင့်၊ ထိုနှစ်ပါးတညီတညာခိုင်ခံ့ခဲ့လျှင်၊ ကြွင်းသောဗိုလ်သုံးပါးတို့အတွက်၊ ဝိပဿနာမှု၌ မတက်နိုင်မရှိပြီဟု၊ မှတ်အပ်၏။

ဗောဇ္ဈင်၏အဓိပ္ပါယ်၊ဗောဇ္ဈင်၏အပြား။

၃၃၊ ဗောဇ္ဈင်ပဒသည်ကား၊မဂ်ဉာဏ်၏အင်္ဂါ၊မဂ်ဉာဏ်

၏အတောင်အလက်တည်း။ (သမ္ဗောဇ္ဈင်ဟူ၍လည်းခေါ်၏) အဘယ်ကြောင့် မဂ်ဉာဏ်၏အင်္ဂါ၊ မဂ်ဉာဏ်၏ အတောင်အလက် မည်သနည်းဟူမူကား၊ ငှက်တို့သည် အဥ်ဝမ်းတွင်းမှ တကြိမ်ပေါက်ဘွား၍။ တဖန်ဥခွံတွင်းမှပေါက်ဘွားရပြန်၏၊ ထိုနောက်အတောင်အလက်စုံလင်သောအခါ အသိုက်မှ ပျံတက်၍ အလိုရှိရာသို့ပျံသွားကုန်သကဲ့သို့၊ ထို့အတူ ဘာဝနာအားထုတ်သော ပုဂ္ဂိုလ်တို့သည်၊ ကာယဂတာသတိ တည်ထောင်မိသဖြင့်။ သမထအလုပ်ထမြောက်သောအခါ၊ ရှေးရှေးသောဘဝအဆက်ဆက်ကပါရှိသော ငတ်ရူ။ ဝိတ်နောက်အတွင်းမှ တကြိမ် ကျွတ်လွတ်ကုန်၏၊ တဖန် ဝိပဿနာလမ်းသို့တက်၍ ရုပ်နာမ်ခန္ဓာ တို့၌ဥပဿနာ အမြင်ပေါက်သောအခါ၊ ရုံ့ရင်းသောအဝိဇ္ဇာဘကြိမ် ကျွတ်လွတ်ကုန်၏၊ ထို့နောက်ဗောဇ္ဈင်ခုနစ်ပါးကြီးပွားရင့်သန်သောအခါ၊ လောကုတ္တရာမဂ်ဉာဏ်၏အတောင်အလက်စုံလင်သဖြင့်၊ သမ္ဗောဓိမည်သော မဂ်ဉာဏ်သို့ရောက်၍ ပုထုဇ္ဇန်ဘုံမှ ပျံတက်၍၊ အရိယာဘုံသူ၊ အရိယာဘုံသားအဖြစ်သို့ ပေါက်ရောက်ကြကုန်၏၊ ထိုကြောင့်မဂ်ဉာဏ်၏အင်္ဂါ၊ မဂ်ဉာဏ်၏အတောင်အလက်မည်သတည်း။ ။ဗောဇ္ဈင်ခုနစ်ပါးဟူသည်ကား။

(၁) သတိသမ္ဗောဇ္ဈင် (၄) ဝီရိယသမ္ဗောဇ္ဈင်၊
(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်။ (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်၊
(၃) ပီတိသမ္ဗောဇ္ဈင်။ (၆) သမာဓိသမ္ဗောဇ္ဈင်၊
(၇) ဥပေက္ခာသမ္ဗောဇ္ဈင်၊

ဤခုနစ်ပါးတည်း။ ။သတိပဋ္ဌာန်၊ သတိန္ဒြေ၊ သတိဗိုလ်၊ သမ္မာသတိမဂ္ဂင်ခေါ်သော သတိသည်၊ သတိသမ္ဗောဇ္ဈင်မည်

၏၊ဝီမံသိဒ္ဓိပါဒ်၊ ပညိန္ဒြေ၊ပညာဗိုလ်၊ သမာဒိဋ္ဌိမဂ္ဂင်ခေါ်သော
ပညာသည်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်မည်၏၊ ခန္ဓာငါးပါးရုပ်
နာမ်တရားတို့ကို။ ဝိပဿနာဉာဏ်ဆယ်ပါးတို့ဖြင့် ရှုခြင်း
ကိုသည်း ဓမ္မဝိစယဆိုသည်။ ( ဝိပဿနာဉာဏ်ဆယ်ပါးအ
ကြောင်းကိုနောက်မှပြဆိုလတံ့ ) သမ္မပ္ပဓာန်၊ ဝီရိယိဒ္ဓိပါဒ်၊ဝီရိ
ယိန္ဒြေ၊ ဝီရိယဗိုလ်၊ သမ္မာဝါယာမ မဂ္ဂင်ခေါ်သောဝီရိယ
သည်၊ ဝီရိယသမ္ဗောဇ္ဈင်မည်၏၊ ၊ကာယကတာသတိစ
သည့်တည်ထောင်၍၊ ထင်မြင်မှုဘိုးပွား၍ လာသောအခါ၊
ဝမ်းမြောက်ခြင်း နှစ်သက်ခြင်းသည်၊ ပီတိသမ္ဗောဇ္ဈင်မည်
၏၊ ၊စိတ်မငြိမ်မသက်၊ စိတ်အကြံများခြင်းကြောင့်ဖြစ်
ကုန်သော။ ကိုယ်စိတ်နှစ်ပါးပူပန်ခြင်းခပ်သိမ်းတို့၏၊ အစဉ်
အတိုင်းငြိမ်းချမ်း၍ လာခြင်းသည်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်မည်
၏၊ ၊သမာဓိန္ဒြေ၊ သမာဓိဗိုလ်၊ သမာဓိမဂ္ဂင်ဟုဆိုအပ်
သောသမာဓိတရားသည်၊သမာဓိသမ္ဗောဇ္ဈင်မည်၏၊

ကမ္မဋ္ဌာန်းအလုပ် အားထုတ်ရာ၌၊ နည်းလမ်းကျသောအခါ
၌၊ ကြောင့်ကြဗိုက်မှုတို့မှ ကင်းရှင်းခြင်းသည်၊ ဥပေက္ခာ
သမ္ဗောဇ္ဈင်မည်၏၊ ၊ဤဗောဇ္ဈင်ခုနစ်ပါးတို့၏၊ ညီညွတ်
ခြင်းသို့ ရောက်သောအခါ၊ ဘာဝနာအားထုတ်သောပုဂ္ဂိုလ်
သည်၊ကာယဂတာသတိအတွက်နှင့်လည်း လိုလေသေးသည်
မရှိ။ အနိစ္စထင်မြင်မှု။ အနတ္တထင်မြင်မှုအတွက်နှင့်လည်းလို
လေသေးသည်မရှိ၊ ကာယိကဝီရိယ၊ စေတသိကဝီရိယတို့
အတွက်နှင့်လည်း စိတ်ပူပန်ရသည်ရှိစိတ်အေးရပြီ၊ ထိုသုံး
ဌာန၌ စိတ်အေးရသဖြင့်။ အိမ်မက်တွင်းမှ မမြင်ဘူးရသော
နိဗ္ဗာန်အသင်းကြီးကို၊ ဘော်နှင့်ငါမြင်ရပေတော့မည်ဟု ဝမ်း

မြောက်ဝမ်းသာခြင်းသည်ဖြစ်၏၊ စိတ်ပူပန်ခြင်းခပ်သိမ်းတို့မှ အေးငြိမ်းခြင်းသည်ဖြစ်၏၊

### မဂ္ဂင်ရှစ်ပါး။

၃၄။ မဂ္ဂင်ရှစ်ပါး၌၊ မဂ်ဆိုသည်ကား၊ ကိလေသာတို့ကို ပယ်သတ်ကြောင်း နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော တရား ရကို မဂ်ဆိုသတည်း၊ အဓိပ္ပါယ်အကျဉ်းမှာ၊ နိဗ္ဗာန်သို့ရောက် ကြောင်းကျင့်စဉ်လမ်းတည်း၊ ။မဂ္ဂင်ရှစ်ပါးဟူသည်ကား၊

(၁) သမ္မာဒိဋ္ဌိ မဂ္ဂင်၊ (၅) သမ္မာအာဇီဝ မဂ္ဂင်၊
(၂) သမ္မာသင်္ကပ္ပ၊ (၆) သမ္မာဝါယာမ ၊
(၃) သမ္မာဝါစာ ၊ (၇) သမ္မာသတိ ၊
(၄) သမ္မာကမ္မန္တ၊ (၈) သမ္မာသမာဓိ ၊

ဤရှစ်ပါးတည်း၊ ။သမ္မာဒိဋ္ဌိမဂ္ဂင်ဟူသည်ကား၊ သစ္စာ လေးပါးတို့၌ သိတတ်သောဉာဏ်တည်း၊ ။သမ္မာသင်္ကပ္ပ မဂ္ဂင်ဟူသည်ကား၊ သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ကြောင်း အကြံအစည်၊ သတ္တဝါတပါးကို မပျက်စီးစေလိုသောဒေါ သမှကင်းသောအကြံအစည်၊ သတ္တဝါတပါး မပင်ပန်းစေလို သောအကြံအစည်တို့သည်၊ သမ္မာသင်္ကပ္ပမဂ္ဂင်မည်၏၊ သမ္မာဝါစာဟူသည်ကား၊ မဟုတ်မမှန်သောစကားကိုဆိုခြင်း ဟူသော၊ မုသာဝါဒမှရှောင်ကြဉ်ခြင်း၊ ချောပစ်ကုန်းတိုက် သောစကားဟူသော ပိသုဏာဝါစာမှရှောင်ကြဉ်ခြင်း၊ ကြမ်း ကြုတ်ဆဲရေးသော စကားဟူသောဖရုသဝါစာမှ ရှောင်ကြဉ် ခြင်း။ အကျိုးမရှိပြိန်းဖျင်းသောစကားဟူသော သမ္ဖပ္ပလာပမှ ရှောင်ကြဉ်ခြင်းတို့သည်၊ သမ္မာဝါစာမဂ္ဂင်မည်၏။ ။သမ္မာ ကမ္မန္တဟူသည်ကား၊ သူ၏အသက်ကို သတ်ခြင်းဟူသော

ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း၊ သူ၏ဥစ္စာကို ခိုးယူခြင်းဟူသော အဒိန္နာဒါနမှ ရှောင်ကြဉ်ခြင်း၊ သူတပါး၏သားမယားကိုပေါင်းဖော်၍ ကာမစပ်ရှက်ခြင်းဟူသော ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်းတို့သည် သမ္မာကမ္မန္တမဂ္ဂင်မည်၏။ ။သမ္မာအာဇီဝဟူသည်ကား အကုသိုလ်မကင်းသော ယုတ်ညံ့သော အသက်မွေးခြင်းကိုပယ်၍ အပြစ်ကင်းသော ကောင်းမြတ်သော အသက်မွေးခြင်းဖြင့် အသက်ကိုမွေးခြင်းသည် သမ္မာအာဇီဝမည်၏။ ။သမ္မာဝါယာမ ဟူသည်ကား မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စိမ့်သောငှါအထူးလုံ့လပြုခြင်း၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ အထူးလုံ့လပြုခြင်း၊ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စိမ့်သောငှါ အထူးလုံ့လပြုခြင်း၊ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို အစဉ်မပြတ် တည်စေခြင်းငှါ၎င်း၊ လွန်စွာအဆင့်ပွားစေခြင်းငှါ၎င်း၊ ပြည့်စုံစေခြင်းငှါ၎င်း၊ အထူးလုံ့လထုတ်ခြင်း၊ ဝီရိယကိုဖြစ်စေခြင်း စိတ်ကိုဦးမြှောက်ခြင်း၊ သမ္မပ္ပဓာန်အခန်းတွင်ပြဆိုခဲ့သော အင်္ဂါလေးပါးနှင့် ပြည့်စုံသောလုံ့လဖြင့် အစွမ်းကုန်အားထုတ်ခြင်းသည် သမ္မာဝါယာမမည်၏။ ။သမ္မာသတိဟူသည်ကား ကိလေသာကို လွန်စွာ ပူပန်သွေ့ခြောက်စေတတ်သော သမ္မပ္ပဓာန်လုံ့လရှိသည်ဖြစ်၍ ကောင်းစွာအပြားအားဖြင့် သိတတ်သောပညာ အဆင်အခြင်နှင့်၎င်း၊ သတိနှင့်၎င်း ပြည့်စုံသည်ဖြစ်၍ လောက၌ လောဘဒေါသကိုဖျောက်၍ ရူပကာယခန္ဓာကိုယ်၌ ရူပကာယကိုအဘန်တလဲလဲရှု၍နေခြင်းသည် ဝေဒနာတို့၌ ဝေဒနာကို

အဖန်တလဲလဲရှု၍နေခြင်းသည် စိတ်၌စိတ်ကို အဖန်တလဲလဲ ရှု၍နေခြင်း၊ နိဝရဏာစသောတရားတို့၌ နိဝရဏာစသောတရား ကိုအဖန်တလဲလဲရှု၍နေခြင်းတို့သည် သမ္မာသတိမည်၏။ ။ သမ္မာသမာဓိဟူသည်ကား ပဌမဈာန်ကိုပြည့်စုံစေ၍နေခြင်း ဒုတိယဈာန်ကို ပြည့်စုံစေ၍နေခြင်း၊ တတိယဈာန်ကိုပြည့်စုံ စေ၍နေခြင်း၊ စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေခြင်းတို့သည် သမ္မာသမာဓိမည်၏။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဤမဂ္ဂင်သုံးပါး သည် သီလက္ခန္ဓာမည်၏၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ၊ ဤမဂ္ဂင်သုံးပါးသည် သမာဓိက္ခန္ဓာမည်၏၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ ဤမဂ္ဂင်နှစ်ပါးသည် ပညာက္ခန္ဓာမည်၏၊ ခန္ဓာ ဆိုသည်ကား အတို့အစုတည်း၊ သီလအတို့အစု၊ သမာဓိ အတို့အစု ပညာအတို့အစု ဆိုလိုသည်။ ။သီလဆိုသည်မှာ ဗောဓိပက္ခိယအရာ၌ ပစ္စည်းနှင့်ပြည့်စုံခြင်း၊ ဘောဂသမ္ပတ္တိ ကောင်းမြတ်သောဘဝနှင့်ပြည့်စုံခြင်း၊ ဘဝသမ္ပတ္တိကိုရခြင်း၊ ရှိသောသီလမျိုးကိုယူအပ်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ၊ ဤမဂ္ဂင်သုံးပါးကား၊ သီလမျိုးသက်သက်ဖြစ်၍၊ သီ လဝိသုဒ္ဓိစင်စစ်တည်း၊ ။ထိုအာဇီဝဋ္ဌမကသီလသည် လူ တို့၏ အာဇီဝဋ္ဌမကသီလ၊ ရဟန်းတို့၏ အာဇီဝဋ္ဌမကသီလ ဟူ၍နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် ကာယဒုစရိုက်သုံးပါး၊ ဝစီ ဒုစရိုက်လေးပါးတို့၏ လုံခြုံခြင်းသည် လူတို့၏အာဇီဝဋ္ဌမက သီလမည်၏၊ အထက်ကပြဆိုအပ်ခဲ့ပြီးသည်အတိုင်း ရှစ်ပါး သီလ ဆယ်ပါးသီလများသည် ထိုအာဇီဝဋ္ဌမကသီလ၌ အ ကျုံးဝင်သီလပေတည်း၊ ရဟန်းတို့၏ ၂၂၇ပါးသောသိက္ခာ

ပုဗ္ဗအပေါင်းကို့၏လုံခြုံခြင်းသည် ရဟန်းတို့၏ အာဇီဝဋ္ဌမက မည်သတည်း၊

သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော သမ္မာ မဂ္ဂဒ္ဓမဂ္ဂင်သုံးပါး၌ သုဒ္ဓဝိပဿနာ ယာနိကလမ်း၊ သမထ ဝိပဿနာယာနိကလမ်းဟူ၍နှစ်လမ်းရှိ၏၊ ကာယဂတာသတိ တည်ထောင်ပြီးနောက် သမထလမ်းသို့ မလိုက်မူ၍ ဒိဋ္ဌိ ဝိသုဒ္ဓိအစရှိသော ဝိပဿနာလမ်းသက်သက်ကို အားထုတ် ခြင်းသည် သုဒ္ဓဝိပဿနာယာနိကလမ်းမည်၏၊ ကာယဂတာ သတိတည်ထောင်ပြီးလျှင် ဈာန်သမာပတ်ဟု ဆိုအပ်သော သမထလမ်းသို့တက်၍ ပဌမဈာန်အစရှိသော ဈာန်သမာ ပတ်တပါးပါးမှ ဝိပဿနာလမ်းသို့တက်၍ အားထုတ်ခြင်း သည် သမထဝိပဿနာယာနိကလမ်းမည်၏၊

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဤသီလကွန့် မဂ္ဂင်သုံးပါးသည် ကာယဒုစရိုက်သုံးပါး ဝစီဒုစရိုက်လေး ပါးတို့ကို ပယ်ဖျက်ရန်တရားပေတည်း၊ သမ္မာဝါယာမ၊ သမ္မာ သတိ၊သမ္မာသမာဓိ၊ ဤသမာဓိကွန့်မဂ္ဂင်သုံးပါးသည်မနော ဒုစရိုက်သုံးပါးကို ပယ်ဖျက်ရန်တရားပေတည်း၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဟူသော ပညာကွန့်နှစ်ပါးသည် ကံသုံးပါး၏ အမြစ်မူလ မျိုးစေ့အနေနှင့် သတ္တဝါတို့၏ ကိုယ်ခန္ဓာတခုလုံး၌ ကိန်းဝပ်တည်ထောင်၍ သံသရာ၌ အစဉ်အမြဲလိုက်ပါ၍နေသော အသက်၌ဆိုအပ်ခဲ့ပြီးသော သက္ကာယဒိဋ္ဌိ၏ အနုသယဘုံအသိုက်အအုံကြီးကိုပယ်ဖျက်ရန်တရားပေတည်း၊

ဤဗောဓိပက္ခိယတရား(၃၇)ပါးတို့သည် သာသနာတော်၌ အနုဓမ္မအတိုးလိုက်သော အမြိုက်ရတနာတို့မည်ကုန်၏၊

သစ္စာလေးပါး။

၃၅၊ အထက်၌ အမြွက်မျှသာ ဆိုအပ်ခဲ့ပြီးသော သစ္စာလေးပါးဟူသည်ကား၊

(၁) ဒုက္ခသစ္စာ၊ (၃) နိရောဓသစ္စာ၊

(၂) သမုဒယသစ္စာ၊ (၄) မဂ္ဂသစ္စာ၊

ဤလေးပါးတည်း၊ ၊သစ္စာဆိုသည်ကား မဖောက်မပြန်မှန်သောတရားတည်း၊ ၊မြတ်စွာဘုရား၏ဒေသနာတော်ဟူသမျှသည် ထိုသစ္စာလေးပါးမှ လွတ်သောမည်သည်မရှိ၊ သစ္စာလေးပါးသို့သာ ကိုင်းရှိုင်းကြကုန်၏၊ထို့ကြောင့် သစ္စာလေးပါးတရားသည် အထွဋ်အမြတ် အချုပ်အချာ ဖြစ်သည်တည်း၊ ၊ထိုသစ္စာလေးပါးတို့တွင်ဒုက္ခသစ္စာဟူသည်ကား ပဋိသန္ဓေ နေရခြင်းသည်လည်းဆင်းရဲ၏၊ အိုမင်းရင့်ရော်ရခြင်းသည်လည်း ဆင်းရဲ၏၊ နာဖျားမကျန်း ရှိရခြင်းသည်လည်း ဆင်းရဲ၏၊ သေရခြင်းသည်လည်းဆင်းရဲ၏၊ မချစ်မနှစ်လိုအပ်သောသတ္တဝါသင်္ခါရတို့နှင့် အတူတကွ ပေါင်းယှဉ်ရခြင်းသည်လည်း ဆင်းရဲ၏၊ ချစ်နှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းကင်းကွာ မပေါင်းယှဉ် ရခြင်းသည်လည်း ဆင်းရဲ၏၊ ဆိုအပ်ခဲ့ပြီးသော ပဋိသန္ဓေနေခြင်းစသော သဘောတရားတို့သည် ငါ့အားဖြစ်ပါမူ ကောင်းလေစွ စသည်ဖြင့် တောင့်တခြင်းကိုမရအင်၊ ထိုတောင့်တတိုင်း မရခြင်းသည်လည်း ဆင်းရဲကုန်၏၊ အကျဉ်းအားဖြင့် ခန္ဓာငါးပါးတို့သည်လည်း ဆင်းရဲကုန်၏၊ ဤပဋိသန္ဓေနေခြင်းအစရှိသောတရားသည်ဒုက္ခသစ္စာမည်၏၊ ၊သမုဒယသစ္စာဟူသည်ကား လောဘဟူသော တဏှာသည် တဘန်ဘဝ

သစ်ကို ဖြစ်စေတတ်သောအလွှေရှိ၏၊ နှစ်သက်ခြင်း တပ်ခြင်း ဖြစ်၏၊ ထိုထိုကိုယ်၏အဖြစ်ထိုထိုအာရုံ၌ အလွန်နှစ်သက်တတ်၏၊ ဤတဏှာပဟူသော သဘောတရားသည်ဒုက္ခ၏အကြောင်း ဖြစ်သော သမုဒယသစ္စာမည်၏၊ ၊ထိုလောဘ ပဟူသော တဏှာ၏၊ အကြွင်းမဲ့ တပ်ခြင်းကင်းရာချုပ်ရာ၊ စွန့်ရာ၊ လွတ်ရာဖြစ်သော နိဗ္ဗာန်သည်ရှိ၏၊ နိဗ္ဗာန်ပဟူသော သဘောတရားသည်၊ နိရောဓသစ္စာ မည်၏၊ ၊ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အထက်၌ပြဆိုအပ်ခဲ့ပြီးသော မဂ္ဂင် ရှစ်ပါးတို့သည် မဂ္ဂသစ္စာမည်၏၊

ဝိသုဒ္ဓိခုနစ်ပါး။

၃၆၊ ဝိသုဒ္ဓိခုနစ်ပါးပဟူသည်ကား၊

(၁) သီလဝိသုဒ္ဓိ၊
(၂) စိတ္တဝိသုဒ္ဓိ၊
(၃) ဒိဋ္ဌိဝိသုဒ္ဓိ၊
(၄) ကင်္ခါဝိတရဏဝိသုဒ္ဓိ၊
(၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊
(၆) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊
(၇) လောကုတ္တရာဉာဏဒဿနဝိသုဒ္ဓိ၊

ဤခုနစ်ပါးတည်း၊ ၊ထိုဝိသုဒ္ဓိခုနစ်ပါးကို ပွါးများအား ထုတ်မှုသည်၊ဗောဓိပက္ခိယတရားတို့ကို ပွါးများသည်မည်၏၊ (သုဒ္ဓိဆိုသည်မှာ၊ စင်ကြယ်ခြင်း အနက်တည်း၊) သီလက္ခန္ဓ မဂ္ဂင်သုံးပါးသည်၊ သီလဝိသုဒ္ဓိမည်၏၊ ၊ဥပစာရသမာဓိ၊ အပ္ပနာသမာဓိနှစ်ပါးသည်၊စိတ္တဝိသုဒ္ဓိမည်၏၊သမထလမ်းကို

အားထုတ်သော၊ သမထယာနိကပုဂ္ဂိုလ်၌သာလိုအပ်၏။ ။မြေဓါတ်၊ ရေဓါတ်၊ မီးဓါတ်၊ လေဓါတ်၊ အာကာသဓါတ်၊ ဝိညာဏဓါတ်ဟူ၍ ကိုယ်ခန္ဓာ၌ ဤဓါတ်ခြောက်ပါးကို၊ ခွဲခြမ်းမှု ပိုင်နိုင်လျှင်ပင်။ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၏။ ။မြေ၊ ရေ၊ မီး၊ လေ၊ ဤဓါတ်ကြီးလေးပါးနှင့် အာကာသဓါတ်တို့၏ ဖြစ်ပေါ်ရန် အကြောင်းကား၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ ဤလေးပါးတည်း၊ စက္ခုဝိညာဏ်စသော ဝိညာဏ်ခြောက်ပါး၏ ဖြစ်ပေါ်ရန် အကြောင်းကား၊ အသီးသီးသော အတွင်း အာယတန ခြောက်ပါးနှင့် အပ အာယတနဝတ္ထုရုပ် ခြောက်ပါးတည်း၊ ဤအကြောင်းရကို ပိုင်နိုင်လျှင်ပင်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်၏။ ။မဂ်ဟူသည် မဟုတ်သည်ကို ပိုင်းခြား၍ သိသဖြင့် မဂ်မဟုတ်သည်၌၊ မဂ်ဟူ သော အမှတ်သညာကို သုတ်သင်ခြင်းသည်၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်၏။ ။ပြဆိုခဲ့ပြီးသော၊ စက္ခုဝိညာဏ်ဓါတ်စသော ဓါတ်ခြောက်ပါးတို့၌၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာရေးသုံးပါးတို့ကို ကောင်းစွာ ထင်မြင်လျှင်၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်၏။ လောကုတ္တရာ မဂ်ဉာဏ်လေးပါးသည်၊ လောကုတ္တရာ ဉာဏဒဿနဝိသုဒ္ဓိ မည်သတည်း။

### ဘာဝနာလေးဆယ်။

၃၇။ ဘာဝနာလေးဆယ် ဟူသည်ကား၊ ခန္ဓါငါးပါးတို့သည်၊

(၁) အနိစ္စာ၊ မမြဲသောအနိစ္စတရားတို့သာတည်း၊

(၂) ဒုက္ခာ၊ ဆင်းရဲအတိဖြစ်သော ဒုက္ခတရားတို့သာတည်း၊

(၃) ရောဂါ၊အနာရောဂါတို့သာတည်း၊
(၄) ဂဏ္ဍာ၊အိုင်းအနာတို့သာတည်း၊
(၅) သလ္လာ၊ငြောင့်တို့သာတည်း၊
(၆) အဃာ၊အကျိုးမဲ့တို့သာတည်း၊
(၇) အာဗါဓါ၊ အနာတို့သာတည်း၊
(၈) ပရော၊သူစိမ်းပြင်ပတို့သာတည်း၊
(၉) ပလောကာ၊ ဖရိုဖရဲ ပြိုကွဲ၊ ပျက်ပြားမျိုးတို့ သာတည်း၊
(၁၀) ဤတိ၊ ဘေးရန်တို့သာတည်း၊
(၁၁) ဥပဒ္ဒဝါ၊ အပြင်းအထန်နှိပ်စက်တတ်သောဥပဒ္ဒဝါတို့သာတည်း၊
(၁၂) ဘယာ၊ ကြောက်လန့်ဘွယ်သောဘေးတို့သာတည်း၊
(၁၃) ဥပသဂ္ဂါ၊ ကပ်ငြိတတ်သော အန္တရာယ် တို့ သာတည်း၊
(၁၄) စလာ၊လှုပ်ရှားတတ်သောတရားတို့သာတည်း၊
(၁၅) ပဘင်္ဂူ၊ပျက်စီးခြင်းအလေ့ရှိသော တရားတို့ သာတည်း၊
(၁၆) အဒ္ဓုဝါ၊မခိုင်မမြဲသောတရားတို့သာတည်း၊
(၁၇) အတာဏာ၊ ခိုကိုးရာမဟုတ်သော တရားတို့သာ တည်း၊
(၁၈) အလေဏာ၊ပုန်းအောင်းရာမဟုတ်သောတရားတို့ သာတည်း၊
(၁၉) အသရဏာ၊ကိုးကွယ်ရာမဟုတ်သောတရားတို့

သာတည်း။

(၂၀) ရိတ္တာ၊ အနှစ်သာရမှ ဆိတ်သော တရားတို့ သာတည်း။

(၂၁) တုစ္ဆာ၊ အချည်းနှီးတို့သာတည်း။

(၂၂) သုညာ၊ သုညဟုခေါ်အပ်သော၊ အစွဲအကာတို့ သာတည်း။

(၂၃) အနတ္တာ၊ ငါငါဟုအမှတ်မပြုသိုက်၊ အဘွင်းမပြု ထိုက်သောတရားတို့သာတည်း။

(၂၄) အာဒီနဝါ၊ ကိုးကွယ်ရာမရှိသောတရားတို့သာ တည်း။

(၂၅) ဝိပရိဏာမဓမ္မာ၊ ဖောက်ပြန်တတ်သောတရား တို့သာတည်း။

(၂၆) အသါရကာ၊ အနှစ်မရှိသောတရားတို့သာတည်း။

(၂၇) အဃမူလာ၊ မကောင်းမှုဖြစ်ပွါးရန် အကြောင်း ရင်းတို့သာတည်း။

(၂၈) ဝဓကာ၊ သူသတ်ယောက်ျား အဘာသားတို့ သာတည်း။

(၂၉) ဝိဘဝါ၊ ပျက်ပြုန်းဆုံးပါးတတ်သောတရားတို့ သာတည်း။

(၃၀) အာသဝါ၊ အာသဝ * တရား လေးပါးနှင့် တကွဖြစ်သောတရားတို့သာတည်း။

(၃၁) သင်္ခတာ၊ ပြုဖွဲ့မှဖြစ်နိုင်တည်နိုင်သော တရားတို့ သာတည်း။

---

* နောက်ဆက်တွဲ အစဉ်နံပါတ် (၃) မှာကြည့်။

(၃၂) မာရာဓိသာ၊ သူသတ်ယောက်ျားမာရ်ငါးပါး * တို့၏ ဥက္ကာတို့သာတည်း။

(၃၃) ဓာတိဓမ္မာ၊ ဓာချင်းမှာ၊ အကောင်းအဆိုး ဖြစ်တတ်သောသဘောရှိသောတရားတို့သာတည်း။

(၃၄) ဇရာဓမ္မာ၊ ဟောင်းနွမ်းရင့်ဆွေးခြင်း သဘောရှိသော တရားတို့သာတည်း။

(၃၅) ဗျာဓိဓမ္မာ၊ ဖျားနာခြင်းသဘောရှိသော တရားတို့သာတည်း။

(၃၆) မရဏဓမ္မာ၊ သေဆုံးခြင်းသဘောရှိသော တရားတို့သာတည်း။

(၃၇) သောကဓမ္မာ။ စိုးရိမ် ပူဆွေးမှုကို၊ ဖြစ်စေခြင်း သဘောရှိသော တရားတို့သာတည်း။

(၃၈) ပရိဒေဝဓမ္မာ၊ ငိုကြွေးခြင်းကို ဖြစ်စေခြင်း သဘောရှိသော တရားတို့သာတည်း။

(၃၉) ဥပါယာသဓမ္မာ၊ သက်ကြီးရှိုက်တငင် ပင်ပန်းခြင်းကို ဖြစ်စေခြင်း သဘောရှိသော တရားတို့သာတည်း။

(၄၀) သံကိလေသိကဓမ္မာ၊ ညစ်နွမ်းသော အကုသိုလ် တရားတို့ကို ဖြစ်ပွါးစေခြင်း သဘောရှိသော တရားတို့သာတည်း။

---

နောက်ဆက်တွဲအစဉ်နံပါတ် (၂၆) မှာကြည့်။

## ခန္ဓာငါးပါး။

### ၃၀။ ခန္ဓာငါးပါးပြသည်ကား။

(၁) ရူပက္ခန္ဓာ၊ (၂) ဝေဒနက္ခန္ဓာ၊ (၃) သညက္ခန္ဓာ၊ (၄) သင်္ခါရက္ခန္ဓာ၊ (၅) ဝိညာဏက္ခန္ဓာ၊ ဤငါးပါးဘည်း။

အဝိဗ်ငရဲမှစ၍၊ အကနိဋ္ဌဗြဟ္မာ့ဘုံတိုင်အောင်၊ ကြီးကြီးငယ်ငယ် ကိုယ်ထည်သဏ္ဌာန် ဖြစ်၍နေကုန်သော၊ မြေ၊ ရေ၊ လေ၊ မီး၊ ဤဓါတ်ကြီးလေးပါးနှင့်တကွ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ကာယ၊ အသံ၊ အနံ့၊ အရသာ အစရှိသော ရုပ်ငယ်တို့ကို၊ ရူပက္ခန္ဓာဆိုသည်။ ။

အကောင်းအဆိုး အမျိုးမျိုးသော စံစားမှု ခံစားမှုတို့ကို၊ ဝေဒနက္ခန္ဓာဆိုသည်။ ။မွေးဘွားစ အခါကစ၍၊ အမိအဘ အစရှိသဖြင့်၊အမှတ်သညာထားမှုကို၊ သညက္ခန္ဓာဆိုသည်။ ။ သင်္ခါရက္ခန္ဓာဆိုသည်ကား။ ။ကြံစည်မှု၊ ပြောဆိုမှု၊ လုပ်ဆောင်မှု အလုံးစုံကို့ဘည်း။ ။စိတ်ကို ဝိညာဏက္ခန္ဓာဆို၏။ ဤသို့ အကျဉ်းအားဖြင့် မှတ်ရာ၏။ ။ငါ၏ကိုယ်၊ ငါ၏အင်္ဂါ ဟူ၍ရင်း၊ အပူအချမ်း၊ အကြမ်းအနုစသည်ကို တွေ့ထိ၍ သိသောအခါ၊ ငါသိသည် ဟူ၍ရင်း၊ ဤသို့အစရှိသည်တို့သည်၊ ရူပက္ခန္ဓာ၌ သာယာစွဲလမ်းမှုတည်း။ ။မျက်စိအာရုံကိုခံစားမှု၌၊ ငါကောင်းသည်၊ ငါဝမ်းမြောက်သည် အစရှိသည်တို့သည်၊ ဝေဒနက္ခန္ဓာ၌ သာယာစွဲသမ်းမှုဘည်း။ ။ဘယ်သင်း ဘယ်ဟာကိုငါသိ၏၊ ငါမှတ်မိ၏၊ ငါမမေ့ဟု သာသာစွဲလမ်းမှုသည်၊ သညက္ခန္ဓာ၌ သာယာစွဲသမ်းမှုတည်း၊ ငါအားထုတ်သည်၊ ငါကြောင့်ကြံ့ကြိုက်သည်၊ ငါပြောလို၊ မြင်လို၊ ကြားလိုသည်၊ ငါလှုသည်၊ ငါသီလဆောက်တည်သည်၊ ငါဘတ်

သည်၊ ငါ့လိမ္မာသည် အစရှိသည်တို့သည်၊ သင်္ခါရက္ခန္ဓာ၌ သာယာမှုတည်း။ ။ငါကြီးသည်၊ ငါသိသည်၊ ငါ၏စိတ်အစ ရှိသဖြင့်စွဲလမ်းမှုသည်၊ဝိညာဏက္ခန္ဓာ၌စွဲလမ်းမှုတည်း။

ဘာဝနာ ၄၀ တို့ကိုအနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာသုံးပါးတို့ဖြင့် ခွဲခြားပြခြင်း။

၃၉။ အထက်၌ပြဆိုခဲ့ပြီးသော ဝိပဿနာဘာဝနာ လေးဆယ်တို့တွင်၊ နံပါတ်- ၁- ၉- ၁၄- ၁၅- ၁၆- ၂၅- ၂၆ ၂၉-၃၁-၃၆-ဘို့သည်၊ အနိစ္စလက္ခဏာ ဆယ်ပါးမည် ကုန်၏၊ နံပါတ်-၈-၂၀-၂၁-၂၂-၂၃-တို့သည်၊ အနတ္တ လက္ခဏာငါးပါးမည်ကုန်၏၊ ကြွင်းသောလက္ခဏာသို့သည်၊ ဒုက္ခလက္ခဏာနှစ်ဆယ့်ငါးပါးမည်ကုန်၏။

ဝိပဿနာဉာဏ်ဆယ်ပါး။

၄၀။ ဝိပဿနာဉာဏ်သည်၊ ဆယ်ပါးအပြားရှိ၏၊ ဆယ်ပါးဟူသည်ကား။

(၁) သမ္မသနဉာဏ်၊ (၆) နိဗ္ဗိဒါဉာဏ်၊
(၂) ဥဒယဗ္ဗယဉာဏ်၊ (၇) မုဉ္စိတုကမျတာဉာဏ်၊
(၃) ဘင်္ဂဉာဏ်၊ (၈) ပဋိသင်္ခါဉာဏ်၊
(၄) ဘယဉာဏ်၊ (၉) သင်္ခါရုပေက္ခာဉာဏ်၊
(၅) အာဒီနဝဉာဏ်၊ (၁၀) အနုလောမဉာဏ်၊

ဤဆယ်ပါးတည်း။ ။ထိုဝိပဿနာဉာဏ်ဆယ်ပါး သန္တာန်၌ ဖြစ်ခြင်းသို့ရောက်အောင် ဘာဝနာပွါးဟန်ကို အကျဉ်းအားဖြင့် ပြပေအံ့။ ။ရုပ်နာမ်တရားတို့ဖြစ်ခြင်း၏အကြောင်း၊ဖြစ်ခြင်း၊ ပျက်ခြင်းတို့ကိုအာရုံပြု၍၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေး သုံးပါးတို့ကို နှလုံးသွင်းအပ်၏၊ ဤသို့နှလုံးသွင်းဟန်မှာ-သော်

သမ္မသနဉာဏ်သည်ဖြစ်၏။ ။ထို့နောက်ယခုဖြစ်ဆဲဖြစ်ကုန်သော ရုပ်နာမ်တို့သည်၊ ယခုဘဝတွင် ရှေ့ဦးအစဖြစ်ခြင်းသည်ဥဒယတည်း၊ထိုရုပ်နာမ်တို့၏ခဏချင်းခဏချင်းပျက်ခြင်းဘောက်ပြန်ခြင်းသည်၊ ဝယတည်း၊ ဤသို့ရုပ်နာမ်တရားတို့၏ယခုဖြစ်၍ဖြစ်၍ယခုပျက်၍ပျက်၍ငြိမ်းကြခြင်းသည်၊ဥဒယဗ္ဗယတည်း၊ ဤသို့အဘန်တလဲလဲ ဥဒယဗ္ဗယကိုရှုအပ်သည်ရှိသော်ဥဒယဗ္ဗယဉာဏ်သည်ဖြစ်၏။ထို့နောင်မှရုပ်နာမ်တရားတို့သည်ရှေးဘဝ၌အဝိဇ္ဇာတဏှာကံတို့ကြောင့်၎င်း၊ဤဘဝ၌စားသောက်အပ်သောအာဟာရတို့ကြောင့်၎င်း ဖြစ်ရကုန်၏၊ အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာတဏှာချုပ်ငြိမ်းခြင်းသို့ ရောက်မှသာလျှင် ဤရုပ်နာမ်တို့သည်၊ငြိမ်းခြင်းကုန်ခြင်းသို့ရောက်ရာ၏ဟူ၍ ထင်လာ၏၊ ဤသို့ထင်လာရသောဥဒယဗ္ဗယ အာရုံသည်၊ သမုဒယအရာ၌ ဥဂ္ဂဟနိမိတ် ထင်သည်နှင့်တူ၏၊ ထို့နောင်၊ သစ္စာလေးပါးကိုရမ်းဆသောအားဖြင့်မြင်၏၊ ထိုသစ္စာလေးပါးကိုရမ်းဆသောအားဖြင့် မြင်ခြင်းနှင့်တကွ၊ ဖြစ်ခြင်းပျက်ခြင်းဥဒယဗ္ဗယကိုမြင်၏၊ ထိုသို့မြင်အပ်သော ဥဒယဗ္ဗယအာရုံသည် ကသိဏ်းအရာ၌ ပဋိဘာဂနိမိတ်ကို ထင်လာသည်နှင့်တူ၏၊ ဥဒယဗ္ဗယဉာဏ်ထင်သည်ရှိသော်၊ထိုဝိပဿနာပွားသောပုဂ္ဂိုလ်၏ကိုယ်မှ အရောင်အလင်းသည်ထွက်၏၊ ထိုအရောင်အလင်းသည်၊ နေရာတိုက်ခန်းအတွင်း၌၎င်း၊တယူဇနာ၊နှစ်ယူဇနာအစရှိသော အရပ်တိုင်အောင်၎င်း နှံ့၍ဖြစ်သေ၏၊ ထိုအရောင်အလင်းကို လက္ခဏာရေးသုံးပါး၌တင်၍ရှုအပ်၏၊ နာမ်ရုပ်တို့၏ဖြစ်ခြင်း ပျက်ခြင်းတို့ ရှုဘန်များသောအခါ၊ ဥဒယဗ္ဗယဉာဏ်သည်၊ အလွန်သန့်ရှင်းသောအဖြစ်သို့

ရောက်လေ၏။ ။ထိုနောင် ခန္ဓာငါးပါးတို့သည်ဖြစ်၍၊ ခဏချင်း ပျက်စီးကုန်၏၊ ခဏချင်းပျက်စီးကုန်၏၊ ထိုသို့ခဏချင်းခဏချင်း ပျက်စီးလေရကား၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောပျက်စီးခြင်းကိုအာရုံပြု၍ရှုအပ်၏၊ ထိုနောက်မှ၊ စက္ခုပသာဒဟူသော စက္ခာယတနမှစ၍၊ အာယတနခြောက်ပါးတို့သည်လည်း၊ ခဏမျှသာတည်၍ ပျက်စီးလေရကား၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော၊ ပျက်စီးခြင်းကို အာရုံပြု၍ရှုအပ်၏၊ ဤသို့နာမ်ရုပ်တို့၏၊ တခဏအတွင်း၌ ပျက်၍ပျက်၍ ပျောက်ကုန် ငြိမ်းကုန်ခြင်းကို အာရုံပြု၍ အဘန်တလဲလဲ ရှုဘန်များသောအခါ၊ ဘင်္ဂဉာဏ်သည် ထင်လာလေ၏။ ။ထိုသို့ ခန္ဓာငါးပါးတို့၏ပျက်ခြင်းကိုအာရုံပြု၍ ရှုဘန်များသဖြင့်၊ ဘင်္ဂဉာဏ်သန့်သန့်ဖြစ်ပေါ်လာသော အခါ၊ တိုင်းပြည်အလုံး မီးဝိုင်း၍လာသောအခါ၊ အလန့်တကြား အိပ်ရာမှ အဆောတလျင် နိုးသောယောက်ျားသည်၊ ခိုမှီပုန်းအောင်းရာ အရပ်ကို ရှာကြံ၍မရ၊ အလွန်ကြောက်မက်ဘွယ်သော ထင်သကဲ့သို့၊ သုံးဆယ့်တဘုံ၌၊ အဘယ် တပုံတရာ ခိုကိုးရာမရ ကြောက်မက်ဘွယ်သောတည်းဟု၊ လွန်စွာထွေ့ရှုထင်၏၊ ထိုအခါဘယဉာဏ် အလွန်သန့်ရှင်းခြင်းသို့ရောက်၏၊ ဤသို့ဘယဉာဏ်သန့်သန့်ဖြစ်သည်ရှိသော်၊ အာဒီနဝဉာဏ်လည်း ဖြစ်သည်သာလျှင်တည်း၊ သတ္တဝါတို့သည်၊ ပဋိသန္ဓေဖြစ်ပြီး၍ ပျက်စီးရသည်မှ တပါး၊ ချမ်းသာဟူသည်မရှိ၊ ထိုသို့ဖြစ်ပြီး၍ ပျက်စီးခြင်း ဟူသည်လည်း၊ အလွန် ကြောက်မက်ဘွယ် ရှိသည်သာလျှင်တည်း၊ အလွန်များစွာသောအပြစ်ရှိသည်သာလျှင်တည်းဟု၊ အ...

ဉာဏ်ဖြစ်၏။ ။အာဒီနဝဉာဏ် သန်သန်ဖြစ်သည်ရှိသော်၊ နိဗ္ဗိန္ဒဉာဏ်သည်း ဖြစ်သည်သာလျှင်ကတည်း။ ။ဘင်္ဂဉာဏ် ဘယဉာဏ် နိဗ္ဗိန္ဒဉာဏ် ဤဉာဏ်သုံးပါးသည် သဘောအား ဖြင့် မထူး၊ နှလုံးသွင်းအချင်းအရာ အနည်းငယ်မျှသာလျှင်ထူး ၏၊ ရုပ်နာမ်တို့၏ ပျက်စီးခြင်းကိုဖြစ်၍ ဘယဉာဏ် ဖြစ်ပေါ် လာသဖြင့်၊ ကြောက်လန့်ဘွယ်သော အချင်းအရာ အားဖြင့် ထင်သောခဏ၌၊ ဘယဉာဏ်၊ ထိုသို့ကြောက်လန့်ဘွယ်ထင် သည်ကို အကြောင်းပြု၍ အပြစ်ရှိသောအားဖြင့် ထင်လာသော ခဏ၌ အာဒီနဝဉာဏ်၊ ငြီးငွေ့ဘွယ်အားဖြင့်၊ ထင်လာသော ခဏ၌ နိဗ္ဗိန္ဒဉာဏ်သည်ဖြစ်၏၊ ဤသို့သျှင် အခိုက်အတန့်အား ဖြင့်သာ ထူးသည်ဟူသိသည်။ ။နိဗ္ဗိန္ဒဉာဏ် ဖြစ်ပေါ်ပြီး နောက်၊ မုဉ္စိတုကမျတာဉာဏ်ဖြစ်စေခြင်းငှါ၊ ဘာဝနာပွါးပုံ အထူးအခြားမရှိ၊ ရှေးဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း၊ ရုပ် နာမ်တရားတို့၏ ခဏအတွင်း၌၊ ပျက်၍ပျက်၍ ပျောက်ကုန် ငြိမ်းကုန်သော မရဏမိးအရတို့ကို အာရုံပြု၍၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုဘန်များသောအခါ၊ လူ့အဖြစ်၊ နတ်အဖြစ်၊ ဗြဟ္မာ့ အဖြစ်တို့၌ အလွန်ငြီးငွေ့ခြင်း နိဗ္ဗိန္ဒဉာဏ် သန်သန်ဖြစ်သည် ရှိသော်၊ ထိုခဏ၌သံသရာဝဋ်ဆင်းရဲမှလွတ်သိုသော၊ မုဉ္စိတု ကမျတာဉာဏ်သည်ဖြစ်၏။ ။ထို့နောက်၊ နာမ်ရုပ်တို့၏ဖြစ် ခြင်းဟူသော၊ ဉပါဒ်၊ ခဏတည်ခြင်းဟူသော၊ ဌီ၊ ခဏခြင်း ပျက်ခြင်းဟူသော၊ ဘင်၊ ဤဉပါဒ်၊ ဌီ၊ ဘင် တရားတို့ကိုထပ်၍၊ အကြိမ်ကြိမ် အဘန်ဘန် ရှုသည်ရှိသော်၊ ပဋိသင်္ခါဉာဏ် သည်ဖြစ်၏။ ။မုဉ္စိတု ကမျတာဉာဏ်။ ပဋိသင်္ခါ ဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ ဤဉာဏ်သုံးပါးတို့သည်၊ အချင်း အ

ရာ၊ အနုအရင့်မှသာကွဲလွဲကြ၏၊ သဘောမကွဲပြားတူကြ၏၊
ပဋိသန္ဓိ ဉာဏ်သန့်သန့်ဖြစ်သောအခါ၊ ရုပ်နာမ်တို့၌ တပ်
ခြင်း နှစ်သက်ခြင်းမရှိ၊ ဘေးပူ၍လည်းမထင်သဖြင့်၊ ရုပ်နာမ်
တို့၌လျစ်လျူရှု၍၊ လက္ခဏာရေးသုံးပါးဖြင့်သာရှုလျက်တည်
၏၊ ဤသို့ဘေးလည်းမထင်၊ တပ်လည်းမတပ်၊ အနိစ္စ၊ ဒုက္ခ၊
အနတ္တသာဟု ရှုဘန်များသောအခါ၊ သင်္ခါရုပေက္ခာဉာဏ်
သည်ဖြစ်၏၊ ။ ထိုနောင်သို့ရုပ်နာမ်တရားတို့၏ ပျက်စီး
ခြင်း ဘင်ကိုအာရုံပြု၍၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟုနှလုံးသွင်းခြင်း
ကိုပြုသဖြင့်၊ ရုပ်နာမ်တရားတို့၏လက္ခဏာတို့ကို၊ ဝါဖတ်သ
ကဲ့သို့၊ ထုချေ ထောင်းဖွတ်သည်ရှိသော်၊ သင်္ခါရုပေက္ခာ
ဉာဏ်ရင့်ခြင်းသို့ရောက်သဖြင့်၊ သစ္စာလေးပါးတို့ကိုဒံးလွှမ်း
တတ်ကုန်သော၊ အသပ်သပ်သောကိလေသာတို့ကို အရိယ
မဂ်ကိုပြုပြင်တတ်သောပရိကံ၊ မဂ်၏အနီး၌ဖြစ်သောဥပစာ၊
မဂ်၏၊ ရှေ့အဘို့၌ဖြစ်သော ပရိကံအစရှိသည်တို့အားရင်း၊
နောင်ဖြစ်လတံ့သော အပ္ပနာအားရင်းလျော်သောအနုလုံ၊ ဤ
ပရိကံ၊ ဥပစာ၊ အနုလုံဟူသောအနုလောမဉာဏ်သုံးပါးတို့
ဖြင့်သွား၍ ပျောက်ချက်စေသည်ကာလ၊ ရုပ်နာမ်တရားတို့၏
ချုပ်ရာနိဗ္ဗာန်ကို ရှေ့ဦးစွာအာရုံပြုသော ဂေါတြဘူဉာဏ်
သည်၊ အနုလောမဉာဏ်သုံးပါးနှင့် တစပ်တည်းဖြစ်၏၊ ။
ဂေါတြဘူဉာဏ်သည်၊ နိဗ္ဗာန်ကို တုန်တုန်လှုပ်လှုပ်သာ အ
နိုင်အာရုံပြုနိုင်၏၊ အနုလောမဉာဏ်သုံးပါးတို့သည်၊ ကိလေ
သာတို့ကို သန့်ရှင်းစေနိုင်၏၊ နိဗ္ဗာန်ကိုအာရုံမပြုနိုင်၊ ဂေါတြ
ဘူဉာဏ်သည် နိဗ္ဗာန်ကိုအာရုံပြုနိုင်၏၊ ကိလေသာတို့ကိုမ
သန့်ရှင်းနိုင်၊ မဂ်ဉာဏ်၏ ရှေ့အဘို့၌တည်၏၊ မဂ်ဉာဏ်

သည်နိဗ္ဗာန်ကိုအာရုံပြု၍၊ ကိလေသာတို့ကို ပျောက်ဖျက်နိုင်၏။ ။ဂေါတြဘူနောင်မဂ်ဖြစ်သော သောတာပတ္တိမဂ်သို့ဆိုက်ရောက်လေ၏။

မဂ်ပုဂ္ဂိုလ်လေးယောက် ဖိုလ်ပုဂ္ဂိုလ်လေးယောက်၊

၄၁။ သောတာပတ္တိ မဂ်စိတ်ဖြစ်ပေါ်လာသည်နှင့်တပြိုင်နက်၊ ကိလေသာဆယ်ပါးတို့တွင်၊ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ဤကိလေသာနှစ်ပါး အကြွင်းအကျန်မရှိကင်းပြတ်၏၊ ကာမသုဂတိခုနစ်ဘုံမှာလည်း၊ ခုနစ်ဘဝမှနောက်ဖြစ်လတံ့သော လောဘကြမ်း၊ ဒေါသကြမ်း၊ မောဟကြမ်း၊ အလုံးစုံသော အကုသိုလ်ကိလေသာ အကြမ်းတို့သည်ကင်းချုပ်ကြကုန်၏၊ ပဋိစ္စသမုပ္ပါဒ် စက်ရထားကြီး ကျိုးပျက်လေ၏၊ သောတာပတ္တိမဂ်ပုဂ္ဂိုလ်သည်၊ ဆိုအပ်ခဲ့ပြီးသောကိလေသာနှစ်ပါးမှကြွင်းသော၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဤရှစ်ပါးတို့ကို မပယ်သေး၊ ။သကဒါဂါမိမဂ်သို့အဆိုက်တွင်၊ ကာမသုဂတိ ခုနစ်ဘုံမှာ၊ နှစ်ဘဝမှ နောက်ဖြစ်လတံ့သော၊ အတန်ငယ် ထက်သန်သေးသော၊ လောဘကြမ်း၊ ဒေါသကြမ်း၊ မောဟကြမ်း၊ အလုံးစုံသော အကုသိုလ်ကိလေသာအကြမ်းတို့သည် ချုပ်ငြိမ်းကြလေ၏၊ ။အနာဂါမိမဂ်သို့ အဆိုက်တွင်၊ ကာမဇာတိမျိုးအကြွင်းအကျန်မရှိ ချုပ်ငြိမ်းလေ၏၊ ကာမဂုဏ်ကိုခံစားချင်သော၊ ကာမဘုံ၌ နောင်တဘန် ဖြစ်စေတတ်သော၊ ကာမရာဂ၊ ဒေါသတည်းဟူသော ကိလေသာနှစ်ပါး ကင်းပြတ်လေ၏၊ ။အရဟတ္တမဂ်သို့အဆိုက်တွင်၊ အလွန်အားနည်းသိမ်မွေ့စွာ ကြွင်းကျန်၍နေသော၊ ရူပဘုံ၊ အရူပဘုံ

တို့၌ဖြစ်စေတတ်သော ဘဝရာဂ၊ မောဟ၊ မာန၊ ထိန၊ ဥဒ္ဒစ္စ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဤကိလေသာ ခုနစ်ပါးတို့သည် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကြကုန်၏၊ တစုံတခုသော ကိလေသာ အညစ်အကြေးမှ မရှိပြီ၊ အတုမရှိသန့်ရှင်းစင်ကြယ်သော အဖြစ်သို့ရောက်လေ၏၊ မဂ်ပုဂ္ဂိုလ် လေးယောက်တို့သည်၊ မိမိတို့၏ မင်္ဂစိတ်ဖြစ်ဆဲ ခဏာတွင်သာ မဂ်ပုဂ္ဂိုလ်ဟုခေါ်ဆိုရသည်၊ မဂ်နှင့် ဖိုလ်အကြား မျက်စိတမှိတ်မျှမကြာ၊ မဂ်စိတ်ကျသျှင်၊ ဖိုလ်သို့ ရောက်ကြသည်ဖြစ်၍၊ ဖိုလ်ပုဂ္ဂိုလ်သာ ဖြစ်ကုန်လေတော့သည်၊ ၊ဤသို့မင်္ဂဖိုလ်ကို ရပြီးသော ပုဂ္ဂိုလ်တို့သည် အရိယာပုဂ္ဂိုလ်မည်၏၊

နိရောဓသမာပတ်ချမ်းသာ၊

၄၂၊ အရိယာပုဂ္ဂိုလ်တို့သည်၊ နိဗ္ဗာန်ကို အခါခပ်သိမ်း အမြဲမြင်နေကြရသည်မဟုတ်၊မဂ်စိတ်ဖိုလ်စိတ်ဖြစ်သောအခါ၊ အာရုံပြု၍ နေသော ကာလအတွင်း၌သာ မြင်၍နေသည်၊ အာရုံပြောင်းသည့်အခါ မှာကား၊ သင်္ခါရ ဒုက္ခမှုန်ကို အာရုံပြုသော အမျိုးမျိုးသောစိတ်များဖြစ်နေကြကုန်သည်သာတည်း၊ အကုသိုလ်စိတ် မကင်းသေးသော အရိယာတို့မှာ အကုသိုလ်စိတ်များ ဖြစ်သည့်အခါ ဖြစ်နေသေးသည်သာတည်း၊ မိမိတို့သန္တာန် အာရုံခြောက်ပါး လှုံ့ဆော်တိုင်း၊ ဝိညာဏ်ခြောက်ပါးနှင့်တကွ၊ နာမက္ခန္ဓာ လေးပါးတို့၊ ခြောက်ဒွါရ၌ တကြွကြွ တရွရွ ဖြစ်ပေါ်၍နေသည်ကိုလည်း မခံလိုသဖြင့်၊ ဝိညာဏ်ခြောက်ပါးတို့၏ ခုနစ်ရက်စသဖြင့် ချုပ်ငြိမ်း၍နေသော၊ နိရောဓ သမာပတ်ကို ဝင်စား၍နေကြကုန်၏၊ ဤနိရောဓသမာပတ်

ကို ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟုခေါ်သတည်း၊ ထိုနိရောဓသမာပတ် ဝင်စား သောအခါ၊ စိတ်၊ စေတသိက်၊ စိတ်ကြောင့်ဖြစ်သောရုပ်များ အကုန်ချုပ်၍၊ ကံ၊ ဥတု၊ အာဟာရတို့ကြောင့် ဖြစ်သော ရုပ် သက်သက်နှင့်နေသည်ကို၊ နိရောဓသမာပတ် ချမ်းသာဆို၏။

## နိဗ္ဗာန်တရား။

၄၃၊ ယခုအခါ နိဗ္ဗာန်တရားကို ပြဆိုပေအံ့၊ ။နိဗ္ဗာန် ဟူသည်ကား၊ အကျဉ်းအားဖြင့် နာမ်ရုပ်တရားတို့၏ တဘန် အသစ်ဖြစ်ပေါ်ခြင်း ဇာတိမရှိဘဲ အကြွင်းမဲ့ ချုပ်ခြင်းဘည်း။ ထိုနိဗ္ဗာန်သည်၊ အတုမရှိမြင့်မြတ်သော ပရမသုခကြီးဖြစ်၏၊ အလွန်နက်နဲ သိမ်မွေ့၏၊ အလွန်ချေမ်၏၊ သုခသည် နှစ်မျိုး ရှိ၏၊ နှစ်မျိုးဟူသော်ကား၊ သန္တိသုခ၊ ဝေဒယိတသုခ ဤနှစ်မျိုးတည်း၊ သန္တိသုခဆိုသည်ကား၊ ဖြစ်ပွါးမှိုင်စက်၍ နေသော မကောင်းသောတရားတို့၏ လွတ်ငြိမ်းခြင်းဟူသော သန္တိသုခတမျိုး မကြာမီ ဇောက္က တွေ့ကြုံရတော့မည်ဟု နှလုံး ပူဆွေး၍ နေရသော မကောင်းသော တရားတို့၏ ပျောက်လွတ်ငြိမ်းခြင်း ဟူသော သန္တိသုခ တမျိုး၊ တွေ့ရ လိမ့်မည်လား၊ အကယ်တွေ့ခဲ့ပါလျှင် အခက်ကြီး ခက်ပါပြီဟု ကြံ၍ ပူဆွေးနေရသော မကောင်းသော တရားတို့၏ ပျောက် လွတ်ငြိမ်းခြင်း ဟူသော သန္တိသုခတမျိုး၊ ဤသုံးမျိုးသော သုခတို့သည်၊ စံစားရန်တစုံတခုသော ဝတ္ထုကိုရ၍၊ စံစား ရသော သုခမျိုးမဟုတ်ကုန်၊ ကြုံကြိုက်၍နေသော မကောင်း သော တရားတို့မှလွတ်ငြိမ်းသောသုခမျိုးသာတည်း၊ ဤသန္တိ သုခမျိုးတို့မှာ၊ တစုံတခုသော ဝတ္ထုကို မရသည်ဖြင့်၊ မိမိ

တို့ကပင်ဆိုက်ရောက်သော ဥပါဒ်ဘေးရန်များလွတ်ငြိမ်းရအောင် ငွေအကုန်ခံရကြသေး၏။ ။မိဒ်ရှိသောလူ့စည်းစိမ် နတ်စည်းစိမ်တို့ကို စံစားမှုသည်၊ ဝေဒယိတ သုခမျိုးမည်၏။ ။ထိုသုခ နှစ်မျိုးတို့တွင်၊ သန္တိသုခသည်သာ အကြီးအကဲ အထွဋ်အမြတ်ဖြစ်ပေ၏၊ ဝေဒယိတသုခသည်ကား၊ အယုတ် အညံ့သာဖြစ်၏။ ။အတွင်းဘေးရန်၊အပြင်ဘေးရန်တို့ဖြင့် ပူပန်ပင်ပန်း၍သန္တိသုခကို မရသောသူအား၊ စကြာမဋ္ဌာတ်မင်း၏ စည်းစိမ်သော်မှလည်း၊ အကျိုးမရှိ အချည်းနှီးသာတည်း၊ ဥစ္စာပစ္စည်းနှင့်ပြည့်စုံ၍ မြို့ရွာအလယ်၌ တင့်တယ်စွာနေရသောလူတို့၏ သုခသည်၊ ဝေဒယိတသုခတည်း၊ ပစ္စည်းဥစ္စာတို့မှ ကင်းရှင်း၍ တောအလယ် ချုံအလယ်၌နေရသော ရဟန်းတို့၏ သုခသည်သန္တိသုခတည်း၊ ။မျက်စိအာရုံ၌အဖြစ်ကိုမမြင်မူ၍၊ မျက်စိအာရုံကိုအလိုရှိကုန်သူတို့အား၊ ။မျက်စိအာရုံကိုတွေ့ရခြင်းသည်သုခမည်၏၊ မတွေ့ရခြင်းသည်ဒုက္ခမည်၏၊မျက်စိအာရုံ၌ အဖြစ်ကိုမြင်၍၊ မျက်စိအာရုံမှကင်းခြင်းကို အလိုရှိကုန်သောသူတို့အား၊မျက်စိအာရုံကို မတွေ့ရခြင်းသည်သုခမည်၏၊ တွေ့ရခြင်းသည်ဒုက္ခမည်၏၊ ။အဝိဇ္ဇာဘဝတဏှာပွားစီးအုပ်စိုး၍နေသောသတ္တဝါတို့သည်၊ ဝေဒယိတသုခကိုသာသုခဟူ၍ ထင်မြင်နိုင်ကြကုန်၏၊ သန္တိသုခကိုသုခဟူ၍ မထင်နိုင်မမြင်နိုင်၊ ဝေဒယိတသုခကိုသာ ရှာကြံလိုက်စား ကြကုန်၏၊ သန္တိသုခကို အလိုပင်မရှိကြကုန်၊ ပညာအလောဘ တရားအုပ်စိုးသော သူအပေါင်းတို့သည်၊ သန္တိသုခကိုသာ အလိုရှိကြကုန်၏၊ အဝိဇ္ဇာဘဝတဏှာအုပ်စိုးသော ဝေဒယိတသုခကို

အလွန်ကြောက်ကြကုန်၏၊ ရွံရှာစက်ဆုပ်ကြကုန်၏၊ ၊
အထက်က ပြဆိုခဲ့သော၊ နိရောဓသမာပတ် ချမ်းသာကို
ထောက်သဖြင့်လည်း၊ ဝေဒယိတသုခ ခံစားမှု စံစားမှုသည်၊
ယုတ်ညံ့သော ချမ်းသာဖြစ်၏၊ မွန်မြတ်သော ချမ်းသာ
မဟုတ်၊ အတွင်းသန္တာန်၌ မငြိမ်သက်၊ မသိမ်မွေ့လှုပ်ရှား၊
ရုန့်ရင်းသောတရားတို့၏ ကင်းငြိမ်ခြင်းဟူသော သန္တိသုခ
သည်သာလျှင်၊ အထွဋ်အမြတ် ချမ်းသာအစစ်ဖြစ်ကြောင်း
ကိုသိအပ်၏၊ ၊အကျဉ်းအားဖြင့်ဆိုသော်၊ ဝေဒယိတ
သုခသည်၊ တဏှာရာဂနှင့်မကင်းသော သုခဝေဒနာကို ခံ
စားစံစားခြင်းတည်း၊ သန္တိသုခဆိုသည်မှာ၊ မကောင်းသော
တရားတို့မှလွတ်ငြိမ်းသဖြင့်၊ အလွန်ချမ်းခြင်းတည်း၊ ၊
သန္တိသုခသည်၊ ဝေဒယိတသုခထက်သာလွန်၍ အမွန်အ
မြတ် ဖြစ်ကြောင်းကိုဥပမာတခုပြဦးအံ့၊ တကိုယ်လုံး ညွဲညွဲနှ
၍ရစ်တည်ရာ ဓရဟာဇ်ဟော်ပင်ပန်း၍ နေသောသူကိုသိကြား
မင်းကိုယ်တိုင်ဆင်းလာပြီးလျှင်၊ ခလာချင်း နူနာပျောက်ငြိမ်း
သည်ကို အလိုရှိသလော၊ စကြာမင်းစည်းစိမ်ကို အလိုရှိ
သလောမေးလျှင်၊ ထိုသူနာသည်၊ စကြာမင်းစည်းစိမ်ကို မရ
လျှင် နေပါစေတော့၊ နူနာပျောက်ငြိမ်းခြင်းကိုသာ အလိုရှိ
ပါသည်ဟု ဆိုလတ္တံ့သတည်း၊ နူနာပျောက်ငြိမ်းခြင်းသည်
သန္တိသုခဖြစ်၏၊ တစုံတခုသောဝတ္ထုအထည်ကို ရသည်
မဟုတ်၊ ထိုသို့မဟုတ်သော်လည်း၊ ထိုသူမှာထိုသန္တိသုခ
သည်၊စကြာမင်း၏စည်းစိမ်ထက် အဆသိန်းသန်းမက သာ
လွန် မွန်မြတ်လေသည်၊ ၊ဤဥပမာဖြင့်၊သန္တိသုခသည်၊
ဝေဒယိတသုခထက် သာလွန် မွန်မြတ်ကြောင်းကိုသိရာ၏၊

နိဗ္ဗာန်၌၊ သုခဝေဒနာကို ခံစားမှုစံစားမှု မရှိခြင်းသည် သာ၍လျှင် ချမ်းသာမှုပေတည်း၊ အပျော်အပါး ခံစားမှုစံစားမှု မည်သည်၊ တပ်နှစ်သက်သော တဏှာဟုဆိုအပ်သော ကိလေသာရောဂါအနာဆိုး စွဲကပ်သောသူတို့မှာသာ အသုံးကျသည်၊ ထိုသူတို့မှာ ချမ်းသာသုခဆိုလျှင် ခံစားစရာစံစားစရာသို့သာ စိတ်ညွတ်လေသည်၊ တဏှာဟူသောကိလေသာရောဂါဆိုးစွဲကပ်လျက်ရှိနေသောကြောင့်၊ ဤကဲ့သို့စိတ်ညွတ်လေသည်၊ ခံစားခြင်း စံစားခြင်းရှိလျှင်တဏှာရှိ၏၊ တဏှာရှိလျှင်ချမ်းသာသုခမရှိ ဒုက္ခသာလျှင်ရှိ၏၊

ခန္ဓါငါးပါးရုပ်နာမ်တရားတို့၏ တဘန်အသစ် ဖြစ်ပေါ်ခြင်း မရှိသည်ကို နိဗ္ဗာန်ဆိုလျှင်၊ ထိုနိဗ္ဗာန်သည် ပရမတ်မဟုတ် အချည်းနှီးသက်သက်တည်းဟု စောဒနာရန်ရှိ၏၊ အဖြေကား၊ပရမတ်သည်ပြုပြင်ခြင်းရှိသော သင်္ခတပရမတ်၊ ပြုပြင်ခြင်းကင်းသောအသင်္ခတပရမတ်ဟူ၍နှစ်ပါးရှိ၏၊ထိုနှစ်ပါးတို့သည်၊ အချင်းချင်း ပြောင်ပြောင်ဆန့်ကျင်ကြ၏၊ သင်္ခတပရမတ်မျိုး၏ အချင်းအရာသည်၊အသင်္ခတ ပရမတ်မျိုးမှာ အလျှင်းမရှိ၊ အသင်္ခတ ပရမတ်မျိုး၏ အချင်းအရာလည်း သင်္ခတပရမတ်မှာ အလျှင်းမရှိ၊ ထို့ကြောင့် ထိုနှစ်မျိုးတို့၏ ပရမတ်သဘောကိုရှာကြံလိုလျှင်၊ သူ့လမ်းနှင့်သူရှာကြံအပ်၏၊ နိဗ္ဗာန်၏သုခကိုရှာကြံလိုလျှင်၊ ခံစားစံစားသော ဝေဒယိတသုခသဘောမျိုးနှင့်မရှာကြံအပ်၊ ထိုသဘောမျိုးနှင့်ရှာကြံလျှင်၊ နိဗ္ဗာန်တရားကိုရမ်းဆ၍မသိမမြင်နိုင်၊

လောကီချမ်းသာအပေါင်းတို့တွင်၊ ရာဇ်ချမ်းသာသည်

အမွန်အမြတ်ဆုံးဖြစ်၏၊ ၊ပဌမဈာန်၌ရှိသော ဝိတက်ဝိစာရတို့သည်၊ ဒုတိယဈာန်ကိုပွါးသောသူမှာ၊ အနာဆိုး နူနာကြီးမည့်ကုန်၏၊ ထိုသူကိုဆင်းရဲဒုက္ခဖြစ်လေအောင် လွန်စွာနှိပ်စက်ကုန်၏၊ ဥပမာမှာ နူနာကြီးနှင့်ဝိဘက်ဝိစာရရှိသော ပဌမဈာန်သုခကို သာယာသော ဈာနနိကန္တိဟူသော တဏှာသည်ဘူ၏၊ ရှားမီးကြီးနှင့် ပဌမဈာန်သုခသည်တူ၏၊ နူနာကြီးကင်းရှင်းသောသူနှင့်၊ ပဌမဈာနနိကန္တိတဏှာကင်းရှင်းပြီးသော ပုဂ္ဂိုလ်သည်တူ၏၊ ထိုပုဂ္ဂိုလ်မှာ၊ ပဌမဈာန်သုခ၌ သာယာသော ဈာနနိကန္တိတဏှာ၏ ကင်းငြိမ်းခြင်းသည်၊ သန္တိသုခမည်၏၊ ဤနည်းအတိုင်း၊ နူနာကြီးဥပမာနှင့်တကွ၊ နေဝသညာ နာသညာ ယတနဈာန်တိုင်အောင် အဆင့်ဆင့်ဆိုလေ၊ ၊နေဝသညာနာသညာယတနဈာန် သုခသည်လည်း၊သိမ်မွေ့သောဈာနနိကန္တိ တဏှာရှိသေးသောကြောင့်၊ စင်စစ်သန္တိသုခမဟုတ်၊ တဏှာအကြွင်းမဲ့ ချုပ်ငြိမ်းခြင်းဟူသောနိဗ္ဗာနသုခသာလျှင်၊ သန္တိသုခဖြစ်လေသတည်း၊ ပုထုဇ္ဇန်ဖြစ်သော နေဝသညာ နာသညာ ဖြည့်သူသည် တဏှာရှိသေးသောကြောင့်ငရဲဇာတိရှိ၏၊ ငရဲသို့မျက်စောင်းထိုးလျက်ပင်ရှိ၏၊ ၊ဤကဲ့သို့သုခအမျိုးမျိုးကို အဆင့်ဆင့်တက်၍ကြည့်လျှင် ပြုပြင်ခြင်းကင်းသောဘဏှာ အကြွင်းမဲ့ချုပ်ငြိမ်းသော သန္တနိဗ္ဗာနသုခသည် အမွန်မြတ်ဆုံးဖြစ်သော ပရမသုခဖြစ်ကြောင်းကိုသိရာ၏၊

နိဗ္ဗာန်သည်ထင်ရှားရှိသောထရားဖြစ်ကြောင်းကိုအဘယ်ကဲ့သို့ သိနိုင်သနည်းဟူမူကား၊ တဏှာအကြွင်းမဲ့ချုပ်ငြိမ်းခြင်းသည် နိဗ္ဗာန်မည်ကြောင်းကို၊ အထက်၌ပြဆိုအပ်ခဲ့ပြီ၊

ထဏ္ဍာသည်အကြွင်းမဲ့ချုပ်ငြိမ်းနိုင်သောတရားဟုတ်မဟုတ် ကိုစစ်ဆေးရန်ရှိ၏။ တဏှာ၊လောဘ၊ဒေါသ၊မောဟအစရှိ သော အကုသိုလ်တရားတို့ကို၊ သီလဘာဝနာအစရှိသောကု သိုလ်တရားတို့ဖြင့်၊ တခဏမျှချုပ်ငြိမ်း စေနိုင်ကြောင်းကို အများပင်သိကြကုန်၏၊ ထိုသို့တခဏချုပ်ငြိမ်းခြင်းကိုတဒင် ပဟာန်ဟုခေါ်၏၊ ထိုသို့တဒင်ပဟာန်အားဖြင့် အကုသိုလ် တရားတို့ကိုပယ်ရှားခြင်းသည်၊ လူ့ပြည်၊နတ်ပြည်၌ဖြစ်နိုင် ၏၊ အကုသိုလ်တရားတို့ကို၊ တဘဝအပိုင်းအခြားဖြင့်လည်း ပယ်ရှားနိုင်၏၊ ဤကဲ့သို့ပယ်ရှားခြင်းသည်၊ ဝိက္ခမ္ဘနပဟာန် မည်၏၊ ဗြဟ္မာ့ပြည်၌ဖြစ်၏၊ ထိုသို့ခဏမျှဖြင့် သော်၎င်း တဘဝ အပိုင်းအခြားဖြင့်သော်၎င်း၊ အကုသိုလ်တရားတို့ကို ပယ်ရှားနိုင်လျှင် နောက်တဘန်ထပ်၍မပေါ်၊ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းသည်လည်း ဖြစ်နိုင်သည်သာလျှင် သတည်း၊ ထိုအကြွင်းမဲ့ ချုပ်ငြိမ်းခြင်းသည်၊ သမုစ္ဆေဒ ပဟာန်ဟု ခေါ်၏၊ အဝိဇ္ဇာတဏှာအစရှိသော အကုသိုလ်တရား အ ပေါင်းတို့ကို အကြွင်းမရှိသမုစ္ဆေဒ အားဖြင့် ပယ်ရှားခြင်း သည်၊ နိဗ္ဗာန်မည်သတည်း၊ ၊သီလကုသိုလ်ဖြင့် အကု သိုလ်တရားတို့ကို ခဏမျှပယ်ရှားနိုင်၏၊ ဘာဝနာကုသိုလ် ဖြင့် တဘဝအပိုင်းအခြားဖြင့်ပယ်ရှားနိုင်၏၊ ဗောဓိပက္ခိယ တရား (၃၇) ပါးဖြင့်အကြွင်းမဲ့ပယ်ရှားနိုင်သတည်း၊ ၊ ဥပမာဖြင့်ပြဦးအံ့၊ လောက၌ အနာရောဂါ ဖြစ်ခြင်းလည်း အမှန်ရှိ၏၊ အနာရောဂါ ပျောက်ငြိမ်းခြင်းလည်း အမှန်ရှိ၏၊ ရောဂါပျောက်ငြိမ်းခြင်း မရှိခဲ့သော်၊ ရောဂါ ကပ်ရောက် သောသူတို့သည်၊ ရောဂါမှထမြောက်သည်ဟူ၍ပင် မရှိရာ၊

တနာတည်း နာ၍နေရလတံ့၊ ထိုကဲ့သို့ကားမဟုတ်၊ ရောဂါ ပျောက်ငြိမ်းခြင်းသည် ဧကန်ရှိရာ၏၊ ရောဂါမှလွတ်ငြိမ်း သောသူတို့လည်း ဧကန်ရှိ၏၊ ထို့ကြောင့်လောက၌ ရောဂါ ပျောက်ငြိမ်းခြင်းသည် ဧကန်ရှိ၏ဟုသိလေသတည်း၊ ထို့ အတူ၊ ကာလေသာချုပ်ငြိမ်းခြင်း၊ ခန္ဓာချုပ်ငြိမ်းခြင်းသည် လည်း၊အမှန်စင်စစ်ရှိ၏ဟုသိအပ်သတည်း၊

ရဟန္တာပုဂ္ဂိုလ်သည်၊ နိဗ္ဗာန်စံယူတော်မူပြီးနောက်၊ တ စုံတရာသို့ ကပ်ရောက်သည် မရောက်သည် အကြောင်းများ၊ ကျမ်းပြုဆရာဘဦးနှင့် တဦးမညီကွဲပြားကြ၏၊ ၊ဤနိဗ္ဗာန် နှင့်စပ်လျဉ်းသော အကြောင်းတို့၌၊ နိဗ္ဗာန်ကိုဒိဋ္ဌမြင်တော်မူ ကြကုန်ပြီးသောအရိယာပုဂ္ဂိုလ်တို့၏၊ နှုတ်ထွက်စကားတော် များကိုသာ၊စိတ်ချယုံကြည်မှတ်ယူအပ်၏၊နိဗ္ဗာန်ကိုဒိဋ္ဌမမြင် ဘူးကြကုန်သောသူတို့၏၊စကားဖြစ်ခဲ့လျှင်စိတ်ချမှတ်ယူအပ် သည်မဟုတ်သေး၊ သို့ရာတွင် နိဗ္ဗာန်စကားများ၊အများအတိမ်း ရှိမည်ကို၊အလွန်ကြီးကြောင့်ကြစိုးရိမ်ရန်မရှိ၊ ဗောဓိပက္ခိယ တရားတို့မှာသာ၊ မှားမည်တိမ်းမည်ကိုစိုးရိမ်ခွင့်ရှိသည်၊ဗောဓိ ပက္ခိယတရားတို့ကို အမှန်အကန်သိ၍၊ နည်းလမ်းကျကျ အားထုတ်ကြပါလျှင် နိဗ္ဗာန်စကားကို အများအတိမ်းပြောဆို မိကြကုန်ငြားသော်လည်း၊ တကယ်မှန်သောနိဗ္ဗာန်သို့ရောက် ကြကုန်လတံ့၊ ၊ဥပမာဆိုသော်၊ ဘိလပ်မြို့ကြီးသို့မရောက် ဘူးမမြင်ဘူးသော သူနှစ်ဦးသည်၊ ဘိလပ်မြို့၏ အခြေအနေ နှင့်စပ်လျဉ်း၍ စာတွေ့နှင့် အငြင်းအခုံဖြစ်ကြ၏၊ ထိုသို့သ ဘောကွဲပြားငြင်းခုံကြ ငြားသော်လည်း၊ ဘိလပ်မြို့သို့သွား သောသင်္ဘောတွင်စီးလိုက်ပါသွားကြပါလျှင်၊ အမှန်ဖြစ်သော

ဘိလပ်မြို့သို့ရောက်ကြပေကုန်လတံ့၊ ထို့အတူ၊ နိဗ္ဗာန်စကား ခွဲကွဲပြားကြသော်လည်း၊ နိဗ္ဗာန်ရောက်ကြောင်းတရားမှန်အဘိုင်း၊ နည်းလမ်းကျကျကျင့်ဆောင်ကြပါမူ၊ နိဗ္ဗာန်အမှန်သို့ရောက်ကြမည်ဖြစ်သတည်း၊

သာသနာတော်တွင်းရှိသောပုဂ္ဂိုလ်လေးမျိုး၊

၄၄၊ မြတ်စွာဘုရား သာသနာတော်ကို ယုံကြည်လေးမြတ်ဆည်းကပ်ကိုးကွယ်ကြကုန်သော သတ္တဝါအပေါင်းတို့တွင်၊ ပုဂ္ဂိုလ်လေးမျိုးရှိကြောင်းကိုသိအပ်၏၊ ၊လေးမျိုးဟူသော်ကား၊

(၁) ဥဂ္ဃဋိတညူပုဂ္ဂိုလ်၊
(၂) ဝိပဉ္စိတညူပုဂ္ဂိုလ်၊
(၃) နေယျပုဂ္ဂိုလ်၊
(၄) ပဒပရမပုဂ္ဂိုလ်၊

ဤလေးမျိုးတည်း၊ ၊ဥဂ္ဃဋိတညူပုဂ္ဂိုလ်မျိုးဆိုသည်ကား မြတ်စွာဘုရားနှင့် ကိုယ်တိုင်တွေ့ကြုံရသဖြင့်၊တရားသောတရားဓမ္မကိုဟောတော်မူရာ၊ သနာ့ပအကျဉ်းစကားအဆုံး၌ မဂ်ဖိုလ်ကိုရနိုင်သော ပုဂ္ဂိုလ်မျိုးတည်း ထိုပုဂ္ဂိုလ်မျိုးတို့တွင်၊ အချို့သောပုဂ္ဂိုလ်တို့သည်၊ သောတာပတ္တိမဂ်ကို ရကြကုန်၏၊ အချို့သကဒါဂါမိမဂ်ကို၊ အချို့အနာဂါမိမဂ်ကိုရကြကုန်၏၊ အချို့သောပုဂ္ဂိုလ်တို့သည် ဟောတော်မူသောတရားတော်အဆုံး၌၊ ခဏချင်းအရဟတ္တမဂ်ကိုရ၍ ရဟန္တာဖြစ်ကြကုန်၏၊ အောက်မဂ်ကစ၍ တဖြည်းဖြည်းအဆင့်ဆင့်မတက်ရကြကုန်၊ ၊သနာ့ပအကျဉ်းဟောတော်မူရုံမျှနှင့် မဂ်ကိုမရ

နိုင်သေး။ ထိုသခင်ပအကျဉ်းကိုအကျယ်ချဲ၍ဟောတော်မူမှ
သာမဂ်ကိုရနိုင်သောပုဂ္ဂိုလ်မျိုးသည်၊ ဝိပဉ္စိတညူပုဂ္ဂိုလ်
မျိုးမည်၏။ ထိုပုဂ္ဂိုလ်မျိုးသည်း ဥဂ္ဃာဋိတညူပုဂ္ဂိုလ်မျိုးကဲ့
သို့၊ အချို့သောတာပန်၊ အချို့သကဒါဂါမိ၊ အချို့အနာဂါမိ
အချို့ခဏချင်းရဟန္တာဖြစ်ကြကုန်၏။ နေယျပုဂ္ဂိုလ်မျိုးဆို
သည်ကား၊ အကျဉ်းအကျယ်အားဖြင့်ဟောတော်မူသော်လည်း
တရားတော်အဆုံး၌ မဂ်ဖိုလ်ကိုမရနိုင်ကြကုန်။ ထိုတရားဒေ
သနာတော်ကို၊ ကြားနာဆောင်ရွက် လေ့ကျက်မှတ်သား၍
ထားပြီးလျှင်၊ ထိုဒေသနာတော်သာရှိကိုင်းသော တရားကို
များစွာသောနေ့ရက်လနှစ်တို့ဖြင့် ကျင့်ကြံပွားများ၊ အားထုတ်
မှ သာမဂ်ဖိုလ်ကိုရနိုင်သော ပုဂ္ဂိုလ်မျိုးသည် နေယျပုဂ္ဂိုလ်
မျိုးမည်၏။ ။ဘုရားသာသနာတော်နှင့်တွေ့ကြုံ၍၊ ဘယ်လို
ပင်တရားကို အားထုတ်သော်လည်း၊ ယခုဘဝတွင်မဂ်ဖိုလ်
ကိုမရနိုင်ကြ၍၊ ဝါသနာဘာဂါရမီသာကိုသာ ရထိုက်သော
ပုဂ္ဂိုလ်သည်၊ ပဒပရမပုဂ္ဂိုလ်မည်၏။ ။ယခုအခါသည်၊
နေယျပုဂ္ဂိုလ်၊ ပဒပရမပုဂ္ဂိုလ်နှစ်မျိုးတို့၏ ခေတ်သမယဖြစ်
၏၊ ထိုပုဂ္ဂိုလ်နှစ်မျိုးတို့တွင်၊ နေယျပုဂ္ဂိုလ်သည် ဗောဓိ
ပက္ခိယတရားတို့ကို၊ ကောင်းစွာကျင့်နိုင်ပါလျှင်၊ ယခုဘဝတွင်
သောတာပန်မဂ်ကိုရနိုင်၏၊ (အချို့သောကျမ်းပြုဆရာတို့က
အရဟတ္တမဂ်ကိုပင် ရနိုင်သေး၏ဟု ဆိုကြကုန်သည်၊ ဤအ
ကြောင်း၌သဘောကွဲပြားကြသည်၊ သဘောနှစ်သက်ရာယူ
တော်မူကြပါကုန်။) ဗောဓိပက္ခိယတရားတို့ကို မကျင့်ဘဲသေ
လွန်ခဲ့လျှင်၊ ဤသာသနာတော်တွင်းမှာမဂ်ကိုမရနိုင်ကြကုန်။ ။
ပဒပရမပုဂ္ဂိုလ်သည်၊ ဗောဓိပက္ခိယတရားတို့ကို ကောင်းစွာ

ကျင့်နိုင်ပါမူ၊ ဤသာသနာတော်တွင်းနှင့်ပင်လျှင်၊ နောက်ဘဝဖြစ်သော နတ်ပြည်မှာမဂ်ကိုရနိုင်ရာ၏၊

## သီလ၊သမာဓိ၊ပညာ၊

## အကျဉ်းချုပ်တရား၊

၄၅၊ မြတ်စွာဘုရားဟောကြားတော်မူအပ်သော ပိဋကတ်တော်သုံးပုံကို အကျဉ်းချုပ်၍ အနှစ်သာရကိုယူသည်ရှိသော်၊ သီလ၊သမာဓိ၊ပညာ၊ ဤသုံးပါးသာရှိ၏၊ သီလဖြင့် အပါယ်ဘုံမှလွတ်မြောက်၏၊ သမာဓိဖြင့်ကာမဆယ့်တဘုံမှ လွတ်မြောက်၏၊ သီလဖြင့် တကြာဘည်းဖူးသော တဒင်္ဂပဟာန်အားဖြင့် ကိလေသာကိုပယ်နိုင်၏၊ သမာဓိဖြင့် တဘာဝ အဒိုင်းအခြားဘည်းဖူးသော ဝိက္ခမ္ဘနပဟာန်အားဖြင့် ကိလေသာကိုပယ်နိုင်၏၊ ပညာဖြင့်အကြွင်းမဲ့ဖြတ်ကင်းချုပ်ငြိမ်းခြင်းဘည်းဖူးသော သမုစ္ဆေဒပဟာန်အားဖြင့်ကိလေသာကိုပယ်နိုင်၏၊ ၊သီလ၊သမာဓိတို့သည်ကား၊ သာသနာမရှိသော သုညကမ္ဘာတို့၌လည်း၊ အစဉ်ဆက်ဝရကမ္ဘာတွင်ဆော့ကဲ့သို့ဖြစ်၍ အမြဲရှိနေကြကုန်၏၊ ဤစကြာဝဠာ၌သာမဟုတ်၊ ခပ်သိမ်းသောအနန္တစကြာဝဠာတို့၌ပင် ဤတရား ၂ ပါးရှိ၏၊ ထိုကြောင့်၊ စကြာဝဠာတို့၌၊ လူပြည်၊နတ်ပြည်၊ဗြဟ္မာပြည်သည်၊ အစဉ်ဆက်ဝရှိကြကုန်၏။ ဤတရားရသည် ဖြူဘတ်သောသဘောဖြစ်၍၊ ဖြစ်ကြောင်းတရားကိုသာ မြတ်စွာဘုရားဟောတော်မူသည်၊ ဤတရားရသည်၊ သာသနာပအခါရှေ့သလင်းဖြင့်၍၊ အဒိဋ္ဌာတကျွကို အကြွင်းမဲ့မပေးနိုင်ချေ၊ ဤတရားနှစ်ပါးတို့ကို အလွန်

ကြားနာခဲ့ရခြင်း တည်းဟူသော သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ
ပဉ္စမယူသော၊ သီလဘာဝနာအစရှိသော ပုညာဘိဒ္ဓယာမျိုး
ဆယ်ပါး၊ သုစရိုက်ဆယ်ပါးတို့ကို၊ ကမ္ဘာ့အဆက်ဆက်၊
အထက်နတ်သိကြားဗြဟ္မာ လူ့ပြည်သို့ရသော ဦးပြည်းအစရှိ
သောသူတို့သည်၊ သံသနာပလည်ကမ္ဘာတို့၌ သင်ကြားပြု
သနိုင်ကြ၏၊ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့သည်၊ ဖြစ်လေရာ
ဘဝတိုင်း၌ မလုပ်ချင် မနေနိုင်သော သင်္ခါရဒုက္ခ ဖြစ်
ကြောင်းကိုဟောတော်၏၊ ။ပညာသည် မြတ်စွာဘုရား
သာသနာတော်တွင်း၌သာရှိ၏၊ သီလ သမာဓိသည်၊ အခါ
ခပ်သိမ်း အနန္တစကြာဝဠာတို့၌ရှိနေသော တရားဖြစ်သော
ကြောင့်၊ မြတ်စွာဘုရား ပွင့်တော်မူခြင်းသည်၊ ၎င်းသီလသမာ
ဓိတရားနှစ်ပါးတို့ကို ဟောတော်မူရန် ပွင့်တော်မူသည် မ
ဟုတ်၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော
မဂ်ပညာ ဖိုလ်ပညာကိုဟောတော်မူခြင်းငှါ ပွင့်တော်မူ၏၊
မြတ်စွာဘုရားပွင့်တော်မူသည့်အခါ အနည်းငယ်တိမ်မြုပ်၍
နေသော၊ ဒါန၊ သီလ၊ ဘာဝနာတရားများကို နှိုးသောသူတို့
အပါယ်ဘေးမှ လွတ်စေခြင်းငှါထပ်မံ၍ ဟောတော်မူ၏၊
သာသနာပန္ဒမှုကား၊ သုညကမ္ဘာ၊ အသင်္ချေပင် ကြာသော်
လည်းမဂ်ပညာ၊ ဖိုလ်ပညာကို ကြားရုံမျှအခွင့်မရှိပြီ၊ ထို့
ကြောင့်၊ သာသနာတော်တွင်း၌ ကြုံကြိုက်ကြကုန်သော သူ
တို့သည်၊ နောက်နောက်သော ဘဝ၊ နောက်နောက်သော
ဘုရားသာသနာတော်မှာ ရဟန္တာဖြစ်နိုင်ကြရန်၊ မဂ်ဉာဏ်
ဖိုလ်ဉာဏ်၏ မျိုးစေ့အနေမျှကို အရအမိရည်သံကြသဖြင့်
သီလသမာဓိမျိုး နှစ်ပါးတို့ထက်၊ အလွန်တွေ့ကြုံခဲလှသော

ပရမတ္ထပညာမျိုးကိုအားခဲ၍ ယူကြကုန်ရ၏၊ သို့မှသာသျှင်သာသနာတော်တွင်း၌ လူဖြစ်ကျိုးနပ်လတ္တံ၊ ပရမတ္ထပညာမျိုးစေ့အနေမျှခအောင်လုံ့လမထုတ်ကြပါလျှင်၊ သာသနာတော်တွင်းမှာဖြစ်လျက်၊ သာသနာပမှာလူဖြစ်ရသကဲ့သို့ ရှိနေကြကုန်လတ္တံ၊

ပဒပရမပုဂ္ဂိုလ်၊နေယျပုဂ္ဂိုလ်နှစ်ပါးအကြောင်း။

၄၆၊ ပဒပရမပုဂ္ဂိုလ်ဖြစ်လျှင်၊ ဘုရားသာသနာတွင်း၌ ကြုံကြိုက်သော အခါမှာ၊ ဝါသနာဘာဂီပါရမီဖြစ်ရအောင်၊ သီလမျိုးကိုလည်းဆည်းဘူးအပ်၏၊ သမာဓိမျိုးကိုလည်းဆည်းဘူးအပ်၏၊ ပညာမျိုးကိုလည်းဆည်းဘူးအပ်၏၊ ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်း အထောက်အပံ့ဖြစ်သော၊အနိသာဝိတသီလမျိုးကို လည်းဆည်းဘူးရာ၏၊ဒါနမှာလည်း၊ နိဗ္ဗာန်ကိုတောင့်တရည်ရွယ်၍ပြုအပ်သော၊ ဝိဝဋ္ဋနိဿိတဒါနမျိုးကိုဆည်းဘူးရာ၏၊ ၊နေယျပုဂ္ဂိုလ်ဖြစ်လျှင် ယခုဘဝတွင်သော်၎င်း၊ နောက်ဘဝနတ်ပြည်ရောက်မှသော်၎င်း၊ သောတာပန်ဖြစ်အောင် အားထုတ်အပ်၏၊ အားမထုတ်မှိုင်တိတ်ကိုမနေသျှင့်ရ၊ အစွမ်းကုန်အားထုတ်၍ ရနိုင်ပုံမပေါ်မှသာလျှင်၊ ငါသည် ပဒပရမပုဂ္ဂိုလ်ဖြစ်ဟန်ရှိသည်၊ထိုပုဂ္ဂိုလ်တို့ကျင့်လမ်းအတိုင်းကျင့်မှသာ သင့်လျော်မည်ဟု သဘောပိုက်ပြီးလျှင်၊ ဝါသနာဘာဂီပါရမီ ကုသိုလ်မြောက်အောင်၊ သီလသမာဓိ၊ပညာကိုဆည်းဘူးအပ်၏၊ ယခုဘဝတွင် သောတာပတ္တိမဂ်ကိုရအောင်ကြိုးစားအားထုတ်သောသူသည်၊ဒါနကိုပြုရန်မလို၊ ၊ပဒပရမပုဂ္ဂိုလ်သည်၊ နေယျပုဂ္ဂိုလ်ဖြစ်သည့်

ကို၊ မိမိကိုယ်ကိုမိမိအကဲခပ်နိုင်စရာရှိသည်၊ နေ့သျှပုဂ္ဂိုလ်ဖြစ်သည်ထင်လျှင်၊ ယခုဘဝတွင်သော်ရင်း၊ နောက်ဘဝနတ်ပြည်၌သော်ရင်း၊ သောတာပန်မဖြစ်လျှင်၊ မိမိပွါးအပ်ခဲ့ပြီးသော၊ သီလ၊ သမာဓိ၊ ပညာကုသိုလ်တို့သည်၊ ပါရမီမြောက်သော ကုသိုလ်တို့ ဖြစ်ကြကုန်လတ္တံ့၊ ယခုအခါမှာ၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ သောတာပန် အရိယာအပုံသင့်ရှိကြကုန်၏၊ ထိုအရိယာတို့သည်၊ဘုံစဉ်စံ၍ သွားကြကုန်လတ္တံ့၊ အောက်သို့ လည်ဆင်းမရှိကြကုန်ပြီ၊ အကနိဋ္ဌဘုံ သို့ရောက်သောအခါ၊ ပရိနိဗ္ဗာန်စံကြကုန်လတ္တံ့၊ နောက်ဘဝနတ်ပြည်၌သောတာပန်ဖြစ်လတ္တံ့သောနေ့သျှပုဂ္ဂိုလ်သည်၊နတ်ပြည်ရောက်သည်၌ရှိသော သုဓမ္မာဇရပ်အသီးအသီးတို့မှာ၊တရားဟောကြကုန်သော နတ်ဗြဟ္မာတို့၏တရားဓမ္မများကို ကြားနာရသဖြင့်သောတာပန်ဖြစ်လတ္တံ့၊ သုဓမ္မာဇရပ်တို့မှတပါးအခြားသောနေရာဌာနတို့၌လည်း အကျွမ်းအဘော်အပေါင်းဖြစ်ကြကုန်သော အရိယာနတ်တို့၏၊ ပြောဟောကြသောတရားဓမ္မကိုကြားနာရ၍သောတာပန်ဖြစ်လတ္တံ့၊

### စရဏမျိုး။ဝိဇ္ဇာမျိုး။

၄၇၊ သီလသမာဓိသည် စရဏမျိုးမည်၏၊ ပညာသည်ဝိဇ္ဇာမျိုးမည်၏၊ စရဏသည်၊ ခြေလက်နှင့်တူ၏၊ ဝိဇ္ဇာသည်မျက်စိနှင့်တူ၏၊ သီလသမာဓိနှင့်ပြည့်စုံ၍ ပညာချို့တဲ့သောသူတို့သည်၊ ခြေလက်အင်္ဂါပြည့်စုံ၍၊ မျက်စိ အလင်းမရသောသူနှင့် တူကုန်၏၊ ဝိဇ္ဇာ စရဏနှစ်ပါးမှ ချို့တဲ့သောသူသည်၊ ခြေလက်အင်္ဂါမျက်စိအင်္ဂါကုန်ချို့တဲ့၍အသက်ရှိသည်ပမာ၍ ပြောပစရာမရှိသောသူနှင့်တူ၏၊ ယခုသာသနာ

တွင်းနှင့်နေကြကုန်သောသူအပေါင်းတို့တွင်၊ အချို့သောသူ
တို့သည်၊ သီလသမာဓိဟူသော စရဏနှင့်ပြည့်စုံကြကုန်၏၊
ဗောဓိပက္ခိယတရားတို့ကို၊ ကျင့်ခြင်းတည်းဟူသော ဝိဇ္ဇာ
မျိုး မရှိကြကုန်၊ ထိုသူတို့သည်စရဏနှင့်ပြည့်စုံသည်အတွက်
နောက်ဘုရား၏သာသနာတော်ကို တွေ့ကြုံကြရာ၏၊ ထိုရာ
တွင်၊ ဝိဇ္ဇာမျိုးမရှိသည့်အတွက်၊ နောက်ဘုရားဟောတော်မူ
သောတရားကို ကြားနာကြရသော်လည်း မဂ်ဖိုလ်မရနိုင်ကြ
ကုန်၊ ဒါနသီလစရဏနှင့်ပြည့်စုံခဲ့ကြသဖြင့် အသက်ထက်
ဆုံး မြတ်စွာဘုရားနှင့်ပေါင်းဘက်ကြရကုန်၏၊ ရှေးဘုရား
သာသနာကဝိဇ္ဇာမျိုးပေါ်ခဲ့သောကြောင့် အကျိုးတရား မရ
ကြကုန်၊ ။အချို့သောသူတို့သည်၊ ဝိဇ္ဇာမျိုးနှင့်ပြည့်စုံကြ
ကုန်သော်လည်း၊ စရဏမျိုးနည်းပါးကြကုန်၏၊ ထိုသူတို့
သည်၊ ဝိဇ္ဇာမျိုးရှိကြသောကြောင့်၊ အကယ်၍နောက်ဘုရား
တရားကို ကြားနာခွင့်ရကြပါမူ၊ မဂ်တရားကို ရနိုင်ကြကုန်
ရာ၏၊ စရဏတရားနည်းပါးကြကုန်သည်အတွက်၊ နောက်
ဘုရားနှင့်တွေ့ကြုံနိုင်ရန် အခွင့်မူကား၊ အလွန်ခဲယဉ်းလှကုန်
၏၊ ။ယခုဘဝ၌ဒါနနည်းပါး၍ ဒုစရိုက်အားကြီးလျက် ရှိ
နေကြကုန်သောသူတို့သည်၊ အပါယ်ကျမှုအားကြီးလျက် ရှိ
နေကြကုန်၏၊ အကယ်၍ရှေးရှေးသောဘဝတို့၌ ပြုခဲ့ကြဘူး
သောကုသိုလ်ကံ ထောက်ပံ့၍ လူ့ဘဝကို ရကြကုန်ငြား
သော်လည်း၊ ဒါနနည်းပါးခဲ့သည်အတွက်၊ ဖြစ်လေရာဘဝ
တို့၌ ဓနဥစ္စာချို့တဲ့သဖြင့်ကိုယ်စိတ်နှစ်ပါး မချမ်းသာသော
ကြောင့်၊ ကုသိုလ်ကောင်းမှုတို့ကို အားမထုတ်နိုင်ကြသည့်
အတွက်၊ အပါယ်သို့သာ မကြာခဏကျရောက်ကြ ကုန်ရာ၏

ထို့ကြောင့်၊ ဒါန၊ သီလဟူသောစရဏတရား နည်းပါးသော သူတို့သည်၊ နောက်ဘုရားနှင့် တွေ့ကြုံနိုင်ကြရန်အခွင့် အလွန် နည်းပါးကြကုန်၏၊ ထို့ကြောင့်၊ ဝိဇ္ဇာစရဏနှစ်ပါးနှင့်ပြည့်စုံသောသူမှ နောက်ဘဝ၌ ကျွတ်နိုင်ရာသည်၊ ဝိဇ္ဇာချည်းသာ ပါ၍၊ စရဏနည်းပါးခဲ့လျှင်၊ နောက် ဘုရားသာသနာနှင့်ပင် တွေ့ကြုံခွင့်မရှိ။ စရဏချည်းသာပါ၍ဝိဇ္ဇာမျိုးမရှိပြန်လျှင်၊ နောက် ဘုရားသာသနာနှင့် တွေ့ကြုံသော်လည်း မဂ်တရားကိုမရ၊ ထို့ကြောင့်၊ အထက်၌ပြခဲ့ပြီးသည့်အတိုင်း၊ ပဒပရမ ပုဂ္ဂိုလ်သည်၊ ပါရမီမြောက်သော ဒါနသီလဘာဝနာ၊ ကုသိုလ်တို့ကို အားထုတ်ရာ၏၊ (သီလသမာဓိပညာ အရာ၌၊ သီလဆိုသည်မှာ၊ ဒါနလည်းပါဝင်၏)၊ ၊အဝိဇ္ဇာ တဏှာ အလွန်ဖုံးလွှမ်း၍ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း ကိုပင် အလိုမရှိနိုင်ကြကုန်သောသူတို့မှာ အပါယ်သို့မကျရုံ အကျိုးငှါ၊ လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ကို တောင့်တ၍ပြု အပ်သော ဝဋ္ဋနိဿိတဒါနသီလ အစရှိသောကုသိုလ်ကောင်း မှုတို့ကို အားထုတ်ကြရာ၏၊ ထိုသူတို့သည်၊ သာသနာတော် အတွင်း၌ လူဖြစ်ကျိုးမနပ်ကြကုန်၊ အဘယ်ကြောင့်ဆိုသော် ဝဋ္ဋနိဿိတဒါန သီလဘာဝနာကုသိုလ်တို့သည် သာသနာ ပအခါ အစဉ် ထာဝရ ရှိနေသော ကုသိုလ်မျိုး ဖြစ်သော ကြောင့်တည်း၊

### သမထဘာဝနာ။ ဝိပဿနာဘာဝနာနှစ်ပါးတို့တွင် ဝိပဿနာ ဘာဝနာသည်သာသနာတွင်း၌သာရှိကြောင်း။

၄၈၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာနှစ်ပါးတို့တွင်၊ သမထဘာဝနာသည်၊ အခါခပ်သိမ်းကမ္ဘာတိုင်း၌ အစဉ်ထာ

ဂေဓိ၏၊ ဥပသမ္ပန္နဘာဝနသည် သာသနာတော်တွင်း၌သာ
ရှိ၏၊ ထိုကြောင့်၊ သာသနာတော်တွင်း၌ လူဖြစ်ကျိုးနပ်ရ
အောင် ဥပသမ္ပန္နဘာဝနာကို အားထုတ်အပ်၏၊ ဥပသမ္ပန္န
ဘာဝနာမည်သည်၊ အလွန်ခက်ခဲသိမ်မွေ့၏၊ ပြောပြ
သဘောသာ ရာ နေရ တကျ လိုအပ်၏၊ ။သမထဘာဝနာသည်
ကားပြောပြောမှုအလွန်လွယ်၏၊ နိမိတ်အထင်ရအောင်အား
ထုတ်မှု အလွန်ခဲယဉ်း၏၊ လောကီပွားတောက်ရှာ၍နေ
သော သတ္တဝါ နိမိတ်အထင်ရဖို့ရာ လွန်စွာခဲယဉ်း၏၊ မရနိုင်
သလောက်ပင်ခဲယဉ်း၏၊ ဆိတ်ငြိမ်ရာသို့ထွက်၍ အပြင်းအ
ထန်အားထုတ်မှ နိမိတ်ကိုရနိုင်ရန်ရှိသည်၊ ဝိပဿနာဘာဝ
နာအလုပ်မှာကား၊ လောကီစီးပွားအလုပ်ကိုလုပ်ရင်းဖြစ်နိုင်၏၊
မြတ်စွာဘုရားလက်ထက်တော်၌၊ သမထဘာဝနာကိုပေါက်
ရောက်အောင်အားထုတ်နိုင်သောလူသည် အလွန်နည်းလှ၏၊
အိမ်၌နေ၍ လောကီစီးပွားရှာလျက်၊ သမထအလုပ်ကိုပြီးကြ
သူအလွန်များ၏၊ သို့ရာတွင် သမထကမ္မဋ္ဌာန်းပေါက်ရောက်
သော လူ ဒ လွန်နည်းလှ၏၊ ရဟန်းတို့သာများ၏၊ ဝိပဿနာ
ကမ္မဋ္ဌာန်းပေါက်ရောက်၍ သောတာပန်ဖြစ်ကြသူကား လူ၌
အလွန်များ၏၊ သောတာပန်တထောင်မှာ၊ ရဟန်းသောတာ
ပန် ၁ ယောက်ခန့်မျှသာရှိ၏၊ လူသောတာပန်ကလည်း၊
အိမ်၌နေ၍ လောကီစီးပွားအလုပ်ကိုလုပ်ကိုင်ရင်း၊ ဝိပဿ
နာကိုအားထုတ်၍ သောတာပန်ဖြစ်သောသူသာလျှင်များ၏၊
အယုတ်သဖြင့် အိမ်အစေခံပင်ဖြစ်သော်လည်း၊ သံဝေဂ
သတိကောင်းကောင်းရှိပါလျှင်၊ ဝိပဿနာအလုပ်ကိုအားထုတ်

က သောတာပတ္တိမဂ်ကိုရနိုင်သည့်သဘောသည်း။ ။ဤဝိပဿနာ
အရာ၌ ကိုယ်ခန္ဓာ၌အနိစ္စအနေနှင့်၊ အကြောင်းခ ကျန်မရှိဖြစ်
ခြင်းပျက်ခြင်းကို မြင်နိုင်သည့်သဘော ပိုရင်းဖြစ်၏၊ သင်္ခါရသင်္ခါ
ရာ အနိစ္စာနှင့်ပင်၊ ဖြစ်ခြင်းပျက်ခြင်းတို့ကို တကိုယ်လုံးမြင်၍
မြင်နိုင်ပါလျှင်၊ အနိစ္စတလုံး၌ပင်ပြီးစီးနိုင်ပါ၏၊ နာမ်ရုပ်နှစ်ခု
လုံးနှင့်သော်သည်းပြီးစီးနိုင်ပါ၏၊ ဝေဒနာတလုံးနှင့် သခင်း၊
ပညာတလုံးနှင့်သော်ငင်း ပြီးစီးနိုင်ပါ၏။ ။မျက်စိဖြင့်မြင်သ
ကဲ့သို့၊ ဉာဏ်အမြင်ပေါက်မှ ဥပဿနာဉာဏ်ဖြစ်သည်၊※အ
ဘိဓမ္မာကျမ်းဂန်တတ်၍၊ ဓမ္မသဘောတို့ကို နေ့ရာကျသိနိုင်
သောဉာဏ်မျိုးသည်၊ ဝိပဿနာဉာဏ်မဟုတ်၊ သုတမယ
ဉာဏ်မည်၏၊※ယခုအခါ၌သုတမယဉာဏ်နှင့် ထင်မြင်မှုလုံး
သွင်းခြင်းကိုပင်※ဝိပဿနာဉာဏ်ဟုထင်မှတ်သူများ၏။ ။
ရုပ်ခန္ဓာတခြား၊ နာမ်ခန္ဓာတခြား၊ ကွဲကွဲပြားပြားမျက်စိနှင့်မြင်
သကဲ့သို့၊ သိခြင်းမြင်ခြင်းသည်ဝိပဿနာဉာဏ်မည်၏၊ဝိပဿနာ
ယေဉာဏ်ဟူ၍လည်း ခေါ်၏။ ။ဘာဝနာအရာ၌စာပေကျမ်း
ဂန်တတ်ခြင်းကိုမလိုသေး၊ နေ့ရာကျ ဟောပြောဖြသည့်ဆရာ
ကောင်းသာလိုသေး၏၊ ထိုဖြင့်၍ထိုဆရာကောင်းကိုရလျှင် ကျမ်း
ဂန်မတတ်သောသူပင်ဖြစ်ငြားသော်လည်း၊ အလွမ်းကျွန်ဆား
လုတ်ပါက ဘာဝနာပေါက်ရောက်ပါမှ၊ သောတာပန်ဖြစ်
နိုင်သည့်သဘောသည်း။ ။သောတာပန်ဖြစ်သပ်၊ ချမ်းသာ
သည်ဟု ထင်မှတ်ခြင်းတည်းဟူသော သုခသညာ မြဲမသိ
နိုင်သေး၊ သုခသညာကိုရဟာနာဖြင့်မှအမြီးဖြတ်ပယ်နိုင်သည်၊
အနိစ္စနှင့်အနတ္တလက္ခဏာတို့ကို သောတာပတ္တိမဂ်ကိုရလျှင်
အပြီးတိုင်ထင်မြင်နိုင်၏၊ ဒုက္ခလက္ခဏာကိုကား အရဟတ္တ

မဂ်ကိုရမှသာလျှင် အငြိမ်းဘိုင်သင်ဖြစ်နိုင်သည်၊ သောဘာပန်၊ သကာဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်ဘို့သည်၊ ဒုက္ခကိုအငြိမ်းဘိုင်မထင်ဖြင်နိုင်ကြကုန်သေးသည် အတွက်ကြောင့် တဏှာနှင့်မာနကို မပယ်နိုင်ကြကုန်သေး၊ သောဘာပန်ဖြစ်ရုံကားဖြင့်၊ ဤသူကား သောဘာပန်ပုဂ္ဂိုလ်ဘည်းဟု သိနိုင်ရန်ခဲယည်း၏၊ ထိုကြောင့်၊ ယခုအခါဘာသာနာအားဆုတ်ယုတ်သင်လည်း မဂ်ကိုရသောသူမှု၊ မဂ်ကိုမရနိုင်ဟု အဆူးပြောဆိုလေ့ရှိကြကုန်၏၊ ဤကဲ့သို့ကားမှတ်အပ်၊ ပိဋကဘာသာဝနာကို ဖွားဆုတ်ပါမူ၊ သောဘာပဘိုမဂ်ကို ရနိုင်သည့်သာတည်းဟုမှတ်အပ်၏၊ ထိုမှတပါး၊ အထူးမှတ်ရန်အချက်ကြီးတခုကို ပြဆိုဦးအံ့၊ ဖြည့်ဆည်းဘူးခဲ့သောပါရမီသည် ဖြည့်ခြင်းသို့ ရောက်သောအခါ၊ ဘုရားသာသနာနှင့်မတွေ့ချင်သော်လည်း မနေရ၊ မကျွတ်ချင်သော်လည်းမနေရ၊ တွေ့ရကျွတ်ရမည် မှချဟု၊ယခုအခါအများအင်မှတ်၍နေကြသည်၊ ဤကဲ့သို့ကား မဟုတ်၊ ရဟန္တာဖြစ်နိုင်သောနောက်ဆုံးဘဝဖြစ်သောပစ္ဆိမဘဝိက သားပင်ဖြစ်ပါသော်လည်း မြဲသောနိယတ ဗျာဒိတ်ရရှိပြီးသောသူ မဟုတ်လျှင်၊ ဘုရားသာသနာတော်နှင့် တွေ့ကြုံမိလျက်ပင်၊ ကိုယ်ကျင့်ကိုလေသာ သောင်းကြမ်းမှု အားကြီးသည့်အတွက်၊ ယခုဘဝ၌မဂ်မရလေ၊ ယခုဘဝပြီးသော မကောင်းမှုကံဒုစရိုက်အပါယ်၌ ဘဝရှည်လျား၍ နေပြန်လျှင်၊ မေတ္တာယျဖြတ်စွာဘုရား၏၊ သာသနာတော်၌ လည်းအပါယ်ဘဝမှ လွတ်ဦးမည်မဟုတ်၊ နောက်ကာလ၌ လည်း သုသာမှုများ ရှိတော့သည်၊ အဇာတသတ်မင်း၊ရဟန်းရှင်သုဒ္ဓန်ဘို့သည်၊ယခုဘဝ၌ ကျွတ်ဆိုက်သောသူဘို့ပင်

တည်း၊ အဇာတသတ်မင်းသည် အဘကိုသတ်မိသဖြင့်၊ ပိတု ဃာတကကံကိုကျူးလွန်ခြင်းကြောင့်၊ ယခုဘဝ၌ အကျွတ် တရားမရနိုင်၊ နောင်သံသရာ၌၊ ကမ္ဘာနှစ်သချေ်ာတိုင်အောင် မျောသေး၍ ပစ္စေကဗုဒ္ဓါဖြစ်လတံ့၊ ရဟန်းရှင်သုဒိန်သည် အသက်ငယ်ရွယ်စဉ် အခါ၌၊ ကာမဂုဏ်အမိုက် အလိုက် အစား ကြူး၍နေ၏ အရွယ်ကြီးရင့်သော အခါ၌၊ စိတ် ကြည်လင်ခြင်းမရှိနေ၏၊ ပဌမအရွယ်ငယ်စဉ်အခါ၌၊ဘုရား သာသနာမှာ ရဟန်းပြုခဲ့ပါလျှင်၊ ယခုဘဝ၌ပင် ရဟန္တာ ဖြစ်ရသတံ့၊ ဒုတိယအရွယ်၌ပြုခဲ့ပါလျှင်၊ အနာဂါမ်ဖြစ်၍၊ သေလွန်လျှင် သုဒ္ဓါဝါသဗြဟ္မာ့ဘုံမှာ ရဟန္တာဖြစ်ရလတံ့၊ တတိယအရွယ်ရောက်မှ၊ ရဟန်းပြုမိပါမူကား၊ သကဒါ ဂါမ်အဖြစ်၊ သောတာပန်အဖြစ်သို့ရောက်၍၊ အပါယ်သံသ ရာမှ အစဉ်ထာဝရလွတ်ငြိမ်းလေအံ့ဟု မြတ်စွာဘုရားဟော ကြားတော်မူသည်ကိုထောက်၍၊ သို့ဖြစ်၍ယခုဘဝ၌ မဂ်ကို ရနိုင်လောက်အောင် ရင့်သန်သော ပါရမီ ရှိသော်လည်း၊ အကုသိုလ်မှုသောင်းကြမ်း၍နေလျှင် မဂ်ကိုမရနိုင်မည်မဟုတ်၊ * ဒါနသီလမှုတို့ကိုသာ အားထုတ်၍၊ ဝိပဿနာဘာဝနာမှု လစ်လပ်၍နေလျှင်လည်း မဂ်ကိုရနိုင်မည်မဟုတ်၊ထို့ကြောင့် သာသနာတော်တွင်း၌၊ သာသနာတော်ကိုယုံကြည်လေးမြတ် ဆည်းကပ်ကိုးကွယ်သောသူတော်ကောင်းတို့သည်၊အယုတ် သဖြင့် သောတာပတ္တိမဂ်ကိုရအောင်၊ ဝိပဿနာ ဘာဝနာ ကို သမ္မုခါနှလုံးလဖြင့်နောက်သို့ဆုတ်ခြင်းမရှိ၊ စွဲစွဲမြဲမြဲအား ထုတ်ရာ၏၊ သာသနာတော်တွင်း၌သာ ဝိပဿနာ ဘာဝနာ ရှိသည်အကြောင်းကိုလည်း အမြဲမှတ်ယူပြီးလျှင်၊လူ့ဘောင်မှ

ထွက်၍ တောရချုံ၌ နေနိုင်သောလည်း၊ အိမ်တွင် နေ၍ လောကီစီးပွားကိုရှာကြံလျက် ဝိပဿနာဘာဝနာကို အား ထုတ်အပ်၏။

ဗုဒ္ဓဘာသာသင်ပေကျမ်းဤတွင်ပြီး၏။

-၁၀၆-

# အထူးနိုးဆော်ကြော်ငြာစာ။

ဤကျမ်းကိုရေးသားပြုစုသူ-မင်းတိုင်ပင်အမတ်ကြီးဦးဘေ သည်၊ ပန်းတနော်နယ်ပိုင် ဝန်ထောက်မင်း ဖြစ်စဉ်အခါက၊ ဗုဒ္ဓဘာသာအသင်းတို့၏ တောင်းပန်ချက်အရ၊ ခရစ်ယာန်-ရိဟာမတ်-ဟိန္ဒူ- အယူဝါဒတို့နှင့် ယှဉ်ပြိုင်၍၊ ဗုဒ္ဓမြတ်စွာ၏ တရားတော်သည်၊ ငင်စစ်ပုတ်မှန်ကြောင်း ဆိုရာ ဆို ကြောင်းဖြစ်သော၊ အညဝါဒနိဂ္ဂဟကျမ်းကို ရေးသားထား လေသည်၊ ၊အယူဝါဒတရားနှင့်တရားညီကိုသာ ခြားနားသည် ကိုရှင်း ဗုဒ္ဓသာသနာ၀ရ းဘောင်သည် မည ကိုသိနိုင်မွေ သည်ကိုရှင်း၊ သူတော်ကောင်းတို့အထူးနှလုံးသွင်းရန်၊ ဝပ ပတ် နင်နှပ် ကြည့်ရှုသင့်လှပါ၍၊ ဤအညဝါဒနိဂ္ဂဟကျမ်း- ပဉ္စမပုံနှိပ်ခြင်းကို၊ သက်သာနိုင်သမျှအကိုးထားပြင့်အမျိုးသား တို့၏အကျိုး၊ သာသနာတော်၏အကျိုး မျှော်ကိုးလျက်၊ စာ မျက်နှာနံပါတ်-၂၀၅ နှစ်ဖ အုပ်ကြီးကို၊ မန္တလေးမြို့ ၃၃လမ်း ၁၁ ၁၂ဝင်တန်း ဒေါက်တာမောင်မောင်-မြန်မာဝင်ဆ နှင့် စာပုံနှိပ် တိုက်၏ မူပိုင်ဖြစ်သည့်အတိုင်း၊ ဘာသာမျိုးခြား လူရှင်ရဟန်း များနှင့်တိုင်ပင်၍ထုတ်ဝေပါမည်၊

# နောက်ဆက်တွဲ။

ဗုဒ္ဓဘာသာစာပေကျမ်းဂန်ရှိ အသုံးအစွဲများသော
ပါဠိဘာသာဝေါဟာရများကိုသိသာလွယ်
အောင်သင်္ချိပ်အဓိပ္ပါယ်နှင့်တကွ၊
မြန်မာဘာသာပြန်ဆိုချက်၊
အလွယ်တကူရှာ၍တွေ့စေခြင်းငှါ၊အက္ခရာစဉ်
ပြဆိုထားသတည်း၊

## အ

(၁) အဘိညာဏ(အဘိညာဉ်)ခြောက်ပါးဟူသည်ကား။

၁။ သေလတံ့သောသတ္တဝါ၊ ပဋိသန္ဓေ နေလတံ့သော သတ္တဝါ၊- အပါယ်လေးပါးသို့ လားလတံ့သောသတ္တဝါ၊ လူ ပြည် နတ်ပြည် ဗြဟ္မာ့ပြည်သို့လားလတံ့သောသတ္တဝါ၊ ဤသို့ စသဖြင့် မျက်မှောက်ပစ္စုပ္ပန်၌ဖြစ်သောအာရုံကိုရင်း၊ နောက် အနာဂတ်ကာလ၌ ဖြစ်လတံ့သောအာရုံကိုရင်း၊ လွန်ခဲ့ပြီး သော အတိတ်ကာလ၌ဖြစ်သောအာရုံကိုရင်း၊ သိမ်မွေ့စွာ သော ရုပ်ရုံအပေါင်းတို့ကိုမြင်တတ်သော၊ ဒိဗ္ဗစက္ခုအဘိ ညာဉ်လည်းတပါး၊

၂။ နတ်တို့၏နားကဲ့သို့၊ သိမ်မွေ့စွာသောအသံကိုကြား တတ်သော၊ ဒိဗ္ဗသောတအဘိညာဉ်လည်းတပါး၊

၃။ အသွယ်သွယ် အပြားပြား တန်ခိုး ဖန်ဆင်းတတ်သော ဣဒ္ဓိဝိဓအဘိညာဉ်လည်းတပါး၊

၄ သူတပါး၏စိတ်ကို သိတတ်သော၊ ပရစိတ္တ ဝိဇာနန အဘိညာဉ်လည်းတပါး၊

၅။ အရဟတ္တမဂ်ဉာဏ်ဟု ဆိုအပ်သော၊ အာသဝေါ တရား လေးပါးတို့ကို ကုန်စေတတ်သော၊ အာသဝက္ခယ အဘိညာဉ်လည်းတပါး၊

၆။ ရှေး၌ ဖြစ်ဘူးသော ခန္ဓာ အစဉ်ကို၊ အလိုရှိတိုင်း အောက်မေ့ဆင်ခြင် သိမြင်တတ်သော ပုဗ္ဗေနိဝါသ အဘိညာဉ်လည်းတပါး၊

ဤခြောက်ပါးတည်း၊ ၊အဘိ၊ ကြီးမြတ်သော၊ ဉာဏ ဉာဏ်၊ ကြီးမြတ်သောဉာဏ်ဟုဆိုသည်၊

(၂) အာယတနခြောက်ပါးဟူသည်ကား

၁။ စက္ခွာယတန၊မျက်စိအကြည်၊
၂။ သောတာယတန၊နားအကြည်၊
၃။ ဃာနာယတန၊နှာခေါင်းအကြည်၊
၄။ ဇိဝှါယတန၊လျှာအကြည်၊
၅။ ကာယာယတန၊ကိုယ်ကာယအကြည်၊
၆။ မနာယတန၊မနောအကြည်၊

ဤခြောက်ပါးတို့သည် အတွင်းအာယတနမည်ကုန်၏၊

၇။ ရူပါယတန၊အဆင်းအာရုံ၊
၈။ သဒ္ဒါယတန၊အသံအာရုံ၊
၉။ ဂန္ဓာယတန၊အနံ့အာရုံ၊
၁၀။ ရသာယတန၊အရသာအာရုံ၊
၁၁။ ဖောဋ္ဌဗ္ဗာယတန၊အတွေ့အာရုံ၊
၁၂။ ဓမ္မာယတန၊ဓမ္မအာရုံ၊

ဤခြောက်ပါးတို့သည် ပြင်ပအာယတနမည်ကုန်၏၊

(၃) အာသဝလေးပါး၊ အာသဝေါတရား လေးပါး ဟူသည်ကား၊

၁။ တောင့်တခြင်းကိုစွဲလမ်း၍ ရှက်ဆောင်ရခြင်း၊ ကာမာ သဝလည်းတပါး။

၂။ ဘဝဖြစ်လို၍ ရှက်ဆောင်ရခြင်း၊ ဘဝါသဝလည်း တပါး။

၃။ ငါငါဟုစွဲလမ်းသော၊ သက္ကာယဒိဋ္ဌိအယူဖြင့် ရှက် ဆောင်ရခြင်း၊ ဒိဋ္ဌာသဝလည်းတပါး။

၄။ ဒုက္ခစသောမကောင်းသော အနိဋ္ဌာရုံတို့ကို လွှမ်းမိုး ရှာ မနှစ်သက်သည်ဖြစ်၍၊ သုခစသောကောင်းသောဣဋ္ဌာရုံ တို့ကိုသာအလိုရှိသဖြင့်၊ တောင့်တခြင်း၊ ကြောင့်ကြခြင်း၊ တွေး တောကြံစည်ခြင်းတို့၊ ယိုင်ဖို၍အာရုံမှန်ကိုအတိုင်း မပြည့်စုံနိုင် သည်ကို၊ မြည့်စုံမှိုင်းမှိုင်းနှင့်ရှက်ဆောင်ရခြင်းအဝိဇ္ဇာသဝလည်း တပါး။

ဤလေးပါးတည်း၊ ဖျက်ဆီးဖြင့်ဆွင့်သွန်ရခြင်း၊ အဦးအစဖြစ် ၍၊ အာဒိ၊ တိုဘိုဖွင့်သွစ်သဖြင့်၊ ပြင်ပရုပ်ပါရုံဝတ္ထုတို့၊ စက္ခု ပသာဒ ဟူသော မျက်စိအကြည်နှင့်၊ အရေးအခံပ်ထင်ခြင်း၊ သဟာ၊ ပုံထင်အင်သောချုပ်ငါတ်ကာ၊ မိမိ၏အာရုံ၌ ရှက်ဆောင် ခြင်း၊ ဝဟာ၊ ဤသို့လျှင်၊ အာဒိ၊ သဟာ၊ ဝဟာ တည်းဟူသော သဘောကို ပေါင်းစု၍၊ အခေါ်လွယ်အောင်၊ အာသဝဟူ၍ ခေါ်၏။

(၄) ကာမဂုဏ(ကာမဂုဏ်)ငါးပါးဟူသော်ကား၊

၁။ ရူပါရုံဆင်း၌တွယ်တာခြင်းလည်းတပါး၊

၂။ သဒ္ဒ၊ အသံနှင့်တွယ်တာခြင်းလည်းတပါး၊
၃။ ဂန္ဓ၊ အနံ့နှင့်တွယ်တာခြင်းလည်းတပါး၊
၄။ ရသ၊ အရသာနှင့်တွယ်တာခြင်းလည်းတပါး၊
၅။ ဖောဋ္ဌဗ္ဗ၊ အတွေ့နှင့်တွယ်တာခြင်းလည်းတပါး၊
ဤငါးပါးတည်း။

(၅) ကိလေသာဆယ်ပါးဟူသည်ကား၊
၁။ လောဘ၊ အလိုကြီးခြင်းလည်းတပါး၊
၂။ ဒေါသ၊ အမျက်ကြီးခြင်းလည်းတပါး၊
၃။ မောဟ၊ မသိခြင်း၊ မိုက်မဲခြင်းလည်းတပါး၊
၄။ မာန၊ စိတ်ကြီးဝင်ခြင်း၊ ဂုဏ်ရောက်ခြင်းလည်းတပါး၊
၅။ ဒိဋ္ဌိ၊ ဖောက်ပြန်သောအယူကိုယူခြင်းလည်းတပါး၊
၆။ ဝိစိကိစ္ဆာ၊ ဒွိဟမကောင်းတွေးတောခြင်းလည်း တပါး၊
၇။ ထိန၊ ငိုက်မျည်းတွေဝေခြင်းလည်းတပါး၊
၈။ ဥဒ္ဓစ္စ၊ စိတ်ပြန့်လွင့်ခြင်းလည်းတပါး၊
၉။ အဟိရိက၊ မကောင်းမှုကိုပြုရန် ရှက်ခြင်းလည်း တပါး၊
၁၀။ အနောတ္တပ္ပ၊ မကောင်းမှုကိုပြုရန်မကြောက်ခြင်းလည်း တပါး၊ ဤဆယ်ပါးတည်း၊

ကိလေသာတောင်ငါးရာဟူသည်ကား၊
စေတသိက် ၅၂ ပါးတွင်၊ စိတ်ကိုညစ်သည်ဖြင့်၊ နာခံဝ
ရုး ၅၃
(၁) ပထမခေတ်၊ (၂) အသခေါ်ခေတ်၊
(၃) တေဇောခေတ်၊ (၄) ဝါယောခေတ်၊

(၅) စက္ခုပသာဒ၊ (၆) သောတပသာဒ၊
(၇) ဃာနပသာဒ၊ (၈) ဇိဝှါပသာဒ၊
(၉) ကာယပသာဒ၊ (၁၀) ရူပါရုံ၊(၁၁)
သဒ္ဒါရုံ၊ (၁၂) ဂန္ဓာရုံ၊ (၁၃) ရသာရုံ၊
(၁၄) ဣတ္ထိဘာဝ၊ (၁၅) ပုမ္ဘာဝ၊
(၁၆) ဟဒယ၊ (၁၇) ဇီဝိတ၊(၁၈) အာ
ဟာရ၊ (၁၉) အာကာသဓာတ်၊ (၂၀)
ဇာတိ၊ (၂၁) ဇရတာ၊ (၂၂) အနိစ္စတာ၊

| | |
|---|---|
| ပုဂ္ဂိုလ်ရုပ် | ၂၂၊ |
| | ပေါင်း-၇၅၊ |
| အသင်္ခတဓာတ်ဖြစ်သော နိဗ္ဗာန်နှင့်ပေါင်းသော် | ၂၊ |
| | ၁၅၀၊ |
| ကိလေသာဆယ်ပါးနှင့်ပေါင်းသော် | ၁၀၊ |
| | ၁၅၀၀၊ |

ဖြစ်သတည်း၊

(၆) ကုသလ၊ရဝတိကာသုတ္တန်းတို့၏အယူသည်ကား၊
ဂေါကုလိကတုဗ္ဗုတ္တန်းတို့ကဲ့သို့ အယူရှိသဖြင့်၊ခွေးတို့
နှင့်တူစွာ သွားလာနေထိုင်စားသောက်မှုသည်း၊ ဤသကျင့်
သည်၊ပေါ်ပေါ်ကျင့်ပျင်း၊ ခွေးဒြစ်သတ်၏၊ တဏှာဘင်္ဂကျင့်
လျှင်၊ ငရဲကျသတ်၏၊ ထိုသကျင့်ကိုကျင့်သောဇာဂဗုဒ္ဓ
ဗ္ဗန်းကြီးသည်၊အသူခကာသဖြစ်သေ၏၊

ဂ

(၇) ဂေါတိကတုဗ္ဗုတ္တန်းတို့၏အယူသည်ကား၊

ရှေးရှေးသော ဘဝတို့က ပြုခဲ့သမျှသော မကောင်းမှု ကံပေါင်းရသည်၊ ယခုဘဝ၌ နွားများကဲ့သို့ အနှင်းအပေါ်းခံ၍၊တဘဝလုံးပြုခဲ့လျှင်၊ နေ့စဉ်ကောင်းကျိုးကိုပေးကြသဖြင့်၊ ယခုဘဝ၌ပင် ရှေးမကောင်းမှု ကံပေါင်းရကုန်ပြင်းဆုံးခြင်းသို့ရောက်၏၊ ယခုဘဝတွင်၊ မကောင်းမှုအသစ်လည်းမဖြစ်၊ မကောင်းမှုအကုသိုလ်အကုန် ပျို့ဖြစ်လျှင်၊ နောင်အခါထာဝရ ချမ်းသာသုခကိုရစေပါလို၍ ယူသောအယူပါတည်း ၊ ထိုအယူကိုယူ၍ ကျင့်သောသူသည် နွားကဲ့သို့သွားလာနေထိုင်စားသောက်၏၊ ဤအကျင့်သည် ဂေါဝတကျင့်လျှင် နွားဖြစ်တတ်၏၊ ပြင်းတင်းကျင့်လျှင်ငရဲသို့ကျတတ်၏၊

၁

(ဂ) စေတသိက၊စေတသိတ်(၅၂)ပါးပဥ္စမ ဝိဘာဂ။

၁။ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာဇီဝိတိန္ဒြေ၊မနသိကာရ၊ဟူ၍ သဗ္ဗစိတ္တ သာဓာရဏ စေတသိတ်ခေါ်သောစေတသိက်၊ ၇။

၂။ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒ၊ဟူ၍ ပကိဏ်း စေတသိက်ခေါ်သော၊ စေတသိက်၊ ၆။

၃။ မောဟ၊အဟိရိက၊ အနောတ္တပ္ပ၊ဥဒ္ဓစ္စ၊ လောဘ၊ ဒိဋ္ဌိ၊မာန၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ထိန၊မိဒ္ဓ၊ဝိစိကိစ္ဆာ၊ဟူ၍ အကုသိုလ်၊ စေတသိက်ခေါ်သောစေတသိက်၊ ၁၄။

၄။ သဒ္ဓါ၊ သတိ၊ ဟိရိ၊ ဩတ္တပ္ပ၊ အလောဘ၊

အဒေါသ၊ တတြမဇ္ဈတ္တတာ၊ ကာယပဿဒ္ဓိ၊
စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာ၊
ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယကမ္မည
တာ၊ စိတ္တကမ္မညတာ၊ ကာယ ပါဂုညတာ၊
စိတ္တပါဂုညတာ၊ ကာယုဇ္ဇုကတာ၊ စိတ္တုဇ္ဇုက
တာ၊ ဟူ၍၊ သောဘဏ သာဓာရဏ စေတ
သိက်ခေါ်သောစေတသိက်၊ ၁၉၊

၅၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဟူ၍
ဝိရတီစေတသိက်ခေါ်သောစေတသိက် ၃၊

၆၊ ကရုဏာ၊ မုဒိတာ၊ ဟူ၍ အပ္ပမညာစေတသိက်
ခေါ်သောစေတသိက်၊ ၂၊

၇၊ ပညိန္ဒြေဟူသောအမောဟစေတသိက် ၁၊

ပေါင်း ၅၂၊

ဤ ၅၂ ပါးတည်း၊ နံပါတ် ၁ နှင့် ကို၊ အညသ
မာန်းစေတသိက် ၁၃ ဟုခေါ်၏၊ နံပါတ် ၃ ကို၊ အကုသိုလ်
စေတသိက် ၁၄ ဟုခေါ်၏၊ ကြွင်းသော စေတသိက်တို့ကို
သောဘဏ စေတသိက် ၂၅ ဟုခေါ်၏၊ ဤစေတသိက်သုံး
မျိုးကိုပေါင်းသော် ၅၂ ပါးဖြစ်သတည်း၊

(၉) စရဏတရားပင်ငါးပါးဟူသည်ကား၊

၁၊ သီလသံဝရ၊ သီလကိုကောင်းစွာစောင့်စည်း
ခြင်း၊ ၁၊

၂၊ ဣန္ဒြိယသံဝရ၊ စက္ခုဒွါရ၊ မျက်စိ၊ နား၊ နှာ
ခေါင်း၊ လျှာ၊ ကိုယ်ကာယ၊ စိတ်မနော ဟူ
သော ဣန္ဒြေခြောက်ပါးတံခါးတို့၏ ပုံ ခြင်း၊ ၁၊

၃။ ဘောဇနေမတ္တညုတာ၊ ပစ္စည်းလေးပါးတို့ကို ခံစားသုံးဆောင်ခြင်း၌ အတိုင်းအရှည်ကိုသိခြင်း။ ၁။

၄။ ဇာဂရိယာနုယောဂ၊ ညဉ့်၏ သုံးဘို့ တဘို့ ဖြစ်သော နောက်ဆုံးအဘို့၌သာလျှင် ကိန်းစက်တော်မူ၍၊ အခါခပ်သိမ်း မဟာကြိယာ ဉာဏ်၊ သမာပတ်ဉာဏ် စသော ဉာဏ်ပြိုင်တို့ ဖြင့် နိုးကြားတော်မူခြင်း။ ၁။

၅။ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ ဝီရိယ၊ ပညာ ပေါင်း၍ သူတော်ကောင်းတရား။ ၇။

၆။ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် ပေါင်းသော ရူပါဝစရဈာန်။ ၄။

ပေါင်း။ ၁၅။

ဤတဆယ့်ငါးပါးတည်း။

(၁၀) ဇောဟူသည်ကား၊ အလွန်ပြင်းထန်သော အဟုန်ရှိသောစိတ်ကို ခေါ်သတည်း၊ ကုသိုလ်ဇော အကုသိုလ်ဇော ဟူ၍သည်၊ နှစ်ပါးသုံးဖြာကုန်၏။

(၁၁) ဈာန်အင်္ဂါငါးပါးဟူသည်ကား။

၁။ ဝိတက်၊ စိတ်ကိုအာရုံပေါ်သို့ ရောက်အောင် တင်ခြင်း၊

၂။ ဝိစာရ၊ ဝိတက်တင်၍ အာရုံပေါ်သို့ ရောက်ပြီးသော စိတ်ကိုတိုင်အာရုံပေါ်မှဆုတ်လန့်ခြင်းမရှိအောင်ခါးပန်းသုံးသပ်ခြင်း

၃၊ ဝိတိ၊နှစ်သက်ခြင်း၊

၄၊ သုခ၊ကိုယ်စိတ်နှစ်ပါး၊ ဖြေ့ရွှင်လမ်း ချမ်းသာခြင်း၊

၅၊ ဧကဂ္ဂတာ၊ စိတ်၏ငြိမ်သက် တည်ကြည်ခြင်း၊

ဤငါးပါးတည်း၊

# ဉာ

(၁၂) ဥဗ္ဗဇာ့တရားငါးပါးဟူသည်ကား၊

၁၊ နိဗ္ဗာန်မှတပါး၊ လောကီဝဋ်တရား၊ လောကုတ္တရာ ဘရားဟုဆိုအပ်သော၊သင်္ခါရ၊

၂၊ ဘောက်ပြန်ခြင်း အနက်ရှိသော၊ လောကီတရား အ ခေါင်းဟုဆိုအပ်သော၊ဝိကာရ၊

၃၊ စိတ်သည်၊ အာရုံကိုသိခြင်းလက္ခဏာ၊ စေတသိက် သည်၊ ငါးဆယ့်နှစ်ပါးသောလက္ခဏာ၊ ရုပ်သည်၊အပူအဖြ ဖြစ်သောဥတုဘို့ကြောင့် ဘောက်ပြန်ခြင်းလက္ခဏာ၊ နိဗ္ဗာန် သည်၊ဝဋ်ဘရားမှထွက်မြောက်ခြင်းလက္ခဏာ၊ ဤသို့စသဖြင့် ခြင်း၊ ၊လောကီစိတ်၊စေတသိက်၊ ရုပ်တရားတို့သည်အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာ၊ မဂ်စိတ်ဖိုလ်စိတ်တို့သည်၊ အနိစ္စ၊ ဒုက္ခ၊အနတ္တလက္ခဏာ၊ နိဗ္ဗာန်သည်၊အနတ္တလက္ခဏာ၊ ဤဘို့ အားဖြင့်ရင်း၊ ၊လောကီ၊ လောကုတ္တရာခပ်သိမ်းကုန်သော တရားဘို့၏လက္ခဏာ၊

၄၊ အကြောင်း တရား တို့သည် မပြုမပြင် အပ်သော မဂ်နိုလ်၏အာရုံဖြစ်သောနိဗ္ဗာန်၊

၅၊ ဤမည်သော ပရမတ္ထ ဓမ္မ၏ အပေါင်းအစိတ်ကို၊ ဤ ဒိုသောအမည်ဖြင့် တင်၍ခေါ်ပေါ်ခြင်းဟုဆိုအပ်သော ပညတ်၊

ဤသို့လျှင်၊ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိပ္ဖန်၊ ပညတ်၊ ဤတရားငါးပါးသည်ခြေယျှခ် တရားငါးပါးမည့်သဘည်း၊

## ၁၃

(၁၃) တကျာသုံးပါးဟူသည်ကား၊

၁၊ ကာဠဆယ့်တဘုံ၌ဖြစ်သော ချမ်းသာသုခကိုတပ်တတ်သောကာမတဏှာ၊

၂၊ ရူပဗြဟ္မာ ၁၆ ဘုံ၌ဖြစ်သော ချမ်းသာသုခကို တပ်တတ်သောရူပတဏှာ၊

၃၊ အရူပဗြဟ္မာ လေးဘုံ၌ဖြစ်သော ချမ်းသာသုခကို တပ်တတ်သောအရူပတဏှာ၊ ဤသုံးပါးတည်း၊

တနည်းကား၊

၁၊ ရူပါရုံစသော ဝတ္ထုကာမကို တပ်တတ်သော၊ ကာမတဏှာ၊

၂၊ ထာဝရ မြဲသောဘဝကို တပ်တတ်သော၊ ဘဝတဏှာ၊ (သဿတဒိဋ္ဌိနှင့်တကွဖြစ်သောတဏှာ၊)

၃၊ ဘဝမဖြစ်ခြင်း၊ ဘဝပြတ်ခြင်းကို တပ်တတ်သော၊ ဝိဘဝတဏှာ (ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သောတဏှာ၊) ဤသုံးပါးလည်းဟူ၏၊

ဧင်းခြောက်ပါးဟူသည်ကား၊

ရူပ၊ အဆင်းတဏှာ၊ သဒ္ဒ၊ အသံတဏှာ၊ ဂန္ဓ၊ အနံ့တဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗ၊ အတွေ့တဏှာ၊ ဓမ္မတဏှာ၊ ဤခြောက်ပါးတည်း၊

ဧင်း တရာ့ရှစ်ပါးဟူသည်ကား၊

ရူပတဏှာစသော တဏှာခြောက်ပါးကို၊ ကာမဘာဝ၊

ရူပဘဝ၊ အရူပဘဝဟုဆိုအပ်သော ဘုံသုံးပါးဖြင့်မြှောက်၍ တဆယ့်ရှစ်ပါး၊ ထိုတဆယ့်ရှစ်ပါးကို၊ အတွင်းအဇ္ဈတ္တ သန္တာန်၊ ပြင်ပ ဗဟိဒ္ဓ သန္တာန်ဖြင့် မြှောက်၍၊ သုံးဆယ့် ခြောက်ပါး၊ ထိုသုံးဆယ်ခြောက်ပါးကို ပစ္စုပ္ပန်၊ အတိတ် အနာဂတ် ကာလသုံးပါးဖြင့် မြှောက်၍၊ တဏှာ အပြား တရာ့ရှစ်ပါးဖြစ်သတည်း။

(၁၄) ဒိဋ္ဌိအပြားကားရှစ်ဆယ့် ငါးပါးရှိ၏။ ။ရှစ်ဆယ့် ငါးပါးဟူသောကား သက္ကာယဒိဋ္ဌိ ၂၀၊ ဗြဟ္မဇာလသုတ်တွင် ဟောတော်မူသောဒိဋ္ဌိ ၆၂ ပါး၊ထိုမှတပါး၊ ကမ္မပထမြောက် သော မိစ္ဆာဒိဋ္ဌိကြီး ၃ ပါး၊ဤ ၈၅ ပါးတည်း။

၁။ သက္ကာယဒိဋ္ဌိ ၂၀ ဟူသည်ကား၊ ။ရူပက္ခန္ဓာ၌လေး ပါး၊ ဝေဒနာက္ခန္ဓာ၌ လေးပါး၊ သညာက္ခန္ဓာ၌ လေးပါး၊သင်္ခါရက္ခန္ဓာ၌လေးပါး၊ ဝိညာဏက္ခန္ဓာ၌လေးပါး၊ ဤနှစ်ဆယ် တည်း။ ။ရူပက္ခန္ဓာ၌လေးပါးဟူသည်ကား၊

၁။ ရုပ်ဟူသည်အတ္တပင်တည်း၊ အတ္တဟူသည်လည်း ရုပ်ပင်တည်းဟု၊ ရုပ်နှင့်အတ္တကိုနှစ်ပါးမကွဲပြား၊ တပါးတခု တည်းသာဟုရှု၏။ (ဤသူကား ရုပ်သက်သက်ကို အတ္တဟုယူ သည်။)

၂။ ရုပ်ရှိသောနာမ်တရားကို၊ အတ္တဟူ၍ရှု၏၊ သစ် ပင်ရှိအရိပ်ရှိ၏ဟုရှုသကဲ့သို့၊ အတ္တကိုရုပ်ရှိသောတရားဟု ရှု သည်၊ သစ်ပင်ကိုစွဲ၍ အရိပ်ဖြစ်သကဲ့သို့ အတ္တကိုစွဲ၍ရုပ်ဖြစ် သည်ဟုရှု၏ (ဤသူကား နာမ်သက်သက်ကို အတ္တဟုယူသည်။)

၃။ အတ္တ၌ရုပ်ကိုရှု၏၊ ပန်းနံ့သည် ပန်းပွင့်နှင့်ကင်း၍

မဖြစ်၊ ပန်းပွင့်ခူမှီ၍ဖြင်သကဲ့သို့၊ ရုပ်သည်အတ္တနှင့်ကင်း၍မဖြစ်၊ အတ္တနှင့်မှီ၍သာဖြစ်သည်ဟူလို၊ (ဤသူလည်းနာမ်သက်သက်ကိုအတ္တဟုယူသည်၊)

၄၊ ရုပ်နှင့်အတ္တကိုရှု၍၊ ကြောင်နှင့်ပတ္တမြားကို ရှုသကဲ့သို့၊ ရုပ်နှင့် အတ္တကိုရှုသည်၊ ပတ္တမြားသည်ကြောင်နှင့် တည်သကဲ့သို့၊ အတ္တသည် ရုပ်နှင့်တည်သည်ဟူလို (ဤသူကား နာမ်သက်ကိုပင် အတ္တဟုယူသည်၊)

ဤလေးပါးတည်း၊

ဤပြဆိုခဲ့ပြီးသည်ကိုမှီ၍ဖြင့်၊ ဝေဒနာကွန့်၊ သညာကွန့်၊ သင်္ခါရကွန့်၊ ဝိညာဏကွန့်တို့၌၊ လေးပါးစီပြားပုံကိုသိလေ၊

အတ္တဟူသည်ကား၊ ခန္ဓာကိုယ်တွင်း၌ ရှိသည်ဟု မိစ္ဆာဒိဋ္ဌိတို့က ကြံဆဟောပြောသော အတ္တဟည်းဟူသော ဝတ္ထု၊ တည်း၊ (အင်္ဂလိပ်ဘာသာအားဖြင့်၊ဆိုးလ်ဟုခေါ်သည်၊)

(၂) ဗြဟ္မဇာလသုတ်တွင် ဟောတော်မူသော ဒိဋ္ဌိ ၆၂ ပါးဟူသည်ကား၊ ၊ရုပ်ဝေဒနာ စသည်ကို အတ္တဟူ၍၎င်း လောကဟူ၍၎င်း၊ ယူ၍ အတ္တ သည်၎င်း၊ လောကသည် ၎င်း၊ ပျက်စီးခြင်းမရှိ မြဲ၏ဟုယူသော၊ သဿတဒိဋ္ဌိလေးပါး၊ ၊အချို့သောသတ္တဝါသင်္ခါရသည် မြဲ၏၊ အချို့သော သတ္တဝါသင်္ခါရသည်မမြဲဟူသော၊ ဧကစ္စသဿတဒိဋ္ဌိလေးပါး၊ ၊ပဋိဘာဂနိမိတ်ကိုလောကဟုယူ၍၊ လောကသည်အဆုံးရှိ၏၊ လောကသည်အဆုံးမရှိစသဖြင့်ယူသော၊ အန္တာနန္တိကဒိဋ္ဌိလေးပါး၊ ၊ငုပ်ခြင်း ပေါ်ခြင်းတို့၏အလွမ်းဖြင့်၊ ရေ

ပြီးသွားတတ်သည့်ဖြစ်၍၊ ဘာဝနာပူခြင်းငှါခံခက်သော ငါး
ပင်းဟု ယာရကာသသဒ္ဒါခေါ်ကြသောအမရာမည်သော ငါးကဲ့
သို့၊သဘောသဘာ၊ဥဒ္ဒေသဒသည်တခုရှိ တည်ဘုံ့စွဲမြဲမရှိ၊ဖြန့်လွှင့်
သောအယူပျာသော၊ အမရာဝိက္ခေပဒိဋ္ဌိလေးပါး၊ ၊အတ္တ
သောကသည်အကြောင်းမရှိဘဲဖြစ်လိုရာဖြစ်၏ဟု ယူသော
ဒိဋ္ဌိ သမုပ္ပန္နဒိဋ္ဌိနှစ်ပါး၊ ၊အတ္တသည် သညာရှိ၏ဟု ယူ
သော၊ သညီဝါဒဒိဋ္ဌိ ၁၆ ပါး၊ ၊အတ္တသည်သညာမရှိဟု
ယူသော အသညီဝါဒဒိဋ္ဌိ ၈ ပါး၊ ၊အတ္တသည် သညာရှိ
သည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်ဟု ယူသော၊ နေ
သညီနာသညီဝါဒဒိဋ္ဌိ ၈ ပါး၊ သေပြီးမှ ပြတ်ကျသော
ဖြစ်ရှက်သည်၊ တဘန်ပဋိသန္ဓေနေခြင်း မရှိသကဲ့သို့၊ သတ္တဝါ
သလျှင် တဘန်မဖြစ် ပြီးပြတ်လေတော့သည်ဟု ယူသော
ဥစ္ဆေဒ ဒိဋ္ဌိခုနစ်ပါး၊ ၊မျက်မှောက် ပစ္စုပ္ပန်ဘဝ၌၊မြတ်
သောနိဗ္ဗာန်သို့ရောက်၏ ဟုယူသော၊ ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ
ဒိဋ္ဌိ ငါးပါး၊ ၊ဤသို့လျှင် ၆၂ ပါးဖြစ်သတည်း၊ ၊ထို ၆၂ ပါး
တွင် ရှေ့ ၁၈ ပါးသည်၊ ရှေး၌ဖြစ်သောတရားကို အစဉ်
လျှောက်၍ မှားသောအားဖြင့် ယူသောကြောင့်၊ ပုဗ္ဗန္တာ
နုဒိဋ္ဌိကဒိဋ္ဌိမည်၏၊ နောက် ၄၄ ပါးသည်၊ နောက်အဘို့၌
ဖြစ်သောတရားကို အစဉ်လျှောက်သဖြင့်၊ ကြံဆ၍ယူသော
ကြောင့်၊ အပရန္တာနုဒိဋ္ဌိကဒိဋ္ဌိမည်၏၊ ၊ထိုဒိဋ္ဌိ ၆၂ပါး
တို့တွင်၊ သာမညအားဖြင့် ခုနစ်ပါးတို့သာ၊ဥစ္ဆေဒဒိဋ္ဌိ၊ကြွင်း
သော (၅၅) ပါးတို့မှာ၊ သဿတဒိဋ္ဌိချည်းသာတည်း၊ ၊
(၆၂) ပါးသောဒိဋ္ဌိ တို့ကို အသီးသီး ခွဲဖြတ်ဝေဘန်၍
ပြီးအံ့၊

သဿတဒိဋ္ဌိသည် အဘယ်မှာ လေးပါးပြားသနည်း ဟူမူ၊

၁။ ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့်၊ ဘဝတသိန်းကိုသာ မြင်၍၊ ထိုထက်အလွန် မမြင်နိုင်သောကြောင့်၊ အတ္တသည် ၎င်း၊ လောကသည် ၎င်း၊ ပျက်စီးခြင်းမရှိ မြဲ၏ဟုယူသော သဿတဒိဋ္ဌိတပါး။

၂။ ပုဗ္ဗေနိဝါသဉာဏ်ဖြင့်၊ ကမ္ဘာ တဆယ်ကိုသာ မြင်၍၊ ထိုထက်အလွန်မမြင်နိုင်သောကြောင့်၊ အတ္တသည်၎င်း လောကသည်၎င်း၊ ပျက်စီးခြင်းမရှိမြဲ၏ဟု ယူသောသဿတဒိဋ္ဌိတပါး။

၃။ ပုဗ္ဗေနိဝါသဉာဏ်ဖြင့်၊ ကမ္ဘာလေးဆယ်ကိုသာ မြင်၍၊ ထိုထက်အလွန် မမြင်နိုင်သောကြောင့်၊ အတ္တသည် ၎င်း၊ လောကသည်၎င်း၊ ပျက်စီးခြင်းမရှိ မြဲ၏ဟု ယူသော သဿတဒိဋ္ဌိတပါး။

၄။ ပုဗ္ဗေနိဝါသဉာဏ်ကို မရသော် ကြံဆ၍၊ အတ္တသည် ၎င်း၊ လောကသည်၎င်း၊ ပျက်စီးခြင်းမရှိ မြဲ၏ဟု ယူသော သဿတဒိဋ္ဌိတပါး။

အဘယ်သို့သော ဧကစ္စသဿတဒိဋ္ဌိလေးပါးဖြစ်သနည်းဟူမူ၊

၁။ မဟာဗြဟ္မာဘုံမှ စုတေ၍၊ လူ့ပြည်၌ဖြစ်လာသော ပုဂ္ဂိုလ်တပါးသည်၊ ရသေ့ပြုသဖြင့်၊ ဈာန်အဘိညာဉ်ကိုရ၍၊ ပုဗ္ဗေနိဝါသဉာဏ်ဖြင့်အောက်မေ့သည်ရှိသော်၊ ထိုဗြဟ္မာ တဘဝကိုသာမြင်၍၊ ထိုထက်အလွန် မမြင်သောကြောင့်၊ ငါတို့ကား အမြဲတည်၏၊ မဟာဗြဟ္မာဘုံ၌ရှိသော ငါတို့ကို ဘန်ဆင်းသော မဟာဗြဟ္မာကြီးကား၊ မြဲ၏ဟု ယူသော ဧကစ္စ သဿတဒိဋ္ဌိတပါး။

၂။ ခိဍ္ဍာပဒေါသိက မည်သော နတ်တို့သည်၊ မိမိတို့ စည်းစိမ်၌ ယစ်မူးပျော်ပါးခြင်း လွန်၍ သတိ မေ့လျော့ သဖြင့်၊ အာဟာရကို မသုံးဆောင်ဘဲ နေသောကြောင့်၊ စုတေ၍ လူ့ပြည်၌ ဖြစ်သောအခါ ရှေးသို့ပြုသဖြင့် ဈာန်အဘိညာဉ် ကိုရ၍၊ ပုဗ္ဗေနိဝါသ ဉာဏ်ဖြင့် အောက်မေ့သည့်ရှိသော်၊ ထိုနတ်ဖြစ်သောဘဝကိုသာမြင်၍၊ ထိုထက် အလွန်မမြင်သော ကြောင့်၊ ငါတို့ကား အလွန်မြူးထူး ပျော်ပါးခြင်းကြောင့်၊ စုတေရကုန်သည်၊ ငါတို့အဘောင်နတ်တို့ကား၊ မြူးထူးပျော် ပါးခြင်း မရှိသောကြောင့်စုတေခြင်းမရှိ၊ အမြဲတည်ကုန်သည် ဟု ယူသောဧကစ္စသဿတဒိဋ္ဌိတပါး။

၃။ မနောပဒေါသိကမည်သောနတ်တို့တွင်၊ နတ်သား နှစ်ယောက်တို့သည်၊ တဦးနှင့်တဦး လွန်စွာအမျက် ထွက် ကြ၍ နှစ်ဦးစလုံးစုတေကြသောအခါ လူ့ပြည်၌ ဖြစ်ကြ၍၊ ရှေးသို့ပြုသဖြင့် ဈာန်အဘိညာဉ်ကို ရကာသ၊ ပုဗ္ဗေနိဝါသ ဉာဏ်ဖြင့်၊ အောက်မေ့သည်ရှိသော်၊ ထိုနတ်ဘဝ တခုကို သာမြင်၍၊ ထိုထက်အလွန် မမြင်သောကြောင့်၊ ငါတို့ကား အချင်းချင်းဒေါသထွက်၍ ဖြစ်မှားသောကြောင့်၊ စုတေပျက် စီးရကုန်သည်၊ ငါတို့၏အဘောင်နတ်တို့ကား၊ စိတ်ဖြင့် ဖြစ် မှားခြင်းမရှိသောကြောင့်၊ စုတေပျက်စီးခြင်းမရှိ၊ အမြဲတည် ကုန်သည်ဟုယူသော ဧကစ္စသဿတဒိဋ္ဌိတပါး။

၄။ ဈာန်အဘိညာဉ်ကိုမရဘဲ ကြံဆ၍၊ ရုပ်သည်သာ [illegible]ကား ပျက်စီးခြင်းမရှိ အမြဲတည်သည်ဟု ယူသော [illegible]သဿတဒိဋ္ဌိတပါး။

ဤသို့လေးပါး ဖြစ်သတည်း။

အဘယ်သို့အန္တာနန္တိကဒိဋ္ဌိလေးပါးဖြစ်သနည်းဟူမူ၊

၁၊ ဈာနလာဘီ ပုဂ္ဂိုလ်သည်၊ ကသိုဏ်း ပဋိဘာဂနိမိတ်ကို၊ စကြဝဠာ အပိုင်းအခြားဆုံးအောင် မပွားစေမူ၍၊ ထိုထိုပဋိဘာဂ နိမိတ်ကို လောကဟု အမှတ်ရှိ၍၊ လောကသည် အဆုံးရှိ၏ဟုယူသော အန္တဝါဒိဋ္ဌိတပါး၊

၂၊ စကြဝဠာအပိုင်းအခြားဆုံးအောင် ပွါးစေ၍၊ လောကသည် အဆုံးမရှိဟုယူသော အနန္တဝါဒိဋ္ဌိတပါး၊

၃၊ အောက်အထက်အားဖြင့်မပွါးစေဘဲ၊ ဖီလာအပြန့်အားဖြင့်သာ ပွါးစေ၍၊ လောကသည် အောက်အထက်အားဖြင့်အဆုံးရှိ၏၊ ဖီလာ အပြန့်အားဖြင့် အဆုံး မရှိဟုယူသော အန္တာနန္တိကဒိဋ္ဌိတပါး၊

၄၊ ဈာန်ကိုမရဘဲ မိမိအကြံအားဖြင့်၊ လောကသည် အဆုံးရှိသည်လည်း မဟုတ်၊ အဆုံးမရှိသည်လည်းမဟုတ်ဟုယူသော၊နေဝန္တာနာနန္တိကဒိဋ္ဌိတပါး၊

ဤသို့လေးပါးဖြစ်သတည်း၊

အဘယ်သို့အမရာဝိက္ခေပဒိဋ္ဌိလေးပါးဖြစ်သနည်းဟူမူ၊

၁၊ ငါသည်ဤကားကုသိုလ် ဤကားအကုသိုလ်ဟု မှန်စွာမသိချေ၊ ထိုသို့မသိဘဲလျက်ဤကားကုသိုလ်၊ ဤကားအကုသိုလ်ဟုဖြေကြားခဲ့သော်၊ မုသာဝါဒဖြစ်ရာ၏၊ထိုသို့မုသာဝါဒဖြစ်သည်ရှိသော်၊ နောက်၌ ပူပန်းဆင်းရဲဖြစ်ရာ၏၊နတ်ရွာမင်္ဂလိုဖို၏အန္တရာယ်လည်း ဖြစ်ရာ၏ဟုကြံ၍၊ မုသာဝါဒ မှ ကြောက်ရွံ့သောကြောင့်၊ ကုသိုလ်ဟူ၍လည်း အယူမရှိ အကုသိုလ်ဟူ၍လည်း အယူမရှိ၊ ကုသိုလ်၊ အကုသိုလ်မှ

ပါးဟူ၍သည်း အယူမရှိ၊ ဤသုံးပါးပင် မဟုတ်ဟူ၍သည်း အဟူမရှိ၊ ဤသုံးပါးပင်မဟုတ်သည့် မဟုတ်ဟူ၍သည်း အယူမရှိဟုပယ်၏၊ ဤသို့ဘည့်ဘနှံခြင်းမရှိ၍ လွှင့်သော အယူရှိသော ပုဂ္ဂိုလ်၏ အယူဖြစ်သော အမရာဝိက္ခေပဒိဋ္ဌိတပါး၊

၂။ ဤကားကုသိုလ်၊ ဤကားအကုသိုလ်ဟုဖြေကြားပြီးနောက်၊ ပညာရှိတို့ကသင်သည့် ကောင်းစွာဖြေကြားပေ၏ ပြီးမှမ်းလျှင်၊ ငါ့အားဆန္ဒ၊ ရာဂဖြစ်ရာ၏၊ သင်သည်မကောင်းသဖြင့်ဖြေကြားခဲ့သည်ဟုဆိုလျှင် ဒေါသ၊ ပဋိဃဖြစ်ရာ၏၊ ထိုသို့ဆန္ဒ၊ ရာဂ၊ ဒေါသ၊ ပဋိဃဖြစ်သည့်ရှိသော်၊ စွဲလန်းခြင်း ဥပါဒါန်ဖြစ်ရာ၏၊ ဥပါဒါန်ဖြစ်သည့်ရှိသော်၊ ပင်ပန်းခြင်းဖြစ်ရာ၏ စသဖြင့်ကြံ၍ အသက်ကိုပြန်ဆိုခဲ့သည့်အဘိုင်းပယ်၍၊ ပျံ့လွှင့်သောအယူရှိသော ပုဂ္ဂိုလ်၏အယူဖြစ်သောအမရာဝိက္ခေပဒိဋ္ဌိတပါး၊

၃။ မသိဘဲလျက်၊ ကုသိုလ်အကုသိုလ်ဟုဖြေကြားခဲ့သည့်ရှိသော်၊ ပညာရှိတို့သည်၊ မည်သည့်တရားသည် ကုသိုလ်မည်သနည်း မည်သည့်အကြောင်းကြောင့် ကုသိုလ်မည်သနည်း၊ စသဖြင့်ဗိစစ်သည့်ရှိသော် ပြည့်စုံအောင်ဖြေကြားခြင်းငှါမစွမ်းနိုင်ရာ၊ ထိုသို့မစွမ်းနိုင်သည့်ရှိသော်၊ ငါ့အားပင်ပန်းခြင်းဖြစ်ရာ၏ စသဖြင့်ကြံ၍၊ ပညာရှိတို့ဗိစစ်အံ့သည်မှကြောက်သောကြောင့်၊ မဖြေကြားဘဲရှောင်နည်းပယ်၍ ပျံ့လွှင့်သော အယူရှိသောပုဂ္ဂိုလ်၏၊ အယူဖြစ်သောအမရာဝိက္ခေပဒိဋ္ဌိတပါး၊

၄။ တမလွန်လောကရှိမရှိ၊ သတ္တဝါရှိမရှိ၊ ကောင်းမှုမကောင်းမှုတို့၏ အကျိုးရှိမရှိ သတ္တဝါသေသည့်နောက်ဖြစ်မဖြစ်ကိုမေးသည့်ရှိသော်၊ အလွန်ရိုက်မဲတွေဝေသည်ဖြစ်၍၊ ရှိမ

နှ၊ ဖြစ်မဖြစ်ကို မဖြေကြားဘဲ၊ ရှေးနည်းတူပယ်၍၊ တည်တန့်ခြင်းမရှိ၊ ပျံ့လွင့်သောအယူရှိသောပုဂ္ဂိုလ်၏ အယူဖြစ်သော အမရာဝိက္ခေပဒိဋ္ဌိတပါး၊ ။ ဤသို့လေးပါးဖြင့်သတည်း၊

အဘယ်သို့ အဓိစ္စသမုပ္ပန္နဒိဋ္ဌိနှစ်ပါးဖြစ်သနည်း ဟူမူ၊

၁၊ အသညသတ်ဘုံမှ စုတေ၍၊ လူ့ပြည်၌ဖြစ်သော ပုဂ္ဂိုလ်သည်၊ ဈာန်အဘိညာဉ်ကိုရ၍ ပုဗ္ဗေနိဝါသဉာဏ်ဖြင့် အောက်ခမေ့သည်ရှိသော်၊ ယခုမျက်မှောက်ဘဝ ပဋိသန္ဓေကိုသာမြင်၍၊ ငါသည်ရှေးက မဖြစ်ဘူးသေးတစုံတရာသော အကြောင်းမရှိဘဲ၊ ယခုမှဖြစ်သည်၊ ထို့ကြောင့်၊ အတ္တသည်၎င်း၊ လောကသည်၎င်း၊ အကြောင်းမရှိဖြစ်လိုရာဖြစ်၏ဟုယူသောပုဂ္ဂိုလ်၏ အယူဖြစ်သော၊ အဓိစ္စသမုပ္ပန္နဒိဋ္ဌိတပါး၊

၂၊ ဈာန်အဘိညာဉ်ကို မရဘဲကြံဆ၍ အတ္တသည်၎င်း လောကသည်၎င်း အကြောင်းနှင့်ကင်း၍ ဖြစ်လိုရာဖြစ်၏ဟု ယူသောပုဂ္ဂိုလ်၏အယူဖြစ်သော၊ အဓိစ္စသမုပ္ပန္နဒိဋ္ဌိတပါး၊

ဤသို့နှစ်ပါးဖြစ်သတည်း၊

အဘယ်သို့ သညီဝါဒဒိဋ္ဌိ တဆယ့်ခြောက်ပါးဖြစ်သနည်း ဟူမူ

၁၊ ကသိုဏ်းရုပ်ကိုအတ္တ၊ ကသိုဏ်းရုပ်ပဲလျှင် အာရုံရှိသော နာမက္ခန္ဓာကို သညာဟုယူ၍၎င်း၊ ကြံဆကာမျှဖြင့်၎င်း ရုပ်ရှိသောအတ္တသည်၊ သေသည်မှနောက်၌ မြဲ၏၊ သညာရှိ၏ ဟုယူသော ရူပီဒိဋ္ဌိတပါး၊

၂၊ အရူပဈာန်၏အာရုံကိုအတ္တ၊ အရူပ သမာပတ်ကို သညာဟုယူ၍၎င်း ကြံဆကာမျှဖြင့်၎င်း၊ ရုပ်မရှိသောအတ္တသည်၊ သေသည်မှနောက်၌ သညာရှိ၏ ဟုယူသော အရူပီဒိဋ္ဌိတပါး၊

၃။ ရုပ်ရှိ၊ရုပ်မရှိသော အဘ္ဘသည်၊ သေသည်မှနောက် ၌မြဲ၏၊ သညာရှိ၏ဟုယူသောရူပါရူပီဒိဋ္ဌိတပါး၊

၄၊ ရုပ်ရှိသည်လည်းမဟုတ်၊ ရုပ်မရှိ သည်လည်းမ ဟုတ်သော အတ္တသည်၊ နေသည်မှနောက်၌မြဲ၏၊ သညာရှိ ၏ဟုယူသော၊ နေဝရူပီနာရူပီဒိဋ္ဌိတပါး၊

၅၊ ဈာနလာဘီ ပုဂ္ဂိုလ်သည်၊ ကသိုဏ်း ပဋိဘာဂ နိမိတ်ကို စကြဝဠာ အပိုင်းအခြားဆုံးအောင် မပွါးစေဘဲ၊ ထိုပဋိဘာဂနိမိတ်ကို၊ အတ္တဟုအမှတ်ရှိ၍ အတ္တသည်အဆုံး ရှိ၏သေသည်မှနောက်၌မြဲ၏၊ သညာရှိ၏ဟုယူသော၊ အန္တဝါ ဒိဋ္ဌိတပါး၊

၆၊ စကြဝဠာ အပိုင်းအခြား ဆုံးအောင် ပွါးစေ၍၊ အဆုံးမရှိသော အတ္တသည်၊ သေသည်မှနောက်၌မြဲ၏၊သညာ ရှိ၏ဟုယူသော၊အနန္တဝါဒိဋ္ဌိတပါး၊

၇။ အောက်အထက်အားဖြင့် မပွါးစေဘဲ၊ ဖီလာအ ပြန့်အားဖြင့်သာ ပွါးစေ၍၊ အဆုံးရှိ၊ အဆုံးမရှိသောအတ္တ သည်၊ သေသည်မှနောက်၌မြဲ၏၊ သညာရှိ၏ဟု ယူသော အနန္တာနန္တိကဒိဋ္ဌိတပါး၊

၈။ ကြံအာဘေသာအားဖြင့် အဆုံးရှိသည်လည်း မဟုတ် မရှိသည်လည်းမဟုတ်သော အတ္တသည်၊ သေသည်မှနောက် ၌မြဲ၏ သညာရှိ၏ဟုယူသော၊ နေဝန္တာနာနန္တိကဒိဋ္ဌိတပါး၊

၉၊ သမာပတ်ကိုဝင်စားသည့်၏အစွမ်းဖြင့် တခုတည်း သော သညာရှိသော အတ္တသည်၊ သေသည်မှနောက်၌မြဲ၏ သညာရှိ၏ဟုယူသော ဧကတ္တသညီဒိဋ္ဌိတပါး၊

၁၀။ သမာပတ် ဝင်စားသည့်၏ အစွမ်းဖြင့်၊ အသွားသွား

သော သညာရှိသော အတ္တသည်၊ သေသည်မှနောက်၌မြဲ၏၊ သညာရှိ၏ဟုယူသော နာနတ္တသညီဒိဋ္ဌိတပါး၊

၁၁၊ ကျဉ်းသောကသိုဏ်းရုပ်၏ အစွမ်းဖြင့်၊ ငယ်သော နည်းသော သညာရှိသောအတ္တသည်၊ သေသည်မှနောက်၌ မြဲ၏၊ သညာရှိ၏ဟုယူသော၊ပရိတ္တသညီဒိဋ္ဌိတပါး၊

၁၂၊ ကျယ်ပြန့်သောကသိုဏ်းရုပ်၏ အစွမ်းဖြင့်၊ကျယ်ပြန့်သောသညာရှိသော အတ္တသည်၊ သေသည်မှနောက်၌ မြဲ၏၊ သညာရှိ၏ဟုယူသော၊အပ္ပမာဏ သညီဒိဋ္ဌိတပါး၊

၁၃၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်၊ ပဌမဈာန်ဘုံ၊ ဒုတိယဈာန်ဘုံ၊ တတိယဈာန်ဘုံ၌ ဖြစ်သည်ကိုမြင်၍ စင်စစ်ချမ်းသာခြင်းရှိသော အတ္တသည်၊ သေသည်မှနောက် ၌မြဲ၏၊ သညာရှိ၏ဟုယူသော၊ ဧကန္တသုခီသညီဒိဋ္ဌိတပါး၊

၁၄၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်၊ ငရဲ၌ဖြစ်သည်ကိုမြင်၍ စင်စစ်ဆင်းရဲခြင်းရှိသော အတ္တသည်၊ သေသည်မှနောက် ၌မြဲ၏၊ သညာရှိ၏ဟုယူသော ဧကန္တဒုက္ခသညီဒိဋ္ဌိတပါး၊

၁၅၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်၊လူ့ဘုံ၌ဖြစ်သည်ကိုမြင်၍၊ ချမ်းသာခြင်းဆင်းရဲခြင်းရှိသောအတ္တသည်၊ သေသည်မှ နောက်၌မြဲ၏ သညာရှိ၏ ဟုယူသော သုခဒုက္ခီဒိဋ္ဌိတပါး၊

၁၆၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်၊ ဝေဟပ္ဖိုလ်ဘုံ၌ဖြစ်သည်ကိုမြင်၍၊ ဆင်းရဲခြင်းချမ်းသာခြင်းမရှိသော အတ္တသည်၊ သေသည်မှနောက်၌မြဲ၏၊ သညာရှိ၏ဟုယူသော၊အဒုက္ခမသုခီသညီဒိဋ္ဌိတပါး၊

ဤသို့တဆယ့်ခြောက်ပါးဖြစ်သတည်း၊

အသညီဝါဒဒိဋ္ဌိ၊ နေဝသညီနာသညီဝါဒဒိဋ္ဌိတို့၌လည်း သညီဝါဒ၌ဆိုခဲ့ပြီးသည်ကို ကြည့်၍မှတ်လေ၊ ၊အကျဉ်း အားဖြင့်သာပြပေအံ့၊ ၊အဘယ်သို့ အသညီ ဝါဒရှစ်ပါးဖြစ် သနည်းဟူမူ၊

၁၊ ရုပ်ရှိသောအတ္တသည်၊ သေသည်မှ နောက်၌ မြဲ၏၊ သညာမရှိဟုယူသော ရူပီဒိဋ္ဌိတပါး၊

၂၊ ရုပ်မရှိသောအတ္တသည်၊ သေသည်မှ နောက်၌မြဲ၏၊ သညာမရှိဟုယူသော၊အရူပီဒိဋ္ဌိတပါး၊

၃၊ ရုပ်ရှိ၊ရုပ်မရှိသောအတ္တသည်၊သေသည်မှနောက်၌မြဲ၏၊သညာမရှိဟုယူသော၊ရူပါရူပီဒိဋ္ဌိတပါး၊

၄၊ ရုပ်ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်သောအတ္တသည်၊ သေသည်မှနောက်၌မြဲ၏၊ သညာမရှိဟုယူသော၊ နေဝရူပီနာရူပီဒိဋ္ဌိတပါး၊

၅၊ အဆုံးရှိသော အတ္တသည်၊ သေသည်မှနောက်၌မြဲ၏၊ သညာမရှိဟုယူသော၊အန္တဝါဒိဋ္ဌိတပါး၊

၆၊ အဆုံးမရှိသောအတ္တသည်၊ သေသည်မှနောက်၌မြဲ၏၊ သညာမရှိဟုယူသော၊အနန္တဝါဒိဋ္ဌိတပါး၊

၇၊ အောက်အထက်အားဖြင့်အဆုံးရှိသော ဖီလာအပြန့်အားဖြင့်အဆုံးမရှိသော အတ္တသည်၊ သေသည်မှနောက်၌မြဲ၏၊ သညာမရှိဟုယူသော၊အန္တာနန္တိကဒိဋ္ဌိတပါး၊

၈၊ အဆုံးရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်သောအတ္တသည်၊ သေသည်မှနောက်၌မြဲ၏၊ သညာမရှိဟုယူသော၊ နေဝန္တနာနန္တိဒိဋ္ဌိတပါး၊

ဤသို့ရှစ်ပါးဖြစ်သတည်း၊

အဘယ်သို့နေဝသညီ နာသညီဝါဒရှစ်ပါးဖြစ်သနည်းဟူမူ၊

၁၊ ရုပ်ရှိသောအတ္တသည် သေသည်မှ နောက်၌မြဲ၏၊ သညာရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်ဟု ယူသော၊ ရူပီဒိဋ္ဌိတပါး၊

၂၊ ရုပ်မရှိသောအတ္တသည်၊ သေသည်မှနောက်၌မြဲ၏၊ သညာရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ်ဟု ယူသော၊အရူပီဒိဋ္ဌိတပါး၊

၃၊ ရုပ်ရှိ၊ရုပ်မရှိသော အတ္တသည်၊ သေသည်မှနောက်၌မြဲ၏၊ သညာရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ်ဟုယူသော ရူပါရူပီဒိဋ္ဌိတပါး၊

၄၊ ရုပ်ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်သော အတ္တသည်၊ သေသည်မှနောက်၌မြဲ၏၊ သညာရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်ဟု ယူသော၊ နေဝရူပီနာရူပီဒိဋ္ဌိတပါး၊

၅၊ အဆုံးရှိသောအတ္တသည်၊ သေသည်မှနောက်၌မြဲ၏၊ သညာရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်ဟု ယူသော အန္တဝါဒိဋ္ဌိတပါး၊

၆၊ အဆုံးမရှိသောအတ္တသည်၊ သေသည်မှ နောက်၌မြဲ၏၊ သညာရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်ဟုယူသော၊အနန္တဝါဒိဋ္ဌိတပါး၊

၇၊ အောက်အထက်အားဖြင့် အဆုံးရှိသော၊ ဖီလာအပြန့်အားဖြင့် အဆုံးမရှိသောအတ္တသည်၊ သေသည်မှနောက်၌မြဲ၏၊ သညာရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်ဟုယူသော၊ အန္တာနန္တိကဒိဋ္ဌိတပါး၊

၈၊ အဆုံးရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဲ ဟုတ်သောအတ္တသည်၊ သေသည်မှနောက်၌မြဲ၏၊ သညာရှိ သည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်ဟု ယူသော၊ နေဝသညာနာသညီကဒိဋ္ဌိတပါး၊

ဤသို့ရှစ်ပါးဖြစ်သတည်း၊

အဘယ်သို့ဥစ္ဆေဒဒိဋ္ဌိခုနှစ်ပါးဖြစ်သနည်းဟူမူ၊

၁၊ အတ္တသည်၊ ကိုယ်ခန္ဓာပျက်သည်ရှိသော်၊ အကြွင်း မဲ့ပြတ်သောအားဖြင့်ပျက်၏၊ သေသည်မှ နောက်၌ တဘန် ပဋိသန္ဓေနေခြင်းမရှိပြီဟုယူသောဥစ္ဆေဒဒိဋ္ဌိတပါး၊

၂၊ လူတို့၏ အတ္တသည်၊ အကြွင်းမဲ့မပြတ်၊ နတ်ပြည်၌ နတ်တို့၏ အတ္တသည်သာ ကိုယ်ခန္ဓာ ပျက်သည် ရှိသော်၊ အကြွင်းမဲ့ ပြတ်သောအားဖြင့်ပျက်၏၊ တဘန်ပဋိသန္ဓေ နေ ခြင်းမရှိပြီဟု ယူသောဥစ္ဆေဒဒိဋ္ဌိတပါး၊

၃၊ နတ်တို့၏အတ္တသည် အကြွင်းမဲ့မပြတ်၊ ရူပဗြဟ္မာ တို့၏ အတ္တသည်သာ ကိုယ်ခန္ဓာပျက်သည်ရှိသော်၊ အကြွင်း မဲ့ပြတ်သောအားဖြင့်ပျက်၏၊ တဘန်ပဋိသန္ဓေနေခြင်း မရှိပြီ ဟုယူသော ဥစ္ဆေဒဒိဋ္ဌိတပါး၊

၄၊ ရူပဗြဟ္မာတို့၏အတ္တသည်၊ အကြွင်းမဲ့မပြတ်၊ အာ ကာသာနဉ္စာယတနဗြဟ္မာတို့၏၊ အတ္တသည်သာ၊ သေသည် ကာလအကြွင်းမဲ့ပြတ်သောအားဖြင့်ပျက်၏၊ တဘန်ပဋိသန္ဓေမ နေပြီဟုယူသော၊ဥစ္ဆေဒဒိဋ္ဌိတပါး၊

၅၊ အာကာသာနဉ္စာယတန ဗြဟ္မာတို့၏ အတ္တသည် အကြွင်မဲ့မပြတ်၊ ဝိညာဏဉ္စာယတနဗြဟ္မာတို့၏ အတ္တသည်သာ သေသည်ကာလအကြွင်းမဲ့ပြတ်သောအားဖြင့်ပျက်၏၊ တဘန်

ပဋိသန္ဓေမနေပြီဟု ယူသောဥစ္ဆေဒဒိဋ္ဌိတပါး၊

၆၊ ဝိညာဏဥဿယတနပြဟ္မာတို့၏အတွက်သည်၊ အကြွင်းမဲ့မပြတ်၊ အာကိဉ္စညာယတန ပြဟ္မာတို့၏အတွက်သည်သာ၊ သေသည်ကာလ အကြွင်းမဲ့ ပြတ်သောအားဖြင့် ပျက်၏၊ တဖန်ပဋိသန္ဓေမနေပြီဟုယူသောဥစ္ဆေဒဒိဋ္ဌိတပါး၊

၇၊ အာကိဉ္စညာ ယတန ပြဟ္မာတို့၏ အတွက်သည်၊ အကြွင်းမဲ့မပြတ်၊ နေဝသညာနာသညာ ယတနပြဟ္မာတို့၏၊ အတွက်သည်သာ၊ သေသည်ကာလ အကြွင်းမဲ့ပြတ်သောအား ဖြင့်ပျက်၏၊ တဖန်ပဋိသန္ဓေမနေပြီဟုယူသော ဥစ္ဆေဒဒိဋ္ဌိ တပါး၊ ၊ ဤသို့ခုနစ်ပါးဖြစ်သတည်း၊

အဘယ်သို့ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒငါးပါးဖြစ်သနည်းဟူမူ၊

၁၊ ကြောမဋ္ဌာတ်၊ ဝသဝတ္တိနတ်တို့၏ ငါးမည်သောနှင့် တူသော ကာမဂုဏ်ကိုခံစားရသောသူသည်၊ မျက်မှောက် ဝဋ်ပြဲ့နဘဝ၌ နိဗ္ဗာန်သို့ရောက်၏ဟုယူသော၊ ပရမဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒဒိဋ္ဌိတပါး၊

၂၊ ကာမဂုဏ်ကို ခံစားသောသူသည်၊ မျက်မှောက် ဘဝ၌နိဗ္ဗာန်သို့မရောက်၊ ရူပါဝစရ ပဌမဈာန်ကို ဝင်စား သောသူသည်သာ၊ မျက်မှောက်ဘဝ၌နိဗ္ဗာန်သို့ရောက်၏ဟု ယူသော၊ ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိတပါး၊ ၊

၃၊ ပဌမဈာန်ကို ဝင်စားသောသူသည်၊ မျက်မှောက် ဘဝ၌ နိဗ္ဗာန်သို့မရောက်၊ ဒုတိယဈာန်ကို ဝင်စားသော သူ သည်သာ၊ မျက်မှောက်ဘဝ၌ နိဗ္ဗာန်သို့ရောက်၏ဟုယူသော

တတိယဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိတပါး။

၄။ ဒုတိယဈာန်ကို ဝင်စားသောသူသည်၊ မျက်မှောက်ဘဝ၌ နိဗ္ဗာန်သို့ရောက်၊ တတိယဈာန်ကိုဝင်စားသောသူသည်သာ၊ မျက်မှောက်ဘဝ၌ နိဗ္ဗာန်သို့ရောက်၏ဟုယူသော စတုတ္ထဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိတပါး။

၅။ တတိယဈာန်ကိုဝင်စားသောသူသည်၊ မျက်မှောက်ဘဝ၌ နိဗ္ဗာန်သို့ရောက်၊ စတုတ္ထဈာန်ကိုဝင်စားသောသူသည်သာ၊ မျက်မှောက်ဘဝ၌ နိဗ္ဗာန်သို့ရောက်၏ဟုယူသော ပဉ္စမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိတပါး။

ဤသို့ငါးပါးဖြစ်သတည်း။

(၃) ကမ္မပထရောက်သော မိစ္ဆာဒိဋ္ဌိကြီး သုံးပါးဟူသည်ကား။

၁။ အကိရိယမိစ္ဆာဒိဋ္ဌိတပါး။

၂။ အဟေတုကမိစ္ဆာဒိဋ္ဌိတပါး။

၃။ နတ္ထိကမိစ္ဆာဒိဋ္ဌိတပါး။

ဤသုံးပါးတည်း။

ဤမိစ္ဆာဒိဋ္ဌိသုံးပါးအကြောင်းကို၊ ဤကျမ်း၌ ပဉ္စမပိုင်း ပုဒ်မ(၁၃)တွင်ပြဆိုပြီးဖြစ်သတည်း။

မှတ်ချက်အထူးမှာ၊ သက္ကာယဒိဋ္ဌိနှစ်ဆယ်၊ ဗြဟ္မဇာလသုတ်တွင်ဟောတော်မူသော ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါး တို့သည်မဂ်ကိုသာတားမြစ်နိုင်၏၊ လူ့ပြည်၊နတ်ပြည်၊ ဗြဟ္မာ့ပြည်၌ ဖြစ်ခြင်းဟူသော သုဂတိကိုမတားမြစ်နိုင်၊ အကိရိယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ ဤဒိဋ္ဌိသုံးပါးလျှင် မဂ်ကိုလည်း၊ သုဂတိကိုလည်းတားမြစ်၏။

(၁၅)၊ ဒွါရခြောက်ပါးဟူသည်ကား၊

၁၊ စက္ခုပသာဒ၊မျက်စိအကြည်ဓာတ်၊

၂၊ သောတပသာဒ၊နားအကြည်ဓာတ်၊

၃၊ ဃာနပသာဒ၊နှာခေါင်းအကြည်ဓာတ်၊

၄၊ ဇိဝှါပသာဒ၊လျှာအကြည်ဓာတ်၊

၅၊ ကာယပသာဒ၊ကိုယ်ကာယအကြည်ဓာတ်၊

၆၊ မနပသာဒ၊နှလုံးအကြည်ဓာတ်၊

ဤအကြည်ဓာတ် ခြောက်မျိုးကို၊ သင်္ဂြိုဟ်ကျမ်း ဒွါရသင်္ဂဟ၊ ဒွါရဟုခေါ်သည်၊ ဒွါရဆိုသည်ကား၊အပေါက်ဟင်းလင်းကိုဆိုသည်၊ ၊ဒွါရသည် နှစ်မျိုးရှိ၏၊ နှစ်မျိုးဟူသည်ကား အာကာသဒွါရ (ဟင်းလင်းအပေါက်) မဟာဒွါရ (မှန်ကဲ့သို့အကြည်အပေါက်) ဤနှစ်မျိုးဘည်း၊ ၊အာကာသဒွါရဆိုသည်ကား၊ ခံတွင်းပေါက်၊ လည်ချောင်းပေါက်၊ နှာခေါင်းပေါက်၊ မျက်စိပေါက် အစရှိသော ဒွါရကိုးပေါက် ဟူ၍ဆိုအပ်သောအပေါက်ရ၊ မွေးညှင်းပေါက်ရသည် အာကာသဒွါရမျိုးရာဘည်း၊ ၊ဆိုခဲ့သောစက္ခုအကြည် အစရှိသော အကြည်ဓာတ် ခြောက်ပါးတို့သည်ကား၊ အာကာသဒွါရမဟုတ်၊ မှန်ဘီခါးနှင့်အလားတူသော၊ အကြည်ပေါက်အလင်းပေါက်တို့ပေတည်း၊

(၁၆) ဓမ္မဂုဏ်၊ တရားဂုဏ်တော်ခြောက်ပါး ဟူသည်ကား၊

၁၊ ပရိယတ္တိဓမ္မသည်၊ဒိဓိအနက်ဖြစ်သောသီလဖြင့် အစ၏ကောင်းခြင်း၊ သမထဝိပဿနာ၊ မဂ်ဒိုသ်၊ သမာဓိတို့ဖြင့် အလယ်၏ကောင်းခြင်း၊ နိဗ္ဗာန်ဖြင့်အဆုံး၏ ကောင်းခြင်းရှိ၏၊

ထို့ကြောင့်တရားတော်သည်၊ သွာက္ခာတတာမည်၏၊

၂၊ ကိုးပါးသော လောကုတ္တရာဓမ္မကို၊ အကြင်ပုဂ္ဂိုလ် သည်ရ၏၊ ထိုပုဂ္ဂိုလ်၏သန္တာန် ပညာဖြင့် သိစေအပ်သည်ကို ကြည့်၍ကိုယ်ထင်ဖြစ်၍ဖြစ်သော ပစ္စဝေက္ခဏာဉာဏ်ဖြင့်သာ သိအပ်သောကြောင့်၊ သန္ဒိဋ္ဌိကမည်၏၊

၃၊ မဂ်လေးပါးသည် အကျိုးပေးသည်ရှိသော်၊ လက်ဖြစ် တတွင်း၊ လျှော်တပြက်အစရှိသောကာလအထူးကို မငံ့မူ၍ အကျိုးပေးတတ်သောကြောင့်၊ အကာလိကမည်၏၊

၄၊ လောကုတ္တရာ တရားသည်၊ ထက်ဝန်းကျင်မှ စင် ကြယ်သောကြောင့်၊ လာလှည့်၊ ခင်သိမ်းသောပူပန်ခြင်းကိုငြိမ်း စေတတ်သော ဤတရားတော်ဘည်းဟူသော သီတာရေကို ကြည့်လှည့်လော့ ချိုးသောက်လှည့်လော့ဟု ခေါ်ခြင်းငှါထိုက် သောကြောင့်၊ ဧဟိပဿိကမည်၏၊

၅၊ မဂ်တရားဖိုလ်တရား နိဗ္ဗာန်တရားသည်၊ နိဗ္ဗာန်သို့ ဆောင်တတ်မျက်မှောက်ပြုအပ်သည်၏ အဖြစ်သို့ ရောက် အောင် ဆောင်တတ်သောကြောင့်၊ ဩပနေယျိကမည်၏၊

၆၊ ဥဃ္ဃဋိတညူအစရှိသော ပုဂ္ဂိုလ်တို့သည်၊ မိမိတို့ ၏ စိတ်၌သာလျှင်ငါကား မဂ်ဖိုလ်ကိုပွားစေအပ်၊ ရောက်စေ အပ်ပြီ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုအပ်ပြီဟူ၍၊ သိအပ် ခံစား အပ်သည်ဖြစ်၍၊ သူ၏ဦးခေါင်း၌တန်ဆာကဲ့သို့၊ ဆရာရသော မဂ်ဖိုလ်ကို တပည့်၊ တပည့်ရသောမဂ်ဖိုလ်ကို ဆရာသည်၊ ခံစားခြင်းငှါ မတတ်ကောင်းသောကြောင့်၊ ပစ္စတ္တံ ဝေဒိ တဗ္ဗော ဝိညူဟိမည်၏၊

ဤခြောက်ပါးတည်း၊

(၁၇) ရတင်ဆယ့်သုံးပါးဟူသည်ကား၊

၁၊ လှူလာသောသင်္ကန်းကို သေးမခံပယ်၍၊ မြေပုံမှာ သွားမြေမှုန့်အလားသို့၊ စက်ဆုပ်ဖွယ်သို့ ရောက်လာသော သင်္ကန်းကိုဆောင်ခြင်းပံသုကူရတင်တပါး၊

၂၊ လေးထည်မြောက်သောသင်္ကန်းကို ပယ်၍၊ သင်္ကန်း သုံးထည်ကိုသာ ဆောင်ခြင်းတိစီဝရိတ်ရတင်တပါး၊

၃၊ ပိဏ္ဍပါယသလောသဘောဖြင့် ရလွန်သော ဆယ့် လေးဘတ်လာတ်ကိုပယ်၍၊ အပေါင်းအာမိသတို့၏ သပိတ် နှိကျခြင်းရကို နှာလေ့ရှိသဖြင့် ဆွမ်းအလို့ငှါသွားခြင်း ပိဏ္ဍ ပါတ်ရတင်တပါး၊

၄၊ အိမ်စဉ်ကျော်၍ လျှင်ပေါ်သော သွားလာခြင်းကို ပယ်၍၊ အိမ်စဉ်မပြတ် ဆွမ်းရပ်လေ့ရှိခြင်း၊ သပဒါနရတင် တပါး၊

၅၊ အထူးထူးသောနေရာ၌ စားခြင်းကိုပယ်၍၊ တနေရာ တည်း၌စားခြင်း၊ ဧကာသနိက်ရတင်တပါး၊

၆၊ နှစ်ခုမြောက်သော ခွက်ကိုပယ်၍၊ တခွက်တည်း၌ သာစားခြင်း၊ ပတ္တပိဏ်ရတင်တပါး၊

၇၊ ဂိလာနပစ္စည်း၊ ဝိနည်းမှုရှိတို့၏၊ ရလွန်တွင်းကျန် သော ဘောဇဉ်ကိုပယ်၍၊ မြင်ပယ်သည်နောက်မှ ရသော ဆွမ်းကိုစားခြင်း၊ ခလုပစ္ဆာဘတ်ရတင်တပါး၊

၈၊ ရွာနီးကျောင်းကို ပယ်၍ တောနေခြင်း၊ အရည တင်ရတင်တပါး၊

၉၊ အခန်း၊ ကျောက်၊ သစ်ရွက်၊ မြက်၊ အင်တော၊ ဤငါးပါး

သော အမိုးကိုပယ်၍၊ သင်ပင်ရင်း၌နေခြင်း၊ ရုက္ခမူဓုတင် တပါး၊

၁၀၊ အမိုးကိုရင်း၊ သစ်ပင်ရင်းကိုရင်းပယ်၍၊ လွင်တီး ဟင်းလင်း၌နေခြင်း၊ အဗ္ဘောကာသိကဓုတင်တပါး၊

၁၁၊ သင်းချိုင်းမဟုတ်သော အရပ်ကိုပယ်၍၊ သင်္ချိုင်း ၌နေခြင်း၊ သုသာနိကဓုတင်တပါး၊

၁၂၊ ကောင်းမကောင်း ရုံစမ်းမေးမြန်း ကြည့်ရှုခြင်း ဟူ သောကျောင်း၌ လျှင်ပေါ် လော်သည်ခြင်းကိုပယ်၍၊ ရှေ့ဦး ညွှန်ကြားတိုင်းသောကျောင်း၌နေခြင်း၊ ယထာသန္တတိကဓုတင် တပါး၊

၁၃၊ လျောင်းသည်းခြင်းကိုပယ်၍၊ ထိုင်နေခြင်း၊ နိသဇ္ဇိ ကဓုတင်တပါး၊

ဤတဆယ့်သုံးပါးတည်း၊

(၁၈) ဓာတ်တဆယ့်ရှစ်ပါးဟူသည်ကား၊

၁၊ စက္ခုဓာတု၊မျက်စိအကြည်ဓာတ်၊

၂၊ သောတဓာတု၊နားအကြည်ဓာတ်၊

၃၊ ဃာနဓာတု၊နှာခေါင်းအကြည်ဓာတ်၊

၄၊ ဇိဝှါဓာတု၊လျှာအကြည်ဓာတ်၊

၅၊ ကာယဓာတု၊ကိုယ်ကာယအကြည်ဓာတ်၊

၆၊ ရူပဓာတု၊အဆင်းဓာတ်၊

၇၊ သဒ္ဒဓာတု၊အသံဓာတ်၊

၈၊ ဂန္ဓဓာတု၊အနံ့ဓာတ်၊

၉၊ ရသဓာတု၊အရသာဓာတ်၊

၁၀၊ ဖောဋ္ဌဗ္ဗဓာတု၊အတွေ့ဓာတ်၊

၁၁၊ စက္ခုဝိညာဏဓာတု၊မျက်စိဝိညာဉ်ဓာတ်၊
၁၂၊ သောတဝိညာဏဓာတု၊နားဝိညာဉ်ဓာတ်၊
၁၃၊ ဃာနဝိညာဏဓာတု၊နှာခေါင်းဝိညာဉ်ဓာတ်၊
၁၄၊ ဇိဝှါဝိညာဏဓာတု၊လျှာဝိညာဉ်ဓာတ်၊
၁၅၊ ကာယဝိညာဏဓာတု၊ကိုယ်ကာယဝိညာဉ်ဓာတ်၊
၁၆၊ မနောဓာတု၊နှလုံးဓာတ်၊
၁၇၊ မနောဝိညာဏဓာတု၊နှလုံးဝိညာဉ်ဓာတ်၊
၁၈၊ ဓမ္မဓာတု၊သုခုမရုပ် (၁၆) စေတသိက် (၅၂) နိဗ္ဗာန်ဟုဆိုအပ်သောဓမ္မဓာတ်၊

ဤ (၁၈) ပါးတည်း၊

(၁၉) နီဝရဏခြောက်ပါးဟူသည်ကား

၁၊ ကာမဂုဏ်ကိုခံစားလိုသော၊ ကာမစ္ဆန္ဒနီဝရဏ
၂၊ အမျက်ဒေါသဟူသော၊ဗျာပါဒနီဝရဏ၊
၃၊ ပိုက်မျည်းထိုင်းမှိုင်းခြင်းဟူသော၊ထိနမိဒ္ဓနီဝရဏ
၄၊ ပျံ့လွင့်ခြင်း၊ ပူပန်ခြင်းဟူသော၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊
၅၊ ပဋိစ္စကသိုဏ်းစသည်ကိုကြည့်ရှုအားထုတ်လျှင် ဤကဲ့သို့ဖြစ်သည်ဟုဟောသောဆရာသည်အဟုတ်အမှန်သိ၍ ဟောလေသလော၊ မသိဘဲ ယမ်းဆ၍ ဟောလေသလော၊ ဟောအပ်သောတရားသည်မှန်သောတရား ဟုတ်ပါ၏လော စသဖြင့်၊ ကမ္မဋ္ဌာန်းဆရာ၌ရင်း၊ ကမ္မဋ္ဌာန်းလမ်းကြောင်း၌ရင်း၊ ယုံမှား

တွေးတောခြင်း၊ ဝိစိကိစ္ဆာနီဝရဏ။
ဤခြောက်ပါးတည်း။

(၂၀) ပါရမီဆယ်ပါးဟူသည်ကား။

၁။ ဒါနပါရမီ၊ လှူဒါန်းခြင်း။

၂။ သီလပါရမီ၊ သီလစောင့်သုံးခြင်း၊ ကိုယ်နှုတ်နှစ်ပါးကိုသိမ်းဆည်းခြင်း။

၃။ နိက္ခမပါရမီ၊ ကာမဘေး ဘဝဘေးတို့မှ ထိတ်လန့်သဖြင့်တောထွက်ခြင်း။

၄။ ပညာပါရမီ၊ ဟုတ်မှန်တိုင်းသောသဘောတရားကို ထိုးထွင်း၍သိမြင်ခြင်း။

၅။ ဝီရိယပါရမီ၊ စိတ်ကိုမလျှော့မရဲ၊ ခိုင်မြဲစွာအားသစ်ကြိုးပမ်းခြင်း။

၆။ ခန္တီပါရမီ၊ ဆင်းရဲဒုက္ခတို့ကို နှလုံးခိုင်ခန့်သဖြင့် သည်းခံနိုင်ခြင်း။

၇။ သစ္စာပါရမီ၊ မိမိသိမြင်တိုင်း၊ ဟုတ်မှန်တိုင်းကို သာမြွက်ဆိုခြင်း။

၈။ အဓိဋ္ဌာန်ပါရမီ၊ ဒါန၊ သီလ၊ နိက္ခမ၊ ပညာစသည်တို့၌ ကြံ့ခိုင်စွဲမြဲခြင်း။

၉။ မေတ္တာပါရမီ၊ သူတပါးကျေးဇူးများရအောင်၊ ကောင်းကျိုးကိုလွန်စွာသည်ပိုးခြင်း။

၁၀။ ဥပေက္ခာပါရမီ၊ ချီးမြှောက်၊ ရှုပ်ချ၊ နှစ်ဌာန၌ လျစ်လျူရှုခြင်း။

ဤဆယ်ပါးတည်း။

ဥပသဒ္ဒါနှင့်ယှဉ်၍၊ ဒါနဥပပါရမီ စသဖြင့် ဆိုပြီးလျှင်၊ ဥပပါရမီဆယ်ပါးဖြစ်ပြန်၏၊ ပရမတ္ထသဒ္ဒါနှင့် ယှဉ်၍၊ ဒါန ပရမတ္ထပါရမီစသဖြင့်ဆိုပြန်လျှင်၊ ပရမတ္ထပါရမီ ဆယ်ပါး ဖြစ်ပြန်၏၊ ၊ပါရမီသုံးပဲအပြားသုံးဆယ်ဖြစ်၏၊

(၂၁) ပုဂ္ဂိုလ်တကျိပ်နှစ်ယောက်ဟူသည်ကား

၁၊ ဒုဂ္ဂတိအဟိတ်၊
၂၊ သုဂတိအဟိတ်၊
၃၊ ဒွိဟိတ်၊
၄၊ တိဟိတ်၊

ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက်၊

၅၊ သောတာပတ္တိမဂ္ဂဋ္ဌာန်၊
၆၊ ၎င်း ဖလဋ္ဌာန်၊
၇၊ သကဒါဂါမိမဂ္ဂဋ္ဌာန်၊
၈၊ ၎င်း ဖလဋ္ဌာန်၊
၉၊ အနာဂါမိမဂ္ဂဋ္ဌာန်၊
၁၀၊ ၎င်း ဖလဋ္ဌာန်၊
၁၁၊ အရဟတ္တမဂ္ဂဋ္ဌာန်၊
၁၂၊ ၎င်း ဖလဋ္ဌာန်၊

အရိယာပုဂ္ဂိုလ်ရှစ်ယောက်၊

ဤတကျိပ်နှစ်ယောက်တည်း၊

(၂၂) ဗုဒ္ဓဂုဏ်၊ဘုရားဂုဏ်တော်ကိုးပါးဟူသည်ကား၊

၁၊ ကိလေသာ အပေါင်းတို့ကို ဖျက်ဆီး တတ်သော

သဘ္ဘိ၊ ။အဝိဇ္ဇာ တဏှာ မာနအစရှိသောဘရေးဘို့ဖြင့် ပြု ပြင်အပ်သောသံသရာစက်ကို အရဟတ္တမဂ်ဖြင့် ဖျက်ဆီးဘော် သောသဏ္ဍိ၊ ။လျှနတ်မြဲဟျွာ သဏ္ဍာဂါအပေါင်းဘို့၏၊ အလှူ ကို ခံခြင်းငှါ ထိုက်တော်မူသော သဘ္ဘိ၊ ။ဆိတ်ကွယ်ရာအ ရပ်၌၊ မကောင်းမှုကို ပြုကျင့်ခြင်းငှါ ထိုက်တော်မမူသော သဏ္ဍိ၊ ။ဤသို့သော အကြောင်းကြောင့်၊ အရဟံမည်တော် မူ၏။

၂၊ အလုံးစုံသောတရားတို့ကို၊ မဘောက်မပြန်ကိုယ်တော် တိုင်သာလျှင် သိတော်မူပြီးသောသဘ္ဘိ၊ ။မနိုင်းယှဉ်အပ် သော သဗ္ဗညုတဉာဏ်နှင့်ပြည့်စုံတော်မူသော သဏ္ဍိ၊ ။ သူတပါးတို့မနိုးအပ်သည်ဖြစ်၍၊ မိမိအလိုလိုသာလျှင်၊ မေဟ တည်းဟူသော အိပ်ပျော်ခြင်းမှ စင်စစ်နိုးတော်မူပြီးသော သဏ္ဍိ၊ ။ဤသို့သော အကြောင်းကြောင့်၊ သမ္မာသမ္ဗုဒ္ဓမည် တော်မူ၏။

၃၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏဘဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသောကြောင့်၊ ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏။

၄၊ မြတ်သော နိဗ္ဗာန်သို့ စံလွန် ကြွသွားတော်မူသော သဏ္ဍိ၊ ။ကောင်းသော စကားကို ဆိုတော်မူဘော်သော သဏ္ဍိ၊ ။ဤသို့သောအကြောင်းကြောင့်၊ သုဂတမည်တော် မူ၏။

(မှတ်ရန်)၊ ။စကားခြောက်ခွန်းဟူသည်ကား၊

(၁) သီလဝန္တကို၊ ဒုဿီလဟူသောစကား၊ (၂) ဒုဿီလ ကိုသီလဝန္တဟူသောစကား၊ (၃) ဒေဝဒတ်သည်ငရဲလား၏ ဟူသောစကား၊ (၄) မိုးရွာတော်သောသူသည်၊ သုဂတိသို့လား

ဇါပ်ဟူသောစကား၊ (၅) ဟုတ်တိုင်းဖြင့် ဟောအပ်သော စကား၊ (၆) ဒါနသီလကင်္ပြုအပ်သုံးအင်္ဂါ၊ ဟူသောစကား၊ ဤခြောက်ခွန်းတည်း၊ ၊ထိုတွင်၊တတိယ၊ ဆဋ္ဌမခြောက်ဖြစ်သော စကားနှစ်ခွန်းကိုသာ မြတ်စွာဘုရားဆိုတော်မူ၏၊ အကြွင်းလေခွန်းကိုဆိုတော်မမူ၊

၅၊ သောကသုံးပါးကိုပိုင်းခြား၍၊ သိတော်မူသော သတ္တိကြောင့်၊လောကဝိဒူမည်တော်မူ၏၊

၆၊ မြတ်စွာဘုရားအား နှိုင်းယှဉ်အပ်သောသူသည်၊ နတ်နှင့်တကွသောလူအပေါင်း၌မရှိ၊သီလ၊ သမာဓိ၊ပညာ၊ ဝိမုတ္တိဉာဏဒဿနအစရှိသော၊ လောကုတ္တရာ ကျေးဇူးတို့ဖြင့် ခပ်သိမ်းသော လူနတ်တို့ထက်၊ လွန်မြတ်တော်မူသောကြောင့်၊ အနုတ္တရောပုရိသဒမ္မသာရထိမည်တော်မူ၏၊

၇၊ မြတ်သောနိဗ္ဗာန် တည်းဟူသော၊ ပရမတ္ထအကျိုးတို့ဖြင့်၊ လူနတ်တို့ကိုထိုက်သည်အားလျော်စွာ ဆုံးမတော်မူတတ်သောကြောင့်၊သတ္ထာဒေဝမနုဿာနံမည်တော်မူ၏၊

၈၊ ဉေယျဓမ်တရား ငါးပါးတို့ကို အရဟတ္တမဂ်နှင့်တကွ သဗ္ဗညုတဉာဏ် အစရှိသည်တို့၏အစွမ်းဖြင့် သိမြင်တော်မူပြီး၊ သိမြင်တော်မူဆဲ၊ သိမြင်တော်မူလတံ့ဖြစ်တော်မူသည်၏အဖြစ်ကြောင့်၊ ဗုဒ္ဓမည်တော်မူ၏၊

၉၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသောသတ္တိ၊ ၊ကိလေသာတည်းဟူသောမကောင်းမှု တရားတို့ကိုချိုးဖဲ့ဖျက်ဆီးတော်မူတတ်သောသတ္တိ၊ ၊မဂ်ဖိုလ်အစရှိသောတရားရတနာတို့ကို ကောင်းစွာခွဲခြားဝေဖန်၍ ဟောတော်မူတတ်သောသတ္တိ၊ ၊များစွာဘာဝနာ အစရှိသည်တို့ဖြင့် ပွားစီးတော်မူ

သောသတ္တဝါ၊ ။ဤသို့သောအကြောင်းကြောင့်၊ ဘဝဝါမည်
တော်မူ၏။ ။ဤကိုးပါးတည်း၊

ဘ

(၂၃) ဘဝင်္ဂ၊ ဘဝင်စိတ်ဟူသည်ကား၊ ။ပဋိသန္ဓေ
စိတ်ဖြစ်ပြီးနောက်ကာလ၌၊ အဆက်ဆက်ဖြစ်၍ သွားသော
စိတ်ရုကို၊ ဤမျက်မှောက်ဘဝ၌၊ ဘဝမပြတ်အောင် ဖြစ်ရေ
အယဉ်ကဲ့သို့ ဆက်လက်၍သွားသော စိတ်ဖြစ်ခြင်းကြောင့်၊
ဘဝင်္ဂ၊ ဘဝင်မည်၏၊ ဘဝင်စိတ်ဟုခေါ်၏၊ ။ဤပဋိသန္ဓေ
စိတ်၊ ဘဝင်စိတ်ရုကိုကံပေးသောနိမိတ်အာရုံကိုယူ၍၊ ကံ
ဖြစ်ချရာဘဝ၌၊ ကံအစွမ်းအားလျော်စွာဖြစ်သော စိတ်ရုဖြစ်
ခြင်းကြောင့်၊ ကံ၏အကျိုး ဝိပါက်စိတ်ဟုခေါ်၏၊ ။ဤဝိ
ပါက်စိတ်အစဉ်သည်၊ ဗျာပါရကင်းလျက် အလွန်ငြိမ်သက်
စွာဖြစ်၍နေခြင်းကြောင့်၊ ထိုဘဝင်စိတ်ဖြစ်၍ နေသောအခါ၊
ပုဂ္ဂိုလ်သည်ဘာမှဘာမျှမသိပြီ၊ ဤကဲ့သို့နေသည်ကို အိပ်ပျော်
နေသည်၊ မြော့နေသည်၊ မေ့နေသည်ဟုခေါ်ကြ၏၊ ။ဤဘ
ဝင်ခေါ်သောမူလရင်းစိတ်အစဉ်သည်၊ နှလုံးသွေးဟဒယဝတ္ထု
ရုပ်ပေါ်၌ဖြစ်၍နေ၏၊

(၂၄) ဘုန်းတော်ခြောက်ပါးဟူသည်ကား၊

၁၊ အဏုမြူပမာဏရှိသော ကိုယ်တော်ကိုဖြစ်စေခြင်း၊
ကောင်းကင်သွားခြင်း စသည်ဖြင့် စိတ်ကဲ့သို့လျင်မြန် ပေါ့ပါး
အောင်၊ ကိုယ်တော်ကိုဖြစ်ခြင်း၊ စကြဝဠာတိုက်ကို ဖုံးလွှမ်း
ခြင်းငှါ စွမ်းနိုင်သော ကိုယ်တော် အတိုင်းအရှည်ကြီးအောင်
ဖြစ်စေခြင်း၊ လိုရာအရပ်သို့ အလိုရှိတိုင်းရောက်ခြင်း၊ ဝိဉာဉ်
ခြင်းအစရှိသော အားဖြင့်၊ အလိုအတိုင်းပြီးစေခြင်း၊ ဝသီတော်

သို့ရောက်သဖြင့်၊ စိတ်ပိုင် အပိုးရခြင်း၊ တန်ခိုး အဘိညာဉ်နှ ခသိတော်ဖြင့် လိုတိုင်းပါအောင် လေ့လာတော်မူခြင်း၊ သတ္တ သား၏အသွင်စသည်ကိုပြခြင်း ကောင်းကင်သွားခြင်း စသည် ဖြင့်တရံတခါပြုတော်မူသော်လည်း၊ အမှတ်မရှိသော အရပ်၌ အသုံးသို့ရောက်စေခြင်း၊ ၅၅ စ်ပါး အပြားရှိသော လောကီ တန်ခိုးတို့ကို အပိုးရတော်မူခြင်း ဟုဆိုအပ်သော ဣဿရိယ ဘုန်းတော်၊

၂၊ ထိုလောကီဖြစ်သော ဣဿရိယ ဘုန်းတော်ကဲ့သို့၊ ကောင်းကင်သွားခြင်း၊ အလောမြူ၊ရှိသော ကိုယ်တော်ကို ဘန် ဆင်းခြင်း စသည်တို့ဖြင့်ပြီးသော လောကုတ္တရာတရားဟုဆို အပ်သော ဓမ္မဘုန်းတော်၊

၃၊ သောကသုံးပါး၌ ထက်ဝန်းကျင် နှံ့၍ ကျော်စော တော်မူသော၊ မရေတွက်နိုင်သော ကျေးဇူးတော်တို့ကြောင့် ရအပ်သည်ဖြစ်၍ အလွန်စင်ကြယ်စွာသော ကျော်စောခြင်း ဟုဆိုအပ်သော ယသဘုန်းတော်၊

၄၊ အဆင်းတော်ကို ဘူးမျှော်ကုန်သောသူ အပေါင်းတို့ အား မျက်စိကြည့်ခြင်းကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သော ၃၂ ပါးသောယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး ရှစ်ဆယ် သော လက္ခဏာငယ်တို့ဖြင့် ပြည့်စုံသော ရူပကာယတော် ၏ဘင့်တယ်ခြင်း၊ အသရေ ဟုဆိုအပ်သော သိရိဘုန်းတော်၊

၅၊ ကိုယ်တော်၏အစီးအပွား ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွားတို့ကို အလိုရှိအပ် တောင့်တအပ်သည်နှင့်လျော် စွာ အလိုတော်ရှိတိုင်း ပြီးစေနိုင်သည်သာဖြစ်၍ လိုအပ်သော

အကျိုးကို ပြီးစေနိုင်ခြင်းဟုဆိုအပ်သော ကာမဘုန်းတော်၊

၆၊ လောကသုံးပါးတို့၏ အရှိအသေ အလေးအမြတ်ပြုရာ ဆရာအဖြစ်ကိုပြီးစေတတ်သော သမ္မာဝါယာမ ကောင်းမြတ်စင်ကြယ်စွာသောလုံ့လတော်ဟုဆိုအပ်သော ပယတ္တဘုန်းတော်၊ ဤခြောက်ပါးတည်း၊

၂၅

(၂၅) မသွားလာအပ်သော မိန်းမနှစ်ဆယ်ပါသည်ကား၊
- ၁၊ အမိစောင့်သောမိန်းမ၊
- ၂၊ အဘစောင့်သောမိန်းမ၊
- ၃၊ မိဘနှစ်ပါးစောင့်သောမိန်းမ၊
- ၄၊ မောင်ကြီး မောင်ငယ်စောင့်သောမိန်းမ၊
- ၅၊ အစ်မ ညီမ စောင့်သောမိန်းမ၊
- ၆၊ ဆွေမျိုးစောင့်သောမိန်းမ၊
- ၇၊ အမျိုးအနွယ်စောင့်သောမိန်းမ၊
- ၈၊ သီတင်းသုံးဘော်စောင့်သောမိန်းမ၊
- ၉၊ မင်းဒဏ်ထားသောမိန်းမ၊
- ၁၀၊ ဥစ္စာဖြင့်ဝယ်၍ယူသောမိန်းမ၊
- ၁၁၊ အလိုတူသင့်နေသောမိန်းမ၊
- ၁၂၊ ပဋိသန္ဓေကပင်မှန်းထားသောမိန်းမ၊
- ၁၃၊ အသုံ အဆောင်ပေး၍ယူသောမိန်းမ၊
- ၁၄၊ အဝတ်တန်ဆာပေး၍ယူသောမိန်းမ၊
- ၁၅၊ မိဘထိမ်းမြားသောမိန်းမ၊
- ၁၆၊ ခေါင်းခုံဘဏ္ဍတ်ကိုချ၍သင့်နေသောမယား၊
  (ထင်းရွေမိန်းမကိုသိုလိုသည်၊)

၁၇၊ ကျွန်မကိုယူ၍ပြုသောမယား၊
၁၈၊ သူခငါးငှါးအမှုလုပ်ကိုယူ၍ပြုသောမယား၊
၁၉၊ စစ်မြေပြင်၌သူပုန်လက်မှရသောမယား၊
၂၀၊ တခဏမျှနေသောမယား (ခဏ္ဍမယား)
ဤ နှစ်ဆယ်တည်း၊

နံပါတ်(၁)ကစ၍ နံပါတ်(၈)တိုင် ဤ မိန်းမ(၈)ယောက်ကို သွားလာကျူးလွန်သော ယောက်ျားမှာ ကံမြောက်၏၊ မိန်းမမှာ ကံမမြောက်၊ ကြွင်းသောမိန်းမတို့ကို သွားလာကျူးလွန်သော် နှစ်ဦးပင်ကံမြောက်၏၊ ( မိန်းမမှာ အလိုတူမှကံမြောက်သည် အလိုမတူသော် ကံမမြောက်)၊

-:o:-

( ၂၆ ) မာရ်ငါးပါးဟူသည်ကား၊

၁၊ အသိန်းမက များလှစွာသော ကိလေသာတည်းဟူသော ကိလေသမာရ်၊

၂၊ အဘန်တလဲလဲ ဘဝသုံးပါး၌ ဖြစ်တတ်သော ခန္ဓမာရ်၊

၃၊ ခန္ဓာစသည်တို့ကို ပြုတတ်သော ကုသိုလ် အကုသိုလ်စေတနာဟုဆိုအပ်သော အဘိသင်္ခါရမာရ်၊

၄၊ ခန္ဓာငါးပါးတို့၏ အဘန်တလဲလဲပျက်ခြင်းဟု ဆိုအပ်သော မစ္စုမာရ်၊

၅၊ သေဝဿဝိနတ်သားဟုဆိုအပ်သော ဒေဝပုတ္တမာရ်၊
ဤငါးပါးတည်း၊

-:o:-

(၂၇) မီးဆယ့်တပါးဟူသည်ကား၊

| | |
|---|---|
| (၁) ရာဂမီး၊ | (၇) သောကမီး၊ |
| (၂) ဒေါသမီး၊ | (၈) ပရိဒေဝမီး၊ |
| (၃) မောဟမီး၊ | (၉) ဒုက္ခမီး၊ |
| (၄) ဇာတိမီး၊ | (၁၀) ဒေါမနဿမီး၊ |
| (၅) ဇရာမီး၊ | (၁၁) ဥပယာသမီး၊ |
| (၆) မရဏမီး၊ | ဤဆယ့်တပါးတည်း၊ |

(၂၈) မေတ္တာ ၅၂၈-ပါးဟူသည်ကား၊

| | | |
|---|---|---|
| အနောဒိသမေတ္တာ | ၅ | ပါး |
| ဩဒိသမေတ္တာ | ၇ | |
| (ပေါင်း) | ၁၂ | ပါး |
| ပုဂ္ဂိုလ်တပါးပါး၌ မေတ္တာဘာဝနာကံ | ၄ | မြှောက် |
| ဒိသာဖရဏမေတ္တာ၌လည်း | ၄၈ | |
| အရပ်တပါးလျှင် ၄၈ ပါးစီ | | |
| အားဖြင့်အရပ် | ၁၀ | မြှောက် |
| | ၄၈၀ | |
| ယခင်မေတ္တာဘာဝနာကံ | ၄၈ | ပေါင်း |
| | ၅၂၈ | |
| ဤသို့လျှင် မေတ္တာဘာဝနာကံ | ၅၂၈ | ပါးရှိသည် |

ဖြစ်ကုန်၏၊

အနောဒိသ မေတ္တာငါးပါး ဟူသည်ကား သဗ္ဗေသတ္တာ စ၍ အတ္တဘာဝ ပရိယာပန္နာ တိုင်အောင် အလုံးစုံသော သတ္တဝါတို့ကို အတ္တ၊ ပါဏ၊ ဘူတ၊ ပုဂ္ဂလ၊ အတ္တဘာဝ ပရိ

ယာပန္နဟူသော အမည်ငါးပါးတို့ဖြင့် ပွါးခြင်းပင်တည်း။ ။ ဩဓိသမေတ္တာ ခုနစ်ပါး ဟူသည်ကား သဗ္ဗာဣတ္ထိယောက စ၍ ဝိနိပါတိကာတိုင်အောင် သတ္တဝါအုပ်ကို ခုနစ်ပါးသော အစုအရုံအားဖြင့်ထား၍ ပွါးခြင်းပင်တည်း။ ။ဒိသာဖရဏ မေတ္တာဟူသည်ကား အရှေ့အရပ်မှစ၍ အထက်အရပ်တိုင်အောင် ဆယ်ပါးသောအခြင်းအရာအားဖြင့်ပွါးခြင်းပင်တည်း။

အနောဓိသမေတ္တာ ငါးပါးတို့တွင် သဗ္ဗေသတ္တာဟူသော ပဌမပုဒ်ပြည်၌ သဗ္ဗေသတ္တာအဝေရာဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု ဟု၍ ပွါးသဖြင့် လေးပါးသော မေတ္တာဘာဝနာ ကံတို့ကို ရအောင်ကျင့်၏၊ ပုဒ်ပြည်ငါးပါး၌ မေတ္တာဘာဝနာကံလေးပါး စီရသတည်း။

# ၇

(၂၈) ရုပ်နှစ်ဆယ့်ရှစ်ပါးဟူသော်ကား။

၁။ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ် ဝါယောဓာတ်ဟူသော ဘူတရုပ် ၄-ပါး၊

၂။ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာန ပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ ဟူ၍ ပသာဒရုပ် ၅-ပါး

၃။ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဟူ၍ ဂေါစရရုပ် ၄-ပါး (ပထဝီ၊ တေဇော၊ ဝါယော၊ ဤသုံးခုကို ပေါင်း၍ ဖောဋ္ဌဗ္ဗရုပ်ကို ဂေါစရရုပ်၌ ထည့်သွင်း ရေတွက်သည်၊ သို့ရာတွင်

ပထဝီ၊တေဇော၊ ဝါယော၊ ရုပ်တို့သည်
ဘူတရုပ် လေးခုတွင်ပါပြီးဖြစ်၍ သရုပ်
အားဖြင့် ရေတွက်သော် ဂေါစရရုပ်
လေးခုဖြစ်၏)။

၄၊ ဣတ္ထိဘာဝ ပုမ္ဘာဝ ဟူ၍ ဘာဝရုပ် ၂-ပါး၊

၅၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ် ၃-ပါး၊

၆၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ် ဟူ၍ ဝိညတ်ရုပ် ၃-ပါး၊

၇၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ကာယဝိညတ်၊ ဝစီဝိညတ်ဟူ၍ ဝိကာရရုပ်(၅) ပါးရှိ၏၊ ထိုရာတွင် ကာယဝိညတ်၊ ဝစီဝိညတ် ၂ခုတို့သည် ဝိညတ်ရုပ်နှင့်ခုတွင် ပါပြီးဖြစ်၍ သရုပ်အားဖြင့် ဝိကာရရုပ် ၃-ပါး၊

၈၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ ဟူ၍ လက္ခဏာရုပ် ၄-ပါး၊

ပေါင်း ၂၈-ပါး၊

ဖြစ်သတည်း၊

နံပါတ်(၁)က နံပါတ်(၅)အထိ၊ ရုပ်တဆယ့်ရှစ်ပါးတို့သည်၊ နိပ္ဖန္နရုပ်မည်ကုန်၏၊ ကြွင်းသော ရုပ်ဆယ်ပါးတို့သည် အနိပ္ဖန္နရုပ်မည်ကုန်၏၊

ခက်မာမှု၊ ညံ့ညွတ်မှုကို ပထဝီ(မြေ)ခေါ်ဆို၏၊

ဖွဲ့စေးမှု၊ စေးကပ်မှု၊ တွယ်ကပ်မှု၊ ယိုစေးမှုတို့ကို အာပေါ(ရေ)ခေါ်ဆို၏၊ ၊ပူနွေးမှု၊ချမ်းမှုတို့ကို တေဇော (မီး) ခေါ်ဆို၏၊ ၊တေဇောဓာတ်၏ အဟုန် အရှိန်ကို

ဝါယော (လေ) ဓာတ်ဆို၍၊ အပူရှိလျှင်အပူရှိန်ထမြဲ၊ အအေး ရှိလျှင် အအေးရှိန်ထမြဲဖြစ်သတည်း။

စက္ခုပသာဒ (မျက်စိအကြည်) စသော ပသာဒရုပ်ငါး ပါးတို့ကို သိလွယ်ပြီဖြစ်၍ အကျယ်မရေးပြီ၊ ၊ဂေါစရရုပ် ဘာဝရုပ်တို့ကိုလည်း သိလွယ်ပြီ၊ ၊ဟဒယရုပ် ဇီဝိတရုပ်တ တို့ကိုကား သိလွယ်ပြီ။ ။ဩဇာကို အာဟာရဟုခေါ်သည်၊ ပရမတ်ရုပ်ဆီဟုဆိုလိုသည်၊ ဘူတရုပ်လေးပါးတွင် ပရမတ် ရုပ်ဆီရှိမြဲတည်း။

ပရိစ္ဆေဒရုပ်ကို၊ အာကာသဟူ၍လည်းခေါ်သည်၊ တရုပ် ချနှင့်တချခြားခြင်းကို အာကာသခေါ်သည်။

ကာယဝိညတ်ထက်ကြွပ်မပါဘဲ ဝါယောဓာတ်သက်သက် ဖြင့် ဝဋ္ဋုတို့၏လှုပ်ရှားခြင်း၌ ပုဂ္ဂိုလ်အလိုရှိရာသို့ ပါရ ပဲ၍ လှုပ်ရှားသည်မဟုတ်၊ ဝါယောဓာတ်ဦးဆောင်ရာ ပါ လေသည်၊ ထို့ကြောင့် ကာယဝိညတ်ရုပ်သည် လှေမှာ ပဲ့တက်နှင့်တူ၏၊ ပဲ့မှူးမရှိဘဲ လှော်၍သွားလျှင် အလိုရှိရာ သို့မသွား၊ ဦးလှည့်မိရာသွား၏၊ ပဲ့တက်ဖြင့် အလိုရှိရာသို့ လှေဦးကို လှည့်၍ပေးမှ အလိုရှိရာသို့ ဦးလှည့်၍သွားသည်၊ ထိုအတူ ကိုယ်အင်္ဂါကြီးငယ်ကို လှုပ်ရှားလိုသော ဆောစိတ် သည် ဖြစ်ပေါ်လာသောအခါ ထိုအင်္ဂါနှင့်ဆိုင်ရာ အကြော ကြီး အကြောငယ်တလျှောက်လုံး၌ ဝါယောဓာတ် လွန့်ကဲ သော စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်တို့သည် ခဏခြင်း အပြည့်ဖြစ်ပေါ်ကြကုန်၏၊ ထိုရုပ်ကလာပ်တို့မှာ ကလာပ် တိုင်း၌ ကလာပ်၏အခြင်းမှာ လှေပဲ့မှူးနှင့်တူသော ကလာပ် ကိုပဲ့ပြင်သော ကာယဝိညတ်သည်ပါ၏၊ ထိုဝိညတ်၏ ပဲ့ပြင်

မှုကြောင့် ထိုအင်္ဂါကို ချီကြသော စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်တို့သည် ပုဂ္ဂိုလ်အလိုရှိရာသို့ အညီအညွတ် ချီကြ ချကြ တွန်းငင်ကြကုန်၏။

ဝစီဝိညတ်မပါဘဲ ပထဝီဓာတ်ချင်းခိုက်တိုက်၍ မြည်ကြကုန်သော အသံတို့သည်သာလျှင် အလိုရှိရာ စကားလုံးအနေနှင့် ပေါင်းဖွဲ့ရုံးစည်း၍ ဖြစ်နိုင်ကြကုန်သည်။

လဟုတာ၊ ပေါ့ပါးခြင်း၊ ၊မုဒုတာ၊ နူးညံ့ခြင်း၊ ၊ကမ္မညတာ၊ ခံ့ခြင်း၊ ဤသုံးပါးသည် ကိုယ်ခန္ဓာမှာ ဓာတ်လေးပါး ညီညွတ်သောအခါ၌ဖြစ်သည်။

ဥပစယ၊ ဖြစ်ပွါးခြင်း၊ ၊သန္တတိ၊ အဆင့်ဆင့်ဖြစ်ပွါးခြင်း၊ ၊ဇရတာ၊ ဟောင်းရင့်ခြင်း၊ ၊အနိစ္စတာ၊ ချုပ်ပျက်ခြင်း၊ ၊ဥပစယနှင့် သန္တတိရုပ်နှစ်ပါးကို ဇာတိရုပ်ခေါ်၏၊ ၊အနိစ္စတာရုပ်ကို ဘင်လည်းခေါ်သည်၊ မရဏရုပ်လည်း ခေါ်၏၊

(၃၀) လောကသုံးပါးဟူသည်ကား။

၁၊ စိတ်၊ စေတသိက်၊ ရုပ်၊ ဤတရား အပေါင်းသည်၊ အကြောင်းကိုစွဲ၍ဖြစ်ခြင်း၊ ဖြစ်တတ်ပျက်တတ်သော သဘောရှိခြင်းကြောင့် သင်္ခါရလောကမည်၏။

၂၊ သတ္တဝါဟူ၍ရင်း၊ ပါဏဟူ၍ရင်း၊ မိန်းမယောက်ကျားဟူ၍ရင်း၊ ဤသို့စသည်ဖြင့် ပညတ်အပ်သော နာမ်ရုပ်တို့၏ အပေါင်းဖြစ်သော သတ္တာနှင့် ပညတ်သည် သတ္တ လောက မည်၏၊

၃၊ ထို သတ္တလောက၏တည်ရာ သုံးဆယ့်တဘုံသည်

ပြကာသလောကမည်၏၊

(၃၁) လောကဓံတရားရှစ်ပါးဟူသည်ကား၊

၁၊ လာဘော-လာဘ်ရခြင်း၊

၂၊ အလာဘော-လာဘ်မရခြင်း၊

၃၊ ယသော-အခြံအရံအကျော်အစောနှင့်ပြည့်စုံခြင်း၊

၄၊ အယသော-အခြံအရံအကျော်အစောမရှိခြင်း၊

၅၊ နိန္ဒာ-သူတပါးတို့အကွယ်အကွဲကိုခံရခြင်း၊

၆၊ ပသံသာ-သူတပါးတို့အချီးအမွမ်းကိုခံရခြင်း၊

၇၊ သုခံ-ချမ်းသာခြင်း၊

၈၊ ဒုက္ခံ-ဆင်းရဲခြင်း၊

ဤရှစ်ပါးတည်း၊

(၃၂) လောကုတ္တရာတရားကိုးပါးဟူသည်ကား၊

မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ဤကိုးပါးတည်း၊

၀

(၃၃) ဝိဇ္ဇာသုံးပါးဟူသည်ကား၊

၁၊ ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အလိုရှိတိုင်း အောက်မေ့ဆင်ခြင် သိမြင်ခြင်းတည်းဟူသော ပုဗ္ဗေနိဝါသ အဘိညာဉ်၊

၂၊ စုတေသေလတံ့သော သတ္တဝါ၊ ပဋိသန္ဓေ နေလတံ့သော သတ္တဝါ၊ ဒုဂ္ဂတိသို့လာလတံ့သောသတ္တဝါ၊ သုဂတိသို့သွားလတံ့သောသတ္တဝါ၊ ဤသို့စသည်ဖြင့်သိမ်မွေ့ရှာသော ရုပ်ရုံအပေါင်းတို့ကိုမြင်ခြင်း၊ ဒိဗ္ဗစက္ခု အဘိညာဉ်၊

၃၊ အကြွင်းမဲ့ သိမြင်တတ်သော အရဟတ္တမဂ်ဉာဏ်ဟု

ဆိုအပ်သော အာသဝေါတရား လေးပါးတို့ကို ကုန်စေတတ်သော အာသဝက္ခယအဘိညာဉ်၊

ဤအဘိညာဉ်သုံးပါးသည် ဝိဇ္ဇာသုံးပါးမည်၏၊

၎င်း-ရှစ်ပါး ဟူသည်ကား (၁) (၂) (၃) အထက်၌ ပြဆိုခဲ့ပြီးဖြစ်သော အဘိညာဉ်သုံးပါး၊

၄၊ နတ်တို့၏ နားကဲ့သို့ သိမ်မွေ့စွာသောအသံကို ကြားတတ်သော ဒိဗ္ဗသောတအဘိညာဉ်၊

၅၊ သူတပါးတို့၏စိတ်ကို သိတတ်သော ပရစိတ္တဝိဇာနနအဘိညာဉ်၊

၆၊ အထူးထူး အပြားပြား တန်ခိုး ဘန်ဆင်းတတ်သော ဣဒ္ဓိဝိဓအဘိညာဉ်၊

၇၊ စိတ်ကိုညွတ်ကာမျှဖြင့် အလိုရှိတိုင်း တန်ခိုးကိုပြီးစေနိုင်သော မနောမယိဒ္ဓိအဘိညာဉ်၊

၈၊ ခပ်သိမ်းသော သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာရေးသုံးပါးတို့ဖြင့် ရှုဆင်ခြင် ပွားများနိုင်သော ဝိပဿနာဉာဏ်၊

ဤအဘိညာဉ်ရှစ်ပါးသည် ဝိဇ္ဇာရှစ်ပါးမည်၏၊

(၃၄) ဝိပ္ပတ္တိလေးပါးဟူသည်ကား၊

၁၊ အပါယ်လေးဘုံ၌ဖြစ်ရခြင်း-ဂတိဝိပ္ပတ္တိ၊

၂၊ ကိုယ်ကာယ၏မပြည့်စုံခြင်း-ဥပဓိဝိပ္ပတ္တိ၊

၃၊ ကပ်သုံးပါးမလွတ်ကင်းသောကာလ-ကာလဝိပ္ပတ္တိ၊

၄၊ အကျိုးစီးပွား၌ မလိမ္မာခြင်း - ပယောဂဝိပ္ပတ္တိ၊ (ကုသိုလ်မှုပင်ဖြစ်စေ အကုသိုလ်မှုပင်ဖြစ်စေ အမှုအားလျော်စွာအကျိုးပြီးစီး ဖြစ်ထွန်းလေအောင် ကြိုဘန်အားထုတ် လုပ်

ဆောင်နိုင်သော အတွင်းသတ္တိ ချုပ်ငြိမ်းခြင်းသည် ပယောဂ ငြိမ်းဖြစ်သည်၏။)
ဤလေးပါးတည်း။

(၃၅) ဝသီဘော်ငါးပါးဟူသည်ကား

(၁) ဈာန်မှထ၍ ဈာန်အင်္ဂါတို့ကို ဆင်ခြင်ရန် ဘဝင်များ နှစ်ခုကျစေဘဲ ဈာန်အင်္ဂါတို့ကို မြန်စွာဆင်ခြင်သော အာဝဇ္ဇန်းလျင်မြန်စွာဖြစ်စေနိုင်ခြင်း အာဝဇ္ဇနဝသီ၊

၂၊ ဈာန်ကို အလိုရှိသော ခဏ၌ အလျင်အမြန် ဝင်စားနိုင်ခြင်း သမာပဇ္ဇနဝသီ၊

၃၊ တခဏ၊ တနေ့၊ တရက် စသဖြင့် မိမိအလိုရှိသမျှ ကာလပတ်လုံး ဈာန်စောကိုဖြစ်စေနိုင်ခြင်း၊ထားနိုင်ခြင်း အဓိဋ္ဌာနဝသီ၊

၄၊ မိမိမှန်းထားသော အချိန်၌ ဈာန်စောမှ ထနိုင်ခြင်း ဝုဋ္ဌာနဝသီ၊

၅၊ ဈာန်အင်္ဂါကိုဆင်ခြင်ပြီးလျှင် တဖန် ဈာန်ကို အလျင်အမြန်ဝင်စားရန် ဈာန်အင်္ဂါတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇောများကို ခုနစ်ကြိမ်လောက် များစွာမဖြစ်စေဘဲ လေးကြိမ်ငါးကြိမ်မျှသာကျစေနိုင်ခြင်း ပစ္စဝေက္ခဏာ၊
ဤငါးပါးတည်း။

# သ

(၃၆) သမထကမ္မဋ္ဌာန်းလေးဆယ်ဟူသည်ကား၊

(၁) ပထဝီကသိဏ - မြေကြီးကသိုဏ်း၊ ၊
(၂) အာပေါကသိဏ-ရေကသိုဏ်း၊ ၊(၃) တေဇောကသိဏ - မီးကသိုဏ်း၊ ၊(၄) ဝါယောကသိဏ-လေကသိုဏ်း၊ ၊(၅) နီလကသိဏ-

ညိုသော အဆင်းကသိုဏ်း ။(၆) ပီတကသိ
ဏ-ရွှေသော၊ ဝါသော၊ အဆင်းကသိုဏ်း၊ ။
(၇) လောဟိတ ကသိဏ-နီသော အဆင်းက
သိုဏ်း၊ ။(၈) ဩဒါတကသိဏ-ဖြူသော အ
ဆင်းကသိုဏ်း၊ ။(၉) အာကာသ ကသိဏ-
ကောင်းကင် ကသိုဏ်း၊ ။(၁၀) အာလောက
ကသိဏ-နေ့,လ စသည်တို့၏ အရောင် အလင်း က
သိုဏ်း၊ ။ပဥ္စ ကသိုဏ်း ၁၀-ပါး၊
(၁) ဥဒ္ဓုမာတက-ဖူးဖူးရောင်သော အကောင်
ပုပ်၊ ။(၂) ဝိနီလက-အဖြူ အနီ စသည်နှင့်
ရောလျက် များသောအားဖြင့် ညိုသော အဆင်းရှိ
သော အကောင်ပုပ်၊ ။(၃) ဝိပုဗ္ဗက - ပြည်
ယိုလျက်ရှိသော အကောင်ပုပ်၊ ။(၄) ဝိစ္ဆိဒ္ဒက-
အလယ်၌ နှစ်ပိုင်းပြတ်သော အကောင်ပုပ်၊ ။
(၅) ဝိက္ခာယိတက-ခွေး မြေခွေး အစရှိသည်တို့
သည် ကိုက်ခဲအင်သော အကောင်ပုပ်၊ ။
(၆) ဝိက္ခိတ္တက-ခွေး မြေခွေး အစရှိသည်တို့သည်
အပိုင်းအပိုင်း ဖြတ်လျက် ထိုထိုသို့သော အရပ်၌
ပစ်ထားအပ်သော အကောင်ပုပ်၊ ။(၇) ဟတ
ဝိက္ခိတ္တက-ကျီးခြေသဏ္ဌာန် အစရှိသဖြင့် ထား
လက်နက်ဖြင့် သတ်လျက် အထူးထူးသော အခြင်း
အရာအားဖြင့် ပစ်ထားအပ်သော အကောင်ပုပ်၊
(၈) လောဟိတက - သွေးယိုလျက်ရှိသော အ
ကောင်ပုပ်၊ ။(၉) ပုဠုဝက-ပိုးလောက်တို့ဖြင့်

ပြည့်သော အကောင်ပုပ်၊ ။(၁၀) အဋ္ဌိက- အရိုးသာ ဖြစ်သော အကောင်ပုပ်၊ ။ဟူ၍ အသုဘ ၁၀-ပါး။

(၁) ဗုဒ္ဓါနုဿတိ - ဘုရားဂုဏ်တော်ကို အောက်မေ့ခြင်း၊ ။(၂) ဓမ္မာနုဿတိ - တရားဂုဏ်တော်ကို အောက်မေ့ခြင်း၊ ။(၃) သံဃာနုဿတိ-သံဃာဂုဏ်တော်ကို အောက်မေ့ခြင်း၊ ။ (၄) သီလာနုဿတိ- မိမိ၏သီလဂုဏ်ကို အောက်မေ့ခြင်း၊ ။(၅) စာဂါနုဿတိ - မိမိ၏ စွန့်ကြဲခြင်းဂုဏ်ကို အောက်မေ့ခြင်း၊ ။(၆) ဒေဝတာနုဿတိ - နတ်တို့၏ သဒ္ဓါ အစရှိသော ဂုဏ်ကို အောက်မေ့ခြင်း၊ ။(၇) ဥပသမာနုဿတိ-နိဗ္ဗာန်၏ ရာဂကင်းသောဂုဏ်ကို အောက်မေ့ခြင်း၊ ။ (၈) မရဏာနုဿတိ-သေခြင်းတရားကို အောက်မေ့ခြင်း၊ ။(၉) ကာယဂတာသတိ-ဆံအစရှိသော ကိုယ်အစုဥ္ဖြစ်သော သတိ၊ ။(၁၀) အာနာပါနဿတိ - ထွက်သက် ဝင်သက်ကို အာရုံပြု၍အောက်မေ့ခြင်းသတိ၊ ။ဟူ၍ နုဿတိ ၁၀-ပါး။

(၁) မေတ္တာ-သတ္တဝါတို့ကိုအမျှချစ်ခြင်း၊ ။ (၂) ကရုဏာ - ဆင်းရဲကုန်သော သတ္တဝါတို့ကို သနားခြင်း၊ ။(၃) မုဒိတာ-ချမ်းသာကုန်သော သတ္တဝါတို့ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း၊ ။ (၄) ဥပေက္ခာ-ချမ်းသာကုန်သော သတ္တဝါ၊ ဆင်း

ရဲ့ကုန်သော သတ္တဝါတို့ကို အာရုံပြု၍ လျစ်လျူရှုခြင်း၊ ၊ဟူ၍ ဖြဟ္မဝိဟာရ ၄-ပါး၊

(၁) အာကာသာနဉ္စာယတန - ကောင်းကင်ပညတ်အာရုံ၊ ၊(၂) ဝိညာဏဉ္စာယတန-ပဌမအာရုပ္ပဈာန်စိတ်ဟူသောအာရုံ၊ ၊(၃) အာကိဉ္စညာယတန ပဌမအာရုပ္ပဈာန် စိတ်၏ ချုပ်ခြင်းသို့ ရောက်သည့်ဖြစ်၍ မရှိခြင်းဟူသော နတ္ထိဘော ပညတ်အာရုံ၊ ၊(၄) နေဝသညာနာသညာယတန တတိယအရူပဈာန်စိတ်ဟူသော အာရုံ၊ ၊ ဟူ၍အာရုပ္ပ ၄-ပါး၊

အာဟာရေပဋိကူလသညာ အာဟာရ၌ စက်ဆုပ်ရွံရှာဘွယ်ဟူသောအမှတ်၊ ၊ဟူ၍သညာ ၁-ပါး၊

စတုဓာတုဝဝတ္ထာန် ပထဝီ၊ အာပေါ၊ တေဇော ဝါယောဟူသော ဓာတ်လေးပါးတို့ကို ပိုင်းခြားခြင်း ဟူ၍ ဓာတုဝဝတ္ထာန် ၁-ပါး၊

ပေါင်း ၄၀

ဖြစ်သတည်း၊

(၃၇) သမ္ပတ္တိလေးပါးဟူသည်ကား၊

ဝိပ္ပတ္တိလေးပါး၏ ဆန့်ကျင်ဘက်တည်း၊ ၊ဒေဝဂတိ၊ မနုဿဂတိသည် ဂတိသမ္ပတ္တိမည်၏ ကိုယ်ကာယ အစွဘော၏ပြည့်စုံခြင်းသည် ဥပဓိသမ္ပတ္တိမည်၏၊ ကပ်သုံးပါး လွတ်ကင်းသောကာလသည် ကာလသမ္ပတ္တိမည်၏၊ အကျိုးကြီးပွါး၌လိမ္မာခြင်းသည် ပယောဂသမ္ပတ္တိမည်၏၊

ဤလေးပါးတည်း၊

(၃၈) သမာပတ်ရှစ်ပါးဟူသည်ကား၊
ရူပါဝစရ ကုသိုလ်ဈာန်လေးပါး၊ အရူပါဝစရ ကုသိုလ်ဈာန်လေးပါး၊ ဤရှစ်ပါးသည် သမာပတ်ရှစ်ပါးမည်သတည်း၊

(၃၉) သမ္မုတိဒေသနာဟူသည်ကား၊
သတ္တဝါ ပုဂ္ဂိုလ် မိန်းမ ယောကျ်ားစသော အနက်ကို ပြတတ်သော ဒေသနာသည် ဝေါဟာရ၏ အစွမ်းဖြင့် ဖြစ်သော သမ္မုတိဒေသနာမည်သတည်း၊ ။သတ္တဝါ ပုဂ္ဂိုလ် စသောအနက်သည် ပရမတ္ထသဘာဝ မွေမဟုတ် သမုတိ ပညတ်မျှသာ ဖြစ်လျက် ဤသမုတိဒေသနာကို ဘယ်အကြောင်းကြောင့် ဟောတော်မူလေသနည်းဟူငြားအံ့၊

၁၊ ဟိရီ ဩတ္တပ္ပ ဟူသော ကမ္ဘာစောင့် တရားကို ပြလိုခြင်း၊

၂၊ ကံသာလျှင် မိမိဥစ္စာရှိသည်၏အဖြစ်တည်း ဟူသော ကမ္မဿကတာကိုပြလိုခြင်း၊

၃၊ ယောကျ်ားတို့၏ ကိရိယသုံ့လဟူသော ပစ္စတ္တပုရိသကာရကိုပြလိုခြင်း၊

၄၊ မာတုဃာတကစသော အနန္တရိယကံကိုပြလိုခြင်း၊

၅၊ မေတ္တာစသော ဗြဟ္မဝိဟာရကို ပြလိုခြင်း၊

၆၊ ရှေး၌ဖြစ်ဘူးသော ခန္ဓာ အစဉ်ဟူသော ပုဗ္ဗေနိဝါသကိုပြလိုခြင်း၊

၇၊ အလှူ၏ စင်ကြယ်သည်၏ အဖြစ်ဟူသော ဒက္ခိဏာ ဝိသုဒ္ဓိကိုပြလိုခြင်း၊

၈၊ လောကဝေါဟာရကိုမပယ်လိုခြင်း၊

ဤအကြောင်းရှစ်ပါးကြောင့် သမ္မုတိဒေသနာကို ဟော

တော်မူ၏။

(၄၀) သံယောဂျဉ် သံယောဂျဉ်တော်ကိုးပါး ဟူသည်ကား

၁။ တရားတော်အလာကို ကောင်းစွာ ကျင့်တတ်သော သုညမိုပဒ္ဓဂုဏ်။

၂။ ဖြောင့်မတ်စွာကျင့်တတ်သော ဥဇုပဋိပန္နဂုဏ်။

၃။ နိဗ္ဗာန်အလို့ငှါကျင့်အပ်သော ဉာယပဋိပန္နဂုဏ်။

၄။ အရိုအသေ ပြုခြင်းငှါထိုက်သော အကျင့်ကိုသာကျင့်အပ်သော သာမိစိပဋိပန္နဂုဏ်။

၅။ လှူအပ်သော ပစ္စည်းတို့ကို ခံခြင်းငှါထိုက်သော အာဟုနေယျဂုဏ်။

၆။ အရပ်လေးမျက်နှာမှလာသော သူတို့သည် အဆွေအမျိုးတို့၏အလို့ငှါ ပူဇော်သက္ကာရနှင့်တကွ စီရင်အပ်သော ဝတ္ထုတို့ကိုခံခြင်းငှါထိုက်သော ပါဟုနေယျဂုဏ်။

၇။ ပြတ်သော အလှူကို ခံခြင်းငှါထိုက်သော ဒက္ခိဏေယျဂုဏ်။

၈။ ခပ်သိမ်းသော လူတို့ လက်အုပ်ချီ၍ ရှိခိုးခြင်းကို ခံထိုက်သော အဉ္ဇလိကရဏီယဂုဏ်။

၉။ အတုမရှိသော ကုသိုလ်ကောင်းမှု တည်းဟူသော မျိုးစေ့၏ဖို့က်ပျိုးရာ လယ်ယာမြေကောင်းသဘွယ် ဖြစ်သော အနုတ္တရပုညက္ခေတ္တဂုဏ်။ ဤကိုးပါးတည်း။

(၄၁) သံယောဇဉ်သုံးပါးဟူသည်ကား။

သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊

ဤသုံးပါးတည်း။

နောက်ဆက်တွဲ ဤတွင်၍ပြီး၏။

# အက္ခရာစဉ်မာတိကာ။

(မှတ်ချက်၊ ။ဤမာတိကာတွင်ပြသော အမှတ်ဂဏန်းများသည် ကြည့်ရှုရန်စာမျက်နှာများဖြစ်ပါကြောင်း)

## အ


အင်္ဂိရသဗုဒ္ဓ၊ ၂၃
အချင်းအရာနှစ်ဆယ်၊ ၁၂၁
အစဉ်သုံးပါး၊ ၁၁၉
အဓိစ္စသမုပ္ပန္နဒိဋ္ဌိ ဒိဋ္ဌိရှစ်ဆယ့်ငါးပါးမှာကြည့်၊
အဒိန္နာဒါနကံ၏အင်္ဂါငါးပါး၊ ၁၇
အဓိဋ္ဌာန်ပါရမီ၊ ပါရမီဆယ်ပါးမှာကြည့်၊
အဓိဋ္ဌာနဝသီဘော်၊ ဝသီဘော်ငါးပါးမှာကြည့်၊
အန္တာနန္တိကဒိဋ္ဌိ၊ ဒိဋ္ဌိရှစ်ဆယ့်ငါးပါးမှာကြည့်၊
အနောဒိသမေတ္တာ၊ မေတ္တာ(၅၂၈)ပါးမှာကြည့်၊
အပရာပရိယဝေဒနီယကံ၊ ၇၉
အပုညာဘိသင်္ခါရ၊ ၇၂
အဗ္ဘောကာသိကဓုတင်၊ ဓုတင်(၁၃)ပါးမှာကြည့်၊
အဗြဟ္မစရိယာသိက္ခာပုဒ်၏အင်္ဂါလေးပါး၊ ၄၇
အဘိဇ္ဈာ၊ ၂၁
အဘိညာဏ် (အဘိညာဉ်) ခြောက်ပါး၊ ၁၇၄
အဘိသင်္ခါရမာရ်၊ မာရ်ငါးပါးမှာကြည့်၊
အမရာဝိက္ခေပဒိဋ္ဌိ၊ ဒိဋ္ဌိရှစ်ဆယ့်ငါးပါးမှာကြည့်၊

အယသော၊ လောကဓံတရားရှစ်ပါးမှာကြည့်၊
အရညကင်ဓုတင်၊ ဓုတင်(၁၃)ပါးမှာကြည့်၊
အရူပတဏှာ၊ တဏှာသုံးပါးမှာကြည့်၊
အလာဘော၊ လောကဓံတရားရှစ်ပါးမှာကြည့်၊
အလှူခံပုဂ္ဂိုလ်တဆယ့်လေးယောက်၊ ၂၀
အလှူဒါနအပြား၊ ၂၆
အဝိဇ္ဇာ၊ ၂၆
အသညီဝါဒဒိဋ္ဌိ၊ ဒိဋ္ဌိရှစ်ဆယ့်ငါးပါးမှာကြည့်၊
အဟေတုကဒိဋ္ဌိ၊ ၂၃
အဟောသိကံ၊ ၇၆
အာစိဏ္ဏကံ၊ ၄၆
အာဇီဝဋ္ဌမကသီလ၊ ၅၅
အာနဉ္ဇာဘိသင်္ခါရ၊ ၄၂
အာယတနခြောက်ပါး၊ ၁၄၅
အာဝဇ္ဇနဝသီဘော်၊ ဝသီဘော်ငါးပါးမှာကြည့်၊
အာသဝက္ခယအဘိညာဉ်၊ အဘိညာဉ် ၆ ပါးမှာကြည့်၊
အာသဝ(အာသဝေါ)တရားလေးပါး၊ ၁၇၆


## ဣ


ဣဒ္ဓိပါဒ်လေးပါး၊ ၁၂၄
ဣန္ဒြိယေသုဂုတ္တဒွါရတာ၊ စရဏတရားဆယ့်ငါးပါးမှာကြည့်၊
ဣန္ဒြေငါးပါး၊ ၁၂၀
ဣဿရိယဘုန်းတော်၊ ဘုန်းတော်(၆)ပါးမှာကြည့်၊

# ဥ

ဥစ္စာသယနမဟာသယနသိက္ခာပုဒ်၏အင်္ဂါနှစ်ပါး၊ ၅၂
ဥစ္ဆေဒဒိဋ္ဌိ၊ ဒိဋ္ဌိရှစ်ဆယ့်ငါးပါးမှာကြည့်၊
ဥဒ္ဓစ္စကုက္ကုစ္စ၊ နီဝရဏ(၆)ပါးမှာကြည့်၊
ဥပဃာတကကံ၊ ၇၆
ဥပစ္ဆေဒကကံ၊ ၇၅
ဥပဓိဝိပတ္တိ၊ ဝိပတ္တိလေးပါးမှာကြည့်၊
ဥပဓိသမ္ပတ္တိ၊ သမ္ပတ္တိလေးပါးမှာကြည့်၊
ဥပပဇ္ဇဝေဒနီယကံ၊ ၇၉
ဥပပီဠကကံ၊ ၇၇
ဥပါဒါန်၊ ၁၀၉
ဥပေက္ခာပါရမီ၊ ပါရမီဆယ်ပါးမှာကြည့်၊

# ဧ

ဧကဂ္ဂတာ၊ ဈာန်အင်္ဂါငါးပါးမှာကြည့်၊
ဧကစ္စသဿတဒိဋ္ဌိ၊ ဒိဋ္ဌိရှစ်ဆယ့်ငါးပါးမှာကြည့်၊
ဧကာသနိက်ဓုတင်၊ ဓုတင်(၁၃)ပါးမှာကြည့်၊

# ဩ

ဩဒိသမေတ္တာ၊ မေတ္တာ(၅၂၈)ပါးမှာကြည့်၊
ဩကာသလောက၊ လောကသုံးပါးမှာကြည့်၊

## က

ကဋ္ဌာကံ၊ ၇၇
ကမ္မဋ္ဌာန်း၊ ၆၀
ကမ္ဘာဝ၊ ၁၁၅
ကာမဂုဏ်၊ ကာမဂုဏ်ငါးပါး၊ ၁၇၆
ကာမတဏှာ၊ တဏှာသုံးပါးမှာကြည့်၊
ကာမဘုန်းတော်၊ ဘုန်းတော်ခြောက်ပါးမှာကြည့်၊
ကာမစ္ဆန္ဒနီဝရဏ၊ နီဝရဏခြောက်ပါးမှာကြည့်၊
ကာမာဝစရကုသိုလ်၊ ၄၃
ကာမေသုမိစ္ဆာစာရကံ၏အင်္ဂါလေးပါး၊ ၁၇
ကာလဝိပ္ပတ္တိ ဝိပ္ပတ္တိလေးပါးမှာကြည့်၊
ကာလသမ္ပတ္တိ၊ သမ္ပတ္တိလေးပါးမှာကြည့်၊
ကိလေသာဆယ်ပါး၊ ၁၄၄
ကိလေသမာရ်၊ မာရ်ငါးပါးမှာကြည့်၊
ကုက္ကုရဝတိကတက္ကဋ္ဌိန်း၊ ၁၈၈
ကံ၊ ၇၃–၈၀

## ခ

ခန္တီပါရမီ၊ ပါရမီဆယ်ပါးမှာကြည့်၊
ခန္ဓမာရ်၊ မာရ်ငါးပါးမှာကြည့်၊
ခန္ဓာငါးပါး၊ ၁၄၆
ခလုပစ္ဆာဓုတင်၊ ဓုတင်တဆယ့်သုံးပါးမှာကြည့်၊

## ဂ

ဂတိဝိပ္ပတ္တိ၊ ဝိပ္ပတ္တိလေးပါးမှာကြည့်၊
ဂတိသမ္ပတ္တိ၊ သမ္ပတ္တိလေးပါးမှာကြည့်၊

ဂမ္ဘီကကာ၊ ၇၄-၇၅
ဂေါဝတိကတဘက္ကူနီး၊ ၁၀၀

ဌ

ငါးပါးသီလ၊ ၅၄

စ

စရဏာတသယ်ငါးပါး၊ ၁၀၀
စေတနာသုံးပါး၊ ၂၀
စေတသိက်(၅၂)ပါး၊ ၁၇၉

ဆ

ဆယ်ပါးသီလ၊ ၅၃

ဇ

ဇနကကာ၊ ၇၄
ဇာဝဇ္ဇိယာနုယောဂ၊စရဏာတသယ်ငါးပါးမှာကြည့်
ဇာတရူပ ရဇတထိကွာပုဒ်၏အင်္ဂါသုံးပါး၊ ၅၃
ဇာတိ၊ ၁၁၄
ဇော၊ ၁၀၁

ဈ

ဈာန်အင်္ဂါငါးပါး၊ ၁၀၁

ဉ

ဉာယျဓတရားငါးပါး၊ ၁၀၂
ဉာဏ်၊ ၀၃

တ

တဏှာ၊ ၁၀၀
တဏှာသုံးပါး၊ ၁၀၃

| | |
|---|---|
| တဏှာခြောက်ပါး၊ | ၁၈၁ |
| တဏှာတရာ့ရှစ်ပါး၊ | ၁၈၃ |
| တရားဂုဏ်တော်ခြောက်ပါး၊ | ၁၉၉ |
| တိစီဝရိက်ခုတင်၊ခုတင်တဆယ့်သုံးပါးမှာကြည့်၊ | |

**ထ**

| | |
|---|---|
| ထိန မိဒ္ဓ နီဝရဏ၊နီဝရဏခြောက်ပါးမှာကြည့်၊ | |

**ဒ**

| | |
|---|---|
| ဒါန၊ | ၂၅ |
| ဒါနပါရမီ၊ပါရမီဆယ်ပါးမှာကြည့်၊ | |
| ဒိဋ္ဌဓမ္မဝေဒနီယကံ၊ | ၇၆ |
| ဒိဋ္ဌိသုံးမျိုး၊ | ၈၉ |
| ဒိဋ္ဌိအပြားရှစ်ဆယ့်ငါးပါး၊ | ၁၈၄ |
| ဒိသာပဗ္ဗရဏမေတ္တာ၊မေတ္တာ(၅၂၈)ပါးမှာကြည့်၊ | |
| ဒိဗ္ဗစက္ခုအဘိညာဉ်၊အဘိညာဏမှာကြည့်၊ | |
| ဒိဗ္ဗသောတအဘိညာဉ်၊ အဘိညာဏမှာကြည့်၊ | |
| ဒုက္ခ၊ လောကဓံတရားရှစ်ပါးမှာကြည့်၊ | |
| ဒုစရိုက်(၁၀)ပါး၊ | ၁၄ |
| ဒေဝပုတ္တမာရ်၊မာရ်ငါးပါးမှာကြည့်၊ | |
| ဒွါရခြောက်ပါး၊ | ၁၆၉ |

**ဓ**

| | |
|---|---|
| ဓမ္မဂုဏ်ခြောက်ပါး၊ | ၁၆၆ |
| ဓမ္မဘုန်းတော်၊ဘုန်းတော်ခြောက်ပါးမှာကြည့်၊ | |
| ဓာတ်တဆယ့်ရှစ်ပါး၊ | ၂၀၂ |
| ဓုတင်အပြား၊ | ၅၇ |
| ဓုတင်တဆယ့်သုံးပါး၊ | ၂၀၁ |

## နို


နစ္စဂီတသိက္ခာပုဒ်၏အင်္ဂါနှစ်ပါး၊ ၄၉
နတ္ထိကဒိဋ္ဌိ၊ ၂၂
နာမ်ရုပ်၊ ၉၈
နိက္ခမပါရမီ၊ ပါရမီဆယ်ပါးမှာကြည့်၊
နိန္ဒာ၊ လောကဓံတရားရှစ်ပါးမှာကြည့်၊
နိဗ္ဗာန်တရား၊ ၁၅၄
နိဗ္ဗာန်၊ ဉေယျဓံတရားငါးပါးမှာကြည့်၊
နိရောဓသမာပတ်ချမ်းသာ၊ ၁၅၃
နိဝရဏခြောက်ပါး၊ ၂၀၃
နေယျပုဂ္ဂိုလ်၊ ၁၆၅
နေဝသညီနာသညီဝါဒဒိဋ္ဌိ၊ ဒိဋ္ဌိ(၈၅)ငါးပါးမှာကြည့်၊


## ပ


ပစ္စဝေက္ခဏဝသီဘော်၊ ဝသီဘော်ငါးပါးမှာကြည့်၊
ပညာပါရမီ၊ ပါရမီဆယ်ပါးမှာကြည့်၊
ပညတ်၊ ဉေယျဓံတရားငါးပါးမှာကြည့်၊
ပဋိစ္စသမုပ္ပါဒ်တရားတော်၊ ၈၄
ပတ္တပိဋကတ်ရတင်၊ ၅၈-၅၉-၆၀
ပဒပရမပုဂ္ဂိုလ်၊ ၁၆၁
ပယတ္တဘုန်းတော်၊ ဘုန်းတော်ခြောက်ပါးမှာကြည့်၊
ပယောဂဝိပတ္တိ၊ ဝိပတ္တိလေးပါးမှာကြည့်၊
ပယောဂသမ္ပတ္တိ၊ သမ္ပတ္တိလေးပါးမှာကြည့်၊
ပရစိတ္တဝိဇာနနအဘိညာဉ်၊ အဘိညာဉ်မှာကြည့်၊

ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိ၊ဒိဋ္ဌိ(၈၅)ပါးမှာကြည့်၊
ပသံသ၊ လောကဓံ ရှစ်ပါးမှာကြည့်၊
ပါဏာတိပါတကံ၏အင်္ဂါငါးပါး၊ ၁၅
ပါရမီဆယ်ပါး၊ ၂၀၄
ပိဏ္ဍပါတ်ရတင်၊ ရတင်တဆယ့်သုံးပါးမှာကြည့်၊
ပီတိ၊ ဈာန်အင်္ဂါငါးပါးမှာကြည့်၊
ပိသုဏာဝါစာကံ၏အင်္ဂါငါး ါး၊ ၁၈
ပုဂ္ဂိုလ်လေးမျိုး၊ ၁၆၀
ပုဂ္ဂိုလ်တကျိပ် ၂ ယောက်၊ ၂၀၅
ပုညကိရိယာဝတ္ထုဆယ်ပါး၊ ၂၄
ပုညာဘိသင်္ခါရ ၇၂
ပုဗ္ဗေနိဝါသအ ဘိညာဉ်၊အဘိညာဏမှာကြည့်၊
ပံသုကူရခင်၊ရတင်တဆယ့်သုံးပါးမှာကြည့်၊


## ဖ


ဖရုသဝါစာကံ၏အင်္ဂါသုံးပါး၊ ၁၈
ဖဿ၊ ၁၀၅
ဖိုလ်ပုဂ္ဂိုလ်၊ ၁၅၂


## ဗ


ဗုဒ္ဓဂုဏ၊ဘုရားဂုဏ်တော်ကိုးပါး၊ ၂၀၅
ဗောဇ္ဈင်၏အပြား၊ ၀၃၃
ဗောဓိပက္ခိယသုံးဆယ့်ခုနစ်ပါး၊ ၁၂၂
ဗိုလ်ငါးပါး၊ ၁၃၉
ဗျာပါဒ၊ ၂၁
ဗျာပါဒနီဝရဏ၊ နီဝရဏခြောက်ပါးမှာကြည့်၊

# ဘ

ဘဝ၊ ၁၁၀
ဘဝတလျှောက်တဘဝသုံးပါးမှာကြည့်၊
ဘဂ်၊ ၂၁၈
ဘဝင်ငုတ်၊ ၂၀၈
ဘာဝနာ၊ ၆၄
ဘုန်းတော်ခြောက်ပါး၊ ၂၁၈
ဘောဇနေမတ္တညုတာ၊စရဏ(၁၅)ပါးမှာကြည့်၊

# မ

မနသိကာရမှုအတိုညှာဉ် ဒိဋ္ဌာဂရှစ်ပါးမှာကြည့်၊
မလွှားလာအင်သောင်နှံးမနှစ်ဆယ်၊ ၂၁၄
မဟာဂုတ်ကုသိုလ်၊ ၇၃
မိစ္ဆာဒိဋ္ဌိ၊ ၂၁
မိုးဆယ်တပါး၊ ၂၁၂
မုသာဝါဒအင်္ဂါငါးပါး၊ ၁၇
မေတ္တာ(၅၂၈)ပါး၊ ၂၁၂
မေတ္တာပါရမီ၊ပါရမီဆယ်ပါးမှာကြည့်၊
မဂ်ပုဂ္ဂိုလ်လေးယောက်၊ ၁၅၂
မဂ္ဂင်ရှစ်ပါး၊ ၁၃၉
မစ္ဆရိယ၊မာန်ငါးပါးမှာကြည့်၊
မာန်ငါးပါး၊ ၂၁၁

# ယ

ယထာဘူတဉာဏ်ဒိဋ္ဌိရတင်၊ရတင်(၁၃)ပါးမှာကြည့်၊
ယသဘုန်းတော်၊ဘုန်းတော်ခြောက်ပါးမှာကြည့်၊
ယသသာ၊လောကဓံတရားရှစ်ပါးမှာကြည့်၊

## ရ


ရတနာသုံးပါး။ ၃၆
ရူပတဏှာ၊ တဏှာသုံးပါးမှာကြည့်။
ရုက္ခမူရတင်၊ ရတင်တဆယ်သုံးပါးမှာကြည့်။
ရုပ်နှစ်ဆယ့်ရှစ်ပါး။ ၂၀၃
ရှစ်ပါးသီလ။ ၄၅


## လ


လာဘော၊ လောကဓံတရားရှစ်ပါးမှာကြည့်။
လောကဓံတရားရှစ်ပါး။ ၂၁၇
လောကသုံးပါး။ ၂၁၆
လောကုတ္တရာကုသိုလ်။ ၈၈
လောကုတ္တရာတရားကိုးပါး။ ၂၁၇
လက္ခဏာ၊ ဥဇ္ဈယံတရားငါးပါးမှာကြည့်။


## ဝ


ဝသီဘော်ငါးပါး။ ၂၁၉
ဝိကာရ၊ ဥဇ္ဈယံတရားငါးပါးမှာကြည့်။
ဝိကာလဘောဇနသိက္ခာပုဒ်၏အင်္ဂါလေးပါး။ ၄၇
ဝိစာရ၊ ဈာန်အင်္ဂါငါးပါးမှာကြည့်။
ဝိဝိက္ကာနီဝရဏ၊ နီဝရဏခြောက်ပါးမှာကြည့်။
ဝိညာဏ်။ ၉၈
ဝိတက်၊ ဈာန်အင်္ဂါငါးပါးမှာကြည့်။
ဝိနိပါတဘေး။ ၈၉
ဝိပဿနာအဘိညာဉ်၊ ဝိဇ္ဇာရှစ်ပါးမှာကြည့်။
ဝိပဿနာဉာဏ်ဆယ်ပါး။ ၁၅၇
ဝိပဿနာဘာဝနာ။ ၁၆၈

ဝိဘဝတဏှာ၊ တဏှာသုံးပါးမှာကြည့်၊
ဝိသုဒ္ဓိရှုနှစ်ပါး၊ ၁၃၁
ဝီရိယ၊ ၈၃
ဝီရိယပါရမီ၊ ပါရမီဆယ်ပါးမှာကြည့်၊
ဝုဋ္ဌာနဝသီဘော်၊ ဝသီဘော်ငါးပါးမှာကြည့်၊
ဝေဒနာ၊ ၁၀၃
ဝိဇ္ဇာသုံးပါး၊ ၂၁၇
ဝိဇ္ဇာရှစ်ပါး၊ ၂၁၈
ဝဋ်မြစ်မူလနှစ်ပါး၊ ၁၁၈
ဝဋ္ဋသုံးပါး၊ ၁၁၉
ဝိပလ္လာသလေးပါး၊ ၂၁၈

သ

သညီဝါဒဒိဋ္ဌိ၊ဒိဋ္ဌိရှစ်ဆယ့်ငါးပါးမှာကြည့်၊
သတိပဋ္ဌာန်လေးပါး၊ ၁၂၂
သမထကမ္မဋ္ဌာန်း၏ဖြစ်ပုံ၊ ၂၁၈
သမထဘာဝနာပွားဟန်၊ ၆၁
သမာပဇ္ဇနဝသီဘော်၊ ဝသီဘော်ငါးပါးမှာကြည့်၊
သမာပတ်ရှစ်ပါး ၂၂၃
သရဏဂုံသုံးပါး၊ ၃၀
သဠာယတန၊ ၁၀၁
သိရီဘုန်းတော်၊ ဘုန်းတော်ခြောက်ပါးမှာကြည့်၊
သီလ၊ ၄၁
သီလပါရမီ၊ ပါရမီဆယ်ပါးမှာကြည့်၊
သီလ၊ သမာဓိ၊ ပညာ၊ ၁၆၃
သီလသံဝရ၊ စရဏ(၁၅)ပါးမှာကြည့်၊

သုခ၊ ဗျာန်အင်္ဂါငါးပါးမှာကြည့်၊

သုခံ၊ လောကဓံတရားရှစ်ပါးမှာကြည့်၊

သုစရိုက်ဆယ်ပါး၊ ၂၃

သုသာန်ရတင်၊ ရတင်(၁၃)ပါးမှာကြည့်၊

သူတော်ကောင်းတရား ၇ ပါး၊ စရဏ(၁၅)ပါးမှာကြည့်

သုရာမေရယကံ၏အင်္ဂါလေးပါး၊ ၁၇

သေရခြင်းအပြားလေးပါး၊ ၈၀

သံဃာဂုဏ်၊ သံဃာဂုဏ်ကိုးပါး၊ ၂၂၃

သမ္ဖပ္ပလာပဝါစာသိက္ခာပုဒ်၏အင်္ဂါသုံးပါး၊ ၁၉

သံယောဇဉ်သုံးပါး၊ ၂၂၄

သံသရာဝဋ်ဆင်းရဲ၊ ၈၈

သက္ကာယဒိဋ္ဌိ၊ ဒိဋ္ဌိ(၈၅)ပါးပါးမှာကြည့်၊

သင်္ခါရ၊ ၆၅

သင်္ခါရ၊ ဥေယျဓံတရားငါးပါးမှာကြည့်၊

သင်္ခါရလောက၊ လောကသုံးပါးမှာကြည့်၊

သင်္ဂဟလေးပါး၊ ၁၂၀

သစ္စာပါရမီ၊ ပါရမီဆယ်ပါးမှာကြည့်၊

သစ္စာလေးပါး၊ ၁၄၀

သတ္တလောက၊ လောကသုံးပါးမှာကြည့်၊

သပ္ပဒါနရတင်၊ ရတင်ဆယ့်သုံးပါးမှာကြည့်၊

သမ္ပတ္တိလေးပါး၊ ၂၂၂

သမ္မုတိဒေသနာ၊ ၂၂၂

သမ္မပ္ပဓာန်၊ ၁၂၄

သဿတဒိဋ္ဌိ၊ ဒိဋ္ဌိရှစ်ဆယ့်ငါးပါးမှာကြည့်၊

သုံးဆယ့်တဘုံဖြစ်ခြင်း၊ ၆၂

# ဝိပဿနာမှတ်ကျောက်ရှင်းတမ်း

ယောဂီလမ်းပြ ဗုဒ္ဓဘာသာသင်္ခေပကျမ်း။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဝိပဿနာတရား ပွားများအားထုတ်သူ
ဓမ္မမိတ်ဆွေအပေါင်းတို့အား

## အထူးတောင်းပန်ချက်

ကျမ်းဂန်မတတ်သူတို့ပင် လွယ်ကူစွာ ဘတ်ရှုနားလည်နိုင်ရန် ဤသို့ ကြမ်းကြမ်းနှင့် ဘွင်းဘွင်း ရေးသား တင်ပြထားသော်လည်း တရားအားထုတ်လိုသူမည်သူမဆို တရားအားမထုတ်မီ သဘောပေါက်နိုင်ဘွယ်မရှိသလောက် ဖြစ်နေတတ်ပါသည်၊ သို့သော် ရှေ့ဘတ်ရှုရမည့် စာသား တရားအကျယ်များမှာ ရှင်းသင်းလွယ်ကူအောင် တင်ပြထားသည်ဖြစ်ပါသောကြောင့် ဤစာအုပ်ဘအုပ်လုံး ဘတ်ရှုပြီးလျှင် ရှင်းလင်းဘော်ပြထားသော အဘိုကောက်ရှင်းတမ်း အမှာကျမ်းကလေးကို တဘန်ပြန်၍ လေ့လာပြီးလျှင် အထူးသတိပြုရန်တောင်းပန်အပ်ပါသည်။

ထုတ်ဝေသူ မှုပိုင်ရှင်-
ဒေါက်တာဦးမောင်မောင်သာထွန်း-ဒေါ်မြမြအေး၊မမြအင်ဆန်းစာပုံနှိပ်တိုက်
၃၃-လမ်း။ ဘုံဘိုင်တန်း-မန္တလေး။

ဝိပဿနာဟူသည်ကား မြန်မာအလိုကျ နောက်နောက်သောဘဝ
အနန္တမတဂ္ဂ သံသရာကမမြင်ဘူးခဲ့။ ယခုမှ အနိစ္စမမြဲပုံကို
ဉာဏ်မျက်စိဖြင့် မြင်ရခြင်းကြောင့်
(ထူးသောမြင်ခြင်း အထူးရှုဆင်ခြင်ခြင်းဟူ၍ အဓိပ္ပါယ်ရပါသည်)

## ဝိပဿနာအားထုတ်လိုသူ ယောဂါဝစရပုဂ္ဂိုလ် ဓမ္မမိတ်ဆွေအပေါင်းတို့အား အထူးသတိပြုရန် မှတ်ချက် အတိုကောက်ကိုအကျဉ်းအားဖြင့်ညွှန်ကြားအပ်ပါသည်။

သမာဓိရင့်ကျက်ပြီး ပုဂ္ဂိုလ်တဦးသည် မိမိသမာဓိ၏ ဥပစာရ သမာဓိ နိမိတ်ကို သာယာနှစ်သက်၍ ဝိပဿနာ မထင်နိုင်အောင် (ဝါ) အပျက်နိမိတ် မမြင်အောင် စွဲကပ် ခင်တွယ် သာယာနေတတ်သော (အတ္တ) ကို ရှေးဦးစွာ အရေးတကြီးဖျက်ဆီးရန်လိုနေတတ်ပါသည်၊ ထိုနိမိတ်ကိုမမြင်ရမနေနိုင်လောက်အောင်ပီတိသောမနသာဖြစ်နေခြင်းကိုပင် သမုဒယပဲ့၍ မထင်ကြပေ၊ ဤကား (သမုဒယအစစ်ဟု မှတ်ရပါမည်) လောကီပစ္စည်း သားသမီးရတနာများတွယ်တာမှု၊ ထိုအချိန်မှာ ရှိသလောက်ပင် ငြိမ်းမှု အထင်ရောက်ပြီးနောက် ရထားပြီး နိမိတ်ကိုစွဲလမ်း၍ ထိုလောကီသမုဒယအစား လောကုတ္တရာ ထင်ရသော နိမိတ်တခုကိုအစားထိုး၍ သမုဒယတမျိုး ပြောင်းထားသည်ကို သတိပြုရန် အရေးကြီးလှပါပေ၏၊ ထို့ကြောင့် ထိုနိမိတ်သည်ကား သတ္တုချ၍စစ်တမ်းထုတ်ခဲ့သော် ခြောက်ဒွါရ ခြောက်အာရုံမှ ဆက်သွယ်လာခဲ့သောသိမှုတခုပင်ဖြစ်လေသည်၊ ထိုသိမှု ကျရာဝင်ရာကို သမာဓိနှင့် သတိကြပ်ကြပ်ထားသည်ရှိသော် သိမှုကလေးတခု၏ (ဖြစ်ပြီး ပျက်) (ပေါ်

ပြီး ပျောက်) (သိပြီး ပျက်) ဘင်ညာဏ် ပျက်၍ပျက်၍သာ တ ပျက်တည်းပျက်နေသည်ဟူသော အမှုအရာ လက္ခဏာမှတပါး ပုဂ္ဂိုလ်၊သတ္တဝါ ယောကျာ်း၊မိန်းမ မဟုတ်ပုံကို အသေအချာ ရှင်းလင်းလာပါလိမ့်မည်၊ ဤနည်းအတိုင်းရှုလျက် ဖြစ်ပျက် သာသာဝကလေးကဲ့တွေ့ရှိသောအခါ မြတ်စွာဘုရား ဟောထား တော်မူသော "အနိစ္စ" ဆိုတဲ့အချက်ကို ဗုဒ္ဓအကြိုက်မြင်ပြီဟု မှတ်လေ၊

ထိုအမြင်ပုဂ္ဂိုလ်ကို ဝယခဒွါ သင်္ချာ အဋ္ဌမာဒေန သမ္မာ ဒေထ)ဟူ၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်သုတ်မှာ ဖြင့်ပြီး ပျက် ခြင်း၊ အမှန်တရားကို မမေ့မလျော့ဘဲ သိအောင်လုပ်ကြ ဟူ၍ အဓိပ္ပါယ်ရသော အဆုံးအမနှင့်လည်းကိုက်ညီလာခဲ့လေပြီ၊

ထိုနောက် "ယောစဝဿသတံဇီဝေ" စသော ဂါထာတော် အရမှာ-ဧကာဟံ ဇီဝိတံ သေယျော ပဿတော ဥဒယဗ္ဗယံ သင်္ချာ (ဖြစ်ပျက်မမြင်သောသူသည် အသက်တရာပင်ရှိ၍ မမြတ်၊ ဖြစ်ပျက်မြင်သူမှာ တရက်ပင် အသက်နေရခြင်းအံ့ မြတ်၏ဟူသော) အဓိပ္ပါယ်နှင့် ကိုက်ညီလာခဲ့လေပြီ၊

ထိုအမြင်မှာ ပညာ(စက္ခု)ဥဒယဗ္ဗယ အနေအားဖြင့် သံသရာ ဝဋ်စက်က လွတ်ထွက်သိုသောစိတ်များသည် ကြေနပ်ပေါ်လာ ရပါတော့မည်၊ ထိုအမြင်နဲ့မပြီးနိုင်သေးပါ။ သို့သော် ဤအမြင် ရောက်သောပုဂ္ဂိုလ်သည် အဘ္ဘပြုတ်ပြီး အနုဿ သမ္မာဒိဋ္ဌိ ဉာဏ်သို့မရောက်မနေတော့ပါ ကြေနပ်ရောက်ပါတော့မည်၊

ဤအချက် ဤနေရာမှာပင် တထောက်တနား နား၍ တင်း တိမ်နေတတ်သူများမဖြစ်ရန်အထူးသတိပြုပါ အရေးကြီးလှ၏၊ ထိုသို့ သိပြီးပျက်နေမှုအချက်ကို ရုပ်၊ နာမ်ဟု အမည်ပေးပေး

သဘာဝဟုအမည်ပေးပေး၊ သင်္ခါရဟုအမည်ပေးပေး လောကဟုအမည်ခေါ်ခေါ် အနိစ္စလို့ဘဲခေါ်ချင်ခေါ် မမှားတော့ပါ၊ ထိုအသိကလေး ဖြစ်ပြီးချက်နေသည့်ကို ရှုဘန်များလာသော် သုခဟူ၍လုံးဝမထင်တော့ဘဲ ဒုက္ခတုံးဒုက္ခခဲကြီးဖြစ်သည့်ကို ကိုယ်ပိုင်ဉာဏ် ကိုယ်ဘိုင်ဒိဋ္ဌ အသိရှင်းပြီး လင်းလာတော့မည်မှာမလွဲပါ၊

ဤနေရာအထိပင် ညွှန်ကြား သင့်သော်လည်း တရား အား ထုတ်လိုသော ပုဂ္ဂိုလ်အပေါင်းတို့အတွက် သဒ္ဓါထက်သန်လှ၍ ရှေ့တဆင့်တက် ဆက်လက်ပြီး အနီးငယ်ရေးပြပါဦး အံ့၊

(ထိုရေးချက်ကိုမှတ်၍ အတုမယူသင့်၊ မိမိသဘော မိမိစိတ်နှင့် ပေါ်လာသော ဉာဏ်ကိုသာ အသုံးပြုရန် သတိပေးထားပါသည် )

ထိုသို့ ဒုက္ခအစစ် ဗုဒ္ဓအလိုတော်ကျဝင်လာသော ပုဂ္ဂိုလ်သည် ဤဒုက္ခအတွင်းမှာ သက်ဆင်း၍မနေလိုတော့ဘဲ ကျွတ်လို လွတ်လို ထွက်လိုတဲ့စိတ်များ ပြင်းပြစွာ ပေါ်ပေါက်လာ၍ (မီးခဲကိုင်ထားသောလက်သည် ပူမှန်းသိ၍ လွှတ်လိုစိတ်အလိုလို ပေါ်လာဘိသကဲ့သို့) ထိုဒုက္ခကို ဖန်တီးထားသော အနိစ္စဟု ရှုသိသော စိတ်ကလေးသည် အလိုအလျောက်မရှုလိုဘဲ ဥပေက္ခာအနေအားဖြင့် ငြိမ်းပြီး အေး-အေး သွားပါတော့သည်၊ ဤအချိန်ဤအခါ ဒုက္ခမရှိသောနေရာခေါ်တဲ့ ဌာနကို ရောက်ပါလိမ့်မည်၊ ထိုသို့ဖြစ်ပြီးနောက်-

မမြဲပုံ အနိစ္စ၊ ဆင်းရဲပုံ ဒုက္ခ၊
မဘင့်တယ်သောအသုဘကို-

ဇောနှင့်ဆင်လျက် နိစ္စ သုခ သုဘလို့ထင်သော အစွဲအစွဲ

သည် လုံးဝမရှိတော့ချေ၊ ထိုအတ္တမရှိခြင်းကိုပင် အနတ္တ ဟု အမည် ပေးရပါသည်၊

သဗ္ဗပါပဿအကရဏံ၊
ကုသလဿူပသမ္ပဒါ၊
သစိတ္တပရိယောဒါပနံ၊
ဧတံဗုဒ္ဓါနသာသနံ၊ ၊

မကောင်းမှုကိုစွန့်ပယ်ပါ၊ ကောင်းမှုကိုရှာ၍ပြုပါ၊
စိတ်ထားစင်ကြယ်ပါ၊
ဤသည်ကား အရှင်ဗုဒ္ဓ၏အဆုံးအမတော်တည်း၊

နဟိဝေရေနဝေရာနိ၊
သမ္မန္တီဓကုဒါစနံ၊
အဝေရေနစသမ္မန္တိ၊
ဧသဓမ္မောသနန္တနော၊ ၊

ရန်သည် ရန်ဖြင့် ဘယ်အခါ မျှမပပျောက်နိုင်၊
မေတ္တာဖြင့်တုန့်ပြန်မှသာ ရန်သည်ငြိမ်းအေး၏၊
ဤသည်ကား ရှေးဟောင်းတရားတော်ပင်တည်း၊

တရားအားထုတ်ရာ နေထိုင်နိုင်ပုံ ဇ္ဈရိယာပုတ်(၈)မျိုး၊

လောကတွင်ရှာ ၈–ပါးကို ဇ္ဈရိယာပုတ် ၈–ပါးနှင့်ဘမ်းသုံကြပါ၊ တရားကို အားထုတ်သော (၁)ပက်လက်လှန်၍ (၂)

အလျားမှောက်၍ (၃) လက်ျာဘက်စောင်း၍ (၄) လက်ဝဲဘက်စောင်း၍ (၅) ရှုံးရှုံးတိုင်၍ (၆) နံရံမှီပြီးခြေဆင်း၍ (၇) နံရံမှီပြီး မတ်တတ်ရပ်၍ (၈)ကုလားထိုင်ပေါ်မှာ စင်း၍ ဆန့်၍ (၉)ငကြိုသွား၍စသည်ဖြင့် မိမိတို့ဇွရိယာပုတ်မျှသလို တရားကိုအားထုတ်နိုင်ပါသည်၊ ဤကား လောကဇွရာဟာရား ၉-ပါးကို ဇွရိယာပုတ် ၉-ပါးဖြင့်ဘမ်းပုံတည်း၊ အရေးကြီးသည်မှာ ပေါ်တဲ့နေရာကို သတိမလွတ်လျှင် ပြီးတာပါဘဲ ဇွရိယာပုတ်ကား အဓိကမဟုတ်ပါ၊ ပေါ်သိဘာသာလိုရင်းဖြစ်သည်ဟုအမြဲသိရှိထားကြရန်ဖြစ်သည်။

## စိတ်အလိုမလိုက်နေ့သတိပေးချက်။

လူ့ဘုံဘဝ၊ ကံထူးလှ၍၊ ရကြုံခိုက်မှာ၊ ဉာဏ်ပညာနှင့်၊ နှိုင်းစာထောက်ချင့်၊ သင့်မသင့်ကို၊ နေ့ညဥ့်မလပ်၊ အထပ်ထပ်ပင်၊မပြတ်စေရ၊ဆင်ခြင်ကြလော့၊ကာမဘုံ၌၊ကာမကြိုက်စေအလိုက်နေလျှက်၊ ကာမတွက်ဖြင့်၊ နေ့ရက်လဆုံး၊ချွန်မြဖြုန်းနှင့်၊ ဉာဏ်တုံး-ဉာဏ်အ၊ ထိုကာမကို၊ မဝနိုင်ရွာ၊ တဆာဆာဖြင့်၊ တဏှာမပြေ၊ ဆားငန်ရေသို့၊ သောက်လေသောက်လေဘော်မပြေနိုင်၊သက်ဆုံးတိုင်၏၊စိတ်နိုင်အောင်ထိန်း၊တရားကိန်းစေ၊ တောင်ယိမ်းပြောက်ယိုင်၊ တောဂနိုင်မှ၊ နေထိုင်လှုပ်ရှား၊မျောက်အလားသို့၊ စိတ်သွားတိုင်းသာ၊ ကိုယ်မပါနှင့်၊ ဘယ်ခါမသိ၊အကုသိုလ်ကို၊အလိုအာသာ၊မရှိရာဘူး၊ကောင်းမှုထူးကို၊ကြည်နူးဝမ်းသာ၊ မပြတ်ပါဘဲ၊ သွားလာစားအိပ်၊ နေထိုင်ပြေး

လဲ့တရားဘာဝနာ ပွားကြရသည်၊ ။ဤကား-စိတ်ကိုဆိုနိုင်းချန် တရားတည်း။

ယောဂီများအား မဂ်ဖိုလ်မရနိုင် သတိပေးချက်၊

(၁)ဆရာကောင်းကိုမမှီသို မဂ်ဖိုလ်မရနိုင်၊ (၂) ဝိရိယသို အပုင်းပို မဂ်ဖိုလ်မရနိုင်၊ (၃)အပြောသာပို အလုပ်သို မဂ် ဖိုလ်မရနိုင်၊

သမထနှင့် ဝိပဿနာကြိုကြိုက်ခွင့်ရပုံ၊

သာသနာနှင့် ကြုံကြိုက်သင့် အခွင့်တော်သည့်ခါ၊ သမထ ကား ကြုံခွင့်များ ပွားကြဝိပဿနာ၊ ။သမထကား ကမ္ဘာတိုင်း ပင်ကြုံနိုင်သည်၊ ဝိပဿနာကား ဘုရားပွင့်မှသာကြုံခွင့်ရသည်၊ ကြုံခဲလှသည်၊ ကြုံကြိုက်ဆဲနှင့် မလွဲရအောင် ကြိုးစားအား ထုတ်ကြပါလေ မမေ့မလျော့ကြပါနှင့်၊

ဗု-ခမ-အာ-မ(စမ)လေးလုံးကြေရန်၊

ဗု-ဗုဒ္ဓါနုဿတိ၊ မေ-မေတ္တာဝေ၊ အာ-အသုဘ၊ မ-မရဏ၊

(ပဌမ)ဘုရားကိုရှေးဦးစွာအောင်းမေ့ပါ၊ (ဒုတိယ)ခေတ် သုံးပါး၌ သတ္တဝါတို့အား မေတ္တာပို့ပါ၊ (တတိယ) သုံးဆယ့် နှစ်ပါးကောဋ္ဌာသကို အသုဘလို့ရှုပါ၊ (စတုတ္ထ)မိမိကိုယ်ကို သေရလိမ့်မည်ဟု အဘန်ဘန်ရှုပါ ဆင်ခြင်ကြပါလေ၊

အာသိသဂါထာ၊

မိရံ တိဋ္ဌတု သဒ္ဓမ္မော၊

သဒ္ဓမ္မော-သီလ သမာဓိ ပညာ တည်းဟူသော သူတော်

ကောင်းတရားသည်၊ ဝိရံ-နှစ်ပေါင်းငါးထောင်မက ရှည်မြင့်စွာသောကာလပတ်လုံး၊ တိဋ္ဌတု-နေလအလား ပေါ်ထင်ရှားလျက် ထွန်းကားပြန့်နှံ့တည်တံ့ပါစေသတည်း၊

ဘာဝနာအထူးဆုတောင်း၊

တရားကို လေးလေးစားစား ဆင်ခြင်သက်ဝင်ယုံကြည်ကြ၍ ဘာဝနာတရားကို ပွားများမယုတ် အားထုတ်ရှုမှတ်နိုင်ကြပါစေ၊ ရှုမှတ်နိုင်ကြ၍ ဘုရားရဟန္တာ အရိယာအရှင်မြတ်တို့ မျက်မှောက်တွေ့မြင်သော ဆင်းရဲငြိမ်းရာနိဗ္ဗာန်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် အမြန်ရောက်နိုင်ပါစေသတည်း၊

ဝိပဿနာယောဂီဆောင်ပုဒ် ၁၂-ပိုဒ်၊

(၁) ဖြစ်ခြင်းပျက်ခြင်း ဖေါက်ပြန်ခြင်း မယွင်းဒုက္ခမှတ်၊ (၂) ဖြစ်ချင်ပါက သမုဒယ ဒုက္ခဖြစ်ကြောင်းမှတ်၊ (၃) ဖြစ်ပျက်ကိုမြင် မဖြစ်ချင် မဂ္ဂင်တရားမှတ်၊ (၄) မဖြစ်ချင်မှ လမ်းမှန်ကျ မဂ္ဂသစ္စာမှတ်၊ (၅) မဖြစ်ချင်မှ နိရောဓ ဒုက္ခအေးငြိမ်းမှတ်၊ (၆) သံပေါက်လက်ာ ဤကဗျာ နှုတ်မှာဆောင်၍မှတ်၊ (၇) ကြိမ်ဖန်များစွာ ကြိုးစည်ပါ မှန်ရာသိကြောင်းမှတ်၊ (၈) အမှန်သိမှ ဤဒုက္ခ လွတ်ရလိမ့်မည်မှတ်၊ (၉) ယောဂီဝိဇ္ဇာ ဓာတ်ပညာ လိုက်ပါသည့်လုပ်ရပ်၊ (၁၀) အသိစိတ်လျှင် ကိလေစင် ထင်မြင်နာမ်ရုပ်မှတ်၊ (၁၁) အသိကျလျှင် ကိလေဝင် မမြင်နာရုပ်မှတ်၊ (၁၂) အသိတလုံး အရှိသုံး အဆုံးနိဗ္ဗာန်သာ၊

## ဝိပဿနာ ယောဂီဆောင်ပုဒ် ၁၃-ပုဒ်၊

(၁) ဒါန-သီလ-သမထ ရှုကြဲဝိပဿနာ၊ (၂)နိဗ္ဗာန်အဆုံး ရည်မြော်သုံး အားလုံးဖြည့်ကျင့်ရာ၊ (၃) မဂ်ဉာဏ်နှင့်စပ် ထို လေးချပ် နီးကပ်နောက်ဆုံးသာ၊ (၄)ရှေးသူတသိုက် မဂ်မြိုက်ဆိုက် အိမ်ဓိဋ္ဌနေရင်းရှာ၊ (၅)အနာထပိဏ် ဂုဏ်ရောင်နှံ့နှံ့ အနှုန်ရတိုင်းသာ၊(၆)အိမ်မှာနေရင်းနှလုံးသွင်း ထင်လင်းလေးသစ္စာ၊ (၇)ဝိသာခါလဲ သားမြေးတွေ ခွါဘဲအိမ်ဌသာ၊ (၈) အိမ်နေသူများ ပုံစံထား အားထုတ်ချင်စရာ၊ (၉) ဤသို့သက်သေ ထုတ်ရှာဖွေ တွေ့လေများသစ္စာ၊ (၁၀)သာသနာသိုက် တွေ့ကြုံခိုက် အိမ်ဓိဋ္ဌတူး၍ရှာ၊ (၁၁) မျောက်ကျောက်ရှာမျိုး တမျိုးမျိုး နားခိုလေစေရာ၊ (၁၂) တမျိုးမျိုးရ ပါသ်မကျ ရချလွှန်ချင်းသာ၊ (၁၃)ဘဝလွှန်မြောက် ထွက်ရပ်ပေါက် ရောက်မည်နိဗ္ဗူတာ၊

## ဝိပဿနာဉာဏ်စဉ်လင်္ကာ ၁၀-ပုဒ်၊

(၁) ရုပ်နာမ်ပေါင်းပ ကောင်းစွာပြု မှတ်ရှု သမ္မသနဉာဏ်၊ (၂) ဖြစ်ခြင်းပျက်ခြင်း နှလုံးသွင်း မယွင်း ဥဒယဗ္ဗယဉာဏ်၊ (၃)အပျက်တရား ကောင်းစွာပွား မှတ်သား ဘင်္ဂဉာဏ်၊ (၄) ဘိတ်လန့်သမှု ဘေးဟုပြု မှတ်ရှု ဘယဉာဏ်၊ (၅)ငွေ့လေမ်းမပြု အပြစ်ပု မှတ်ရှု အာဒီနဝဉာဏ်၊ (၆)ငြီးငွေ့သမှု ကောင်းစွာပြု မှတ်ရှု နိဗ္ဗိန္ဒဉာဏ်၊ (၇)ကျွတ်မှုလွတ်မှု ကောင်းစွာပြု မှတ်ရှု မုဉ္စိတုကမျတာဉာဏ်၊ (၈) လွတ်ရန်တရား တဘန်ပွား မှတ်သား ပဋိသင်္ခါဉာဏ်၊ (၉)သင်္ခါရပု လစ်လျူရှု ပွားမှု

သင်္ခါရုပေက္ခာဉာဏ်၊ (၁၀)နိဗ္ဗာန်မြင်မှု ကောင်းစွာပြု မှတ်ရှု အနုလောမဉာဏ်၊ ဆယ်ပါးအရ ဖြစ်ပေါ်မှု ပွားမှုဝိပဿနာ ဉာဏ်စဉ်တည်း၊

## ပညာစခင်းဆိုက်၍ အပါယ်ဘေးဆိုးကြီးမှ လွှတ်ကင်းရန်တရားတော်၊

အောက်ပါလင်္ကာဖြင့် ဟောပြသော တရားများကို ပညာ စခင်းဆိုက်၍ အပါယ်ဘေးဆိုးကြီးမှ ကင်းလွတ်ကြလေ အောင် ဆရာကောင်းသံနည်းခံ၍ ခန္ဓာတွင် ထင်မြင်ပေါ်လာ အောင် အရေးတကြီးအားထုတ်ကြပါလေ၊

(၁) ပညတ် ပရမတ် ရုပ်နာမ်ခန္ဓာ အာယတန ဓာတ်သစ္စာ စသည်တရား မသိပြား မှတ်သားအန္ဓသာ၊ အန္ဓပုထုဇဉ် အပါယ်မှ မချမလွတ်ရာ၊

(၂) ပညတ် ပရမတ် ရုပ်နာမ်ခန္ဓာ အာယတန ဓာတ်သစ္စာ စသည်တရား သိလေပြား မှတ်သားကလျာဏာ၊ က လျာဏပုထုဇဉ် အပါယ်မှ မချလွတ်မည်သာ၊

## သံဝေဂလင်္ကာ(၈)ပိုဒ်၊

(၁) နွနယ်ရုပ်ဆင်း ပျိုမြစ်ခြင်းကား အိုမင်းနောက်ဆုံးရှိ ချေ၏၊ (၂)ဥဿာဆင်မြင်း ပေါများခြင်းကား ယိုယွင်းနောက် ဆုံးရှိချေ၏၊ (၃) ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေ ကွင်းနောက်ဆုံးရှိချေ၏၊ (၄) ဝိညာဉ်ထင်လင်း သက်ရှင်ခြင်း

ကား ကွေ့ကွင်းနှောက်ဆုံ ရှိချေ၏၊ (၅)တက်ကြွားကြွကြွ မြင့်လွန်းအလျှော် လျော့ကျနှောက်ဆုံးရှိချေ၏၊ (၆) ခုံမင်ခလယ ချစ်လွန်းကလျှင် သောကနှောက်ဆုံးရှိချေ၏၊ (၇) ငွဲ့သယ်ပြင်ပ ဆိုးမွမ်းကြလည်း ရုတ်ချနှောက်ဆုံးရှိချေ၏၊ (၈) ကြည့်သာရွှင်ပြုံ ချမ်းသာကြလည်း ဒုက္ခနှောက်ဆုံးရှိချေ၏၊

## သံဝေဂဖြစ်ခြင်း(၄)ပါး၊

(၁)ကြောက်မက်ဘွယ်သော နုပ်ကိုမြင်၍ ထိတ်လန့်သောကြောင့် သံဝေဂဖြစ်ခြင်း၊ (၂)မကောင်းမှုကိုမြင်၍ ထိတ်လန့်သောကြောင့် သံဝေဂဖြစ်ခြင်း၊ (၃)ပိုသ[illegible]နေခြင်း စသည်ကိုမြင်၍ ထိတ်လန့်သောကြောင့် သံဝေဂဖြစ်ခြင်း၊ (၄)တရားတော်သိ၍ ထိတ်လန့်သောကြောင့် သံဝေဂဖြစ်ခြင်း၊

## ဝိပဿနာကျင့်စဉ်တရားများကို အရွယ်မရွေးကျင့်ကြံအားထုတ်သင့်ကြောင်း၊

ကျွန်ုပ်တို့၏ ဗုဒ္ဓသာသနာတွင် ဗုဒ္ဓရှင်တော်ဘုရားအား ဦးထိပ်ထား၍ မွေးဖွားလာကြသော သာကီယနွယ်လာ မြန်မာလူမျိုးတို့မှာ ၅-နှစ်ရွယ် ၇-နှစ်ရွယ်မှစ၍ ဝိပဿနာ ကျင့်စဉ်တရားများကို ကျင့်ကြံထိုက်သည်၊ နားကြားထိုက်သည်၊ ဗုဒ္ဓရှင်တော်ဘုရား လက်ထက်တော်အခါမှာ (၁) ၅-နှစ်အရွယ်တွင် ဝိပဿနာတရားကို နားကြားကျင့်ကြံ၍ကြောင့် နိဗ္ဗာန်သို့ ကူးသွားသော ပဏ္ဍိတ သမာဒါနီယထေရ် စသည်တို့သည်ပင်း၊ (၂) ၇-နှစ်အရွယ်တွင် ဝိပဿနာတရား အစားစားကို

ကြိုးစားကျင့်ကြံ အားထုတ်မှုကြောင့် နိဗ္ဗာန်ပေါက် သွားကြသော သံကိစ္စသာမဏေ၊ (၃)တိဿသာမဏေစသည်တို့သည် ၎င်း ထင်ထင်ရှားရှား ၅ နှစ်ရွယ် ၇ နှစ်ရွယ်ကပင် ဝိပဿနာတရားပွားများကြ၍ နိဗ္ဗာန်ထွင့်များသို့ ရောက်သွားကြလေကုန်ပြီ၊ ထိုသို့သော ၇-နှစ်ရွယ်တွင်ပင် ရဟန္တာဖြစ်၍ နိဗ္ဗာန်ဝင်နိုင်ပုံနှင့် လျော်ညီစွာ ၇-နှစ်ရွယ် ကလေးငယ်သော်လည်း မြန်မာစကားနားလည်ပါမူ နားလည်၍ ကျင့်ကြံအားထုတ်ပါမူ ကာလမကြာ အနည်းငယ်သော ရက်-လ-နှစ်အတွင်း မဂ်ဖိုလ်၊ နိဗ္ဗာန်ပေါက်ရောက်နိုင်၏အထူးအားကျစရာဖြစ်ပါသည်။

## နှောင်တကြီးစွာရအပ်လှသော လူရိုက်သွားလမ်း သံဝေဂဆုံးမစာ။

ဆိုပိမ့်မည့်ည၊ စေ့စေ့နာလော့၊ ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြသား၊ ဘုရား့သာသနာ၊ ခေတ်အခါဝယ်၊ လူ့ရွာနတ်ဌ၊ နင်ကြုံကြိုက်လည်း၊ အရိုက်မချွေ၊ အလိုက်နေ၍၊ အခြေမကြီး၊ အချည်းနှီးလျှင်၊ ရိုးတိုးရောင်တောင်၊ ခုတိုင်အောင်တည့်၊ သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည်၊ မိုးယံလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကားရာထောင်၊ မကမှောင်၏၊ လူ့ဘောင်လူ့ရွာ၊ သာသနာ၌၊ ကြွမ္ဘာတော်၍၊ ယခုတွေ့လည်း၊ အလေ့မလှဲ၊ အများနဲ့လျှင်၊ ရိုက်မြဲနှင်နှင်၊ ရိုက်စခွင်၏၊ မျက်မြင်လောက၊ ဤဘဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏၊ သေ

မင်းဆေဘ၊ နှင့်ခန္ဓာကိုယ်၊ တကျော့ဘီလူး၊ အမှောင်ကျ၍၊ အရှုးဖြင်
ဖြင်၊ နှင့်ကိုယ်ထင်၍၊ နှင့်နှင့်မသိုင်၊ နှင်ဖိုင်မပျက်၊ နှင့်နှပ် နှင့်
နာမ်၊ နှင့်သဏ္ဌာန်ကုန်၊ နှင့်ဥာဏ်မပူ၊ အပေါ်ဖြူ၍၊ မှုန်မှုန် မေ့
မေ့၊ အချားလေ့ဖြင့်၊ နေရာင်အပုံ၊ လွှန်ခဲ့ပြီ၊ အဝန်းဝန်း၊
ဦးစာရင်၊ မှုန်မှုန်ရေရှိန်အားကျလည်း၊ ထေးပြသမင်း၊ သူ့တပ်
နှင်းက၊ မကြွင်းဆန်သာ၊ နှင့်ခန္ဓာသည်၊ ဖြာပုံအမြဲ၊ ဖြစ်လုနီးပြီ၊
နှိုးဘီးရားဘားလေ၍ သွားသည်း၊ တရားမကြွယ်၊ အထုင်ငယ်
ရှုက်၊ အပေါ်ပြန်၊ သွားဖြိုသမ်း၍၊ တပန်းဟိုက်ပက်၊ တ
နှုက်ငင်ငင်၊ တပြင်ငြိငြိ၊ ဆင်ခဲ့ဖိုလျှက်၊ ထိုထိုဘဝ၊ အနန္တ
လျှင်၊ အစမဆုံး၊ အချားထုံးတည့်၊ အနှိန်းမပျက်၊ အောက်
နရက်ငယ်၊ တသက်နွယ်နွယ်၊ အမြစ်တွယ်သို၊ အပါယ်သို
သို၊ ဥဒဟိုသည်-နှင်းဖိုလှုမိုက်သွားလမ်းဘည်း၊

### နှိုက်ဃိုဿ သောတာပန်ဖြစ်မဖြစ်
### စစ်တမ်းထုတ်ပုံ

၁ ဘုရား၌ တွေးတောယုံမှားခြင်းမရှိ လေးမြတ် ကြည်ညိုခြင်း၊

၂ တရား၌ တွေးတောယုံမှားခြင်းမရှိ လေးမြတ် ကြည်ညိုခြင်း၊

၃ သံဃာ၌ တွေးတောယုံမှားခြင်းမရှိ လေးမြတ် ကြည်ညိုခြင်း၊

၄ ငါးပါးသီလ၌ မကျိုးမပေါက် မကြား မပြောက်ဘဲ တည်မြဲခြင်း၊

သူတော်သူမြတ်၊ မြဲဆည်းကပ်၍၊
မှတ်မှတ်သားသား၊ တရားကိုနာ၊
မြှုပ်ထွာနှလုံး၊ တဖြောင့်သုံးလျက်၊
အားတက်ကျင့်ကြံ - သောတာပန်
ဖြစ်ရန်အကြောင်း ၄-ချက်တည်း။

ဤအင်္ဂါလေးပါးတို့အနက် တစိတ်တဒေသမျှ ချွတ်ယွင်းချက်ရှိခဲ့သော် မိမိရရှိထားသည်ဟု မှတ်ထင်သော အရိယာတရားသည် မမှန်သေးဟု စစ်တမ်းထုတ်ရမည်။

ဆရာကောင်းထံ နည်းနာခံ၍ ဆိုသော သတိပေး
မှတ်ချက်နှင့်ပတ်သက်၍ အောက်ပါ အထူးသတိထားရန်
ဆိုလိုရင်းအချက်ကို ဘတ်ရှုမှတ်သားပါလျှင်
ဆရာကောင်း၏အကြောင်းပေါ်လွင်ပါမည်။

(၁) မိမိကိုယ်ကိုသာလျှင် ရှေးဦးစွာ သင့်တင့်လျောက်ပတ်သော အကျင့်မြတ်၌ လုံလောက်အောင် သိမ်းသွင်းထားကြပါ။

(၂) မိမိအတွက် ငြိုးမြောက်သော နောက်ကာလမှ တပည့်အများ သူတပါးကို ဟောကြားဆုံးမကြပါ။

(၃) ပညာရှိသော ခေါင်းဆောင်ဆရာသည် မိမိကိုရင်း၊ သူတပါးကိုရင်း၊ ကိုယ်စိတ်ညှိုးနွမ်း မပင်ပန်းစေရ။

(၄) မိမိအတွက် ပြည့်နှင့်လုံလောက်ခြင်းမရှိဘဲ နားမလည်မသိကြသော သူတပါးကို ဟောကြားဆုံးမပါလျှင် မိမိ

ကျယ်ကျုံး ဘဝသည် အများသူတော်ကောင်းကိုမှန်း ကိုယ်စိတ် ညီးနှမ်း၍ ပင်ပန်းဆင်းရဲခြင်းကို ဖြစ်စေတတ်သည်။

(၅) ဒိဋ္ဌိကိုယ်ကိုသည်လျှင် ရှေးဦးစွာ အကျိုးမဲ့သော ကိစ္စများကို ပိုင်းခြားဆင်ခြင် ဟုတ်မှန်သည်း သိမြင်စိတ်ချရအောင် ကြိုတင်၍ ပြုလုပ်ပြီးမှ ရခြင်းဖြစ်နိုင်ကြပါ။

(၆) ဒိဋ္ဌိအတွက် သိအပ်သော အလုပ်ကိုနားကို ငတ်ချ သောက်ရောင်ပြီးမှ နောက်ကာလနှသလျှင် သူတော်ပါးတို့အား ခရာသမားပြုလုပ်၍ ဟုတ်မှန်သောအတိုင်း အမြင်မှန်ရအောင် နည်းပေးလမ်းညွှန်ပြုသကြပါ။

(၇) ပညာနှိုက်ဓမ္မဋ္ဌာန်းဆရာ အခေါ်ခံသော ဆရာမည်သည် ဒိဋ္ဌိကိုယ်တိုင်း သူတော်ပါးကိုချင်း အကြောင်းမသင့်ရာ၌ နှလုံးသွင်းခေလမြင့် လွဲမှားချွတ်ယွင်းပင်ပန်းဆင်းရဲမှုများကို အနည်းငယ်မျှမဖြစ်စေရခြင်းကို သတိရကြပါ။

ဤ ၇-ပါးသောအချက်များနှင့် အကျဉ်းအားဖြင့် ညွှန်ပြအပ်သည့်အတိုင်း ဆရာပြုလုပ်ပုံသောသူတို့မှာ ရှေးဦးစွာကြိုတင်၍ ဟုတ်တိုင်းမြင်သိ ပြည့်ရုံခြင်းရှိရအောင် ရှက်ဆောင် အားထုတ်သွားရမည်ဟုဆိုပေသည်။

မိမိတို့အားထုတ်နေသော ဝိပဿနာတရားသည်
မှန်-မမှန် မှတ်ကျောက်တင်ကြည့်ပုံနည်း။

၁ ဝိပဿနာမှန်လျှင် ဝိညာဉ်၏အာရုံသဘော၏ ကိုယ်သေ သဘော၏အာရုံမသင်၊

၂ ဝိပဿနာမမှန်လျှင် ကိလေသာ၏ အာရုံသာ ထင်၏ ဝိညာဏ်၏အာရုံမထင်။

၃ ဝိညာဏ်၏အာရုံကား ရုပ်သက်သက် နာမ်သက်သက် ပရမတ်။

၄ ကိလေသာ၏အာရုံကား ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ-ပညတ်။

၅ ဝိပါက်ဝိညာဏ် ကိရိယာဝိညာဏ်သည် ကိလေသာနှင့်မယှဉ်သည်ဖြစ်၍ ဝိညာဏ်မည်၏။

၆ ဖြစ်ဆဲ နာမ် ရုပ်သည် ကိလေသာ၏ အာရုံမဟုတ်သည်ဖြစ်၍ ဝိညာဏ်၏အာရုံမည်၏။

၇ ဝိပဿနာ၏အာရုံ ရုပ်နာမ်သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမမှဆိတ်သည်ဖြစ်၍ အနတ္တမည်၏။

ဤ(၇)ချက်နှင့် ပြီးခဲ့သော(၁၀)ချက်တို့ကိုလည်း ဆက်၍ မှတ်လျှင်သာ၍ပြည့်စုံပါသည်။

မိမိတို့အားထုတ်နေသော ဝိပဿနာတရားသည်
မှန်-မမှန် မှတ်ကျောက်တင်ကြည့်ပုံနည်း။

၁။ အပြောမဟုတ် သဘောလုပ် အဟုတ်ဝိပဿနာ။

၂။ အကြံမဟုတ် အမှန်လုပ် အဟုတ်ဝိပဿနာ။

၃။ အထင်မဟုတ် အမြင်လုပ် အဟုတ်ဝိပဿနာ။

၄။ သုတမဟုတ် ဒိဋ္ဌလုပ် အဟုတ်ဝိပဿနာ။

၅၊ ပညတ်မဟုတ် ပရမတ်လုပ် အဟုတ်ဝိပဿနာ၊
၆၊ အတွေးမဟုတ် အတွေ့လုပ် အဟုတ်ဝိပဿနာ၊
၇၊ အတွေးအလုပ်သည် မဂ်-မှား-ပညတ်၊
၈၊ အတွေ့အလုပ်သည် မဂ်-မှန်-ပရမတ်၊
၉၊ တွေးလျှင် ငါမပျောက် မတွေးမှ ငါပျောက်၏၊
၁၀၊ ငါပျောက်မှ နိဗ္ဗာန်ရောက်သည် ငါမပျောက်လျှင် နိဗ္ဗာန်မရောက်၊

ထို့ကြောင့် အထက်ပါတရားအခေါင်းတို့တွင် သုတ်အမျိုးမျိုးနှင့်တိုက်ပြီး ယထာဘူတ ကျသည်မကျသည်ကိုရှင်း၊ ထိုယထာဘူတကျသော တရားသည် မဂ္ဂင်ရှစ်ပါးသို့ သွတ်သွင်းသဖြင့် ဝင်သည် မဝင်သည်ကိုရှင်း၊ သွတ်သွင်း၍ ဝင်သော ယထာဘူတအလုပ်သည် မဂ္ဂသစ္စာ ဆိုက်သည်မဆိုက်သည်ကိုရှင်း၊ စဉ်းစားဉာဏ်သက်ဝင်၍ ဝိပဿနာအလုပ် နည်းလမ်းမှန်သည်မှားသည်ကို မိမိတို့၏ ကိုယ်ပိုင်တည်းပဂူသေးဉာဏ်ဖြင့် ဆုံးဖြတ်နိုင်ကြပါစေကုန်သတည်း၊

ဤကား မှတ်ကျောက်တင်၍ကြည့်နည်းအကျဉ်းချုပ်ဖြစ်၏၊

## သာသနာ့ခေတ်-သာသနာ့အခါ-သာသနာ့ကာလ ပုစ္ဆာ ၅-ပါးရှိ၏၊

(၁)မဂ်ဖိုလ်နိဗ္ဗာန်ကိုရရန် ဝိပဿနာနည်းလမ်းများကို စုံစမ်းရှာဖွေမှု တွေ့ရှိသော ကမ္မဋ္ဌာန်း အမျိုးမျိုး အစားစားတို့၌ အမှားအမှန်ကိုဝေဖန်၍မသိနိုင်ဘဲ ယုံကြည်ခြင်းရှိသော သဒ္ဓါ

တရား၊ ဂေါ်လားသောဆန္ဒများနှင့် ဝိရိယလုံ့လထားလျက် ကြိုး
ကြိုးစားစား နှင်လားငါလားဖြင့်အားထုတ်သူများပြားခြင်း၊ ဝ
ပုဂ္ဂိုလ်တို့တွင် အမှန်လိုက်မိ၍ မဂ်ဖိုလ်ရသူတို့ တစတစပေ
ပေါက်များပြားခြင်းအခါကို ဝိမုတ္တိခေတ်ဟုခေါ်သည်၊ (၂)ဖြေ
လျှော့ိုးမိုးပျံ့ ဈာန်တံခိုးအဘိညာဏ်များရနိုင်ရန် သမထ ဘာဝ
နာကိုပွား၍ ဈာန်ကစားမှုများသောအခါကို သမာဓိခေတ်ဟုခေါ်
သည်၊ (၃)စာရိတ္တ, ဝါရိတ္တ စသော ကိုယ်ကျင့်တရား သီလ
သိတင်းကို စောင့်သုံး ဆောက်တည်မှုများသော အခါမျိုးကို
သီလခေတ်ဟုခေါ်သည်၊(၄)စာပေကျမ်းဂန် ဓမ္မက္ခန်ပိဋကတ်
ပရိယတ္တိများ သင်ကြားတတ်မြောက်မှုဖြင့် မြတ်လှသည်ဟု
အထင်မှားရ၍ ကျက်မှတ် အရအားထုတ်မှု များလှသောအခါမျိုး
ကို သုတခေတ်ဟုခေါ်သည်၊ (၅)ပေးကမ်းစွန့်ကြဲ ဝေခွဲမျှတ
ခြင်းသည်လည်း မြင့်မြတ်လှသော သာသနာ့အလုပ်ကိစ္စပဲဟူ၍
အထင်အမှတ်ထားပြီး အားထုတ်မှုများလှသော အခါမျိုးကို
ဒါနခေတ်ဟုခေါ်သည်၊ ဤသို့လျှင် သာသနာ့ခေတ်အခါ ပြု
ဘွယ်ရာကိစ္စ သဘာဝခြားနား၍ အခါအားဖြင့် ၅-မျိုး ၅-စား
၅-ပါးရှိသော အဓိပ္ပါယ်သဘောသွားကို အထူးသဖြင့်မှတ်သား
ထိုက်သင့်ပေသတည်း၊

### ဘုရားရှင်ပင် နိဗ္ဗာန်ကိုမပေးနိုင်ကြောင်းပြဆိုချက်၊

ဝိပဿနာဝင် သူတော်စင်အပေါင်းတို့နှင့် နိဗ္ဗာန်ကို အမှန်
လိုလားကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် (၁) အဘယ်

ကြောင့် မြင်သောခဏ နံသောခဏ စားသောခဏ ထိသော ခဏ သိသောခဏတို့၌ သိမှတ်ပိုင်းခြားခြင်းအမှုကို မပြုဘဲနေ ချင်ကြကုန်ဘိသနည်း၊ (၂)ထိုခဏတို့၌ သိမှတ် ပိုင်းခြားနေ သောအလုပ်သည် အကျိုးတန်လှသော ဥပဿနာအလုပ်မဟုတ် ပါကုန်လော၊ (၃)ထိုအလုပ်မှတပါး နိဗ္ဗာန်ကိုရောက်ဘို့ အခြား နည်းလမ်း အလုပ်ရှိပါသေးကုန်၏လော၊ (၄) မရှိမှန်းသိကြ သော ယောဂီပုဂ္ဂိုလ်တို့ကို ဘုရားရှင်က နိဗ္ဗာန်ကိုလက်လှမ်း ကမ်း၍ ပေးနိုင်ပါမည်လော၊ (၅)သောတာပန်, သကဒါဂါမ်, အနာဂါမ်စသော အရိယာအရှင်မြတ်တို့ပင် နိဗ္ဗာန်ကို လက် လှမ်းကမ်း၍ ပေးနိုင်ပါမည်လော၊ (၆) ဘုရားရှင်နှင့် တကွ အရိယာသာဝကတို့က နိဗ္ဗာန်ရဘို့လမ်းကြောင်းကိုသာ ညွှန် ပြနိုင်၍ နိဗ္ဗာန်ကို လက်လှမ်းကမ်း၍ မပေးနိုင်ကြောင်းကို သိ လျက်သားနှင့် အားမထုတ်ဘဲနေကြခြင်းသည် မည်သူတို့၏ အ ပြစ်ပါနည်း၊ (၇)လူနတ်ပြဟ္မာသတ္တဝါတို့၏ စည်းစိမ်ကလေး မျှကို နှစ်သက်ခင်မင်တွယ်တာ၍နေသော ယောဂီပုဂ္ဂိုလ်တို့၏ အပြစ်မဟုတ်လောဟုမေးလျှင် ဟုတ်ပါသည်ဟု ဝန်ခံရမည်၊ ဘုရားရှင်ကိုယ်တော်တိုင်ကပင် ငါတို့ဘုရားရှင် အပေါင်းတို့ သည် ညွှန်ပြသောအားဖြင့်ရင်း၊ မဂ်ခရီးလမ်းမှန်ကျင့်တတ်ရန် ကို မထိန်မချန် ကျနဟောပြရန်သာ ဟောပြခြင်းငှါ ပွမ်းနိုင် ဘော်မူကြလေပြီ၊ သောတာပန်စသည်ဖြစ်အောင် ဝင်စပ်ပြု၍ မပေးနိုင်ကြလေကုန်ပြီဟု မိန့်တော်မူသည်ကိုမှတ်အပ်၏၊

ဤသို့သိသောလျှင် မိမိကိုယ်ကိုမိမိအားကိုးနိုင်ကြမည်၊

## ဝိပဿနာ ဉာဏ်စဉ် ၁၆-ပါး၊

(၁)နာမ်ရုပ်ကို ပိုင်းခြားခြင်း-နာမရူပပရိစ္ဆေဒဉာဏ်၊ (၂) နာမ်ရုပ်၏အကြောင်းကိုသိမ်းဆည်းခြင်း-ပစ္စယပရိဂ္ဂဟဉာဏ်၊ (၃)နာမ်ရုပ်ကိုသုံးသပ်ခြင်း - သမ္မသနဉာဏ်၊ (၄)ဖြစ်ဆဲနာမ်ရုပ်၏အဖြစ်အပျက်ကို ရှုမြင်ခြင်း-ဥဒယဗ္ဗယဉာဏ်၊ (၅)ဖြစ်ဆဲနာမ်ရုပ်၏ အပျက်ကိုရှုမြင်ခြင်း-ဘင်္ဂဉာဏ်၊ (၆) ဖြစ်ဆဲနာမ်ရုပ်တို့၌ဘေးထင်ခြင်း -ဘယဉာဏ်၊ (၇)ဖြစ်ဆဲ နာမ်ရုပ်တို့၌ အပြစ်ထင်ခြင်း-အာဒီနဝဉာဏ်၊ (၈) ဖြစ်ဆဲနာမ်ရုပ်တို့၌ ငြီးငွေ့ခြင်း-နိဗ္ဗိဒါဉာဏ်၊ (၉) ဖြစ်ဆဲနာမ်ရုပ်တို့မှ လွတ်လိုခြင်း-မုဉ္စိတုကမျတာဉာဏ်၊ (၁၀) ဖြစ်ဆဲနာမ်ရုပ်တို့မှ လွတ်မြောက်အောင်ဆင်ခြင်ခြင်း-ပဋိသင်္ခါဉာဏ်၊ (၁၁) ဖြစ်ဆဲနာမ်ရုပ်တို့၌ ချစ်မုန်းခြင်းကင်း ညီမျှသောအားဖြင့်နေခြင်း-သင်္ခါရုပေက္ခာဉာဏ်၊ (၁၂)ဖြစ်ဆဲနာမ်ရုပ်အခိုက် အောက်ဉာဏ် ၁၀-ပါးဖြင့်လျော်၍လိုက်ခြင်း-အနုလောမဉာဏ်၊ (၁၃)ပျက်ဆဲနာမ်ရုပ်အခိုက် ဗဟိဒ္ဓအာရုံမှတဖန် ပြန်မရောက်ခြင်း-ဂေါတြဘူဉာဏ်၊ (၁၄) စိတ်အတွင်း ကိလေသာစိတ်မှအပ ရုပ်နာမ်အာရုံ ၂-ပါးရုံမှ နောက်ထပ်တဖန် ပြန်မလည်ခြင်း-မဂ်ဉာဏ်၊(၁၅)စိတ်အတွင်းအပ ၂-ပါးအစုံမှထသောမဂ်ပယောဂ သမ္ပဒါန် တဖန်မရှိ ငြိမ်းသောပညာကို-ဖိုလ်ဉာဏ်၊ (၁၆) ထိုထိုမဂ်ဖိုလ် နိဗ္ဗာန်၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်ကုန်သော တရားတို့၌ ရှုသောပညာကို-ပစ္စဝေက္ခဏာဉာဏ်၊

* ရုပ်နာမ်တွေ့သော ဝိပဿနာဉာဏ်စဉ် ၁၆-ပါးအနက် ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်စသည်ဖြင့် တပါးမှ တပါးစီ ဖြစ်ပေါ်ရမည်။

### ဝိပဿနာဆောင်ပုဒ်ကဗျာ ၁၁-ပုဒ်။

(၁)ပထဝီ, အာပေါ, တေဇော, ဝါယော ခေတ်သဘောမှာ ခက်မာ့ဖွဲ့ပေး၊ပူအေးသောက်ကန်၊လေးဘန်သက္ကာ၊ သိကြောင်းပြသည်၊ သေးဝခေတ်ရင်းသဘောတည်း။ (၂)ခေတ်ကြီးလေးပါး ဖြစ်သာပြီးက ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဤလေးဖြာ မြဲစွာပါမြဲတည်း။ (၃) ထိုခေတ်ရှစ်ပါး၊ မပြားမကွဲ၊ တသားထဲမှတ် အဋ္ဌကလပ်၊ ခေတ်ခဲဘာချ၊ ခေါ်ရိုးပြုကြ၊ နှိုင်းဘုစရာ၊ ပမာမရ၊ သေးငယ်သွေသော သဘောမျှသာတည်း။ (၄) ကံ၊ စိတ်၊ ဥတု အဟာရယှ၊ အကြောင်းလေးချ၊ ကျေးဇူးပြု၍၊ လူ၏ကိုယ်မှာ၊ မြန်စွာခဏ၊ ဖြစ်ကာပျက်ပြန်၊ မီးအလျှံအသွင်၊ရေအယဉ်ပမာ၊ ရုပ်ခန္ဓာသည်၊ ဘယ်ခါမစဲ၊ ဖြစ်ပျက်မြဲတည်း။ (၅) ပညတ်၊ ပရမတ်၊ အဘက်မြင်သိ၊ ဉာဏ်နှင့်ကြည့်မှ၊ အနိစ္စကို၊ ဒိဋ္ဌမှန်စွာ၊ မြင်နိုင်ရာသည်၊ ပညာအချက်စခန်းတည်း။ (၆)နာမ်ရုပ်နှစ်ဘန်၊ သူမြဲဟန်ကို၊ အနုနဲ့ဒိဋ္ဌ၊ မသိကြ၍၊ ငါထငါထိုင်၊ ငါကိုင် ငါသွား၊ ငါးကြား ငါကြည့်၊ ငါသိငါမြင်၊ ခေတ်ဖြစ်အင်ကို၊ငါပင်ရချ၊ မှတ်ထင်ကြသည် သက္ကာယဒိဋ္ဌိ စွဲလမ်းမှုကြီးပါတကား။ (၇) နာမ်ရုပ်နှစ်ခု၊ နှစ်ဘို့ပြု၍၊ ရုပ်ပုနာမ်ပု၊ တတခုချ၌၊ ကြိမ်ဖန်စေ့ငု၊ ဒုက်၍ရှုမှ၊ ခေတ်ရင်းမူလ၊ သဘာဝကို၊

ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကား။ (၈) အကြည်ခြောက်ပုံ၊ အာရုံဆိုက်က၊ ခြောက်ဝိညာဏ်၊ အစဉ်ဖြစ်မှု၊ ဘမ်းယူရှု၍၊ အနိစ္စကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကား။ (၉) ရုပ်နာမ်ခွဲ၊ အနိစ္စကို ဒိဋ္ဌမြင်က၊ အနတ္တကို၊ မချမြင်၍၊ ငါဝင်မဟုတ်၊ နာမ်ရုပ်နှစ်ခု၊ ဓာတ်အမှုသာ၊ ဖြစ်ပါတကား၊ မြင်လုံးထွားသဖြင့်၊ သက္ကာယတရေး၊ လွှင့်စင်ရှားလေဖို့တကား။ (၁၀) ဒိဋ္ဌိသက္ကာယ၊ တဒင်္ဂပဟာန်၊ ကွာပြန်မှုက၊ ရုဋ္ဌသောတာပန်၊ သမုစ္ဆေဒပဟာန်၊ ကွာပြန်ပြားက၊ အပါယ်လေးပါး၊ တံခါးပိတ်၍၊ နိဗ္ဗာန်အဝင်၊ ဘုံစဉ်စံပုဂ္ဂိုလ် ဝိသာခါလို ငါတို့ဖြစ်ရချေ၏တကား။ (၁၁) ကွေ့မထောင့်၊ လမ်းဖြောင့်တရေး၊ တွေ့ပါးသွားနှင့်၊ အများမှူးတိုင်း၊ နှင်မရှုးနှင့်၊ ထူးသည့်အခါ၊ ဝိပဿနာကို ခါခါပွားမှ၊ သွားသည့်သံသရာ၊ အစဉ်ပါအောင်၊ နှင်သာသတိထား၍ကား အရေးကြီးသော ၁၁ - ပိုဒ်တည်း။ ဝိပဿနာသည် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့သွားရာလမ်းမှ ဖုံဖုံကြီးပင်တည်း။ (ဝါ) လမ်းဖြောင့်ဖြောင့်ကြီးပင်တည်း။

## ပညာရှိသတိဖြစ်ခဲ
## ပညာရှိသူ သတိမူရန်အချက်များ။

(၁) သာသနာနှင့် လောက နှစ်ဌာနလုံး၌ သိမှုနှင့် ကျင့်မှု အရေးကြီးပါသည်၊ (၂)ဝိပဿနာ ပညာပါရမီသည်သာလျှင် အမြတ်ဆုံးပေတည်း။(၃)ကြွင်းသောပါရမီတို့သည် ထိုဝိပဿနာ ပညာပါရမီ၏ အခြံအရံတို့သည်သာ ဖြစ်ကုန်၏။ (၄) စာ

ကြည့်၍သော်ရင်း သူတပါးပြောဟော၍သော်ရင်း သိသော ဉာဏ်ကို သုတမယဉာဏ်ခေါ်ပါသည်၊ (၅)ကိုယ်တိုင် ကြံဖန် ၍သိသောဉာဏ်ကို စိန္တာမယဉာဏ်ခေါ်ပါသည်၊ (၆)ဝိပဿ နာရှုကြည့်မှုဘို့ကား စိန္တာမယဉာဏ် အချက်တို့သာ ဖြစ်သ တည်း၊ (၇)လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူသော စာအုပ်များမှာဝိပဿနာရှုကြည့်ရန်ရေးသားသောအချို့သော တရားများသည် စိန္တာမယဉာဏ်ဖြင့်သိအပ်သော တရားတွေ သာတည်း၊ (၈)အချို့သောသူတို့က ပါဠိမပါသောကြောင့် ပေါ့ပျက်ပျက်ရှိသည်ဟု ပြောဆိုကြ၏၊ (၉) ပါဠိတိုက်ရိုက်ရှိ သောတရားကိုသိလျှင် စိန္တာမယဉာဏ်မဖြစ် သုတမယဉာဏ် သာဖြစ်၏၊ (၁၀) စိန္တာမယဉာဏ်မဖြစ်က ဝိပဿနာဉာဏ် အစစ်သို့မဆိုက်၊ (၁၁) ဝိပဿနာဉာဏ်အစစ်သို့ မဆိုက်က အမြိုက်နိဗ္ဗာန်နှင့်အဝေးကြီး၊(၁၂)သက္ကာယဖိစီး၍အချည်းနှီး အလကား တုစ္ဆနယ်သားဖြစ်ရအောင် အားသစ်ရမည် ဆိုလို သည်၊ (၁၃) ကိုယ့်စိန္တာမယဉာဏ်နှင့်လည်းမသိ သူတပါး စိန္တာမယဉာဏ်နှင့် သိအပ်သော တရားစာကိုလည်း မကြည့် ခြင်း၊ (၁၄)စိတ်ကြီးဝင်၍နေသော သူများသည် မဟာအမှား ကြီးပေးတည်း၊

ဝိပဿနာယောဂီ ဆောင်ပုဒ်အထူး၊

(၁)အပြောမဟုတ်–အလုပ်ဝင်ပါ၊ ကိုယ်တိုင်ကြည့်ရှု–သိမှု ဝေါမှာ၊ လေးရက်အတွင်း–လင်းပွင့်ဉာဏ်မှာ၊ ရွရှုရှိန်း သိမ့်သိမ့်

ကိုယ်ခန္ဓာ၊ (၂) ခန္ဓာအတွင်း–လင်းလင်းရှိန်ရှိန်၊ ဘယ်တရား က–လှုပ်ရှားပွေလိမ်၊ မဟာဘုတ်က–အဟုတ်မငြိမ်၊ ဝါယော သုတ်–အဟုတ်တောဓာဗရှိန်၊ ယောဂီရုပ်မှာ ဆတ်ဆတ်ခါ ပမာ တုစွာသိ၊ ဝေဒနာနုပဿနာ ထင်ရှားလာ ထိုခါမခံချို၊ သည်း မခံချင်၊ လွှတ်သိုက်လျှင်၊ ဉာဏ်စဉ်မတက်ဘိ၊ အရိုးကြွေကြွေ သားကြွေကြွေ၊ ရှုလေလုလ္လရှိ၊ လုလ္လထက်သန်၊ သည်းသည်းခံ၊ နိဗ္ဗာန်သို့တိုင်သိ၊

ဝိပဿနာအလုပ် အကျဉ်းချုပ်သိသာရန် ၁၅–ချက်၊

(၁)ဝိပဿနာတရားဆိုတာ ထင်ရှားရှိသောတရားကို မြင် အောင်ရှုရသည်၊ (၂)ထင်ရှားရှိသောတရားကို မြင်အောင်မရှု နိုင်လျှင် ဝိပဿနာမဖြစ်၊ (၃) ထင်ရှားရှိသော တရားဆိုတာ အခြားမှာသွား၍ရှာမှ ရတာမျိုးမဟုတ် ကိုယ်မှာအမြဲရှိသော တရားဖြစ်သည်၊ (၄)ကိုယ်မှာအမြဲရှိသောတရားဆိုတာ ထွက်သက်ဝင်သက်ဖြစ်သည်၊ (၅)ထွက်သက်ဝင်သက်ဆိုတာ အမိ ဝမ်းကမွေးကတည်းက သေသည်အထိ အမြဲမပြတ် တလစပ် ရှိနေသော တရားသဘောဖြစ်သည်၊ (၆)ထွက်သက် ဝင်သက် သည် အလုပ်လုပ်နေရင်း စကားပြောနေရင်း စာရေးနေရင်း စာကျက်နေရင်း စဉ်းစားနေရင်းလည်း ရှိသည်၊ အိပ်ပျော်နေ ရင်းလည်းရှိနေတာဘဲဖြစ်သည်၊ (၇)ထွက်သက်ဝင်သက်သည် အမြဲမပြတ် ရှိနေသော်လည်း အမှတ်တမဲ့နေကြ၍ သတိမမူ ၍မမြင် သတိမူလျှင် မြူကိုတောင်မြင်ရတယ်ဆိုတာလိုဘဲ ဂရု

ဒိုက်၍ကြည့်ရှုမှ ဂိမှန်းသိကြသည်၊ (၈) ကြည့်တယ်ဆိုရာ၌ ဝိပဿနာဖြစ်ဘို့ရာမှာ လွှက်သက်လေ, ဝင်သက်လေ ပေါ်ရာ နှာသီးဖျားမှာ ရိပ်ခိုင်ရိပ်ခိုင်နှင့် သ-သိသွားတာကို သိအောင် ရှုကြရမည်၊ (၉) သဘောဟာပရမတ် ရုပ်သဘောဖြစ်သည်၊ ဒိ တာက နာမ်သဘောဖြစ်သည်၊ (၁၀) တရိပ်ရိပ်နှင့် ယိမ်းနှိုင်း ပျောက်ဘိုင်း ပုပ်နာသံ ၂-ပါး ဖြစ်မှုပျက်မှုတွေ ဖြစ်ပျက်၍နေ ခြင်းဖြစ်သည်၊ (၁၁) တရိပ်ရိပ်နှင့် နှာသီးဖျားတွင် ထင်ပိုက် ပျောက်သိုက် နေတာတွေကိုသာ တဆက်ထည်း မြင်အောင် ကြည့်ရှုနေလျှင် ကြာတော့ခါ ဝိပဿနာသမာဓိတငထောက်တစ တခဏထက်တခဏ တိုးတက်၍ အားကြီးလာသောအခါ နှာ သီးဖျားတွင်မက ခန္ဓာကိုယ်မှာလည်း အလိုကိုတရိပ်ရိပ်တရှရှ ဖြစ်လာတာတွေကိုတွေ့ရတတ်၏၊ (၁၂) တကိုယ်လုံး၌ တရိပ် ရိပ်တရှရှတွေ အစဉ်မပြတ် ဖြစ်ပျက်၍နေတာတွေကို တွေ့၍ လာသောအခါ အနိစ္စကိုကောင်းစွာမြင်ရသောကြောင့် အနတ္တ ကို အလိုလိုထင်၍သာလိမ့်မည်၊ ဝိပဿနာယောဂီ၏ အလုပ် သည် ထိမှုကိုကြည့်ရှုနေရုံသာဖြစ်သည်၊ ကြည့်ရှုနေရင်း ဒိ သင့်သိထိုက်သမျှကိုမူကား အလိုလိုသိ၍လာလိမ့်မည်၊ (၁၃) ဤကဲ့သို့ တရိပ်ရိပ်နှင့် ထိမှုတို့ကို ကြည့်ရှုနေရင်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်၍လာသည်ရှိသော် သိသာလှပါ၏၊ အဘယ်သို့ သိရမည်နည်းဟူမူ ရေငတ်၍နေသောသူသည် ရေကိုသောက် ရသည်ရှိသော် ရေဘေးပြေသကဲ့သို့ ဖြစ်သွားတော့၏၊ (၁၄) မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရပြီးရောက်ပြီး၍ ဖလသမာပတ်ကို

ဝင်စားလိုလျှင် မိမိသဘောကျသောလမ်းကို ပြန်ကြည့်ရ၏၊(၁၅) ဤအတိုင်းဖြစ်ချင်လျှင် တရိပ်ရိပ်နှင့်ထိမှတ်ကိုသာကြည့်ရှု၍နေ၊ တွေ့သိကာလိတွေကို လိုက်၍လုပ်မနေနှင့်။

ဝိပဿနာတင်၍ အာရုံပြုရှုကြရန်နည်း။

(၁)ပုဗ္ဗာနုဿတိကမ္မဋ္ဌာန်း၊ (၂)မေတ္တာကမ္မဋ္ဌာန်း၊ (၃) အသုဘကမ္မဋ္ဌာန်း၊ (၄)မရဏာနုဿတိစသော ကမ္မဋ္ဌာန်းများ စီးဖြန်းသောအခါ၌ ဖြစ်ပေါ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ယခုဝိပဿနာစီးဖြန်းဆဲအခါသို့ မရောက်မူ၍ ထိုထို ကမ္မဋ္ဌာန်း စီးဖြန်းသောအခါ၌ပင်လျှင် ချုပ်ပျောက်လေသောကြောင့် ( အနိစ္စ-အနိစ္စ-အနိစ္စ-အနိစ္စ ) ချုပ်ပျောက် သေဆဲ ဆင်းရဲလေသောကြောင့်(ဒုက္ခ-ဒုက္ခ-ဒုက္ခ-ဒုက္ခ )ချုပ်ပျောက် သေခါ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် (အနတ္တ-အနတ္တ-အနတ္တ-အနတ္တ)ဟူ၍အာရုံပြုခါ ဆင်ခြင်ရှုမှတ်ကြပါကုန်။

ဒွါရ(၆)ပေါက်မှထွက်နေတဲ့စိတ်ကို
ဖမ်းပုံဥပမာ။

ယောဂီပုဂ္ဂိုလ်သည် မိမိ၏နှာသီးဖျားကို အာရုံပိုက်ပြီး မျက်စိကိုအသာမှိတ်လျက် ထွက်သက်လေကို ထွက်မှန်းသိ၊ ဝင်သက်လေကို ဝင်မှန်းသိပြီး လက်မချိုး ပုတီးမစိတ် မရေတွက် မစဉ်းစားမကြံစီဘဲ မတွေးတောဘဲနှင့် ဝိရိယသတိကို လက်ကိုင်ထားပြီး ဣရိယာပုဒ်လေးပါးစလုံး အမြဲအားထုတ်ရ

ခယ်၊ ပေါဋ္ဌိလမထေရ်ကြီးကို သာမဏေငယ် ဆုံးမသည့်အခါ (အရှင်ဘုရား ကညွှန်းဟာ မခက်ပါဘူး တောင်ပို့တချမှာ ဂယ်ပေါက်ခြောက်ပေါက်ရှိတယ် တောင်ပို့မှာ ဖွတ်တကောင် အောင်းနေတာကို ဖမ်းချင်ရင် ဂယ်ပေါက် ၅-ပေါက်ကို အလုံပိတ် တပေါက်ကနေစောင့်လျှင် ဖမ်းမိပါတယ်လို့) သာမဏေငယ်ကလျှောက်ထားတော့ ပေါဋ္ဌိလ မထေရ်ကြီးက (ငါ့ရှင် ငါသိပြီ) ဆိုပြီးအားထုတ်လိုက်ထော တခဏခြင်းနှင့် အရိယာဖြစ်သွားသည်၊ ဓါးဥပမာလို မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, မနော, ခြောက်ဒွါရပေါက်မှ စိတ်ကိုဖမ်းလျှင် အမှန်သမာဓိဖြစ်နိုင်ပါသည်။

ဗုဒ္ဓမြတ်စွာ၏မိန့်ခွန်းတော်၊

ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါဘဲ၊ ဘဝအသက်၊ ရှည်သည့်ထက်ပင်၊ ဖြစ်ပျက်နေဟန်၊ ရုပ်နှင့်နာမ်ကို၊ အမှန်မြင်လျက်၊ ဉာဏ်စည်တက်၍၊ တရက်ဝသော်မျှ သက်ရှည်ရသော်၊ လောကလူ့ရွာ၊ ကောင်းမြတ်သတည်း၊ မြတ်စွာဗုဒ္ဓ မိန့်ခွန်းတည်း။

နိဗ္ဗာန်လမ်းရောက် ကိုယ်တွေ့ဝိပဿနာ မှတ်ကျောက်။

လူတိုင်းနားလည်၍ နေ့ရာမရွေးဘာဝနာကိုအားထုတ်ကျင့်ကြံနိုင်ကြစေရန် ရည်သန်ချက်ထား မေတ္တာပွား၍ ပဋ္ဌိမဖက် မြန်မာသတ်သက်နှင့် ရေးသားထားပါသည်၊ အကျယ်ကိုသိပါက ဝိသုဒ္ဓိမဂ်စသော ဝိပဿနာကျမ်းအစောင်စောင်တို့ကို ကြည့်ကြပါလော့။

အထူးနှလုံးသွင်း ယထာဘူတစာတမ်း။

သားကောင်း၊ သမီးကောင်း၊ ဆွေမျိုးကောင်း၊ အပေါင်းအဖေါ်ကောင်း၊ အစားကောင်း၊ အဝတ်ကောင်း၊ အိမ်းကောင်းစသော အကောင်းပညာသမျှတို့ကို အကုန်လုံး စကြာဝဋ္ဋာအနန္တက သတ္တဝါတွေကြုံကြသလို ဒါန-သီလ-သမထ-ဝိပဿနာ စသည့်တို့ကိုလဲ ကြပ်ကြပ်ကြီးကြုံကြပါ၊လောကအကောင်းများထက် ကြပ်ကြပ်ကြီးကြုံမှလာလျှင် ဝဋ်သုံးပါးမှ ထွက်မြောက်နိုင်ကြမည်။

သားဆိုး၊ သမီးဆိုး၊ ဆွေမျိုးဆိုး၊ အပေါင်းအဖေါ်ဆိုး၊ အစားဆိုး၊ အဝတ်ဆိုးစသော အဆိုးပညာသမျှတို့ကို အကုန်လုံး ရှုကြသလို အကျင့်ဆိုး အကြံဆိုး အယူဆိုး အပြောဆိုးစသော စိတ်ဆိုးစိတ်မိုက်ကြီးများကို ကြပ်ကြပ်ကြီး မုန်းလိုက်ကြပါနှင်ထုတ်လိုက်ကြပါ လက်မခံကြပါနှင့်၊ စိတ်ဆိုးစိတ်မိုက်ကြီးကို လက်ခံ၍ထားပါလျှင် ဆင်းရဲတတ်သည် အပါယ်သို့ကျရောက်တတ်သည်၊ သံသရာရှည်လျားတတ်သည်၊ ကြပ်ကြပ်ကြီးသတိပြုကြပါ။

မိမိမကြိုက်သော အလုပ်ပညာသမျှကို သူများအားမပြုပါနှင့် စာတလုံးကိုဘတ်မှ စာတတ်ဟုခေါ်ဆိုနိုင်ပါသည်၊ မိမိကိုယ်ကို သတ်မှာတော့ကြောက်ကြ၏၊ သူတပါးကိုတော့သတ်ချင်ကြ၏ မိမိဥစ္စာကိုတော့ ခိုးမှာကြောက်ကြ၏ သူများဥစ္စာကိုတော့ ခိုးချင်ကြ၏၊ မိမိကိုတော့ သူတပါးလိမ်မှာကြောက်ကြ၏ သူတပါး

ကိုဘော့ သိမ်းချင်ကြ၏၊ ထို့ကြောင့်...မိမိမကြိုက်သော အမှု ပဒုသမှုတို့ကို သူတပါးအားမပြုပါနှင့် မပြောပါနှင့် မဆိုပါနှင့် ကိုယ်ချင်းစာနာကြပါလေ ကိုယ်ချင်းစာနာတတ်သောတရားကို စာတလုံးဟုခေါ်ဆိုပါသည်၊ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်သော်လဲ စာတလုံးကိုတတ်သည်ဟု မခေါ်ဆိုနိုင်ပါ၊ မြန်မာလူမျိုးလဲ ဘာတလုံးတတ်လျှင် စာတတ်ခေါ်သည်၊ တရုပ်-ကုလား-ရှမ်း-ကရင်မှစ၍ တနေ့တပါးသောသူတို့လဲ ကိုယ်ချင်းစာနာတတ်ပါလျှင် စာတတ်ဟုခေါ်ဆိုနိုင်ပါသည်၊

စာတလုံးကို တတ်ကြသောသူသည် နွေးဖြစ်မှာတော့ ကြောက်ကြ၏၊ နွားဖြစ်မှာတော့ ကြောက်ကြ၏၊ ကျွဲဖြစ်မှာတော့ကြောက်ကြ၏၊ အပါယ်လေးပါးကိုကျမှာတော့ ကြောက်ကြ၏၊ လူ၏ချမ်းသာ၊ နတ်၏ချမ်းသာ၊ ဗြဟ္မာ၏ချမ်းသာ၊ နိဗ္ဗာန်၏ချမ်းသာစသော ချမ်းသာတို့ကိုတော့ လိုချင်ကြ၏၊ လိုချင်ကြလျှင် ပြောမနေကြနှင့်၊ ဆုတောင်းမနေကြနှင့်၊ လုပ်၍ယူကြ၊ လောကီဥစ္စာတို့ကိုရအောင် ငွေအားလူအားနှင့် ဥစ္စာဝိရိယ ဝိုက်ဘုတ်၍လုပ်ကိုင်မှ ရွှေ-ငွေ-ဆံ-စပါး-ကျွဲနွား တို့ကိုရသလို လောကုတ္တရာဥစ္စာကလဲ ငွေအား လူအားနှင့် သဒ္ဓါ ဝီရိယ ပညာသုံးပါးနှင့် လုပ်ကိုင်အားထုတ် ကျင့်ကြံမှသာလျှင် လူ၏ချမ်းသာ နတ်၏ချမ်းသာ ဗြဟ္မာ၏ချမ်းသာ နိဗ္ဗာန်၏ချမ်းသာတို့ကို ရရှိခံစားနိုင်ကြပါမည်၊ ရရှိခံစားနိုင်သော အောက်ပါ ခရီးလမ်းစဉ်အတိုင်း သွားကြပါလေ၊ လောကီမှာလဲဘဲ ခရီးမသွားလျှင်မရောက်ပါ သွားမှဘဲရောက်မည်၊ လောကုတ္တရာမှာ

လဲဘဲ တကယ်ကိုကျင့်ကြံအားထုတ်မှဘဲရမည်၊ အားမထုတ်ပါဘဲလျှက် စာကိုကြည့်၍ သုတမယဉာဏ် စိန္တာမယဉာဏ် လောက်နှင့် ဘင်းတိမ်၍နေပါလျှင် ကိစ္စကြီးငယ်ရှိသောအခါမှာ လာဘက်ဦး ကွမ်းဦးစားကောင်းရုံသာရှိသေးသည်၊ အပါယ်ကိုတော့ စိတ်မချရသေးပါ၊ စာတတ်ရုံ စာကြည့်ရုံနှင့်သောတာပန်ဖြစ်မယ်ဆိုလျှင် မြန်မာစာကို တတ်ကြသော မြန်မာပြည်ဘွား ကုလား-တရုပ်-ရှမ်း-ကရင်စသော တိုင်းသားတွေဟာ တရားမကျင့်ဘဲနှင့် သောတာပန်တွေ ဖြစ်ကောင်းဖြစ်စရာရှိပါသည်၊ မိမိကိုယ်ကို ငါဟာ ဥဂ္ဃဋိတညူပုဂ္ဂိုလ်လား ဝိပဉ္စိတညူပုဂ္ဂိုလ်လား၊ သို့မဟုတ် နေယျပုဂ္ဂိုလ်လား ဆိုတာကို ပိုင်းခြား၍သိနိုင်ကြပါသလား- မသိနိုင်ကြလျှင် ယခုလမ်းစဉ်အတိုင်းလိုက်ကြပါ၊ ယခုလမ်းစဉ်ဟာ မြန်မာလူမျိုးတွေမှာပင် ရှိသည်မဟုတ်ပါ သဘာဝတရားဖြစ်ပါ၍ တရုပ်လူမျိုး ကုလားလူမျိုး စသော လူမျိုးတိုင်းမှာကော ထွက်သက်ဝင်သက်မရှိဘူးလား၊ ဓာတ်လေးပါးသဘောတွေမရှိဘူးလား၊ လူမျိုး တရာ့တပါးတွင်မက သက်ရှိသော သတ္တဝါများလဲရှိပါသည် ဗြဟ္မာ-နတ်-လူ-ခပ်သိမ်းသူတို့၏ဆရာ ဘုရားသခင်က ငါမရှိသည့်နောင်သော အခါမှာ ငါဟောကြားထားခဲ့သော တရားတော်တွေဟာ ငါ့ဆရာ-ဘုရားဘဲဟုမှတ်ကြလို့ ညီတော်အာနန္ဒာကို ဟောထားခဲ့ပါသည်၊ ယခုလဲ ဆရာဘုရား၏ ဟောထားသောစာကိုကြည့်၍ ကျင့်နိုင်ကြပါသည် (ဥပမာ) ဂျပန်လူမျိုးတို့သည် စစ်တိုက်သောအခါမှာ မြေပုံကိုကြည့်၍

လာကြ၏ ရှာဖွေသောအခါမှာ ဘာရှာသလဲဟုမေး၏ မြေပုံလဲကရှာမှန်လျှင်ရှေ့သို့သွားပြန်၏၊ ရှာဖွေသောအခါမှာ ဘာရှာသလဲဟုမေးပြန်၏၊ မြေပုံလဲကရှာမှန်လျှင် ရှေ့သို့ ဆက်ခါဆက်ခါ သွားကြသလိုယခုလဲ မြေပုံနှင့်တူသောစာကိုကြည့်၍ တကယ့်ကို ဩကောခမ္မာဖြစ်အောင်အားထုတ်မှသာလျှင် ဘာဝနာမယဉာဏ်၊ ဥပသနာမယဉာဏ်သို့ ရောက်ခြင်း၊ အပြောမဟုတ် အလုပ်ဝင်ကြည့်ကြပါ သူတော်ကောင်းတို့။

သမထခန်း။

အိမ်မှာသော်၎င်း၊ တောမှာသော်၎င်း၊ တရားကိုအားထုတ်လျှင် ဘုရားကန်တော့ပြီးဝတ်ပြုပါ၊

ဘုရားထံမှာသော်၎င်း၊ သံဃာတော်များထံမှာသော်၎င်း ငါးပါး-ရှစ်ပါး-ကိုးပါး-ဆယ်ပါးစသော သီလများကို တခုခု ခံယူထိန်းသိမ်းထားပါ၊

ဘုရားထံမှာသော်၎င်း၊ ဆရာထံမှာသော်၎င်း သမထ ကမ္မဋ္ဌာန်း ဥပသနာကမ္မဋ္ဌာန်းများကို ဘုရားခွဲ၍တောင်းပါ၊

ဘုရားကိုသော်၎င်း၊ ဆရာကိုသော်၎င်း၊ မိမိကိုယ်နှင့် ရုပ်နာမ်နှစ်ပါးကို ရက်ပိုင်း လပိုင်းနှင့်လှူထားပါ၊

ဘုရား, တရား, သံဃာ, မိဘ, ဆရာတို့ကို ကိုယ်ဖြင့်ပြုသောကံ-နှုတ်ဖြင့်ပြုသောကံ-စိတ်ဖြင့်ပြုသောကံမှစ၍ ပြစ်မှားမိသည်ရှိသော် အပြစ်မှကင်းလွတ်တော်မူပါဟု ဝန်ချ၍ကန်တော့ပါ၊

ငါသည် ကျန်းမာပါစေ၊ ငါတို့အိမ်သားတွေလဲ ကျန်းမာပါစေ၊ အိမ်စောင့်နတ်၊ ဝိုင်းစောင့်နတ်၊ မြို့စောင့်နတ်၊ နယ်စောင့်နတ်၊ တောစောင့်နတ်၊ သာသနာတော်စောင့် နတ်မှစ၍ သုံးဆယ့်တဘုံအတွင်းရှိကြကုန်သော လူ့နတ်ဗြဟ္မာ သတ္တဝါတို့ မကျန် ကျန်းမာကြပါစေဟု မေတ္တာအထူးပို့သဝါ အမျှဝေပါ။

ယောဂျီးမှာ တင်ပလ္လင်ခွေ၍ထိုင်ပါ၊ မိန်းမမှာ ကြို့ကြို့ထိုင်ပါ၊ လက်ကို ပေါင်ပေါ်မှာတင်၍ လက်မထိပ်ခြင်းထိ၍ ထားပါ၊ ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထားပြီးမျက်စိကိုမှိတ်၍ထားပါ၊

စိတ်ကို နှာသီးဝန်းမြဲစွာထားပါ၊ မူလကလေထက် နည်းနည်းပြင်း၍ပေးပါ၊ အနည်းငယ်ရှည်၍ပေးပါ၊ မပြင်းလွန်းပါနှင့် မပြော့လွန်းပါနှင့် ထွက်လေနှင့်ဝင်လေသည် ညီမျှ၍နေပါစေ၊ အပြင်ထွက်၍လဲမလိုက်ပါနှင့် အတွင်းဝင်၍လဲ မလိုက်ပါနှင့်၊ ထွက်လေနှင့် ဝင်လေကို နှာသီးဝနဲ့တိုက်ထိမှုကိုသာ (သိ)နေရပါမည်၊ မသိဘဲလျှက်မထွက်စေရ မသိဘဲလျှက် မဝင်စေရ၊ ထွက်လေနှင့် ဝင်လေအကြားမှာ လေချင်း မစပ်ဆက်စေဘဲ ခေတ္တဖြတ်ပေးရမည်၊ သဒ္ဓါဗိုလ်-သတိဗိုလ်-ဝိရိယဗိုလ်-သမာဓိဗိုလ်-ပညာဗိုလ်စသော ငါးပါးသောဗိုလ်တို့နှင့်အားထုတ်ရပါမည်၊

အထက်ပါနည်းအတိုင်း တခါထိုင်လျှင် တနာရီထိုင်၍ အားထုတ်ရပါမည်၊ တနေ့ကိုခြောက်ခါ ခြောက်နာရီထက်မနဲ အပိုဘက်ကနေ၍ အားထုတ်ရပါမည်၊

လေးငါးရက်အားထုတ်လျှင် သမာဓိအားကောင်း၍ လာပါတော့သည်၊ သမထနိမိတ်များပေါ်၍လာပါတော့သည် ရှိသောတရားဖြစ်၍ လုပ်ကြံ၍မနေရပါ စာမတတ်သောသူတို့လဲဘုရားကိုတွေ့မည်၊ ကုလားလဲတွေ့မည်၊ တရုပ်လဲတွေ့မည်၊ အဟုတ်ရှိသောတရား တကယ်ရှိသောတရား မှန်သောတရား ဖြစ်ပါသည်၊ မသုံလျှင်သမာဓိခေါင်းပဲသို့ဝင်၍ လုပ်ကြံ့ကြံ နေပြောကောင်းနဲ့ အဝတ်ကောင်းရုံနှင့်သမာဓိကောင်းပုဂ္ဂိုလ်ကြီးထင် မနေကြနှင့် အပြော သူ့ဘာသာကောင်းအဝတ် သူ့ဘာသာကောင်း ဘဲရှိသေးသည်၊ အကျင့် သူ့ဘာသာကောင်း မဟုတ်သေးဘူး။

နိမိတ်ဆိုသည်မှာ သုံးမျိုးရှိပါသည်၊ လေတို့သည် နှာသီးဝ၌ထိသမျှကိုသိနေခြင်းသည် ပရိကမ္မနိမိတ်မည်၏။

ရင်းနိမိတ်မှငြိမ်သက်၍ အလင်းရောင်ထွက်လာခြင်း စက်တန့်ရောင်ကဲ့သို့ ထွက်လာခြင်းစသည်တို့ကို ဥဂ္ဂဟနိမိတ်မည်၏။

ထိုနိမိတ်များသည် မပျောက်မကွယ်ဘဲ တည်မြဲလာခြင်းကို ပဋိဘာဂနိမိတ်မည်၏။

အထက်ဖော်ပြပါ နိမိတ်သုံးမျိုးကို အစဉ်အတိုင်း ဖြစ်၍လာအောင်ကြိုးစားအားထုတ်ရပါမည်၊

နိမိတ်များမှာ နှာခေါင်းဝမှ အခိုးချောင်းကြီးတွေ ပေါ်၍လာခြင်း၊ စက်တန့်ရောင်ကဲ့သို့ စိမ်းညိုနီပြာ ရောင်မျိုးစုံ အချောင်းကြီးတွေပေါ်၍လာခြင်း၊ နှာသီးဝမှရှေ့ကို ဝါဂွမ်းသုံးပမာန အလုံးအငယ်အကြီးတွေ အမျိုးမျိုးပေါ်ထွက်၍လာခြင်း၊

ဘုရားသခင် သက်တော်ထင်ရှားကဲ့သို့ ကြွ၍လာခြင်း၊ ဗိမာန် အမျိုးမျိုးတွေပေါ်၍လာခြင်း၊ နတ်သား နတ်သမီးတွေပေါ်၍လာ ခြင်း စသော စရိုက်အားလျော်စွာ အမျိုးမျိုးအဖုံဖုံ ပေါ်၍လာ တတ်ပါသည်၊

အထက်ပါနည်းသည် သမထနည်း ဖြစ်ပါသည်၊ သမထ ဆိုတာဟာ တည်ကြည်ငြိမ်သက်သောတရား၊ စိတ်မပြန့်လွင့် သောတရား၊ ဝိတက်ငြိမ်းသောတရား၊ ဈာန်တရား ဗြဟ္မာဘုံ သို့ရောက်နိုင်သောတရားများဖြစ်ပါသည်၊

(သမထခဏ်းပြီး၏)

ဝိပဿနာဆိုတာဟာ အာရုံခြောက်ပါးစိတ် ကျရောက်ရာ အထူးထူး အပြားပြားတို့ကို၊ မမြဲသောသဘော၊ ဆင်းရဲသော သဘော၊ အစိုးမရသောသဘောတို့ကို ပရမတ္ထသဘာဝ ရုပ် ပေါ်နာမ်ပေါ်ကိုတင်၍ ရှုခြင်းကိုခေါ်ပါသည်၊

အတွင်းရှုနည်း အပြင်ရှုနည်း နှစ်မျိုးနှစ်စားရှိရာမှာ မြတ်စွာ ဘုရားက ရောဟိတနတ်သားကို အတွင်းက ရုပ်နာမ်ကိုသာ ရှေးဦးစွာရှုရမည်၊ အတွင်းကရုပ်နာမ်ဆိုတာ သဘာဝအတိုင်း ပေါ်နေသော ပထဝီ-အာပေါ-တေဇော-ဝါယော စသော ဓာတ်သဘောတွေကို ပရမတ္ထသဘာဝ ဖြစ်အနိစ္စ ပျက်အနိစ္စ ဖြစ်ဒုက္ခ ပျက်ဒုက္ခ ဖြစ်အနတ္တ ပျက်အနတ္တ စသည်တို့ကို ဝိပဿနာရှုရမည်၊ နောက်ကိုလဲမရှုရ၊ ရှေ့ကိုလဲမရှုရ၊ ကိုယ် တွင်းကလှုပ်ဆဲခဏ ကိုယ်တွင်းကပူဆဲခဏ ကိုယ်တွင်းက

အေးဆဲခဏစသော ခဏဘိုင်း - ခဏဘိုင်းသော အခါဘို့ကို သလျှင် ဝိပဿနာဘင်ချိရမည်ဟု ဘုရားသခင်က ဗောဟိဘ နတ်သားကို ဟောခဲ့ပါသည်။

## ဝိပဿနာတက်နည်း။

အထက်ကပြခဲ့သော သမထနည်းအတိုင်း ပြုလုပ်ဖွယ်တို့ကို ကို အကုန်လုံးပြုလုပ်ပါ၊ ထွက်လေဝင်လေတို့ကို နှာသီးဝ၌ ငါးမိနစ်ဆယ်မိနစ်ခန့် သမာဓိရလာအောင်မှတ်၍နေပါ၊ သမာဓိ ရလာသောအခါမှာ စိတ်ကိုရင်ဝတွင် ပြောင်းရွှေ့၍သွားလိုက် ပါ၊ ရင်ဝကနေ၍ မှန်မှန်ကလေး ဖြစ်ပျက်ဖြစ်ပျက်နှင့် စိတ်ထဲ ကရှုနေပါ၊ အသံမထွက်ရပါ၊ ထိုင်၍ဆုန်ကျဉ်သလျှင် သီးခံ၍ နေပါ၊ မခံသာအောင်ဖြစ်နေဘာကို ခံသာအောင် သီးခံ၍နေပြီး အားထုတ်မှ တရားနှန်ကိုရမည်၊ ခဏခဏ နေရာပြင်၍နေလျှင် တရားမတွေ့နိုင်ပါ ရက်ကြာ၍နေဘတ်ပါသည်။

အတော်ကြာ၍ လာသောအခါမှာ ဓာတ်သေးပါး သဘော တွေပေါ်၍လာပါမည်၊ ပထဝီဓာတ်-မာခြင်းသဘော၊ ပြော့ခြင်း သဘော၊ အာပေါဓာတ်-ဖွဲ့စီးခြင်းသဘော၊ ယိုစီးခြင်းသဘော၊ တေဇောဓာတ်-ပူခြင်းသဘော၊ အေးခြင်းသဘော၊ ဝါယော ဓာတ်-ထောက်ကန်ခြင်းသဘော၊ လှုပ်ရှားခြင်းသဘောစသော ဓာတ်သဘောတွေ အမျိုးမျိုးတို့ကို ခွဲခြား၍ သိနိုင်သောဉာဏ် ပေါ်၍လာပါမည်။

ငါမိကိုယ်မှာသော်ရင်း၊ ဗိုက်ထဲကသော်ရင်း၊ လှုပ်လှုပ်ရှုရှု

ဖိုးဖိုးဇတ်ဇတ် ရှိုးတိုးရှုတ ငွိငွိငွက်ငွက်စသော ပရမတ္ထ ဓာတ်သဘောတွေဟာ ပေါ်၍လာပါလိမ့်မည်၊ နားကလဲကြား၍ လာပါလိမ့်မည်၊ လူတွေကသာ အမှတ်တမဲ့နှင့် အိပ်နေကြ၍ အမှတ်တမဲ့စားနေကြ၍ အမှတ်တမဲ့သွားနေကြ၍ အမှတ်တမဲ့ပျော်ပါးနေကြ၍ ပရမတ္ထဓာတ်သဘော တရားစစ်တရားမှန်တွေကို မသိကြ မမြင်ကြ မထင်ကြဘဲ၊ လူအ လူအေ လူဗလချာတွေ တသံသရာလုံးဖြစ်နေကြပါသည်။

ဘုရားသခင်က သတိမမူလျှင် ကူး၍မမြင်ပါ၊ သတိမူ၍နေပါလျှင် ရတာရေမြူ၊ တစ်စရိမြူ၊ အနုမြူ၊ ပရမာမြူ တို့ကို တောင်မြင်သိနိုင်သည်ဟု ဟော၍ထားခဲ့ပါသည်။

ယောဂီပုဂ္ဂိုလ်များမှာ သတိကိုအမြဲမကွာ ကိုယ်ပေါ် ကိုယ်တွင်းမှာထား၍ ရှုမှတ်ပွားများနေပါက လှုပ်၍လှုပ်၍ နေတာဟာ ပရမတ္ထ ဝါယောရုပ်ဘဲ၊ လှုပ်မှန်းသိနေတာဟာ ပရမတ္ထ နာမ်ဘဲဟု ရုပ်စစ်နာမ်စစ်တို့ကို ဉာဏ်ဝမှာပေါ်လာမည်။

ဗိုက်ထဲမှာ လေသဘောကြောင့် တောင့်တောင့် မာမာကြီးဖြစ်၍လာတာဟာ ဝါယော ပထဝီ ဓာတ်သဘောတွေ ပရမတ္ထသဘာဝတရား ရုပ်ပေါက်ပြန့်မှုကို ဉာဏ်ဝမှာ ထင်လာမည် မြင်လာမည်။

ကိုယ်ပေါ်ကိုယ်တွင်း ရှုနေရင်းမှ အပြင်ဘက်သို့ အသံကြားရာကို စိတ်ပြောင်းရွှေ့၍သွားတတ်၏၊ ယခုလို စိတ်ပြောင်းသွားလိုက်တာကိုပင် ပရမတ္ထနာမ်ပေါက်ပြန့်လိုက်တာဘဲဟု ဉာဏ်ဝမှာထင်မြင်၍လာပါတော့မည်။

ရက်များစွာ ရှုသာသောအခါမှာ ပထဝီဓာတ် ဖြစ်–ပျက်၊ အာပေါဓာတ် ဖြစ်–ပျက်၊ တေဇောဓာတ် ဖြစ်–ပျက်၊ ဝါယော ဓာတ် ဖြစ်–ပျက်စသော ဓာတ်သဘောတွေကို ဖြစ်ပျက်ကြီး ဘဲဟုထင်မြင်၍လာပ တော့မည်၊ သုံးဆယ့်တဘုံအတွင်းမှာရှိ ကြသော သက်ရှိသက်မဲ့တို့သည် ဖြစ်ပျက်သာရှိသည်၊ ဓာတ် လေးပါးသဘောသာရှိသည်၊ ရုပ်နာမ်နှစ်ပါးသာရှိသည်၊ တည် မြဲသောတရားကားမရှိ မတည်မြဲသောတရားသာလျှင် ရှိသည် ဟု ယောဂီ၏ဉာဏ်ဝမှာထင်မြင်လာပါတော့သည်၊

အနတ္တဉာဏ်သို့ ဆိုက်တော့၏၊ ပညတ်နဲ့ ပရမတ် ရုပ်နဲ့ နာမ် သမုဒယနဲ့ ဒုက္ခ မရှေးမနှောင်း တဆက်ထဲ ပေါ်ထွက်၍ လာပါတော့၏၊ (ဝိပဿနာခဏ်းပြီး၏)

ဉာဏ်စဉ်ဆိုတာဟာ မိမိစိတ်ထဲမှာ ထင်မြင်သာတာကိုဘဲ ဉာဏ်ဟုခေါ်ပါသည်၊တာဟာ ရုပ်လို့ထင်လာတယ်၊ ဘာဟာ နာမ်လို့ထင်လာတယ်၊ ဆဲနီ ထင်မြင်လာတာကိုဘဲ ဉာဏ်စဉ် ဟုမှတ်ပါ၊

## ဉာဏ်စဉ်တဆယ့်ခြောက်ပါး၊

ဖေါက်ပြန်တတ်သော သဘောတရားသည် ရုပ်၊ အာရုံပြု တတ်သိတတ်သော သဘောဟာ နာမ်၊ ဆဲနီတရားနှစ်ပါးကို နာမရူပပရိစ္ဆေဒဉာဏ်ဟုခေါ်၏၊

မသိမှုကြောင့် လိုချင်၊ လိုချင်လို့ စွဲသမ်း၊ စွဲလမ်းဘော့ လူ ဘဝ–နတ်ဘဝမှာဖြစ်စသော သံသရာလည်မှုတွေကို ပြန်လှန်

စဉ်းစား၍ ယုံယုံကြည်ကြည် သိလာသောဉာဏ်ကို နာမရူပ ပစ္စယပရိဂ္ဂဟဉာဏ်ဟုခေါ်၏။

ရုပ်နာမ်နှစ်ပါးကို ရုပ်အနိစ္စ, နာမ်အနိစ္စ စသည်ဖြင့် လက္ခဏာတင်၍သုံးသပ်သောဉာဏ်ကို သမ္မသနဉာဏ်ဟုခေါ်၏။

ရုပ်နာမ်နှစ်ပါးကို ဖြစ်ခြင်း ပျက်ခြင်းကိုသာ ထင်နေသော ဉာဏ်ကို ဥဒယဗ္ဗယဉာဏ်ဟုခေါ်၏။

ရုပ်နာမ်နှစ်ပါးကို အပျက်ကြီးထင်နေသောဉာဏ်ကို ဘင်္ဂဉာဏ်ဟုခေါ်၏။

ရုပ်နာမ်နှစ်ပါးကို ဘေးတွေကြည့်ဘဲပဲဟုထင်နေသောဉာဏ်ကို ဘယဉာဏ်ဟုခေါ်၏။

ရုပ်နာမ်နှစ်ပါးကို အပြစ်တွေကြည့်ဘဲဟု ထင်နေသော ဉာဏ်ကို အာဒီနဝဉာဏ်ဟုခေါ်၏။

ရုပ်နာမ်နှစ်ပါးကိုပျင်းမုန်းငြီးငွေ့၍နေသောဉာဏ်ကိုနိဗ္ဗိဒါ ဉာဏ်ဟုခေါ်၏။

ရုပ်နာမ်နှစ်ပါးကို လွတ်မြောက်လိုသော သဘောကိုပင် မုဉ္စိတုကမျတာဉာဏ်ဟုခေါ်၏။

ရုပ်နာမ်နှစ်ပါးကို လွတ်အောင်ဟု အားတိုက်၍ ရှုနေသော ဉာဏ်ကို ပဋိသင်္ခါဉာဏ်ဟုခေါ်၏။

ရုပ်နာမ်နှစ်ပါးကို အမှတ်မထားဘဲအညီအမျှမှန်မှန်က လေး ရှုနေသောဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်ဟုခေါ်၏။

အပျက်နယ်ကိုခြေကန်၍ မပျက်နယ်ဘက်ကို စိတ်နှင်ဉာဏ် နှင်းသွားတော့၏၊ ထိုဉာဏ်ကို အနုလောမဉာဏ်ဟုခေါ်၏။

အပျက်နယ်ကို လွတ်မြောက်သလိုလို ဖြစ်နေသော ဉာဏ်ကို ဂေါတြဘုဉာဏ်ဟုခေါ်၏။

အပျက်နယ်ဆုံး၍ မပျက်နယ်ဘက်သို့ လျှပ်စစ်သဖွယ် ငြိမ်းဧသောနိဗ္ဗာန်နယ်သို့ သက်ဆင်းလိုက်တော့၏၊ ထိုအခိုက်မှာ မဂ်ဉာဏ်ဟုခေါ်၏။

မုချတွေ့လိုက်သော မပျက်နယ်၌ ဘဝ အဆက်ဆက်က မတွေ့ကြုံရဘူးသော ငြိမ်းချမ်းမှုသုခအပေါ်မှာ ဂရက်အဆင့်ဆင့်ရိုက်လိုက်သလိုမိမိကိုယ်ကြီးပါချုပ်ကွယ်ပြီး အရသာနှစ်ခါ သုံးခါ ပေါ်ထွက်၍နေသောအခါမှာ ဖိုလ်ဇော, ဖိုလ်ဉာဏ်ဟု ခေါ်သည်။

မဂ်ဖိုလ်ကို ရပြီးသော အရိယာများမှာ မိမိတို့ရပြီးသော မဂ်ကိုဆင်ခြင်မှု ဖိုလ်ကိုဆင်ခြင်မှု မပါယ်အပ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်မှု မပါယ်ရသေးသော ကိလေသာတို့ကို ဆင်ခြင်မှု၊ ဤသို့အားဖြင့် ဆင်ခြင်သော ဉာဏ်ကို ပစ္စဝေက္ခဏာဉာဏ်ဟုခေါ်၏။

အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်တို့သည် တရားအားထုတ်ကြသော ယောဂီများမပြောနိုင်ပါ၊ စာနှင့်သာ ခွဲခြား၍ပြောနိုင်ပါသည်၊ သင်္ခါရုပေက္ခာဉာဏ်၏ အဆုံးမှာ တခါတည်းဖြစ်ကြပါသည်၊ (ဥပမာ)ရေပါးစက္ကူ အရွက်တရာကို ရူးပြတ်ပြတ်နှင့်တင်၍ အထက်ကတူနှင့် ရိုက်လိုက်သော အခါမှာ တချက်ရိုက်လိုက်ရုံနှင့် စက္ကူရွက် တရာလုံးပေါက်သလိုဟု

မှတ်ကြပါလေ ဂေါတြဘူဉာဏ်ကလဲ တချက်ထဲ မဂ်ဆိုလျှင် ဖိုလ်သို့ကူး၍ သွားတော့၏ မသိနိုင်ကြပါ

ဇုန္နဘာသာအစစ် ဖြစ်လိုသူတိုင်း သွားရာလမ်းစဉ်ဖြစ်ပါ ထော့သည်၊ ဘုတာပေါင်း တဆယ့်ခြောက်ဘုတာရှိရာ ယခု အထက်ပါပြခဲ့သော သမထဝိပဿနာနည်းအတိုင်း ကြည့်၍ အားထုတ်ကျင့်ကြံ သွားလာကြပါလျှင် ယခုဘဝမှာပင် လေး ဘုတာ ငါးဘုတာလောက်တော့ ရောက်ရှိနိုင်ပါမည်၊ ပါရမီရှိ လျှင်လဲ ယခုဘဝမှာပင်တဆယ့်ခြောက်ဘုတာလမ်းဆုံး မအို ရာ မနာရာ မသေရာ နိဗ္ဗာန်မြို့တော်ကြီးကို ရောက်နိုင်ပါသည်၊ အားမလျော့ကြပါနှင့် ယခုဘဝကစ၍ တရားကိုကျင့်ကြံ အား ထုတ်ကြမယ်ဆိုလျှင် နောက်ကို ခုနှစ်ဘဝထက် မလွန်နိုင် တော့ပါ အမြို့တော်ကြီးကိုရောက်မှာမလွဲနိုင်တော့ပါ ယောဂီ ပုဂ္ဂိုလ်တို့၏ဗောဓိဆုအားလျော်စွာရောက်ရှိနိုင်ကြပါမည်၊

အထူးမေတ္တာရပ်ခံစာ၊

ယောဂီပုဂ္ဂိုလ်များသည် မဂ်၏အင်္ဂါရယ်ငါးပါး မရှိ ယတရားငါးပါးတို့ကို အထူးလေ့လာ၍ရှောင်ကြပါ၊ ယောဂီ ပုဂ္ဂိုလ်များစိတ်မှာ ဒိဋ္ဌိမပြုတ်၍ သူတို့နည်းက မကောင်းဘူး မမှန်ပါဘူးဟုစသည်ဖြင့် ပြောမှား ဆိုမှား ဖြစ်တတ်ပါသည်၊ အကုသိုလ်တရားကတော့ အပြစ်ကိုသီးမခံပါ၊ ပြော၍ပြီးတာ နှင့်တခါထဲ ဘုရား၏အာဏာတော်ကို ငြင်းပယ် လွန်ဆန်မှု ကြောင့် မဂ်ကိုတားလိုက်တော့၏၊

ယောဂီပုဂ္ဂိုလ်များသည် မိမိဘာ့ဂါမြို့မှာသော်ငြား ရွာမှာ သော်ငြား၊ အခြားသော ယောဂီတဦးက စာနှင့်သော်ငြား၊ စကားပြောခြင်းဖြင့်သော်ငြား၊ တရားဆွေးနွေးတိုင်ပင်ကြလျှင် သူကလူတတ်ကြီးလုပ်လို့ လူပညာရှိကြီးလုပ်လို့ စသည်ဖြင့် ပြောမှားဆိုမှား ဖြစ်တတ်ပါသည်၊ အကုသိုလ်တရားကတော့ အပြစ်ကိုသိမ်းမခံပါ၊ ပြောပြီးဆိုပြီးတယ်ဆိုလျှင်ပြာပူငရဲကိုသေ လျှင်ရောက်မှာ မလွဲဘူးဟုမှတ်ပါ၊ တရားသမားမှန်လျှင်မတရား စကားမပြောရပါ၊ မဆိုရပါ၊ မကြံရပါ၊ တကယ်ကို တရား သမားဖြစ်အောင်ကျင့်ကြပါ မတရားသမားမဖြစ်ကြပါစေနှင့်၊

မဂ်အန္တရာယ်နှင့် ပြာပူငရဲစသည်တို့ကို လွတ်အောင် ရှောင်ပြီးလျှင် မိမိတို့ လိုလားတောင်းတအပ်သော တရားထူး တရားမြတ်ကို လျှင်လျှင် မြန်မြန်ကြီး ရယူခံစားနိုင်ကြပါစေ သောင်၊

———o———

ဘုံ-မဂ်-ဈာန်-တက်စဉ် ၃-ပါး

ဘုံတက်စဉ်(၅)ချက်၊

(၁) အကောင်းမြင်သော်၊ လောဘပေါ်၊ သေသော်-ပြိတ္တာ ပြည်၊
(၂) မကောင်းမြင်သော်၊ ဒေါသပေါ်၊ သေသော်-ငရဲပြည်၊
(၃) ရိုးတိုးယားဘားမြင်သော်၊ မောဟပေါ်၊ သေသော်- တိရစ္ဆာန်ပြည်၊

(၄) ဒါန,သီလ,မြင်သော်၊ကုသိုလ်ပေါ်၊သေသော်-လူ,နတ်ပြည်။

(၅) ကသိုဏ်းမြင်သော်၊ဈာန်စေ့စပ်ပေါ်၊သေသော်-ဗြဟ္မာပြည်။

မဂ်တက်စဉ် ၄-ချက်။

၁။ ဖြစ်လျှင်ပျက်မှာ၊မြင်သောခါ၊မှတ်ပါ-သောတာပန်။

၂။ ရာဂ၊ဒေါသ၊နဲ့ပါက၊မှတ်ပ-သကဒါဂါမ်။

၃။ ရာဂ၊ဒေါသ၊ပယ်နိုင်က၊မှတ်ပ-အနာဂါမ်။

၄။ ငါ-ငါ-မာန၊ပယ်နိုင်က၊မှတ်ပ-ရဟန္တာ။

ဈာန်တက်စဉ် ၄-ချက်။

(၁) မျက်စိမှိတ်ခါ၊ မြေမြင်လာ၊ မှတ်ပါ-ပဌမဈာန်။

(၂) ဝိတက်-ဝိစာရ၊ငြိမ်းပြန်က၊မှတ်ပ-ဒုတိယဈာန်။

(၃) ပီတိတဖန်၊ငြိမ်းလာပြန်၊တတိယဈာန်မှတ်။

(၄) အဿာသ ပဿာသ၊ငြိမ်းပြန်က၊စတုတ္ထဈာန်မှတ်။

ထိမှု သိမှု ထိုနှစ်ရ-သတိကြပ်ကြပ်ပြု။
အပ္ပမာဒေန သမ္ပာဒေထ မင်္ဂ‌ိုလ်နိဗ္ဗာန်ရ။

မဂ်ဖိုလ်နိဗ္ဗာန် ပရိယတ်တရားဆယ်ပါးတို့၌ မမေ့မလျော့ သတိဝီရိယနှင့် ကြိုးစားအားထုတ်ရခြင်းသည် မြတ်သော မင်္ဂလာတရားတော်ဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပေသည်။

## ဆောင်ရွက်ရသည့် အောက်ပါများကို အသုံးသတိပြုနိုင်ကြပါစေ၊

၁၊ မာနချုပ် (နိဝါတမင်္ဂလာ) ကို လက်ကိုင်ဒုတ် လုပ်၍ သာနိုင်ကြပါစေ၊

၂၊ စကား အကပ်အချုပ် မပြောမိကြပါစေရန် နှလုံးသွင်းနိုင်ကြပါစေ၊

၃၊ ခုခေတ်ခေါ် လည့်စေတဲ့ မတရားစကား မဆွေးနွေးမိကြပါစေရန်အာရုံပြုနိုင်ကြပါစေ၊

၄၊ ဒေသနဏ္ဍမနည်း စချုတ်စသည် ပုဂ္ဂိုလ်ခွဲ စသည် မဖြစ်မိကြပါစေရန်သတိထားနိုင်ကြပါစေ၊

၅၊ ခမ္မစည်းအတွင်းက အပြင်မထွက်မိကြပါရန် သူတော်ကောင်းစိတ်မွေးမြူနိုင်ကြပါစေ၊

၆၊ ဆွေးနွေးသော စကားကို တိုနိုင်သမျှ နားလည်လွယ်သော စကားအတိုကိုအသုံးပြုနိုင်ကြပါစေ၊

၇၊ ယခုကာလ ခလေးလူကြီး အများသုံး စကားနှင့်သာ ဆွေးနွေးနိုင်ကြပါစေ၊

၈၊ တဦးနှင့်တဦး ဆွေမျိုးညာတိရင်း မေတ္တာစိတ်သွင်းသျက် ဆွေးနွေးမေးမြန်းနိုင်ကြပါစေ၊

၉၊ စာအတိုင်းမဟုတ်ဘဲ သဘာဝစစ်စစ်သိအောင် ခဲခဲတင်းတင်းဆွေးနွေးနိုင်ကြပါစေ၊

၁၀၊ မိမိတို့ဉာဏ်မှီသိသမျှ နားမလည်သည်ကို ခဲခဲရင့်ရင့်ဆွေးနွေးမေးမြန်းနိုင်ကြပါစေ၊

၁၁။ သူတပါးအပြစ်မပါစေဘဲ တရားစစ်စစ်သိလိုမှုနှင့်သာ ရလိုမှုနှင့်သာ ဆွေးနွေးနိုင်ကြပါစေ၊

၁၂။ တဆင့်ထက်တဆင့် ရင့်ထက်ရင့်အောင် တရားအစစ် သဘာဝအနှစ်သိကြရန် ဆွေးနွေးနိုင်ကြပါစေ၊

၁၃။ ၃၁-ဘုံကို မစင်ပုံသက်ကိုင်ထားရသလို အာရုံပြု၍ အထူး ဆွေးနွေးနိုင်ကြပါစေ၊

## ယောဂီမှန်ပြ မှတ်ကျောက်စစ်တမ်း၊

မိမိကို သူတပါး အကြည်ညိုခံရခြင်းထက် မိမိကိုယ်မိမိ ကြည်ညို နိုင်ခြင်းသာလျှင် မိမိအတွက်စိတ်ပျော် ရွှင်ခြင်း စိတ် ချမ်းသာခြင်း ဖြစ်နိုင်ပေသည်၊ သူတပါးအကြည်ညို ခံရရုံမျှ ဖြင့်အပါယ်လေးပါးမှ မလွတ်နိုင်ပေ၊ မိမိကိုယ်ကိုမိမိ ကြည် ညို နိုင်မှသာလျှင် အပါယ်လေးပါးမှလွတ်မြောက်နိုင်ပေသည်၊

မိမိကိုယ်မိမိ ကြည်ညိုနိုင်သည် မကြည်ညိုနိုင်သည်ကို စစ်ဆေးကြည့်ရှုကြပါ၊ သူတပါးကို စစ်ဆေးကြည့်ရှုခြင်းသည် အများအမှန် ဤနှစ်တန်ကို တွေ့နိုင်ပေသည်၊ မိမိကိုယ်မိမိ စစ် ဆေးခြင်းသည်ကား အမှန်ကိုသာ တွေ့နိုင်ပေသည်၊ အဘယ် ကြောင့်ဆိုသော် မိမိ၏ကိုယ်အတွင်းတွင် ပရိယုဋ္ဌာန ကိလေ သာသေသောင်းကျွန်းမှုများကို (အတွင်းညာဉ်ရသောပုဂ္ဂိုလ်များနှင့် နတ်များမှတပါး)မိမိသာလျှင်သိနိုင်၍ သူတပါးကားသိနိုင်မည် မဟုတ်သောကြောင့်တည်း၊

မိမိကိုယ်မိမိ စစ်ဆေး ကြည့်ရှုသောအခါ သီလ-သမာဓိ- ပညာ-သိက္ခာသုံးပါးနှင့်စစ်ဆေးကြည့်ရှုရပါသည်၊ ဤသို့ စစ်

ဆေး ကြည့်ရှုသောအခါ ပစ္စုပ္ပန်ဖြစ်ဆဲ ပရမတ်ရုပ်နာမ်ကို အဟုတ်အမှန်သိမြင်သော(သမ္မာဒိဋ္ဌိ-သမ္မာသင်္ကပ္ပ)ခေါ် ပညာ စခန်းရောက်မှသာလျှင် အမှန်သိမြင်နိုင်ပါသည်။

ထို့ကြောင့် ခန္ဓာကိုယ်ငဲ့ကြည့်ရှုနိုင်အောင် ရှုနိုင်အောင် ကျင့်ကြံအားထုတ်ကြပါရန် တိုက်တွန်းလိုက်ရပါသည်၊ ခန္ဓာကိုယ်ခန္ဓာ ကြည့်ရှုနိုင်ခြင်း ရှုနိုင်ခြင်း ရှိကြပါက (အရိယာမဂ်) သို့ ရောက်ချက်သေးသော်လည်း အပါယ် လေးပါးမှ လွတ်မြောက်နိုင်ရန် အကြောင်းများစွာ ရှိကြပေသည်၊

အထက်ပါ အကြောင်းတရားများနှင့် ပြည့်စုံကြစေရန် အရွယ်မလွန်မီ မသေမီသတိပဋ္ဌာန်နည်းဟူသောအဆိပ်ဖြေဆေး သတိပဋ္ဌာန်နည်းဟူသော အဆိပ်အံဆေးများကို သောက်မျိုကြမည်သာလျှင် မသေမီအတွင်း ပြုံးပြုံးလေးနှင့်နေ၍ ပြုံးပြုံးလေးနှင့်သေပြီးသကာလ အပါယ်လေးပါးမှ လွတ်မြောက်နိုင်ကြစေရန်အကြောင်းများစွာရှိကြပါသည်၊ သတိပဋ္ဌာန် အဆိပ်ဖြေဆေး သတိပဋ္ဌာန်အဆိပ်အံဆေးများကို မသောက်မျိုကြသောပုဂ္ဂိုလ်များသည် အပါယ်လေးပါးမှလွတ်မြောက်နိုင်ကြရန်အတန်ကြာ ခဲယဉ်းလှချေ၏၊

နိဗ္ဗာန်ကိုမြင်လိုသူသည် မိမိကိုယ်မှာရှိသော ရုပ်နာမ်အဖြစ်အပျက်ကိုမြင်အောင်ရှု၊ ကိုယ်မှာဖြစ်ပျက်နေသော အဆင်း, အသံ, အနံ့, အရသာ, အတွေ့ရုပ်တို့၏ ဖြစ်ပျက်အဆုံးကို မြင်အောင်ရှုပါလျှင် ဖြစ်ပျက်အဆုံး (ဝါ) ဒွါရ အာရုံ ဝိညာဉ် ဖြစ်ပျက်အဆုံး မဖြစ်နိဗ္ဗာန်သို့မြင်နိုင်ပါသည်၊

အဖြစ်ရှိ၍ အပျက်လာမဖြစ်ပါလျှင် ပျက်ခွင့်မရှိကြောင်းကို မီးလောင်တာကြည့်သောဥပမာကဲ့သို့ မီးလောင်တာမြင်မှ မီးငြိမ်းတာမြင်နိုင်သည်၊ မီးလောင်တာမြင်ခြင်းနှင့်ကင်း၍ မီးငြိမ်းတာမမြင်နိုင်ပေ။

ဝိပဿနာတရားတွေ့ရပုံနှင့်
အဓိပ္ပါယ်ဘော်ပြချက်။

သတိစိတ်ကြောင့်ဖြစ်သော ထွက်လေဟု ခေါ်အပ်သော ဓာတ်လေးပါးတို့ ဖေါက်ပြန်ခြင်းကို သိပြီးလျှင် ပျက်စီးသွားခြင်းတို့သည် ဒုက္ခအမှန်ဖြစ်ကြောင်းကို ပိုင်ပိုင်အသိဉာဏ် ဖြစ်ပေါ်လာခြင်းသည် မဂ္ဂသစ္စာကို ပွါးသဖြင့် ဒုက္ခသစ္စာကို သိသောကြောင့် မဂ္ဂသစ္စာပွား- ဒုက္ခသစ္စာသိ ဒုက္ခအမှန်ပါ တကားဟုသိသဖြင့် မလိုချင်လျှင် သမုဒယသစ္စာ ပယ်သဖြင့် နိရောဓသစ္စာဆိုက်သည်၊ သမုဒယပယ်-နိရောဓဆိုက်၊ ပွားသိ ပယ်ဆိုက်။

ဝိပဿနာအလုပ်ဆိုသည်မှာ ဒိဋ္ဌိခွာ၍အမှန်တရားကိုရရန် ရှာရခြင်းဖြစ်သည်၊ အမှန်တရားကို အမှားထင်အောင် ပြုခြင်းသည် အဝိဇ္ဇာခေါ်မသိမှုပင်တည်း၊ ၎င်းမသိမှုကို သိအောင်ပြုလုပ်ခြင်းကို ဝိပဿနာဟုခေါ်သည်၊ တရားအားထုတ်ရာ၌ ဒုက္ခဝေဒနာတွေ့ရခြင်းသည် သမာဓိကြောင့်အမှန်တရားကိုတွေ့ရခြင်းဖြစ်သည်၊ ၎င်းဝေဒနာကိုပျောက်ကင်းလိုသော(လောဘ) ကို နိုင်နင်းအောင် ကြိုးစားနိုင်မှသာလျှင် (ဝေဒနာနိရောဓ- တဏှာနိရောဓ) ဖြစ်မည်၊ တဏှာချုပ်မှ ဒုက္ခ ငြိမ်းမည်၊

ဥဗ္ဗာဒေါသိမှုသည် ဒုက္ခအဖြန်သိမလိုချင်(အလောဘ)၊ အဥဗ္ဗာဒေါ မသိမှုသည် သုခ အဖြားသိလိုခြင်း(လောဘ) ဒုက္ခအဖြန်ကိုသိခြင်းသည် အရဟတ္တမဂ်ပုဂ္ဂိုလ်မှ အဆုံးတိုင်သိသည် အဆုံးတိုင်ဒုက္ခရုန်္ဒင်က ရဟုရဟန္တာဟုဆိုကြသည်၊

ဒုက္ခဒေဒနာဂကို တွေ့လျှင် ၎င်းကိုမလွှတ်ဘဲ ချုပ်ငြိမ်းသွားသည်တိုင်အောင် အင်တုံက်အားတိုက်ဂရုစိုက်၍ အပြုတ်တုံက်လုတ်ပါလေ၊ ကြိုးစားပါလေ၊

ရုပ်နာမ်၏အဖြစ်ကိုရှု၍ ရုပ်နာမ်မှထွက်မြောက်ကျွတ်လွှတ်ရာ နမ်ရုပ်ဖြစ်ပုံသိနားလည်ရန် အကျင့်စခန်း၊

၁၊ ဝင်ဆင်းခဲအပေါင်းသည် နာမ်ရုပ်မည်၏၊
၂၊ ရုပ်နာမ်ဖြစ်ပျက်အနိစ္စ၊
၃၊ ရုပ်နာမ်ဆင်းရဲဒုက္ခ၊
၄၊ ရုပ်နာမ်အနိုးမရအနတ္တ၊
၅၊ ရုပ်နာမ်စက်ဆုပ်ရွံရှာဘွယ်အသုဘ၊
၆၊ ရုပ်နာမ်သည်ငါ့ဥစ္စာမဟုတ်၊
၇၊ ရုပ်နာမ်သည်ငါမဟုတ်၊
၈၊ ရုပ်နာမ်သည်ငါ့ကိုယ်မဟုတ်၊
၉၊ ရုပ်နာမ်သည် တင့်တယ် နှစ်သက်ဖွယ် သုဘအာရုံမဟုတ်၊
၁၀၊ ရုပ်နာမ်ကိုဖုက်ဆီး၏ မေသိမ်းဆည်း၊
၁၁၊ ရုပ်နာမ်ကိုစွန့်၏ မစွဲလမ်း၊

၁၂၊ ရုပ်နာမ်ကိုကြံ၍ မပေါင်းရ၊
၁၃၊ ရုပ်နာမ်ကိုငြိမ်း၍ မတောက်လောင်စေ၊
၁၄၊ ရုပ်နာမ်၏ ထွက်မြောက်ကျွတ်လွတ်ရာနိဗ္ဗာန်၊

ဤကား ရုပ်နာမ်၌သင်္ခါရဂကိုဆုံးမခြင်း ပယ်ခြင်း စွန့်ခြင်းသည် ရုပ်နာမ်၏ထွက်မြောက် ကျွတ်လွတ်ရာပေတည်း၊ ထွက်မြောက်ကျွတ်လွတ်ခြင်းသဘောရှိသော ရုပ်နာမ်သည် ထွက်မြောက် ကျွတ်လွတ်ရာနိဗ္ဗာန်ကို ထွက်မြောက် ကျွတ်လွတ်တတ်သော အရိယာမဂ်ဉာဏ်ဖြင့်အာရုံပြု၍ ရုပ်နာမ်မှ ထွက်မြောက်ကျွတ်လွတ်ရပေပြီ နောင်တဖန် ရုပ်နာမ်အသစ်မဖြစ်ရတော့ဟုသိနိုင်ပါသည်၊

ဝိပဿနာရှုရန်ကား၊

စက္ခုဝိညာဏ် အနိစ္စံ မြင်သိပျက်၊
သောတဝိညာဏ် အနိစ္စံ ကြားသိပျက်၊
ဃာနဝိညာဏ် အနိစ္စံ နံသိပျက်၊
ဇိဝှါဝိညာဏ် အနိစ္စံ စားသိပျက်၊
ကာယဝိညာဏ် အနိစ္စံ တွေ့ထိပျက်၊
မနောဝိညာဏ် အနိစ္စံ ကြံသိပျက်၊

ဝိပဿနာယောဂီတို့ အထူးရုံလင်သောသိမှတ်စရာ
အချက်ထူး(၁၀၀)ချက်၊

(၁)နာမ်ရုပ်နှစ်တန် ဖြစ်ပျက်ဟန် မြင်ရန်ကိုယ်၌ရှုရမည်၊ (၂)ကိုယ်၌ရှုလျှင် ဘူတရုပ်ပင် ထင်ထင်တွေ့ရမည်၊ (၃)ဘူတ

နုပ်ရွေ့လျှင် ခေတ်လေးအင် ပေါ်လွင်ထင်ရှားမည်၊ (၄)ပေါ်
လွင်ထင်ရှား ခေတ်ဝေးပါး ထင်ပွားရှုရမည်၊ (၅) ဂှိန်ဂှိန်
သုတ်သုတ် တလှုပ်လှုပ် အဟုတ်တွေ့ရမည်၊(၆)ရှုလေတွေ့လေ
ထိုခေတ်တွေ့ ကြံ့လေချွေးလိမ့်မည်၊ (၇) များများပေါ်သမျှ
လှုပ်ရှုရှု ကိုယ်မှနွေ့ရမည်၊ (၈)လှုပ်-ရှု-ဆိုတာ ပေါ်ပျောက်
ထဲ မှတ်ပါဖြစ်ပျက်မည်၊(၉)ပေါ်လိုက်ပျောက်လိုက် အဆက်
ဆက် ဆက်ချိုဖြင်ရမည်၊ (၁၀)ပေါ်ပျောက်မပြတ် တလဝပ်
ရှုမှတ်နေရမည်၊ (၁၁)ပေါ်ပျောက်ဆိုတာ ဥဒယဗ္ဗယ မှတ်
ပါထိုအမည်၊ (၁၂) ဥဒယဗ္ဗယအသက် ကျော်ခါတက် အ
ပျက်များတော့သည်၊ (၁၃) အပျက်ချည်းပင် တွေ့မြင်သျှင်
ဉာဏ်စဉ်ဘင်္ဂမည်၊ (၁၄)ဉာဏ်စဉ်ဘင်္ဂ ရောက်ပါက ဘယ
ဘေးကိုမြင်၊ (၁၅)ဘယမြင်က အာဒီနဝ ရချအာမိုလိုသင်၊
(၁၆)နိဗ္ဗိန္ဒလည်း ငင်းနည်း အပြီးထင်သည်ပင်၊ (၁၇)ဉာဏ်
နိဗ္ဗိန္ဒ ဖြစ်ပါက သမ္မုခင်မင်၊ (၁၈) မိမိဘာသာ ဝိပဿနာ
ရှုခါနေလိုက်ချင်၊(၁၉)လူမှုကိစ္စ အဝဝ ဘာမှမပြုချင်၊ (၂၀)
အိမ်ထောင်ကိစ္စ ရှိသမျှ စိတ်မှမကူးချင်၊ (၂၁)သင်္ခါရာ
အနိစ္စာ စိတ်မှာအမြဲထင်၊ (၂၂)ပုပ္ပရှုရှုမြင်သမျှ သင်္ခါ ရချည်း
ထင်၊(၂၃)ဘုံသုံးပါးမှာ သက်သာရာ ဘယ်မှာမှမမြင်၊(၂၄)
ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခတွေချည်းထင်၊(၂၅)ဒုက္ခလွတ်ရာ
ပြည်ခေမာ ထိုခါရောက်လိုချင်၊(၂၆)ရောက်လိုသောခါဝိပဿ
နာ ဖိခါပွားဘို့ပင်၊ (၂၇)ဖိခါပွားမှ လွတ်မြောက်ရ ချမ်းသာ
တွင်ထင်၊(၂၈)ထင်သောအခါ အားခဲပါ ရှုခါလေတော့သည်၊

(၂၉)ဤသို့ရှုတာ ရုပ္ပဝိတုကမျှတာမှတ်ပါဉာဏ်အခည်း။(၃၀) ဤဉာဏ်ရောက်လာ အားသွန်ခါ လွန်စွာကြိုးစားသည်။ (၃၁) ကြိုးစားသလောက် အမြင်ပေါက် တောက်လျှောက်ဉာဏ်တက်သည်။(၃၂)တက်သောဉာဏ်မှာ ပဋိသင်္ခါ မှတ်ပါထိုအခခည်း။ (၃၃)ပဋိသင်္ခါဉာဏ် ဖြစ်ပျက်ဟန် အမှန်စုံစေ့သည်။ (၃၄)အစေ့အစုံ အားလုံးကုန် ခြုံခြုံရှုတော့သည်။ (၃၅)သုံးပါးလက္ခဏာ ညီအညာ သေချာရှုမြင်သည်။ (၃၆)ရုံ့ရွာတွေ့လာ ညီညာညာ ရှုရကောင်းလှသည်။ (၃၇)ရှုချိကောင်းဘိုင်း မဆုတ်ဆိုင်း ရှုတိုင်းမြင်တော့သည်။ (၃၈) ရှုတိုင်းမြင်လာ ထိုအခါ အရှိန်ဟာကြီးလေသည်။(၃၉)အရှိန်ကြီးလျှင် ဖြစ်ပျက်အစဉ် လွန်ပင်မြန်တော့သည်။ (၄၀) ဖြစ်ပျက်မြန်သလောက် အစဉ်လျှောက် ပညတ်ပျောက်တော့သည်။ (၄၁) ပညတ်ဆိုတာ ထိုအခါ ဘယ်မှာမတွေ့ပြီ၊ (၄၂)သင်္ခါရသာ ဥပေက္ခာ ရှုခါနေတော့သည်။(၄၃)ဝိပဿနာ ငြောက်တာ ဖြစ်ခါနေတော့သည်။(၄၄)မတုန့်မလှုပ် ယောဂီရုပ် အဟုတ်တည်ငြိမ်သည်။ (၄၅) သင်္ခါရုပေက္ခာ ဉာဏ်ဆိုတာ ဤခါရောက်နေသည်။ (၄၆)အနုလောမာ ဉာဏ်ဆိုတာ လူတကာမသိပြီ။ (၄၇) ဤဉာဏ်ပြီးမြောက် နောင်တထောက် ပေါက်မြောက်နိဗ္ဗာန်ပြည်။ (၄၈) ဂေါတြဘုမဂ်ဖိုလ် အလိုလို ထိုခါပြည့်စုံသည်။ (၄၉) လောက်အာရုံ အလုံးစုံ အကုန်ပျောက်တော့သည်။(၅၀)နိဗ္ဗာန်ပြည်မှာ သင်္ခါရာ ကုန်ခါချုပ်ရသည်။ (၅၁) အရောင်အဆင်းသုံး ကင်း အရှည်မရှိပြီ။(၅၂)ရုပ်နာမ်နှစ်ဝ ထိုကာလ ဘယ်မှ

မပေါ်ပြီ၊(၅၃)နိဗ္ဗာနသော သင်္ဂြိုယာ ဤခါမည်တော့သည်၊ (၅၄)အနိမိတ္တ ဝိမောက္ခ ခေါ်ကြမည်သည်၊(၅၅)သုခပဋိပဒါ စဉ်အလာ ကျမ်းနှာရှိလေသည်၊(၅၆)ဒုက္ခပဋိပဒါပုဂ္ဂိုလ်မှာ ဝေဒနာတွေ့များသည်၊ (၅၇)ဝေဒနာတရား တွေ့ပါများ အခံကားခက်လှသည်၊ (၅၈)ဝေဒနာအချက် အခံခက် တွန့်လျက်တွန့်လျက်ရုံးတတ်သည်၊ (၅၉)ဘယ်လိုခက်ခက် ရှုမပျက် ဆက်လက်ရှုရမည်၊ (၆၀) သည်းမခံချင် လျှော့လိုက်လျှင် ဉာဏ်စဉ်လျှောကြမည်၊ (၆၁)အရိုးကျေကျေ သားကျွေကျွေ ရှုလေလို့လတည်၊(၆၂)ငရဲပြည်မှာ ခံရတာ စာနာကြည့်သင့်သည်၊ (၆၃)ဖျားသောအခါ ခံရတာ ဤဟာခကပြီ၊ (၆၄) ရှောင်လဲမရ လွှဲမရ ဘယ်မှုမလွတ်ပြီ၊ (၆၅) ဝိပဿနာမှာသာ ထို့တူဘဲ အားခဲရှုရမည်၊ (၆၆)ယုံ့လမယုတ် လွန်အားထုတ် အဟုတ်ပေါက်မြောက်မည်၊ (၆၇)ပေါက်မြောက်သောခါ သိစရာ လွန်စွာထင်လျှားသည်၊ (၆၈)ဒုက္ခဝေဒနာ လွတ်ကင်းကွာ ချုပ်ခါပျောက်တော့သည်၊ (၆၉)ဒုက္ခမရှိ လွတ်ငြိမ်းဘိ သန္တိသုခမည်၊(၇၀)သန္တိ သုခ ရဘူးကြ လိုကထဝ်ရမည်၊ (၇၁)ဒိဋ္ဌာနိပြုခါ ရှုလိုက်ပါ မကြာရနိုင်သည်၊ (၇၂)ဥပါဒါန် ရုပ် အမှန်ထုတ် အယုတ်ရှိကြောင်းပါ၊ (၇၃)ဆင်း-သံ-နံ-ရုပ် ရသာထုတ် အဟုတ်ဖေါ်ဖွ၊ (၇၄)ဗဟိဒ္ဓါယတန ခေါ်ဆိုကြ ကျမ်းကပြုသည်သာ၊ (၇၅) ဝိပဿနာအလုပ် လိုရာလုပ် အပဥတ်ဖြစ်နိုင်ပါ၊ (၇၆)တပါးနှစ်ပါး သုံးလေးပါး ရှုပွားအကုန်သား၊ (၇၇)လိုသရွေ့ပင် ရှုဆင်ခြင် တွင်တွင်အားထုတ်ပါ၊

(၇၈)ရှုပုံရှုနည်း ဆရာမှီး ရှုနည်းသင်ယူပါ၊ (၇၉)ဆရာမတွေ့လျှင် ဤကျမ်းတွင် ကြည့်လျှင်လုပ်နိုင်ပါ၊ (၈၀)အခုခုံခြောက်ဝ ပေါ်သမျှ သိရရုံတင်ပါ၊(၈၁)သိပါများလာ ဖြစ်ပျက်ဟာ ဘာသာထင်၍လာ၊ (၈၂)အပြောဖယ်ခါ အလုပ်မှာ ဖွဲခါမြဲကြပါ၊ (၈၃) လူပြောမသနှ် လူသန်မပြော ထိုသဘော ဆေးကြောစိစစ်ပါ၊ (၈၄)ပြောရုံခါမျှ ဘယ်မရ မှတ်ကြများဖိုလ်ပါ၊ (၈၅) အပြောမဟုတ် တကယ်လုပ် အဟုတ်သိကြောင်းပါ၊ (၈၆) ဟုတ်၏မဟုတ်၏ လုပ်၍ကြည့် သိမည်နောက်ဆုံးသာ၊ (၈၇) ပြောရင်းပြောမှင်း အချင်းချင်း ငြင်းကြခုံကြပါ၊(၈၈)ပရိယတ် ပဋိပတ် မနှံ့စပ် ငြင်းတတ်ကြသည်သာ၊ (၈၉) နှံ့စပ်သူမှာ ငြင်းစရာ ဘယ်ခါမရှိပါ၊ (၉၀) သဗ္ဗညုတာ မြတ်ဗုဒ္ဓါ ငြင်းတာကြိုက်ပါ၊ (၉၁)အရိယာပထ နည်းနယ ကျမ်းကပြလေသည်၊ (၉၂) ဒိဋ္ဌိသလည်း ငင်းနည်း ကျမ်းကြီးရှိလေသည်၊ (၉၃)ရှုရန်နည်းငှာ မခက်ပါ ဆရာလိုပေသည်၊(၉၄)ဆရာရှိမှ ဤကျမ်းယူ ကြည့်သူတတ်နိုင်သည်၊ (၉၅)ဝိပဿနာ နည်းများစွာ သေချာရှိပေသည်၊(၉၆)သူ့နည်းမမှန် ကိုယ့်နည်းမှန် ပြောရန်မသင့်ပြီ၊ (၉၇)ဘုရားဟောမှန် မြတ်ကျမ်းဂန် အကုန်မှန်ပေသည်၊ (၉၈) ကိုယ်မသိ-သိသိ သူကသိ သူ့နည်းမှီသင့်သည်၊ (၉၉) သိသောသူမှာ ဤနေရာ ဆရာတင်ထိုက်သည်၊ (၁၀၀) ကျွမ်းကျင်ရာသာ လိမ္မာပါ သေချာမှတ်သင့်သည်၊ (၁၀၁)မာနကြီးလည်း အချည်းနှီး ဖြစ်လည်းဖြစ်တတ်သည်၊ (၁၀၂) ပညာဆိုတာ တတ်စရာ ဘယ်မှာမကုန်ပြီ၊ (၁၀၃)

သဗ္ဗညုတ ဉာဏ်ရမှ လုံးဝသိနိုင်သည်၊ (၁၀၄) သူ့နည်း ငါ့နည်း အယူသီး ရှိလည်းမရှိပြီ၊ (၁၀၅) နည်းမှန်သမျှ မြတ်ဗုဒ္ဓ ဟောမှသိရသည်၊ (၁၀၆) ဧရာအလိုကျ ပြုပါရ သောက မြတ်ပေမည်၊

## သမထနှင့် ဝိပဿနာအကြောင်း အထူးမှတ်ရန်မှာ၊

သမထကား သမာဓိအလုပ် သမာဓိ စခန်း ပေတည်း၊ ဝိပဿနာကား ဉာဏ်အလုပ်ဉာဏ်စခန်းပေတည်း၊ ဝိတ်ခတ် အစဉ်၌ လောဘ, ဒေါသ, မောဟ, အစရှိသော ကိလေသာမီး ငြိမ်းစေတတ်သော ဧကဂ္ဂတာစေတသိက်ဟုဆိုအပ်သော သမာဓိသည် သမထမည်၏၊ အထူး ရှုမြင်တတ်သော ဉာဏ်သည် ဝိပဿနာမည်၏၊

## သမထရှုနည်းအကျဉ်းမှာ၊

စာထဲမှာမပါတ် ခန္ဓာထဲ၌ထင်ရှားရှိသော အနံ့ ခါတ်တွေကို ဆံဖျားကစ၍ ခြေဖျားဘိုင်အောင်၊ ခြေဖျားကစ၍ ဆံဖျား ဘိုင်အောင် အနုလုံပဋိလုံ ကြည့်ကာရှုကာ တွေးတော ဆင်ခြင်အောင့်မေ့စဉ်းစားနေသည်ကို ဘာဝနာစီးဖြန်း ပွားများနေသည်ဟူ၍ခေါ်သည်၊ ကမ္မဋ္ဌာန်းရှုနေသည်ဟူ၍လည်း ခေါ်သည်၊ တရားမှ ကျိုးစားအားထုတ်နေသည ဟူ၍လည်းခေါ်သည်၊

ထိုသို့ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းပွားများနေခိုက် စိတ်ဓာတ် အစဉ်သည် ဟိုဟိုဒီဒီ တောင်မြောက်လေးပါးသို့ မရောက်ဘဲမူ၍ ဝါ-မရောက်ဘဲ အနုံ့ဓာတ်ထဲ၌ စိုက်ရောက်၍တည်နေ၏၊ ထို သို့တည်နေသည်ကို သမာဓိခေါ်သည်၊

သမာဓိဖြစ်ခိုက် ၎င်းသမာဓိသည် လောဘ, ဒေါသ, မော ဟ အစရှိသော ကိလေသာမီးတို့ကို ငြိမ်းအေးစေတတ်သော ကြောင့် သမထခေါ်သည်၊ သမထနှင့်ဘာဝနာ ပေါင်းသော် သမထ ဘာဝနာဟူ၍လည်းခေါ်သည်၊ သမာဓိနှင့် ဘာဝနာ ပေါင်းသော် သမာဓိဘာဝနာဟူ၍လည်း ခေါ်သည်၊

## ဝိပဿနာရှုနည်းအကျဉ်းမှာ၊

ဝိပဿနာသည်-အနတ္တဝိပဿနာ၊ ဒုက္ခဝိပဿနာ၊ အနိစ္စ ဝိပဿနာဟူ၍သုံးမျိုးရှိ၏၊ ထိုသုံးမျိုးတို့တွင် အကောင်မဟုတ် သတ္တဝါမဟုတ် အသက်လိပ်ပြာမဟုတ်ဟု အသေးရှုမှုသည် အနတ္တဝိပဿနာမည်၏၊ ဖြစ်ပေါ်လာလျှင် ဇရာ မရဏာတည်း ဟူသော အနှိပ်စက်ဒဏ်ချက်ကိုခံရ၍ မသက်သာသည်ကို အသေးရှုမှုသည် ဒုက္ခဝိပဿနာမည်၏၊ ဖြစ်ပေါ်လာပြီး ကွယ် ပျောက်ပျက်စီးသည်ကို အသေးရှုမှုသည် အနိစ္စဝိပဿနာမည်၏၊

## စင်္ကြံသွားစဉ်ဝိပဿနာရှုပုံ၊

စင်္ကြံသွား၍ ဝိပဿနာရှုလိုသောယောဂီသည် ဆိတ်ငြိမ် ရာအရပ်သို့ချဉ်းကပ်၍ မိမိတယောက်ထည်းထည်း လေ့ကျင့် ရာ၏၊

ခြေကိုကြွခြင်း ဥဒ္ဓါရဏ၊ ခြေကိုရှေ့သို့ဆောင်ခြင်း အတိဟရဏ၊ ခြေကို ကိုမှ၍မှ လွှဲဖယ်ရှောင်ကွင်း ဆောင်ယူခြင်း ဝီတိဟရဏ၊ ခြေကိုအောက်သို့လွှတ်ချခြင်း ဝေါဿဇ္ဇန၊ ခြေကို မြေ၌ချထားခြင်း သန္နိက္ခေပန၊ တဖန် ဒုတိယခြေကိုကြွသော အခါ၌ ခြေကိုမြေနှင့်တကွ ကြပ်ကြပ်နှိပ်ခြင်း သန္နိရုမ္ဘနပါ၍ ၆-ပါးသော အဘို့အစုတို့ကို ခြေလှမ်းတိုင်းလှမ်းတိုင်း သတိ မလွှတ်အောင် မှတ်သားလေ့ကျင့်ရာ၏၊

## လေ့ကျင့်ရန်နည်း၊

ရှေးဦးစွာခြေပုံရပ်လျှက် လက်၍ ခြေကိုပဌမဦးစွာမြေပြင် မှကြွခိုက် (ကြွ) ဟုမှတ်၊ တဖန် မိမိခြေကို ချလိုသောနေရာသို့ ဆောင်ယူခိုက်ကို (ဆောင်) ဟုမှတ်၊ သင်ဂုတ် ခလုပ် ဆူးငြောင့် ပိုးမွှားစသော တပုံဘရသော ဘေးရန်ကိုတွေ့မြင်၍ လွှဲဖယ် ရှောင်ကွင်းဆောင်ယူခိုက်ကို (ရှောင်) ဟုမှတ်၊ မိမိခြေကို ချလို သောနေရာသို့ လွှတ်ချခိုက်ကို (ချ) ဟုမှတ် မြေပြင်၌ ခြေကိုချ ထားနင်းခိုက်ကို (နင်း) ဟုမှတ်၊ (ဒုတိယအကြိမ် ခြေကိုလှမ်း တော့မည်ဟု အားမထုတ်ခင်စပ်ကြား အားမထုတ်သေး၌ အ တောအတွင်း ကိုယူ)၊ တဖန် ဒုတိယခြေကို ကြွသောအခါ၌ ခြေကို မြေနှင့်ကြပ်ကြပ်ဘိမှိုင်နင်းခိုက်ကို ဘိ ဟုမှတ်၊ (ဒုတိယ အကြိမ်ခြေကိုလှမ်းတော့အံ့ဟု အားယူအားထုတ်စဉ် ဘိမှိုင်နင်း ထားခိုက်ကိုယူ) ဤသို့ခြေတကြိမ်လှမ်းတခါလှမ်း ခိုက်၌ ကြွ- ဆောင်-ရှောင်-ချ-နင်း-ဘိပါ၍ ကြွတိုင်း ကြွတိုင်း - ဆောင်

တိုင်းဆောင်တိုင်း စသည့်ကို့ကို သတိမလွတ်ရအောင် မှတ်သားလေ့ကျင့်ရာ၏။

အကြွ အဆောင်နှင့် သတိ ကိုက်ညီအောင် လေ့ကျင့်ရာ၏၊ တရက်ထည်းနှင့် ကိုက်ညီက တရက်ထည်းသာ လေ့ကျင့်၊ မကိုက်ညီသေးက လေးရက်တန်သည် ငါးရက်တန်သည် လေ့ကျင့်၊ သို့မဟုတ် မကိုက်မညီမခြင်း လေ့ကျင့်ရာ၏။

လက်ဝဲခြေကိုလည်း လက်ျာခြေနည်းတူလေ့ကျင့်၊ ကိုက်ညီကတဘန် လက်ဝဲလက်ျာနှစ်ပါးစုံပေါင်း၍လေ့ကျင့်၊ အကြွ အဆောင်နှင့်သတိ ကိုက်ညီက လေ့ကျင့်ဘွယ်ကိစ္စပြီးတော့၏။

ဝိပဿနာရှုရန်နည်း။

ခြေကို (ကြွ) ခိုက်၌ဖြစ်သော ရုပ်-နာမ်- ဝေဒနာ- သင်္ခါရ တို့သည် (ဆောင်) ခိုက်သို့ မပါမရောက်မူ၍(ကြွ) သော အခိုက်၌သာဖြစ်ပျက်၍ချုပ်ကုန်၏၊ (ဆောင်) ခိုက်၌ဖြစ်သော-ရုပ်-နာမ်-ဝေဒနာ-သင်္ခါရတို့သည် (ချောင်) ဘက်သို့ မပါမရောက်မူ၍ ထို (ဆောင်)ခိုက်၌သာ ဖြစ်ပျက်၍ချုပ်ကုန်၏၊ (ချောင်)ခိုက်၌ဖြစ်သော-ရုပ်-နာမ်-ဝေဒနာ-သင်္ခါရတို့သည်(ချ)ခိုက်သို့ မပါမရောက်မူ၍ ထို(ချောင်)ခိုက်၌သာ ဖြစ်ပျက်၍ချုပ်ကုန်၏၊ (ချ)ခိုက်၌ဖြစ်သော ရုပ်-နာမ်-ဝေဒနာ-သင်္ခါရတို့သည် (နင်း)ခိုက်သို့ မပါမရောက်မူ၍ ထို(ချ)ခိုက်၌သာ ဖြစ်ပျက်၍ချုပ်ကုန်၏၊ (နင်း) ခိုက်၌ဖြစ်သော ရုပ်-နာမ်-ဝေဒနာ-သင်္ခါရ တို့သည် (ဘိ)ခိုက်သို့ မရောက်မူ၍ ထို(နင်း)ခိုက်၌သာ ဖြစ်ပျက်၍ချုပ်ကုန်၏၊ (ဘိ) ခိုက်၌ဖြစ်သော ရုပ်-နာမ်-ဝေဒနာ-သင်္ခါရ တို့သည် ဒုတိယခြေ

ကြွခုက်သို့မပါမရောက်မူ၍ ထို(ဘီ)ခိုက်၌သာဖြစ်ပျက်၍ချုပ်ကုန်၏။

ဤသို့ ရုပ်-နာမ်-ခန္ဓာ-သင်္ခါရတို့၏ ဖြစ်ပျက်သည့်ကိုရည်၍ ကြွ-ဖြစ်ပျက်၊ ဆောင်-ဖြစ်ပျက်၊ ရှောင်-ဖြစ်ပျက်၊ ချ-ဖြစ်ပျက်၊ နင်း-ဖြစ်ပျက်၊ ဘိ-ဖြစ်ပျက်ဟုရှုရာ၏။

ရက်ကြာကြာ အားထုတ်သဖြင့် အာရုံမလွတ် သတိမြဲလာသော် ကြွဖြစ်ပျက်စသည်တို့တွင် ကြွစသည်တို့ကို သွတ်၍ ဖြစ်ပျက်စသည်တို့ချည်းသာရှုရာ၏။

ခြေတလှမ်းတလှမ်း၌ ဖြစ်သည် ပျက်သည်ဟုခြောက်ကြိမ် ခြောက်ခါ အာရုံမလွတ် သတိပြုကာရှုရာ၏။

တဖန် အဖြစ်ကိုလွတ်၍ အပျက်ကိုသာပျက်သည်ဟူ၍၎င်း ချုပ်သည်ဟူ၍၎င်း ရှုရာ၏။

တနည်း၊ အနိစ္စ, ဒုက္ခ, အနတ္တ, စသည်ဖြင့် ခြောက်ကြိမ် လှမ်း- ခြေတခါလှမ်း- ခြောက်ချက် ခြောက်ချက်တို့ကို အာရုံ မလွတ် သတိပြုခါ စကြိုန်သွားစဉ် စကြိုန်သွားဘိ စကြိုန် သွားခိုက်တို့၌ရှုရာ၏။

ဉာဏ်စခန်း။

(၁)ရုပ်ဖြစ်ရာမှာ နာမ်ပေါ်တာ သည်ဟိုမရပါ၊ (၂)သည် ဟိုမရ အရှင်းပ သူညဖြစ်သည်သာ၊ (၃)သည်ဟိုရှိပြန် အဘွဲခံ

မမှန်ပြောသည့်သာ၊ (၄)အတွင်းအပ ဤနှစ်ဂ မုချရှိပါ၊ (၅) မုချရှိထင် မိစ္ဆာဝင် အမြင်မဟုတ်ပါ၊ (၆) အမြင်ဟုတ်ချင် သဘောတွင် စင်အောင်ရှုကြပါ၊ (၇) ဟောသည်မာမာ ဟို မာမာ အပိုပြောကြရှာ၊ (၈) အပိုပြောလေ မစင်သေ မသွေ မှတ်ကြပါ၊ (၉)ကိုယ်ဟောကိုယ်မိ ကိုယ်မသိ ဒိဋ္ဌိမလွှတ်ပါ၊ (၁၀) ကိုယ်ဟောကိုယ်သိ သဘောမိ ဒိဋ္ဌိလွှတ်ရပါ၊ (၁၁) သဘောသာရှိ အပြောမိ အသိမစင်ပါ၊ (၁၂)အသိမစင် လွှတ် လိမ့်ထင် အမြင်မိစ္ဆာပါ၊ (၁၃)မိစ္ဆာလွှတ်ချင် သဘောတွင် စင် စင်ရှုကြပါ၊ (၁၄)စင်စင်ရှုနိုင် သဘောပိုင် မသိုင်အရိယာသာ၊ (၁၅)အရိယာမှာ အသိဟာ ဘယ်ခါမလစ်ပါ၊ (၁၆)ဘယ်ခါ မလစ် သတိဖြစ် နှစ်၍အားထုတ်တာ၊ (၁၇)အားထုတ်မှုသာ အကျင့်ဟာ သေချာမှတ်ကြပါ၊ (၁၈)ပြောကျင့် ဟောကျင့် သဘောကျင့် အကျင့်တူလှပါ၊ (၁၉)ဤနေရာမှာ ရှုပ်ထွေးတာ သေချာမှတ်ဘို့ရာ၊ (၂၀)ဤသို့ရေးပြ သဘောမျှ ကြံ၍ကြည့် ကြပါ၊ (၂၁) ပေါ်ဘာမှတ်ပြု သညာရ စွဲမှုကြောင်းရင်းသာ၊ (၂၂) ဝိဉာဉ်ရှေ့နေ သိမှုတွေ ယှဉ်လေနှစ်ဘက်သာ၊ (၂၃) ပညာပေါ်ကြား နှစ်ခုအား ခွဲထားသူ့ဘာသာ၊ (၂၄) ဖြစ်လာ ပေါ်လာ အကျိုးသာ သညာမှတ်ရပါ၊ (၂၅) ဝိဉာဉ်ကလည်း ဟုတ်သည်ချည်း အငြင်းဆုံဖြတ်တာ၊ (၂၆) ဖြစ်ချုပ်အစဉ် မပြတ်မြင် ပညာသဉ္ဇာတသာ၊ (၂၇)မြင်ကြား နံ့ လျက် ထိ ဖြစ်ပေါ်ဘိ အသိသညာသာ၊ (၂၈) ဝိဉာဏ်ရှေ့နေ လိုက်ပြန် လေ ဟုတ်ပေသူတို့ဟာ၊ (၂၉)မြင်ကြား နံ့ လျက် ထိ လုံးသုံး

မရှိ အသိပညာပါ၊ (၃၀) ဖြစ်ချုပ်မှာသာ လက္ခဏာ သစ္စာ ကောက်ယူဘာ၊ (၃၁)အပျက်သုံးလုံး မြင်မှုသုဉ်း အဆုံးပညာပါ၊ (၃၂)အပျက်လုံးလုံး ကြားမှုသုဉ်း အဆုံးပညာပါ၊ (၃၃) အပျက်သုံးသုံး နံ့မှုသုဉ်း အဆုံးပညာပါ၊ (၃၄) အပျက်လုံးသုံး လျက်မှုသုဉ်း အဆုံးပညာပါ၊ (၃၅)အပျက်လုံးလုံး ထိမှုသုဉ်း အဆုံးပညာပါ၊ (၃၆)ဖြစ်ပျက်ကြောင်းဘျိုး ကြံသိမျိုး ခေါ်ရိုး ဓမ္မတာ၊ (၃၇)ပညာလိုသို သညာပို စွဲဆိုဒိဋ္ဌိသာ၊ (၃၈)ဒိဋ္ဌိဆိုတာ သညာမှာ နိုးစွာကင်လျက်ပါ၊ (၃၉)ပညာမြင်မှာ ဒိဋ္ဌိဟာ ဘယ်ခါမကပ်ပါ၊ (၄၀)ယောဂီပုဂ္ဂ ရှိသမျှ သတိချုပ်ကြပါ၊ (၄၁) သယံဇာတ သဘာဝ သိကြများသူငါ၊ (၄၂) သဘာဝတွင် ရှင်သခင် အစဉ်မရှိပါ၊ (၄၃)ပြုသူဖန်သူ သိမ်းပိုက်သူ ဘယ်မှုမရှိပါ၊ (၄၄)ငါငါ့ဥစ္စာ စွဲဆိုစရာ ဘလာဝေးသည်သာ၊ (၄၅)သူ့သူ့ဥစ္စာ စွဲဆိုစရာ ဘလာဝေးသည်သာ၊ (၄၆)ပုံဟန်သဏ္ဌာန် ပြုစရာ ဘလာဝေးသည်သာ၊(၄၇)နိမိတ်မရှိ ပကတိ သုဉ်းသည့်တရားပါ၊(၄၈)ငြိမ်းမငြိမ်းကို အမြင်ကျ ထိုသိုပိုင်းခြားပါ၊ (၄၉)ထိုသို့ပိုင်းခြား အမြင်အား အများသိကြပါ၊(၅၀)အများသိနိုင် အဆုံးတိုင် ဉာဏ်ပိုင်ရှိသူပါ၊ (၅၁) ဉာဏ်ပိုင်ရှိတာ အရိယာ သိသာစေဘို့ရာ၊ (၅၂)အရိယာမှန်း မသိဘနဲ့ အရမ်းပြောကြရှာ၊ (၅၃) အရမ်းပြောလေ ဆင်းရဲလေ မသွေမှတ်ကြပါ၊(၅၄)ပရမတ်ဆို ပညတ်ကို အလိုမရှိရာ၊ (၅၅)ပညတ်ကိုဆို ပရမတ်ကို အလိုမရှိရာ၊ (၅၆)ပညတ် ပရမတ် ရောစွဲ၍ ပြောအင်မရှိပါ၊ (၅၇)ပြောလျှင်အမှား

အကြောင်းကား လားလားမရှိရာ၊ (၅၈) လားလားမရှိ ပြော ဘုံဘိ မသိရိုက်မဲတာ၊ (၅၉) သဘောမကြို အပြောသံ ဟော ရန်မတဲ့ပါ၊ (၆၀)သဘောကိုကြို အပြောမှန် ဟောရန်တဲ့တတ် ပါ၊ (၆၁) သဘောအပြော နှစ်ပါးနှော လောကပြစ်ကင်းရှာ၊ (၆၂) လောကပြစ်ကင်း လောကုတ်တွင်း မယွင်းဖြစ်ကြမှာ၊ (၆၃)မယွင်းဖြစ်လို့ စိတ်ကြည်ညို ဉာဏ်ကိုရှာကြပါ၊ (၆၄) ကိုယ့်ဉာဏ်ကိုသာ ကိုယ့်ဆရာ သချာမှတ်ကြပါ၊ (၆၅) ကိုယ့်ဉာဏ်မထွင်း ဆရာကင်း မလင်းနိုင်ကြပါ၊ (၆၆)ရှေးပွင့်မှ ကြားသိရ မြတ်လှသာသနာ၊ (၆၇)ပရိယတ်ပဋိပတ် ဤ နှစ်ရပ် မှတ်ကြသာသနာ၊ (၆၈)စိတ်စေတသိက် ရုပ်နိဗ်လေး ရပ် ပရမတ် မှတ်ကြနာမ်ရုပ်သာ၊ (၆၉) ရုပ်နာမ်ခန္ဓာ လေး သစ္စာ မှတ်ပါသာသနာ၊ (၇၀)သုံးဆယ့်တစ်ဝ ဘုံဌာန မှတ် ကြရုပ်နာမ်သာ၊ (၇၁) လူနတ်ဗြဟ္မာ ဆိုသည်မှာ မှတ်ပါရုပ် နာမ်သာ၊(၇၂)ငိုရ့ကာတ်သုံးဘုံ အလုံးစုံ မှတ်ကုန်ရုပ်နာမ်သာ၊ (၇၃) ဗောဓိပက္ခိယ ရုပ်နာမ်ပ မှတ်ကြသောအချာ၊ (၇၄)ပရ မတ်မှန် ရုပ်နှင့်နာမ် အမှန်သိစေရာ၊ (၇၅) ဘုရားဘုရား သံ ဃာများ မှတ်သားနာမ်ရုပ်သာ၊ (၇၆)ကိုယ်ကြံသမျှ မသိကြ မှတ်ပအဝိဇ္ဇာ၊ (၇၇) ကိုယ်ပြောသမျှ မသိကြ မှန်လှအဝိဇ္ဇာ၊ (၇၈) ကိုယ်ပြုသမျှ မသိကြ မှန်လှအဝိဇ္ဇာ၊ (၇၉) ပြုပြုသမျှ သိပါမှ ခုချဉာဏ်ပညာ၊ (၈၀) အနိစ္စနှင့် ဒုက္ခလက္ခဏာ အနတ္တာ မှတ်ပါနာမ်ရုပ်သာ၊ (၈၁) ရုပ်နာမ်ဖြစ်က ထိုဒါန ပြုကြသောအချာ၊(၈၂)ရုပ်နာမ်ဖြစ်သမျှ ထိုသိလ မပြုမနေသား၊

(၈၃) အကုသိုလ်နှင့် ကုသိုလ်နှစ်ပါး ဖြစ်လေပြား မှတ်သား
နာမ်ရုပ်သာ၊ (၈၄)လောဘာဒေါသ ပေါ်ပြန်က ဒါနသီလမနေ
သာ၊(၈၅)ရုပ်နာမ်ကိုဘဲ ငါဟုထွဲ အလွဲမှတ်ကြရှာ၊ (၈၆)ရုပ်
နာမ်ဖြစ်ကြ မနေရ ဒါနသီလသာ၊ (၈၇) ဒါနသီလ ဝယ်ကြ
သည်ဟု သူ့ကိုစွတ်ပွဲ သူ့ကိုသဲ အလွဲအဝိဇ္ဇာ၊(၈၈)ရုပ်နာမ်
မွေ့ အမှန်ကျ ဂဏာမရှိပါ၊ (၈၉) ရုပ်နာမ်မှန်သမျှ ဖြစ်ပေါ်က
သ်ကြသေအချာ၊ (၉၀) ရုပ်နာမ်ကိုထွ ရုပ်နာမ်က ကျူးချုက်
ဆောင်ရှား၊ (၉၁) ရုပ်နာမ်ဖြစ်က ဒုက္ခသမုဒယနိရောဓ မဂ္ဂ
လေးသစ္စာ၊ (၉၂)ဒုက္ခသမုဒယ ဖြစ်ပေါ်က ပြုကြအမြဲသာ၊
(၉၃)ရုပ်နာမ်မွေ့ ပြုပြင်က နိရောဓနှင့် မဂ္ဂလေးသစ္စာ၊(၉၄)
ပြုပြင်သမျှ သခၤါရ မှတ်ကြမဂ်စိတ်သာ၊ (၉၅) ပြုပြင်သမှု
နိရောဓ မှတ်ရဖိုလ်စိတ်သာ၊(၉၆)မဂ်ဉာဏ်ဖိုလ်ဉာဏ် အမြင်
မှန် မှတ်ရန်လေးသစ္စာ၊(၉၇)သစ္စာလေးဝ မြင်လေက မှတ်ပ
အရိယာ၊ (၉၈) အရိယာမှာ သာသနာ မှန်စွာတွေ့သည်သာ၊
(၉၉)အရိယာမှာ သာဝကာ ရချအမှန်သာ၊ (၁၀၀)သာဝက
မှာ က်လေသာ ပွန့်ခွါပြစ်နိုင်တာ၊ (၁၀၁) ငါးခုကာမဂုဏ်
ခြောက်အာရုံ ဖြစ်ပုံမှန်သုပါ၊ (၁၀၂) ဖြစ်ပေါ်သမျှ မပြုကြ
ဇိုငခိုက်မည်သာ၊(၁၀၃)ဖြစ်ပေါ်သမျှ ပြုပြင်ကြ ချုပ်ကနိရော
ဓာ၊(၁၀၄)နိရောဓဓါတ် မြင်သေအပ် မှတ်ကြအရိယာ၊(၁၀၅)
အရိယာမှ လေးသီလ မှတ်ကြအမှန်သာ၊ (၁၀၆) သီလရှိမှ
ဇီဝိတာ မှန်သုသေအချာ၊ (၁၀၇)ပြုပြင်မှုမှာ မဂ်သစ္စာ မှတ်ပါ
ဒွိဇစက်၊ (၁၀၈) ချုပ်ငြိမ်းမှုမှာ နိရောဓာ မှန်စွာဓမ္မစက်၊

(၁၁၉) စက္ခုနှစ်တန် အမြင်မှန် မှတ်ရန်အရိယာ၊ (၁၁၀) ယခုအခါ အရိယာ လွန်စွာပေါများလာ၊(၁၁၁)ယခုခေတ်မှာ သာသာနာ ပေါ်၍ပွင့်၍လာ၊ (၁၁၂)ပစ္စုပ္ပန်မမြင် နှောင်မျှော်လျှင် မဝင်သာသနာ၊

## ဘုရားအဖြစ်သို့ ရောက်တော်မူမြဲဖြစ်သော သမထယာနိက ဝိပဿနာ ယာနိက နှင့် အာနာပါန သမထ အကြောင်း။

နိဗ္ဗာန်ရောက်အောင် တရားအားထုတ်ရာတွင် သမထယာနိကလမ်း-ဝိပဿနာယာနိကလမ်းဟူ၍ နှစ်ပါးရှိ၏၊ သမထယာနိကမှာ သမထတမျိုးမျိုးကို ပရိကမ္မသမာဓိမှစ၍ အပ္ပနာသမာဓိသို့ရင်း၊ ထိုထက်အလွန် ပဉ္စမဈာန်အထိစသည်တို့တွင် လိုရာသို့ရောက်အောင်အားထုတ်ပြီးမှ ဝိပဿနာသို့တက်၍ အားထုတ်ရ၏၊ ဝိပဿနာယာနိကမှာ စလျှင်စခြင်း ဝိပဿနာကိုပင် အားထုတ်၍သွားနိုင်၏၊သို့ရာတွင်လိုသလိုပြုလုပ်နိုင်ရန် သမထနည်းကိုပါရေးပြပါအံ့၊

သမထနည်းမှာ ကမ္မဋ္ဌာန်း ၄၀ – ရှိသည်တွင် ကြိုက်ရာကမ္မဋ္ဌာန်းကို အားထုတ်နိုင်၏၊ ခပ်သိမ်းသော မြတ်စွာဘုရားသခင်တို့သည် အာနာပါနသတိ၌ တည်၍ ဘုရားအဖြစ်သို့ ရောက်တော်မူမြဲဓမ္မတာဖြစ်၏၊ ဘုရားဖြစ်ပြီးတော့လည်း အာနာပါနကိုပင် အသက်ထက်ဆုံးမစွန့်ကြကုန်ပြီ၊ သမထ ကမ္မဋ္ဌာန်း ၄၀–တွင်လည်း အာနာပါနသည်အစဉ်စွဲမြဲပွားများခြင်းငှါ အလွယ်ကူဆုံးဖြစ်၏၊ ဘုရားသခင်ကလည်း အခြားသော

ကမ္မဋ္ဌာန်းကိုထက် မြင့်မြတ်လွန်ကဲသောဂုဏ်ပုဒ်တို့ဖြင့် များပွားချီးမွမ်းတော်မူ၏၊ ပုဂ္ဂိုလ်တိုင်းအတွက်လည်း အချိန်အခါ နေရာ ဣရိယာပုထ်မရွေးဘဲ အားထုတ်ရန် လွယ်ကူသော ကြောင့်ဖြစ်၏၊ အာနာပါနတွင်လည်း ၁-ဂဏနာ၊ ၂-ဖုသနာ၊ ၃-အနုဗန္ဓနာ၊ ၄-ထပနာ၊ ၅-သလ္လက္ခဏာ၊ ၆-ဝိဝဋ္ဋနာ၊ ၇-ပါရိသုဒ္ဓိပဿနာ(၇)မျိုးရှိရာ ဖုသနနည်းဖြင့်စခြင်းကိုသဘော ကျ၏၊

ရှေ့ဦးစွာ ဘုရားရှိခိုး၊ ကြိုက်ရာသီလခံ၊ အနန္တငါးပါး ကန်တော့၊ ၃၁-ဘုံသားတို့အားမေတ္တာပို့ အမျှဝေ၊ သာသနာ တော်စောင့်နတ် စသည်တို့ကို စောင့်ရှောက်ရန် တောင်းပန်၊ မပြစ်မှားအပ်သောပုဂ္ဂိုလ်များအား ပြစ်မှားဘူးသည်ရှိက ကြေ နပ်ပါရန်တောင်းပန်၊ မိမိအား သူတပါးက ပြစ်မှားဘူးသော်လည်း ကြေနပ်စွာခွင့်လွှတ်၊ မိမိ၏ရုပ်နာမ်နှစ်ပါးဘုရားအားလှူ၊ အတိတ်ဘဝများမှစ၍ ယခုအချိန်အထိ ပြုဘူးသော ကုသိုလ် ကောင်းမှုတို့၏အကျိုးကြောင့် ယခု တရားအားထုတ်ရာတွင် အောင်မြင် ပေါက်မြောက်ရပါစေသော်ဟု ဆုတောင်း၊ ကမ္မဋ္ဌာန်း ပေးသနားတော်မူပါဘုရားဟုတောင်း၊ တတ်သမျှ မှတ်သမျှ ဖြင့်စည်းချ ပြီးလျှင်-ငါ၏အသက်နှင့်ကိုယ်ကို ဘုရားသခင်အား လှူပြီးပြီဖြစ်၍ ဘာမျှစိုးရိမ်စရာမရှိ၊ ဘုရားသခင်၏ ဆန္ဒတော် အတိုင်း အရိုးကျကျ အရေခမ်းခမ်း အားထုတ်ပါတော့မည် ဟု စိတ်နှလုံးဒုံးဒုံးချလျက် ထုံးစံအတိုင်းထိုင်၊ ထွက်လေ ဝင်လေထိရာနှာသီးဖျားမှာစိတ်ကိုထား၊ ဘာကိုမှမစဉ်းစားနှင့်

ထွက်တိုင်းဝင်တိုင်း ထိထိသွားတာကိုသာ ဂရုစိုက်၊ ထွက်ဝင်လေသွားရာနောက်ကိုမလိုက်နှင့်၊ ထိတဲ့နေရာမှာသာ စိတ်ကိုထား၊ ထိတာမထင်ရှားလျှင် ခပ်ပြင်းပြင်းရှူပေး၊ မောလျှင် ပြင်၍ရှူ ဖြည့်ဖြည်းရှူဘန်များလျှင်လည်း အိပ်ချင်၍ လာတတ်သည်၊ ညောင်းလျှင်နေရာပြင် တခါတရံ ထွက်ဝင်လေနူးညံ့အားကြီး၍ထွက်သက်ဝင်သက်မရှိသလိုလိုဝိုက်မြည်းတွေဝေသလိုလို၊ အိပ်ပျော်သွား သလိုလို၊ မေ့သွားသလိုလို ဖြစ်သွားတတ်သည်၊ စင်စစ်သော်ကား သိနေသောပညာက နူး၍သွားလွန်းသော ကြောင့်သာဟု ဝိသုဒ္ဓိမဂ်ကဆို၏၊ ဤသို့ ရှုကိုက်နေရင်း မခံနိုင်အောင် ညောင်းလာသော် ဖြည်းညှင်း သာယာစွာနေရာပြင်၍ ဆက်လျှက်အားထုတ်ပါ။

အရိယာဖြစ်လိုသူတို့ အခြေခံ ငါးပါးသော အင်္ဂါများ၊

(၁) ဘုရား-တရား-သံဃာ ရတနာသုံးပါးနှင့် ညွှန်ပြသည့် ဆရာကောင်းများ၏ဂုဏ်ကို ယုံကြည်ခြင်းရှိရမည်၊ (၂)အနာ ရောဂါကင်းရှင်း ဘျှန်းမာခြင်းနှင့် ပြည့်စုံရမည်၊ (၃)တရား ကောင်း ညွှန်ပြသော ဆရာကောင်းမိတ်ဆွေကောင်းများအပေါ်၌ ကြွားဝါလှည့်စားခြင်း ကောက်ကျစ်စဉ်းလဲခြင်းမရှိ ဖြူစင် ဖြောင့်မတ်သော စိတ်သဘောထားရှိရမည်၊ (၄) မင်္ဂဖိုလ်ကို မရသမျှ စိတ်ကိုမလျှော့ ဘယ်လောက်ပင်အားထုတ်ရစေကာမူ အောင်မြင်ခြင်းမရသမျှ နောက်မဆုတ်ဘူးဟု ခိုင်မြဲထက်သန်သောယုံ့လဝိရိယရှိရမည်၊ (၅)လောကတွင် အမှန်ဆုံးဖြစ်

သော ရုပ်နှင့်နာမ်ကို ပိုင်ပိုင်နိုင်နိုင် သိမြင်စွမ်းသော ဉာဏ်ပညာရှိရမည်၊

၍ ပဝေဏိယင် အင်္ဂါ(၅)ပါးနှင့် ပြည့်စုံပါလျှင် ယခုဘဝ၌ ပင် မဂ်ဖိုလ်ကို ပေါက်ရောက်နိုင်သည်၊ မပြည့်စုံခဲ့လျှင် မည်သည့်နည်းနှင့်မျှ ပေါက်ရောက်နိုင်မည်မဟုတ်၊ *မရှိတာထက် မသိတာ ခက်သည်၊ မသိတာထက် မလုပ်တာ ခက်သည်၊ မဂ်စခန်း- ဖိုလ်စခန်းသို့ ရောက်နိုင်ရန်ဝေးစွ သာမည လူကောင်းသူကောင်း အဆင့်အတန်းသို့ပင် ရောက်နိုင်မည် မဟုတ်ချေ၊ သို့ကြောင့် မသိတာထက် မလုပ်တာခက်သည် ဟု ဆိုရလေသည်၊

၍သို့စသော ကမ္မဋ္ဌာန်းနည်းယူပုံကို ဆင်ခြင်စဉ်းစား သတိထားပြီးလျှင် စာတတ်သည်ဖြစ်စေ- မတတ်သည်ဖြစ်စေ- ကမ္မဋ္ဌာန်းနည်း ပိုင်နိုင်သိရှိပြီးသော ဆရာထံတွင် လျှင်မြန်စွာ ယုံကြည်လေးမြတ်သောစိတ်ဖြင့် တောင်းယူသင့်ကြသည်၊

## ဝိပဿနာအလုပ်နှင့် သမထအလုပ် မည်ကဲ့သို့ခြားနားပုံ၊

သမထအလုပ်ဆိုသည်မှာ ပညတ်အာရုံ နိမိတ် တခုခုကို စိတ်အာရုံထားပြီးလျှင် မပြန့်လွင့်စေဘဲ ထိန်းသိမ်း ဆောက်တည်ရသော လုပ်ငန်းများဖြစ်ချေသည်၊ (ဥပမာ) ဗုဒ္ဓါရမ္မဏာ ကမ္မဋ္ဌာန်းကိုပွားများသည်ဖြစ်အံ့ မိမိကြည်ညိုသော စေတီတော်-ရုပ်ပွားတော်တခုကို စိတ်အာရုံထား၍ထင်ပေါ်အောင်

ထိုထို ဤဤစသော အာရုံအမျိုးမျိုးသို့ စိတ်မပြန့်လွင့်စေဘဲ နှလုံးသွင်း၍ချုပ်တည်းစေရလေသည်၊ အာနာပါန ကမ္မဋ္ဌာန်းကို ပွားများသော ယောဂီပုဂ္ဂိုလ်တို့သည်လည်း မိမိ၏စိတ်ကို နှလုံးအိမ်၌ ကိန်းဝပ်အောင် အထူးထိန်းသိမ်း ဆောက်တည်ရလေသည်၊ပထဝီစသော ကသိဏ်းဝန်းကို နှလုံးသွင်းလျှင်လည်း ထိုကသိဏ်းနိမိတ်ကိုအာရုံပြု၍ မပြန့်လွင့်အောင် မျက်လုံးအိမ်၌ထင်ပေါ်လာအောင် နှလုံးသွင်းရသောကြောင့် သမထအလုပ်သည် ဣရိယာပုတ်လေးပါးတို့တွင် ထိုင်ခြင်းဣရိယာပုတ်ဖြင့် ဆိတ်ငြိမ်ရာအရပ်သို့ချဉ်းကပ်၍ ကိုယ်အမူအရာ လှုပ်ရှားခြင်းတို့မှမလှုပ်ရှားရအောင်ချုပ်တည်းလျက် အောင့်အည်းသည်းခံရသောလုပ်ငန်းဖြစ်ချေသည်။

ဝိပဿနာ အလုပ်ဆိုသည်မှာကား – သမထ အလုပ်ကဲ့သို့ မဟုတ်ချေ၊ ဣရိယာပုတ်လေးပါးလုံးနှင့် သက်ဆိုင်လေသည်၊ ဝိပဿနာတရားကို သမထအလုပ်မျိုးသဘောထား၍ ဆိတ်ငြိမ်ရာအရပ်သို့ချဉ်းကပ်ခြင်း၊ ထိုင်ခြင်း၊ ဣရိယာပုတ်ဖြင့်အားထုတ်ခြင်း၊ အနိစ္စ အနိစ္စစသည်ဖြင့်အကြိမ်များစွာပွားများခြင်းတို့ကို အားထုတ်သော်လည်း ရုပ်စစ်– နာမ်စစ်– ပရမတ်စစ်- ဓါတ်စစ်တို့ကို တွေ့နိုင်သည်မဟုတ်ချာ၊ ပရမတ်သဘာဝ အနတ္တဓါတ်တို့ကိုတွေ့မှသာလျှင် ဝိပဿနာလုပ်ငန်းဖြစ်ချေသည်။

သမထ အလုပ်မျိုးကဲ့သို့ အားထုတ်ခဲ့သော် ပညတ်အာရုံနိမိတ်တရရသာ တွေ့ကြုံရတတ်သည်၊ ဖြစ်ပျက် ဖြစ်ပျက်ဟု နှလုံးသွင်းဘန်များသော ယောဂီပုဂ္ဂိုလ်အား မိမိခန္ဓာကိုယ်၌

ရုပ်တရားအစုစုတို့သည် အမှုန်အမွှားကလေးတွေ ပေါ်လာတတ်သည်၊ ၎င်းနောက် အမှုန်အမွှားကလေးတို့သည် သဲကမ်းပါးတအိအိပြိုသကဲ့သို့ စိတ်၌ထင်မြင်လာသည်၊ ၎င်းထင်မြင်မှုတို့ကို ဖြစ်ပျက်ဟုယူကြသည်၊ သို့ရာတွင် ၎င်းဖြစ်ပျက်မျိုးကား ဝိပဿနာဉာဏ်ဖြစ်ပျက်မျိုးမဟုတ် ဝိညာဏ်၏ လှည့်ပတ်မှုခေါ် ပညတ်ရိပ်ဖြစ်ပျက်မျိုးဖြစ်၍ သမထအာရုံတွေ့ လုပ်ငန်းစဉ်များဖြစ်ချေသည်။

ထို့ကြောင့် ဝိပဿနာတရားလုပ်ငန်းစဉ်ကို သမထလုပ်ငန်းမျိုးကဲ့သို့ အားထုတ်ပွားများသော် ဝိညာဏ်၏ လှည့်ပတ်မှုခေါ် အာရုံအမျိုးမျိုးသို့တိုးဝင်၍ သမထဖြစ်နေတတ်လေသည်။

ဝိပဿနာအလုပ်သဘောမှာ မြတ်စွာဘုရားဟောတော်မူခဲ့သည့်အတိုင်း အာရုံ ၆-ပါး၊ ဒွါရ ၆-ပါး၊ ဝိညာဏ်၆-ပါး ပြခဲ့ရာ ဒွါရ ၆-ပါးနှင့် အာရုံ ၆-ပါးတို့ ထိခိုက်သောအခါ ဖြစ်ပေါ်လာသော ဝိညာဏ် ၆-ပါးတို့၏အပေါ်၌ သညာသိ ဝိညာဏ်သိ အနေသဘောမထားဘဲ မသိမ်းပိုက်အပ်၊ ပညာအသိအနေသို့ဆိုက်အောင် ပိုင်းခြားဝေဘန် သိမ်းဆည်း ဆင်ခြင်ခြင်းသည်ပင်လျှင် ဝိပဿနာအလုပ်ဟု ဆိုနိုင်လေသည်။

ဝိပဿနာလုပ်ငန်းစဉ်နှင့်ပတ်သက်၍
ဆရာကြီးများ၏ဆုံးမချက်မှာ။

မိမိ၏ကိုယ်ပိုင်ဉာဏ်ကို အလွန်စေခိုင်းရသောလုပ်ငန်းဖြစ်၍ ဇာဂရိယာပုတ် ၄-ပါးသုံး မနေမနား ဆင်ခြင် ပွားများရမည်ဟု ယောဂီပုဂ္ဂိုလ်တိုင်းမှတ်ယူကြစေလိုပါသည်။

## အာနာပါနကမ္မဋ္ဌာန်း၏ အကျိုးရှိပုံ ငါးပါးကိုပြခြင်း၊

၁၊ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ခဲ့ပါမူယခုခေတ်, ယခုကာလ၊ ယခုဘဝ၌ပင်လျှင် ရဟန္တာ အဖြစ် သို့ ရောက်နိုင်သေး၏၊

၂၊ အကယ်၍ အသက်ရှိစဉ် ရဟန္တာအဖြစ်သို့ မရောက်သေးပါမူ သေခါနီးသောကာလ၌ သမသီသီ ရဟန္တာ၊အဖြစ်သို့ ရောက်နိုင်သေး၏၊

၃၊ အကယ်၍၊သမသီသီရဟန္တာ၊မဖြစ်နိုင်သေးပါမူ နတ်ပြည်သို့ ရောက်သောအခါ ဓမ္မကထိကနတ်သား၏၊ တရားသံကို ကြားရ၍ ရဟန္တာအဖြစ်သို့ရောက်နိုင်သေး၏၊

၄၊ အကယ်၍ နတ်ပြည်၌ ရဟန္တာမဖြစ်သေးပါမူ၊ အရိမေတ္တေယျဘုရားမပွင့်မှီပစ္စေကဗုဒ္ဓါအဖြစ်ရောက်နိုင်သေး၏၊

၅၊ အကယ်၍ ပစ္စေကဗုဒ္ဓါမဖြစ်ရသေးပါမူ၊ ပွင့်တော်မူလတ္တံ့ကုန်သော အရိမေတ္တေယျအစရှိကုန်သော ဘုရားသခင် ကိုယ်တော် အရှင်မြတ်တို့၏၊ ခြေရင်းတော်၌ ဒါရုစိရိယမထေရ်တို့ကဲ့သို့ ခိပ္ပါဘိညရဟန္တာဖြစ်ရတော့မည် မုချဧကန်မှတ်ကြ၊

လူအဖြစ်ရကြသည့်အခိုက် သတိပြုစဉ်းစားရန်အချက်၊

ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်ကား၊ခန္ဓာငါးပါး၊ရုပ်ခေတ်၊နာခေတ်၊ဝရမတ်တရားတို့၏ဖြစ်ပေါ်မှု ပျက်စီးမှုကို ဝိပဿနာဉာဏ်မျက်စိဖြင့် ခန္ဓာတွင် မသိမမြင်ဘဲ၊

အနှစ်တရာကာလပတ်လုံး အသက်ရှင်၍နေရငြားသော်လည်း ထိုကဲ့သို့သောပုဂ္ဂိုလ်မျိုးသည် နသေယျော မဖြတ်သည်သာ လျှင်တည်း၊

ခန္ဓာငါးပါး ရုပ်ခတ်နာမ်ခတ် ပရမတ်တရားတို့၏ ဖြစ် ပေါ်မှုပျက်စီးမှုကို ဝိပဿနာဥာဏ်မျက်စိဖြင့် မိမိခန္ဓာတွင် မှန်ကန်စွာသိမြင်သော ပုဂ္ဂိုလ်၏ တနေ့ တရက် ၀ ခဏမျှ အသက်ရှင်၍နေရခြင်းသည် ရှင်ကျိုးနပ်သဖြင့် မြင့်မြတ်လှ တော့သည်သာတည်း၊

သမထနှင့် ဝိပဿနာခွဲခြား၍ အထူးမှတ်ရန်၊

သမထကား သမာဓိအလုပ် သမာဓိ စခမ်းပေတည်း၊ ဝိပဿနာကား ဥာဏ်အလုပ် ဥာဏ်စခမ်းပေတည်း၊ စိတ် ခတ်အစဉ်၌ လောဘ၊ ဒေါသ၊ မောဟ၊ အစရှိသော ကိလေ သာမီးတို့ကိုငြိမ်းဇေစေတတ်သော သမာဓိသည်သမထမည်၏၊

သမထရှုနည်းအကျဉ်း ၊

စာထဲမှာမဟုတ် ခန္ဓာယဲ၌ထင်ရှားရှိသောအနံ့ ခတ်တွေ ကို ဆံပျားကစ၍ခြေဖျားတိုင်အောင် ခြေဖျားကစ၍ ဆံပျား တိုင်အောင် အနုလုံပဋိလုံ လှည့်ကာလှည့်ကာတွေးတောဆင် ခြင်အောင့်မေ့ စဉ်းစားနေသည်ကို ဘာဝနာစီးဖြန်းပွားချား နေသည်ပဲ၍ခေါ်သည်၊ ကမ္မဋ္ဌာန်းရှုနေသည်ပဲ၍လည်း ခေါ် သည်၊ တရားခွေ ကျိုးပေး အားထုတ် သမထ အလုပ် လုပ်နေ သည် ပဲ၍လည်းခေါ်ဝေါ်ကြပါသည်၊

ထိုသို့ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းပွားချားနေခိုက် ဝိတ်ခတ်

အစဉ်သည် ဟိုဟိုဒီဒီတောင်မြောက်လေးပါးသို့ မရောက်မူ၍ ဝါ-မရောက်ဘဲ အနံ့ခတ်ထဲ၌စိတ်ရောက်၍တည်နေ၏၊ ထို သို့တည့်နေသည်ကို သမထခေါ်သည်၊ သမာဓိဖြစ်ခိုက် ဂင်း သမာဓိသည် လောဘ ဒေါသ မောဟအစရှိသော ကိလေသာ မီးတို့ကိုငြိမ်းဇေတတ်သောကြောင့် သမထခေါ်သည်၊ သမ ထနှင့်ဘာဝနာပေါင်းသော် သမထဘာဝနာဟူ၍လည်း ခေါ် သည်၊သမာဓိနှင့်ဘာဝနာပေါင်းသော သမာဓိဘာဝနာ ဟူ၍ လည်းခေါ်သည်၊ ၊သမထရှုနည်း အကျဉ်းပေတည်း၊

ဝိပဿနာရှုနည်းအကျဉ်း၊

ဝိပဿနာသည် အနတ္တဝိပဿနာ၊ ဒုက္ခဝိပဿနာ၊ အနိစ္စ ဝိပဿနာဟူ၍သုံးမျိုးရှိ၏၊ ထိုသုံးမျိုးတို့တွင်အကောင်မဟုတ် သတ္တဝါခဟုတ် အသက်လိပ်ပြာမဟုတ်ဟု အထူးရှုမှုသည် အနတ္တဝိပဿနာမည်၏၊ ဖြစ်ပေါ်လာလျှင် ဇရာ မရဏတည်း ဟူသော အနှိပ်အစက်ဒဏ်ချက်ကိုခံရ၍ မသက်သာသည်ကို အထူးရှုမှုသည် ဒုက္ခဝိပဿနာမည်၏၊ ဖြစ်ပေါ်လာပြီး ကွယ် ပျောက်ပျက်စီးသည်ကိုအထူးရှုမှုသည်အနိစ္စဝိပဿနာမည်၏

မိမိအားထုတ်နေသော ဝိပဿနာကိုမှတ်ကျောက်တင်၍ ချိန်ကိုက်ကြည့်ရန် စထုတ္ထနည်း၊

မိမိအားထုတ်တဲ့ဝိပဿနာသည် သရုပ်ခွဲဝိပဿနာလော ဝိပဿနာ အစစ်လောဟု ချိန်ကိုက် ကြည့်ကြပါလေကုန်၊ အကယ်၍ ဝိပဿနာအစစ် အားမထုတ်တတ်သေးလျှင်အစစ် ထိအောင် ပြတတ်သော (ဝါ) မဂ်ရောက် ဖိုလ်ရောက် ပြနိုင်

သောဆရာကောင်းကို စုံစမ်းရှာဖွေပြီး အားထုတ်တော်မူကြပါကုန်၊ မိမိသည် အလွန်ဝိပဿနာစစ်ကိုရစေလိုသျှ၍ တိုက်တွန်းရခြင်းဖြစ်သည်၊ မိမိအားထုတ်တဲ့ ဝိပဿနာတရားဟာသန္တတိပြတ်အောင်ဖြစ်သလော ဃနာကြေအောင်ဖြစ်၏လောဟုစဉ်းစားကြပါလေ၊ ဆရာမရှာဘဲ အထင်မကြီးကြလေနှင့်၊ သန္တတိမပြတ်လျှင် အနိစ္စမထင် ဃနာမကြေလျှင်အနတ္တမထင်ရင်းအနိစ္စအနတ္တမှမထင်လျှင် ဘယ်မှာမဂ်ရောက်ဖိုလ်ရောက်ဖြစ်နိုင်မည်နည်း၊ ထို့ကဲ့သို့ သန္တတိပညတ် ဖုံးကွယ်ထားသောကြောင့်၊ အနိစ္စတရားသည်၊ မထင်နိုင်ဘဲရှိနေ၏၊ ဃနပညတ် ဖုံးကွယ်ထားသောကြောင့် အနတ္တတရားသည်မထင်နိုင်ဘဲရှိနေ၏၊ သန္တတိပြတ်မှုဃနကြေမှုကလည်း သမာဓိပါမှဖြစ်သည်၊ သမာဓိကို ကောင်းစွာနိုင်လျှင် သန္တတိပြတ်သည်ဃနကြေပျောက်မည်၊

မှတ်ကျောက်တင်ပြီးနိဗ္ဗာန်ခရီးလမ်းမကြီး၊

နိဗ္ဗာန်သို့သွားကြောင်းခရီးလမ်းမကြီးသည်ကား ဝိပဿနာကိုနိဗ္ဗာန်သို့သွားကြောင်း ခရီးကောင်းလမ်းမကြီးဟူ၍ ဆိုအပ်ပေ၏၊ ဝိပဿနာသည် နိဗ္ဗာန်သို့သွားကြောင်း မမှားမစောင်းသော လမ်းကောင်းလမ်းမကြီးဖြစ်ပေ၏၊ဝိပဿနာဆိုသည်ကား ဗုဒ္ဓ-ပစ္စေကဗုဒ္ဓ၊ အရိယာသာဝကာနံ- ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့၏၊ မဂ္ဂေါ - မဂ်တရားပင်တည်း၊ ဝါ-မဂ္ဂေါ၊ မမှားမစောင်းဘဲ့လမ်းကောင်းလမ်းမကြီးပင်တည်း၊ ဝိပဿနာသည် ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာ

ဝကတို့သွားရာ လမ်းမဖုံဖုံကြီးပင်တည်း၊ လမ်းဖြောင့်ဖြောင့်ကြီးပင်တည်း။ ဝိပဿနာဟာ နိဗ္ဗာန်သို့သွားရာ လမ်းမကြီးဖြစ်ပုံကို သိကြပါကုန်။

ကိလေသာ ပယ်သတ်ပုံ အထူးမှတ်ချက်။

မဖြစ်ချင်ဘဲ၊မလိုချင်ဘဲ၊ ငြီးငွေ့စက်ဆုပ်ခြင်းသို့ ဧကန်မုချ ရောက်လေတော့၏ဟု ဆိုအပ်ခဲ့ပြီးသော၊ ရုပ်နာမ်နှစ်ပါး သင်္ခါရ ပရမတ်တရားတို့၌၊ လက္ခဏာရေး သုံးပါးတင်၍၊ သုံးသပ် ဆင်ခြင်တိုင်း သုံးသပ် ဆင်ခြင်တိုင်း၊ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ပညာသိက္ခာ၊သုံးမျိုးနှင့်ပြည့်စုံ၍နေလေ၏၊

သိက္ခာသုံးမျိုးနှင့် ပြည့်စုံ၍နေခဲ့လျှင်၊ ရင်းသိက္ခာ သုံးမျိုးတို့က၊ ဝိတိက္ကမ ကိုယ်၌လွန်ကြူးသောကိလေသာ ပရိယုဋ္ဌာန စိတ်၌ဆူပွက်တာ – ကိလေသာ အနုသယမျိုးစေ့မတူမျိုးမပျက်–ကိလေသာ မျိုးစေ့တူစွာ-ကိလေသာ ဟူသောကိလေသာ သုံးမျိုးတို့ကို၊ အစဉ်အတိုင်း ပယ်သတ်လေ၏။

သီ ဓိ ပညာ၊ကျင့်သုံးဖြာ၊ မှတ်ကြဆေးချက်ပါ၊
လွန်ကြူး ဆူပွက်၊ မျိုးမပျက်၊ သုံးချက်ကိလေသာ၊
ကိုယ်နှုတ် လွန်ရာ၊ ကိလေသာ၊မှတ်ပါ ဝိတိက္ကမာ၊
စိတ်၌ဆူရာ၊ကိလေသာ၊မှတ်ပါ ပရိယုဋ္ဌာနာ၊
မျိုးစေ့တူစွာ၊ ကိလေသာ၊ မှတ်ပါအနုသယာ၊
အနာနှင့်ဆေး၊ ကိုက်အောင်ပေး၊ ပျောက်ရေး မခက်ပါ၊
အနာ ဆင်ပြောင်၊ဆေး ယင်ကောင် တူအောင် ဉာဏ်နှင့်
ရှာ ဟူသော မှတ်ချက် သိကြပါစေသတည်း။

သီလသိက္ခာ ဟူသည်၊ ကာယကံမှု၊ ဝစီကံမှု၊ စင်ကြယ်အောင်၊ စောင့်ရှောက် ထိန်းသိမ်းသော ကျင့်သော ကာယကံမှု၊ ဝစီကံမှု၊ စင်ကြယ်အောင်၊စောင့်ရှောက် ထိန်းသိမ်းသော အကျင့်မျိုးတည်း၊

သမာဓိ သိက္ခာဟူသည်၊ တည်ကြည်သော၊ ကျင့်သော တည်ကြည်အောင် ကျင့်သော၊ အကျင့်မျိုးတည်း၊

ပညာသိက္ခာ ဟူသည်၊ အနှံ့အပြား၊ ဟုတ်တိုင်း မှန်စွာ ထိုးထွင်း၍ သိသော၊ ကျင့်သော၊ အနှံ့အပြား ဟုတ်တိုင်းမှန်စွာ၊ ထိုးထွင်း၍သိသော အကျင့်မျိုးတည်း၊

အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါး
သံဝေဂရှုပုံ၊

အနိစ္စဆို၊ ခန္ဓာကိုယ်လည်း၊ ယွင်းသို့ပျက်စီး၊ ပျက်ချိန်နီးက၊ ပျက်စီးကြရာ၊ ဓမ္မတာတည်း၊

အနိစ္စဘာဝနာရှုမှတ်ရန်၊

(၁) ရုပ်နာမ်ဖြစ်ပျက်၊ ကြည့်လျက်မပိုင်၊ ခါခါထပ်ထပ်၊ မလပ်ဖြစ်နိုင်၊သင်္ခတိက ၊ ဖုံးဖိလို့ထိုင်၊ အနိစ္စ၊ ဒိဋ္ဌမမြင်နိုင်၊

(၂) ရုပ်နာမ်အပေါင်း၊ ထောင်သောင်းကုဋေ၊ ဖြစ်လိုက်ပျက်လိုက်၊ ချုပ်လိုက်တည်နေ၊ ဖြစ်ပျက်ဝင်္ကကိန်း၊လွတ်ငြိမ်းအောင်မြေ၊ အထွင်ရှုံးဆုံး၊ လွတ်ရုံးကြတော့လေ၊ ၊

ဒုက္ခဘာဝနာရှုမှတ်ရန်၊

(၁) အဟောဝတ၊ လောကဘုံဖွဲ့၊ တွေ့ကြုံဆုံကွဲ၊မလွဲနိုင်ချေ၊ မုချဒုက္ခ၊ ရုပ်လှဆူဝေ၊ ဝေးပါရဲ့၊ တော့နိဗ္ဗာန်မြေ၊

(၂) ဆုံလိုက်ကြိုလိုက်၊ ဘုန်းဖြစ်တွေ့၊ မချဒုက္ခ၊ ရုပ်လှ သူဝေ၊ တနေ့ကျတော့၊ တွေ့ရမလေ၊ ဝေးပါရဲ့သေ့ နိဗ္ဗာန်ပြေ၊

အနတ္တဘာဝနာရှုမှတ်ရန်၊

(၁) သတ္တဝါများ၊ ဖြစ်ပြားတည်နေ၊ ၊ဖြစ်လျှက်ပျက်ကြ၊ မချအိုသေ၊ ၊အနိစ္စမို့၊ ဒုက္ခဆိုသလေ၊ ၊အနတ္တ၊ မှတ်ကြခန္ဓာ တွေ့၊ ၊

(၂) ရုပ်နာမ်တရား၊ ဖြစ်ပြားအိုသေ၊ ၊ပျောက်ပျက်ကုန်ခမ်း၊ ဘုန်းနန်းဥစ္စာမြေ၊ ၊တနေ့ကျတော့၊ တွေ့ရမလေ၊ အနတ္တ၊ မှတ်ကြခန္ဓာတွေ့၊ ၊

(၃) မြင်မြင်သမျှ၊ များသှ်ထိုထို၊ အနတ္တန္ဒီ၊ အတ္တဝွဲဆို၊ ငါ ဘဲသူဘဲ၊ ထင်လွဲပိုရို၊ ဘိတ်မသိ၊ ဒိဋ္ဌိအယူပို၊ ၊

(၄) ရုပ်နာမ်နယ်တွင်း၊ တယ်သင်းကိုမြင်၊ ၊အနှစ်ကင်း လို့၊ ချစ်ခြင်းခင်မင်၊ အခဲအတုံး၊ စွဲသုံးယူလျှင်၊ ဘိတ်မသိ၊ ဒိဋ္ဌိ အယူပင်၊ ၊

သစ္စာလေးပါးနှင့်ဝိပဿနာအကြောင်း၊

(၁) ဒုက္ခသစ္စာ၊ ဆင်းရဲအစစ်အမှန် –ရုပ်နာမ်နှစ်ပါးတ ရားတည်း၊ (၂) သမုဒယသစ္စာ၊ ဆင်းရဲဖြစ်ကြောင်း အစစ် အမှန် တဏှာလောဘ တရားတည်း၊ (၃) နိရောဓသစ္စာ၊ ဆင်း ရဲ ချုပ်ငြိမ်းရာအစစ်အမှန် နိဗ္ဗာန်တရားတည်း (၄) မဂ္ဂသစ္စာ ဆင်းရဲ ချုပ်ငြိမ်းရာသို့ ဆိုက်ရောက်ကြောင်း အကျင့်လမ်း ကောင်း အမှန်–မဂ္ဂင်ရှစ်ပါးတရားတည်း၊

(၃) ဒုက္ခသစ္စာဆိုဒါ - အကျဉ်းချုပ်အားဖြင့် ရုပ်နာမ်တ

ရား နှစ်ပါးကို ခေါ်သည်၊ ကာမ ရူပ အရူပ ဟူ ဆိုအပ်သော ဘုံသုံးပါး၌ အဘန်ဘလဲလဲ ကျင်လည်ပြီး နေရခြင်း ဆင်းရဲ ဒုက္ခကိုလည်းခေါ်သည်။

(၂) သမုဒယသစ္စာဆိုဒါ – သာယာ နှစ်သက် တပ်မက် လိုချင်တဲ့ တဏှာလောဘ တရားကို ခေါ်သည်။

(၃) နိရောဓသစ္စာဆိုဒါ ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာ ဖြစ်တဲ့ နိဗ္ဗာန်တရားကိုခေါ်သည်။

(၄) မဂ္ဂသစ္စာဆိုဒါ (၁) မှန်စွာမြင်ခြင်း သမ္မာဒိဋ္ဌိ၊ (၂) မှန်စွာကြံခြင်း သမ္မာသင်္ကပ္ပ၊ (၃)မှန်စွာပြောဆိုခြင်း သမ္မာဝါစာ၊ (၄)မှန်စွာပြုလုပ်ခြင်း သမ္မာကမ္မန္တ၊ (၅)မှန်စွာအသက် မွေးခြင်း သမ္မာအာဇီဝ၊ (၆)မှန်စွာအားထုတ်ခြင်း သမ္မာဝါယာမ၊ (၇)မှန်စွာအမှတ်ရခြင်း သမ္မာသတိ၊ (၈)မှန်စွာတည်ကြည် ခြင်း သမ္မာသမာဓိဟု ဆိုအပ်သော နိဗ္ဗာန်ရောက်ကြောင်းဖြစ် တဲ့ မဂ္ဂင်ရှစ်ပါးတရားကို ခေါ်သည်။

ထိုသစ္စာလေးပါးတို့တွင်၊သမုဒယသစ္စာ နှင့် မဂ္ဂသစ္စာက၊ အကြောင်းသစ္စာများဖြစ်သည်။ ဒုက္ခသစ္စာနှင့် နိရောဓသစ္စာ က၊ အကျိုးသစ္စာများဖြစ်သည်၊ ထို့ကြောင့် ဆင်းရဲပျက်စီး ခြင်း ဒုက္ခမှန်သမျှဟာ၊သမုဒယသစ္စာတဏှာလောဘကြောင့် ပင် ဖြစ်တယ်လို့ တထစ်ချအမြဲမှတ်ကြရမည်။

သမုဒယသစ္စာဆိုတဲ့ တဏှာလောဘကလဲ သမလောဘ ဝိသမလောဘရယ်လို့ နှစ်မျိုးနှစ်စား ရှိသည်၊ ထိုနှစ်မျိုးတို့ တွင်လည်းတရားသဖြင့် လိုချင်တပ်မက် နှစ်သက်တာက သမ

လောဘ၊ မတရားသဖြင့်လိုချင်တပ်မက် နှစ်သက်တာက ဝိသမလောဘ၊ တရားသဖြင့် လိုချင်တပ်မက် နှစ်သက်တဲ့ သမလောဘထက်၊ မတရားသဖြင့် လိုချင်တပ်မက် နှစ်သက်တဲ့ ဝိသမလောဘက သာလွန် မိုမို၍ ကြမ်းတမ်း ဆိုးဝါးသည်၊ ဝိသမလောဘဆိုဒါ သူတပါးတို့၏ တိုင်းပြည် မြို့ရွာ ပစ္စည်း ဥစ္စာ ရတနာ ငွေတွေကို၊ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ အနုနည်းအကြမ်းနည်းတို့တွင် တနည်းနည်းဖြင့် မတရားသဖြင့် လိုချင်တပ်မက်နှစ်သက်ပြီး၊ လိမ်လည်လှည့်ဖြား၍ တိုက်ခိုက်ခိုးဖှက်လုရက်ပြီး ယူတဲ့လောဘမျိုးကို ဆိုလိုသည် ဤဝိသမလောဘမျိုးတွေ ကမ္ဘာသူကမ္ဘာသား သတ္တဝါများ မှာ၊ အမျိုးမျိုးသောဆင်းရဲပျက်စီးခြင်း ဘေးဒုက္ခအပေါင်းတို့ နှင့် တွေ့ကြုံကြရသည်၊

ထို့ကြောင့် – တဏှာလောဘဆိုတဲ့ သမုဒယသစ္စာဖြစ် ပေါ်၍လာခြင်းဟာ၊ ဆင်းရဲပျက်စီးခြင်း ဒုက္ခဖြစ်ဘို့ရာ အမှန် ဖြစ်တယ်လို့ တထစ်ချအမြဲမှတ်ကြရမယ်၊ ဤကဲ့သို့ဆင်းရဲ ပျက်စီးခြင်း ဒုက္ခ၏အကြောင်းတွေကို၊ အမှန်အတိုင်း မသိမ မြင်ကြသည်အတွက်၊ သံသရာကြီးအတွင်းမှာ ကျင်လည်ပြီး ဘေးဒုက္ခ ဆင်းရဲအမျိုးမျိုးတွေကို ခံစားပြီး နေကြရခြင်းဖြစ် သည်၊

ထို့ကြောင့် သစ္စာလေးသင်း၊ ဉာဏ်ထိုးထွင်း၊ လွတ်ကင်း၊ သံသရာ ဆိုသည့်အတိုင်း သံသရာဝဋ်ဆင်းရဲအတွင်းမှ လွတ် ကင်းကြရအောင်၊ သစ္စာလေးပါး မြတ်တရားကို၊ ယထာဘူတ

အကြောင်း၊အကျိုး အခြေခံနှင့်၊ဟုတ်မှန်သည့်အတိုင်း သိရှိရန် သစ္စာလေးပါးကို ဥပမာ အားဖြင့် ရှုမှတ် ရမည်မှာ၊ ဒုက္ခ သစ္စာသည် အနာရောဂါကြီးနှင့် တူသောကြောင့် အနာရော ဂါကြီးကဲ့သို့ ဒုက္ခသစ္စာကိုရှုမှတ်ရမည်၊

သမုဒယသစ္စာသည်၊ အနာရောဂါ ဖြစ်ကြောင်း၊ တိုးပွါး ကြောင်း အစာအဟာရနှင့် တူသောကြောင့်၊ အနာရောဂါဖြစ် ကြောင်း တိုးပွါးကြောင်းဖြစ်တဲ့ မသင့်တင့်သော အစာအဟာ ရ စသည်တို့ကဲ့သို့ သမုဒယသစ္စာကိုရှုမှတ်ရမည်၊

နိရောဓသစ္စာသည် အနာရောဂါကြီး ပျောက်ကင်း၍ ချမ်း သာခြင်း သုခနှင့် တူသောကြောင့် အနာရောဂါကြီးပျောက် ကင်း၍ ချမ်းသာခြင်းကဲ့သို့ နိရောဓသစ္စာကို ရှုမှတ်ရမည်၊

မဂ္ဂသစ္စာသည်၊ အနာရောဂါကြီး ပျောက် ကင်းကြောင်း၊ ချမ်းသာကြောင်း ဆေးဝါးဓါတ်စာကောင်းများနှင့် တူသော ကြောင့်၊ အနာရောဂါကြီး၊ ပျောက်ကင်းကြောင်း၊ ချမ်းသာ ကြောင်းဖြစ်တဲ့ ဆေးဝါးကောင်း ဓါတ်စာကောင်းများ ကဲ့သို့ မဂ္ဂသစ္စာကို ရှုမှတ်ရမည်၊

ဤကဲ့သို့ ရှုမှတ် ပွားများခဲ့သည်ရှိသော်၊ သစ္စာလေးပါး မြတ်တရားကို ယထာဘူတ အကြောင်းအကျိုး၊ အခြေခံနှင့် ဟုတ်မှန်သည့်အတိုင်း၊ ထင်မြင်သိရှိနိုင်တဲ့၊ အသိဉာဏ် တွေ ဖြစ်ပေါ်၍လာလိမ့်မည်၊

လှေသင်းအတွင်းဝန်မင်း၏ ကျေးဇူးရှင် ဝါးချက်မင်းကျောင်း
ဆရာတော်ဘုရားကြီး ချီးမြှင့်သော ဩဝါဒတော်၊

★ ဤအကျဉ်းချုပ် တရားတော် အချက်(၂၁)ကို၊ ၁၈၀၅ ခုနှစ်ကစ၍၊ ဤကျွန်းပြုရသူကျွန်တော်အား လှေသင်းအတွင်းဝန်မင်းက မွေးစားသားအဖြစ်ချီးမြှင့်၍ ဝါးချက်သို့ခနခနသွားရောက်နေစဉ် အဆိုပါဆရာတော်ဘုရားကြီး ပေးသနားတော်မူသည်ကို အမှတ်တရဖြစ်စေရန်နှင့် ဤစာအုပ်ဘတ်ရှုသူတိုင်းဗဟုသုတအလို့ငှါထည့်သွင်းဘော်ပြလိုက်ရပါသတည်း၊

(၁) သွား ရပ် ထိုင် လျောင်း အားဖြင့်၊ လေးပါးသောဣရိယာပုထ်တို့၌၊ အကုသိုလ် မဖြစ်ရ၊ ကုသိုလ် တရားသာဖြစ်အောင် နှလုံးသွင်းရမည်၊ (၂) အကုသိုလ်ဖြစ်သော အချိန်ကာလကို မရှိစေရ၊ ကုသိုလ်ဓမ္မနှင့်သာ အချိန်အခါကုန်စေရမည်၊ (၃) ကောင်းမကောင်းဖြစ်သော ကံဟောင်းကို မမြော်လင့်ရ၊ ကောင်းသောကံသစ်ကိုသာ ဖြစ်ပွါးအောင်အာ ထုတ်ရမည်၊ (၄) အကျိုးကိုအားမထုတ်ရ၊ မကျင့်ရ၊ အကြောင်းကိုသာ ဖြောင့်မှန်အောင် အားထုတ်ကျင့်ကြံရမည်၊ (၅) အကျင့် အတု အယောင်ကို မဖြစ်စေရ၊ အကျင့်အစစ်အမှန်ကိုကျင့်ရမည်၊ (၆) ကိုယ့်၏၊ အကျင့်ကို သူတပါးမသိစေရ၊ ကိုယ့်အကျင့် မှန်မမှန်ကို၊ ကိုယ်သိအောင်ဆင်ခြင်ရမည်၊ (၇) သူတပါးကို အားမကိုးရ၊ မိမိကိုယ်ကိုသာ အားကိုး၍ကျင့်ကြံရမည်၊ (၈) သူတပါးအား၊ မိမိ ကျေးဇူးမှု၍၊ မဆုံးမရ၊ ကိုယ့်ကိုယ်ကိုသာ ကိုယ်ယဉ်ကျေးအောင် ဆုံးမရမည်၊ (၉)သူတ

ပါး၏အပြစ်ကိုမရှုရ၊ ကိုယ့်အပြစ်ကို မြင်အောင်ရှု၍ အပြစ်မှ လွတ်အောင်ပြုရမည်။ (၁၀)သူ့ပစ္စည်းကိုမလိုချင်ရ၊ ကိုယ့် ပစ္စည်းအစပ် ဖြစ်သော အကျင့်တရားကိုသာ လိုသောသမ္မာ ဆန္ဒ ဖြစ်စေရမည်။ (၁၁) ဝစ္စယာဒါယာဒ၊ ပစ္စည်းရအောင် မကျင့်ရ၊ ဓမ္မဒါယာဒဖြစ်၍ တရားကောင်းအစစ်ကို ရအောင် ကျင့်ရသည်။ (၁၂)တပါးသော အပေါင်းအသင်းတို့နှင့် ပျော် မွေ့သဖြင့် သင့်အောင်မနေရ၊ ရုပ် နာမ်၊ တရားတို့၌၊ သုံးသပ် မွေ့လျော် သင့်တော်အောင်နေရသည်။ (၁၃)ကြောက်လန့်ရ အောင် မနေရ ကြောက်လန့်ရန် မရှိအောင် နေရမည်။ (၁၄) စာပေကျမ်းဂန် တတ်သိခြင်းမမှားစေရ၊စာပေကျမ်းဂန်တတ် ခြင်း အမှန်သို့ကျအောင် သတိသမ္ပဇဉ် ပြုရမည်။ (၁၅)စာပေ ကျမ်းဂန်တတ်ရုံမျှနှင့်မနေရ၊တရားတတ်သိအောင်အားထုတ် ကျင့်ကြံရမည်။ (၁၆)သံသရာ၌ အသက်ရှည်ရန်ကိုမလိုအပ် သံသရာသက် တိုရန်ကိုသာ လိုအပ်သည်။ (၁၇) ရှည်လျား သော တဏှာကိုဖြတ်၍*တိုသေးသောပါရမီကိုဆက်ရမည်။ (၁၈) မေ့၍နေလျှင်၊ အဘန်တလဲလဲသေရလိမ့်မည်၊ မမေ့ လျှင်၊ တဘန်မသေရလတံ့ဖြစ်သည်။ (၁၉) အသက်မဖြတ် ရှင်လျက်နေသောအဝိဇ္ဇာ တဏှာကို သေအောင်သတ်၊ အမြဲ သေ၍သာနေသော အသင်္ခတနိဗ္ဗာန်သို့ ရောက်အောင် ကပ် အပ်သည်။ (၂၀)အလုံးစုံ သင်္ခါရတို့၌ စွဲလန်းသော ဥပါဒါန် ဖြတ်၊ သင်္ခါရပဉ္စသမျှကိုစွန့်လွှတ်၍၊ အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်သည်ဟု သိမှတ်ကြစေလိုပါသည်။

ယောဂီပုဂ္ဂိုလ်၏ အရေးကြီးစွာ သိရမည့်လမ်းစဉ်၊

ရုပ်တရားချည့်သက်သက်၊ နာရီဝက်ထက်မနည်း မှန်ကန်သောနည်းဖြင့် သဘောသဘာဝကို ဉာဏ်စွမ်းရှိသလောက် ဆင်ခြင်သုံးသပ်ရမည်။

ဤအတူ၊ နာမ်တရားချည့်သက်သက်၊ နာရီဝက်ထက်မနည်း မှန်ကန်သောနည်းဖြင့် သဘောသဘာဝကို ဉာဏ်စွမ်းရှိသလောက် ဆင်ခြင်သုံးသပ်ရမည်။

ထို့အတူ၊ ခန္ဓာငါးပါး တပါးစီ တပါးစီ၊ အာယတန တဆဲ့နှစ်ပါး တပါးစီတပါးစီ၊ ဓါတ်တဆဲ့ရှစ်ပါး တပါးစီတပါးစီ၊ နာရီဝက်ထက်မနည်း မှန်ကန်သောနည်းဖြင့် သဘောသဘာဝကိုဉာဏ်စွမ်းရှိသလောက်ဆင်ခြင်သုံးသပ်နိုင်ရမည်။

သစ္စာလေးပါးကိုလည်း၊ တပါးစီ-တပါးစီ၊ ဉာဏ်မှီသလောက် သဘောသဘာဝကို အနုမာနဉာဏ်အားဖြင့် ယမ်းဆပြီး သိနိုင်ရမည်။

သင့်ရာက ဤတရားအလုံးစုံကို အကုန်လုံး ကြည့်နိုင်သလောက်ကြည့်၊ သိနိုင်သလောက်သိအောင်ပြုပြီး၊ မိမိရရ၊ပိုင်ပိုင်နိုင်နိုင်၊ ဆင်ခြင်သုံးသပ်ပြီးသောအခါ၊ ပုဂ္ဂိုလ်သတ္တဝါ၊ငါ၊သူတပါး၊ ယောက်ျားမိန်းမ ရှာမရကြောင်း၊ သဘာဝမျှသာ အနိစ္စသဘော၊ဒုက္ခသဘော၊အနတ္တသဘောထင်ရှားစေရန်မှာ.

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊
သဗ္ဗေ ဓမ္မာ အနတ္တာ၊

# ဝိပဿနာသက်သက်ရှုနည်း

ယောဂီဆောင်ပုဒ် ၉ပိုဒ်

၁၊ ဖြစ်တိုင်းဖြစ်တိုင်း၊ အပျက်ကိုကြည့်၊ ဉာဏ်ထက်မျက်၏၊

၂၊ နာမ်ရုပ်တရား၊ သဘောများ၊ တူကား မတူပါ၊

၃၊ ခြား နားနေသော၊ ထိုသဘော၊ ရောချွမရှုရာ၊

၄၊ သိမြင်လွယ်ကြ၊ ရုပ်ကစ၊ ရှုကြဘာဝနာ၊

၅၊ ရုံခါရုပ်ပင်၊ နာမ်တွင်ရုံခါ၊ ထင်ရှားရာက၊ ပေါင်း၍ရှုကြည့်ပါ၊

၆၊ အကြောင်းရှိ၍၊ အကျိုးရှိ၊ အကျိုးရှိ၍၊ အကြောင်းပေါ်၊ ရုပ်နာမ်တရားခေါ်၊

၇၊ အကြောင်းမရှိ၍၊ အကျိုးမရှိ၊ အကျိုးမရှိ၍၊ အကြောင်းမပေါ်၊ နိဗ္ဗာန်တရားတော်၊

၈၊ သဘောမျှသက်သက်၊ အပျက်ကိုသာထင်မြင်လာ၊ စွဲရာမရှိပြီ၊

၉၊ ကောင်းကင်ကိုသာ ဉပမာ ကျမ်းမှာ ပြပါသည်၊

# ဝိပဿနာတရား သဘာဝ ရှင်းလင်းချက်။

၁၊ ရုပ်နာမ်မသိ၊ ယူဒိဋ္ဌိ၊ ဝိဝိ အပါယ်လား၊

၂၊ ရုပ်နာမ် သိမြင်၊ ဒိဋ္ဌိစင်၊ လေးအင် ပါယ်မလား၊

၃၊ အပါယ်ခြေကန်၊ ဘုံစဉ်စံ၊ နိဗ္ဗာန်ရွေမြှို့သွား၊

## ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခါနီး
## နောက်ဆုံးမိန့်ခွန်းတော်

ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ၊

ဘိက္ခဝေ-ငါ၏ ချစ်သားတသီး ချစ်သို့းတို့၊အဟံ-သင်တို့ဆရာ ငါဘုရားသည်၊ ဟန္ဒဒါနိ – ရှေ့ပြည့်နိဗ္ဗာန်စံဝင်ခါနီးတိုင်ပြီး လုလု ဤယခု၌၊ ဝေါ-သင်ချစ်သားတသီး ချစ်သို့းတို့အား၊ အာမန္တယာမိ-လာကြ-လာကြ-လာကြအမျှား ငါတရားကို၊ မျက်ဝါးထင်ထင် သိမြင်စေအံ့၊ သင်္ခါရာ၊ ကံ-အဘာဝရစိတ္တ-ဥတု လေးခုအကြောင်း ပေါင်း၍ဖြစ်ကြုံ၊ တေဘုမ္မကသင်္ခါရ တရားတို့သည်၊ ဝယဓမ္မာ-ကုန်ပျောက်ပြုန်းတီးပျက်စီးခြင်းသဘောရှိကုန်၏၊ အပ္ပမာဒေန-မမေ့ မလျော့ မပေါ့မစားကောင်းမြတ်သော၊အပ္ပမာဒ ခေါ်တဲ့ သတိပဋ္ဌာန်တရားနှင့်သမ္ပာဒေထ-ကိုယ်စီကိုယ်င – ပြည့်စုံကြပါကုန်လော၊ သမ္ပာဒေထ-သိက္ခာသုံးပါး အကျင့်တရားကို ပြီးစီးပြည့်စုံအောင်အားထုတ်ကြပါကုန်လော၊

နောက်ကျမ်း(၂)တွဲ၏။

မှန်ပြမာတိကာ၊ အချိန်ယူ၍ဘတ်ရှုပါ။

ဝိပဿနာအဓိပ္ပါယ်၊တရားအားထုတ်ရာ (မှန်- မမှန်) မှတ်ကျောက်တင်၍ချိန်ကိုက်ကြည့်ရန်နည်းမျိုးစုံရှင်းပြချက်၊ အရှင်ဗုဒ္ဓအဆုံးအမတော်ရွေးဟောင်းတရားတော်၊တရားအားထုတ်နေထိုင်ပုံဇူရိယာပုတ်ဇမျိုး။စိတ်အလိုမလိုက်ရန်။ ယောဂီသတိပေး၊ သမထနှင့်ဝိပဿနာကြုံကြိုက်ခွင့်ရပုံ။ ဗု-မေ-အ-မ (စ မ) လေးလုံးကြေရန်။ သူတော်ကောင်းတရားမြဂါထာ။ ဘာဝနာဆုတောင်း။ ယောဂီဆောင်ပုဒ် ၁၂။ ၎င်း၁၃၊ဝိပဿနာ ဉာဏ်စဉ်လက်ာ။၁၀၊ပညာစခန်းဆိုက်၍အပါယ်ဘေးဆိုးမှလွတ်ရန်၊သံဝေဂလက်ာ[ဂ]။သံဝေဂဖြစ်ခြင်း၄ပါး။ ဝိပဿနာကျင့်စဉ်အရွယ်မရွေးအားထုတ်ပုံ။မလိမ္မာသူဆုံးမစာ၊ သောတာပန်ဖြစ်မဖြစ်စစ်တမ်းထုတ်ပုံ။ ဆရာကောင်းထံ နည်းနာခံရန်နှင့် ဆရာကောင်းသိရှိနိုင်ရန်၊ မှတ်ကျောက်တင်ကြည့်ပုံနည်း၇မျိုး၊ ၎င်းဒုတိယနည်း ၁၀မျိုး။ သာသနာခေတ်သာသနာအခါ သာသနာကာလ ၅ ပါး။ ဘုရားရှင်ပင်နိဗ္ဗာန်ကိုမပေးနိုင်ကြောင်း။ ဝိပဿနာဉာဏ်စဉ် ၁၆ ပါး။ ဝိပဿနာဆောင်ပုဒ်ကဗျာ ၁၁၊ ပညာရှိသူသတိမူရန်၊ ယောဂီမှတ်ရန်အထူး။ ဝိပဿနာအလုပ် ၁၅ ချက်။ ဝိပဿနာတင်၍အာရုံပြုရှုရန်နည်း။ ဥါရခြောက်ပေါက်မှ တွက်နေတဲ့စိတ်ဖမ်းပုံ။ ဖြစ်ပျက်နှစ်ဖြာသိသူမသိသူအတွက် ဗုဒ္ဓမြတ်စွာ၏ မိန့်ခွန်းတော်။

ကိုယ်တွေ့သမထ နှင့် ကိုယ်တွေ့ဝိပဿနာ

အထူးနှလုံးသွင်းရန် ယထာဘူတစာတမ်း။ကိုယ်တွေ့သမထအလုပ်။သမထမှ ကိုယ်တွေ့ဝိပဿနာသို့တက်နည်း၊ဉာဏ်စဉ် ၁၆-ပါးသရုပ်ပြ။ ကိုယ်တွေ့ သမထဝိပဿနာ အထူးမေတ္တာရပ်ခံစာ၊ ဘုံမဂ်ဈာန်တက်စဉ် ၃ မျိုးမှ ဘုံတက်စဉ်၅ မဂ်တက်စဉ်၄၊ဈာန်တက်စဉ်၄။ထိမှုသိမှု ထိုနှစ်ခု သတိကြပ်ကြပ်ပြု အပ္ပမာဒေနသမ္ပာဒေထမဂ်ဖိုလ်နိဗ္ဗာန်ရပုံဘော်ပြချက်။ ယောဂီတို့အထူးသတိပြုရန် ၁၃ချက်၊ ဝိပနဿနာတရားတွေ့ရပုံနှင့် အဓိပ္ပါယ်ရှင်းပြချက်☆ရုပ်နာမ်အပြစ်ကိုရှု၍ ထွက်မြောက်ကျွတ်လွတ်ရန် အကျင့်စခန်း။

ဝိပဿနာရှုရန်သဘာဝနည်းမှန်၊ ယောဂီအထူးစုံလင်သောမှတ်ချက်၁၀၆။ သမထနှင့်ဝိပဿနာအထူးမှတ်ရန်၊ သမထရှုနည်းအကျဉ်းမှတ်။ ဝိပဿနာရှုနည်းအကျဉ်းမှတ်။ ဥာဏ်စခန်းကိုပိုင်ပိုင်နိုင်နိုင်ရှုမှတ်ရန် (၁၁၂)ချက်။ ဘုရားအဖြစ် ရောက်တော်မူမြဲဖြစ်သော သမထယာနိက ဝိပဿနာယာနိကနှင့် အာနာပါနသမထအကြောင်း။ အရိယာဖြစ်လိုသူအခြေခံအင်္ဂါ၊ ပါး ဝိပဿနာအလုပ်နှင့်သမထအလုပ်ကွဲပြား၊ ခြားနားပုံဝိပဿနာအားထုတ်စဉ် ဆရာကြီးများ၏ဆုံးမချက်၊ အာနာပါန၏အကျိုး ငါးပါး။ သမထနှင့်ဝိပဿနာ ရှုနည်းရှင်းပြချက်၊ မိမိအားထုတ်တဲ့ ဝိပဿနာသည် သရုပ်ခွဲဝိပဿနာလော ဝိပဿနာအစစ်လေးဟုမှတ်ကျောက်တင်၍ ချိန်ကိုက်ကြည့်ပုံ၊ သစ္စာလေးပါးနှင့်ဝိပဿနာ။ မှတ်ကျောက်တင်ပြီး နိဗ္ဗာန်ခရီး လမ်းမကြီး။ ကိလေသာ ပါယ်သတ်ပုံ အထူးမှတ်ချက်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ လက္ခဏာရေးသုံးပါးတင်၍သံဝေဂတရားရှုပုံ။ ယောဂီပုဂ္ဂိုလ်များ၏အရေးကြီး စွာ သိကြရမည့်လမ်းစဉ်။ ဝိပဿနာတရားသဘာဝ ဂမ္ဘီရှင်းလင်းချက်။ လှေသင်းအတွင်းဝန်မင်း၏ကျေးဇူးရှင်စစ်ကိုင်းတောင်ရိုးဝါးချက်မင်းကျောင်း ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်၊ ဗုဒ္ဓမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်၏ ပရိနိဗ္ဗာန်စံယူခါနီးဆဲဆဲတွင် နောက်ဆုံးမှာကြားသွားတော်မူသော မိန့်ခွန်းတော်ကြီး။ ဤကျမ်းစ အုပ်များ၏ အကြိမ်ကြိမ်ရိုက်နှိပ်ထုတ်ဝေရခြင်း အကြောင်း။ ဝိပဿနာရှင်းတမ်းနှင့်ကိုယ်တွေ့ သမထဝိပဿနာကျမ်းများ၏ အကိုးအကားကျမ်းပေါင်း (၅၆) တို့၏ အမည်စာရင်း။

ဤသို့သုံးကျမ်းတွဲမှာ စာမျက်နှာ(၁)မှ(၂၃၆)အထိ ဗုဒ္ဓဘာသာ သင်္ခေပကျမ်းအတွက် ရှေ့ပိုင်းတွင် မာတိကာအစုံပါပြီးဖြစ်၍ ယခုဝိပဿနာရှင်းတမ်းနှင့် ကိုယ်တွေ့သမထ ဝိပဿနာ အတွက် မှန်ပြ မာတိကာ အကျဉ်းချုပ် ပြုလုပ်၍ ဤတွင် နောက်ပိုင်းထည့်ထားပါသည် အချိန်ယူ၍ဘတ်ရှုပါ။

၁။ မင်းဘိုင်ပင်အခက်ကြီး ဦးဘော၊ အရင်းခံတရားစုအလုံးစုံကို၊ မြန်မာစကားပြေဖြင့် ရေးသား၍ ဝိပဿနာတရားအားထုတ်ရာ—မှန်မမှန်—မှတ်ကျောက်တင်၍ ကြည့်နည်းရှင်းတမ်းများ ပါရှိသော

**ယောဂီ—အဖြေမှန်.လမ်းပြ-ဝိပဿနာ—မှတ်ကျောက်**

(ခေါ်)အရှင်ဗုဒ္ဓ၏ တရားတော်— နိဗ္ဗာန်ဝင်လမ်း— ဗုဒ္ဓဘာသာ သင်္ခေပကျမ်း-ဒု။

**၂။ သံဝေဂ ဝိပဿနာ သံပေါက် ဂါထာ မှတ်ရကျမ်း။**

သမထဝိပဿနာမှတ်ရများ၊ ဘုရားရှိခိုးများ၊ အရှင်ဒုက္ခ၏ အဆုံးအမတော်၊ ရှေးဟောင်း တရားတော် ထွန်းခေါင်ဆရာတော်ကမ္မဋ္ဌာန်းသံပေါက်၊ ယမမင်းထံ အစစ်ခံသံပေါက်၊ သံဝေဂတရားစာများ၊ သဗ္ဗ ဒေယျမင်္ဂလာလာဘ် ရှင်ဂါထာ၊ သိဒ္ဓိဘိုင်းရဇ္ဇဒွါရသယဂါထာ၊ ကိုယ်လုံအန္တရာယ်ကင်းဂါထာမှစ၍ မာတိကာ(၂၇)မျိုးပါရှိသည်၊ ဘအုန်ဥာဏ်ပြား၊ ဆယ်အုပ်ခုကျပ်၊ ခဲ့ဒါနဲ့ပို့ရန်အုပ်တရာယူလျှင် ၂ဝဖြင့် ကောင်းမှုရှင် အမည်ကို အခမဲ့ တည့်သွင်း ရိုက်နှိပ် ပေးပါသည်၊ ။ သဗ္ဗဒါန်—ခမ္ဘဒါန်—ဇိနဒါတ်၊

**၃။ သစ်ပျဉ်သစ်လုံးတန်တွက်ပြီးဈေးနှုန်းငွေသင့်ကိန်းသေစာအုပ်**

သတ္တမနှိပ်ခြင်း၊ စာချက်နှာ(၃၆၂)ရှိ ဈာပ်ထုပ်း-ရှိ။ ။သစ်လုံးသီးခြား တန်တွက်ပြီးကိန်းသေခုကျပ်၊

---

၄။ မှုလမှတည့်ရွှေသိုလ်ဝင်အခြေခံရန်အသုံးတွက်ရုံ သင်စွာနှင့်ဆရာအထူးမရှာရဘဲကိုယ်တိုင်သင်နိုင်ရန်

**အင်္ဂလိပ် စကားပြောနည်း အလွတ်သင် ပဌမတွဲ ၅၊။ ။ဒုတိယတွဲ ၃၊။**

# ၅ ခေတ်မှီအင်္ဂလိပ်စာပေးစာယူအလွတ်သင်နိုသျှည်းအကျဥ်းချုပ်



စာအုပ်ထူး၊ဒသမအကြိမ် အသစ်စီစဉ်တိုးချဲ့ပြင်ဆင် ပုံနှိပ်ခြင်း–၃ကျပ်၊

**MODERN ENGLISH LETTER WRITER SELF-TAUGHT**

အစကောင်းမှ အနှောင်းသေချာ နည်းမှီရန်အထူးလိုအပ်လှသော စာ၏ အစနှင့်အဆုံးရေးပြီး၊ (၄၁၁)ပုဒ်၊ အတိုအရှေ ရေးပြီး၊(၃၄၅)ပုဒ်၊ခွင့်တိုင် ထောက်ခံ၊ အလုပ်လျှောက်၊ အသနားခံ၊ အစိုးရရေး၊ကူးသန်းရေး၊မိတ်ဆွေသွီးရည်းစား၊ ပါတီပွဲ၊ လက်ဆွဲလဲ လက်ထပ်ပွဲ ဘိဘ်စာ အစအလယ်အဆုံး စာပေးစာယူရေးထုံးရေးနည်းစည်းကမ်းအရ၊ ရေးပြီးသော စာသား စာကိုယ်ပေါင်း (၄၆)ပုဒ်ပါရှိသည်ဖြစ်ပါ၍ဆရာအထူးမရှာရဘဲအကောင်းဆုံး စာပေးစာယူရေးတတ်ရန် အင်္ဂလိပ်နှင့်မြန်မာလို ညွှန်ကြားသင်နည်း မှတ်ချက်များစုံလင်စွာပါသည်၊ အင်္ဂလိပ် စာပေးစာယူပညာမှာ(အကွပ်မရှိ–စည်းမဲ့ကမ်းမဲ့ )ထင်သလို မရေးရဘဲ၊ စာတစောင်၏ အစ-အလယ်-အဆုံး၊ အသုံးအနှုန်း၊ စာတကြောင်းပြီးတကြောင်း၊ အထက်နှင့်အောက်၊ ယာဘက်ဝဲဘက်၊ အဖြတ်အဆက် အထားအသို ပုံသဏ္ဌာန် အချိုးအစား၊ အမျိုးမှား စတိုင်ပါပါ ရေးတတ်ရန်၊ စာတစောင်၏ အစီအစဉ်ကို နံပါတ်စဉ်ဘောင်ပြ၍၊ စံနစ်တကျ၊ရှင်းပြလျက် (ရှောင်–ဆောင်-မှတ်) ဤသုံးချက်ကို ပိုင်အောင်ဘတ်၊ စာပေးစာယူ အမြန်တတ်၊ ဤဆောင်ပုဒ်အတိုင်း စာအုပ်၌ပါသမျှ ရှောင်ဖယ်ရန် သတိပေးချက်၊ ဆောင်ရွက်ရန် နှိုးဆော်ချက်ကို ဂရုပြု၍ မှတ်ယူကြပါစေသတည်း၊ ၊မမြအင်ဆန်း ကာလာညွှန့် စာပုံနှိပ်တိုက် ၃၃လမ်း၊ဘုံဘိုင်တန်း၊မန္တလေး၊

၁။ သွေးမုတ်ရေမုတ်လေမုတ်(မုဋ္ဌအု၊ ကျမျိုးစုံ)လက်တွေ့မြစ်ဖြတ်

ပဌမစားဆေး-၄၊ ဒုတိယစားဆေး-၄၊ မြစ်ဖြတ်လိမ်းဆေးအမှုန့်-၆-၈၊ လည်ပင်းကြီး ကပ္ပါယ်ရောင် အရကျ မုဋ္ဌမျိုးရ မြစ်ဖြတ်လိမ်းဆေးရည်ကြီး ၅၊ အောင့်ခြင်း တောင့်ခြင်းနာကျင်ကိုက်ခဲပျောက် သောက်ဆေး၁၄ပြား၁၀၊ ငါးမျိုးတစုံ-၁၇၀၊

၂။ ဂျာမကီ-စက္ခု၊ အလင်း-ဒိဋ္ဌသုခ-တိမ်မျက်စဉ်း-၇။

စက္ခုအသင်းစားဆေးမှုန့်-၂၀။ စားဆေးလုံး-၂၀၊ မျက်စဉ်းဖြူတိမ်ဘုံ-၂၀၊ပေါင်းလေးမျိုးဘစုံ-၁၅ကျပ်၊

၃။ လက်တွေ့ လိပ်ခေါင်းပဒုံးပိတ် ဆေးဗိန္ဓာ စားရန် လိမ်းရန်

ဖန်ဆေးရန်၃မျိုး-၈၊ဝဓင်ဂျီနာ စားရန်လိမ်းရန်ဖန်ဆေးရန်၃မျိုး၈၊သွေးပမ်းမျိုးပုံ စားရန် ၂မျိုး-၈၊

၄၊ပန်းသေပန်းညှိုး၊ချက်ပိန့်၊ဆီးပူညောင်းကျ၊ဒူလာ၊ဒီးယပ်သွေးဆုံး၊ဆီးရွှင်၊လေနိုင်အပူအပုပ်စင်ရန်

ကျန်းမာလူဝရသာယန-အနှိပ်လွှတ်သက်စောင့်အားဆေးကြီး၄၀

၅၊ပန်းသေပန်းညှိုး ထုန်ကျဉ်လေငန်း နောက်ကျောတက် ဘေးထိုးရင်ကျပ် ဆီး၊ လေ၊ ဝမ်းမှန်ရန်

နေပင်လယ်တံဆိပ်-အနှိပ်လွှတ်-အားတိုးဆေးကြီး၄၀။

လေသုံးလေပြင်၊လေပူလေပုပ်လေချုပ် အထူးလက်တွေ့ဒိဋ္ဌသုခအာယုသိဒ္ဓိလေဆေး၄၀၊

နေပင်လယ်အကြည်တော်ဆေးတိုက်၊ ဒေါက်တာ ဦးမောင်မောင်သာထွန်း၊၃၃လမ်း၊ ဘုံဘိုင်တန်း။ မန္တလေးမြို့၊

၇ အပျိုရေမပျက်ကိုယ်ဝန်မရှိရအရေးကြုံမှသာထည့်သွင်းသုံးစွဲရန်



ဂျာမဏီ ပဋိသန္ဓေ တားရန် လိမ်းဆေး ၁၂ပြား ၅ိ၊ သုံးဒါဇင် ၁၄ ကျပ်၊ သားသွီးတနှစ်မှ တားထားနိုင်ရန်၊ စား ဆေးလုံး-၁ ဗူးနှင့်၊တားဆေးပြား ၁ ဗူး၊ (၂နှစ်တွက်) ၂ ဗူးစီ၊(၃နှစ်တွက်) ၃ ဗူးစီ၊ အစမ်.သုံးသူများ (၆လတွက်) ၇ိစီ၊

၈။ ကျားမတို့အိုရာမှချက်ခြင်းအပျိုဖြစ်ငယ်မူပြန်

အင်္ဂါဇာတ် ကျဉ်းကျပ်စေနိုင်သော ဇာတ္တ၀ိယလိမ်းဆေးကြီး-၅ိ၊ ရင်သားလှ ဟိုးခုန်း ဆေးလုံး၊ စပင်းနစ်ဖလိုင်း၊ အမေရိကန်၊ ဂျာမန်၊ ပြင်သစ် စားရန် ဆေးလုံး ၅မျိုးနှင့်၊ ရင်သားလှဟိုးမုန်းဆီ၊ ဂျာမန်ကရိမ်း၊ စံကျားဆီ၊ ပိုးဘင် ပေါင်ဒါ၊အမေရိကန်ဂျူဗင်တာဆီ၊လိမ်းဆေး-၆မျိုး ၁မျိုး-၅ိ၊သေးမျိုး၁၇ိ၊ ၉၊သူငယ်နာ မီ.ယပ်၊သွေးဆုံး။ ဒူလာ၊သွေးဝမ်းမျိုးရုံနှင့် သွေးဒူလာ လက်တွေ့ စားရန်ဆေး -၂မျိုး ၇ိ။

၁၀။နေ့ချင်း အစွမ်းပြ-ပုရိသ-ဇာတ္တ၀ိယ-ဒိဋ္ဌသုခပန်းသေပန်းညှိုး ငယ်မူပြန်အထူးအားတိုးဆေးကြီး အမှုန့်။အလုံး။အရည်(၃မျိုး) တမျိုး၇ိစီ။ ၁၁။ကမ္ဘာကျော်ခြင်္သေ့ဆီပန်းသေပန်းညှိုးလိင်အင်္ဂါ ကြီးထွားသက်ထိန်းလိမ်းဆေး၅ိ။ ၁၂။ဂျာမန်ကရိမ်းလိမ်းဆေး၅ိ။

# ဝိပဿနာမှတ်ကျောက်ရှင်းတမ်း၏ အကိုးအကားကျမ်းများ။


၁။ သစ္စာဒီပကသောတာပတ္တိမဂ္ဂ
၂။ မင်္ဂိုလ်ခရီး တကြောင်းတည်း
၃။ နိဗ္ဗာန်ရောက်လမ်းအကျင့်ကျမ်း
၄။ ဝိပဿနာဒီပနီ
၅။ ဝိပဿနာဉာဏ်စဉ်ကျမ်း
၆။ ဝိပဿနာလက်စွဲ
၇။ ကြောင်ပန်းသုံးဆောင်တွဲ
၈။ ဝိပဿနာအလုပ်ပေးတရား
၉။ အရိယာစဉ်
၁၀။ အဋ္ဌတ္တအမြန်ရှုနည်း
၁၁။ သစ္စာလေးပါးဝိပဿနာတရား
၁၂။ နို့တစ်ကြော်ငြာဝရမ်းစာ
၁၃။ နိဗ္ဗာန်ဝင်လမ်းကျမ်း
၁၄။ ဝိပဿနာသံခိပ်စာ
၁၅။ သစ္စာနုလောမိကကျမ်း
၁၆။ နိဗ္ဗာန်လမ်းညွှန်ကျမ်း
၁၇။ ဝိပဿနာပါရဂူကျမ်းကြီး
၁၈။ ဝိပဿနာပါရဂူကျမ်းတမျိုး
၁၉။ ဘာဝနာပါရဂူကျမ်း
၂၀။ ယောဂီပါရဂူကျင့်စဉ်ကျမ်း
၂၁။ အာရမ္မဏဝိဓိဝိသဇ္ဇနာကျမ်း
၂၂။ ဝိပဿနာရှုနည်းကျမ်းပထမတွဲ
၂၃။ ဝိပဿနာရှုနည်းကျမ်း ဒု တွဲ
၂၄။ ဝိပဿနာအလင်းရောင်ကျမ်း
၂၅။ မင်းကွန်းသုဒနီပေါင်းချုပ်
၂၆။ ရုပ်နာမ်အစနိဗ္ဗာန်ပြကျမ်း
၂၇။ နိဗ္ဗာန်ဝင်လမ်း ၇ ရက်စခန်း
၂၈။ ဝိပဿနာလက်စွဲကျမ်း
၂၉။ ဝိပဿနာစာတွေ့ငါတွေ့ကျမ်း
၃၀။ သာသနာ့အဆီ
၃၁။ အရိယာစဉ်
၃၂။ ဓမ္မသဘာလင်္ကာရစာတမ်း
၃၃။ ဝိပဿနောဝါဒကထာ
၃၄။ မေတ္တာအဘိဏှသုတ်
၃၅။ ဝိပဿနာသင်္ဂ သက်ရှုနည်း
၃၆။ ဒိဋ္ဌဝိပဿနာကျမ်း
၃၇။ လူအစစ်အောင်ခြင်း၊ဝိပဿနာ
၃၈။ သမထဝိပဿနာသံဝေဂဂါထာ
၃၉။ ဝိပဿနာရှုနည်း ပတွဲနှင့် ဒုတွဲ
၄၀။ ဒိဋ္ဌိပယ်ခဏ်းအလင်းကျမ်း
၄၁။ သဘာဝဓမ္မရှင်းလင်းချက်
၄၂။ ဝိပဿနာဝါဒကထာကျမ်း
၄၃။ ဝိပဿနာသက်သက်ရှုနည်း
၄၄။ ဝိပဿနာဆောင်ပုဒ်ကဗျာ
၄၅။ ရုပ်နာမ်အစနိဗ္ဗာန်ပြကျမ်း
၄၆။ တရားအဆီဓမ္မဂုဏ်ရည်
၄၇။ စတုသစ္စဒဋ္ဌိကမ္မကထာ
၄၈။ ကြောင်ပန်းခြောက်စောင်တွဲ
(၁) ဗုဒ္ဓဘာသာသင်္ခေပကျမ်း၊ (၂) ယောဂီအဘိဓါန်အဖြေမှန်ဝိပဿနာမှတ်ကျောက်၊ (၃) ကိုယ်တွေ့သမထဝိပဿနာကျမ်း

# ဤစာအုပ် ပုံနှိပ်ပြီး အကြိမ်ပေါင်း

များမှာ

(၁) ၁၉၁၄-ခု၊ ပထမအကြိမ်စာအုပ်ရေ-၁၀၀၀၊ ကျိုက်လပ်မြို့ မြန်မာ့ဩဘာကလာဝ်စာပုံနှိပ်တိုက်။ (၂) ၁၉၁၈-ခု ဒုတိယအကြိမ်-၂၀၀၀၊ ရန်ကုန်မြို့ မောင်ထော်လေးလမ်း ဗြိတိသျှ အိန္ဒိယ စာပုံနှိပ်တိုက်။ (၃) ၁၉၂၄-ခု၊ တတိယအကြိမ် ၂၀၀၀၊ မန္တလေးမြို့ ၈၄ လမ်း ကျောက်သွေးတန်း၊ မြေအင်ဆန်း စာပုံနှိပ်တိုက်။ (၄) ၁၉၂၈-ခု၊ စတုတ္ထ အကြိမ်-၂၀၀၀၊ မန္တလေးမြို့ လက်ဆည်ကန် ၃၃-လမ်း၊ မမြအင်ဆန်း စာပုံနှိပ်တိုက်။ (၅) ၁၉၃၁-ခု၊ ပဉ္စမအကြိမ်-၂၀၀၀၊ မန္တလေးမြို့ မလွန် ၃၂-လမ်း မန္တလာဘုမ္မိစာပုံနှိပ်တိုက်။ (၆) ၁၉၃၈-ခု၊ ဆဋ္ဌမအကြိမ်-၂၀၀၀၊ မန္တလေးမြို့ ၃၃-လမ်း၊ လက်ဆည်ကန် ကိုယ်ရံတော်ရပ်၊ မမြအင်ဆန်းစာပုံနှိပ်တိုက်။ (၇) ၁၉၄၈-ခု၊ သတ္တမအကြိမ်-၃၀၀၀၊ မန္တလေးမြို့ ပန်းဆိုးတန်း သုခဝတီ စာပုံနှိပ်တိုက်။ (၈) ၁၉၅၀-ခု၊ အဋ္ဌမအကြိမ်အုပ်ရေ-၃၀၀၀၊ မန္တလေးမြို့၊ ၃၃-လမ်း၊ ဘုန်ဘိုင်တန်း ဒေါက်တာ မောင်မောင် မမြအင်ဆန်း စာပုံနှိပ်တိုက်။ (၉) ၁၉၅၃-ခု၊ နဝမအကြိမ် ၃၀၀၀၊ မန္တလေးမြို့ ၃၃-လမ်း၊ ဘုန်ဘိုင်တန်း မြေအင်ဆန်း (ကာသာညွှန့်)စာပုံနှိပ်တိုက်၊ (၁၀) ၁၉၅၈-ခု၊ ဒီဇင်ဘာလ ဒသမအကြိမ် ၃၀၀၀၊ မန္တလေးမြို့ ၃၃-လမ်း၊ ဘုန်ဘိုင်တန်း ဦးဘသိန်း (မန္တလေး ပုံနှိပ်တိုက်)တွင်၊ စာမျက်နှာ-၂၃၇ မှ ၃၂၀-ကျော်အထိ တိုးချဲ့ပုံနှိပ်ခြင်း ဖြစ်ပါသည်။

# ဟေတုနိရောဓါ
# ဖလနိရောဓေါ

ဟူ၍ဟောတော်မူခြင်းသည် မုချအမှန်ပါဘဲ၊
(အဓိပ္ပါယ်ကား)တရားအားထုတ်မှုဟူသည်၊
တဏှာချုပ်အောင် ကျင့်မှုပင်တည်း၊ တဏှာ
ချုပ်အောင် ကျင့်မှုဟူသည်တည်း၊ တဏှာ
ကြောင့်ဖြစ်သော ဇာတိ စသောဒုက္ခတို့ကို
ရှာမှုပင်တည်း၊ ဤသို့ရှုကတဘာန်ဇာတိဖြစ်လို
သော ဘဝတဏှာ ချုပ်ရလေဘော့၏၊ ဤသို့
ချုပ်လျှင် ဘဝတဏှာ ပယ်မှုကိစ္စပြီးရကား၊
သောတာပန်စသည်တည်နိုင်၏၊

ဇာတိ-ဒုက္ခမှ ကင်းလိုလျှင် ဇာတိကြောင့်ဖြစ်
သော ဇရာဗျာဓိမရဏစသောဒုက္ခတို့ကိုနာနာ
ရှုမှ၊ နာနာရှုသဖြင့်၊ဉာဏ်မြင်သံ၊ ဘဝတဏှာ
ချုပ်မှုစိတ်ချရ၏၊ ဘဝတဏှာမှ ချုပ်ခဲ့လျှင်၊
အဘယ်မှာလျှင်၊ ဇာတိ – ဖြစ်နိုင်တော့မလဲ၊
ဖြစ်လျှင်ဒုက္ခ၊ချုပ်မှသုခနိဗ္ဗာန်၊ ချုပ်ခြင်းအမှု
နှစ်သက်ပြု၊ပြီးမှုမဂ်ကိစ္စ ဟု သိကြပါစေ၊

291.3, 1-63
A1MMGB003298

# THE EPITOME OF BUDDHISM

## THE MEDITATION TOUCHSTONE

**SELF-PRACTICE OF MEDITATION**

ဝိပဿနာမှတ်ကျောက်
ရှင်းတမ်း၊

# ဗုဒ္ဓဘာသာသင်္ခေပကျမ်း

အမတ်ကြီးဦးဘေ
ရေးသည်

**THREE COMBINED IN ONE VOLUME**

THE MOST COMPREHENSIVE BOOK

**ON BUDDHISM**

**IN PURE BURMESE PARAPHRASE**

FOR THE BUSY PEOPLE.

☆

MAUNG MAUNG MA MYA & SONS PRINTING WORKS, MANDALAY.